www.burmeseclassic.com



# မောင်ထွန်းသူ

# ချစ်မျက်ရည် ဘယ်ခါစဲလေလိမ့်

I'LL CRY TOMORROW

LILIAN ROTH

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

# ချစ်မျက်ရည် ဘယ်ခါစဲလေလိမ့်

မောင်ထွန်းသူ

# I'LL CRY TOMORROW

LILIAN ROTH

ကံကော်ဦး
ကံကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ချက်အမှတ် - ၁၇၅၅/၂၀၀၃(၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၄/၂၀၀၄(၃)

## ပုံနှိပ်ခြင်း

ပထမအကြိမ် - ဇူလိုင်၊ ၂၀၀၄ခုနှစ်

အုပ်ရေ - (၅၀၀)

## မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊

၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

## ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊

မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

## မျက်နှာဖုံးပန်းချီ

မှတ်သုန်

## တန်ဖိုး

၁၂၀၀ ကျပ်

www.burmeseclassic.com

## မြန်မာပြန်သူ၏အမှာ

[၁]

ဤဝတ္ထုသည် "စိတ်ကူးယဉ်ဝတ္ထု"တစ်ပုဒ်မဟုတ်ပါ။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဘရော့ဝေး၊ ဟိုးလီးဝုဒ် စသောကမ္ဘာကျော်ပြဇာတ်လောကနှင့် ရုပ်ရှင်လောကတို့တွင် တရှိန်ထိုးနာမည်ကျော်ကြားထင်ရှားသွားခဲ့သော အဆိုတော်ရုပ်ရှင်မင်းသမီးတစ်ဦး၏ဘဝကို ရေးဖွဲ့ခြယ်မှုံးထားသည့်ဝတ္ထုဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် "အထုပ္ပတ္တိဝတ္ထုတစ်ပုဒ်"ဖြစ်ပါသည်။

ဤဝတ္ထု၏ အဓိကဇာတ်ဆောင်သည် "လီလီယံရော့သ်"ဖြစ်သည်။ လီလီယံရော့သ်သည် အသက်ကိုးနှစ်သမီးအရွယ်ကတည်းက ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် ထင်ရှားကျော်ကြားလာခဲ့သူဖြစ်၏။ ထိုနောက် သူ၏ဗီဇစွမ်းရည်နှင့် သူ၏ကြိုးပမ်းအားထုတ်မှုများကြောင့် နာမည်ကျော်အဆိုတော်တစ်ဦးအဖြစ် ကျော်ကြားလာခဲ့သည်။ ထိုမှတစ်ဆင့် သူသည် နယူးရောက်မြို့ပေါ်ရှိ ကမ္ဘာကျော်ဘရော့ဝေးပြဇာတ်စင်ပေါ်သို့ ရောက်သွားခဲ့သည်။ ဘရော့ဝေးစင်ပေါ်သို့ရောက်ရန်မှာ တော်ရုံတန်ရုံအရည်အချင်းနှင့် ရောက်နိုင်သည်မဟုတ်။

လီလီယံရော့သ်သည် မိန်းမချောမိန်းမလှတစ်ဦးဖြစ်သည်။ အဆိုကလည်းကောင်းသည်။ သရုပ်ဆောင်ရာ၌လည်း ထူးချွန်သည်။ ယင်းအရည်အသွေးများ ကြောင့် သူသည် ဘရော့ဝေးစင်ပေါ်သို့ ရောက်သွားခဲ့ခြင်းဖြစ်၏။ ဘရော့ဝေးစင် ၏ပေါ်သို့ သူရောက်သွားချိန်တွင် သူ့အသက်မှာ ဆယ်ကျော်သက်အရွယ်မျှသာ ရှိပေသေးသည်။

www.burmeseclassic.com

ထို့နောက် ဟိုးလီးဝုဒ်ရုပ်ရှင်လောကသို့ ရောက်သွားခဲ့သည်။ ချက်ခြင်းပင် အဆိုတော်ရုပ်ရှင်မင်းသမီးအဖြစ် တစ်ဟုန်ထိုးနာမည်ကျော်ကြားသွားခဲ့သည်။ အသက်၂၀ကျော်ပတ်ဝန်းကျင်တွင် အချမ်းသာဆုံးနှင့်အကျော်ကြားဆုံးသော အမျိုးသမီးတစ်ယောက်ဖြစ်လာခဲ့သည်။ အသက်၃၀တွင်းအရွယ်တွင်မူကား သူသည် အဆင်းရဲဆုံးနှင့် နာမည်အဆိုးဆုံးမိန်းမတစ်ယောက် ဖြစ်သွားခဲ့ရ၏။ ထို့နောက်တွင်မူကား. . .

"လီလီယံရော့သ်သည် သူ့ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြရာ၌ ရဲဝံ့သည်။ ပြတ်သားသည်၊ ပွင့်လင်းသည်။ သူ၏အားနည်းချက်များနှင့် ညံ့ဖျင်းချက်များကို ဖုံးကွယ်ထားခြင်းမရှိ၊ ဤသည်မှာ ဤဝတ္ထု၏ ကောင်းသောအရည်အသွေးတစ်ရပ်" ဟု ဝေဖန်ရေးဆရာတစ်ဦးကဆိုသည်၊ မည်သို့ပင်ဖြစ်စေ ဤဝတ္ထုသည် ဘက်ဆဲလားခေါ် အရောင်းရအတွင်ကျယ်ဆုံးသော စာအုပ်တစ်အုပ်ဖြစ်လာခဲ့သည်။ စတင်ထုတ် ဝေခဲ့သည့် ၁၉၅၄ခုနှစ်မှစ၍ နောင်နှစ်ပေါင်းအတန်ကြာသည်အထိ အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်။၁၉၅၄ခုနှစ်၊ ခရစ္စတိုဖာစာပေဆုကိုလည်း ချီးမြှင့်ခံခဲ့ရလေသည်။

[၂]

ဤဝတ္ထု၏ဇာတ်ကြောင်းကို ပြောပြသူမှာ လီလီယံရော့သ်ဖြစ်သည်။ လီလီယံရော့သ်ပြောပြသမျှကို မှတ်တမ်းတင်၍ ပြန်လည်ရေးသားသည့် စာရေးဆရာမှာ တစ်ဦးတည်းမဟုတ်၊ မိုက်ဒ်ကွန်နိုလ်နှင့်ဂျာရိုဖရန့်တို့နှစ်ဦးဖြစ်သည်။ ဂျာရိုဖရန့်သည် အထုပ္ပတ္တိဝတ္ထုများရေးရာ၌ ထင်ရှားသောစာရေးဆရာဖြစ်သည်။ သူသည် ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး ဒိုင်ယာနာဘာယ်ရီမိုး၊ စာရေးဆရာစကော့ဖစ်ဇ်ဂျာရယ် စသောထူးခြားထင်ရှားသည့်ပုဂ္ဂိုလ်များ၏ ဘဝဇာတ်လမ်းများကို ဝတ္ထုသဖွယ်ရေးသားတင်ပြခဲ့ဖူးသည်။

စာရေးဆရာဂျာရိုးဖရန့်၏ လက်ရာကောင်းတစ်ပုဒ်ကို မြန်မာစာဖတ်ပရိတ်သတ်ဖတ်ခဲ့ဖူးပြီး ဖြစ်သည်။ ယင်းဝတ္ထုမှာ Beloved Infidelခေါ် ချစ်လူဆိုးဝတ္ထုဖြစ်သည်။ 'ချစ်လူဆိုး'မှာ ကမ္ဘာသိစာရေးဆရာစကော့ဖစ်ဇ်ဂျာရယ်နှင့် သူ့ချစ်သူ'ရှီလာဂရေဟမ်'တို့အကြောင်းကို မှတ်တမ်းတင်ဖွဲ့ဆိုထားသည့် ဝတ္ထုဖြစ်သည်။

ထိုဝတ္ထုကို ချစ်လူဆိုးအမည်ဖြင့် ကျွန်တော်ဘာသာပြန်ပြီး၊ ၁၉၉၈ခုနှစ်၊ မေလမှစ၍ ၁၈လတိတိ(တစ်နှစ်နှင့်ခြောက်လကြာမျှ) မဟေသီမဂ္ဂဇင်းတွင် အခန်းဆက်ဘာသာပြန်ဝတ္ထုအဖြစ် ဖေါ်ပြခဲ့ဖူးသည်။ ထို့နောက် လုံးချင်းဝတ္ထုအဖြစ် အားမာန်သစ်စာပေတိုက်မှ အတွဲသုံးတွဲခွဲ၍ထုတ်ဝေခဲ့သည်။ ပရိတ်သတ် နှစ်သက်လက်ခံခဲ့သော ဘာသာပြန်ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့သဖြင့် မြန်မာပြန်သူအနေဖြင့် ဝမ်းသာအားတက်ခဲ့ရဖူးပါသည်။

www.burmeseclassic.com

[၃]

ဤဝတ္ထု၏အမှာစာတွင် သူ့ဇာတ်ကြောင်းကို ပြန်ပြောင်းသတိရခဲ့သည့် လီလီယံရော့သ်က. . . . .

"ဤဝတ္ထုသည် ကျွန်မအတွက်သာမက ကျွန်မကိုချစ်ခင်ကြသော လူပေါင်းအမြောက်အများအတွက် ကြေကွဲဝမ်းနည်းဖွယ်ကောင်းသည့် ဘဝတစ်ခု၏ဇာတ်လမ်းဖြစ်ပါသည်။ ကျွန်မအနေဖြင့် အတိတ်၏တံခါးများကို ပြန်ဖွင့်ရသည်မှာ မလွယ်လှပါ။

"သို့ပါလျက်နှင့် ကျွန်မဘာ့ကြောင့် ဤစာအုပ်ကိုရေးရပါသနည်း။ ပထမတစ်ချက်မှာ ပျက်စီးဆုံးရှုံးသွားခဲ့ရသည့် ကျွန်မဘဝကို ပြန်လည်တည်ဆောက်ရာ၌ အထောက်အကူရလို၍ ဖြစ်ပါသည်။ ဒုတိယတစ်ချက်မှာ ကျွန်မ၏ဘဝထဲမှ သင်ခန်းစာများသည် အခြားလူများအား အကူအညီပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိ၍ဖြစ်ပါသည်။"

"နောက်ဆုံးအချက်မှာ ပျက်စီးသွားသည့်ဘဝတစ်ခုကို ပြန်လည်ထူထောင်ရာ၌ ထူထောင်လိုစိတ်ရှိလျှင် ထူထောင်၍ရနိုင်သည်ဟူသောအချက်ကို လူအများသိမြင်စေလို၍ဖြစ်ပါသည်"ဟု ဆိုခဲ့သည်။

သူ့အဆိုသည် သူ့စာအုပ်နှင့်ပတ်သက်၍ ထားရှိနေသည့်သူ၏ရည်မှန်းချက်နှင့် စေတနာတို့ကို ဖော်ပြနေခြင်းဖြစ်သည်ဟု ထင်ပါသည်။ ထိုထင်မြင်ယူဆချက်မှန် မမှန်ကိုမူ စာဖတ်ပရိတ်သတ်ကသာ အဆုံးအဖြတ်ပြုနိုင်လိမ့်မည်ဖြစ်ပါသည်။

မောင်ထွန်းသူ

www.burmeseclassic.com

## စာဖတ်သူအတွက်စကားတစ်ခွန်း

ဒီစာအုပ်ကိုရေးနေတာ ကြာခဲ့ပါပြီ၊ ဒီစာအုပ် ကျွန်မရင်ထဲမှာ ဖြစ်ပေါ် ရှင်သန်နေတာလည်း အလွန့်အလွန်ကိုကြာခဲ့ပါပြီ၊ ဒီစာအုပ်ဟာ ကျော်ကြားမှုအလွန်မြန်ဆန်ခဲ့တဲ့ ကလေးသရုပ်ဆောင်တစ်ယောက်ရဲ့ဇာတ်လမ်းပါ၊ ကျွန်မအတွက်သာမက ကျွန်မအပေါ် ချစ်ခင်လေးစားနေကြတဲ့ လူတွေအတွက်ပါ ဝမ်းနည်းကြေကွဲစရာတွေနဲ့ ပြည့်လျှံနေတဲ့ဘဝဇာတ်ကြောင်းတစ်ခုလို့ဆိုရင်လည်း မမှားနိုင်ပါဘူး။

ကျွန်မအနေနဲ့ အတိတ်ကိုပြန်ရောက်သွားနိုင်တဲ့တံခါးပေါက်တွေကိုပြန်ဖွင့်ဖို့ဆိုတာ လွယ်လှတာမဟုတ်ပါဘူး၊ တကယ်တော့ ကိုယ်နဲ့အရင်းနှီးဆုံးသူငယ်ချင်းအပေါင်းအသင်းတွေကိုတောင်မှ ယုံကြည်စိတ်ချပြီး ပြောပြဖို့ဝန်လေးစရာကောင်းတဲ့အကြောင်းတွေကို ပြန်ပြောပြဖို့ဆိုတာဟာလည်း အလွန်မလွယ်တဲ့အလုပ်တစ်ခုပါ၊ ဒါပေမဲ့ အခုတော့ဖြင့် အဲဒီအကြောင်းတွေကို ကျွန်မနဲ့မရင်းနှီးတဲ့လူတွေပါ ဖတ်နိုင်အောင် စာအုပ်တစ်အုပ်ထဲမှာ ထည့်ရေးခဲ့မိပါပြီ။

မကြာသေးခင်က ကျွန်မရဲ့အဖြစ်ကို ရုပ်ဖ်အက်ဝမ်က "ဟော့ဒါဟာ မင်းဘဝပါ"ဆိုတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ အစီအစဉ်မှာ အကျဉ်းချုပ်ပြီးပြသခဲ့ဖူးပါတယ်။ အဲဒီတုန်းကဆိုရင် ကျွန်မရင်ထဲမှာ "မျှော်လင့်ချက်"နဲ့ "ကြောက်စိတ်"ရော

www.burmeseclassic.com

BURMESE CLASSIC .com

ယှက်နေတဲ့ ခံစားမှုတစ်ခု ဝင်ခဲ့ဖူးပါတယ်။ ကျွန်မဇာတ်ခုံပေါ် ဘာလို့ရောက်လာတယ် ဆိုတာကို ရုပ်မြင်သံကြားပရိတ်သတ် သန်းလေးဆယ်က ကြည့်ကြလိမ့်မည်လို့လည်း သူက ပြောထားတယ်မဟုတ်လား. . .။

အဲဒီစကားကြားထားတော့ ကျွန်မတွေးမိခဲ့ပါတယ်။ ကြောက်ကြောက် လန့်လန့်နဲ့ ဆင်ကန်းတောတိုးဖြစ်ပြီး တွေးခဲ့တာပါ။ ကျွန်မ တွေးခဲ့မိတာတွေကတော့ . . .

"သူတို့ ငါ့ကိုဘယ်လိုထင်ကြမလဲ။ ငါဟာ တစ်ချိန်ကလျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ပြီး နောက်ပိုင်းမှာ နာမည်ဆိုးတွေနဲ့ကျဆုံးသွားခဲ့ရတဲ့ လူတစ်ယောက် ဆိုတာကော သူတို့မှတ်မိကြပါဦးမလား. . .။ ငါတစ်ချိန်က ရွှေထီးဆောင်းခဲ့ရတာ တွေကို ပြန်ပြပြီးဂုဏ်တင်နေတယ်လို့ ထင်ကြလေမလား. . .။ ဒါမှမဟုတ်လည်း အတိတ်ကဖြစ်ရပ်တွေကိုပြန်ပြပြီး ငါ့အပေါ် သနားလာအောင်လုပ်နေတယ်လို့ ထင် ကြလေမလား။

အခုအခါမှာတော့ အဲဒီအတွေးတွေထဲက တစ်ချို့ဟာ ကျွန်မရဲ့ခံစားမှုတွေ ဖြစ်လာပါတယ်။ "ငါဘာပြုလို့ ဒီစာအုပ်ကိုရေးတာလဲ"လို့လည်း ကျွန်မ တွေးမိ ပါတယ်။ အကြောင်းတွေကတော့ အများကြီးပါပဲ။ ကျွန်မအနေနဲ့ ဒီလိုရေးလိုက်ခြင်း အားဖြင့် ကျွန်မနဲ့ဆက်စပ်ပတ်သက်ယှက်နွယ်နေတဲ့ လောကတစ်ခုလုံးကိုရော ကျွန်မ ကိုယ်ကျွန်မပါ သန့်စင်သွားအောင် လုပ်လိုက်တာပဲလို့ ယုံကြည်နေမိပါတယ်။ အခု လိုရေးလိုက်ခြင်းအားဖြင့် ကျွန်မရဲ့ရိုးသားဖြူစင်မှုနဲ့ ဂုဏ်သိက္ခာကို ကျွန်မနဲ့ ခင်မင် ရင်းနှီးသူတွေကြားမှာ ပြန်လည်တည်ဆောက်တဲ့အခါ အထောက်အကူပြုစေနိုင်လိမ့် မယ်လို့လည်း ယုံကြည်နေမိပါတယ်။ အဲဒါတွေဟာ ကျွန်မဒီစာအုပ်ကို ရေးရတဲ့ အကြောင်းရင်းတွေ ပါပဲ။

ဒါ့အပြင်လည်း ကျွန်မဒီစာအုပ်ကိုရေးခြင်းအားဖြင့် တခြားလူတွေအတွက် အကူအညီဖြစ်သွားလိမ့်မယ်လို့ ထင်မိပါတယ်။ ဒီအချက်ဟုတ် မဟုတ်၊ မှန် မမှန်ဆို တာကတော့ စာဖတ်သူအနေနဲ့ ဒီစာအုပ်ကိုဖတ်မိတဲ့အချိန်ကျမှ သိလာကြရမှာပါ။

တကယ်လို့များ တစ်စုံတစ်ယောက်က ကျွန်မကို "လီလီယံရယ် မင်းဘာ ဖြစ်လို့ အရက်တွေဒီလောက်သောက်နေရတာလဲ"လို့ မေးခဲ့ရင် အဲဒီမေးခွန်းကို ကျေ နပ်လောက်အောင် ကျွန်မဖြေနိုင်လိမ့်မယ်လို့ မထင်ဘူး။ ဒီမေးခွန်းနဲ့ကတော့ ကျွန်မ ကိုယ်ကျွန်မတောင် ကျေနပ်လောက်အောင်ဖြေနိုင်လိမ့်မယ်လို့ မထင်မိပါဘူး။

ငယ်စဉ်တောင်ကြေးကလေးဘဝတုန်းက သာယာချမ်းမြေ့မှုကင်းမဲ့ခဲ့ရတဲ့ အဖြစ်တွေ၊ ကြေကွဲဝမ်းနည်းစရာကောင်းတဲ့ ချစ်ရေးချစ်ရာကိစ္စတွေ၊ များပြားလှတဲ့ သောကတွေ၊ ရှုပ်ထွေးပွေလီလှတဲ့ ပြဿနာတွေ စသည် စသည်ဖြင့် စိတ်ရောဂါနဲ့ ဆက်စပ်နေတဲ့အကြောင်းရင်းတွေဟာ ဒီစာအုပ်ကိုဖတ်ရတဲ့အချိန်မှာ ပေါ်လာမှာပါ၊ အဲဒီအခါကျရင်ကော အဖြေကို ကျွန်မလွယ်လွယ်ကူကူ ပေးနိုင်မလား။

ကျွန်မ မပြောတတ်ပါဘူး၊ ကျွန်မအနေနဲ့ ကျွန်မရဲ့ကိုယ်ပိုင်အတွေ့အကြုံကို သာ တင်ပြနိုင်ပါတယ်။ ကျွန်မ သိနားလည်ထားရသလောက်ဆိုရင် စိတ်ရောဂါကုသ မှု ပညာဟာ စိတ်ပိုင်းဆိုင်ရာပြဿနာရပ်တွေကို ဖြေရှင်းတဲ့နေရာမှာများစွာ ထိ

www.burmeseclassic.com



BURMESE CLASSIC .com

ရောက်အောင်မြင်မှုရှိနေတယ်လို့ ပြောနိုင်ပေမဲ့ အရက်စွဲမှုနဲ့ပတ်သက်နေတဲ့ ရောဂါကုသရေးနယ်ပယ်မှာတော့ ထိရောက်အောင်မြင်မှုနည်းနေသေးတယ်လို့ ဆိုကြပါတယ်။

ကျွန်မဟာ ဆယ့်ခြောက်နှစ်လုံးလုံး အလွန်စိတ်ချောက်ခြားစရာကောင်းတဲ့ ကမ္ဘာတစ်ခုထဲမှာနေခဲ့ပါတယ်၊ အဲဒီကမ္ဘာဟာဝင်ရောက်လာတဲ့လူတွေများပြားသလောက် ထွက်တဲ့လူ အလွန်နည်းပါးတဲ့ကမ္ဘာပါ။ ပြီးတော့လည်း လူတစ်ယောက်ဟာ အဲဒီကမ္ဘာထဲကို ရောက်သွားပြီးရင် ပြန်တော့ထွက်လာနိုင်ပါတယ်။ ဒါပေမယ့် သူဟာ အရှက်သိက္ခာကင်းမဲ့မှုနဲ့ မျှော်လင့်ချက်ကင်းမဲ့မှုတွေကို ရင်မှာပိုက်ပြီး ထွက်လာခဲ့ရတာပါ။ ဒီအချက်ဟာ ကျွန်မစာအုပ်ရဲ့ အမြင့်ဆုံးသော 'အနှစ်သာရ'ပါပဲ. . ။

ဒီလိုဆိုပြန်တော့လည်း အတိတ်ကာလရဲ့တံခါးပေါက်တွေကို ဖွင့်ကြည့်တာဟာ မမှားဘူး၊ မှန်တယ်လို့ ကျွန်မယုံကြည်လာမိပါတယ်၊ တကယ်တော့လည်း ကျွန်မအနေနဲ့ ကျွန်မရဲ့ အတိတ်ကာလကို ပြန်ကြည့်လိုက်တဲ့အခါမှာ လုံးဝမယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရပါတယ်။ ဒီကမ္ဘာလောကတွင်းမှာ ကျွန်မနေခဲ့ဘူးတယ်ဆိုတာကိုတောင် မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရပါတယ်။

ဒီစာအုပ်နဲ့ပတ်သက်ပြီး ကျွန်မမှာပြောစရာလေးတစ်ခု ရှိနေပါသေးတယ်။ တခြားမဟုတ်ပါဘူး။ ဒီစာအုပ်ထဲက အချို့စာမျက်နှာတွေမှာ ဖော်ပြထားတဲ့လူနာမည်တွေဟာ ကျွန်မစိတ်ကူးနဲ့ပေးထားတဲ့နာမည်တွေပါ။ ဒါပေမဲ့ ဒီလူတွေဟာ အခုထက်တိုင် သက်ရှိထင်ရှားရှိနေကြပါသေးတယ်၊ အဲဒီဟာတစ်ချက်ကလွဲပြီး ကျန်တဲ့အဖြစ်အပျက်တွေအားလုံး အဖြစ်မှန်တွေချည်းပါလို့ ကျွန်မပြောပါရစေ. . . ။

လီလီယံရော့သ်

ဖို့ဒ်လောဒါဒေးလ်မြို့၊
ဖလောရီဒါပြည်နယ်။

www.burmeseclassic.com

[၁]

ကျွန်မ ဒီစာအုပ်ကို ရေးတော့မယ်လို့ ဆုံးဖြတ်လိုက်တာနဲ့တစ်ပြိုင်နက် ကျွန်မ ခေါင်းထဲကို အတွေးတစ်ခုဝင်လာခဲ့ပါတယ်။ "ကျွန်မအကြောင်းကို ဘယ်နေရာကစပြီးရေးရရင်ကောင်းမလဲ" ဆိုတဲ့ အတွေးပါ။ အစပြုပြီးရေးနိုင်တဲ့ အကြောင်းချင်းရာတွေကတော့ အများကြီး ရှိပါတယ်။ ကျွန်မအနေနဲ့ အောင်မြင်ကျော်ကြားမှု အထွတ်အထိပ်ရောက်ခဲ့တဲ့ တစ်ဒင်္ဂအချိန်ကလေးကစပြီး ရေးလိုက်ရရင် ကောင်းမလား။

အဲဒီအချိန်က ကျွန်မဟာ ဟောလီးဝုဒ်ရုပ်ရှင်မြို့တော်မှာ ထိပ်သီးမင်းသမီးဖြစ်နေပါပြီ ကျွန်မ ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ကားသုံးကားကို နယူးရောက်မြို့တော်ရဲ့ ကမ္ဘာကျော်ဘရော့ဒ်ဝေးလမ်းမကြီးပေါ်က ရုပ်ရှင်ရုံကြီးတွေမှာ တစ်ပြိုင်တည်း ရုံစတင်နေ့ပေါ့။ ရုံဖွင့်ပွဲအခမ်းအနားကို ကျွန်မကိုယ်တိုင်တက်ရောက်ပြီး ဖွင့်လှစ်ပေးရပါတယ်။ အဲဒီနေ့က ရုပ်ရှင်ကားတွေမှာ ဇာတ်ဆောင်မင်းသမီးဖြစ်တဲ့ ကျွန်မကို ကမ္ဘာကျော်ရုပ်ရှင်မင်းသားဂယ်ရီကူးပါးနဲ့ မောရစ်ချ်မာလီယာတို့ကတွဲပြီး အခမ်းအနားစင်ပေါ်ကို ပို့ပေးခဲ့ကြပါတယ်။ အဲဒီအချိန်ကဆိုရင် ကျွန်မဟာ မွန်းလွဲပိုင်းတစ်ချိန်လေး အလုပ်လုပ်ပေးရုံနဲ့ ဒေါ်လာ၃၅၀၀ ရနေတဲ့ဘဝပါ။

www.burmeseclassic.com


တကယ်တော့ အဲဒီအချိန်ကလေးဟာ ကျွန်မအဖို့ အင်မတန်မှ မက်မောစရာ၊ တွယ်တာစရာ၊ မြတ်နိုးစရာကောင်းတဲ့အချိန်ကလေးပါ။ အဲဒီအဖြစ်ကလေးကသာ စလိုက်မယ်ဆိုရင် သိပ်ကိုတခမ်းတနားရှိမှာပဲလို့ ကျွန်မတွေးမိပါတယ်။

ဒါပေမဲ့ ကျွန်မမှာ အစပြုလို့ကောင်းမယ့်အဖြစ်တွေက ရှိနေပါသေးတယ်။ တကယ်ဆို ကျွန်မအနေနဲ့ အလွန်ကြောက်စရာကောင်းတဲ့အဖြစ်ကစရင်ကော မရနိုင်ဘူးလား. . . ။ ရနိုင်တာပါပဲ၊ အဲဒီအချိန်က ကျွန်မဟာ ပွင့်နေတဲ့ပြတင်းပေါက်တစ်ပေါက်နားမှာ ရပ်နေပါတယ်။ ကျွန်မရဲ့နောက်မှာ ကျန်ရစ်ခဲ့တဲ့နှစ်များစွာအတွက်က ကျွန်မရင်ဆိုင်ခဲ့ရတဲ့ ကြောက်စရာအရက်ရောဂါနဲ့ အဲဒီအရက်ကြောင့် အဖက်ဖက်မှနိမ့်ကျသွားခဲ့ရတဲ့ ကိုယ့်ဘဝကိုယ်ပြန်တွေးပြီး စိတ်ထိခိုက်နေပါတယ်။ အထပ်ပေါင်လေး ဆယ့်တစ်ထပ်မြင့်တဲ့ ဒီပြတင်းပေါက်ကနေပြီး အောက်ဖက်ပလက်ဖောင်းပေါ်ကို ခုန်ချလိုက်ဖို့စဉ်းစားစိတ်ကူးနေတဲ့အချိန်ပါ။ အဲဒီအဖြစ်ကသာ စလိုက်မယ်ဆိုရင်တော့ သိပ်ပြီးဇာတ်ဆံသွားမလေမလား. . . ။ ဒါမှမဟုတ် သိပ်ပြီးပိုရာရောက်သွားလေမလား။

ဒါမှမဟုတ်လည်း ကျွန်မအသက်သုံးဆယ့်လေးနှစ်အရွယ်က အဖြစ်နဲ့စလိုက်ရရင် ကောင်းမလား. . . ။ အဲဒီတုန်းကဆိုရင် ကျွန်မဟာ စိတ်ရောဂါအထူးကုဆေးရုံက ဆင်းလာစပေါ့။ အပြင်လောကမှာ ဘဝသစ်တစ်ခု အစပြုဖို့ဆိုပြီး ဆေးရုံက ပြန်လွှတ်လိုက်တဲ့အချိန်ပါ။ ဒါပေမဲ့ အဲဒီအချိန်ကအဖြစ်နဲ့ ကျွန်မဇာတ်လမ်းကိုစလိုက်ရင် တစ်ချို့လူတွေအတွက် နားလည်ဖို့ခက်ခဲသွားနိုင်တဲ့ အခြေအနေတွေကရှိနေပါတယ်။

ကျွန်မယောက်ျား ဘတ်အကြံပေးသလို ကျွန်မအဖြစ်ကိုပြောတဲ့နေရာမှာ ဖြစ်ခဲ့ပျက်ခဲ့တဲ့အတိုင်း ရှေ့နောက်စဉ်းစားပြီး အလိုက်သင့်ပြောသွားရင်ကောင်းမ လား။ အမှန်တော့လည်း ကျွန်မတို့အားလုံးဟာ ကိုယ့်ဘဝနဲ့ဆက်စပ်ယှက်နွယ်နေတဲ့ ပတ်ဝန်းကျင်ပေါ်မှာ အများကြီးတည်မှီပြီး နေခဲ့ကြရတာပါ။ အဲဒီပတ်ဝန်းကျင်ထဲမှာ ရှိနေတဲ့လျှို့ဝှက်နက်နဲလှတဲ့ ဖိအားတွေနဲ့တွန်းအားတွေကြောင့်ပဲ ကိုယ်ပိုင်ကိုယ်ရည်ကိုယ်သွေးနဲ့ ပင်ကိုယ်စရိုက်လက္ခဏာတွေကို ပိုင်ဆိုင်နေကြတဲ့လူတွေ ဖြစ်လာကြရတာမဟုတ်လား. . . ။

မင်းအကြောင်း ပြန်ပြောမယ်ဆိုရင် အကောင်းဆုံးနည်းက အဲဒီတစ်နည်းပဲရှိတယ်လို့ ဘတ်ကဆိုပါတယ်။ "ဖြစ်ခဲ့ပျက်ခဲ့တဲ့အတိုင်းသာ အစဉ်လိုက်ပြောသွားပါ" တဲ့. . . ။

ဒီလိုဆိုတော့လည်း ကျွန်မအနေနဲ့ ကျွန်မအကြောင်းကို ပြောပြတဲ့နေရာမှာ သူအကြံပေးတဲ့အတိုင်းပဲ ပြောပြရတော့မှာပေါ့။

ကျွန်မအဖြစ်ကဒီလိုပါ. . . .

၂

ကျွန်မဟာ ကျွန်မရဲ့ဘဝကို ဘယ်တုန်းကမှ မပိုင်ဆိုင်ခဲ့ပါဘူး။ ကျွန်မကို မမွေးခင်ကတည်းက ကျွန်မဘဝ ဘယ်လိုဖြစ်ရမယ်ဆိုတာ အစီအစဉ်တွေရေးဆွဲချ

www.burmeseclassic.com


မှတ်ပြီးသားပါ။

ကျွန်မရဲ့ မိဘတွေဟာ ဇာတ်ပွဲကို အလွန်ဝါသနာကြီးကြပါတယ်။ ဒါ့ကြောင့်မို့ ကျွန်မဟာ အမေ့ဗိုက်ထဲမှာရှိနေစဉ်ကတည်းက ဇာတ်ရုံထဲမှာ ရှေ့ဆုံးကဝင်နိုင်ဖို့ တန်းစီပြီး စောင့်နေခဲ့ရပါတယ်လို့ပြောရင် လွန်မယ်မထင်ဘူး။ ကျွန်မအမေဟာ ဇာတ်ပွဲ အလွန်ကြိုက်ပါတယ်။ အချိန်ရှိသမျှ ဇာတ်ရုံတွေထဲမှာပဲ ရောက်နေလေ့ ရှိပါတယ်။ ပြီးတော့ အမေဟာ ကလေးတစ်ယောက်ကို ဝမ်းနဲ့လွယ်ထားရတဲ့မိခင်ရဲ့ ပြင်းထန်တဲ့ လိုအင်ဆန္ဒနဲ့ အတွေးအခေါ်တွေဟာ သန္ဓေသားအပေါ် ဩဇာသက် ရောက်မှုရှိ တတ်တယ်ဆိုတဲ့ အယူအဆကိုလည်း လက်ခံတဲ့လူပါ။

အမေဟာ သူ့ခေတ်ကနာမည်ကြီးပြဇာတ်မင်းသား မင်းသမီးတွေဖြစ်ကြ တဲ့ "အီဗာတန်ဂွေ၊ နိုရာဘေးရီးစ်၊ ဆာရာဘန်သာတ်"တို့ကိုကြည့်ပြီး သူတို့ရယ်ရင် လိုက်ရယ်၊ သူတို့ငိုရင် လိုက်ငိုလိုက်နဲ့ အချိန်ဖြုန်းခဲ့တဲ့လူပါ၊ ဇာတ်ပွဲကို စွဲစွဲလန်းလန်း ကြည့်နေရင်းကပဲ ဗိုက်ထဲကကလေးဟာလည်း သူနဲ့အတူတူ စိတ်သာယာပျော်ရွှင် မှုကို မျှဝေခံစားနေလိမ့်မယ်လို့တွေးပြီး စိတ်ချမ်းသာမှုရနေခဲ့တဲ့လူပါ။

အမေဟာ ကျွန်မကို အဆိုတော်တစ်ယောက်ဖြစ်စေချင်ခဲ့ပါတယ်။ ဘာ ကြောင့်လည်းဆိုတော့. . . သူအလွန်အားကျပြီး အမြတ်တနိုးကိုးကွယ်လုနီးပါး လောက် လေးစားကြည်ညိုနေတဲ့အဆိုတော်တစ်ယောက် ရှိနေလို့ပါ။ အဲဒီအဆို တော်ဟာ အခြားလူမဟုတ်ပါဘူး။ အမေတို့ခေတ်က အလွန်ထင်ရှားကျော်ကြားခဲ့ တဲ့ "လီလီယံရပ်ဆဲလ်" ပါ။ အမေဟာ သူ့ကိုသိပ်ပြီးအားကျခဲ့ပါတယ်။ ၁၉၁၀ ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့ ကျွန်မကိုမွေးတော့ ချက်ခြင်းပဲကျွန်မကို "လီလီယံရပ်ဆဲလ်" လို့ နာမည်ပေးခဲ့ပါတယ်။

ကျွန်မအဖေကတော့ ကျွန်မရဲ့အနာဂတ်ဘဝကို အမြင်တစ်မျိုးနဲ့ စိတ်ကူး ယဉ်အိမ်မက်မက်ခဲ့ပါတယ်။ သူကတော့ ကျွန်မကို အလွန်အောင်မြင်ကျော်ကြားတဲ့ "ပြဇာတ်မင်းသမီး"တစ်ယောက်ဖြစ်စေချင်ခဲ့ပါတယ်၊ ကျွန်မအဖေ "အာသာရပ် စတိန်း" ဟာ ရုရှားနိုင်ငံမှာမွေးခဲ့ပေမယ့် လေးနှစ်သားကတည်းက ကျွန်မအမေရဲ့ မွေးရပ်ဇာတိဖြစ်တဲ့ ဘော်စတွန်မြို့ကို ရောက်လာခဲ့တာပါ။

အဖေဟာ လူချောတစ်ယောက်ပါ။ ဘာကိုမှ သိပ်အလေးမထားပဲ ပျော် ပျော်နေတတ်တဲ့ အကျင့်စရိုက်ရှိပါတယ်။ သူ့မှာ တစ်ဖက်သားကခင်မင်လာအောင် ဆွဲဆောင်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။ သူဆယ့်ခြောက်နှစ်အရွယ်တုန်းက "ဖက်၏လူ ဆိုးကလေး"ဆိုတဲ့ပြဇာတ်တစ်ခုမှာ ပါဝင်ကပြခဲ့ဖူးတယ်လို့ မကြာခဏ ပြောပြတတ် ပါတယ်။

အမေကတော့ ပြဇာတ်မင်းသားဖြစ်အောင် ဆက်ပြီးမကြိုးစားခဲ့ရကောင်း လားလို့ အဖေ့ကို အပြစ်တင်လေ့ရှိပါတယ်။ ဒီကြားထဲကပဲ အဖေ့ရဲ့အသံအကြောင်း ပြောပြီး ပြောင်တတ်နောက်တတ်ပါတယ်။ အဖေ့အသံက ဘယ်လိုမှကီးမကိုက်တဲ့ အသံပါ၊ ဒါပေမဲ့ အကော်ဒီယံတီးတတ်တဲ့သူငယ်ချင်းတစ်ယောက်က သီချင်းဆိုဖို့ ခေါ်သွားရင် လိုက်သွားတာပဲတဲ့ သူနဲ့သူငယ်ချင်းဟာ ဘော်စတွန်မြစ်ဆိပ်မှာသွား သွားပြီး သီချင်းဆိုကြတီးကြတယ်။ အဲဒီအခါကျရင် သင်္ဘောစီးခရီးသည်တွေက

www.burmeseclassic.com


သဘော်ပေါ်ကနေပြီး ပိုက်ဆံတွေပစ်ချပေးတတ်ကြသတဲ့။

အဖေက အမေ့ကို လူပျိုလှည့်ပြီး ပိုးပန်းနေချိန်မှာ တစ်ခါတလေ သူတို့နှစ်ယောက်ချိန်းပြီး အပြင်ကို အလည်ထွက်ကြတယ်။ အဲဒီအခါကျရင် အမေက သင်္ဘောဆိပ်မှာ သီချင်းသွားဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ အပြစ်တင်တာပေါ့၊ အဖေကတော့ သူ့အနေနဲ့ အမေ့ကို "ဖိုသံပေးတာပါ"လို့ ပြောလေ့ရှိသတဲ့။

အမေဟာ ဒီအကြောင်းတွေကိုပြောပြနေရင်းက သက်ပြင်းချတယ်။ "ဂျူးလီးယက်အနေနဲ့ သူ့ရဲ့ချစ်သူရိုမီယိုကိုရသွားသလို အမေလည်း အမေ့ရဲ့ချစ်သူအာသာကို ရခဲ့ပါတယ်။ ဒါပေမဲ့ အမေစိတ်ဆင်းရဲရတာကတော့ ဂျူးလီးယက်ထက်ပိုလိမ့်မယ်လို့ ထင်မိတယ်"လို့ ပြောတယ်။ ဒါပေမဲ့ တကယ်တန်းဆန်းစစ်ကြည့်လိုက်ရင်တော့ ဒီကိစ္စမှာ အမေဟာ သိပ်ပြီးအလေးနက်ထားခဲ့ပုံတော့ မရပါဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီကိစ္စကို အကြောင်းပြုပြီး ငွေပိုရမယ်၊ ငွေများများရရင် အမေ့ အတွက် ဇာတ်ပွဲတွေများများကြည့်ရမယ် မဟုတ်လား. . .။

ကျွန်မရဲ့အဖေ အာသာက ကျွန်မရဲ့အမေ ကေတီဆစ်လ်ဗားမင့်ကို စတွေ့ချိန်မှာ သူ့အသက်ဟာ နှစ်ဆယ့်လေးနှစ်ရှိနေပါပြီ။ အဲဒီအချိန်က အဖေဟာ သူ့အဖေရဲ့ဈေးဆိုင်မှာ နေ့ခင်းဘက်အလုပ်လုပ်၊ ညပိုင်းကျတော့ ဇာတ်ရုံတွေထဲဝင်ပြီး ဇာတ်တွေကြည့်. . .။ အဲသလိုနေရင်း အမေနဲ့ အမှတ်မထင် ဆုံမိကြတာပါ။ လူချင်းဆုံမိပြီးတဲ့နောက် မကြာခင်မှာပဲ သူတို့နှစ်ယောက်လက်ထပ်ခဲ့ကြပါတယ်။

ကျွန်မအနေနဲ့ အဖေနဲ့အမေတို့ဟာ ဘာကြောင့်ဒီလောက်ပွဲကြိုက်ကြတာပါလိမ့်လို့ မကြာခဏ အဖြေရှာခဲ့ဖူးပါတယ်။ ကျေနပ်လောက်တဲ့ အဖြေမရပါဘူး၊ အမေဟာ စိတ်ဓာတ်ကြံ့ခိုင်တဲ့မိန်းမတစ်ယောက်ပါ၊ ဒါပေမဲ့ စိတ်ထိခိုက်လွယ်ပါ တယ်။ ဝေဖန်သုံးသပ်တဲ့နေရာမှာတော့ အမေဟာ အလွန်ရဲရင့်ပြတ်သားပါတယ်။ ဇာတ်သဘင်လောကထဲက ထူးချွန်တဲ့လူတွေကို ပါရမီရှင်တွေလို့ သူကပြောလေ့ရှိပါတယ်။ ဒီအလုပ်အတွက် ဘုရားသခင်က ရွေးချယ်ပေးထားတဲ့လူတွေလို့လည်း ပြောလေ့ရှိပါတယ်။ ကျွန်မ သိနားလည်တတ်တဲ့အရွယ် ရောက်တဲ့အခါမှာ အမေက ပြောခဲ့ဖူးပါတယ်။

"ငါ့သမီးငယ်ငယ်ကတည်းက အမေတို့က တကယ့်ထိပ်ထိပ်ကြဲသရုပ်ဆောင်မင်းသားမင်းသမီးတွေပါတဲ့ ဇာတ်ပွဲတွေကို ခေါ်ခေါ်သွားပြီးကြည့်ခိုင်းခဲ့တာ သမီးမှတ်မိမှာပေါ့၊ ပါရမီရှင်လို့ ခေါ်လောက်တဲ့ အနုပညာသည်တွေဆီမှာ လူတွေကို ပေးစရာတွေရှိတယ်။ သူတို့မှာသာ ပေးစရာဘာတစ်ခုမှ မရှိဘူးဆိုရင် သူတို့အနေနဲ့ အခုလို ဇာတ်စင်ပေါ်တက်ပြီး လူတွေကိုရယ်အောင်၊ ငိုအောင်လုပ်နိုင်ပါ့မလား"တဲ့။

ပြီးတော့လည်း အမေဟာ သီချင်းဆိုရင်အသံကောင်းပါတယ်။ အေးအေးသာသာနဲ့ နားထောင်လို့ကောင်းတဲ့ အသံရှင်ပါ။ ဒါပေမဲ့ အသံက သိပ်တိုးတယ်။ အော်လို့ သိပ်မရဘူး၊ အဲဒါနဲ့ပတ်သက်လို့လည်း အမေက "အမေ့မှာအသံကတော့ ဒီလောက်ပဲရှိတယ်. . . လီလီရဲ့။ ဒါပေမဲ့ အမေ့စိတ်ထဲမှာကတော့ အများကြီး ရှိထားပါတယ်။ စိတ်ထဲမှာ ရှိနေသမျှအားလုံးကို အမေက သမီးကို ပေးထားပါတယ်"လို့ ပြောခဲ့ဖူးပါတယ်။

www.burmeseclassic.com


ဘယ်လိုပဲဖြစ်ဖြစ် အဖေကတော့ တစ်ဘာသာပါ။ သူကတော့ အမြဲတစေ သရုပ်ဆောင်ပြရမှ ကျေနပ်တဲ့လူပါ။ သီချင်းလေးတစ်ပုဒ်လောက် ဆိုပြရင်တောင်မှ သူ့ ဘယ်ဖက်လက်ကို နှလုံးသားရှိရာ ရင်ပတ်ပေါ်အုပ်ကိုင်ပြီး၊ ညာဖက်လက်ကို သူ့ရှေ့တည့်တည့်မှာ ဆန့်ထုတ်ထားလေ့ရှိပါတယ်။ သူ့အမူအရာကလည်း ကိုယ်ချင်းစာတရားကင်းမဲ့ပြီး ရက်စက်ကြမ်းကြုတ်လွန်းလှတဲ့ ကမ္ဘာလောကကြီးဆီမှာ အသနားခံနေသလိုပါပဲ၊ သူ့ရဲ့ပါးပြင်တွေမှာလည်း မျက်ရည်ပေါက်တွေက တလိမ့်လိမ့်စီးကျနေကြပါတယ်။

ကျွန်မ မမေ့သေးပါဘူး။ ဧည့်ခန်းရဲ့တစ်ဖက်မှာရှိနေတဲ့ အခန်းဟာ ကျွန်မရဲ့ အိပ်ခန်းပါ။ ကျွန်မဟာ အဲ့ဒီအခန်းထဲက အိပ်ရာလေးပေါ်မှာ အဖေ့သီချင်းကိုနားထောင်ရင်း စည်းချက်ကျကျခုန်လိုက် ပေါက်လိုက်လုပ်လေ့ရှိပါတယ်။ အမှန်တော့လည်း ကျွန်မကို အဆိုစသင်ပေးတာ အဖေပါ။ အဖေက ကျွန်မကိုသီချင်းတွေ အလွတ်ဆိုတတ်လာအောင် နှုတ်တိုက်သင်ပေးခဲ့ပါတယ်။ ပြီးတော့ ရှက်စိတ်ကြောင့် လူတောမတိုးဝံ့ဖြစ်နေတဲ့ ကျွန်မကို တနင်္ဂနွေနေ့ကျရင် အလည်ရောက်လာလေ့ရှိတဲ့ သူ့အပေါင်းအသင်းတွေရဲ့ရှေ့ကို ပွဲထုတ်ပြီး အဆိုခိုင်းလေ့ရှိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ. . .။ တကယ်တန်းဆန်းစစ်ကြည့်လိုက်တော့ ဇာတ်ခုံဟာ ကျွန်မဘဝပါ။ ကျွန်မကို မွေးပြီးတဲ့နောက် နှစ်နှစ်ခွဲအကြာမှမွေးခဲ့တဲ့ ကျွန်မရဲ့ညီမ အန်းရဲ့ဘဝဟာလည်း ကျွန်မမှတ်မိသလောက်ပြောရရင် ဇာတ်ခုံပါပဲ။

အန်းနဲ့ ကျွန်မဟာ စိတ်နေစိတ်ထားချင်း မတူကြပါဘူး။ စိတ်ဆင်းရဲစရာတွေ စိတ်ညစ်စိတ်ရှုပ်စရာတွေ ဘယ်လောက်ပဲရှိရှိ ဧည့်သည်တွေရှေ့မှာ သီချင်းဆိုပြဖို့ အဖေက ခေါ်လိုက်ရင် ကျွန်မငြင်းလေ့ မရှိပါဘူး။ အဖေကလည်း "လီလီယံဟာ သိပ်လိမ်မာတယ်၊ အဖေကို သိပ်ဂရုစိုက်တယ်၊ ကဲ. . . မတ်တပ်ရပ်ပါဦး သမီးရယ်၊ အဖေတို့အတွက် သီချင်းလေးဆိုပြပါဦး"လို့ ပြောလေ့ရှိပါတယ်။

အန်းကတော့ အဲသလိုမဟုတ်ပါဘူး၊ သူ့ကိုခေါ်ခိုင်းရင် အကြောက်အကန်ငြင်းတတ်ပါတယ်။ တစ်ခါတလေ အဖေက ချော့မော့ပြီး ခိုင်းတတ်ပါတယ်။ တစ်ခါတလေကျတော့လည်း စိတ်မရှည်ဖြစ်ပြီး ချောက်လား၊ ငေါက်လား၊ အော်လား၊ ဟစ်လားနဲ့ ခိုင်းတတ်ပါတယ်။ ဘယ်လိုပဲပြောပြော အန်းကတော့ မဖြုံပါဘူး။ လုံးဝ ခိုင်းလို့ မရပါဘူး။

ကျွန်မဟာ ငယ်ငယ်က အလွန်ငြိမ်ငြိမ်ဆိတ်ဆိတ်နေတတ်ပါတယ်။ ကျွန်မဖာသာ ကျွန်မတစ်ယောက်တည်း နေတာလည်းများပါတယ်။ တစ်ခါတရံကျရင် အဖေဟာ ကျွန်မအတွက် စိတ်သောက ရောက်တတ်ပါတယ် "မင့်သမီးလီလီက သိပ်ပြီးငြိမ်လွန်းအေးလွန်းတယ် ဘေဘီရယ်။ သူ ဘာတွေတွေးနေသလဲဆိုတာ သိအောင်လုပ်ပါဦး"လို့ အဖေကပြောတတ်ပါတယ်။ အဲဒီအခါကျရင် အမေက ကျွန်မကိုချီပြီး သူ့ရင်ခွင်ထဲမှာ ပွေ့ထားတတ်ပါတယ်။ ပြီးတော့ "အို. . . အာသာရယ်. . . သူ့ခမြာ ကလေးပဲရှိသေးတာ. . .။ ဘာတွေကိုတွေးနိုင်ဦးမှာလဲ" လို့ ပြန်ပြောတတ်ပါတယ်။

အမှန်တော့ ကျွန်မဟာ အများကြီးတွေးပြီး အများကြီးခံစားခဲ့ရပါတယ်။

နောက်ကြောင်းကို ပြန်ကြည့်လိုက်တဲ့အခါမှာ ကျွန်မရဲ့ကလေးဘဝဟာ ကြောက်စိတ်နဲ့ အထီးကျန်စိတ်တွေ လွှမ်းမိုးခြင်း ခံနေရတဲ့ဘဝပါ။

ကျွန်မအနေနဲ့ ကျွန်မရဲ့အမေ မကြိုက်တာကို လုပ်မိမှာ အမြဲကြောက်ရွံ့နေမိပါတယ်။ အမေဟာ ကျွန်မကိုချစ်ပါတယ်။ ယုံမှားသံသယဖြစ်စရာ မရှိပါဘူး၊ ဒါပေမဲ့ ခက်တာက အမေဟာ အစစအရာရာမှာ အကောင်းဆုံးနဲ့ အပြစ်အနာဆာ အကင်းဆုံးကိုသာ ရယူလိုတဲ့လူပါ။ ဒါ့ကြောင့်မို့လည်း ကျွန်မဟာ သူမကြိုက်တာကို လုပ်မိမှာ အမြဲကြောက်နေရပါတယ်။

အမေဟာ စိတ်ကလည်း အလွန်မြန်သလောက် ခြေမြန်လက်မြန်လည်း ရှိပါတယ်။ ကျွန်မကို ဖြတ်ခနဲနမ်းလိုက်ဖို့ ဝန်မလေးသလို စိတ်နဲ့မတွေ့တဲ့အခါ ပါးကို ဖြန်းခနဲနေအောင် ရိုက်ဖို့လည်း ဝန်မလေးပါဘူး၊ ကျွန်မရဲ့ ဘဝလမ်းကြောင်းနဲ့ ပတ်သက်လို့ကတော့ အမေ့ရည်မှန်းချက်ဟာ တစ်ခုထဲပဲထားပါတယ်၊ သူ့အဖို့ ဇာတ်ရုံဟာ သူ့သမီးလီလီအတွက် အဓိကအကျဆုံး တံခါးပေါက်ပါ၊ အဲဒီတံခါးပေါက်ဆီ သွားရာလမ်းပေါ်မှာ အပိတ်အဆို့ အတားအဆီးရှိလာရင် အားလုံးကိုဖယ်ရှားပစ်ဖို့ ဝန်မလေးပါဘူး။

ကျွန်မရဲ့ အထီးကျန်နိုင်စိတ်နဲ့ ပတ်သက်လို့ကတော့ နားလည်အောင် ရှင်းပြဖို့ ခက်ခဲလှပါတယ်။ ကျွန်မ ဘာကြောင့် အထီးကျန်ဖြစ်နေတာလဲ၊ ကျွန်မ မသိပါဘူး။ ကျွန်မရဲ့ရင်ထဲမှာ တစ်ခုခုလိုနေသလို အမြဲခံစားနေရပါတယ်။ ဘာလိုနေတယ်ဆိုတာလည်း ကျွန်မ မပြောတတ်ပါဘူး။ ကျွန်မစိတ်ထဲမှာ ကလေးတိုင်းဟာ ကျွန်မထက် ပိုပြီးလှကြတယ်၊ ပိုပြီးချစ်စရာကောင်းကြတယ်၊ ပိုပြီးခင်စရာကောင်းကြတယ်လို့ အမြဲထင်နေမိပါတယ်၊ ကျွန်မအနေနဲ့ ကျွန်မကိုယ်ကျွန်မ လုံးဝမကြိုက်ပါဘူး၊ နောက်ပိုင်းမှာ ကျွန်မ မကြိုက်တဲ့လူဆီက ထွက်ပြေးနိုင်အောင် အရက်ကကူညီနိုင်တာကို တွေ့ခဲ့ရပါတယ်။

၁၉၁၆ခုနှစ်မှာ ကျွန်မတို့မိသားစုဟာ နယူးရောက်မြို့ကို ရွှေ့ခဲ့ကြပါတယ်။ ကျွန်မတို့ တိုက်ခန်းဟာ (၉)လမ်းနဲ့(၁၀)လမ်း၊ လမ်းသွယ်နှစ်ခုကြားက (၄၃)လမ်းပေါ်မှာပါ၊ ကျွန်မအဖေ အာသာကတော့ သူ့ကိုယ်သူ သန်းကြွယ်သူဌေးတစ်ယောက်ဖြစ်ဖို့ အမြဲစိတ်ကူးယဉ်နေတဲ့လူပါ၊ အခုလည်း မြို့ကြီးပြကြီးမှာသာ နေရရင် အခွင့်အလမ်းတွေ အများကြီးပွင့်နိုင်တယ်လို့ ယူဆပြီး၊ နယူးရောက်ကို ရွှေ့လာခဲ့တာပါ။ နောက်တစ်ချက်ကလည်း နယူးရောက်မြို့တော်ဟာ ဇာတ်တွေပွဲလမ်းသဘင်တွေ အများအပြားရှိတဲ့ နေရာတစ်နေရာဖြစ်နေတော့. . . သူ့အတွက် မျှော်လင့်ချက် ပိုပြီးများတယ်လို့ ယူဆနိုင်တယ်မဟုတ်လား. . . ။

အစွမ်းအစရှိတဲ့ မိန်းကလေးတွေအတွက် အလုပ်ရနိုင်တယ်ဆိုတဲ့ သတင်းကြားရတဲ့အတွက် ကျွန်မအမေကေတီဟာ အန်းနဲ့ကျွန်မကို မနက်တိုင်းလှလှပပဖြစ်အောင် ဝတ်ဆင်ပေးပြီး အလုပ်ရှာထွက်လေ့ရှိပါတယ်။ ဇာတ်သဘင်လောကတွင်းက

www.burmeseclassic.com


ထုတ်လုပ်သူတွေနဲ့ ဇာတ်ပွဲဆိုင်ရာကိုယ်စားလှယ်တွေဆီကိုလည်း တလည်လည် သွားပြီး မေးမြန်းစုံစမ်းကြတာပါ။

သူတို့ရုံးခန်းတွေဟာ အမြဲတစေ လူဝင်လူထွက်များတဲ့ နေရာတွေပါ၊ တစ်ရုံနဲ့ တစ်ရုံကလည်း ပုံစံတူကြပါတယ်။ အထဲဝင်သွားရင် စာပွဲတစ်လုံးနဲ့ အဲဒီစာပွဲရဲ့ နောက်မှာ ကုလားထိုင်တစ်လုံးနဲ့ ပျင်းရိပျင်းတွဲထိုင်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ ရှိပါတယ်။ မေးလိုက်ရင်လည်း "အလုပ်မရှိဘူး"ဆိုတဲ့ အဖြေပဲရပါတယ်။ အမေက တော့ စိတ်အားမပျက်ပါဘူး။ ၁၉၁၆ခုနှစ်၊ ဆောင်းဦးတုရဲ့ဆီးနှင်းတွေ တအားကျနေ တဲ့ တစ်မနက်မှာ အမေဟာ ကျွန်မတို့ကိုလက်ဆွဲပြီး "ပညာပေးရုပ်ရှင်ကားများ ထုတ်လုပ်ရေးဌာန" ရုံးခန်းထဲ ဝင်သွားခဲ့ပါတယ်။ ကျွန်မနဲ့ သင့်တော်မဲ့ အလုပ်တစ်ခု ရှိနေတယ်လို့ သိရပါတယ်။

ဒီအလုပ်ဟာ ဇာတ်သဘင်နဲ့ ရုပ်ရှင်လောကနယ်ပယ်မှာ ကျွန်မပထမဆုံး ရခဲ့တဲ့အလုပ်ပါ၊ သူတို့ရုပ်ရှင်ကုမ္ပဏီရဲ့ အမှတ်တံဆိပ်အဖြစ် အသုံးပြုဖို့အတွက် ကျွန်မကို 'ဟန်ပြမယ်'အဖြစ်ထားပြီး ရုပ်ရှင်ရိုက်ယူဖို့ပါ။ ကျွန်မကို ပထမဆုံး မိတ်ကပ် တွေ လိမ်းပေးပါတယ်၊ ပြီးတော့ ကျွန်မက မီးရှူးတိုင်ကိုကိုင်ပြီး ဟန်အမျိုးမျိုးနဲ့ မတ်တပ်ရပ်ပေးရပါတယ်။ သူတို့က သူတို့စိတ်တိုင်းကျပုံအမျိုးမျိုး ရိုက်ယူခဲ့ကြ ပါတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အဲဒီအချိန်က ကျွန်မအဲဒီအလုပ်ကို ရခဲ့တာဟာ ကျွန်မ အမေအတွက်တော့ အကြီးအကျယ် စိတ်လှုပ်ရှားစရာတစ်ခုပါ၊ သူ့အဖို့ ဝမ်းသာအားတက်စရာလည်း ဖြစ်ခဲ့ပါတယ်။ ကျွန်မကို မိတ်ကပ်လိမ်းခြယ်ပေးနေတဲ့ အချိန်မှာ ဘေးကရပ်ကြည့်နေတဲ့ အမေမျက်နှာဟာ ပြုံးနေပါတယ်။

ကျွန်မ မှတ်မိသလောက်ဆိုရင် နောက်ပိုင်း သရုပ်ဆောင်အလုပ်ကို လုပ်ခဲ့ ရတဲ့အချိန်တွေမှာလည်း အမေဟာ ဒီလိုပါပဲ။ ဇာတ်စင်ဘေးကရပ်ပြီး ကျွန်မသရုပ် ဆောင်သမျှကို မျက်ခြည်မပြတ် ကြည့်နေလေ့ရှိပါတယ်။ ကျွန်မကလည်း သရုပ် ဆောင်နေရာကနေပြီး အမေ့မျက်နှာက ဘာပြောနေသလဲဆိုတာကို အကဲခတ်လေ့ ရှိပါတယ်။

အမေပြုံးနေရင် ကျွန်မရဲ့သရုပ်ဆောင်မှုဟာ ကောင်းနေပြီလို့ ပြောတာ ပါ။ အမေ့မျက်မှောင်ကုပ်နေပြီဆိုရင်တော့ ကျွန်မရဲ့ သရုပ်ဆောင်မှုဟာ မပီပြင်ဘူး မကောင်းဘူးလို့ ပြောနေတာပါ၊ ကျွန်မအဖို့တော့ ကျွန်မရဲ့သရုပ်ဆောင်မှုတွေနဲ့ ပတ်သက်လို့ နောက်တစ်နေ့မနက်ထုတ် စာနယ်ဇင်းတွေက ဘယ်လိုပဲ ဝေဖန် ဝေဖန် အဲဒါတွေဟာ အဓိကမကျပါဘူး၊ ကျွန်မအဖို့ အမေ့မျက်နှာရိပ်မျက်နှာကဲကသာ အရေးအကြီးဆုံးပါ။

အသိပညာ ဗဟုသုတပေးခြင်းကို ဖော်ဆောင်တဲ့ မီးရှူးတိုင်ကိုင်ပြီးရပ်နေ တဲ့ ကျွန်မရဲ့ရုပ်လုံးဟာ ပညာပေးရုပ်ရှင်ကားများထုတ်လုပ်ရေးကုမ္ပဏီရဲ့ အမှတ်တံဆိပ် ဖြစ်သွားခဲ့ပါပြီ။ အမေ့ရဲ့ဆန္ဒဟာလည်း ကျွန်မရဲ့ ကိုယ်ပိုင်ဆန္ဒ ဖြစ်သွားခဲ့ပါပြီ၊ အဲဒီအချိန်မှာ ကျွန်မရဲ့အသက်ဟာ ငါးနှစ်ပဲရှိပါသေးတယ်။

❐

www.burmeseclassic.com



BURMESE CLASSIC .com

ဆင်မ်ရိုးလ်ဝင်းဆိုတဲ့ လူတစ်ယောက်ဟာ ဟတ်ဆန်မြစ်ရဲ့ တစ်ဖက်မှာရှိနေတဲ့ နယူးဂျာစီပြည်နယ်ထဲက ဖို့တီလီးမြို့မှာ ရုပ်ရှင်ကားတွေထုတ်လုပ်နေပြီဆိုတဲ့ သတင်းကို ကျွန်မအမေကေတီ သိလာခဲ့ပါတယ်၊ ပညာပေးရုပ်ရှင်ကားထုတ်လုပ်တဲ့ ကုမ္ပဏီကတောင် ကျွန်မကိုသုံးရင် ရိုးလ်ဝင်းကုမ္ပဏီကကော ဘာပြုလို့ မသုံးရမှာလဲ ဆိုတဲ့ အတွေးဟာ အမေ့ခေါင်းထဲ ဝင်လာပါတယ်။

ကျွန်မတို့ဟာ မနက်တိုင်း ခရီးရှည်ကြီးကို ဘတ်စ်ကားနဲ့သွားကြရပါတယ်။ မြစ်ကို သင်္ဘောနဲ့ကူးပြီး ဘတ်စ်ကားဆက်စီးရပြန်ပါတယ်။ အမေရယ်၊ အန်းရယ်၊ ကျွန်မရယ် သားအမိသုံးယောက်ဟာ ကားတစ်တန်၊ လှေတစ်တန်ခရီးကို အပင်ပန်းခံပြီး သွားကြရတာပါ။ ဟိုရောက်တော့ စစ်တန်းလျားတွေနဲ့တူတဲ့ ရုပ်ရှင်စတူဒီယိုကြီးတွေအဝမှာထိုင်ပြီး မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်မျှော်နေကြရပါတယ်။

ကျွန်မတို့မျှော်နေရတာက ရုပ်ရှင်ထဲမှာ ဇာတ်ရံအဖြစ် အသုံးခံရဖို့ပါ။ ကျွန်မနဲ့ အန်းဟာ ကျွန်မတို့လို အမေတွေနဲ့တွဲပြီး ရောက်လာကြတဲ့ ကလေးတစ်ရာကျော် လောက်ကြားမှာ ရောက်နေတာပါ။ ဆောင်းတွင်းဆိုတော့ အေးတာကအလွန်ပဲ။ ဘယ်သူက ဝေမှန်းတော့မသိဘူး၊ တစ်ယောက်ယောက်ကဝေလို့ ကော်ဖီပူပူတစ်ခွက် စီတော့ သောက်ကြရပါတယ်။ တစ်ခါတလေကျတော့လည်း အမေဟာ ကျွန်မတို့ အတွက် ရေနွေးလိုက်ရှာပြီး ပေးတတ်ပါတယ်။

တစ်ခါတလေမှား ကျွန်မတို့ဟာ နာရီပေါင်းများစွာကြာအောင် ရပ်နေကြရတာပါ၊ အေးလွန်းတဲ့ဒဏ်ကို မခံနိုင်လွန်းလို့ ခုန်ပေါက်နေကြရပါတယ်။ ကိုယ့်အလှည့် မရောက်မချင်း စောင့်ရတာဆိုတော့ အချိန်ကုန်လူပန်း ဖြစ်ကြရပါတယ်။ ကိုယ့်အလှည့်ကျလို့ ခေါ်ပြန်တော့လည်း ပါရတဲ့အခန်းက အရေးမကြီးတဲ့အခန်းပါ၊ လက်တွေဝှေ့ယမ်းပြပြီး ခုန်ပေါက်အော်ဟစ်နေကြရတဲ့ အခန်းမျိုးပါ၊ တစ်ခါတလေ အမေကိုယ်တိုင်လည်း အဲဒီအခန်းမျိုးမှာ ပါရပါတယ်။

တစ်ကြိမ်မှာတော့ ကျွန်မက "အမေဘာလုပ်နေတာလဲ"လို့ မေးမိပါတယ်။

"ဒီနေ့တော့ အမေလည်း သုံးဒေါ်လာရအောင်လုပ်နေတာပေါ့၊ သုံးဒေါ်လာရရင် သမီးလိုချင်နေတဲ့ လည်စီးပုဝါလေးဝယ်ပေးမယ်"လို့ ပြောပါတယ်။

တစ်ရက်မှာတော့ ကျွန်မတို့စောင့်နေရတာ ခါတိုင်းထက်ပိုပြီးကြာပါ တယ်။ ကျွန်မတို့ညီအစ်မ နှစ်ယောက်စလုံး အေးလွန်းလို့ တစ်ကိုယ်လုံးပြာနှမ်းနေတာ ပဲ၊ အမေက ကျွန်မတို့အဖြစ်ကိုကြည့်ပြီး "ငါ့သမီးလေးတွေ ရေခဲဖြစ်ကုန်တော့မှာပဲ" လို့ ပြောပါတယ်။ ကျွန်မတို့ကိုခေါ်ပြီး ချက်ချင်းအိမ်ပြန်ခဲ့ပါတယ်။ အိမ်ရောက်တော့ ကျွန်မတို့ကို အိပ်ရာပေါ်တင်ပြီး စောင်တွေခြုံပေးထားပါတယ်။

အဲဒီညက ကျွန်မတို့ သားအမိသုံးယောက်ဟာ ပါတီပွဲလေးတစ်ခု ကျင်းပနေသလိုပါပဲ၊ အခုလို အိမ်ကိုစောစောပြန်ရောက်တဲ့ညဟာ ဒီတစ်ညပဲရှိသေးတော့ အထူးအဆန်းလို ဖြစ်နေပါတယ်။ "သမီးတို့ကို အမေက ထောပတ်များများ သုတ်ထားတဲ့ပေါင်မုန့်နဲ့ ကိုကိုးပူပူလေးတိုက်မယ်"လို့ အမေက ပြောပြီးထွက်သွားပါတယ်၊ မကြာခင်မှာပဲ အစားအသောက်တွေယူလာပြီး ကျွေးပါတယ်၊ စားသောက်ပြီးတဲ့ အခါကျတော့ ကျွန်မတို့ အိပ်ပျော်သွားချိန်အထိ ကာတွန်းတွေဖတ်ကြပါတယ်။

www.burmeseclassic.com


တစ်ရက်မှာတော့ ကျွန်မနဲ့အန်းတို့ဟာ နှစ်ယောက်တွဲပြီး နတ်သမီးလေးတွေအဖြစ် သရုပ်ဆောင်ကြရပါတယ်။ ကျွန်မတို့ဟာ မီးရောင်တွေ ထိန်ထိန်လင်းနေတဲ့ စင်မြင့်ကြီးပေါ်မှာ ရပ်နေကြရပါတယ်။ မရိုက်ခင်မှာ လူကြီးတစ်ယောက်က “ကလေးတို့. . . မီးတွေထိုးတော့မယ် မီးဘက်ကိုမကြည့်နဲ့”လို့ အော်ပြီးသတိပေးပါတယ်။

မီးတွေဖွင့်လိုက်ပါတယ်၊ ကျွန်မ မျက်လုံးတွေဟာ မီးတွေကိုစိုက်ကြည့်နေမိပါတယ်။ အလင်းရောင်ဟာ မကြာခဏ ပြောင်းပြောင်းသွားနေပါတယ်။ မီးတွေရဲ့အရောင်ဟာ စူးစူးရှရှရှိလွန်းလှပါတယ်။

အလုပ်ပြီးလို့ အိမ်ကို ပြန်ကြတဲ့အခါကျတော့ အမေက အန်းကိုချီပြီးရှေ့ကသွားပါတယ်၊ ကျွန်မက အမေ့နောက်က ကပ်လိုက်နေတာပါ။ ကျွန်မမျက်လုံးတွေဟာ ရုတ်တရက် အောင့်လာပါတယ်။ မျက်လုံးတွေကို တအားမှိတ်ပြီးထားပေမယ့်လည်း မရပါဘူး၊ တိုးတိုးပြီးနာလာနေပါတယ်။

“မေမေရေ မေမေဘယ်မှာလဲ၊ မေမေ့ကို သမီးမမြင်ရတော့ဘူး”လို့ ကျွန်မအော်လိုက်မိပါတယ်။

အမေက ပထမတော့ ကျွန်မက သူ့ကို နောက်ပြောင်နေတယ်လို့ ထင်နေပါတယ်။ “ဘာတွေအော်နေတာလဲ လီလီ၊ အမေ နင့်ရှေ့မှာရှိနေတာ မမြင်ဘူးလား” လို့ ပြန်အော်ပါတယ်။

“သမီးမမြင်တော့ဘူး မေမေ သမီး မေမေ့ကို မမြင်တော့ဘူး”

အမေက အန်းကိုချလိုက်ပြီး ကျွန်မကိုချီလိုက်ပါတယ်။ “သမီးလေး ဘာဖြစ်တာလဲဟင် ဘာဖြစ်တာလဲ” လို့လည်း မေးပါတယ်။ ကျွန်မ အဖြေမပေးနိုင်ပါဘူး။ မျက်စိတွေကလည်း သိပ်ကိုနာနေပါတယ်။ အပ်တွေနဲ့ ထိုးဆွတာ ခံနေရသလိုပါပဲ။

အဲဒီနေ့က ဆရာဝန်ခေါ်ပြတော့ “မီးမောင်းကြီးတွေရဲ့အလင်းရောင်ကြောင့်ဖြစ်ရတာ”လို့ ပြောပါတယ်။ ရက်အနည်းငယ်လောက် နားမှဖြစ်မယ်လို့လည်း ပြောပါတယ်။ အဖေကတော့ ကျွန်မကို နားလည်အောင်ရှင်းပြပါတယ်။ “သမီးအနေနဲ့ အဲဒီမီးမောင်းတွေ ထိုးတာကို ရိုးသွားအောင် အလေ့အကျင့်လုပ်ရမယ်၊ ခံနိုင်ရည်ရှိသွားအောင် လုပ်ရမယ်၊ အဲဒါမှ ငါ့သမီး နာမည်ကြီးမင်းသမီးဖြစ်တော့မပေါ့”တဲ့။

ပြီးတော့ ချက်ခြင်းပဲ အဖေက ကျွန်မ စိတ်ပြောင်းသွားအောင် အက်ဒ်ဂါဝတ်စ်ရဲ့ “မိတ်ဆွေများရှာဖွေခြင်း”ဆိုတဲ့ သီချင်းကိုဆိုပြပြီး သင်ပေးပါတယ်၊ အဲဒီသီချင်းဟာ ပြဇာတ်သီချင်းပါ၊ သီချင်းဆိုရင်း လက်ဟန်ခြေဟန်ကအစ မျက်နှာဟန်အမူအရာအထိ လုပ်ရပါတယ်။ကျွန်မအဖို့ ပထမဆုံးသင်ရတဲ့ ပြဇာတ်သီချင်းပါ။

အမေကတော့ ကျေနပ်ပုံမရပါဘူး၊ “ဒီသီချင်းသင်ပေးတာ ဘာအဓိပ္ပါယ်ရှိသလဲ”လို့ အဖေကိုလှမ်းပြောတယ်၊ “သူ့ကို ဘဲလေးအက သင်ပေးရမယ်၊ အဆိုလည်း သင်ပေးရမယ်၊ အဲဒါတွေအခြေခံသင်ပေးပြီးမှသာ ဒီသီချင်းကိုသင်. . . ”

“အဲဒါတွေလည်း သင်ပေးရမှာပေါ့ကွာ. . . ”လို့ အဖေက ကြားဖြတ်ပြောပါတယ်၊ “ဒါပေမဲ့ အခုလောလောဆယ် ငါ့သမီးကို ဒီသီချင်းလေးရထားစေချင်တယ်၊ ဒီသီချင်းကိုဆိုရင်းနဲ့ ခြေတွေလက်တွေ လှုပ်တတ်သွားရင်လည်း တစ်နည်းတော့

www.burmeseclassic.com


ကောင်းတာပေါ့”

ကျွန်မ မမျှော်လင့်ပဲနဲ့ အဲဒီနေ့ကပြဇာတ်ဟန်အမူအရာကို အဖေ့ဆီကသင်ခဲ့ရပါတယ်။ ဒါကလေးဟာလည်း ကျွန်မအတွက်တော့ အမှတ်တရဖြစ်ရပ်ကလေးတစ်ခုပါ။

တစ်ရက်မှာ အမေ့ဆီကို သတင်းတစ်ခုရောက်လာပါတယ်။ “သည်-ဘလူးဘာ့ဒ်”ဆိုတဲ့ဇာတ်ကားမှာ သရုပ်ဆောင်ဖို့ ကလေးသရုပ်ဆောင်တစ်ယောက်ရွေးနေတယ်ဆိုတဲ့ သတင်းပါ၊ အမေဟာ ကျွန်မကိုဆွဲခေါ်ပြီး ရုပ်ရှင်ကုမ္ပဏီကို အပြေးအလွှားသွားခဲ့ပါတယ်။ ဟိုရောက်တော့ ကျွန်မတို့သားအမိလို ရောက်နေကြတဲ့ အမေတွေနဲ့ ကလေးတွေ အများကြီးကို တွေ့ရပါတယ်။

ရုပ်ရှင်ဒါရိုက်တာက အခန်းထဲကထွက်လာပြီး ကလေးတွေကို လျှောက်ကြည့်ပါတယ်။ ခဏနေတော့ ကျွန်မရဲ့ဘေးမှာထိုင်နေတဲ့ ကောင်မလေးကို လက်ညှိုးထိုးပြီး ခေါ်ပါတယ်။ ကောင်မလေးက ဖျတ်ခနဲထပြီး ဒါရိုက်တာဆီကို လျှောက်သွားပါတယ်။ ဒါရိုက်တာက ချက်ခြင်းပဲ “ကျန်တဲ့လူတွေအားလုံး ပြန်နိုင်ကြပါပြီ”လို့ ကြေငြာလိုက်ပါတယ်။

အမေနဲ့ ကျွန်မအပါအဝင် အရွေးမခံရတဲ့လူအားလုံးဟာ စိတ်ပျက်လက်ပျက်နဲ့ ထပြန်လာခဲ့ကြပါတယ်။ အမေဒေါသပုန်ထနေပြီဆိုတာကို ကျွန်မသိနေပါတယ်။ အပြင်ကိုရောက်တာနဲ့တစ်ပြိုင်နက် အမေ့ဒေါသဟာ ပေါက်ကွဲစပြုပါပြီ။ “ဟိုလူကြီးက နင့်ကိုလက်ညှိုးထိုးပြပြီးခေါ်နေတာ ဘာပြုလို့ထမသွားတာလဲ”လို့ ကျွန်မကို မေးပါတယ်။

“မဟုတ်ဘူး မေမေ၊ သူခေါ်တာက သမီးကိုမဟုတ်ဘူး။ သမီးဘေးမှာထိုင်နေတဲ့ ‘ဗွိုင်အိုလက်မေး’ကိုခေါ်တာ”

အမေဘာမှပြန်မပြောဘူး၊ ကျွန်မရှေ့ကနေပြီး ဒေါနဲ့မောနဲ့လျှောက်သွားနေတယ်။ ကျွန်မက အလန့်တကြားနဲ့ ဆီးနှင်းတွေကြားက အပြေးအလွှားလိုက်နေရပါတယ်။ အမေ့ကို မှီအောင်လိုက်ရတာဆိုတော့ မလွယ်ပါဘူး။ တစ်လမ်းလုံး ဟိုယိမ်း၊ သည်ယိုင်နဲ့ လဲတော့မလို ပြိုတော့မလိုဖြစ်နေပါတယ်။

“သူနင့်ကို လက်ညှိုးထိုးပြီးခေါ်တာ နင်ကမထလို့ အခုလိုဖြစ်တာ”

ပြောပြောဆိုဆိုပဲ အမေဟာ နောက်ကိုဖြုန်းခနဲလှည့်ပြီး ကျွန်မမျက်နှာကို တအားလွှဲရိုက်လိုက်ပါတယ်၊ ရိုက်ချက်ကပြင်းတော့ ကျွန်မဟာယိမ်းထိုးပြီး ရှေ့ကို ငိုက်ခနဲဖြစ်သွားပါတယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကို မဟန်နိုင်တော့ပဲ ပစ်လဲသွားပါတယ်။

ကျွန်မလဲကျသွားတော့ အမေဟာ ကျွန်မဆီပြေးလာပြီး ထူပါတယ်။ ပါးစပ်ကလည်း “သမီးရယ်. . . အမေဘယ်လိုလုပ်လိုက်မိတာပါလိမ့်၊ သမီး ခိုက်မိသွားပြီလား”စသည်ဖြင့် တဖျစ်တောက်တောက် ရေရွတ်နေပါတယ်။ ပြီးတော့ ကျွန်မကို ပွေ့ပြီး ပါးနှစ်ဖက်ကို နမ်းပါတယ်။

ကျွန်မရဲ့ ဘယ်ဘက်မျက်လုံးဟာ ချက်ခြင်းရောင်လာပါတယ်။ “ဟင်. . . သမီးမျက်လုံး ရောင်လာပြီ၊ ငါဘာတွေလုပ်မိတာပါလိမ့်”လို့ပြောပါတယ်။ “ဒုက္ခပါပဲ သမီးအဖေ တွေ့လို့ရှိရင် မေးတော့မှာပဲ”လို့လည်း ရေရွတ်နေပါတယ်။

www.burmeseclassic.com


အမေက ကျွန်မကို ဖက်ထားပြီး ငိုပါတယ်၊ အမေငိုတော့ ကျွန်မလည်းငိုမိပါတယ်၊ "စိတ်မပူပါနဲ့ အမေရယ်၊ သမီးချော်လဲပြီး ခါတ်တိုင်နဲ့ဆောင့်မိတာလို့ ပြောပ့ါမယ်"လို့ ကျွန်မက ပြန်ပြောပါတယ်။

"အို. . . ညီးအဖေက ယုံမှာမဟုတ်ဘူး"

"ယုံမှာပါ အမေရယ်၊ သမီးက ယုံအောင်ပြောမှာပေါ့"

ကျွန်မတို့အိမ်ပြန်ရောက်တော့ အဖေက မီးဖိုထဲမှာပါ၊ ကျွန်မကို မြင်လိုက်တော့ အလန့်တကြားပြောပါတယ်။ "မျက်လုံးဘာဖြစ်တာလဲ လီလီယံ၊ ဒီကိုလာစမ်း. . . ကြည့်ရအောင်"တဲ့။

အဖေက ကျွန်မမျက်စိကို အသေအချာကြည့်ပါတယ်။ "ဒါဘာဖြစ်တာလဲ"လို့လည်း မေးပါတယ်။

"သမီးချော်လဲပြီး ခါတ်တိုင်နဲ့ဆောင့်မိတာ အဖေရဲ့. . . လမ်းပေါ်မှာ ဆီးနှင်းတွေဖုံးနေတော့ လမ်းကသိပ်ချော်တာပဲ"

အဖေက မသင်္ကာတဲ့မျက်လုံးအစုံနဲ့ အမေ့ကို ကြည့်နေပါတယ်။ ပြီးတော့ ကျွန်မမျက်နှာကို စေ့စေ့ကြည့်ပြီး "သမီးလိမ်ပြောနေတာ မဟုတ်ဘူးနော်"လို့ ပြောပါတယ်။

"မလိမ်ပါဘူးအဖေရဲ့ သမီးအမှန်အတိုင်း ပြောတာပါ၊ သမီးချော်လဲခဲ့တဲ့နေရာကို အဖေကြည့်ချင်တယ်ဆိုရင် သမီးလိုက်ပြမယ်လေ"

အဖေဟာ ကျွန်မလိမ်ပြောမှုန်း သိပုံရပါတယ်၊ သူဟာ အမေ့ကို မြည်တွန်တောက်တီးလုပ်နေရင်းနဲ့ပဲ ကျွန်မမျက်စိကို ရေဝတ်နဲ့ ကျပ်ထုပ်ထိုးပေးပါတယ်။

ကျွန်မအနေနဲ့ "သည် ဘလူးဘာ့ဒ်"ဇာတ်ကားမှာ သရုပ်ဆောင်ခွင့်မရပဲ လွဲခဲ့ရပေမယ့် ကျွန်မရော အန်းပါ ကွန်စတင်နဲ့နော်မာဘယ်လ်မက်ဂျီဇာတ်ကားမှာ ကလေးတွေအဖြစ် ပါဝင်ကပြခွင့်ရခဲ့ကြပါတယ်၊ အဲဒီနောက် 'ပါရှင်ထရူးဆိတ်ဒါး" ရုပ်ရှင်ကားထဲမှာလည်း ဗိုလ်ချုပ်ပါရှင်ရဲ့ သမီးငယ်တွေအဖြစ် ညီအစ်မနှစ်ယောက်စလုံး ပါဝင်သရုပ်ဆောင်ခွင့် ရခဲ့ကြပါတယ်။

အဖေရဲ့သင်ကြားပြသပေးမှုကြောင့် ပြဇာတ်ဟန်အမူအရာကို ကောင်းကောင်းလုပ်တတ်နေတဲ့ ကျွန်မဟာ ပြဇာတ်တွေပါဝင်ခဲ့ရသမျှအခန်းတိုင်းမှာ ပီပြင်အောင် ကပြနိုင်ခဲ့ပါတယ်။ အဲသလိုနေရင်းနဲ့ပဲ ဇန်နဝါရီလတစ်ရက် မွန်းလွဲပိုင်းမှာ ကျွန်မတို့ ကလေးအုပ်စုတစ်စုဟာ ဖို့လ်လီမြို့မှာဆုံမိခဲ့ကြပြန်ပါတယ်။

ကျွန်မတို့အားလုံး ဇာတ်ဝင်ခန်းတစ်ခန်းကို ထိုင်ကြည့်ခိုင်းလို့ ကြည့်နေကြရတာပါ။ ဆီးနှင်းတွေထူထပ်တဲ့ တောင်ကုန်းဆင်ခြေလျှောအတိုင်း လျှောစီးယဉ်နဲ့လျှောပြီး မဆင်းခင် ကလေးဇာတ်ဆောင်တွေ တစ်ယောက်ကိုတစ်ယောက် နမ်းကြရမယ့်အခန်း ဇာတ်တိုက်နေတာကို ကျွန်မတို့အားလုံး မြင်တွေ့နေကြရပါတယ်။

မင်းသားက မှည့်ခြောက်တွေနဲ့ပြည့်နေတဲ့ မျက်နှာပိုင်ရှင်"ဝက်စ်လေဘာရီ" ပါ။ ဝက်စ်လေဘာရီက သူနဲ့တွဲရမယ့် မင်းသမီးကောင်မလေးဆီ လျှောက်သွားပြီး သူ့လက်နှစ်ဖက်နဲ့ သိုင်းပြီးဖက်ထားလိုက်ပါတယ်၊ ဇာတ်ညွှန်းအရဆိုရင် မင်းသားလုပ်တဲ့လူက အဲသလိုဖက်လိုက်တဲ့အခါမှာ မင်းသမီးလုပ်ရတဲ့ကောင်မလေးက ပြန်ဖက်ပြီး

www.burmeseclassic.com



နမ်းရမှာပါ။

ဒါပေမဲ့ မင်းသမီးကောင်မလေးက အဲသလိုမလုပ်ပဲ ငိုပါတယ်၊ ပြီးတော့ မလုပ်ချင်ဘူးလို့ ငြင်းနေပါတယ်။

ဒါရိုက်တာက စိတ်ပျက်လက်ပျက်နဲ့ သူ့လက်နှစ်ဖက်ကိုမြှောက်ပြီး "အဲသလိုဆိုရင် တို့ဘာဆက်လုပ်ရတော့မှာလဲ"လို့ ညည်းလိုက်ပါတယ်။

"ကျွန်မလုပ်မယ်"

ကျွန်မပါးစပ်က လွှတ်ခနဲထွက်သွားတဲ့ အသံပါ။ ကျွန်မအနေနဲ့ ကိုယ့်နားတောင် ကိုယ်မယုံနိုင်အောင် ဖြစ်ရပါတယ်၊ ကျွန်မပါးစပ်က တကယ်ပြောလိုက်တာမှ ဟုတ်ရဲ့လားလို့ သံသယတောင် ဖြစ်မိခဲ့ပါတယ်၊ ယောကျ်ားလေးတစ်ယောက်ကို နမ်းရမယ်ဆိုတဲ့ကိစ္စဟာ ကျွန်မအတွက်တုန်လှုပ်စရာပါ။ ပြောပြီးခါမှ ရှက်စိတ်ကြောင့် ကျွန်မ မျက်နှာဟာ ပူထူနေပါတယ်။ ဘေးကလူတွေကလည်း ကျွန်မကို အံ့အားသင့်ပြီး ကြည့်နေကြပါတယ်။ ကျွန်မရဲ့မျက်နှာကို ဆီးနှင်းတွေကြားထဲ ထိုးပြီးဝှက်ထားလို့ရရင် ဝှက်ထားချင်လိုက်တာ. . .။

အမေကတော့ တခြားလူတွေနဲ့မတူပါဘူး၊ အမေ့မျက်နှာဟာ ဝင်းလက်နေပါတယ်၊ သူ့အဖို့တော့ ဒါဟာ အင်မတန်အရေးပါပြီး အလွန်ကောင်းတဲ့အခွင့်အရေး တစ်ရပ်ဖြစ်နေတယ် မဟုတ်လား. . .။

ကျွန်မအနေနဲ့ ရှက်စိတ်ကြောင့် ဘာဆက်လုပ်ရမှန်းမသိတဲ့အဖြစ်ကို ရောက်နေတုန်းမှာပဲ လူတစ်ယောက်ကလှမ်းခေါ်ပြီး "မင်းနာမည်ဘယ်သူလဲ"လို့ မေးပါတယ်။

"လီလီယံရှော့သ်"

သူကပြုံးတယ် "အေး. . . ငါ့နာမည်လည်း 'ရှော့သ်'ပဲကွ"လို့ ပြောတယ်၊ ပြီးတော့ အမေ့ဖက်လှည့်ပြီး "ကျွန်တော် ခင်ဗျာ့သမီးကို မနက်ဖြန်ကျရင် တွေ့ချင်တယ်၊ ခင်ဗျာ့သမီးက ကျွန်တော်နဲ့ ကိုက်မဲ့ပုံစံပဲ. . . ကျွန်တော်တို့ရှာနေတာက ဝမ်းနည်းကြေကွဲပြီး အတွေးထဲမှာနစ်မျောနေတဲ့ မျက်နှာထားမျိုးနဲ့ ကလေးမ တစ်ယောက်ကို ရှာနေတာ"လို့ ပြောပါတယ်။

နောက်တစ်နေ့မှာတော့ ကျွန်မဟာ သူ့ရုံးခန်းထဲရောက်နေပါတယ်၊ "ကဲ သမီးက သမီးကြိုက်တဲ့အမူအရာတစ်ခု လုပ်ပြပါလား"လို့ မစ္စတာရှော့သ်က ခိုင်းပါတယ်။

"သမီးလုပ်ပြမယ်လေ"လို့ ကျွန်မက ပြန်ပြောပါတယ်။ "သမီးကို သမီးဖေဖေ သင်ပေးထားတဲ့ 'မိတ်ဆွေများရှာဖွေခြင်း'ဆိုတဲ့ သီချင်းနဲ့ အမူအရာလုပ်ပြမယ်"

ကျွန်မက အဖေသင်ထားတဲ့သီချင်းကိုဆိုပြီး အဖေသင်ထားတဲ့အမူအရာတွေကို လုပ်ပြလိုက်ပါတယ်။

အိမ်ကိုပြန်ရောက်သွားတဲ့အခါမှာ ကျွန်မဟာ အဖေ့ဆီကိုဦးအောင်ပြေးသွားပြီး သတင်းကောင်းကို ပြောလိုက်ပါတယ်။ ဘရော့ဝေးဇာတ်ရုံကြီးမှာတင်မဲ့ 'အတွင်းလူ'ဆိုတဲ့ ပြဇာတ်အသစ်ထဲမှာ ကျွန်မဟာ 'ဝစ်လ်တန်လက်ကာယီ'ရဲ့ သမီးငယ်အဖြစ် တစ်ဇာတ်လုံး အစကအဆုံး ပါဝင်ကပြရပါတော့မယ်ဆိုတဲ့ သတင်းပါ။

www.burmeseclassic.com


ဖေဖေဟာ သိပ်ကိုပျော်သွားတယ် "တွေ့တယ်မဟုတ်လား ကေတီ၊ အဲဒီသီချင်းကိုသင်တုန်းက မင်းကို ငါဘာပြောခဲ့သလဲ၊ မှတ်မိသေးရဲ့လား"လို့ အမေ့ကို လှမ်းမေးပါတယ်၊ အဖေဟာ ကျွန်မကို ချိုင်းနှစ်ဖက်ကမပြီး လေထဲကိုမြှောက်လိုက်ပါတယ်၊ ပါးနှစ်ဖက်ကိုလည်း အားပါးတရနမ်းပါတယ်။ "ငါ့သမီးဟာ နာမည်ကျော်မင်းသမီးဖြစ်လာမှာ သေချာတယ်။ အလွမ်းမှာပိုင်တဲ့မင်းသမီး ဖြစ်လာတော့မှာ . . . မကြာခင်မှာ တစ်ပတ်ကို ဒေါ်လာ၁၅၀၀ရတဲ့ မင်းသမီးတစ်လက် ဖြစ်လာမှာ" လို့လည်း ပြောပါတယ်။

ကျွန်မအသက်ဟာ ခြောက်နှစ်ထဲဝင်စပဲရှိပါသေးတယ်။

၂၂၈

www.burmeseclassic.com

## အခန်း[၂]

အလွမ်းမင်းသမီးလေး ဖြစ်တာမဖြစ်တာကို နောက်ထား ကျွန်မအနေနဲ့ ကျောင်းတော့နေရပါပြီ။ 'အတွင်းလူ'ပြဇာတ်တင်နေတဲ့ အတောအတွင်းမှာပဲ အမေဟာ ကျွန်မကို ကျောင်းအပ်လိုက်ပါတယ်။ ကျွန်မနေရတဲ့ကျောင်းက 'အလုပ်သမားကလေးသူငယ်များကျောင်း'ပါ။ ကျောင်းက မနက်၁၀နာရီက ညနေ၂နာရီအထိ တက်ရပါတယ်။ လေးနာရီတိတိကြာတဲ့ ကျောင်းချိန်အတွင်းမှာ ကျွန်မဟာ အားရနားရတယ်လို့ မရှိပါဘူး။ သတ်ပုံနဲ့ပြင်သစ်ဘာသာအပါအဝင် ကျောင်းစာတွေနဲ့ မနားတမ်းအလုပ်ရှုပ်နေရပါတယ်။

ကျောင်းဆင်းတာနဲ့တစ်ပြိုင်နက် အမေက ကျွန်မကိုခေါ်ပြီး အိမ်ပြန်လာပါတယ်။ ပြီးတော့ ညစာစားပြီးတာနဲ့တစ်ပြိုင်နက် 'အတွင်းလူ'ပြဇာတ်မှာ မစ္စတာလက်ကာယီရဲ့သမီးအဖြစ် သရုပ်ဆောင်ဖို့ ဇာတ်ရုံကိုလိုက်ပို့ပါတယ်။ ကျွန်မအနေနဲ့ အပြင်လောကမှာ အက်ဒ်ဂါဂတ်စ်ရဲ့ 'မိတ်ဆွေများရှာဖွေခြင်း'သီချင်းကိုဆိုပြီး ဟန်အမူအရာလုပ်ပြရတာနဲ့ ဇာတ်ခုံပေါ်တက်ပြီးသရုပ်ဆောင်ပြရတာနှစ်ခုရဲ့ အကြီးအကျယ် ခြားနားမှုတွေကို တွေ့မြင်လာခဲ့ရပါတယ်။

'အတွင်းလူ'ပြဇာတ်ထဲမှာ ကျွန်မဟာ မစ္စလက်ကာယီရဲ့ရင်ခွင်မှာထိုင်ပြီး ပရိတ်သတ် ထိထိခိုက်ခိုက်ဖြစ်စေလောက်တဲ့ အမူအရာနဲ့ စကားပြောရတာပါ။

www.burmeseclassic.com

BURMESE CLASSIC .com

ဒီဇာတ်ထဲမှာက မစ္စတာလက်ကာယီဟာ ရာဇဝတ်ကောင်ပါ၊ နောက်ဆုံး သူ့သမီးလေးကြောင့် နောင်တရတာပါ၊ အဲဒီထဲမှာ ကျွန်မက "ဖေဖေ. . . ဖေဖေ . . . သမီးနဲ့အတူ အိမ် မပြန်တော့ဘူးလား"ဆိုတဲ့စကားကို ပရိသတ်ထိခိုက်လောက်အောင် ထိထိမိမိ ပြောင်ပြောင်မြောက်မြောက် အမူအရာနဲ့ ပြောနိုင်ဖို့ကြိုးစားခဲ့ရပါတယ်။

မစ္စတာလက်ကာယီဟာ ကျွန်မကို ပြဇာတ်နဲ့ပတ်သက်လို့ မှတ်သားစရာကောင်းတဲ့ သင်ခန်းစာကောင်းတစ်ခုကို ပထမဆုံးသင်ကြားပေးခဲ့တဲ့ ပုဂ္ဂိုလ်ဆိုရင် မမှားနိုင်ပါဘူး။ သူက "ပြဇာတ်တစ်ပုဒ်ဟာလည်း ဇာတ်လမ်းတစ်ခုကိုပြောပြတာပဲ၊ ဒါပေမဲ့ သရုပ်ဆောင်ပြတဲ့အခါကျတော့ သမီးရဲ့စိတ်ထဲမှာ တကယ်ဖြစ်နေသလို စိတ်ထဲမှာထားပြီးလုပ်ပြရတာ သမီးစိတ်ထဲမှာ ဒီဇာတ်ရုံဆိုတာမရှိစေရဘူး။ လူတစ်ယောက်မှ မရှိသလိုကို သဘောထားရမယ်။ ဇာတ်စင်နောက်မှာလည်း လူတစ်ယောက်မှ မရှိသလို သဘောထားရမယ်။ ဇာတ်စင်ပေါ်မှာ ဦးဦးရယ် သမီးရယ် တခြားဇာတ်ဆောင်တွေသာ ရှိနေတယ်လို့ သဘောထားရမယ်။ သမီးအနေနဲ့ ဦးဦးကို တကယ့်အဖေရင်းလို့ မှတ်ထားရမယ်၊ အရေးကြီးတာတစ်ချက်က ပရိသတ်ဘက်ကို လုံးဝမကြည့်ဖို့ဘဲ၊ လုံးဝလှည့်မကြည့်နဲ့. . .၊ အဲ့ဒါကိုသတိထား"လို့ ကျွန်မကို စိတ် ရှည်လက်ရှည် ရှင်းပြခဲ့ဘူးပါတယ်။

သူ့အနေနဲ့ နောက်ဆုံးစကားကိုပြောတဲ့အခါမှာ သိပ်ပြီးအလေးအနက်ထားပုံရပါတယ်။ ဒါကြောင့်မို့ ကျွန်မရင်ထဲမှာ အေးခနဲဖြစ်သွားခဲ့ရပါတယ်။ "ပရိသတ်ဘက် မကြည့်နဲ့"လို့ သူ ဘာကြောင့်ပြောတာပါလိမ့်လို့. . . ကျွန်မ မတွေးပဲ မနေနိုင်ပါဘူး၊ ဒုတိယညဲ ကပြီးတဲ့နောက် တတိယညမှာတော့ ကျွန်မသိချင်စိတ်ကို ထိန်းချုပ်မထားနိုင်တော့ပါဘူး။ မစ္စတာလက်ကာယီအလစ်မှာ မျက်လုံးတွေကို ဖျတ်ခနဲပင့်ပြီး ရှေ့တည့်တည့်အမှောင်ထုဆီကို ခိုးကြည့်လိုက်မိပါတယ်။

ကျွန်မလန့်ပြီးအော်လိုက်မိတော့မလို ဖြစ်သွားပါတယ်၊ ကျွန်မရဲ့ရှေ့တည့်တည့် မျက်စိတစ်ဆုံးရောက်တဲ့အထိ အမှောင်ထုကြီးထဲမှာ လူဦးခေါင်းတွေဟာ နည်းနည်းနောနော မဟုတ်ပါဘူး။ ကျွန်မဟာ ဇာတ်စင်ပေါ်မှာ တော်စပ်နေရတဲ့ အဖေ့လက်မောင်းပေါ်ကို မျက်နှာအပ်ထားမိပါတယ်။ လက်နှစ်ဖက်နဲ့လည်း တင်းတင်းကြပ်ကြပ် ဖက်ထားမိပါတယ်။ သူ့အင်္ကျီအနံ့၊ သူ့ကိုယ်နံ့၊ ပေါင်ဒါနံ့နှင့် သူ့အသက်ရှူလိုက်တိုင်းထွက်လာနေတဲ့ ဝီစကီနံ့. . . အဲဒီအနံ့အားလုံးဟာ ကျွန်မအဖေဆီက ကျွန်မရှူခဲ့ဘူးတဲ့အနံ့တွေအတိုင်းပါပဲ. . .။ ကျွန်မစိတ်ထဲမှာ ကျွန်မအဖေအရင်းရဲ့ ရင်ခွင်မှာရောက်နေသလို ခံစားခဲ့ရပါတယ်။ အဲဒီခံစားမှုဝင်လာပြီဆိုတော့လည်း ကျွန်မဟာ ကျွန်မသရုပ်ဆောင်နေရတဲ့ဘဝကို မေ့သွားပါတယ်။

"အလုပ်သမား ကလေးသူငယ်များကျောင်း" အနေနဲ့ ကျွန်မတို့လို အလုပ်လုပ်နေရတဲ့ကလေးတွေအတွက် အဆင်ပြေအောင် စီစဉ်ပေးထားပါတယ်။ တကယ်လို့ ကျွန်မတို့မှာဇာတ်တိုက်စရာရှိနေရင် သို့မဟုတ် ပြဇာတ်နေ့ခင်းပွဲရှိနေရင် သင်ကြားမှုအချိန်ဇယားကို ပြောင်းပေးပါတယ်။တစ်ခါတရံ လိုအပ်လာလို့ကျွန်မတို့ ခရီးဝေးသွားနေရရင်လည်း စာပေးစာယူစနစ်နဲ့ ပညာသင်ကြားမှုမပျက်အောင် စီစဉ်ပေးထားပါတယ်။

www.burmeseclassic.com



တခြားကျောင်းတွေမှာလိုပဲကျွန်မတို့ကျောင်းမှာလည်း ကျောင်းဆင်းခါနီး ဆိုရင် အမေတွေဟာ ကျောင်းအပြင်က စောင့်နေတတ်ကြပါတယ်။အများအားဖြင့် အမေတွေဟာ သူတို့သားသမီးတွေက ဇာတ်နဲ့မကင်းတဲ့အလုပ်သမားတွေဆိုတော့ သူတို့ပြောဆိုနေကြတဲ့စကားတွေကလည်း ဘရော့ဝေးဇာတ်ရုံကြီးမှာ စင်တင်နေတဲ့ ပြဇာတ်တွေအကြောင်းက များပါတယ်။ ပြီးတော့. . . သူတို့သားသမီးတွေရဲ့သရုပ် ဆောင်မှုတွေကို ဝေဖန်ပြောဆိုနေကြတာလည်း များတယ်။တစ်ခါတလေ ကျရင်သူတို့ သားသမီးတွေရဲ့ ဇာတ်စင်ပေါ်ကသီချင်းဆိုဟန်တွေကို လေယူလေ သိမ်းနဲ့လုပ်ပြပြီး ရယ်မောနေတတ်ကြပါတယ်။

တစ်ချို့အမေတွေကတော့ သူတို့သားသမီးတွေ သရုပ်ဆောင်နေတဲ့ပုံတွေပါ တဲ့ သတင်းစာတွေယူလာပြီး ကြွားတတ်ကြပါတယ်။ကျွန်မအမေ ကတော့. . . “သတင်းစာတွေ ယူသွားပြီး သက်သေပြနေစရာမလိုပါဘူး သမီးရယ်၊ ငါ့သမီးနာမည် က အမြင့်ဆုံးနေရာမှာ ရောက်နေပြီပဲ”လို့ ပြောဖူးပါတယ်။ဘာပဲ ဖြစ်ဖြစ်ပေါ့ လေ. . .။ မိခင်တွေအနေနဲ့ ဇာတ်စင်ပေါ်မှာရောက်နေကြတဲ့ သူတို့သားသမီးတွေ အတွက် ဂုဏ်ယူဝင့်ကြွားနေကြတာဟာ လူ့သဘာဝမို့ အပြစ်ဆိုစရာတော့မရှိပါဘူး။

ကျွန်မထက် အတန်းကြီးတဲ့ မစ်လ်တန်ဘာလ်ဆိုတာရှိတယ်။သူက ကျွန်မ ကို အလွန်ခင်တယ်၊ ပြောင်တတ်နောက်တတ်တဲ့ကျောင်းသားဆိုတော့ ကျွန်မကို တွေ့ရင် လိုက်ပြောင်နေလေ့ရှိပါတယ်၊ ပြီးတော့ ပြဇာတ်တွေထဲက သရုပ်ဆောင်တွေ ရဲ့အမူအရာတွေကို အကုန်အတုခိုးပြီး လုပ်ပြတတ်ပါတယ်။ အတန်းထဲမှာ ဆရာမရှိတဲ့အချိန်ဆိုရင် ကျောင်းသူကျောင်းသားတွေဟာ သူလုပ်ပြတဲ့ အမူအရာ တွေကို ကြည့်ပြီးတဝါးဝါးတဟားဟားဖြစ်နေကြရပါတယ်။

ကျွန်မရဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေထဲမှာ အလှဆုံးကျောင်းသူက တော့ “ရှုဘီကီးလား”ပါ သူရဲ့ဖေ့ါဖယောင်းလို ပျော့ပြောင်းတဲ့လက်ချောင်းကလေး တွေဟာ ကျွန်မမျက်စိထဲမှာ ကြည့်လို့မဝအောင် လှပနေတယ်လို့ထင်ပါတယ်။ ကျွန်မလက်တွေကတော့ သေးသေးသွယ်သွယ် မဟုတ်ပါဘူး။ပုတိုတိုနဲ့ အလွန် ကြည့်ရဆိုးတယ်လို့ ထင်ပါတယ်။ ဒီကြားထဲမှာ ကျွန်မရဲ့ လက်သည်းကိုက်တဲ့အကျင့် ကြောင့် ကြည့်ရတာ ပိုပြီးအကျည်းတန်နေသလိုပါပဲ. . .။

ဒါကြောင့်မို့လည်း တစ်ယောက်ယောက်နဲ့စကားပြောနေရင် ကျွန်မရဲ့ လက်တွေကို မမြင်အောင် ဝှက်ထားတတ်တဲ့အကျင့် ရှိလာပါတယ်။ ကျွန်မ ထင်ရှား ကျော်ကြားလာတဲ့အချိန်ကျတော့ ဝေဖန်ရေးဆရာတွေက ကျွန်မသီချင်းတစ်ပုဒ်ဆိုတဲ့ အခါတိုင်း ကျွန်မရဲ့လက်ထားပုံအနေအထားကို သတိပြုမိခဲ့ကြပါတယ်။ကျွန်မရဲ့ လက်တွေထားပုံ အနေအထားဟာ အင်မတန်မှ ကျက်သရေရှိပြီး လှပတယ်လို့ ဝေဖန်ရေးသားခဲ့ကြပါတယ်။ တကယ်တော့ ကျွန်မအနေနဲ့-ကျွန်မရဲ့လက်တွေ အရုပ်ဆိုးတာကို မမြင်ကြပဲ ကျက်သရေရှိတာကိုသာမြင်အောင် အပင်ပန်းခံပြီး လေ့ကျင့်ထားပြီးပြီ မဟုတ်လား. . .။

ကျွန်မဟာ ကျွန်မလက်တွေကို ဝှက်ထားတတ်တဲ့အကျင့်ရှိသလို ကျွန်မရဲ့ အသံကိုလည်း ဝှက်ထားတတ်ပါတယ်။ကျွန်မအမေကေတီက ကျွန်မကို အဆိုတော်

www.burmeseclassic.com


တစ်ယောက် ဖြစ်စေချင်နေတယ်ဆိုတာ ကျွန်မသိပါတယ်။ဒါကြောင့်လည်း သူဖြစ်စေချင်သလိုဖြစ်လာဖို့ ကျွန်မကြိုးစားပါတယ်။

အိမ်မှာဆိုရင် ကျွန်မအဖေဟာ သီချင်းတဟို-ဟိုဆိုနေတတ်တဲ့အကျင့် ရှိပါတယ်။ အဖေသီချင်းဆိုရင် ကျွန်မကလည်း လိုက်ဆိုလေ့ရှိပါတယ်။ တစ်နေ့မှာတော့ ကျွန်မဟာ ခေတ်စားနေတဲ့သီချင်းတစ်ပုဒ်ကို ဆိုနေမိပါတယ်။အသံကိုမြှင့်ပြီး ဆိုနေတာပါ။ ကျွန်မအမေက အလုပ်လုပ်နေရာက ကျွန်မကို ဖျတ်ခနဲမော့ကြည့်ပြီး "ဟဲ့လီလီ နောက်ဆုံးအချပိုဒ်မှာ နင့်အသံက စည်းမလိုက်ဘူး"လို့ ပြောပါတယ်။ ပြီးတော့ သူ့ ခေါင်းကို တစ်ချက်ယမ်းလိုက်ပြီး "နင်ဟာ နင့်အဖေအတိုင်းပဲ၊ အသံကိုမှန်အောင် မဆိုနိုင်ဘူး"လို့ ဝေဖန်ပါတယ်။

အမေ့စကားကို ကျွန်မဘယ်တော့မှ မေ့မသွားတော့ပါဘူး။

အမေ့စကား ကြားပြီးတဲ့နောက်မှာ ကျွန်မဟာ ရေချိုးခန်းထဲဝင်ပြီး အဆိုကျင့်ပါတယ်။ ကျွန်မအသံကို ဘေးကမကြားနိုင်အောင် ရေဘုံဘိုင်တွေကို နံပါတ်ကုန်ဖွင့်ထားပါတယ်။ စည်ပိုင်းထဲကျနေတဲ့ ရေသံတွေဟာ ကျွန်မရဲ့သီချင်းဆိုသံကို ဖုံးလွှမ်းနေပေမယ့် ကျွန်မအတွက်တော့ တူရိယာဝိုင်းတစ်ဝိုင်းက တီးမှုတ်သံတွေဖြစ်နေပါတယ်။

ကျွန်မ ကြီးလာတဲ့အခါ နာမည်ကျော်အဆိုတော်တစ်ယောက် ဖြစ်ရမှာပေါ့၊ ကျွန်မအတွက် ကျွန်မအမေကေတီ ဂုဏ်ယူနိုင်အောင် ကျွန်မလုပ်ပေးရမှာပေါ့. . . ။

ဘရော့ဒ်ဝေးဇာတ်ပွဲမှာ တင်ဆက်ကပြနေတဲ့ 'အတွင်းလူ'ပြဇာတ်ဟာ ပြီးသွားပါပြီ။ ဒီဇာတ်မှာ ပါဝင်ကပြနေရတဲ့ ကျွန်မအဖို့လည်း တစ်ခန်းရပ်သွားခဲ့ရပြန်ပါတယ်၊ အဲ့ဒီအချိန်မှာပဲ ကုမ္ပဏီတစ်ခုက အခန်းတိုတစ်ခန်းမှာ သရုပ်ဆောင်ဖို့ ယောကျ်ားလေးသရုပ်ဆောင်တစ်ယောက် ရွေးနေတယ်ဆိုတဲ့သတင်း ကြားရပါတယ်၊ အဲ့ဒီသတင်းလည်းကြားရော အမေဟာ ကျွန်မကို ကပျာကယာခေါ်ပြီး အိမ်ပြန်လာခဲ့ပါတယ်၊ အိမ်နီးနားချင်းတစ်ယောက်ဆီက ယောကျ်ားလေးဝတ်စုံငှားပြီး ကျွန်မကို ယောကျ်ားလေးလို ဝတ်ပေးပါတယ်၊ ပြီးတော့ ကုမ္ပဏီကိုပြန်သွားပါတယ်။

"ဒါ ကျွန်မသားလေး ဘီလီပါ"

ကျွန်မအနေနဲ့ အမေလိမ်ပြောနေတာကိုကြည့်ပြီး မလုံမလဲဖြစ်ရပါတယ်။ ရှက်လိုက်တာလည်း အလွန်ပါပဲ၊ ဒါပေမဲ့ ကျွန်မကို ကုမ္ပဏီက ရွေးခဲ့တဲ့အတွက် အဲဒီအခန်းတိုကလေးမှာ ကျွန်မ သရုပ်ဆောင်ခွင့်ရခဲ့ပါသေးတယ်။။

အဲ့ဒီနောက် ကျွန်မအမေဟာ သတင်းတစ်ခုရလာပြန်ပါတယ်၊ ဟင်နရီဆဲဗိတ်ချ်ဆိုတဲ့ ထုတ်လုပ်သူတစ်ဦးဟာ သူစင်တင်မယ့်ပြဇာတ်တစ်ခုမှာ ပါဝင်သရုပ်ဆောင်ဖို့ မိန်းကလေးသရုပ်ဆောင်တွေ ရွေးချယ်နေတယ်ဆိုတဲ့သတင်းပါ။ သရုပ်ဆောင်ပေးရမဲ့အခန်းကလည်း အတော်ကလေးများတယ်လို့ အမေကြားထားပါတယ်၊ ပြီးတော့ စင်တင်မယ့်ပြဇာတ်က 'ကလေးကစားစရာဆိုင်တစ်ဆိုင်'ကို အခြေခံထားတဲ့ဇာတ်လမ်းလို့ အမေသိထားပါတယ်။

လူရွေးပွဲသွားမဲ့နေ့ကျတော့ အမေက မအားဘူး။ 'သည်မဲဂစ်မယ်လိုဒီ' ဆိုတဲ့ ပြဇာတ်မှာ ပါဝင်ကပြနေတဲ့ ကျွန်မရဲ့ညီမ အန်းကို လိုက်ပို့ပေးရမဲ့အလုပ်က

www.burmeseclassic.com



BURMESE CLASSIC .com

ရှိနေတယ်။ အဲ့ဒီတော့ အမေက ကျွန်မကို ထုတ်လုပ်သူရဲ့ ရုံးခန်းအထိ ကိုယ်တိုင်လိုက်ပို့ပေးတယ်။ "သမီးကလိမ်မာပါတယ်၊ ရှက်မနေနဲ့ ကြောက်မနေနဲ့ သူတို့ခိုင်းသမျှ အကောင်းဆုံးဖြစ်အောင်လုပ်ပြ"လို့ ကျွန်မကိုမှာပြီး သူသွားစရာရှိတာကို ဆက်သွားပါတယ်။

ကျွန်မ ဝင်သွားတော့ စားပွဲတစ်လုံးမှာ ဘာမှလုပ်စရာမရှိဘဲ ထိုင်နေတဲ့ အမျိုးသမီးတစ်ယောက်နဲ့ တွေ့ရပါတယ်၊ ကျွန်မက သူ့ရှေ့ကိုသွားရပ်ပြီး "ကျွန်မ မစ္စတာဟင်နရီဆဲဗိတ်ချ်နဲ့ တွေ့ချင်ပါတယ်"လို့ ပြောလိုက်ပါတယ်။ သူက ကျွန်မကို တစ်ချက်ခိုးကြည့်လိုက်ပြီး "ဝမ်းနည်းပါတယ် ကလေးမရယ်၊ မစ္စတာဗိတ်ချ်နဲ့တွေ့ဖို့က ချိန်းထားမှ တွေ့နိုင်မှာ"လို့ ပြောပါတယ်။

"ကျွန်မကို ချိန်းထားပါတယ်ရှင်"

ကျွန်မစကားကိုကြားတော့ အမျိုးသမီးက ရယ်ချင်ပုံပေါ်ပါတယ်၊ ဒါပေမဲ့ ထိုင်နေရာကထပြီး အခန်းထဲဝင်သွားပါတယ်၊ ခဏကြာတော့ ပြန်ထွက်လာပြီး မစ္စတာဆဲဗိတ်ချ်က အတွေ့ခံလိမ့်မယ်လို့ ပြောပါတယ်။

ကျွန်မအခန်းထဲကိုဝင်သွားပြီး စားပွဲတစ်လုံးရှေ့မှာ ရပ်လိုက်ပါတယ်၊ စားပွဲနောက်မှာ ထိုင်နေတဲ့လူကြီးက တကယ့်ဧရာမလူကြီးပါ၊ တုတ်တုတ်ခိုင်ခိုင်နဲ့ ထွားထွားကြိုင်းကြိုင်းကြီးပါ၊ သူထရပ်လိုက်တော့ အရပ်ကြီးက အမြင့်ကြီးပဲ ခြောက်ပေတောင် ရှိတယ်လို့ ကျွန်မသိရပါတယ်။ သူနဲ့ကျွန်မ မျက်နှာချင်းဆိုင်ရပ်နေတော့ 'ဂျက်နှင့်ပဲပင်'ပုံပြင်ကို ကျွန်မသတိရပါတယ်၊ သူဟာ အဲဒီပုံပြင်ထဲက ဘီလူးကြီးနဲ့ တူတယ်လို့ ထင်မိပါတယ်၊ စကားပြောလိုက်တော့လည်း အသံကြီးက အကျယ်ကြီးပဲ၊ သူ့အသံကြောင့် စားပွဲပေါ်က ဆေးလိပ်ပြာခွက်တွေတောင်မှ လှုပ်ကုန်တယ်လို့ ထင်ရပါတယ်။

"မင်္ဂလာနေ့ခင်းပါ ကလေးမ။ မင်းနဲ့ ကျုပ်နဲ့ ချိန်းထားတယ်လို့ ပြောတယ် ဟုတ်လား"လို့ သူက မေးပါတယ်။

ကျွန်မပါးစပ်က ပြောမိပြောရာ ပြောလိုက်မိပါတယ်။ "ကျွန်မ အမေက ပြောတယ် ရှင်တို့ဆီမှာ သရုပ်ဆောင်မိန်းကလေးတစ်ယောက်လိုနေတယ်တဲ့၊ ပြဇာတ်ထဲကအခန်းတစ်ခန်းမှာ ပါရမယ်လို့ပြောပါတယ်။ အဲဒီကိစ္စလာတာပါရှင်"

သူက ကျွန်မကို ငုံ့ကြည့်တယ်။ သူ့အရပ်ကြီးက ကြောက်စရာကောင်းအောင်ကို မြင့်တာပါလား။ သူက ရုတ်တရက် ကျွန်မကိုမေးတယ်။ "ရှင်ဟာ လေရဟတ်လူကြီးလားလို့ မေးချင်ရင် မင်း ငါ့ကို ဘယ်လိုမေးမလဲ"တဲ့. . .

ကျွန်မခေါင်းထဲကို ချက်ခြင်းပဲ အသိဝင်လာတယ်၊ သူဟာ ဘယ်သူနဲ့တူသလဲ. . . ဟို. . . ဟို. . . လေနဲ့မိုးကြိုးနတ်ဘုရား 'သော့'နဲ့ တူတာပါကလား "ဒီလိုဆိုရင် ရှင်ဟာ လေရဟတ်နတ်ဘုရားကြီးလား"လို့ ကျွန်မဟာ အလန့်တကြားနဲ့ ပြန်မေးပါတယ်။

"အေး. . . ဟုတ်ပြီ၊ ငါ မင်းကို ပြဇာတ်မှာသုံးမယ်"လို့ သူက ပြောပါတယ်။

ကျွန်မဟာ 'ရှေးဗင်း'ဆိုတဲ့ ပြဇာတ်မှာ ပါဝင်ကပြခွင့်ရခဲ့ပါတယ်။ ကျွန်မ နာမည်ကို မီးရောင်တွေနဲ့ ပထမဆုံးကြော်ငြာပေးတာကို ခံရပါတယ်။ အဲဒီအချိန်က

www.burmeseclassic.com

BURMESE CLASSIC .com

ကျွန်မအသက်ဟာ ရှစ်နှစ်ပဲရှိပါသေးတယ်၊ ကျွန်မရဲ့ဓါတ်ပုံအောက်မှာ 'ဘရော့ဒ်ဝေး၏ အသက်အငယ်ဆုံး သရုပ်ဆောင်မင်းသမီးလေး'ဆိုတဲ့ စာတမ်းထိုးထားပါတယ်။

ကျွန်မရဲ့ ဓါတ်ပုံကြော်ငြာဟာ တစ်နိုင်ငံလုံးမှာ ပျံ့နေပါပြီ။ ကျွန်မ ဘယ်ကိုပဲသွားသွား လမ်းဘေးဝဲယာတစ်လျှောက်မှာ ရှိနေတဲ့ဓါတ်တိုင်တွေနဲ့ ကြော်ငြာသင်ပုန်းကြီးတွေပေါ်မှာ ကပ်ထားတဲ့ ကျွန်မရဲ့ဓါတ်ပုံကြီးတွေက ကျွန်မကိုပြန်ကြည့်နေကြပါတယ်။

ဒါပေမဲ့ ကျွန်မရဲ့ဓါတ်ပုံကြော်ငြာတွေနဲ့ ကျွန်မရဲ့မိဘနှစ်ပါးက အမြတ်တနိုးစုဆောင်းထားကြတဲ့ ကျွန်မနဲ့ပတ်သက်တဲ့ ဓါတ်ပုံအယ်လ်ဘမ်တွေဟာ ကျွန်မစိတ်ကိုလှုပ်ရှားအောင် မစွမ်းဆောင်နိုင်ခဲ့ကြပါဘူး။ အဲဒီအချိန်က ကျွန်မရဲ့စိတ်မှာ ကြက်ခြေနီ သူနာပြုဆရာမလေးတစ်ယောက်အဖြစ် သရုပ်ဆောင်နေရတဲ့ ကျွန်မရဲ့ညီမအန်းနဲ့ အတူတူတွဲပြီး သရုပ်ဆောင်ချင်စိတ်က သိပ်ပြင်းထန်နေခဲ့ပါတယ်။ အန်းသရုပ်ဆောင်နေရတာက ဂျာမန်တွေကြောင့် မိဘမဲ့ဖြစ်နေရတဲ့ ဘယ်လ်ဂျီယံမိဘမဲ့ကလေးတွေကို စောင့်ရှောက်ပြုစုပေးရတဲ့ အခန်းပါ။

မကြာခဏဆိုသလို ကျွန်မဟာ အန်းသရုပ်ဆောင်နေတဲ့ပြဇာတ်ကိုစင်ဘေးကရပ်ပြီး စိတ်ဝင်တစား ကြည့်ခဲ့မိပါတယ်၊ ဒါပေမဲ့ သိပ်ကြည့်လာတော့လည်း ကျွန်မမျက်လုံးတွေဟာ သိပ်လေးလာပြီး အိပ်ချင်လာပါတယ်၊ အဲဒီအခါကျရင် အမေကကျွန်မကိုပွေ့ပြီး ဇာတ်စင်နောက်က အဝတ်လဲခန်းထဲခေါ်သွားပါတယ်။ ကုလားထိုင်နှစ်လုံးဆက်ပြီး ကျွန်မရဲ့ကုတ်အင်္ကျီကို ဖြန့်ခင်းလိုက်ပါတယ်၊ ပြီးတော့ ကျွန်မကိုကုလားထိုင်ပေါ်တင်ပြီး သိပ်ပါတယ်။ ကျွန်မကလည်း ကျွန်မသရုပ်ဆောင်ရမဲ့ အခန်းကိုမရောက်မချင်း အိပ်မောကျနေတတ်ပါတယ်။

❒

ကျွန်မတို့မှာ ဘယ်လိုအဆင်ပြေပြေ အိမ်ကတော့ အမြဲတန်းတစ်ဆူဆူပါပဲ၊ ရန်ပွဲတွေက အဆက်ပြတ်သွားတယ်လို့ မရှိပါဘူး၊ ကျွန်မနဲ့ ကျွန်မရဲ့ညီမအန်းတို့ဟာ အောင်မြင်မှုတွေ ဘယ်လိုပဲရရ ဘဝကတော့ မလုံခြုံကြပါဘူး။ အိမ်နဲ့ဝေးတဲ့နေရာကို ရောက်နေပြီဆိုရင်တော့ နားအေးပါးအေး ရှိပါတယ်။ ဒါပေမဲ့ အခိုက်အတန့်ပါ၊ ကျွန်မတို့ အိမ်ပြန်ရောက်တာနဲ့တစ်ပြိုင်နက် အဖေနဲ့အမေတို့ရဲ့ အဆုံးမသတ်နိုင်တဲ့ရန်ပွဲကြီးကို ရောက်ကြရတာပါပဲ။

အဖေက ကျွန်မအမေကို ပိုးပန်းနေတဲ့အချိန်ကတော့ အဖေဟာ သူတို့နေတဲ့လမ်းထဲမှာ အချောဆုံးလူငယ်တစ်ယောက်ပါ။ အမေကလည်း မိန်းမချောတစ်ယောက်လို့ နာမည်ရှိနေတာပါ၊ တကယ်တော့ အမေဟာ မိန်းမလှတစ်ယောက်လို့တော့ မပြောနိုင်ပါဘူး။ ဒါပေမဲ့ အမေ့အပြုံးက အလွန်ချစ်စရာကောင်းပြီး ဆွဲဆောင်မှုအပြည့်ရှိတယ်လို့ သိရပါတယ်၊ သူတစ်ပါးအပေါ် ကြင်နာသနားတတ်တဲ့စိတ်ကြောင့်လူတွေက သူ့ကိုချစ်ကြပါတယ်။

ကျွန်မအဖေ အာသာဟာလည်း လူချစ်လူခင်များပါတယ်။ အိမ်အပြင်မှာ

www.burmeseclassic.com


ဆိုရင် သူဟာ လူပျော်လူနောက်တစ်ယောက်အဖြစ် နာမည်ကြီးတဲ့လူပါ နောက်ပိုင်းမှာ အဖေဟာ အရက်ပုံမှန်သောက်တဲ့လူ ဖြစ်လာခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အရက်ဟာ သူ့အတွက် ပြဿနာတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ အရက်ကြောင့် ကျွန်မလို အဖြစ်ဆိုးနဲ့တော့ ရင်မဆိုင်ခဲ့ရပါဘူး။

အဖေဟာ ကြီးကြီးကျယ်ကျယ်စိတ်ကူးယဉ်တတ်ပါတယ်။ စိတ်ကူးတဲ့အတိုင်းလည်း အရာရာတိုင်းကို ကြိုးစားပြီးလုပ်လေ့ရှိပါတယ်။ ဒါပေမဲ့ အဖေဟာ သူ့မယားနဲ့ သူ့သားသမီးတွေရဲ့မျက်စိထဲမှာ စိတ်တိုင်းကျအောင်မြင်တဲ့လူ ဖြစ်မလာပါဘူး။

အဖေဟာ တိုလီမိုလီပစ္စည်းတွေ ရောင်းပါတယ်။ လက်ဆောင်ကဒ်ပြားတွေ ရောင်းပါတယ်။ ယောကျ်ားဝတ် အဝတ်အထည်တွေရောင်းပါတယ်။ စတော့ ရှယ်ယာနဲ့ငွေစုစာချုပ်တွေ ရောင်းပါတယ်။ အတိုအထွာ လူ့အသုံးအဆောင်ပစ္စည်းလေးတွေရောင်းတဲ့ ဆိုင်ကလေးတစ်ဆိုင်တောင် ဖွင့်ခဲ့ပါသေးတယ်၊ အလုပ်တစ်ခုက မဟန်ရင် နောက်တစ်ခုပြောင်းလုပ်ပါတယ်။

“ကေတီရယ်. . . ငါအလုပ်လုပ်နေတာ ငါ့အတွက်မဟုတ်ပါဘူးကွာ”လို့ မကြာခဏ ပြောတတ်ပါတယ်။ ဒီလိုနဲ့ပဲ သူ့ရဲ့မအောင်မြင်မှုတွေကို မေ့ပစ်ဖို့အတွက် အရက်ကို သောက်ပါတယ်။ သူဟာ ကျွန်မတို့မိသားစုအတွက် ရည်မှန်းချက်တွေကြီးကြီးထားပြီး အလုပ်လုပ်နေပေမယ့် ကျွန်မနဲ့အန်းက သူ့ထက်ဝင်ငွေပိုရနေတော့ သူ့ရဲ့ ‘အတ္တမာန’ကို ထိခိုက်လာခဲ့ပါတယ်။ သူဟာ အလုပ်တစ်ခုက တစ်ခုကိုပြောင်း ပြီး လုပ်သွားနေပေမယ့် အဆင်ကပြေတယ်လို့ မရှိပါဘူး။

သူဟာ အရက်ကိုသောက်ပါများလာတော့ တစ်မျိုးဖြစ်လာပါတယ်၊ အမြဲတစေ စိတ်တိုနေတတ်ပါတယ်။ ဘယ်သူ့ကိုမှ မယုံကြည်တဲ့ သံသယစိတ်ကလည်း အမြဲ ရှိလာပါတယ်။ တစ်ကြိမ်မှာ အဖေက အမေ့ကိုစွပ်စွဲပါတယ်။ ကျွန်မတို့ညီအစ်မနှစ်ယောက်က သူ့ကိုမုန်းလာအောင် ကျွန်မတို့ရဲ့စိတ်ကို အမေက အဆိပ်ရည်လောင်းပေးနေတယ်တဲ့။

“ရှင်ဟာရှင် ပြန်ကြည့်စမ်းပါဦး၊ အမြဲတန်း အရက်ကလေး တစ်မြမြနဲ့ မူးရူးနေတဲ့လူ၊ ဒီလိုလူအနားကို ကလေးတွေက ကပ်ချင်မတဲ့လား”လို့ အမေကပြန်ပြောတယ်။ အဲ့ဒီစကားလည်းကြားရော၊ ထုံးစံအတိုင်း အဖေ့လက်သီးက အမေ့ဆီကို ရောက်လာတာပဲ။ သူတို့နှစ်ယောက်ရဲ့ ဒေါသအိုးပေါက်ကွဲမှုဟာ အလွန့်ကိုကြောက်စရာကောင်းပါတယ်။

ဒီလိုအဖြစ်မျိုးတွေကြောင့် ကျွန်မကိုးနှစ်သမီးအရွယ်က ဆယ့်ငါးနှစ်သမီးအရွယ်ရောက်ချိန်အထိ ကျွန်မတို့သားအမိသုံးယောက်ဟာ အဖေနဲ့ခွဲခွာလာခဲ့ရပါတယ်။ ‘ရှေးဗမ်းပြဇာတ်’အပြီးမှာ ကျွန်မနဲ့အန်းဟာ ‘ကိတ်သ်နယ်လှည့်ကဇာတ်’ထဲကို ရောက်သွားကြပါတယ်။ အမေက ကျွန်မတို့သွားလေရာနောက်ကို တကောက်ကောက် လိုက်ရပါတယ်။

ကျွန်မတို့သားအမိသုံးယောက်ဟာ လေးလတိတိ ကဇာတ်အဖွဲ့နဲ့အတူ လမ်းပေါ်မှာရောက်နေကြရပါတယ်။ ပြီးရင် နယူးရောက်ကို ပြန်ကြရပါတယ်။ ခဏ

www.burmeseclassic.com

BURMESE CLASSIC .com

တဖြုတ်နားပြီး ပြန်ထွက်ရပါတယ်၊ ကျွန်မတို့ရဲ့ကြော်ငြာကို ပထမတော့ ‘လီလီယံရှေ့သ်နှင့်အဖွဲ့’လို့ တပ်ထားပေမယ့် နောက်ပိုင်းကျတော့ အန်းရဲ့ဟာသသရုပ်ဆောင်မှုတွေက နာမည်ထွက်လာတော့ ‘အန်းနှင့်အဖွဲ့’ဆိုတဲ့ နာမည်တစ်ခု ထပ်တိုးရမလို ဖြစ်နေပါတယ်။ ဒါနဲ့ပဲ အမေက အားလုံးကိုခြုံငုံပြီး ‘ရှေ့သ်၏သမီးများ’ဆိုတဲ့ အမည်သစ်ကို ပေးလိုက်ပါတယ်။

အဲဒီအချိန်မှာ ကျွန်မရဲ့သရုပ်ဆောင်မှုတွေဟာ ပြောင်မြောက်လာပါ တယ်။ ပရိသတ်အနေနဲ့ ‘ဒက်ဒီလောင်းလက်ဂ်’ပြဇာတ်နဲ့ ‘ပေါ်လီယာနာ’ဇာတ်မှာ ပေါ်လီယာနာလုပ်ရတာကို သိတ်စိတ်ပျက်ပါတယ်၊ ရွံလည်းရွံ မုန်းလည်းမုန်းပါတယ်၊ ဘာ့ကြောင့်လည်းဆိုတော့ ပေါ်လီယာနာက အားလုံးဖြစ်သမျှတွေကိုကြည့်ပြီး အမြဲဝမ်းသာနေရတာ မဟုတ်လား. . .

‘သည်ဂျက်စ်’ပြဇာတ်ထဲက ဂွန်နဲ့လီယွန်နယ်ဘယ်ရီမိုးတို့ရဲ့ နှစ်ဦးချင်း ဓါးရေးပြခန်းမှာ သရုပ်ဆောင်ရတာကျတော့ ကျွန်မသိပ်ကိုကြိုက်တာပဲ၊ ပထမဆုံးဂွန်အဖြစ်နဲ့ ဓါးရေးပြအပြီးမှာ ဇာတ်စင်ဘေးရောက်သွားပါတယ်။ ခဏနေတော့ လီယွန်နယ်အဖြစ်နဲ့ ဇာတ်ခုံပေါ်ပြန်ထွက်ရတာပါ၊ ပရိသတ်ကလည်း ကျွန်မရဲ့အသံတစ်မျိုးစီနဲ့ သရုပ်ဆောင်မှုကို စိတ်ဝင်တစားနဲ့ ငြိမ်ဆိတ်ပြီး ကြည့်နေတတ်ပါတယ်။ ကျွန်မအဖို့တော့ ပရိသတ်ကို ငြိမ်ဆိတ်ပြီးကြည့်နေအောင် ကပြနိုင်တဲ့အတွက် သိပ်ကို ဝမ်းသာအားရဖြစ်မိပါတယ်။ ဇာတ်ရဲ့လှည့်စားနိုင်တဲ့ စွမ်းအားဟာ အလွန်ကြီးမားပါကလားလို့ ကျွန်မသဘောပေါက် နားလည်ခဲ့ရပါတယ်။ ကျွန်မအနေနဲ့ ပရိသတ်ကို ကျွန်မလက်နဲ့ ဆုတ်ကိုင်ထားနိုင်ပြီလို့လည်း ရင်ထဲမှာခံစားရပါတယ်။

အဲ့ဒီနောက်မှာတော့ ကျွန်မဟာ ပရိသတ်ရဲ့ လက်ခုပ်သြဘာသံတွေကြားမှာ နစ်မျောပြီး အောင်မြင်မှုအရသာကို ရယူခံစားခဲ့ပါတယ်။ လက်ခုပ်တီးနေကြတဲ့ ပရိသတ်ဘက်ကိုလှည့်ပြီး တလေးတစား ဦးညွှတ်ခဲ့မိပါတယ်။ ကျွန်မ အခန်းပြီးသွားတော့ အန်းရဲ့အလှည့် ရောက်လာပါတယ်။ ကျွန်မညီမကလည်း သူ့ရဲ့ဟာသအစွမ်းကို ကောင်းကောင်းပြနိုင်ပါတယ်။ သူ့ရဲ့သရော်မှုတွေ၊ လှောင်ပြောင်မှုတွေကြောင့် ပရိသတ်ဟာ ပတ်တုတ်လို့မရနိုင်အောင် တဝါးဝါး၊ တဟားဟားနဲ့ပွဲကျနေကြပါတယ်။ အဲဒါကို မြင်ရကြားရပြန်တော့လည်း ကျွန်မရင်ထဲမှာ တစ်မျိုးဖြစ်ရပါတယ်။ မလိုတမာဖြစ်သလိုလို ဘာလိုလိုခံစားခဲ့ရပါတယ်။

တစ်ကြိမ်မှာ ကျွန်မတို့ဟာ ဝါရှင်တန်ဒီစီမှာ ပွဲဝင်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတကြီးကိုယ်တိုင် အထူးခန်းမှာ လာရောက်ကြည့်ရှုနေတယ်ဆိုတဲ့ သတင်းကို အန်းနဲ့ကျွန်မ သိထားခဲ့ပါတယ်။ ကပွဲအပြီးမှာ ရုံမန်နေဂျာဟာ ကျွန်မတို့ရဲ့အဝတ်လဲခန်းတံခါးကို ကသောကမြောလာခေါက်ပြီး “သမ္မတကြီးက မင်းတို့ညီအစ်မနဲ့တွေ့ချင်လို့ အခေါ်ခိုင်းလိုက်တယ်”လို့ ပြောပါတယ်။

ကျွန်မတို့ဟာ ဇာတ်ဝတ်ဇာတ်စားတွေနဲ့ပဲ ဇာတ်ရုံနောက်ကလမ်းကြားကို သွားခဲ့ကြရပါတယ်။ သမ္မတကြီး ဝီလ်ဆင်နဲ့ သမ္မတကတော်တို့ဟာ အမိုးဖွင့်ကားကြီး တစ်စီးပေါ်မှာ ထိုင်နေကြပါတယ်။ သမ္မတကြီးက ကျွန်မကို ကားပေါ်တက်ထိုင်ခိုင်းပါတယ်။ အန်းကိုတော့ သမ္မတကြီးက သူ့ရင်ခွင်မှာ တင်ထားပါတယ်၊ ကျွန်မကတော့

www.burmeseclassic.com


သမ္မတကြီးနဲ့ သမ္မတကြီးရဲ့ဇနီးကြားမှာ ထိုင်နေပါတယ်။

“မင်းဟာ တကယ့်လူကြီးကလေးလိုပါပဲ၊ ဇာတ်စင်ပေါ်မှာရော အပြင်မှာရော တည်တည်ငြိမ်ငြိမ်ကလေးနေတတ်တာပဲ၊ ငါက ကြိုတင်ပြီးနိမိတ်ဖတ်လိုက်မယ်၊ မင်းဟာ နောင်တစ်ချိန်မှာ အကျော်အမော် မင်းသမီးတစ်လက်ဖြစ်မှာ သေချာတယ်”လို့ သမ္မတကြီးက ကျွန်မကိုကြည့်ပြီးတော့ ပြောပါတယ်၊ ပြီးတော့ အန်းကိုလှည့်ကြည့်ပြီး “မင်းလည်းပဲ တော်တာပဲ၊ မင်းကြောင့် တို့နှစ်ယောက်သိပ်ကို ရယ်ခဲ့ရတယ်”လို့ ပြောပါတယ်။

ကျွန်မက သမ္မတကြီးကို ကျေးဇူးတင်စကားပြောပါတယ်။ တခမ်းတနား ရှိလွန်းလှတဲ့ကားကြီးကို လှည့်ပတ်ကြည့်နေတဲ့ အန်းကတော့ “ကားကြီးက အကြီးကြီးပဲ၊ တို့ဖေဖေမှာရှိရင် သိပ်ကောင်းမှာပဲ”လို့ ပြောပါတယ်၊ သမ္မတကြီးကပြုံးပြီး သူ့ဇနီးကို လှမ်းပြောပါတယ်။ “ကလေးတွေကို ကားတစ်ပတ်လောက် မောင်းပို့ကြရအောင်”တဲ့။

အပြင်လမ်းမဘက်ကို ကားထွက်လာတဲ့အခါ လမ်းဘေးဝဲယာမှာ လူတွေပြည့်နေပါတယ်။ ရဲတွေက လူတွေလမ်းပေါ် ဆင်းမလာအောင် တားပေးနေကြတာကို တွေ့ရပါတယ်။ လူတွေဟာ မော်တော်ကားဆီကို လက်တွေဝှေ့ယမ်းပြနေကြပါတယ်။ လက်ခုပ်တီးသံတွေကိုလည်း ကြားနေရပါတယ်၊ ခဏကြာတော့ ကျွန်တို့ကားဟာ ဇာတ်စင်နောက်က ဝင်ပေါက်ရှေ့ကို ပြန်ရောက်လာပါတယ်။

“ကဲ. . . သွားတော့မယ်၊ သမီးတို့ လိမ်လိမ်မာမာနေကြနော်”လို့ မစ္စက်ဝီလ်ဆင်က နှုတ်ဆက်သွားပါတယ်၊ အဝတ်လဲခန်းကို ပြန်ရောက်တော့ ကျွန်မဟာ အဝတ်လဲနေရင်းက စောစောက ကားတစ်ပတ်စီးခဲ့ရတဲ့အဖြစ်ကို ပြန်ပြီးမြင်ယောင်နေမိပါတယ်။ လှပတဲ့နတ်သမီးပုံပြင်လေးတစ်ပုဒ်နဲ့ တူလိုက်တာလို့လည်း မတွေးပဲ မနေနိုင်ပါဘူး၊ ပြီးတော့ ဖရုံသီးရထားစီးသွားခဲ့တဲ့ ‘စင်ဒရဲလား’ကိုလည်း သတိရမိပါတယ်။

ဒါပေမဲ့ တစ်နယ်ကတစ်နယ်ကို လှည့်လည်သွားလာနေရတဲ့ ပဒေသာဇာတ်သမားတွေရဲ့ဘဝဟာ ကြမ်းတမ်းလှပါတယ်။ ရထားပေါ်မှာ လိုက်သွားနေရတာလည်း အထီးကျန်နိုင်လှပါတယ်၊ ကျွန်မ အသက်အရွယ်ကြီးလာချိန်အထိ မီးရထားဥသြသံကြားလိုက်ရင် ဝမ်းနည်းသလိုလို လွမ်းသလို ဆွေးသလိုခံစားနေရတုန်းပါ၊ ပြီးတော့ ဟိုတယ်တွေမှာ တည်းခိုနေရတာလည်း အထီးကျန်သိပ်နိုင်ပါတယ်၊ ကိုယ့်မှာ အသိမိတ်ဆွေရယ်လို့ တစ်ဦးတစ်ယောက်မှမရှိတဲ့ မြို့တော်ကြီးတွေထဲမှာ နေရတာကိုက အထီးကျန်နိုင်လှပါတယ်။

“ရှော့သ်၏သမီးငယ်များ”လို့ အမည်ပေးခံထားရတဲ့ အန်းနဲ့ကျွန်မဟာတစ်မြို့ဝင် တစ်မြို့ထွက် ခရီးသွားနေကြပေမယ့် စိတ်ထဲမှာ ဘာမှမထူးဆန်းသလိုပဲ၊ ရထားပြတင်းပေါက်ကနေပြီး အပြင်ပတ်ဝန်းကျင်မှာရှိနေတဲ့ စိုက်ပျိုးခင်းတွေကို ကြည့်သွားနေရတာပါ။ တစ်ခါတလေ မိသားစုတွေကို မြင်ရတတ်ပါတယ်၊ အဖေနဲ့အမေက အိမ်ရှေ့မှာရပ်လို့ သားသမီးတွေက ခွေးတွေကြောင်တွေနဲ့ကစားလို့၊ ဒါတွေကို မြင်တော့ ကျွန်မတို့ဟာ အိမ်ကိုလွမ်းမိပါတယ်။ ကိုယ့်အိမ်ထဲက ဥယျာဉ်ကလေးကို လည်း

www.burmeseclassic.com

BURMESE CLASSIC .com

တမ်းတမိပါတယ်။ ကိုယ့်အိမ် ကိုယ်ယာကလေးတစ်လုံးလောက် ပိုင်ဆိုင်ရယူလိုတဲ့စိတ်ဟာ ရင်ထဲမှာ ပြင်းပြင်းပျပျ ပေါ်လာနေပါတယ်။

ကျွန်မတို့သားအမိသုံးယောက်ဟာ အကျဉ်းသားတွေနဲ့ တူနေပါတယ်။ အကျဉ်းသားတွေအနေနဲ့ ထောင်ကလွတ်မဲ့ရက်ကို လက်ချိုးပြီးရေတွက်နေကြသလို ကျွန်မတို့လည်း နယူးရောက်ပြန်ရောက်မယ့်ရက်ကိုပဲ ရေတွက်နေကြမိပါတယ်။ “ဒီမြို့ကပြီးရင် သမီးတို့ ဘယ်ကိုသွားကြဦးမှာလဲ အမေ”လို့ ကျွန်မကမေးလိုက်ရင် အမေက “ဟက်လ်ဖီးလ်မြို့ကို သွားရမယ်သမီးရဲ့၊ အဲဒီမှာ သုံးရက် က,ရမယ်”လို့ ဖြေပါတယ်။

“အဲဒီကပြီးရင်ကော”လို့ ကျွန်မက ထပ်မေးတဲ့အခါ “မစ္စဖီးလ်ကိုသွားရမယ်၊ အဲဒီမှာကျတော့ တစ်ပတ်လောက်ကရမယ်”လို့ အမေကဖြေပါတယ်။ အဲသလိုပါပဲ၊ ကျွန်မတို့ဇာတ်အဖွဲ့ဟာ ဒီမြို့မှာ သုံးလေးည၊ ဟိုမြို့မှာတော့ တစ်ပတ်။ ကျွန်မ တို့အဖို့ တစ်လပြီးတစ်လ ခရီးပဲသွားနေကြရတာပါ။

ကျွန်မတို့ နယူးရောက်ကို ပြန်ရောက်တဲ့အခါမှာတော့ အဖေနဲ့ ပြန်လည်ဆုံတွေ့ကြရပါတယ်။ ရောက်စ နာရီအနည်းငယ်အတွင်းမှာကတော့ ဘာမှပြဿနာမရှိပါဘူး။ ဝမ်းသာအားရနဲ့ တယုတယဖက်ကြ ပွေ့ကြ နှုတ်ဆက်ကြပေါ့။ အဲဒါလည်း ပြီးရော မကြာခင်မှာပဲ အဖေနဲ့အမေတို့ဟာ စကားများကြတာပဲ။ တစ်ယောက်တစ်ခွန်း ပြောကြဆိုကြရင်းကပဲ အဖေ့ရဲ့မထိန်းချုပ်နိုင်တဲ့ ဒေါသအိုးဟာ ပေါက်ကွဲတာပါပဲ။ အဖေ့ရဲ့မယုံသင်္ကာမှု၊ မနာလိုတိုရှည်ဖြစ်မှုတွေဟာ ပေါ်လာတော့တာပါပဲ။

အထူးသဖြင့် ကျွန်မကို အဖေက တစ်နေရာခေါ်သွားပြီး “သမီးအမေက သမီးတို့ဇာတ်ကနေတဲ့အချိန်မှာ အနားမှာရှိရဲ့လား တခြားနေရာတွေကို လျှောက်သွားနေသလား”လို့ မေးလေ့ရှိပါတယ်။

အမှန်အတိုင်းပြောရရင်တော့ အမေဟာ ဘယ်ကိုမှ မသွားပါဘူး။ ကျွန်မ အိပ်ရာက တရေးနိုးလို့ကြည့်လိုက်ရင် ကျွန်မတို့နားမှာလဲ့ပြီး စားပွဲလေးတစ်လုံးပေါ်က မီးရောင်နဲ့ စာဖတ်နေတာတွေ့ရပါတယ်။ အမေဟာ ကျွန်မတို့နဲ့အတူ အိပ်ရာဝင်ရမှာ ကြောက်ပါတယ်။ သူဟာ အမှောင်ကိုကြောက်တဲ့စိတ် ရှိပါတယ်။ ဟိုတယ်မှာ တည်းနေရင်း လူတစ်ယောက်က ကျွန်မတို့ကို အမြဲလာပြီးချောင်းနေတယ်လို့ သူထင်တတ်ပါတယ်။ သူကတော့ မြင်တယ်လို့ အခိုင်အမာပြောနေပေမယ့် ကျွန်မကတော့ သူမြင်တယ်လို့ထင်နေတာကို သိပါတယ်။

တစ်ကြိမ်မှာတော့ သူဟာ ကျွန်မတို့ကို အတင်းနှိုးပါတယ်။ “သမီးတို့ မြန်မြန် ထကြ၊ မြန်မြန်ထ၊ လူတစ်ယောက် အမေတို့နောက်ကို လိုက်နေတယ်”လို့လည်း ပြောပါတယ်၊ အန်းကိုလည်း အဝတ်တွေ ဝတ်ပေးနေပါတယ်။ ကျွန်မလည်း ကြောက်လန့်တကြားနဲ့ အဝတ်လဲရပါတယ်။ လက်တွေကတုန်နေလို့ ကြယ်သီးတွေကိုတောင်မှ ဖြောင့်အောင်မတပ်နိုင်ပါဘူး။

အမေ့မျက်နှာကိုကြည့်လေ ကျွန်မ ကြောက်လေဖြစ်ရပါတယ်၊ တစ်ကိုယ်လုံးလည်း တုန်နေပါတယ်၊ အလွန်အေးတဲ့ညမှာတောင် ချွေးပြန်နေပါတယ်၊ ကျွန်မအနေနဲ့ အိပ်ခန်းထဲမှာ လူတစ်ယောက်ရဲ့အသက်ရှူသံကြီးကိုတောင် ကြားနေရတယ်

www.burmeseclassic.com



BURMESE CLASSIC .com

လို့ ထင်မိပါတယ်။

အဲဒီနောက် ကျွန်မတို့သုံးယောက် အပေါ်ထပ်က ဆင်းပြေးလာခဲ့ကြပါတယ်၊ မီးမှိန်မှိန်လေးထွန်းထားတဲ့ အောက်ထပ်ဧည့်ခန်းထဲရောက်လို့ ကောင်တာက စာရေးကိုလည်းမြင်ရော အမေဟာ အလန့်တကြားအော်ပါလေရော။ သူမြင်ခဲ့ရတဲ့ လူဟာ အဲဒီလူဖြစ်နေသလားတော့ မသိဘူး။ ကျွန်မတို့ဟာ ဟိုတယ်ထဲကထွက်ပြီး လမ်းမပေါ်အတိုင်း ပြေးလာခဲ့ကြပါတယ်၊ နောက်ဆုံးတစ်နေရာမှာ ဝင်ပြီးခိုနေကြရပါတယ်။ အဲ့ဒီညက တစ်ညလုံး မအိပ်ကြရပါဘူး။

တစ်ခါမှာလည်း အမေက ကျွန်မတို့ကို အတင်းဆွဲထူပြီး အိပ်ရာထခိုင်းပါတယ်။ ကျွန်မက အိပ်ချင်မူးတူးနဲ့ “ဘာတွေလုပ်နေတာလဲ အမေ”လို့မေးတော့ “ဟဲ့ နင်တို့အိပ်ရာပေါ်မှာ ကြမ်းပိုးတွေတက်နေတာ အများကြီးပဲ”လို့ ပြောပါတယ်။ ပြီးတော့ ကျွန်မတို့ကို အဝတ်တွေလဲပေးပြီး ဟိုတယ်အပြင်ကို ခေါ်ထုတ်သွားခဲ့ပါတယ်။

အများအားဖြင့် မြို့ငယ်ကလေးတွေက လမ်းတွေဟာ ညဥ့်နက်ရင် လူသွားလူလာပြတ်ပါတယ်။ ဇာတ်ပွဲပြီးလို့ ကျွန်မတို့ ဟိုတယ်ပြန်တဲ့အခါ တိတ်ဆိတ်ချောက်သွေ့နေတဲ့လမ်းပေါ်မှာ လျှောက်ကြရတာပါ။ အဲဒီအခါမှာဆိုရင် သစ်ပင်တွေနောက်က ဘာထွက်မလဲလို့ တွေးပြီးကြောက်တာတို့ အရိပ်မဲမဲ မြင်တိုင်းလန့်တာတို့ဟာ အမြဲရှိပါတယ်။ တစ်ခါက ကျွန်မတို့နောက်က ခြေသံတွေကြားရတယ်လို့ထင်ပြီး အပြေးအလွှားလျှောက်မိကြပါတယ်။ ကျွန်မတို့တည်းနေတဲ့ ဟိုတယ်ကို မရောက်မချင်း ကြောက်စိတ်က မပြေပါဘူး။

ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံခဲ့ရတဲ့ကျွန်မတို့ဟာ နယူးယောက်ကိုပြန်ရောက်တော့လည်း အဆင်မပြေဘူး၊ အဖေနဲ့အမေတို့ရဲ့ ရန်ပွဲဟာ ပိုပိုပြီးသာ ပြင်းထန်လာနေပါတယ်၊ ဖြစ်ဖန်များလာတော့ ကျွန်မရှက်လာတယ်၊ အဖေကလည်း အမေ့ကို မဟုတ်တယုတ်တွေစွပ်စွဲ၊ အမေကလည်း စွပ်စွဲတာတွေကိုမခံနိုင်လို့ ပြန်အော်. . .။ အဖေနဲ့အမေ ခုလိုအပြန်အလှန်အော်ပြီး ဆဲကြဆိုကြ ရန်ဖြစ်ကြဆိုတော့ ကျွန်မအနေနဲ့ မရှက်ပဲနေမလား။ အိမ်နားနီးချင်းတွေရဲ့ မျက်နှာကို ကျွန်မဘယ်လိုလုပ်ပြီး မျက်နှာချင်းဆိုင်ဝံ့ပါတော့မလဲ။

တစ်ခါမှာတော့ ရန်ပွဲက မီးဖိုခန်းထဲမှာ ထဖြစ်တာပါ၊ နှစ်ယောက်သားလုံးထွေးသတ်ပုတ်နေကြပါတယ်၊ ကျွန်မစိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ “တော်ကြပါတော့”လို့ အသံကုန်ဟစ်ပြီး အော်လိုက်မိပါတယ်။ “တော်ကြပါတော့၊ တော် ကြပါတော့၊ ကျွန်မ မမြင်ချင် မကြားချင်တော့ဘူး”လို့လည်း အော်နေမိပါတယ်။

ကျွန်မအနေနဲ့ အနားကပန်းအိုးတစ်လုံးကို ကောက်ယူပြီး နံရံဆီကို ဒေါသတကြီးနဲ့ ပစ်ပေါက်လိုက်မိပါတယ်။ ပန်းအိုးဟာ သူတို့နှစ်ယောက်ကြားကဖြတ်ပြီး နံရံကိုဝင်မှန်ပါတယ်၊ နှစ်ယောက်စလုံး လူချင်းလုံးနေရာက ကွဲသွားကြပါတယ်၊ ကျွန်မကို အလန့်တကြားလှည့်ကြည့်နေကြပါတယ်၊ ခဏကြာတော့ ကျွန်မဟာ အမေ့ရင်ခွင်ထဲ ရောက်နေပါတယ်၊ သားအမိနှစ်ယောက် ဝမ်းနည်းပက်လက် ငိုနေမိကြပါတယ်။

www.burmeseclassic.com


အဖေကတော့ နောင်တရနေပါပြီ၊ အရက်ကို တစ်ခွက်ပြီးတစ်ခွက်မော့နေရင်းက "ကေတီနဲ့ လီလီတို့ကို ငါဘာပြုလို့ စိတ်ဆင်းရဲအောင် လုပ်မိတာပါလိမ့်" လို့လည်း တပျစ်တောက်တောက် ရေရွတ်နေပါတယ်၊ ပြီးတော့ ချုံးပွဲချပြီးငိုပါလေရော "နောက်တစ်ခါ ငါ ကေတီကို ရိုက်မိရင် ငါ့ကို ကြိုးပေးပြီးသတ်ကြပါစေ"လို့လည်း ကျိန်ပါသေးတယ်။

"ရှင့်မျက်ရည်က အလကားမျက်ရည်ပါ၊ အလိမ်အညာမျက်ရည်ပဲ"လို့ အမေက ပြောဆိုပြီး ငိုပါတယ်၊ ကျွန်မကိုပွေ့ပြီး အိပ်ရာထဲပို့ပေးပါတယ်၊ ညီမငယ်အန်းကတော့ လုံးဝမနိုးပါဘူး။ အနှောက်အယှက် ကင်းမဲ့စွာနဲ့ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေရှာပါတယ်။

နောက်ထပ်တစ်ကြိမ်ကတော့ ပါတီပွဲလေးတစ်ခုမှာ အမေဟာခပ်ချောချောလူတစ်ယောက်နဲ့ စကားလက်ဆုံကျနေပါတယ်၊ အဖေက အဲ့ဒါကိုကြည့်ပြီး မကျေနပ်ပါဘူး၊ အိမ်ကိုပြန်ရောက်ကြတော့ အဖေ့ဒေါသဟာ ပေါက်ကွဲလုနီးနီးဖြစ်နေပါပြီ။ ရောက်စခဏမှာတော့ ငြိမ်ပြီး အရက်သောက်နေပါတယ်။

တော်တော်လေးကြာလာတော့ သူ့အကျင့် သူ့ဝသီအတိုင်းပဲ အံကိုကြိတ်ပြီး "မင်း ငါ့ကို အမှန်အတိုင်းပြောပြဖို့ ဝန်မလေးဘူးဆိုရင်တော့. . . "လို့ စကားစ ပါတယ်။

"ရှင် လုပ်လာပြန်ပြီလား၊ ကလေးတွေရှေ့မှာ ဒါမျိုးမလုပ်ဖို့ ပြောပေါင်းလည်း များလှပါပြီ"လို့ အမေကဟန့်ပါတယ်။

ကျွန်မကတော့ သူတို့ရန်မဖြစ်ကြပါစေနဲ့လို့ ဆုတောင်းပြီး အိပ်ခန်းထဲကို အသာကလေး ခြေဖျားထောက် ဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ချက်ခြင်းပဲ အော်သံတွေကြားရပါတယ်၊ ကျွန်မအိပ်ရာပေါ်က ခုန်ဆင်းပြီး မီးဖိုခန်းဘက်ကို ပြေးခဲ့ပါတယ်။ အမေဟာ ပါးစပ်အောက်မှာသွေးတွေနဲ့ ကြမ်းပေါ်မှာလဲကျနေပါတယ်၊ မျက်နှာမှာလည်း ဒဏ်ရာတွေနဲ့ပါ၊ တစ်မျက်နှာလုံးလည်း ဖူးရောင်နေပါပြီ။

အမေဟာ ကြမ်းပေါ်မှာလူးလိမ့်ပြီး အသံကုန်ဟစ်အော်နေပါတယ်၊ လူးလိုက်၊ လှိမ့်လိုက်၊ အော်လိုက် ဟစ်လိုက်၊ ငိုလိုက် ယိုလိုက်နဲ့ စိတ်ပျက်စရာကောင်းလှပါတယ်။

အဖေကလည်း သူ့မျက်နှာမှာခြစ်မိထားတဲ့ ဒဏ်ရာကြီးနဲ့ပါ၊ ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်နေပါတယ်။ ပုလင်းတစ်လုံးက သူ့ဘေးမှာကျနေပါတယ်၊ ပါးစပ်ကလည်း "ဘုရား. . . ဘုရား၊ ငါဘာတွေလုပ်မိပြန်လဲ မသိဘူး. . . လီလီယံရယ်"လို့ ငြီးနေပါတယ်။

အဖေကထရပ်ပြီး အမေ့ဆီသွားပါတယ်၊ ဒါပေမဲ့ အမေက "နင် ငါ့အနားမလာနဲ့. . . ငါ့ကို လုံးဝမထိနဲ့"လို့ အော်နေပါတယ်။

ကျွန်မက အမေ့ကိုဆွဲပြီး ဆိုဖာပေါ်တင်ပေးပါတယ်၊ အမေခေါင်းကို ရင်ခွင်မှာ တင်ထားပါတယ်၊ အဖေကတော့ "သူ့ကို တစ်ခုခုလုပ်ပေးလိုက်ပါ သမီးရယ်" လို့ ထပ်တလဲလဲပြောနေပါတယ်။ အမေကတော့ ငြီးလိုက် ငိုလိုက်၊ အဖေကတော့ ကုလားထိုင်ပေါ်မှာ အရုပ်ကြိုးပြတ်ထိုင်လို့. . . ။ကျွန်မမှာကတော့ ကြောက်စိတ် လန့်စိတ်ကြောင့် ဆောက်တည်ရာမရ ဖြစ်နေရပါတယ်။

www.burmeseclassic.com


ကျွန်မမှာ တစ်ညလုံး မအိပ်ရပါဘူး၊ ဧည့်ခန်းထဲမှာလှဲပြီး ငိုမဆုံးဖြစ်နေတဲ့ အမေ့ဆီပြေးသွားလိုက်၊ နံရံကိုစိုက်ကြည့်ပြီး အရက်တွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေတဲ့ အဖေ့ဆီ ပြေးသွားလိုက်နဲ့ နားရတယ် မရှိပါဘူး။

နောက်ဆုံးမှာ ကျွန်မအမေဟာ အိပ်ပျော်သွားပါတယ်၊ ဒါပေမဲ့ ကျွန်မက တော့ မအိပ်နိုင်သေးပါဘူး၊ မီးဖိုထဲက အဖေ့ဘေးမှာရပ်ပြီး "အဖေ မအိပ်နဲ့နော်၊ အိပ်မပျော်စေနဲ့နော်"လို့ မရပ်မနား ပြောနေမိပါတယ်၊ သူ့လက်မောင်းကိုလည်း တောက်လျှောက်ကိုင်ထားပြီး လှုပ်ပေးနေမိပါတယ်။

ကျွန်မ ဘာကိုကြောက်နေသလဲဆိုတာ မပြောတတ်ပါဘူး၊ ဒါပေမဲ့ စိတ်ထဲ က အဖေအိပ်ပျော်သွားမှာ စိုးရိမ်နေပါတယ်။ သူအိပ်မပျော်မှဖြစ်မယ်လို့ စိတ်က ထင်နေပါတယ်၊ သူအိပ်ပျော်သွားလို့ မဖြစ်ဘူး၊ နိုးနေမှဖြစ်မှာ. . . .၊ နိုးနေမှဖြစ်မှာ။

အဲဒီနောက် နောင်နှစ်ပေါင်းများစွာကြာသည်အထိ ကျွန်မအိပ်မပျော်တဲ့ ညတွေအများကြီးပါ။ ကျွန်မ အိပ်မပျော်တာဟာ တစ်ညလုံးပါ၊ ကျွန်မရဲ့အိပ်ခန်း ပြတင်းပေါက်ကနေပြီး နေရဲ့အလင်းရောင်ဝင်လာတဲ့ အချိန်အထိပါ။

□□□

အခန်း[၃]

www.burmeseclassic.com

အမေက ကျွန်မကို ကျွန်မအတုခိုးသင့်တဲ့ ပြဇာတ်မင်းသမီးအသစ် တစ်ယောက်ကိုပြတဲ့ အချိန်မှာ ကျွန်မအသက် ဆယ့်နှစ်နှစ်ပဲရှိပါသေးတယ်။ အမေပြတဲ့ မင်းသမီးအသစ်က 'ကီကီ'ပြဇာတ်ထဲက 'လီနိုယူရစ်ခ်'ပါ ကျွန်မ သူ့ကိုသိပ်ချစ်သွားပါတယ်။ သူ့ရဲ့သရုပ်ဆောင်မှုတွေကိုကြည့်ပြီး သူ့လိုဖြစ်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်ခဲ့ရပါတယ်။

အမေက ကျွန်မကို အားပေးတိုက်တွန်းခဲ့တဲ့အတွက် ကျွန်မဟာ လီနိုဆီကို စာလေးတစ်စောင် ရေးခဲ့ပါတယ်၊ သူကလည်း ကျွန်မကို အလည်လာဖို့ ဖိတ်ခဲ့ပါတယ်။ ကျွန်မ သူ့အိမ်ကို သွားတဲ့နေ့က အိမ်ရှေ့က လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲနေချိန်မှာ ကျွန်မတစ်ကိုယ်လုံး တုန်နေပါတယ်။

လီနိုယူရစ်ခ်ဟာ သူကိုယ်တိုင် လာပြီးတံခါးဖွင့်ပေးပါတယ်၊ အနက်ရောင်ကတ္တီပါစဝတ်ရုံနဲ့ လီနိုဟာ ကျွန်မမျက်စိထဲမှာ ထူးထူးခြားခြား လှပနေပါတယ်။

"ကျွန်မဟာ ရှင့်ဆီကို စာရေးခဲ့တဲ့ လီလီယံရော့သ်ပါ"လို့ ကျွန်မက ပြောလိုက်တော့ သူတအံ့တသြ ဖြစ်နေပါတယ်၊ ကျွန်မလည်း မမကိုဖက်ပြီး နမ်းပါတယ်။ သူအိမ်ဖော်ဘက်လှည့်ပြီး "မုန့်နဲ့နွားနို့ယူခဲ့ပါ"လို့ ခိုင်းပါတယ်။ ပြီးတော့ ကျွန်မဘက်လှည့်ပြီး သူသရုပ်ဆောင်ခဲ့တဲ့ အခန်းတွေထဲက ဘယ်အခန်းကို ကျွန်မအကြိုက်ဆုံးလည်းလို့ မေးပါတယ်။

www.burmeseclassic.com

BURMESE CLASSIC .com

ကျွန်မကလည်း ကျွန်မအကြိုက်ဆုံးအခန်းတစ်ခန်းကို ပြောပြပါတယ်၊ အဲဒီအခန်းကတော့. . . ကီကီက သူ့ရဲ့ချစ်သူကိုလုယူသွားတဲ့ အထက်တန်းလွှာ အမျိုးသမီးကို သွားတွေ့ပါတယ်။ တွေ့တဲ့အခါမှာ ကီကီက "ငါဟာ ကော်ဆီကန်တစ်ယောက်ဟဲ့၊ ငါ့အဖေကလည်း ကော်ဆီကန်၊ ငါ့အမေကလည်း ကော်ဆီကန်၊ ငါတို့အားလုံး ကော်ဆီကန်တွေ၊ ငါတို့ကော်ဆီကန်တွေဟာ စိတ်ဆိုးပြီဆိုရင် ဓါးကို ဘယ်လိုသုံးရမလဲ ဆိုတာ ကောင်းကောင်းကြီးသိတယ်။ ဟောဒီမှာ. . . တွေ့လား၊ ဟောဒီလို. . . ဟောဒီလို. . . "လို့ပြောပြီး ဓားနဲ့ထိုးလိုက်တဲ့အခန်းပါ။

ကျွန်မက ပြောပြောဆိုဆို စားပွဲပေါ်က ကိတ်မုန့်လှီးတဲ့ဓားကိုယူပြီး သူပြဇာတ်ထဲမှာ သရုပ်ဆောင်တုန်းကလုပ်ခဲ့သလို လုပ်ပြလိုက်ပါတယ်။

လီနိုယူရစ်ခ်က လက်ခုပ်တီးပြီး ဩဘာပေးရုံမကဘူး၊ ကျွန်မလုပ်ပုံကို သဘောကျလွန်းလို့ အားရပါးရ ရယ်ပါသေးတယ်၊ သူကိုယ်တိုင်လည်း ကျွန်မလုပ်ပြတဲ့အထဲက မှားတဲ့အကွက်ကလေးတွေကို ထောက်ပြပြီး ပြန်လုပ်ပြပါတယ်။ "စကားပြောတဲ့အခါ အသံကိုနည်းနည်းလေးနှိမ့်ပြော၊ လက်ကိုမြှောက်ပြီး ဆံပင်ကိုဆွဲဖွတဲ့အခါ ခပ်ကြမ်းကြမ်းလုပ်ရမယ်"လို့ သင်ပေးပါတယ်။ "သမီးအမူအရာလုပ်တာ မပြည့်စုံသေးဘူးထင်ရင် အိမ်ကိုလာခဲ့၊ ထပ်သင်ပေးမယ်"လို့လည်း မှာပါသေးတယ်။

အဲဒီနေ့က ကျွန်မဟာ ဟယ်လင်မင်ကင်၊ ဂျူးဒစ်အန်ခါဆင်နဲ့ ဂျင်နီအီဂေးတို့ရဲ့ အမူအရာတွေကိုလည်း လုပ်ပြခဲ့ပါတယ်။ အထူးသဖြင့် 'မိုး'ပြဇာတ်ထဲက ဂျင်နီအီးဂေးရဲ့ သရုပ်ဆောင်ပုံတွေကို ဂရုစိုက်ပြီးလုပ်ပြခဲ့ပါတယ်၊ အဲဒီဇာတ်ထဲမှာ ဂျင်နီအီးဂေးသရုပ်ဆောင်သွားပုံတွေဟာ စံပြုလောက်အောင် ကောင်းနေတာကို ကျွန်မသတိထားခဲ့မိတယ် မဟုတ်ပါလား။

□

ရုတ်တရက် ချက်ချင်းဆိုသလို အဖေဟာဝင်ငွေအဆမတန်ရလာခဲ့ပါတယ်။ ကျွန်မတို့ ပဒေသာဇာတ်နဲ့ နယ်တကာလှည့်သွားနေခိုက်မှာ အဖေဟာ ငါးလမ်းထဲက အထည်ဆိုင်တစ်ဆိုင်မှာ နယ်လှည့်အရောင်းကိုယ်စားလည်အလုပ်ကို ရခဲ့ပါတယ်။ လစာက တစ်ပတ်ကို ဒေါ်လာသုံးရာရပါတယ်၊ အဖေဟာ သူ့ငွေကိုရော ကျွန်မတို့ရလာတဲ့ငွေထဲက တစ်ချို့တစ်ဝက်ကိုရော အရင်းအနှီးလုပ်ပြီး အရောင်းအဝယ်လည်း လုပ်ခဲ့ပါတယ်။ ဒါ့ကြောင့်မို့ နေ့ချင်းညချင်းဆိုသလို ငွေကြေးပြည့်စုံတဲ့လူတစ်ယောက်ဖြစ်လာခဲ့ပါတယ်။ အဖေက ကျွန်မတို့လိုချင်နေတဲ့အိမ်ကိုလည်း ဝယ်ပေးမယ်လို့ ကတိပေးပါတယ်။

အမေ့အနေနဲ့လည်း ကျွန်မတို့ညီအစ်မနှစ်ယောက်အတွက် သူစိတ်ကူးထားတဲ့ကိစ္စတစ်ခုကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်၊ အခြားကိစ္စ မဟုတ်ပါဘူး၊ ကျွန်မတို့ကို အပြင်လောကထဲက သီးသန့်ကျောင်းတစ်ကျောင်းမှာ ထားနိုင်ဖို့ကိစ္စပါ၊ အမေဟာ ကျွန်မတို့ကို ဇာတ်လောကထဲက တစ်နှစ်တိတိ အနားယူခိုင်းခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်မဟာ အဲဒီခေတ်က နာမည်ကြီးကျောင်းတစ်ကျောင်းဖြစ်တဲ့ 'ကလပ်စ်

www.burmeseclassic.com



ကျောင်း'မှာ နေခွင့်ရခဲ့ပါတယ်။

ကျွန်မကို ကျောင်းအပ်တဲ့အချိန်မှာ အမေဟာ ကျွန်မအတွက် ဒေါ်လာ တစ်ထောင်တန်ဝတ်စုံကိုတောင် ဝယ်ပြီးဆင်ခဲ့ပါတယ်။ ကျွန်မအလုပ်သင်ကျောင်းက ကျောင်းထွက်လက်မှတ်ရစာမေးပွဲအောင်ချိန်မှာ ကျွန်မအသက် ဆယ့်သုံးနှစ်ရှိ နေပါပြီ။ ကလပ်စ်ကျောင်းမှာတော့ ကျွန်မရဲ့အတန်းသားတွေဟာ ကျွန်မထက် သုံးလေးနှစ်ကြီးကြပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ အမေ့ကြောင့် ကျွန်မကျောင်းနေရတဲ့ အချိန်ကာလအတွင်းမှာ မျက်နှာမငယ်ခဲ့ရပါဘူး၊ ဒီလိုနဲ့ပဲ ကျွန်မဟာ အသက်ဆယ့် လေးနှစ်အတွင်းဝင်လာခဲ့ပါတယ်။ ကျွန်မအနေနဲ့ ကလေးဘဝရဲ့အရသာကိုတောင် ကြာကြာမခံစားရပဲ အပျိုပေါက်ကလေးဘဝကို ရောက်လာခဲ့ရပါတယ်လို့ဆိုရင် မှားမယ် မထင်ပါဘူး။

အဲဒီအရွယ်နဲ့ အဲဒီခေတ်က ကျွန်မရဲ့ဝတ်စားဆင်ယင်မှုကို ပြန်ပြီးမြင် ယောင်လိုက်ရင် ရယ်စရာပါ၊ ပိုးသားဘလောက်စ်အင်္ကျီနဲ့ တင်ပါးကလေးဖုံးရုံ လောက် တိုတဲ့စကပ်နဲ့၊ ဆံပင်က တိုလွန်းလှတဲ့ပွယောင်းယောင်း၊ လက်ထဲမှာလည်း မိန်းမကိုင်လက်ပွေ့အိတ်ကို ကိုင်ထားတယ်၊ လက်ပွေ့အိတ်ထဲမှာတော့ မိတ်ကပ်ဗူးနဲ့ စီးကရက်ဗူး ထည့်ထားတယ်၊ အမှန်တော့ ကျွန်မ စီးကရက် မသောက်တတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မ တွေ့မြင်နေရတဲ့ ကြော်ငြာတစ်ခုမှာက 'ခေတ်မီချင်သလား၊ မူရတ်ကို သောက်ပါ'လို့ ရေးထားတယ်မဟုတ်လား၊ ကျွန်မအနေနဲ့က ခေတ်နောက်မကျချင် ဘူး၊ အမြဲတစေ ခေတ်နဲ့ရင်ဘောင်တန်းနေချင်တယ်လေ၊ ဒါကြောင့် စီးကရက် မသောက်တတ်ပေမယ့် စီးကရက်ကို ထည့်ထားတာပါ။

အဲ့ဒီတုန်းက အပျိုဘော်ဝင်စ ကျွန်မဟာ မနူးမနပ်ပါ၊ ကျွန်မရင်ထဲမှာ သောကတွေကလည်း အများကြီးပါ၊ ဘေးလူတွေက ကျွန်မကိုခင်ကြရဲ့လား၊ သူတို့ မျက်စိတွေထဲမှာ ငါဟာ ကြည်လို့မကောင်းပဲ့မလား၊ ငါ့ရဲ့ ကိုယ်နှုတ်အမူအရာတွေက ကော ဘယ်လိုများနေသလဲ. . . စတဲ့မဟုတ်က ဟုတ်ကအတွေးတွေကြောင့် ကျွန်မ ရဲ့စိတ်ဟာ အမြဲတစေမလုံမလဲဖြစ်နေခဲ့ရပါတယ်။

ကျွန်မရဲ့သောကတွေကို ကျွန်မရဲ့အခင်ဆုံးသူငယ်ချင်းဖြစ်တဲ့ 'မင်နာဂဲ လတ်'ကို မကြာခဏဖွင့်ပြောပြီး ဆွေးနွေးလေ့ရှိပါတယ်။ သူက ကျွန်မထက် အသက် တစ်နှစ်ကြီးပါတယ်၊ အလွန်ရှက်တတ်တဲ့ မိန်းကလေးပါ၊ ဒါပေမဲ့ ကဗျာတွေရေးတတ် ပါတယ်။ သူနဲ့မတွေ့ခင်က ကျွန်မမှာ အခင်မင်ဆုံးကျောင်းနေဖက်သူငယ်ချင်းဆိုလို့ တစ်ယောက်မှ မရှိခဲ့ပါဘူး။ ကျောင်းသစ်ရောက်မှ တရင်းတနှီးခင်မင်လာခဲ့တာပါ။

ဒါပေမဲ့ ကျွန်မအနေနဲ့ သူတို့အိမ်ထောင်ရဲ့ အေးဆေးတည်ငြိမ်မှုကိုကြည့် ပြီး သူ့အပေါ်မှာ မနာလိုဖြစ်မိခဲ့ပါတယ်။ သူ့ကဗျာတွေစပ်တတ်တာကို မြင်တော့ လည်း မနာလိုဖြစ်မိတာပါပဲ။ ကဗျာစပ်တတ်ဖို့ဆိုတာ မလွယ်ဘူး၊ သူ သိပ်ပြီးတော်လို့ သာ စပ်တတ်တာဖြစ်မယ်လို့ ကျွန်မတွေးမိပါတယ်။

တကယ်တော့ ကျွန်မလုပ်ကိုင်နေရတဲ့အလုပ်တွေက အများကြီးပါ။ ဇာတ် တိုက်ရတယ်၊ ကရတယ်၊ အဆိုအတီးသင်ရတယ်. . .။ လုပ်စရာအလုပ်တွေက များလွန်းလို့ အားရ နားရတယ်လို့မရှိပါဘူး၊ ဒါပေမဲ့ ကျွန်မဟာ ကိုယ့်ဘဝကိုယ်

www.burmeseclassic.com



BURMESE CLASSIC .com

ကျေနပ်တယ်လို့ မရှိပါဘူး၊ အတွင်းစိတ်ထဲမှာရှိနေတဲ့ လိုအင်ဆန္ဒတွေရဲ့ အတင်းအဓမ္မ တွန်းအားပေးမှုတွေကြောင့် အမြဲတစေစိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရပါတယ်။

အမှန်တော့ ကျွန်မဟာ အားလုံးထဲမှာအလှဆုံးဖြစ်ချင်နေပါတယ်၊ အတော်ဆုံး ဖြစ်ချင်နေပါတယ်၊ အကောင်းဆုံးနဲ့ အကျော်ကြားဆုံးလည်း ဖြစ်ချင်နေပါတယ်။ ဒီစိတ်ကြောင့် ကျွန်မဟာ ကိုယ့်ဘဝကိုယ် ကျေနပ်တယ် သာယာတယ်လို့မရှိဘဲ အမြဲတစေပူလောင်နေရတာပါ။

ကျွန်မအနေနဲ့ စိတ်ထဲရှိနေသမျှ မင်နာကို အသိပေးပါတယ်၊ ကိုယ်ဘာပြုလို့ အဲသလိုစိတ်ထားမျိုး ရှိနေရတာလဲလို့ စိတ်မချမ်းမမြေ့နဲ့ မေးခဲ့မိပါတယ်။

လီလီယံရယ် မင်းမှာ ဘယ်အလုပ်မျိုးကိုမဆို လုပ်နိုင်တဲ့အစွမ်းအစ ရှိနေတာပဲ၊ အခါအခွင့်မသင့်သေးလို့သာ မင်းအရည်အသွေးကို မပြနိုင်သေးတာပါလို့ မင်နာကပြောပြီး ကျွန်မကို ဖျောင်းဖျပါတယ်။

ကျွန်မ ကလပ်စ်ကျောင်းမှာနေစဉ်က ကျွန်မစိတ်အဝင်စားဆုံး တစ်တန်းထဲသား ယောကျ်ားလေးကတော့ လီယိုဖော့စ်ပါ၊ အရပ်ကမြင့်မြင့်၊ အသားကညိုညို၊ ဆံပင်ကောက်ကောက်နဲ့ အသက်ဆယ့်ခုနှစ်နှစ်ရှိပါပြီ၊ တစ်ရက် စာသင်ခန်းထဲမှာ သမိုင်းဘာသာသင်နေတုန်း ကျွန်မ သူ့ကို သတိထားခဲ့မိတာပါ၊ ကျွန်မကို သူက ခေါ်လို့ အတူတူထွက်ပြီး ရေခဲမုန့်စားလေ့ရှိတယ်၊ နောက်ပိုင်းမှာ စနေနေ့ဆိုရင် ရုပ်ရှင်ထွက်ကြည့်ဖြစ်ကြပါတယ်။

သူဟာ ကျွန်မရဲ့ ရည်းစားဦးပါ၊ တခြားကောင်မလေးတွေကတော့ သူ့ကို လီလီယံရဲ့မင်းသားလေးလို့ အမည်ပေးထားကြပါတယ်။ နောက်တစ်ဦးကတော့ ဟားလ်လေမေးလ်ပါ၊ သူ့အဖေက ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီကြီးရဲ့ ဥက္ကဌပါ။ သူနဲ့လည်း တစ်ခါတလေ တွဲပြီးထွက်လေ့ရှိပါတယ်။ သူနဲ့သွားရင်တော့ အဲဒီခေတ်က အကောင်းဆုံးဆိုတဲ့ မော်တော်ကားစတပ်ဘီယားနဲ့ လိုက်လေ့ရှိပါတယ်။ ကျွန်မတို့နှစ်ယောက်ဟာ မော်တော်ကားစီးရင်းနဲ့ မကြာခင်ထွက်လာမဲ့ ရုပ်ရှင်ဇာတ်ကားတွေအကြောင်းကို ပြောလေ့ရှိကြပါတယ်။

သူနဲ့ကျွန်မ ပထမဆုံး အတူတူစထွက်ကြတဲ့နေ့က သူပြောခဲ့တဲ့စကားကို ကျွန်မ မမေ့သေးပါဘူး၊ “ဒီမယ်. . . လီလီယံ၊ နောင်တစ်ချိန်ကျရင် ကိုယ်ဟာ ဟိုးလီးဝုဒ်ရုပ်ရှင်မြို့တော်မှာ အကြီးဆုံးရုပ်ရှင်ထုပ်လုပ်ရေးသမားကြီးတစ်ယောက်ဖြစ်လာမှာပါ၊ မင်းမယုံရင်စောင့်ကြည့်”တဲ့ ကျွန်မကလည်း အားကျမခံ ပြန်ပြောလိုက်ပါတယ် “လီလီ့အဖေကလည်း လီလီကို အလွန်နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်လာမှာလို့ အမြဲပြောတယ်။ မယုံရင်စောင့်ကြည့်ပေါ့”လို့။ သူကလည်း ကျွန်မစကားကို အလေးအနက်ထားခဲ့ပါတယ်။

သူအလေးအနက်ထားတာလည်း ထားသင့်လို့ထားခဲ့တာပါ။ အဲဒီအချိန်က ကျွန်မကို ‘နယူးရောက်ဝါးလ်’သတင်းစာထဲမှာ ‘အသက်ဆယ့်သုံးနှစ်မျှရှိသေးသော လီလီယံရော့သ်သည် အစွမ်းအစရှိသော ပြဇာတ်မင်းသမီးတစ်လက် ဖြစ်နေပြီး နောင်တစ်ချိန်တွင် ရုပ်ရှင်နှင့်ဇာတ်လောက၌ အလွန်ထက်မြက်သည့် မင်းသမီး

www.burmeseclassic.com

BURMESE CLASSIC .com

တစ်လက် ဖြစ်လာလိမ့်မည်မှာ မလွဲပေ'လို့ ဝေဖန်ရေးဆရာတစ်ယောက်က ချီးကျူးထားတယ် မဟုတ်လား။

❐

ကျွန်မရဲ့ ကျောင်းပညာသင်နှစ်ကုန်ဆုံးခါနီးမှာ ကျွန်မ အလှူပွဲတစ်ပွဲကို သွားပြီးကပြခဲ့ရပါတယ်။ အဲဒီပွဲမှာ ဟာသသရုပ်ဆောင်မင်းသား 'ပီလီဟောင်းဝတ်' ဟာ ကျွန်မသရုပ်ဆောင်တာတွေကို မြင်သွားခဲ့ပါတယ်၊ သူက အမေ့ကိုခေါ်ပြီး "ခင်ဗျာ့သမီးက ကလေးသရုပ်ဆောင်လုပ်ဖို့ မသင့်တော့ဘူး၊ ပြပွဲတွေမှာ ပါဝင်ဖို့ စိတ်မဝင်စားဘူးလား"လို့ မေးပါတယ်။

မေးမေးပြောပြောနဲ့ပဲ သူ့ရဲ့လိပ်စာကတ်ပြားကလေးကို ထုတ်ပြီး ကျောဘက်မှာ စာတစ်ကြောင်း နှစ်ကြောင်းရေးတယ်၊ ပြီးတော့ ကတ်ကလေးကို အမေ့လက်ထဲထည့်ပေးပြီး "လီလီယံကို ဒီစာကလေးနဲ့ ဂျိတ်ရှူးဘတ်ဆီလွှတ်လိုက်ပါ၊ ပီလီဟောင်းဝတ်က လွှတ်လိုက်တာလို့လည်း ပြောပါစေ"လို့ မှာတယ်။

တနင်္လာနေ့ကျတော့ ကျွန်မ ကျောင်းက ခွင့်ယူပြီး မစ္စတာရှူးဘတ်ရဲ့ရုံးခန်းကို ရောက်သွားခဲ့ပါတယ်၊ သူက ပီလီဟောင်းဝတ်ရေးလိုက်တဲ့ မိတ်ဆက်စာကို ဖတ်ပြီး ကျွန်မကို ဘေးတိုက်ရော ရှေ့ကရော နောက်ကရော သေသေချာချာ ကြည့်ပါတယ်၊ ပြီးတော့ "မင်းဘာလုပ်တတ်သလဲ"လို့မေးတယ်။

"ကျွန်မ ပြဇာတ်မင်းသမီးပါ"

"ဆောရီးပဲ မိန်းကလေးရေ"

"တို့က ပန်းချီနဲ့ကိုယ်ဟန်ပြမယ်လုပ်ငန်း လုပ်တာ၊ တို့မှာ အဆိုသမားတော့ လိုမယ်"

"ကျွန်မ သီချင်းလည်း ဆိုပါတယ်"

"ဒီလိုဆိုရင် ကိုးနာရီကို ပြန်လာခဲ့၊ ငါ နားထောင်မယ်"

ချိန်းထားတဲ့အချိန်ကျလို့ ကျွန်မ ပြန်ရောက်သွားတော့ ဇာတ်ခုံပေါ်မှာ လူ နှစ်ရာနီးပါးလောက် ရှိနေတာတွေ့ရပါတယ်၊ ကျွန်မက သူတို့အားလုံးကို ဆိုပြရမှာလား။ မစ္စတာရှူးဘတ်က ဇာတ်ရုံထဲဝင်လာပြီး ကျွန်မကို လှမ်းပြောတယ်၊ "ကဲ သီချင်းဆိုတော့"တဲ့။

သရုပ်ဆောင်တွေအလယ်မှာ ရောက်နေတဲ့ကျွန်မဟာ ဦးထုပ်နဲ့ ကုတ်အကျႌကို ကိုင်ထားရင်းနဲ့ပဲ သီချင်းတစ်ပုဒ်ကိုဆိုပါတယ်၊ 'ရယ်ဒ်ဟော့မားမား'သီချင်းပါ၊ မစ္စတာရှူးဘတ်ဟာ အမှောင်ထုတွင်းတစ်နေရာက နားထောင်နေပါတယ်၊ ကျွန်မကတော့ သူ့ကို မမြင်ပါဘူး၊ စိတ်ပါလက်ပါဆိုနေရာက ကျွန်မ အမေပြောခဲ့တဲ့ စကားကို ပြေးပြီးသတိရလိုက်မိပါတယ်၊ "နင့်အသံဟာ မမှန်ဘူး"ဆိုတဲ့ စကားပါ၊ အမေပြောတာ မှန်တယ်လို့လည်းတွေးမိရော စိတ်ဓာတ်က ကျသွားတာပဲ၊ ကျွန်မ သီချင်းလည်း ဆုံးရော ဇာတ်ခုံပေါ်က ဆင်းဖို့ လှေကားဆီကို လျှောက်လာခဲ့ပါတယ်။

"မင်း ဘယ်သွားမလို့လဲ"ဆိုတဲ့အသံကို ကြားလိုက်ရပါတယ်၊ "တို့ကို

www.burmeseclassic.com


နောက်တစ်ပုဒ် ဆိုပြဦး”တဲ့။

လက်ထဲက ဦးထုပ်နဲ့ကုတ်အင်္ကျီကို တစ်နေရာမှာ ထားခဲ့ပြီး ကျွန်မ နောက်တစ်ပုဒ် ဆိုပြပါတယ်၊ သီချင်းဆုံးသွားတော့ ငြိမ်ဆိတ်နေပါတယ်၊ တော်တော်ကြာမှ “မင်းအသက် ဘယ်လောက်ရှိပြီလဲ”ဆိုတဲ့ မစ္စတာရှူးဘတ်ရဲ့မေးသံကို ကြားရပါတယ်။

“ကျွန်မ ဆယ့်ငါးနှစ်ထဲဝင်ပါပြီ”

“ခဏစောင့်ဦး၊ ပြီးတော့မှ မင်းနဲ့စကားပြောမယ်”

နောက်ပိုင်း ကျွန်မနဲ့တွေ့တော့ မစ္စတာရှူးဘတ်က နယူးရောက်မြို့တော်မှာရှိနေတဲ့ ဥပဒေအရ အသက်မပြည့်သေးတဲ့လူငယ်တွေဟာ စင်ပေါ်တက်ပြီး သီချင်းဆိုခွင့် မရှိတဲ့အကြောင်း ရှင်းပြပါတယ်။ “ဒါပေမဲ့ ငါတို့က မင်းကို ရီကာဂိုကုမ္ပဏီမှာ ထားပေးမယ်၊ ဟိုရောက်ရင် မင်းအသက်ကို ဆယ့်ရှစ်နှစ်လို့ မှတ်ထားရမယ်”လို့ ပြောပါတယ်။

ကျွန်မအိမ်ကို အပြေးအလွှားပြန်လာခဲ့ပါတယ်၊ အကြောင်းစုံကို ဝမ်းသာအားရပြောပြလိုက်တော့ အမေဟာ ကုလားထိုင်ပေါ်မှာ ထိုင်နေရာက လိမ့်ကျလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

ကျွန်မကို မစ္စတာရှူးဘတ်က အသက်ဆယ့်ရှစ်နှစ်လို့ ပြောင်းပေးခဲ့ပေမယ့် ကျွန်မရဲ့အသက် ဆယ့်လေးနှစ်က ဆယ့်လေးနှစ်ပါပဲ။ ကျွန်မအနေနဲ့ ဒီလုပ်ငန်းခွင်မှာ အဆိုတော်လို့ သတ်မှတ်ထားပေမယ့် ဝတ်လစ်စားလစ်စံပြမယ်တွေနဲ့က မကင်းပါဘူး၊ အဲဒီဝတ်လစ်စားလစ် ကိစ္စတွေကြောင့် ကျွန်မမှာ စိတ်ရှုပ်ခဲ့ရသလို ဒီအလုပ်ခွင်ကို ရောက်ကာမှ ခေါင်းကိုက်ရောဂါစွဲလာတဲ့အတွက် စိတ်လည်းဆင်းရဲခဲ့ရပါတယ်။

အမှန်တော့ ကျွန်မဟာ လက်ရှိအခြေအနေကို ရင်မဆိုင်ချင်ပဲနဲ့ ရင်ဆိုင်နေရတဲ့အတွက် အခုလိုဖြစ်လာရတာပါ၊ သူတို့အဖွဲ့ထဲမှာ ကျွန်မနဲ့သက်တူရွယ်တူကလည်း တစ်ယောက်မှ မရှိပါဘူး။ အားလုံးဟာ ကျွန်မထက်အသက်ကြီးတဲ့ အမျိုးသမီးတွေချည်းပါ။ ဒါ့ကြောင့်လည်း ကျွန်မအနေနဲ့ အလုပ်လုပ်နေရပေမယ့် အထီးကျန်နိုင်လှပါတယ်။

စနေနေ့တစ်ညမှာတော့ ကုမ္ပဏီက ပါတီပွဲတစ်ခု လုပ်ပါတယ်၊ အမေက ကျွန်မကို သွားခွင့်ပြုတဲ့အတွက် ဇာတ်စင်မန်နေဂျာနဲ့လိုက်သွားခဲ့ပါတယ်၊ ဇာတ်စင်မန်နေဂျာကလည်း ကျွန်မအတွက် ဘာမှမဖြစ်စေရပါဘူး၊ အပြန်ကျတော့လည်း သူကိုယ်တိုင်ပြန်ပို့ပေးပါမယ်လို့ ကတိပြုတဲ့အတွက် အမေက ထည့်လိုက်တာပါ။

ပါတီပွဲလုပ်နေတဲ့အိမ်ထဲ ရောက်သွားတော့ အံ့အားသင့်စရာတွေနဲ့ ကြုံရပါတယ်။ လူတိုင်းလိုလို အရက်ကို တစ်ဝတစ်ပြသောက်ပြီး မူးရူးနေကြပါတယ်၊ မိန်းမတွေရော ယောကျ်ားတွေရော မူးနေကြတာပါ၊ ကတဲ့လူတွေက က၊ ခုန်တဲ့လူတွေက ခုန်၊ သီချင်းဆိုတဲ့လူတွေက ဆိုနဲ့၊ စည်းလွတ်ဝါးလွတ်ဖြစ်နေကြတာပါ၊ ကျွန်မကတော့ အခန်းရဲ့ထောင့်တစ်ထောင့်မှာ ထိုင်ပြီး အအေးသောက်ရင်းနဲ့ သူတို့လုပ်နေသမျှကို ကြည့်နေပါတယ်။

မိန်းကလေးတစ်ယောက်က သူ့အဝတ်တွေကိုချွတ်ပြီး စားပွဲပေါ်မှာ တက်

www.burmeseclassic.com


ကနေပါတယ်၊ တစ်ချို့မိန်းမတွေလည်း သူတို့ချင်းဖက်ပြီး အရိုင်းအစိုင်းတွေကသလို စည်းလွတ် ဝါးလွတ်ကနေကြပါတယ်။ အဲ့ဒီကြားထဲကပဲ အချို့မိန်းမယောကျ်ား စုံတွဲတွေဟာ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး တစ်နေရာကိုထွက်သွားနေတာ မြင်ရပါတယ်။

ကျွန်မက "သူတို့ဘယ်သွားကြတာလဲ"လို့ ကျွန်မကိုခေါ်လာတဲ့ ဇာတ်စင်မန်နေဂျာကို မေးတော့ သူကရယ်ပြီး ပခုန်းတွန့်ပြပါတယ်။ ကျွန်မရဲ့မေးခွန်းကိုတော့ မဖြေပါဘူး။

ကြာလာတော့ ကျွန်မ စိတ်ရှုပ်လာပါတယ်၊ နေမကောင်းချင်သလိုလည်း ဖြစ်လာပါတယ်၊ သူတို့လူစုဟာ ဒီနေရာမှာလာပြီး မကောင်းမှုဒုစရိုက်တွေ လုပ်နေကြတာပါလားလို့ တွေးနေမိတယ်၊ အဲ့ဒီညက အိမ်ပြန်ရောက်တော့ "သမီးပျော်ခဲ့ရဲ့လား" လို့ အမေက မေးပါတယ်။

"မဆိုးပါဘူးအမေ"လို့ ကျွန်မက အဖြေပေးလိုက်ပါတယ်။ "ဒါပေမဲ့ သမီးကိုတွဲကဖို့ခေါ်တဲ့လူ တစ်ယောက်မှမရှိဘူး"လို့လည်း ထပ်ပြောလိုက်ပါတယ်။

အဲဒီပါတီပွဲကို သွားခဲ့ပြီးတဲ့နောက် မကြာခင်မှာပဲ အမေက ကျွန်မကို ကုမ္ပဏီက ထွက်ခိုင်းခဲ့ပါတယ်။ ကျန်းမာရေးမကောင်းဘူးလို့ အကြောင်းပြပြီး ထွက်ခဲ့တာပါ။ ကျွန်မရဲ့ခေါင်းကိုက်ရောဂါကလည်း အရင်ကထက်ပိုပြီးဆိုးလာပါတယ်။ ကျွန်မရဲ့ခေါင်းကိုက်ရောဂါဟာ ကာယချို့ယွင်းမှုကြောင့် မဟုတ်ဘူးလို့ ဆရာဝန်က ပြောပါတယ်။ ဘာပဲဖြစ်ဖြစ် အခုလိုအလုပ်က ထွက်လိုက်တာဟာ ကောင်းတယ်လို့ အမေက ပြောပါတယ်။ ကိုယ်ဟန်ပြမယ်ကုမ္ပဏီဟာ ကျွန်မလို အသက်ငယ်ရွယ်နုနယ်သေးတဲ့မိန်းကလေးတစ်ယောက်နဲ့ သင့်တော်တဲ့နေရာမဟုတ်ဘူးလို့လည်း အမေက ဖွင့်ပြောခဲ့ပါတယ်။

ကျွန်မတို့သားအမိ နယူးရောက်ကို ပြန်လာခဲ့ကြပါတယ်။

အခုလောလောဆယ် ငါ့သမီးမှာ လိုအပ်နေတာက အနားယူဖို့ပဲတဲ့၊ အမေက ကျွန်မခေါင်းကို ပရုပ်ဆီလူးပေးနေရင်းက ပြောပါတယ်။ "သမီးအနေနဲ့ အဆိုကောင်းတစ်ယောက်ဆိုတာလည်း ပြခဲ့ပြီးပြီ၊ အလွန်လှလှပပကတတ်တယ်ဆိုတာလည်း ပြခဲ့ပြီးပြီ၊ အမူအရာကျတော့လည်း အစွမ်းအစအပြည့်ရှိနေတယ်ဆိုတာ ပြခဲ့ပြီးပြီ။ ငါ့သမီးမှာ ပူစရာဘာမှမရှိတော့ဘူး၊ ငါ့သမီးဟာ အကျော်အမော် အဆိုတော် မင်းသမီးတစ်ယောက် ဖြစ်လာမှာသေချာနေပြီ"တဲ့။

⊓⊓⊓

www.burmeseclassic.com

## အခန်း[၄]

ကျွန်မ လူငယ်ဘဝကနေပြီး လူကြီးဘဝကိုမသိမသာ ကူးပြောင်းသွားနေတဲ့ နှစ်အတွင်းမှာ 'တက္ကဆက်ဂေနန်'နဲ့တွေ့ရခြင်းဟာ ထူးခြားတဲ့ဘဝမှတ်တိုင်တစ်ခုလို့ ဆိုရပါလိမ့်မယ်၊ အဲဒီနှစ်တွေအတွင်းမှာ ကျွန်မဟာ 'အဆိုအကလောက'နဲ့ အဆက်ပြတ်မသွားခဲ့ပါဘူး၊ ဒါ့ကြောင့်မို့လည်း ကျွန်မရဲ့နာမည်ဟာ ကျမသွားခဲ့ပါဘူး၊ ကိတ်သ်နယ်လှည့်ဇာတ်အဖွဲ့မှာတုန်းက ကျွန်မရဲ့သရုပ်ဆောင်မှုတွေနဲ့ ကျွန်မသီဆိုခဲ့တဲ့ သီချင်းတွေရဲ့ကျော်ကြားမှုကလည်း အရှိန်ကျမသွားသေးပါဘူး။

တက္ကဆက်ဂေနန်ဟာ နာမည်ကျော်ညကလပ်ပိုင်ရှင်တစ်ယောက်ပါ။ သူ့ရဲ့ ကလပ်မှာ ဆိုကြကကြတဲ့ မိန်းကလေးတွေဟာ နာမည်ကျော်ဘရော့ဝေးဇာတ်စင်ပေါ်အထိ ရောက်သွားနိုင်တဲ့ အခြေအနေရှိပါတယ်၊ အများအားဖြင့် သူ့ကလပ်မှာ သီဆိုကပြဖြေဖျော်နေကြသူတွေဟာ လက်ရွေးစင်တွေများပါတယ်၊ သူကလည်း နာမည်ကြီးနေတဲ့လူတွေကို ရှာပြီး သူ့စိတ်တိုင်းကျ လက်ရွေးစင် ရွေးယူလေ့ရှိပါတယ်။

အဲဒီအချိန်က ကျွန်မဟာ အိုင်ရာဗင်ဘာလင်အဖွဲ့မှာ ရောက်နေပါတယ်။ တစ်ရက် ကျွန်မဇာတ်တိုက်နေတုန်းမှာ တက္ကဆက်ဂေနန်ရဲ့ လူနှစ်ယောက်က ကျွန်မသီချင်းဆိုတာကို နားထောင်ခွင့်ရသွားကြပါတယ်။ သူတို့ကပဲ ကျွန်မကို တက္ကဆက်ဂေနန်နဲ့ သွားပြီးတွေ့ဖို့ အကြံပြုခဲ့ကြပါတယ်။

www.burmeseclassic.com

BURMESE CLASSIC .com

ကျွန်မအဖို့ကတော့ စဉ်းစားစရာဖြစ်လာပါတယ်။ အသက်ဆယ့်ခြောက်နှစ်သာရှိသေးတဲ့ ကျွန်မဟာ အခုထိရှက်စိတ်ကြောက်စိတ်က မကုန်သေးပါဘူး၊ တစ်ချိန်က 'ပန်းချီပန်းပုနဲ့ကိုယ်ဟန်ပြမယ်ကုမ္ပဏီ'မှာ အလုပ်လုပ်ခဲ့ဖူးတယ်လို့ဆိုရပေမယ့် အဲဒီတုန်းက ကျွန်မဟာ ကလေးစိတ်မကုန်သေးတဲ့ ဆယ့်လေးနှစ်အရွယ်ဟာ ဘာကိုမှ ပီပီပြင်ပြင်နားလည်ခဲ့တာ မဟုတ်ပါဘူး၊ ပြီးတော့လည်း ကျွန်မအနေနဲ့ အခုချိန်ထိ ယောကျ်ားလေးအတွဲဆိုလို့ ကျောင်းသူဘဝတုန်းကတည်းက ရင်းနှီးခင်မင်ခဲ့တဲ့ 'လီယို ဖော့စ်' တစ်ယောက်ပဲ ရှိပါသေးတယ်။

အဲဒီတော့ ကျွန်မလို အတွေ့အကြုံမရင့်ကျက်သေးတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ နာမည်ကြီး ဉာဏလပ်ပိုင်ရှင် တက္ကဆက်ဂေနန်ကို သွားတွေ့ဖို့ဆိုတာ မလွယ်ဘူးပေါ့၊ ပြီးတော့ လူချင်းကလည်း ရင်းနှီးသေးတာမဟုတ်တော့ မစဉ်းစားလို့ ဘယ်ဖြစ်မလဲ. . .။

တကယ်တော့လည်း တက္ကဆက်ဂေနန်နဲ့တွေ့ရတာဟာ ဟာရီကိန်း လေမုန်တိုင်းကို ခေါင်းနဲ့ပြေးတိုက်ရသလိုပါဘဲ၊ ကျွန်မ သူ့ကိုသွားတွေ့တဲ့နေရာက ၄၄လမ်းထဲက ရှူးဘတ်ဇာတ်ရုံထဲမှာပါ။ အရပ်က ငါးပေခြောက်လက်မ၊ ကိုယ်လုံးကိုယ်ပေါက်က တောင့်တောင့်ဖြောင့်ဖြောင့်နဲ့ အချိုးအစားပြေပြစ်လှပါတယ်၊ နှုတ်ခမ်းနီတွေဆိုးတာကလည်း ရဲတွက်နေတာပဲ၊ လည်ပင်းမှာ ဆွဲထားတဲ့ပုတီးကြီးကလည်း ခါးအထိရောက်တယ်။

ကျွန်မရောက်သွားတော့ သူက ဇာတ်ခုံပေါ်မှာ သူ့အနားကလူတွေကို အော်လိုက် ငေါက်လိုက် ကြိမ်းလိုက် မောင်းလိုက်နဲ့. . .။ ကျွန်မ သူ့ကိုကြည့်ပြီး ကြောင်တက်တက်ဖြစ်နေတယ်။ သူကလည်း ကျွန်မကို မြင်သွားတယ်။

"ကျွန်မလီလီယံရှော့သ်ပါ"လို့ တရိုတသေ တလေးတစားလှမ်းပြောပါတယ်။

သူက ကျွန်မကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး "မင်းအသံတော်တော်ကောင်းတယ်လို့ ငါကြားထားတယ်။ ကဲ. . . ချာတိတ်မ၊ သီချင်းတစ်ပုဒ် ဆိုပြစမ်း၊ တို့နားထောင်ချင်တယ်"လို့ ပြောတယ်၊ သူ့အသံက ယောကျ်ားသံကြီး. . .။

ကျွန်မက သီချင်းတစ်ပုဒ်ဆိုပြပါတယ်။ သီချင်းမဆုံးသေးခင်မှာပဲ သူက ကြားဖြတ်ပြီး "ညီးအသံက အသက်မပါပါလား. . . ချာတိတ်မရဲ့၊ သူတို့ကပြောတော့ ညီးအသံဟာ အံ့မခန်းကို ကောင်းတယ်တဲ့။ အခုကျတော့ ကြားထားရသလောက်မဟုတ်ပါလား၊ ဇာတ်စင်ပေါ်မှာ ညီးလုပ်ပြနိုင်တာ ဒီလောက်ပဲဆိုရင်တော့ အပုပ်နံ့ထွက်ရုံလောက်ပဲရှိမှာပေါ့"လို့ ပြောတယ်။

ကျွန်မရဲ့တစ်မျက်နှာလုံး ပူလာတယ်၊ "ဒီမယ် မစ္စဂေနန်၊ ကျွန်မဟာ ကိတ်သ် ဇာတ်အဖွဲ့က အခုမှထွက်ခဲ့တဲ့လူ၊ အခုချက်ချင်းပြန်သွားလို့ရတယ်၊ အဲ့ဒါကို ရှင် သိထားဖို့လိုတယ်။ အခု ကျွန်မဒီကိုလာတာဟာ ရှင်ခေါ်လို့လာတာ၊ ကျွန်မက ရှင့်ဆီ ကိုလာချင်လွန်းလို့ လာတယ်လို့မထင်နဲ့"လို့ ကျွန်မကပြောပြီး ဇာတ်စင်ပေါ်က ဆင်းခဲ့ပါတယ်။

ဂေနန်ရဲ့လေသံဟာ ချက်ခြင်းပဲ ပျော့သွားတယ်၊ "ဒေါသမကြီးပါနဲ့. . . ချာတိတ်မရယ်၊ ကဲ. . . ပြန်လာစမ်းပါဦး"တဲ့။

www.burmeseclassic.com


သူ့အနား ကျွန်မရောက်သွားတော့ ကျွန်မလည်ပင်းကို သူ့လက်နဲ့သိုင်းဖက်လိုက်တယ်၊ ပြီးတော့ "တို့နှစ်ယောက် ဒီအချိန်ကစပြီး မိတ်ဆွေဖြစ်ပြီ"လို့ ပြောပါတယ်။

အဲဒီနောက်မှာတော့ ကျွန်မနဲ့ ဂေနန်ရဲ့ကြားမှာ ဘာပြဿနာမှမရှိတော့ပါဘူး၊ ဒါပေမဲ့ ဝတ်စုံပြည့်နဲ့ ဇာတ်မတိုက်ခင်ညမှာတော့ လုံးဝမျှော်လင့်မထားတဲ့ ပြဿနာတစ်ခု ဝင်လာခဲ့ပါတယ်။ အဲဒီညမှာ ကျွန်မရဲ့လည်ချောင်းဟာ ရောင်နေပါတယ်။ ကျွန်မအသံဟာ အက်တက်တက်နဲ့ ဘယ်လိုမှ ကောင်းမလာပါဘူး။

ဂေနန်က "ဒီလိုဖြစ်လာလိမ့်မယ်လို့ ငါအထင်သားပဲ၊ ဒီအတိုင်းဆိုရင်တော့ ခက်တယ်၊ မနက်ဖြန်ညမှာမှ မင်းအသံပြန်ကောင်းမလာရင်တော့ မင်းအတွက် ကိစ္စချောပြီ"လို့ ပြောပါတယ်။

ကျွန်မ မျက်ရည်လည်ရွဲနဲ့ အိမ်ပြန်ရောက်သွားပါတယ်။ "သမီးတော့အချိန်မီ အသံပြန်ကောင်းမှာ မဟုတ်တော့ဘူး" လို့လည်း ပြောမိပါတယ်၊ အမေကလည်း ကျွန်မတွက်သလို တွက်ပါတယ်။ ဒါပေမဲ့ အဖေကတော့ စိတ်မလျှော့ပါဘူး။ ဆေးတွေထည့်တဲ့ ဘီရိုကလေးထဲက ဆေးတွေယူလာပြီး "မငိုပါနဲ့သမီးရယ်၊ ဟောဒီဆေးတွေ အမျိုးစုံရှိတာပဲ၊ သောက်တန်သောက်၊ လိမ်းတန်လိမ်းပေါ့၊ ငါ့သမီး အသံပြန်ကောင်းလာရမယ်"လို့ အားပေးပါတယ်။

အဖေက ဆေးတွေတိုက်တယ်၊ လည်ချောင်းကို ဆေးဖြန်းပေးတယ်၊ လက်ဖက်ရည်ပူပူ သောက်ခိုင်းတယ်၊ ပြီးတော့ အိပ်ရာပေါ် အိပ်ခိုင်းပြီး စောင်တွေ အထပ်ထပ် ခြုံပေးထားတယ်၊ တစ်ညလုံး ကျွန်မရဲ့ကိုယ်ဟာ ချွေးတွေနဲ့ စိုရွှဲနေတယ်၊ ဒီလိုနဲ့ပဲ ကျွန်မအသံဟာ ကျွန်မဆီ ပြန်ရောက်လာခဲ့ပါတယ်။ အသံက ပီပြင် ကြည်လင်နေတာတွေ့ရလို့ ဝမ်းသာလိုက်တာ. . .။

အဲဒီညကပွဲမှာ ကျွန်မ အခန်းလဲပြီးရော သားအမိနှစ်ယောက် အိမ်ကို စောစောပဲ ပြန်လာခဲ့ကြတယ်၊ မနက်ထွက်လာမဲ့သတင်းစာတွေကို စိတ်တစောစောနဲ့ မျှော်ကြရပါတယ်။ သူငယ်ချင်း အပေါင်းအသင်းတစ်ချို့ကလည်း ကျွန်မတို့နဲ့ လိုက်လာပြီး ကျွန်မတို့နဲ့အတူ မနက်ခင်းသတင်းစာတွေကို စောင့်မျှော်နေကြပါတယ်။ ဧည့်သည်တွေကို ရေခဲမုန့်ချပေးနေတဲ့ အမေဟာ အလွန်စိတ်လှုပ်ရှားနေပါတယ်။ ကျွန်မအနေနဲ့လည်း စကားမပြောနိုင်ပါဘူး။ လက်သည်းတွေကိုပဲ ထိုင်ပြီး ကိုက်နေမိပါတယ်။

ပြန်းခနဲ တယ်လီဖုန်းသံထွက်လာပါတယ်၊ ဆက်တဲ့လူက 'ဗစ်လ်ဟန်ဘာလီ'ပါ၊ "ဟယ်လို လီလီယံ၊ မင်းဘာပြုလို့ ထွက်ပြေးတာလဲ၊ ဒီနေ့ 'အမေရိကန်'သတင်းစာမှာ ရေးထားတာ ကိုယ်ဖတ်ပြမယ်၊ နားထောင်"တဲ့။

"ယမန်နေ့ည ကပွဲတွင် ဤမိန်းကလေးသည် ဇာတ်ခုံထက်ရှိ ကန့်လန့်ကာနောက်မှ ကိုးနာရီတွင် ပေါ်ထွက်လာခဲ့သည်။ သီချင်းသုံးပုဒ်မျှဆိုသွားခဲ့သည်မှာ ထူးခြားပြောင်မြောက်စွာသီဆိုသွားခဲ့သဖြင့် ပရိသတ်အတွက် အံ့သြစရာဖြစ်ခဲ့သည်။ သံစုံတေးဂီတပြဇာတ်လောကအတွက် အလားအလာအလွန်ကောင်းသည့် မင်းသမီးတစ် လက် ပေါ်ထွက်လာခဲ့ပေပြီ"

www.burmeseclassic.com

BURMESE CLASSIC .com

သူ ဖတ်ပြသွားတာဟာ နယူးရောက်ထုတ် 'အမေရိကန်' သတင်းစာ ထဲက ဝေဖန်ရေးဆရာရဲ့ ဝေဖန်သုံးသပ်ချက်ပါ။ ကျွန်မအတွက် ဝမ်းသာအားတက် စရာကောင်းတဲ့ ဝေဖန်ချက်ပါ။ ကျွန်မတို့အုပ်စုဟာ အရုဏ်တက်ချိန်အထိ မအိပ်တော့ပဲ ပျော်ပွဲကျင်းပခဲ့ကြပါတယ်။ ရောက်လာတဲ့လူတိုင်းက 'အမေရိကန်' သတင်းစာကို မြှောက်မြှောက်ပြကြပါတယ်။ ကျွန်မအဖေကတော့ "ကိုယ်တို့သမီးဟာ တစ်နေ့ကျရင် ဒီလိုဖြစ်လာလိမ့်မယ်လို့ ကိုယ်ပြောခဲ့ဘူးတာ မင်းမှတ်မိသေးလား ကေတီ"တဲ့၊ အမေကလည်း "ကေတီမှတ်မိပါတယ်. . . အာသာရယ်၊ တို့သမီးလီလီ အကြောင်းကို ကေတီထက် ရှင်ကပိုပြီးသိပါတယ်"လို့ ပြန်ပြောပါတယ်။

၂

ကျွန်မအဖို့ အမြင့်ကိုတက်ရမဲ့လမ်းဟာ သိပ်ကိုမက်မောတွယ်တာစရာ ဖြစ်လာခဲ့ပါပြီ၊ အဲဒီအချိန်မှာပဲ အဲဒီခေတ်က ဇာတ်မြူးတွေမှာ နာမည်ကြီးနေတဲ့ ထိပ်သီးအဆိုတော် 'ဝင်နီလိုက်တ်နာ'ဟာ ဒယ်လ်ဗာရဲ့ 'ရီးဗီးပြဇာတ်'ကနေရာက နေမကောင်းလို့ ခဏနားရမလိုဖြစ်နေတယ်ဆိုတဲ့သတင်း ထွက်လာပါတယ်။ အဲဒီသတင်းကို သူနဲ့အတူတူတွဲပြီး သရုပ်ဆောင်နေတဲ့ ဖရန့်ဖေးနဲ့ ဘတ်လာတို့ မက်ဆီကယ်လီတို့က ကျွန်မဆီယူလာကြပါတယ်။ ကျွန်မကလည်း ဘရော့ဒေးမှာ စင်တင်နေတဲ့ 'မက်စ်လော့ပြဇာတ်' ပြီးစမို့ ခဏတစ်ဖြုတ် နားနေရတဲ့အချိန်ပါ။ "မင်းဟာ သူနဲ့တူအောင် သရုပ်ဆောင်နိုင်နေတာပဲ၊ ဝင်ကပါလား၊ မင်းနဲ့ဖြစ်လိမ့်မယ်လို့ထင်တယ်"လို့ ဖရန့်က တိုက်တွန်းပါတယ်။

"ဖြစ်ပါ့မလား မစ္စတာဖရေးရယ်"လို့ ကျွန်မက ပြောမိပါတယ်၊ သူတို့က ဝိုင်းပြောနေကြတာနဲ့ပဲ အဲဒီညက ကျွန်မကိုယ်တိုင် သူပါဝင်သရုပ်ဆောင်နေတဲ့ ပြဇာတ်ကို သွားကြည့်ပါတယ်၊ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းကလေး ပီပီပြင်ပြင်သရုပ်ဆောင်သွားတဲ့ သူ့ဟန်အမူအရာတွေကို ကျွန်မ မြင်ခဲ့ရပါတယ်။ သူ့လောက်တော်အောင်မှ ကျွန်မ သရုပ်ဆောင်နိုင်ပါ့မလားလို့ တွေးမိပါတယ်။ တက္ကဆက်ဂေနန်ဆီမှာ သရုပ်ဆောင်ခဲ့ရတာတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဝင်နီလိုက်တ်နာရဲ့နေရာက ပိုပြီးခက်ခဲလိမ့်မယ်လို့ ကျွန်မ တွက်ထားမိလို့ပါ၊ ဒါပေမဲ့ အဲ့ဒီညမှာပဲ သူဆိုတဲ့သီချင်းတွေကို ယူလာပြီး ကျွန်မ လေ့လာကြည့်ခဲ့ပါတယ်။

နောက်တစ်ရက်ညမှာတော့ ကျွန်မဟာ ဇာတ်ခုံပေါ်ရောက်နေပါပြီ၊ ပရိသတ်နဲ့ရင်ဆိုင်ဖို့ အသင့်အနေအထားပါ။ ကန့်လန့်ကာကတော့ မတင်သေးပါဘူး၊ အဲဒီတုန်းမှာပဲ ဧည့်ကြိုတစ်ယောက်ရောက်လာပြီး "ဇာတ်စင်နောက်ကို ခဏလိုက်ခဲ့ဖို့ ခေါ်ခိုင်းလိုက်တယ်"လို့ ပြောပါတယ်။

ဝင်နီဖျားနေပြီ. . . တဲ့၊ ဒီညပြဇာတ်မှာ သူ့အစား ကျွန်မဝင်ပေးဖို့သေချာပြီတဲ့။

နောက်မိနစ်အနည်းငယ် ကြာတော့ ကျွန်မဟာ ဝင်နီရဲ့ 'ကျွန်မ ယူနီဖောင်းနဲ့လူကို ချစ်တယ်' ဆိုတဲ့သီချင်းကို ဆိုနေပါပြီ။ ကျွန်မရဲ့အသံဟာ ဇာတ်ခုံပေါ်ကတစ်

www.burmeseclassic.com

BURMESE CLASSIC .com

ဆင့် ပရိသတ်ရဲ့လက်ခုပ်ဩဘာသံကြားမှာ ကျွန်မရဲ့အသံ နိမ့်ချီ တစ်ခါမြင့်ချီတစ်လှည့်နဲ့ လှိုင်းထလို့နေပါတယ်။ ဝင်နီရဲ့အကျော်ကြားဆုံးနဲ့ အစွဲဆုံးသီချင်းတစ်ပုဒ်ဟာ ကျွန်မရဲ့ပရိသတ်အကြိုက်ဆုံးသီချင်းတစ်ပုဒ် ဖြစ်သွားခဲ့ရပါပြီ။

'ရီဗီးပြဇာတ်'ရဲ့ဇာတ်သိမ်းခန်းဟာ အံ့မခန်းရှိလှပါတယ်၊ ကျွန်မ အဖို့တော့ ရင်ဖိုလှိုက်မောခဲ့ရပါတယ်၊ အရင့် အရင်ကမကြုံဘူးခဲ့တဲ့ ခံစားမှုမျိုးကို ရရှိခံစားခဲ့ရတာပါ၊ 'ပန်းချီနဲ့ကိုယ်ဟန်ပြမယ်ကုမ္ပဏီ'မှာ လုပ်တုန်းက ကျွန်မ ကပြခဲ့ရတဲ့ ဇာတ်သိမ်းခန်းတွေဟာ အဝတ်အစားမလုံ့တစ်လုံတွေနဲ့ ကိုယ်လုံးတီးတွေမို့ ကျွန်မအဖို့ ရှူးမတတ်ဖြစ်ခဲ့ရပါတယ်၊ အခုလို 'သန့်ရှင်းစင်ကြယ်တဲ့ အနုပညာစစ်စစ်'ဆိုတာ မရှိခဲ့ဘူး မဟုတ်လား။

ဇာတ်စင်ရဲ့ ဘယ်ဖက်မှာရပ်နေတဲ့ ဖရန့်ဖေးဟာ အတွင်းဖက်ဇာတ်ခုံလှေကားနားမှာ တန်းစီပြီးရပ်နေကြတဲ့ ဇာတ်ဆောင်တွေကို တစ်ယောက်ချင်း တစ်ဖွဲ့ချင်း ကြေငြာပြီး ခေါ်နေပါတယ်။ ပထမဆုံးသီချင်းကို သံပြိုင်လိုက်ဆိုတဲ့ မိန်းကလေးတွေ ထွက်လာပါတယ်။ အဲဒီနောက် သာမညဇာတ်ရံတွေနဲ့ အဓိကဇာတ်ရံတွေပါ၊ ပြီး တော့ ဇာတ်လိုက်တွေဖြစ်တဲ့ မက်ဆီကယ်လီနဲ့ ဘတ်လာတို့တက်လာကြပါတယ်၊ ဇာတ်စင်ပေါ်ကို လူစုံတက်စုံရောက်လာပြီဆိုတာနဲ့ တစ်ပြိုင်နက် ဖရန့်ဖေးရဲ့ ကျယ်လောင်အောင်မြင်တဲ့အသံဟာ ပြုန်းခနဲထွက်ပေါ်လာပါတယ်။

"မစ္စ. . . လီလီယံ. . . ရော့သ်"

ကျွန်မဟာ ဇာတ်ခုံပေါ်မှာ ဘွားခနဲပေါ်လာပါတယ်။ သောင်းသောင်းဖြဖြ တီးခတ်နေကြတဲ့ လက်ခုပ်ဩဘာသံတွေဟာ တော်တော်နဲ့ မစဲပါဘူး၊ 'ကျွန်မ ယူနီဖောင်းနဲ့လူကို ချစ်တယ်' ဆိုတဲ့ သီချင်းတီးကွက်နဲ့အတူ စည်းချက်ကျကျလှေကားပေါ်က ကျွန်မ ဆင်းလာခဲ့ပါတယ်၊ ကျွန်မရဲ့ဘေးတစ်ဘက်တစ်ချက်မှာတော့ ဝက်စ်ပွိုင့်တက္ကသိုလ်ဝတ်စုံနဲ့ လူချောလူလှကျောင်းသားခြောက်ယောက်က တစ်ဖက်သုံးယောက်စီ ရံထားကြပါတယ်။

ကျွန်မရဲ့သီချင်းသံနဲ့ တေးဂီတသံ. . . ဇာတ်စင်ထက်က အပြင်အဆင်အမွမ်းအမံ. . . ဘေးပတ်ပတ်လည်က အခြံအရံတွေ။ ပြီးတော့ ပရိသတ်ရဲ့ ဩဘာလက်ခုပ်သံတွေ။ အဲဒါတွေဟာ ကျွန်မအဖို့ အံ့မခန်း ရှိလွန်းလှပါတယ်။ ပျော်လွန်းလို့ မျက်ရည်တောင် ကျခဲ့ရပါတယ်။ ထုံးစံအတိုင်း ဇာတ်စင်ရဲ့ဘေးတစ်ဖက်က ရပ်ကြည့်နေတဲ့ ကျွန်မအမေ ကေတီမျက်နှာဟာ ကြည်လင်ဝင်းလက်လို့နေပါတယ်။

ဂ

ကျွန်မ 'ရီဗီးပြဇာတ်'မှာ ပါဝင်ကပြခဲ့ခြင်းဟာ ဘားလ်ကာရိုးလ်ရဲ့အဖွဲ့ကို ရောက်ဖို့ ခြေတစ်လှမ်း လှမ်းခဲ့ခြင်းပါပဲ၊ ကျွန်မဘားလ်ကာရိုးလ်အဖွဲ့မှာ တစ်ပတ်ဒေါ်လာ ခုနှစ်ရာနှုန်းနဲ့ စာချုပ် ချုပ်ခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကျွန်မအသက်ဟာ (၁၇)နှစ်ပဲ ရှိပါသေးတယ်။

သူတို့အဖွဲ့မှာ ဆစ်ဒနီစကိုးလ်စကီးက သတင်းနဲ့ပြန်ကြားရေး တာဝန်ခံပါ၊

www.burmeseclassic.com

BURMESE CLASSIC .com

ဇာတ်စင်မန်နေဂျာကတော့ နောင်အခါမှာ ဟိုးလီးဝုဒ်ကနာမည်ကြီး ဆီရိုကုမ္ပဏီမန်နေဂျာဖြစ်လာတဲ့ 'ဟာမင်းဟိုပါး'ပါ။ ဇာတ်ဆရာကတော့ နာမည်ကြီးဘွတ်ရှိဘတ်ကလေးပါ။ အားလုံးဟာ ထိပ်သီးတွေချည်းပါပဲ။

ပထမနေ့ညနေပိုင်းမှာ ကျွန်မဟာ ဇာတ်တိုက်ဖို့ ရောက်သွားပါတယ်၊ ချိတ်ဆွဲထားတဲ့ ပိုစတာကြီးပေါ်မှာ သရုပ်ဆောင်နာမည်တွေရေးထားတာတွေ့ရပါတယ်၊ ရေးထားတဲ့နာမည်တွေကတော့ 'ဒဗလျူ စီ၊ ဖီးလ်၊ ရေးဒူလေး၊ ဂျိုးဖရစ္စကို၊ ကမ္ဘာ့အလှမယ် ဒေါ်ရော်သီကနက်သ်ဘာတိုနှင့်မန်း၊ ဗင်းဆင့်လိုပက်ဇ်နှင့် သူ့တေးဂီတအဖွဲ့'တဲ့။

လီလီယံရော့သ်ဆိုတဲ့ နာမည်ကိုတော့ လုံးဝမတွေ့ရပါဘူး၊ ကျွန်မနာမည်မပါဘူးဆိုတာ သေချာအောင် နောက်တစ်ကြိမ် ထပ်ဖတ်ကြည့်ပါတယ်၊ မပါတာသေချာသွားပါပြီ၊ ကျွန်မ ဇာတ်ရုံထဲဝင်လာခဲ့ပါတယ်။ ဇာတ်ခုံပေါ်မှာ သရုပ်ဆောင်တွေနဲ့ ရပ်ပြီးစကားပြောနေတဲ့ 'ဘားလ်ကာရိုးလ်'ဆီကို လျှောက်သွားပါတယ်။

"ဒီမှာ မစ္စတာကာရိုးလ်"လို့ ကျွန်မ တုန်ယင်နေတဲ့အသံနဲ့ ခေါ်လိုက်တော့ သူက လှည့်ကြည့်ပါတယ်။ "ကျွန်မ ကြော်ငြာပိတ်ကားကြီးကို မြင်ခဲ့ရပြီးပြီ၊ ကျွန်မဟာ ဒီဇာတ်မှာ အဓိက သရုပ်ဆောင်တစ်ဦးပါ၊ ကြော်ငြာထဲမှာ တခြားသရုပ်ဆောင်တွေရဲ့ နာမည်တွေအားလုံး ထည့်ထားပေမယ့် ကျွန်မနဲ့ ဇာတ်ခုံတံမြက်လှည်းသမားရဲ့ နာမည်တွေကျတော့ မပါပါဘူး"

မစ္စတာကာရိုးလ်က မျက်လုံးပြာကြီးတွေကို ပြူးပြီး ကျွန်မကို စူးစူးရဲရဲကြည့်နေပါတယ်။

"မင်းက. . . မင့်ကိုယ်မင်း ဘာများထင်နေသလဲ"လို့ လေအေးကလေးနဲ့ ပြန်မေးပါတယ်။

"ဘရော့ဒေးဇာတ်ရုံမှာ ကပြနေတဲ့ အသက်အငယ်ဆုံး မင်းသမီးတစ်လက်ပါ၊ နာမည်က 'လီလီယံရော့သ်' လို့ခေါ်ပါတယ်။ 'ရော့သ်သမီးပျိုများ' ဆိုတဲ့ နာမည်နဲ့ အရပ်တကာလှည့်ပြီး ကခဲ့ဖူးပါတယ်၊ နာမည်ကြီး 'ရီဗီးပြဇာတ်' ထဲက မင်းသမီး ဝင်နီလိုက်တ်နာရဲ့နေရာမှာ အစားဝင်ပြီးတော့လည်း ကခဲ့ဘူးပါတယ်၊ တက္ကဆက်ဂေနန်ရဲ့ 'မက်ဒ်လော့အဖွဲ့'မှာလည်း နာမည်ရခဲ့ဘူးတဲ့လူပါ"လို့ ကျွန်မကလည်း သူလိုပဲ လေအေးကလေးနဲ့ ရှင်းပြပါတယ်။ ပြီးတော့မှ ကျွန်မ သုံးနေကျစကားနဲ့ အဆုံးသတ်လိုက်ပါတယ်။ "ကျွန်မကရှင့်ဆီကိုလာတာ မဟုတ်ပါဘူး၊ ရှင်က ကျွန်မကို ခေါ်တာပါ"

ချက်ခြင်းပဲ ငြိမ်ဆိတ်သွားပါတယ်။ မစ္စတာကာရိုးလ်ဟာ ကျွန်မကို စိုက်ကြည့်နေဆဲပါ၊ သူ့မျက်နှာထားကလည်း တစ်ခုခုကို အလေးအနက်ထားပြီး တွေးနေသလိုပဲ၊ သူကြည့်နေပုံကြီးက တစ်မျိုးပဲ၊ ကျွန်မကို အခုမှ ပထမဆုံး တွေ့ဖူးသလိုပဲ၊ ကျွန်မကလည်း သူဘယ်လိုပဲကြည့်ကြည့် ဂရုမစိုက်ပါဘူး၊ မျက်လုံးချင်းဆိုင်ပြီး ရဲရဲဝံ့ဝံ့ ပြန်ကြည့်နေပါတယ်။

မစ္စတာကာရိုးလ်ဟာ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး ထိပ်ပြောင်ပြောင်ပါ၊ ခေါင်းပေါ်က ဆံပင်တွေက ကျိုးတိုးကျဲတဲနဲ့ ကြည့်ရတာတစ်မျိုးပဲ၊ သူ့အနေနဲ့ ကျွန်မ

www.burmeseclassic.com



BURMESE CLASSIC .com

ကိစ္စမှာ လုပ်နိုင်တဲ့နည်း နှစ်နည်းရှိပါတယ်၊ တစ်နည်းက ကျွန်မကို သူ့ဒူးပေါ်ဆွဲမှောက်ပြီး ကျွန်မရဲ့တင်ပါးတွေကို လက်ဝါးနဲ့ရိုက်ဖို့ပါ၊ ဒုတိယနည်းကတော့ ကျွန်မနဲ့ ချုပ်ထားတဲ့စာချုပ်ကို ဆွဲဆုတ်ပြီး ကျွန်မကို ကန်ထုတ်လိုက်ဖို့ပါ။

ဒါပေမဲ့ သူ အဲသလိုတော့ မလုပ်ပါဘူး၊ ဖြုန်းခနဲ ကျွန်မ လက်မောင်းကို ဆွဲပြီးခေါ်သွားပါတယ်၊ ဇာတ်စင်ပေါ်ကဆင်းလာပြီး ဇာတ်ရုံနောက်ဖက်က လမ်းငါးဆယ်ထဲခေါ်သွားတာပါ၊ လမ်းပေါ်မှာ လူတစ်အုပ်ရှိနေတာမြင်ရပါတယ်၊ "မင်းကိုသိတဲ့လူ ဘယ်နှစ်ယောက်ရှိသလဲဆိုတာ ငါပြမယ်"လို့လည်း သူက ရေရွတ်ပါတယ်။

သူဆွဲခေါ်ရာနောက်ကို ဒရွတ်သီထိုးပါလာတဲ့ ကျွန်မဟာ လမ်းမပေါ်ရောက်ကာမှပဲ ကိုယ့်ကိုယ်ကိုထိန်းပြီး မတ်မတ်ရပ်နိုင်ပါတယ်၊ သူဟာ လမ်းပေါ်မှာ သွားလာနေကြတဲ့ လူတွေကို လှမ်းလှမ်းပြီးလည်းမေးပါတယ်။

"ခင်ဗျာ့တို့ လီလီယံရော့သ်ကို သိကြလား၊ လီလီယံရော့သ်ဆိုတဲ့နာမည်ကို ကြားဘူးကြသလား"

တစ်ချို့က စကားကိုကြားတော့ ယောင်ရမ်းပြီးရပ်လိုက်ကြတယ်၊ အံ့အားသင့်ပြီး ကြောင်တက်တက်ဖြစ်နေကြပါတယ်၊ ပြီးတော့ ဘာမှပြန်မပြောဘဲ ဆက်လျှောက်သွားကြပါတယ်၊ လူတစ်ယောက်ကတော့ ဖျတ်ခနဲရပ်လိုက်ပြီး "ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ"လို့ မေးတယ်၊ နောက်တစ်ဦးကတော့ "မသိဘူး၊ ဘာဖြစ်လို့ လာမေးတာလဲ၊ သူဘယ်သူလဲ"လို့ ပြန်မေးတယ်၊ ဒါပေမဲ့ ပြန်ဖြေတာကျတော့ စောင့်ပြီးနားမထောင်ပဲ ထွက်သွားတယ်။

မစ္စတာကာရိုးလ်က ကျွန်မကိုဆွဲလှည့်ပြီး "ကဲ အမျိုးသမီးကလေး. . . ခင်ဗျားသိပြီလား. . .၊ ငါအခုပြောတဲ့စကားကို မြဲမြဲမှတ်ထား၊ မင်း နယ်လှည့်ပြီး ကခဲ့တဲ့ဇာတ်ကို လာကြည့်တဲ့လူတွေက ဒေါ်လာခုနှစ်ဒေါ်လာနဲ့ ဆင့်ခုနှစ်ဆယ်ပေးကြတာ မဟုတ်ဘူး၊ ငါ့ပြဇာတ်ကို ခုနှစ်ဒေါ်လာနဲ့ ဆင့်ခုနှစ်ဆယ်ပေးပြီး လာကြည့်ကြတဲ့လူတွေက မင်းကိုမသိကြဘူး၊ အဲဒါပဲ"လို့ ပြောပါတယ်။

ကျွန်မ နည်းနည်းလေးမှ မတုန်လှုပ်ပါဘူး၊ ကြောက်လည်း မကြောက်ပါဘူး၊ ဒေါသတော့ ဖြစ်ပါတယ်၊ "ကောင်းပြီလေ. . . ရှင်အခုမေးသလို လမ်းပေါ်မှာ သွားနေတဲ့လူတွေကို 'ဝင်နီလိုက်တ်နာကို သိလား'လို့မေးရင် 'ခင်ဗျားဘာတွေလာပြောနေတာလည်း'လို့ ပြန်မေးမှာပဲ၊ ဝင်နီလိုက်တ်နာကိုလည်း မသိဘူးလို့ပဲ ဖြေကြမှာပဲ၊ အဆန်းမဟုတ်ပါဘူး၊ အဲဒီတော့ ကျွန်မအခုချက်ခြင်း အလုပ်ကထွက်မယ်"လို့ ကျွန်မက စိတ်ဆိုးမာန်ဆိုးနဲ့ ပြန်ပြောလိုက်ပါတယ်။

ကျွန်မအနေနဲ့ စိတ်တော့ထိခိုက်ရတာ အမှန်ပါ၊ အိမ်အပြန်မှာ တစ်လမ်းလုံး ငိုလာမိပါတယ်၊ အိမ်ရောက်တော့ အမေက ကျွန်မကို တယုတယပွေ့ဖက်ထားပါတယ်၊ "သမီးပြောခဲ့ လုပ်ခဲ့တာတွေအားလုံး မှန်ပါတယ်"လို့လည်း ပြောတယ်။ "သမီးက ငယ်ငယ်ကတည်းက အခုထိ ဒီအလုပ်ကိုလုပ်လာတာမဟုတ်လား၊ သမီးအနေနဲ့ ကိုယ့်အရည်အချင်းနဲ့ အစွမ်းအစအတွက် ကိုယ့်ဖာသာကိုယ် တိုက်ပွဲမဝင်ရင် ဘယ်သူက ဝင်တိုက်ပေးမှာလဲ"လို့လည်း အားပေးပါတယ်။

"ဒါပေမဲ့ အမေရယ် 'ဘားလ်ကာရိုးရဲ့ အနှစ်မဲ့ခြင်းများ'ဆိုတဲ့ ပြဇာတ်မှာ

www.burmeseclassic.com


ကရမဲ့အလုပ်ဆိုတော့ အမေပဲစဉ်းစားကြည့်ပါဦး”လို့ ကျွန်မက မျက်ရည်စက်လက်နဲ့ ပြောမိပါတယ်။

မကြာလိုက်ပါဘူး ဇာတ်ရုံက ရာဇသံရောက်လာပါတယ်။ ပြဇာတ်ရုံတင်မဲ့ရက်မတိုင်မီ ဇာတ်အဖွဲ့ကိုပြန်မလာရင် ချုပ်ဆိုထားတဲ့စာချုပ် ဖောက်ဖျက်မှုနဲ့တရားစွဲဆိုမယ်ဆိုတဲ့ ရာဇသံပါ၊ အဲသလို သရုပ်ဆောင်မှုဥပဒေအရ တရားစွဲခံရလို့ အမှုရှုံးရင် ကျွန်မအနေနဲ့ ဘရော့ဝေးဇာတ်ရုံမှာ မင်းသမီးအဖြစ်ကနိုင်မဲ့ အခွင့်အလမ်းပိတ်သွားမှာပါ။

အမေနဲ့ ကျွန်မဟာ မျက်ရည်စက်လက်နဲ့ ဒီပြဿနာကို ဆွေးနွေးကြပါတယ်။ ကျွန်မတို့ဖက်က လက်မြှောက်ကြတော့မဲ့ အခြေအနေကိုဆိုက်နေပါပြီ၊ ကျွန်မရဲ့စာချုပ်ထဲမှာက ကြော်ငြာတဲ့အခါ ကျွန်မရဲ့နာမည်ကိုထည့်ပြီး ကြော်ငြာပေးရမယ်ဆိုတဲ့အပိုဒ် လုံးဝမပါခဲ့ပါဘူး။

ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . ကျွန်မဟာ မစ္စတာကာရိုးလ်တို့ဆီမှာ ပြန်ပြီးကပြပေးခဲ့ရပါတယ်၊ အဲဒီအချိန်မှာ ကျွန်မအတွက် အကောင်းလေးတစ်ခုရလာခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ကတော့ ကျေးဇူးတင်ရမဲ့လူက ‘ဘာရီတော်လေး’ဆိုတဲ့ အမျိုးသမီးဇာတ်ဆောင် တစ်ယောက်ပါ၊ သူဟာ မစ္စတာကာရိုးလ်တို့ဇာတ်အဖွဲ့မှာ ထင်ရှားသူ တစ်ဦးပါ။ သူက ကျွန်မကို သူ့အဖွဲ့ထဲမှာခေါ်ထားရာက ခင်မင်ရင်းနှီးလာကြတာပါ။

ဘာရီနဲ့ကျွန်မဟာ အရပ်အမောင်းမှာ အတူတူပါ၊ ဒါပေမဲ့ ကိုယ်အလေးချိန်ကျတော့ ကျွန်မက တစ်ရာသုံးဆယ့်ငါးပေါင်ရှိပြီး သူက တစ်ရာ့ဆယ့်တစ်ပေါင်ပဲရှိပါတယ်၊ သူနဲ့ ကျွန်မရဲ့ ခြားနားမှုဟာ အဲဒါပါပဲ. . . ။

အခြားအဓိကဇာတ်ဆောင်တွေမှာလိုပဲ ကျွန်မမှာလည်း လက်တိုလက်တောင်းခိုင်းဖို့ မိန်းကလေးတစ်ယောက် ထားပေးပါတယ်၊ သူတို့အလုပ်က မိတ်ကပ်လိမ်းတဲ့နေရာနဲ့ အဝတ်လဲတဲ့နေရာတွေမှာ အများဆုံးကူညီကြရတာပါ၊ အမှန် အတိုင်းဆိုရင်တော့ အကူတစ်ယောက်ထားပေးတာဟာ ဂုဏ်သိက္ခာမြင့်မားအောင်လုပ်ပေးထားတဲ့သဘောပါ။

ကျွန်မရဲ့အကူမိန်းကလေးကတော့ ကျွန်မအတွက် အထူးတာဝန်ကိုလည်းလုပ်ပေးရပါတယ်၊ သူဟာ နာရီပိုင်းနဲ့အမျှ အပြင်ထွက်ပြီး အအေးဆိုင်က နွားနို့နဲ့လုပ်ထားတဲ့ ရေခဲမုန့်တို့ ငှက်ပျောသီးတို့ဝယ်ပေးရပါတယ်။ ကျွန်မအမြဲစားလေ့ရှိတဲ့အစာတွေ မဟုတ်လား။

တစ်ရက်မှာ ကျွန်မ အဲဒီအစာတွေကို အငမ်းမရစားသောက်နေတုန်းပြုန်းခ နဲ ဘာရီရောက်လာပါတယ်၊ သူက ကျွန်မစားနေတာကို စိုက်ကြည့်နေရာကမျက် နှာကိုရှုံ့လိုက်ပါတယ် “လီလီယံရယ်. . . မင်းကိုကြည့်ပြီး ကိုယ်စိတ်ပျက်သွားတယ်”လို့လည်း ပြောပါတယ်။

“ဟင်. . . ဘာဖြစ်လို့လဲ”

“မင်း. . . ကိုယ့်ကိုကြည့်စမ်း၊ ပြီးရင် မင့်ကိုယ်မင်းပြန်ကြည့် မင့်အသားကို တစ်ဝက်လောက်လျှော့လို့ရရင် သိပ်ကောင်းသွားမယ်၊ အဲဒါဆိုရင် မင်းဟာ ကိုယ့်

www.burmeseclassic.com



ထက်ကြည့်လို့လှလာမှာ သေချာတယ်၊ မင်း ဒီအလုပ်ကို ဆက်လုပ်မယ်လို့ စိတ်ကူးထားသလား၊ မင်းသမီးကောင်းတစ်ယောက်ဖြစ်ဖို့ကော မှန်းထားသလား”

“ဟာ. . . လီလီလည်း ဖက်တီးဖြစ်နေတဲ့ မင်းသမီးတစ်ချို့တွေ့ခဲ့ဖူးပါ တယ်။ ဆိုဖီတမ်ကားနဲ့ ဆယ်လီဘေကာတို့ဆိုရင် ဘယ်လို၊ သူတို့လည်း ဝတာပဲ၊ ဒါပေမဲ့ နာမည်ကျော်နေကြတာပဲ”

“ဒါပေမဲ့ လီလီရာ၊ မင်းမျက်နှာက မင်းမှာတစ်ခုခုလိုနေပြီလို့ ပြောနေတာကို သတိထားမိရဲ့လား၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် မင်းဟာ ရုပ်ရှင်မင်းသမီးဖြစ်လာပြီး၊ အချစ်ခန်းတွေမှာပါမယ်ဆိုပါတော့၊ အဲဒီအခါကျရင် မင်းမှာ ဘာလိုမလဲဆိုတာ မင်းမသိဘူးလား”

“လီလီလား မင်းသမီးဖြစ်မှာ၊ လီလီက လှမှမလှတာ၊ ဘယ်လိုလုပ်ပြီး မင်းသမီးဖြစ်မှာလဲ၊ သူတို့မှာ ဘာရီလိုလှတဲ့ဟာလေးတွေ ရှိနေမှာပဲ၊ လီလီက သီချင်းဆိုရရင်ပြီးတာပဲ”

ဘာရီက သက်ပြင်းချပါတယ်၊ “အို. . . လီလီရယ်၊ မင်းဟာ ပြောရ တော်တော်ခက်ပါလား။ မင်းရုပ်ရည်ကို မှန်ထဲမှာသေသေချာချာ ပြန်ကြည့်ဦး၊ မင်းမှာ အလားအလာတွေ သိပ်ရှိနေတယ်၊ တကယ်လို့ မင့်ကိုယ်မင်း ဝက်မကလေးတစ်ကောင်ဖြစ်လာအောင် မလုပ်ဘူးဆိုရင် မင့်မှာအရည်အသွေး အများကြီးရှိနေတယ်”

သူပြောမှပဲ ကျွန်မရုပ်ကို ကျွန်မ မှန်ထဲမှာသေသေချာချာ ကြည့်မိတယ်။ သူပြောသလို ကျွန်မ မျက်နှာမှာ တစ်ခုခုတော့ ရှိတန်ကောင်းရဲ့လို့ ထင်လာပါတယ်။ ကျွန်မအနေနဲ့ အစားကို သူပြောတဲ့အတိုင်း စားပါတယ်၊ ရှောင်သင့်တာတွေကို ရှောင်ပြီး စားသင့်တာမှန်သမျှကို စားပါတယ်၊ သူပေးတဲ့အစာတွေထဲမှာ ပန်းသီးတို့ လိမ္မော်သီးတို့ သိုးသားတို့ပါ ပါတယ်။

ပြီးတော့ မစ္စတာကာရိုးလ်က ဇာတ်တိုက်ခန်းထဲမှာ မိန်းကလေးတွေ ကာယလေ့ကျင့်ခန်းလုပ်ဖို့ ထားပေးထားတဲ့ ကရိယာတစ်ခု ရှိပါတယ်။ ကျွန်မ အဲဒီကရိယာနဲ့ နေ့စဉ်မှန်မှန်သွားပြီး လေ့ကျင့်ခန်းလုပ်ပါတယ်။ ကရိယာက ကိုယ်အလေးချိန်လျှော့ပြီး ကိုယ်ခန္ဓာ သေးသွယ်ကျစ်လစ်လာအောင် လေ့ကျင့်ရတဲ့ကရိယာပါ။

တစ်ညမှာ ကျွန်မ လေ့ကျင့်ခန်းလုပ်နေတုန်း မစ္စတာကာရိုးလ် အခန်းထဲကို အမှတ်မထင်ဝင်လာပါတယ်။ “အခုတော့လည်း မင်းက မင့်ကိုယ်မင်း အတော်ဂရုစိုက်နေပြီပဲ”လို့ ပြောပါတယ်၊ ကျွန်မ နားကိုလျှောက်လာပြီး ကျွန်မ မေးစေ့ကို ဆွဲမော့ပါတယ်၊ ပြီးတော့ ကျွန်မကို အသာအယာနမ်းပါတယ်။ သူ့အနမ်းဟာ သန့်ရှင်းစင်ကြယ်မှုနဲ့ဝေးတဲ့ အနမ်းမျိုးပါ။

မမျှော်လင့်ပဲ အနမ်းခံလိုက်ရတာဆိုတော့ ကျွန်မ တအားဆွဲထားတဲ့ စပရိန်လက်ကိုင်ပေါ်မှာရှိနေတဲ့ ‘ဆုတ်အား’ဟာ လျော့သွားပါတယ်၊ ကျွန်မရော သူပါ စပရိန်ရဲ့ဆွဲအားနောက်ကို ပါသွားပါတယ်၊ “မင်းဟာ ဘယ်လိုမိန်းကလေး အမျိုးအစားလဲ”လို့ သူက ရေရွတ်ပါတယ်၊ “ဒီအနမ်းဟာ ငါ့ရဲ့အသေးအဖွဲလက်ဆောင်တစ်ခုပဲ”တဲ့ ပြောပြောဆိုဆိုနဲ့ပဲ သူဟာ ကျွန်မအနားက ထွက်သွားပါတယ်။

ကျွန်မ တွေးမိပါတယ်၊ သူနဲ့ကျွန်မ စတွေ့ခဲ့တဲ့အချိန်ကစပြီး အခုအချိန်

www.burmeseclassic.com


အခုတစ်ကြိမ်ဟာ သူပထမဆုံးအကြိမ် ကျွန်မအပေါ် သတိထားမိခြင်းဖြစ်ဟန်တူပါတယ်။ ဒီလောကနယ်ပယ်မှာ ထင်ရှားကျော်ကြားလာဖို့အရေးဟာ အစွမ်းအစပေါ်မှာလည်း အမှီပြုချင်မှပြုမယ်၊ ရုပ်ရည်အပေါ်မှာလည်း အမှီပြုချင်မှပြုမယ်၊ တကယ်တန်းမှီနေတာ ကိုယ်လုံးကိုယ်ပေါက်လှပပြီး တောင့်တင်းဖြောင့်စင်းမှုပဲ ထင်ပါရဲ့လို့လည်း ကျွန်မ မတွေးပဲမနေနိုင်ပါဘူး။

နောက်ဆုံးမှာတော့ ကျွန်မဟာ ကိုယ်ရေစစ်လာပါတယ်။ ခန္ဓာကိုယ် အလေးချိန် ၁၃၅ပေါင် ကနေပြီး ၁၁၆ပေါင်အထိ ကျသွားခဲ့ပါတယ်။

❐

ဟုတ်ပါတယ်။ ကျွန်မတွေးမိသလို ကိုယ်လုံးကိုယ်ပေါက် လှပတောင့်တင်းပြီး ကျော့ရှင်းနေမှုတာ အဓိကပဲထင်ပါရဲ့၊ မကြာခင် ရက်အနည်းငယ်အတွင်းမှာ 'ဝီလျံပေါ့စ်ရုပ်ရှင်ကုမ္ပဏီ'က ကျွန်မကို ရုပ်ရှင်စမ်းရိုက်ကြည့်ချင်တယ်လို့ စကားကမ်းလှမ်းခဲ့ပါတယ်။

“ကိုယ်မင်းကို ဘာပြောခဲ့တယ်ဆိုတာ မှတ်မိသေးလား”လို့ ဘာရီက ကျွန်မကို ပြောပါတယ်။ “မင်းက မင်းရဲ့အရည်အသွေးကောင်းတွေကို ဖုံးကွယ်ထားတာကိုး”တဲ့။

နောက်ပိုင်းမှာ အစမ်းရိုက်ထားတဲ့ကားကို ပြန်ကြည့်ပြီး လေ့လာသုံးသပ်ကြပါတယ်၊ ဒါရိုက်တာက “ငါသာ မင်းနေရာမှာဆိုရင် ရုပ်ရှင်မင်းသမီးတစ်ယောက်ဖြစ်ဖို့အရေးကို မေ့ပစ်လိုက်မှာပဲ”လို့ ပြောပါတယ်။

ကျွန်မ သိပ်ကိုစိတ်ထိခိုက်သွားရပါတယ်။ “ဘာပြုလို့လဲ”လို့ ပြန်မမေးပဲမနေနိုင်ပါဘူး။

“မင့်အပြုံးကို မင်းပြန်ပြီး သတိမထားမိဘူးလား၊ မင့်အပြုံးက ဟန်ဆောင်ပြုံးဖြစ်နေတယ်၊ စစ်မှန်တဲ့အပြုံး မဟုတ်ဘူး။ ရုပ်ရှင်ကားထဲမှာက အပြုံးဟာ ပြည့်ဝပြောင်မြောက်နေရမယ်၊ အဲသလိုမျိုးမပြုံးနိုင်ရင် အလုပ်မဖြစ်နိုင်ဘူး”လို့ သူကဖြေပါတယ်။

နောက်တစ်နှစ်ခွဲအကြာမှာ ကျွန်မကို ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီက ငှားလိမ့်မယ်ဆိုတာကို အဲဒီအချိန်ကတော့ ကျွန်မ ဘယ်လိုလုပ်ပြီး သိနိုင်မလဲ၊ အဲဒီတုန်းက ကျွန်မကို ရွေးချယ်ခဲ့ရတဲ့အကြောင်းတွေထဲမှာ ကျွန်မအပြုံးကို သဘောကျလို့ဆိုတဲ့အကြောင်းလည်းပါလိမ့်မယ်ဆိုတာ ကျွန်မဘယ်လိုလုပ်ပြီး သိနိုင်ပါမလဲ. . .။ ဒါကြောင့်မို့လည်း ဒါရိုက်တာရဲ့ စကားကိုကြားတော့ ကျွန်မဟာ သိပ်ကိုအားပျက်သွားခဲ့ရပါတယ်။ ကျွန်မ အိမ်လည်းရောက်ရော ချောကလက်အီကလဲယားမုန့်တွေကို တဝတပြ စားပစ်လိုက်ပါတယ်။

www.burmeseclassic.com

## အခန်း[၅]

ကျွန်မ အရက်ပထမဆုံးသောက်တဲ့နေ့ကို ပီပီပြင်ပြင်မှတ်မိနေပါတယ်၊ ကျွန်မ အသက်ဆယ့်ခုနှစ်နှစ်အတွင်းဝင်စပေါ့. . . ၁၉၂၈ ခုနှစ်၊ ညသန်းကောင် မတိုင်မီ မိနစ်အနည်းငယ်အလိုမှာပါ။ ကျွန်မဟာ အနှစ်မဲ့ခြင်းများပြဇာတ် ပြီးသွားလို့ အရပ်ဝတ်အရပ်စားတွေပြန်လဲပြီး ဇာတ်စင်ရဲ့နောက်ဖက်တံခါးဝမှာ ရပ်နေပါတယ်၊ ဇာတ်ရုံအတွင်းဖက်မှာတော့ ဇာတ်သမားတွေဟာ တစ်ယောက်နဲ့တစ်ယောက် 'ဟက်ပီးနယူးရီးယား'လုပ်ပြီး ဆူဆူညံညံဖြစ်နေကြတုန်းပါ။ စကြပြောင်ကြလုပ်ပြီး ရုတ်ရုတ်သဲသဲလုပ်နေကြတာပါ။ ပြဇာတ်မစခင် တစ်နာရီအလိုလောက်တုန်းက လည်း ဒဗလျူစီဖီးလားဟာ တစ်နေရာမှာစုရုံးပြီး သောသောညံနေတဲ့ လူအုပ်ကို ဆဲဆိုကြိမ်းမောင်းပြီး တံမြက်စီးကြီးတစ်ချောင်းနဲ့ လိုက်ရိုက်ခဲ့ပါသေးတယ်။

ကျွန်မ တံခါးဝမှာရပ်နေတာဟာ ကျွန်မရဲ့အဖော်မွန် လီယိုဖော့စ်ကိုစောင့်နေတာပါ။ သူက ဇာတ်ရုံအထိ လာပြီးကြိုမယ်လို့ ပြောထားပါတယ်၊ အမေကလည်း ကျွန်မကို နှစ်သစ်ကူးအကြိုညပါတီပွဲတက်ဖို့ ခွင့်ပြုထားပါတယ်၊ ပါတီပွဲက ကလပ်စ်ကျောင်းကလုပ်တဲ့ပွဲမို့ အချိန်ညဉ့်နက်အထိ နေခွင့်လည်းပေးထားပါတယ်၊ ကျောင်းမှာ စီစဉ်ထားတာက ပါတီပွဲကို တစ်ညလုံးလုပ်ပြီး မနက်ခင်းကျရင် ၁၉၂၉ ခုနှစ်ကို တစ်တန်းလုံး မနက်စာစားရင်း ကြိုဆိုဖို့ပါ။

www.burmeseclassic.com

BURMESE CLASSIC .com

မကြာခင်မှာပဲ လီယိုရောက်လာပါတယ်၊ စမတ်ကျကျဝတ်ဆင်ထားတဲ့ လီယိုဟာ အငှားကားတံခါးကိုဖွင့်ပြီး ကျွန်မကို လှမ်းခေါ်ပါတယ်။ "မြန်မြန်လာ. . . လီလီ၊ ကိုယ်တို့နောက်ကျနေပြီ"တဲ့။

"လီယိုကတော့ သိပ်ကိုချောလှနေတာပဲ"လို့ ကျွန်မက ပြောမိပါတယ်၊ကျွန်မ စိတ်ထဲမှာ ငါ့အတော်ကံကောင်းတယ်လို့လည်း တွေးလိုက်မိပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျောင်းမှာရှိတဲ့ မိန်းကလေးအများစုက လီယိုကို သိပ်ပြီးမျက်စိကျကြပါတယ်။ လူချောတစ်ယောက်လို့လည်း အသိအမှတ်ပြုထားကြတာပါ၊ ဒါပေမဲ့ လီယိုကတော့ ကျွန်မကိုပဲ မျက်စိကျခဲ့တယ် မဟုတ်လား။

မော်တော်ကား ထွက်လာလို့ လမ်းတစ်ဝက်လောက်ရောက်တော့ လီယိုက ခါတ်ဗူးတစ်ဗူးကို ကျွန်မရဲ့ပါးစပ်မှာ တင်လိုက်ပြီး "မင်းအတွက် ကိုယ်ယူလာတာ၊ တစ်ကြိုက်တော့သောက်ထားလိုက်၊ ဒါမှ ကိုယ်တို့အနေနဲ့ ချာတိတ်တွေကိုအမှီလိုက်လို့ရမှာ"လို့ ပြောပါတယ်။

သူပြောတဲ့အတိုင်း ကျွန်မသောက်လိုက်မိပါတယ်။ လည်ချောင်းတစ်ခုလုံး မီးနဲ့အမြိုက်ခံလိုက်ရသလို ပူလောင်သွားပါတယ်၊ မျက်နှာတွေလည်း ပူထူလာပါတယ်။

"ဟား. . . ကောင်းလိုက်တာ၊ အဲဒါဘာလဲ"

"တဆေးဖောက်ပြီး စိမ်ထားတဲ့ဆီးသီးအချိုရည်"လို့ ပြောပါတယ်၊ သူကိုယ်တိုင် အိမ်မှာလုပ်ထားတာတဲ့၊ ဒီအရည်ဟာ ကျွန်မရဲ့အသားအရေကို ပိုလှလာစေလိမ့်မယ်လို့ တွေးလိုက်မိပါတယ်။ ကျွန်မတစ်ကိုယ်လုံး နွေးထွေးနေပါတယ်။ ကျွန်မတို့ ဟိုတယ်ရှေ့ရောက်တော့ ကျွန်မက "လီလီ နောက်တစ်ကြိုက်သောက်လိုက်ချင်သေးတယ် လီယို"လို့ပြောပြီး ထပ်သောက်လိုက်ပါတယ်၊ ဒါဟာ ကျွန်မ ပထမဦး ဆုံးအကြိမ် အရက်သောက်ခြင်းပါ။

ကျွန်မတို့ စားပွဲတစ်လုံးမှာလည်း ထိုင်မိရော တစ်ဦးက "သောက်ပါဦး"လို့ ပြောလိုက်သံ ကြားရတယ်၊ ကျွန်မ သူပေးတဲ့တစ်ခွက်ကို ယူသောက်လိုက်ပါတယ်၊ ပိုပြီးပြင်းတဲ့အရက်မို့ ကျွန်မ ချောင်းတဟွတ်ဟွတ်ဆိုးလာပါတယ်၊ ဒါပေမဲ့ နေရထိုင်ရတာ ပေါ့ပါးပြီး သွက်လက်လာသလို ခံစားနေရလို့ အံ့ဩစရာဖြစ်နေပါတယ်။

ရုတ်တရက် ဥဩဆွဲသံတွေ ခေါင်းလောင်းထိုးသံတွေ ဟွန်းတီးသံတွေက တစ်ပြိုက်တည်းထွက်ပေါ်လာပါတယ်၊ လူတွေဟာ တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး နမ်းကြ၊ ရှုံ့ကြ။ အလံတွေ မိုးပျံဘောလုံးတွေ လွှင့်တင်ကြ၊ သံစုံတီးဝိုင်းတွေ တီးကြမှုတ်ကြနဲ့ ဆူညံနေပါတယ်။ အချိန်က ညသန်းကောင်ယံ ဆယ့်နှစ်နာရီတိတိပါ။

ကျွန်မစိတ်ထဲမှာ မြင်သမျှလူတိုင်းကို ချစ်နေပါတယ်၊ ကျွန်မရဲ့ ရှက်စိတ်နဲ့ ကြောက်စိတ်တွေဟာ ဘယ်ဆီရောက်သွားမှန်း မသိပါဘူး၊ "အားလုံး သိပ်ကိုကျက်သရေရှိတာပဲ"လို့ ကျွန်မတွေးနေမိပါတယ်။ ကျွန်မဟာ လူထုကြားမှာ လမ်းသလား နေသလိုပါပဲ၊ ဒီအခန်းထဲမှာရှိနေတဲ့ လူတိုင်းကို ကျွန်မလိုက်ပြီးပွေ့ဖက်မယ်ပြီးရင် ကျွန်မ ကိုယ်ရောင်ဖျောက်သွားမယ်၊ လီယိုက ကျွန်မကို လိုက်ရှာလိမ့်မယ်။

www.burmeseclassic.com


ကျွန်မဟာ ကခုန်နေတဲ့လူတွေကြားမှာ ကျပ်ညပ်ပြီး လိုက်သွားနေပါ တယ်၊ တီးသံမှုတ်သံတွေ သီချင်းဆိုသံတွေ "ဟက်ပီးနယူးရီးယား"ဆိုတဲ့ အော်သံတွေ ဟာ ကျွန်မရဲ့ပတ်ဝန်းကျင်မှာ လွင့်မျောနေကြပါတယ်၊ ကျွန်မ လက်ကို ဆွဲလှုပ်ဆွဲခါ သွားတာတွေ ကျွန်မပါးကိုဖက်ပြီး နမ်းရှုံ့သွားတာတွေ. . . ။

စားပွဲတစ်လုံးဆီရောက်သွားတိုင်း ကျွန်မလက်ကို အဆွဲခံရပါတယ်၊ သူတို့ တိုက်တဲ့အရက်ကိုလည်း သောက်မိပါတယ်၊ ဘာအရက်တွေ ဘာအရည်တွေဆိုတာ လည်း လုံးဝမသိပါဘူး၊ ပေးလာသမျှကို မော့လိုက်တာပါ။ ကျွန်မတစ်ကိုယ်လုံး ပူထူ နေသလို စိတ်တွေလည်း ပူလောင်နေပါတယ်၊ ပေါ့ပါးပြီး လွတ်လပ်လိုက်တာလည်း အလွန်ပါပဲ၊ ကျွန်မရဲ့နှလုံးသားကို ဖွင့်ပြလိုက်ချင်တဲ့ဆန္ဒဟာ ပြင်းပြလို့နေပါတယ်။

အခန်းဟာ ချာချာလည်နေပါတယ်၊ အဲဒီနောက်တော့ ကျွန်မဟာ မီးရောင် ခပ်မှိန်မှိန်ထွန်းထားတဲ့ ဧည့်ခန်းထဲမှာထိုင်ပြီး အော့လိုက် အန်လိုက်ဖြစ်နေပါတယ်၊ ကျွန်မ အဝတ်တွေမှာရော လီယိုရဲ့ဝတ်စုံတွေမှာပါ အံဖတ်တွေနဲ့ ညစ်ပတ်ပေကျံ ကုန်ပါတယ်၊ တေးဂီတသံတွေဟာ ကျွန်မနဲ့ဝေးကွာသွားပါပြီ၊ ကျွန်မ အပေါ်ထပ် နှစ်ထပ်က ကပွဲခန်းမထဲပြန်ရောက်နေပါပြီ၊ ဟိုတယ်အခန်းစောင့်ကောင်လေးက ကျွန်မကိုယ်ပေါ်က အံဖတ်တွေကို လီယိုနဲ့အတူ သုတ်သင်ပေးနေပါတယ်၊ ကျွန်မ ရှက်လိုက်တာ. . . ။

"ကိုယ်တို့အိမ်ပြန်ကြစို့"လို့ လီယိုကပြောနေပါတယ်။

"ဘယ်နှစ်နာရီထိုးပြီလဲ"လို့ ကျွန်မက အာလေးလျှာလေးသံနဲ့ မေးပါ တယ်။

၁၂နာရီနဲ့ မိနစ်၅၀ပါ၊ နောက်မိနစ်ငါးဆယ်အတွင်းမှာ ကျွန်မဟာ အမူးပြေ သွားပါတယ်၊ ကျွန်မအရွယ်မိန်းကလေးတွေ အရက်ကိုပထမဆုံးအကြိမ် သောက်ပြီး မူးနေကြတာတွေ့ရပါတယ်။ အားလုံး ကျွန်မဖြစ်သလိုပါပဲ၊ အရက်နဲ့ကျွန်မရဲ့ကြား မှာ အခိုင်အမာသံယောဇဉ်ဖြစ်သွားနိုင်တဲ့ အခြေအနေကို ကျွန်မလုံးဝမတွေးရဲပါဘူး၊ အရက်နဲ့ ကျွန်မရဲ့ ချစ်ခင်တွယ်တာမှုကို သေခြင်းတရားက ခွဲမှသာ ကွဲကွာမှာပါလို့ ပြောရမယ့်အလား အလာမျိုးကိုလည်း ကျွန်မ မမြင်ခဲ့ရပါဘူး။

လီယိုဟာ ကျွန်မကိုတွဲပြီး အငှားကားပေါ်တင်ပေးပါတယ်၊ နောက်မိနစ် အနည်းငယ်အတွင်းမှာ ကျွန်မတို့ဟာ ကျွန်မတို့အိမ်ရှေ့က ဘဲလ်ကိုနှိပ်နေကြပါတယ်၊ အိပ်ချင်မူးတူးသံနဲ့ ပြောလိုက်တဲ့အမေ့စကားကို ကျွန်မကြားလိုက်ရပါတယ်။ "သမီး တို့ပြန်လာတာ စောလှချည်ကလား"တဲ့။

"မဟုတ်ဘူး အမေ၊ အမေအိပ်ချင်ရင် အိပ်ရာထဲပြန်ဝင်တော့၊ သမီး အဝတ် တွေပေကုန်လို့ လာလဲတာ၊ အဝတ်လဲပြီးပြန်ထွက်ကြဦးမှာ"လို့ ကျွန်မက ပြန်ပြော လိုက်ပါတယ်၊ ကျွန်မအနေနဲ့ ကျွန်မကိုယ်ကျွန်မ ယုံကြည်ထားတာက အရက်ကို အပေါ်စီးရချင်ရင် စိတ်ဓာတ်ကြံ့ခိုင်ဖို့ပဲလိုမယ်၊ အဲဒီလိုအပ်ချက်ဟာ ကျွန်မဆီမှာ ရှိရမှာပေါ့။ အဲသလို ယုံကြည်မှုမျိုး ဝင်လာခဲ့ပါတယ်။

ကျွန်မဟာ နေ့ခင်းနေ့လည် တစ်ရေးတစ်မောအိပ်ဖို့ထားတဲ့ ဆိုဖာပေါ် ခဏတစ်ဖြုတ်ဝင်ထိုင်ပါတယ်၊ လီယိုက ကျွန်မဘေးမှာပါ၊ နောက်ပိုင်း အမေက လှုပ်နိုးနေလို့ ကျွန်မတို့ အိပ်ရာကနိုးလာတော့ နေရဲ့အလင်းရောင်တွေဝင်နေပြီ၊

www.burmeseclassic.com


ကျွန်မတို့နှစ်ယောက်စလုံး မူးနေတော့ အဝတ်တွေတောင်မလဲပဲ အိပ်ပျော်သွားကြတာပါ၊ ဘယ်အချိန် ဘယ်လိုအိပ်ပျော်သွားမှန်းတောင် မသိကြပါဘူး၊ အမေက လီယိုကို ကော်ဖီတစ်ခွက်ဖျော်တိုက်ပြီး အိမ်ပြန်ခိုင်းလိုက်ပါတယ်။

"အမေရယ်. . . သမီး ညက အရက်သောက်မိတယ်"လို့ ကျွန်မကပြောပါတယ်။ "အဖေဘာပြုလို့ ဒီအရက်ကိုကြိုက်တယ်ဆိုတာ သမီးတော့ နားမလည်ဘူး၊ အရသာလည်း မရှိ၊ မူးတော့လည်း တကယ်ကြောက်စရာကောင်းတယ်၊ သောက်ပြီးစ ခဏကလေးပဲ မြူးကြွနေတာ၊ အဲဒါလည်းပြီးရော အလူးအလှိမ့်ခံရတာပဲ၊ သမီး တော့နောက်ကို လုံးဝအရက်မသောက်တော့ဘူး"

အမေက ရယ်မောပြီး ကျွန်မကို ရေချိုးပေးပါတယ်၊ ပြီးတော့ အိပ်ခိုင်းပါတယ်၊ အဲဒီအချိန်က အရက်နဲ့ပတ်သက်လို့ အကြံကောင်းပေးနိုင်မယ့် ကျွန်မအဖေဟာ ကျွန်မတို့အနားမှာ မရှိတော့ပါဘူး၊ အဖေနဲ့အမေဟာ ရာသက်ပန်တရားဝင် ကွာရှင်းပြတ်စဲထားပြီးပါပြီ။

၇

'အနှစ်မဲ့ခြင်းများပြဇာတ်' ဘရော့ဝေးဇာတ်ရုံကဆင်းခါနီးအချိန်လောက်မှာပေါ့၊ ကျွန်မကို 'ဖလောရင်ဇီဂိုက်ဖဲလ်'က အခေါ်လွှတ်ပါတယ်၊ ကျွန်မရောက်သွားတော့ သူဟာ သူ့စားပွဲမှာထိုင်နေပါတယ်၊ စာပွဲပေါ်မှာတော့ ဆင်ရုပ်ထုကလေးခြောက်ကောင် တင်ထားပါတယ်၊ သူ့လူယုံ 'ဂျင်းဘတ်စ်'ကတော့ စားပွဲရဲ့ဘေးတစ်ဖက်မှာ ထိုင်နေတယ်။

"မင်းဟာ. . . ထက်ထက်မြက်မြက်ရှိတဲ့ မိန်းကလေးတစ်ယောက်လို့ ပြောကြတယ်"လို့ ဇိုက်ဖဲလ်က အေးအေးသာသာပြောပါတယ်။ "ငါတို့ သီချင်းတစ်ပုဒ်နားထောင်ကြရအောင်လား"တဲ့၊ ကျွန်မက ချက်ခြင်းပဲ ကျွန်မအကြိုက်ဆုံးသီချင်းတစ်ပုဒ်ဖြစ်တဲ့ 'အနမ်းလေးတစ်ချက်ပေးပါဦးလား ဝီလီရယ်'သီချင်းကို ဆိုပြပါတယ်။

ကျွန်မ သီချင်းဆိုနေတုန်းမှာ ဇိုက်ဖဲလ်ဟာ ကျွန်မကို တစ်ချက်ကလေးတောင်မှ မော့မကြည့်ပါဘူး၊ သူ့စားပွဲပေါ်ကစာရွက်တွေကိုကိုင်လိုက် နေရာရွှေ့လိုက်၊ ဆင်ရုပ်ကလေးတွေကို ပြန်ချထားလိုက်နဲ့ ဂဏာမငြိမ်ပါဘူး။ စိတ်မဝင်စားသလိုလုပ်နေပါတယ်။ သီချင်းဆုံးသွားတော့ ကျွန်မက သူ့ကို ခေါင်းတစ်ချက်ညွှတ်လိုက်ပါတယ်၊ "မင်္ဂလာနေ့ခင်းပါ မစ္စတာဇိုက်ဖဲလ်"လို့ နှုတ်ဆက်ပြီး ပြန်ထွက်လာဖို့ ထိုင်ရာကထလိုက်ပါတယ်။

အဲဒီတော့မှ သူဟာ ကျွန်မကိုမော့ကြည့်ပြီး "မင်းတို့ပြဇာတ်က ဘယ်ရက်လောက်ရုံက ဆင်းမလဲ"လို့ မေးပါတယ်။

"လာမယ့်အပတ်မှာ ဆင်းမယ်"

"ဒီလိုဆိုရင် တို့က လာမဲ့အပတ်မှာပဲ ဇာတ်တိုက်ကြတာပေါ့။ ငါရဲ့ပြဇာတ်သစ် 'သန်းကောင်ယံပျော်ပွဲများ'မှာ မင်းက သွက်သွက်လက်လက် မြူးမြူးကြွကြွ အခန်းက ခေါင်းဆောင်ပြီး ကပြပေးရမယ်"

www.burmeseclassic.com



ကျွန်မ တစ်ပတ်ဒေါ်လာငါးရာနဲ့ အလုပ်လက်ခံလိုက်ပါတယ်။

ဖိုက်ဖဲလ်ရဲ့ 'နယူးအမ်စတာဒင်ဇာတ်ရုံ'ဟာ နယူးရောက်မြို့တော်ရဲ့ ညကလပ်မှာ အလွန်နာမည်ကြီးပြီး ထယ်ဝါခမ်းငြားတဲ့ ဇာတ်ရုံတစ်ရုံပါ။ ဒီလိုဇာတ်ရုံမှာ ကပြရတဲ့အခွင့်အရေးဟာ ကျွန်မအဖို့ အခွင့်ကောင်းတစ်ခုပါ၊ သန်းကောင်ယံ ပျော်ပွဲများ ပြဇာတ်ကို စင်တင်တဲ့နေ့ကဆိုရင် တကယ့်တခမ်းတနားပါ။

အခမ်းအနားမှူးက 'တက်ဒ်ဟမ်စင်'ပါတီးဝိုင်းအဖွဲ့ခေါင်းဆောင်က နာမည်ကြီး'ပေါလ်ဝှိုက်မင်း'ပါ၊ တီးဝိုင်းအဖွဲ့သားတွေကလည်း နာမည်ကျော်တွေချည်းပါ၊ ထရမ်ပက်ဆိုရင် အကျော်အမော်တစ်ဦးဖြစ်တဲ့ 'ဟင်နရီဘတ်ဆီး'ပါ။ ဖိုက်ဖဲလ် လက်သပ်မွေးထားတဲ့ မိန်းကလေးတွေက "မိန်းမလှလေးတစ်ယောက်ဟာ နားဝင်ချိုအေးတဲ့ ဂီတသံတစ်ခုလိုပါပဲ"ဆိုတဲ့သီချင်းနဲ့ အလွန်လှလှပပ သေသေသပ်သပ်ကပြသွားခဲ့ကြပါတယ်။ ပြဇာတ်မှာ ပါဝင်ကြတဲ့ တခြားသရုပ်ဆောင်ကတော့ 'ဟယ်လင်မော်ဂင်၊ ဒူကန်းညီအစ်မများနဲ့ အယ်လ်ရင်းကား၊ ဟာရီဘားရစ္စနဲ့ ဘင်ကရော့စ်ဘီ' တို့ပါ။

တစ်ချိန်တုန်းက ပြဇာတ်မင်းသမီး'လင်နိုရီအာလ်ရစ်'ဟာ ကျွန်မရဲ့ စံပြုအပ်တဲ့မင်းသမီးတစ်ယောက်ဖြစ်ခဲ့ဖူးသလို အခုလည်း 'ဟယ်လင်မော်ဂင်'ဟာ ကျွန်မရဲ့ စံပြမင်းသမီးဖြစ်လာခဲ့ပါတယ်၊ သူရဲ့ထူးခြားတဲ့အလှ၊ စွဲမက်စရာကောင်းတဲ့ ဆွဲဆောင်မှုတွေဟာ ကျွန်မအဖို့ အားကျစရာအတုယူစရာတွေ ဖြစ်ခဲ့ရပါတယ်။

ပရိတ်သတ်အပေါ် ဩဇာလွှမ်းမိုးနိုင်လောက်အောင် ကြီးမားထက်မြက်လှတဲ့ သူ့ရဲ့အနုပညာစွမ်းရည်ဟာ အံ့မခန်းရှိလှပါတယ်။ စန္ဒယားနားမှာရပ်ပြီး ကရုဏာသံ အပြည့်ပါနေတဲ့အသံနဲ့ သီဆိုနေတဲ့ သူ့ရဲ့အလွမ်းတေးဟာ ပရိသတ်ရဲ့ နှလုံးသားကို ဆွဲဆောင်မှုစွမ်းအား ကြီးမားလှပါတယ်။ သူပါဝင်ပြခဲ့တဲ့ ဖိုက်ဖဲလ်ရဲ့ 'ရှိုးဘတ် ပြဇာတ်'ဟာ ပြီးစပဲ ရှိပါသေးတယ်။ လပေါင်းများစွာ ကပြခဲ့ရတဲ့ အဲဒီပြဇာတ်မှာ သူဟာ နာမည်သိပ်ကြီးခဲ့ပါတယ်။ ဒါပေမဲ့ ဘာဖြစ်တယ်တော့မသိဘူး၊ လောလောဆယ် ဘရော့ဝေးကတင်နေတဲ့ပြဇာတ်အသစ်မှာ သူမပါတော့ပါဘူး၊ သူ့နေရာမှာ ရှု့သ်အက်တင်းကို အစားထိုးပြီး ကပြစေခဲ့ပါတယ်။

ကျွန်မအဖို့ ပြဇာတ်ကနေတဲ့အတောအတွင်းမှာ စိတ်မကောင်းစရာအဖြစ်တစ်ခုနဲ့ ကြုံခဲ့ရပါတယ်၊ တခြားတော့မဟုတ်ပါဘူး၊ ရင်ကာ၊ ဘာရစ္စနဲ့ ကရော့စ်ဘီတို့ ထွက်သွားကြတဲ့ကိစ္စပါ၊ သူတို့သုံးယောက်ထဲမှာ ကျွန်မအခင်ဆုံးလူက ဘင်ကရော့စ်ဘီပါ၊ ဘင်ကရော့စ်ဘီဟာ သီချင်းဆိုရင် သိပ်ပြီးအားမထုတ်ပဲ အေးအေးသာသာလေး ဆိုသွားတတ်ပါတယ်၊ အဲဒီဟန်ကလေးကို ကျွန်မသိပ်ချစ်တာပဲ။

ပြီးတော့လည်း ဘင်ကရော့စ်ဘီဟာ ဇာတ်စင်ရဲ့အပြင်မှာဆိုရင် အလွန်ကို သိမ်မွေ့ပြီး ပျော့ပြောင်းလှပါတယ်။ စကားလည်းနည်းပြီး ငြိမ်ငြိမ်အေးအေး နေတတ်တဲ့ အကျင့်ရှိပါတယ်။ နေပုံထိုင်ပုံကလည်း အလွန့်ကို အထီးကျန်နိုင်တဲ့သဘောရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ညည်းသံလေးပါတဲ့ သူ့ရဲ့သီချင်းဆိုဟန်ကို ကျွန်မ သိပ်သဘောကျပါတယ်။ နောင်အခါမှာ ကျွန်မသဘောကျခဲ့တဲ့ ညည်းသံနဲ့ဆိုဟန်ကလေးဟာ ဘင်ကရော့စ်ဘီအတွက် ထူးခြားတဲ့ ကျော်ကြားတဲ့ အရည်အသွေးတစ်ခုဖြစ်လာခဲ့ပါတယ်။

www.burmeseclassic.com



ကျွန်မ ပြဇာတ်ကပြီးလို့ အိမ်ပြန်လာပြီဆိုရင် ညအမှောင်ကို အမေကြောက်တတ်မှန်းသိနေတဲ့ ဘင်ကရော့စ်ဘီဟာ ကျွန်မတို့သားအမိကို မကြာမကြာ လိုက်ပို့လေ့ရှိပါတယ်၊ ကျွန်မတို့သုံးယောက်ဟာ လူသူကင်းမဲ့နေတဲ့လမ်းတွေကို တစ်လမ်းဝင် တစ်လမ်းထွက်လျှောက်လာပြီး မီးရောင်တွေ ထိန်ထိန်လင်းနေတဲ့ ကျွန်မတို့ ရပ်ကွက်ထဲ ရောက်လာပါတယ်။

အိမ်ရှေ့ရောက်ရင် မင်္ဂလာညပါလို့ နှုတ်ဆက်ပြီး ကျွန်မတို့နဲ့ ခွဲခွာသွားလေ့ရှိပါတယ်၊ ကျွန်မအမေဟာ အထီးကျန်နိုင်တဲ့လူတွေကို ဘယ်လိုပြောဆိုဆက်ဆံရမယ်ဆိုတာ သိတဲ့လူပါ။ ဒါကြောင့်လည်း အဲဒီလူစားတွေက အမေ့ကို ချစ်ကြခင်ကြပါတယ်။ အမေကလည်း သူတို့ကို စိတ်သက်သာရာရအောင် အားပေးတတ်ပါတယ်။

သူတို့သုံးယောက် ထွက်တော့မယ်လို့သိရတော့ ကျွန်မက “ဒီကထွက်သွားရင် ဘာလုပ်မယ်စိတ်ကူးထားသလဲ”လို့ ဘင်ကို မေးမိပါတယ်။

“ကိုယ်တော့ မပြောတတ်သေးပါဘူးကွာ”တဲ့၊ ပြီးတော့ တွေးတွေးဆဆ လေသံနဲ့ “အင်းပေါ့လေ. . . ဟိုးလီးဝုဒ်ကိုသွားပြီး လေ့လာရရင် ကောင်းမလားမသိပါဘူး”လို့ ပြောသွားပါတယ်။

www.burmeseclassic.com

## အခန်း[၆]

'သန်းကောင်ယံပျော်ပွဲများ' ပြဇာတ်အပြီးမှာ ကျွန်မဟာ ပြဇာတ်လောကနဲ့ အဆက်ပြတ်သွားခဲ့ပါတယ်၊ ခဏတဖြုတ်နားနေရတဲ့ သဘောပါ။ အဲဒီအချိန်မှာ ရုတ်တရက် 'အယ်လ်ဂျိုလ်ဆန်'ရဲ့ 'မြူးကြွတေးအဆိုတော်'ဆိုတဲ့ အသံထွက်ရုပ်ရှင်ကား ပေါ်ထွက်လာခဲ့ပါတယ်။ အသံထွက်ရုပ်ရှင်ကား စပြီးပေါ်လာတာဆိုတော့ တစ်ကမ္ဘာလုံး လှုပ်သွားခဲ့ပါတယ်၊ ပဒေသာကဇာတ် ပြဇာတ်တွေရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့် တီတွင်ဆန်းသစ်မှုတစ်ခုဟာ ပေါ်လာခဲ့ပြီလို့ ဆိုရတော့မှာပါ။ အသံထွက်ရုပ်ရှင်ကားကို အကြောင်းပြုပြီး အရေးကြီးတဲ့မေးခွန်းတစ်ခုလည်း ပေါ်ပေါက်လာခဲ့ပါတယ်။ "လူ့အသံကို ပိတ်ကားပေါ်ကထွက်လာအောင် လုပ်နိုင်တဲ့ နည်းတွေဟာ ဘယ်နှစ်နည်းရှိနေမလဲ"ဆိုတဲ့ မေးခွန်းပါ။

မကြာခင်မှာပဲ ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီက 'ဂျက်ဆီလစ်စကီး'က ကျွန်မကို ခေါ်ပြီး အသံထွက်ကားတိုကလေးတွေ စမ်းရိုက်ကြည့်ခဲ့ပါတယ်။ ကားက ဖလင်တစ်ခွေ နှစ်ခွေစာလောက်ပဲရှိပါတယ်။ ကျွန်မက ကင်မရာရှေ့မှာရပ်ပြီး ကျွန်မအကြိုက်ဆုံးသီချင်းတစ်ပုဒ်ကို ဆိုပြရတာပါ။

www.burmeseclassic.com



BURMESE CLASSIC .com

စမ်းသပ်မှုဟာ အောင်မြင်ခဲ့ပါတယ်၊ ဒါ့ကြောင့်လည်း ကျွန်မက "ဘာ ကြောင့် ကျွန်မကို အခုလိုစမ်းသပ်ရိုက်ကူးကြည့်ရတာလည်း"လို့ မေးခဲ့ပါတယ်၊ ဒါ တင်မကသေးပါဘူး "ရုပ်ရှင်ကားကြီးတစ်ကားထဲမှာ ကျွန်မကို ဘာ့ကြောင့် မသုံးနိုင်ရ တာလဲ"လို့လည်း မေးမိပါတယ်။ ကျွန်မကို စမ်းသပ်ရိုက်ကူးကြည့်လို့ အောင်မြင်မှုရ တယ်ဆိုရင် ချက်ခြင်းရုပ်ရှင်ကားကြီးထဲမှာ ပါသင့်တယ်လို့ ကျွန်မဘက်က တွက်ထား မိတဲ့အတွက် အဲသလိုမေးမိတာပါ။

"အဲဒီလိုတော့မရနိုင်ဘူး လီလီ"လို့ လမ်စကီးက ပြောပါတယ်၊ "ဒါရိုက် တာက မင်းရဲ့သရုပ်ဆောင်မှုကို ကြည့်လိမ့်ဦးမယ်၊ ပြီးရင် မင်းကို အခေါ်လွှတ်မယ်၊ သူတို့ မင်းကိုသဘောကျဖို့တော့ များပါတယ်၊ ကိုယ့်ရဲ့မျက်စိနဲ့နားတွေကို ဖွင့်ထားမှာ ပါ၊ အကြောင်းထူးရင် မင်းကို ချက်ခြင်းလာပြောမှာပေါ့"

သီတင်းပတ်အနည်းငယ်ကြာတော့ ကျွန်မဟာ 'ကရိုက်တီးရီယွန်ဇာတ်ရုံ' ကို အပြေးအလွှားရောက်သွားခဲ့ပါတယ်။ ကျွန်မကို စမ်းရိုက်ထားတဲ့ကားတိုကလေး ကို ပထမဆုံး ပြသမဲ့ပွဲကို သွားတာပါ။ အဲဒီကားတိုကလေးထဲမှာ ကျွန်မဟာ 'သူ ချစ်စရာ မကောင်းဘူးလား'ဆိုတဲ့သီချင်းကို ဆိုထားတယ် မဟုတ်လား။ ပြီးတော့ လည်း ကျွန်မရဲ့ ကားတိုကလေးကို ပြပြီးရင် 'မောရစ္စချီဗာလီယာ'ရဲ့ 'ပါရီမြို့မှဖြူစင်သူ များ' ဆိုတဲ့ ပွဲဦးထွက်ရုပ်ရှင်ကားကို ပြမှာပါ၊ ကျွန်မအနေနဲ့ အဲဒီဇာတ်ကားကိုလည်း သိပ်ပြီးကြည့်ချင်နေတယ် မဟုတ်လား။

ကျွန်မရဲ့ကားတိုကလေးကို ပြပါတယ်။ ကျွန်မရဲ့သရုပ်ဆောင်မှုဟာ ဒီပုံစံ ပဲလား၊ ဘယ်လိုလဲ. . .။ ကျွန်မအနေနဲ့ ဂရီတာဂါဘိုးတို့ ဘယ်ရီမိုးတို့ ဖြစ်ချင်လို့ ရပ့်မလား။ နှာခေါင်းနားမှာလည်း အရေတွန့်နေတယ်၊ မျက်နှာကလည်း ရှုံ့မဲ့နေ သလိုပါလား. . .။ မျက်တောင်ကလည်း ခပ်လိုက်တာ တဖြတ်ဖြတ်နဲ့၊ ငါ့အပြုံး ကတော့ ဘယ်လိုလည်း. . . လှမယ်မထင်ပါဘူး။

အဲဒီနောက် ချီဗာလီယာရဲ့ကားကို ကြည့်ရပါတယ်။ ဇာတ်ကားက ကောင်းလွန်းလို့ ကျွန်မမှာ မိန်းမောနေရပါတယ်၊ ချီဗာလီယာရဲ့ သရုပ်ဆောင်မှုတွေ ဟာ ကျွန်မအဖို့ အလွန်ပြောင်မြောက်လှပါတယ်၊ အဲဒီညက ကျွန်မဟာ ဖရောလစ် ဇာတ်ရုံမှာ ကပြနေရင်း၊ ကျွန်မ အခန်းပြီးတဲ့အချိန်မှာ ချီဗာလီယာရဲ့ သရုပ်ဆောင်မှု တွေကို ပြန်ပြီးမြင်ယောင်နေမိပါတယ်၊ သူ့ရဲ့နာမည်ကြီး ကောက်ရိုးဦးထုပ်ကို ဆောင်းပြီး 'ဗလန်တီနာသီချင်း'ကိုဆိုနေတဲ့ဟန်ဟာ အလွန်နှစ်သက်စရာ ကောင်းလှ ပါတယ်၊ ပြီးတော့ ကျွန်မပြန်ပြီး သတိထားလိုက်မိတာက သူ့ရဲ့အပြုံးပါ။ တကယ် တော့ သူ့ အပြုံးဟာ ကျွန်မရဲ့အပြုံးနဲ့ တူသယောင်ယောင်ရှိနေပါကလား. . .။

ကျွန်မ အဝတ်လဲခန်းထဲရောက်တော့ တွေးမိတယ်၊ နာမည်ကြီး သရုပ် ဆောင်တစ်ယောက်ကို အသေအချာကြည့်လိုက်တဲ့အခါတိုင်း ကိုယ့်မှာရှိတဲ့ အရည် အသွေးနဲ့ ကိုယ့်မှာမရှိတဲ့ အရည်အသွေးတွေကို မြင်လာတတ်တယ်ဆိုတဲ့ အတွေးပါ၊ ကျွန်မ အဲသလိုတွေးမိနေတုန်းမှာပဲ "မစ္စရော့သ်"လို့ ခေါ်လိုက်တဲ့အသံကို ကြားလိုက် ရပါတယ်။

ဇာတ်စင်မန်နေဂျာပါ၊ မစ္စတာဂျက်ဆီလစ်စကီးနဲ့ မစ္စတာ အားနက်လူ

www.burmeseclassic.com

BURMESE CLASSIC .com

ဘစ်ချ်တို့ ဇာတ်ရုံထဲရောက်နေကြတယ်. . . တဲ့။ အားလပ်ချိန်ပေးတဲ့အခါမှာ ကျွန်မနဲ့ တွေ့ချင်ပါတယ်တဲ့။

ကျွန်မရောက်သွားတော့ မစ္စတာလစ်စကီးက ဆေးပြင်းလိပ်ကြီးတစ်လိပ် ခဲထားတဲ့ ဝဝဖိုင့်ဖိုင့်အရပ်ပုပုလူတစ်ယောက်နဲ့ ကျွန်မကို မိတ်ဆက်ပေးပါတယ်၊ 'မစ္စတာလူဘစ်ချ်က မင်းနဲ့တွေ့ချင်လို့တဲ့၊ ဒီနေ့ညနေခင်းက မင်းရဲ့ကားတိုကလေးကို ကြည့်ခဲ့တယ်၊ အခုတစ်ခါ ဒီပြဇာတ်မှာ မင်းကတာကို လာကြည့်တယ်၊ သူက မင်းရဲ့ သရုပ်ဆောင်မှုတွေကို စိတ်ဝင်စားနေတယ်၊ မင်းနဲ့စကားပြောချင်နေတယ်"လို့လည်း ရှင်းပြပါတယ်။

ကျွန်မ အသက်ရှူရပ်သလို ဖြစ်သွားရပါတယ်၊ ကုလားထိုင်တစ်လုံးပေါ်ကို အရုပ်ကြိုးပြတ်ထိုင်ချလိုက်ပါတယ်၊ မစ္စတာလူဘစ်ချ်ဟာ ဥရောပမှာ အကြီးကျယ် အကျော်ကြားဆုံး ဒါရိုက်တာတစ်ယောက် မဟုတ်ပါလား. . .၊ သူက စိတ်ဝင်စားပြီး ကျွန်မကို စင်တင်လိုက်မယ်ဆိုရင် ချက်ခြင်းပဲ ကျွန်မဟာ နာမည်ကျော်ရုပ်ရှင် မင်းသမီးဘဝကို ရောက်တော့မှာပါ။

အဲဒီနောက်တော့ သူဟာ ပါးစပ်မှာခဲထားတဲ့ ဆေးပြင်းလိပ်ကြီးကို ဆွဲချွတ်ပြီး ဂျာမန်သံဝဲတဲတဲနဲ့ "မင်း ဟိုးလီးဝုဒ်ကိုလာရမယ်ဆိုရင် ဘယ်လိုသဘောရသလဲ၊ လာမလား"လို့ မေးပါတယ်။

"လာပါမယ်ရှင်"လို့ ကျွန်မပါးစပ်က ချက်ချင်းထွက်သွားပါတယ်၊ တစ်ချိန်တည်းမှာပဲ "ငါဟိုးလီးဝုဒ်ကိုသွားရင် လီယိုကိုထားခဲ့ရတော့မှာပါလား"လို့ တွေးလိုက်မိပါတယ်၊ ကျွန်မအနေနဲ့ အချစ်နဲ့ အသက်မွေးမှု ဒီနှစ်ခုကြားမှာ တစ်ခုကိုအမြန်ဆုံး ဆုံးဖြတ်ပြီးရွေး ရတော့မှာပါ။

လူဘစ်ချ်ဟာ ဆေးပြင်းလိပ်ကို ပြန်ကိုက်ထားရာက နောက်တစ်ကြိမ် ပြန် ချွတ်လိုက်ပြန်ပါတယ်၊ "အခုလောလောဆယ်၊ မစ္စတာချီဗာလီယာနဲ့ 'အချစ်ပြပွဲ'ဆို တဲ့ ကားတစ်ကားရိုက်နေတယ်၊ မင်းကို အဲဒီကားမှာထည့်ရင် ကောင်းမယ်လို့ ငါ ထင်တယ်"

ဟိုးလီးဝုဒ်အတွေ့အကြုံဟာ နောက်ပိုင်းမှာ ကျွန်မရဲ့တန်ဖိုးကို အများ ကြီးမြင့်သွားစေနိုင်ပါတယ်။ ဒီတစ်ချက်ထဲနဲ့ပဲ ကျွန်မဟာ ဟိုးလီးဝုဒ်ကိုသွားဖို့ ဆုံး ဖြတ်လိုက်ပါတယ်၊ လူတစ်ယောက်အဖို့ တော်ရုံတန်ရုံနဲ့ ဒီအခွင့်အရေးမျိုးကို ရနိုင်တာဟာ မဟုတ်ဘူးလို့နားလည်နေတဲ့ ကျွန်မအဖို့ ရွေးစရာလမ်း မရှိပါဘူး။

ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီက ကျွန်မနဲ့ခုနှစ်နှစ် စာချုပ်ချုပ်ပါတယ်။ ပထမ ခြောက်လမှာ ကျွန်မဟာ ဒေါ်လာခြောက်ရာနှုန်းရပါလိမ့်မယ်၊ နောက်ခြောက်လ ကျတော့ ဒေါ်လာခုနှစ်ရာ့ငါးဆယ်နှုန်းပါ၊ နောက်ပိုင်းမှာ တစ်ပတ်ကို ဒေါ်လာ တစ်ထောင်၊ အဲဒီနောက် ဒေါ်လာတစ်ထောင့်ငါးရာ၊ အဲဒီနောက် ဒေါ်လာနှစ် ထောင် စသည်ဖြင့် တိုးပေးသွားမှာပါ၊ နောက်သုံးနှစ်အတွင်းမှာ ကျွန်မဟာ ဒေါ်လာသုံးထောင်နှစ်ရာနှုန်းရမှာပါ။

အမေနဲ့ကျွန်မဟာ အနောက်ဖက်ကမ်းခြေဒေသဖက်ကို ပြောင်းရွှေ့လာခဲ့ရ ပါတယ်။ ကျွန်မအနေနဲ့ ကျွန်မချစ်သူလီယိုအနားကို မချဉ်းကပ်ဝံ့ပါဘူး၊ သူ့ကို အဝေး

www.burmeseclassic.com


ကနေပြီး တမ်းတရုံပဲ တမ်းတခဲ့ပါတယ်၊ သူနဲ့ကျွန်မရဲ့ ချစ်ဇာတ်လမ်းကို ဒါရိုက်တာလူဘစ်ချ်က ရိုက်ကူးပေးနေပုံကိုပဲ စိတ်ကူးယဉ်ပြီး မြင်ယောင်ထင်ယောင်ဖြစ်ခဲ့ရပါတယ်။

ကျွန်မရဲ့နှလုံးသားဟာ လီယိုအတွက် မသိမသာကလေး ထိခိုက်ကြေကွဲခဲ့ရပါတယ်၊ မီးရထားပေါ်မှာ လိုက်ပါသွားနေတဲ့ကျွန်မဟာ ရုပ်ရှင်မင်းသား ချီဗာလီယာနဲ့ တွေ့ရမဲ့အရေးကိုတောင် မတွေးနိုင်ခဲ့ပါဘူး၊ သူ့မျက်နှာနဲ့ သူ့ရုပ်လွှာကိုလည်း မြင်ယောင် ထင်ယောင်မဖြစ်နိုင်ခဲ့ပါဘူး၊ ကျွန်မရဲ့ရင်ထဲမှာ မျက်ရည်အပြည့်နဲ့ ကျွန်မချစ်သူလီယိုဆီကို စာတွေ တစ်စောင်ပြီးတစ်စောင် ရေးနေမိပါတယ်။

၇

ရိုက်ကွင်းကို ကျွန်မရောက်သွားတဲ့အခါ မစ္စတာလူဘစ်ချ်က ကျွန်မကို အပြုံးနဲ့ဆီးကြိုနှုတ်ဆက်ပါတယ်၊ ကျွန်မရဲ့ ရှေ့တည့်တည့်မှာ ရပ်နေသူတွေကတော့ မောရစ္စချီဗာလီယာ၊ မင်းသမီးချော ဂျင်နက်တီမက္ကဒေါ်နယ်နဲ့ ရယ်ပြုံးရွှင်မြူးနေတဲ့ မျက်လုံးအစုံပိုင်ရှင် ဗြိတိသျှမင်းသား'လူပီနိုလိန်း'တို့ပါ။

မစ္စတာလူဘစ်ချ်က ကျွန်မကို သူတို့နဲ့မိတ်ဆက်ပေးပါတယ်၊ "ရှင် ကျွန်မကို မမှတ်မိဘူးလား"လို့ ကျွန်မက အရဲစွန့်ပြီး ချီဗာလီယာကို မေးလိုက်ပါတယ်၊ "ကျွန်မရှင်နဲ့ ဖရောလစ်ဇာတ်ရုံမှာ တစ်ဖွဲ့ထဲ ကခဲ့ဘူးတယ်လေ"

သူကပြုံးပါတယ် "မှတ်မိတာပေါ့၊ ဘယ်လိုလုပ်ပြီးမေ့လို့ရမှာလဲ"တဲ့။

လူဘစ်ချ်က ဇာတ်ညွှန်းစာရွက်မိတ္တူတွေ ဝေပေးပါတယ်။ "ကဲ. . . မစ္စတာချီဗာလီယာ အဲဒီနေရာမှာထိုင်ပေတော့"လို့ မလှမ်းမကမ်းက ခုံတန်းလျားတစ်ခုကို လက်ညှိုးထိုးပြပြီး ပြောပါတယ်၊ "ပြီးတော့ မစ္စမက်ဒေါ်နယ်. . ."

လူဘစ်ချ်က စကားကိုဖြတ်ပြီး ရပ်ထားပါတယ်၊ သူ့လက်ထဲက ဇာတ်ညွှန်းစာရွက်ကို ကြည့်နေပါတယ်၊ ကျွန်မက ဝမ်းသာအားရနဲ့ ချီဗာလီယာရဲ့ ခုံတန်းလျားဆီကို လျှောက်သွားပါတယ်။

"အဲသလိုမဟုတ်ဘူး မစ္စရှော့သ်၊ မင်းက ဟိုဖက်ခုံတန်းမှာ မစ္စတာလိန်းနဲ့တွဲထိုင်ရမယ်၊ မင်းက ချီဗာလီယာနဲ့ ဆန့်ကျင်ဖက်သရုပ်ဆောင်ရမှာ"

ကျွန်မ စိတ်ဓာတ်ကျသွားပါတယ်၊ ကျွန်မဟာ တော်တော့်ကိုထူတာ အတာပဲ၊ ဂျင်နက်တီမက္ကဒေါ်နယ်လို ချစ်စရာကောင်းအောင် လှပတဲ့မင်းသမီးကို ချီဗာလီယာနဲ့ ဆန့်ကျင်ဘက် သရုပ်ဆောင်ခိုင်းမတဲ့လား၊ ဒါဆိုရင် ကျွန်မနဲ့ မစ္စတာလိန်းတို့က ဘယ်လိုသရုပ်ဆောင်ကြမှာပါလိမ့်။

မကြာခင်မှာပဲ ကျွန်မသိချင်တာကို သိလာရပါတယ်။

"အခုရိုက်မယ့် အခန်းနှစ်ခန်းက တူနေတယ်"လို့ မစ္စတာလူဘစ်ချ်က ရှင်းပြပါတယ်။ "မစ္စတာချီဗာလီယာနဲ့ မစ္စမက်ဒေါ်နယ်တို့က ဟိုခုံတန်းလျားပေါ်မှာ ထိုင်ကြရမယ်၊ မင်းက မစ္စတာလိန်းနဲ့ ဒီခုံတန်းလျားပေါ်မှာ ထိုင်ရမယ်၊ လိန်းက မစ္စတာချီဗာလီယာရဲ့ဘဏ္ဍာစိုး. . .။ မင်းက မစ္စမက္ကဒေါ်နယ်ရဲ့ မင်းသမီးရဲ့အစေအပါး

www.burmeseclassic.com


လုပ်ရမှာ။ သူတို့နှစ်ယောက်မှာ ချစ်ရေးချစ်ရာပြဿနာရှိနေသလို မင်းနဲ့ မစ္စတာလိန်း တို့မှာလည်း အချစ်ပြဿနာရှိနေတယ်။

"မင်းတို့နှစ်ယောက်က မင်းတို့သခင်နဲ့ သခင်မလုပ်သမျှကို အတုခိုးကြ တယ်၊ သူတို့နမ်းရင် မင်းတို့နမ်းတယ်၊ မစ္စတာချီဗာလီယာက မစ္စမက္ကဒေါ်နယ်ကို ချစ်ကြောင်း ဖွင့်ပြောတဲ့အခါ မစ္စတာလိန်းကလည်း မင်းကို သူချစ်ကြောင်းပြောမယ်။ ဇာတ်လမ်း သဘောက အဲဒါပဲ. . . နားလည်လား"

ကျွန်မသဘောပေါက်ပြီ ချီဗာလီယာက ဂျင်နက်တီနောက် တကောက် ကောက်လိုက်နေရင် လူဝီနိုကလည်း ကျွန်မနောက် တကောက်ကောက်လိုက်ရမယ်။ လူဝီနိုက သူ့မျက်နှာကို ကျွန်မရဲ့မျက်နှာနား သိပ်ကပ်လာတဲ့အခါမှာ ကျွန်မက သူ့ကိုချစ်တဲ့စိတ်နဲ့ မျက်လုံးဒေါင့်ကပ်ပြီး စွေကြည့်ရမယ်၊ ချစ်မျက်စောင်းကလေးထိုး ပြရမဲ့သဘောပေ့ါ။

မစ္စတာလူဘစ်ချ်ပြောတဲ့အတိုင်း ကျွန်မလုပ်ပြပါတယ်၊ သူ့စိတ်တိုင်းကျ မဖြစ်ပါဘူး၊ သူဟာ လက်ထဲကဆေးပြင်းလိပ်ကို သူ့ပါးစပ်မှာ ပြန်တပ်လိုက်ပါတယ်၊ "အမျိုးသမီးကလေးရေ. . .။ ငါကသာ မင်းကိုသဘောမကျရင် မင်းသွားတော့မှာ သေချာနေပြီ"လို့ ရေရွတ်ပါတယ်၊ "ကဲ. . . မင်း အဲဒီခုံတန်းလျားပေါ်က ခဏထ"လို့ ခိုင်းပါတယ်။

ကျွန်မ ထပေးလိုက်ပါတယ်၊ မစ္စတာလူဘစ်ချ်က လူဗီနိုရဲ့ဘေးမှာ ဝင်ထိုင် ပါတယ်၊ "ကဲ. . . မိန်းကလေး၊ ငါလုပ်ပြတာကိုကြည့်"တဲ့၊ သူက လူဗီနိုကို လက်နှစ် ဖက်နဲ့သိမ်းဖက်လိုက်တယ်၊ ဆေးပြင်းလိပ်ကြီး ပါးစပ်မှာကိုက်လျက်တန်းလန်းနဲ့ မျက်စိ ကိုစွေပြီး မျက်စောင်းထိုးကြည့်လိုက်တယ်၊ သူလုပ်ပြပုံကိုကြည့်ပြီး ဘေးမှာရှိနေ တဲ့လူတွေက အော်ရယ်ကြပါတယ်။

"မင်းလုပ်ရမှာ အဲဒါပဲ"လို့ ပြောပါတယ်၊ "ကဲ ဒီကိုလာစမ်း၊ မင်း မျက်စိ ကလေးစွေပြီး စောင်းကြည့်တာကိုလုပ်ပြစမ်း၊ ငါကြည့်မယ်"တဲ့၊ ကျွန်မကြိုးစားပြီး လုပ်ပြပါတယ်၊ မအောင်မြင်ပါဘူး၊ သူစိတ်တိုင်းကျမရပါဘူး၊ သူက သူ့လက်ညှိုးကို ကျွန်မနှာခေါင်းနဲ့ လက်မနည်းနည်းအကွာမှာ ထောင်ထားပါတယ်။

"ငါ့လက်ညှိုးကိုကြည့်"လို့ အမိန့်ပေးတယ်၊ "လက်ညှိုးကိုပဲ စိုက်ကြည့်နေ နေဝ်"တဲ့၊ ကျွန်မက ကြည့်နေပါတယ်၊ သူ့လက်ညှိုးဟာ ကျွန်မရဲ့နှာတံဆီကို ဖြည်း ဖြည်းချင်းတိုးလာပါတယ်၊ နောက်ဆုံးမှာ သူ့လက်ညှိုးဟာ ကျွန်မရဲ့နှာတံနဲ့ တစ်လက် မလောက်ပဲကွာပါတော့တယ်၊ ကျွန်မရဲ့မျက်လုံးတွေဟာ အတွင်းဘက်ကိုရွေ့သွား ပါပြီ၊ ကျွန်မရဲ့မျက်စိဟာ စွေစောင်းပြီးကြည့်နေတဲ့အဖြစ်ကို ရောက်သွားပါပြီ။

"ဟုတ်ပြီ. . . ဟုတ်သွားပြီ"လို့ သူက အားရကျေနပ်သံနဲ့ပြောပါတယ်၊ ပြီးတော့ ကျွန်မမေးစေ့ကို ဆွဲမော့ပြီး "ကဲ. . သွား၊ ခုံတန်းပေါ်မှာထိုင်၊ လုပ်စရာရှိတာ ဆက်လုပ်တော့"တဲ့။

❐

www.burmeseclassic.com


ရုပ်ရှင်ရိုက်စဆိုတော့ ကျွန်မဟာ အထိုင်မကျခဲ့ပါဘူး၊ စိတ်က အမြဲတစေ လှုပ်ရှားနေတော့ အမှားမှား အယွင်းယွင်းဖြစ်လေ့ရှိပါတယ်၊ အဲဒီအချိန်က ကျွန်မကို ကြင်နာမှုအပြည့်နဲ့ လက်တွဲခေါ်သွားနေသူကတော့ ချီဗာလီယာပါပဲ။

ကျွန်မရဲ့ ပွဲဦးထွက်ကားကို ရိုက်တင်တဲ့နေ့မှာ ကျွန်မဟာ ဆန်ဖရန်စစ္စကိုမြို့ကို သွားခဲ့ရပါတယ်၊ ဖွင့်ပွဲအခမ်းအနားတက်ရတာပါ၊ ကျွန်မရဲ့ ကိုယ်ရံတော်အဖေါ်အဖြစ် လိုက်ပါခဲ့ရတဲ့မင်းသားက 'ဂယ်ရီကူးပါး'ပါ၊ ဂယ်ရီကူးပါးက အလွန်ကို စကားနည်းပါတယ်၊ စကားမပြော တုံဏှိဘာဝေနေတတ်တဲ့ အကျင့်စရိုက်ရှိပါတယ်။ နောက်ပိုင်း သူသိပ်ပြီးနာမည်ကျော်လာကာမှ စကားနည်းနည်းပိုပြီး ပြောလာတတ်တာပါ။

အဲဒီညက ရုပ်ရှင်ပွဲအပြီးမှာ ညစာစားပွဲကျင်းပပါတယ်၊ ညစာစားပွဲမှာ ကျွန်မဟာ မင်းသားချီဗာလီယာနဲ့ ဂယ်ရီကူးပါးတို့ရဲ့ကြားမှာ ထိုင်ရတာပါ၊ သူတို့ကြားမှာထိုင်ရတာ ကျွန်မအဖို့ စိတ်ရောကိုယ်ပါ ကျဉ်းကြပ်လှပါတယ်၊ အထူးသဖြင့် ပြင်သစ်မင်းသားချီဗာလီယာအပေါ် ချစ်ကြောက်ရိုသေစိတ်ကြောင့် ကျွန်မစိတ်ဟာ ပိုပြီးလှုပ်ရှားနေရပါတယ်။

အဲသလိုဖြစ်နေရတဲ့ကြားထဲမှာ ရုတ်တရက် ကျွန်မရဲ့ဒူးခေါင်းကို တစ်ခုခု လာတိုက်မိတာ ခံလိုက်ရပါတယ်၊ ကျွန်မစိတ်ထဲမှာ စားပွဲတိုင်နဲ့တိုက်မိတယ်လို့ ထင်တာနဲ့ ခြေထောက်ကိုရွှေ့လိုက်ပါတယ်၊ ဒါပေမဲ့ စားပွဲတိုင်က ကျွန်မရဲ့ဒူးသွားရာနောက်ကို လိုက်လာပါတယ်၊ ကျွန်မမျက်နှာဟာ ပူထူနေပါပြီ၊ မော့ကြည့်လိုက်တော့ ကျွန်မကို ပြုံးစစနဲ့စိုက်ကြည့်နေတဲ့ ချီဗာလီယာရဲ့မျက်နှာကိုမြင်ရပါတယ်။ သူက ကျွန်မဒူးခေါင်းကို သူ့ဒူးနဲ့လာထိနေတာပါလား. . . ။

"မင်း ကိုယ်နဲ့မကချင်ဘူးလား"လို့ မေးပါတယ်။

နောက်တခဏအတွင်းမှာ ကျွန်မဟာ သူ့လက်ထဲမှာ ရောက်နေပါပြီ၊ တိုးတိုးသာသာပြောပြနေတဲ့ သူ့စကားပြောသံကို နားထောင်ရင်း ကျွန်မဟာ ကြည်လင်ပေ့ါပါးနေပါတယ်၊ ကျွန်မ သူ့ကိုစကားပြောချင်ပေမယ့် ဘာပြောရမှန်းမသိပါဘူး၊ နောက်ဆုံးမှာတော့ ကျွန်မက "ဒီညလာတဲ့ ရုပ်ရှင်ကြည့်ပရိသတ်က ဇာတ်ကားကို တော်တော်ကြိုက်ကြပုံပေါ်ရဲ့လား"လို့ မေးလိုက်မိပါတယ်။

သူကခေါင်းညိတ်ပြီး "မင်းကောကြိုက်ရဲ့လား"လို့ ပြန်မေးပါတယ်။

"ကြိုက်တာပေါ့"လို့ ကျွန်မက ပြန်ပြောပြီး သက်ပြင်းတစ်ချက်ချလိုက်မိပါတယ်။

ကျွန်မတို့ဟာ တော်တော်ကြာကြာပဲ အကခွင်မှာ နစ်မျောနေကြပါတယ်၊ "မင်းမျက်လုံးတွေဟာ သိပ်ကိုလှတာပဲ လီလီ"လို့ သူကပြောပါတယ်၊ သူ့အပြုံးကြောင့် ကျွန်မရင်ဟာ တဒိတ်ဒိတ်ခုန်နေရပါတယ်၊ "အဲဒီမျက်လုံးတွေကြောင့် ဒုက္ခမရောက်အောင် သတိထားဖို့တော့လိုလိမ့်မယ် လီလီ"တဲ့။

အဲဒါဟာ ကျွန်မနဲ့မောရစ္စချီဗာလီယာတို့ရဲ့ လွမ်းမောစရာအချစ်ဇာတ်လမ်းအစပါ။

❒

www.burmeseclassic.com



ကျွန်မ ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး မကြာခင်မှာပဲ ဂျာမန်မင်းသမီး 'မာလင်းဒိုင်းယက်ရစ်ချ်'ရောက်လာပါတယ်၊ မာလင်းဟာ အထီးကျန်နိုင်လှပါတယ်၊ သိပ်ပြီး ပျော်ပျော်ရွှင်ရွှင်မရှိလှပါဘူး၊ သူနဲ့ကျွန်မဟာ 'ဒေါက်မွန်ဒဲလ်'ဆိုတဲ့ မိတ်ကပ်မိန်းကလေးတစ်ယောက်ကို နှစ်ယောက်အတူတူ သုံးကြပါတယ်။ အဲဒီမိန်းကလေး 'ဒေါက်မွန်ဒဲလ်'ဟာ နောက်နှစ်ပေါင်းများစွာ ကြာတဲ့အခါမှာ ကမ္ဘာကျော် အဆိုတော်ရုပ်ရှင်မင်းသမီး 'ဂျူဒီဂါလင်'ရဲ့ လူယုံတော်အတွင်းရေးမှူး ဖြစ်သွားခဲ့ပါတယ်။

ဂျူဒီဂါလင်ဟာ နေရင်းထိုင်ရင်းနဲ့ ဝ-ဝလာတဲ့အတွက် ဟိုးလီဝုဒ်ရုပ်ရှင်မြို့တော်ရဲ့ ထိပ်သီးရုပ်ရှင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ အင်မ်ဂျီအမ်ကုမ္ပဏီကြီးက တဆူဆူ တပူပူလုပ်နေလေ့ရှိပါတယ်။ ကျွန်မကိုလည်း ဒေါက်က အဲသလိုပါပဲ၊ အမြဲတန်း အရိပ်တကြည့်ကြည့်လုပ်နေလေ့ရှိပါတယ်၊ ဝလာရင် ဘေးကနေပြီး သတိပေးတတ်ပါတယ်။

ကျွန်မတို့ 'အချစ်ပြပွဲ'ဇာတ်ကားရိုက်ချိန်မှာ ကျွန်မဟာ မသိမသာဝလာပါတယ်၊ ဒါရိုက်တာလူဘစ်ချ်က ကျွန်မကို ဆယ်ပေါင်လောက်ကျအောင် လုပ်ရမယ်လို့ ညွှန်ကြားပါတယ်၊ ကျွန်မပေါင်ချိန်လျော့ကျသွားအောင် ကြိုးစားပေမယ့် မရပါဘူး၊ ဇာတ်ကားရိုက်ပြီးခါနီးမှာတော့ ပေါင်ချိန်နည်းနည်းပါးပါး ကျသွားပါတယ်။

ကျွန်မအနေနဲ့ ကိုယ်အလေးချိန်ကျသွားဖို့အတွက် နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ပါတယ်၊ တစ်ရက်မှာ ကျွန်မဟာ ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီရဲ့ ထိပ်သီးမင်းသမီးတစ်ယောက်ကို ကပ်ပြီးမေးခဲ့ဘူးပါတယ်၊ "ရှင် ဘယ်နည်းကိုသုံးသလဲ. . . ရှင့်ရဲ့ ကိုယ်နေဟန်ထားက အမြဲပုံမှန်ပဲ၊ လျှို့ဝှက်ချက်ကလေးရှိရင် သိပါရစေလား"

"လျှို့ဝှက်စရာမလိုပါဘူး လီလီရယ်"လို့ သူကဖြေပါတယ်။ "မနက်တိုင်း မနက်စာမစားခင်မှာ ဂျင်တစ်ဝက်နဲ့ ရှောက်ရည်တစ်ဝက် ရောပြီးသောက်တယ်"

သူ့နည်းက ကျွန်မအတွက် ပြင်းထန်လွန်းအားကြီးလှပါတယ်၊ အဲဒီအချိန်က ကျွန်မဟာ အရက်သောက်တတ်သေးတာ မဟုတ်ပါဘူး၊ ဒ့ါကြောင့်မို့ ဂျင်တစ်ဝက်ဟာ များလွန်းနေပါတယ်၊ ပြီးတော့ ဂျင်ကိုသောက်ထားတဲ့အတွက် အစားစားမှုမှာလည်း သိပ်ပြီးအကျိုးသက်ရောက်မှုမရှိလှပါဘူး။ ကျွန်မကတော့ အဲသလိုထင်ပါတယ်။

တစ်မနက်ခင်းမှာတော့ ဒေါက်က "ရှင် မာလင်းဆီ ဘာပြုလို့သွားမလည်တာလဲ တစ်ခါတလေသွားလည်ပါလား. . . သူက ဧည့်သည်လာရင် သိပ်သဘောကျတာ"လို့ ပြောပါတယ်၊ ကျွန်မ ချက်ခြင်းပဲ မာလင်းရဲ့အဝတ်လဲခန်းကို ရောက်သွားပါတယ်၊ ကျွန်မကအသက်အရွယ် သူ့ထက်ငယ်လို့ပဲလား၊ ဒါမှမဟုတ် ကျွန်မက သူ့ကို တလေးတစားရှိလွန်းလို့ပဲလားတော့ မပြောတတ်ပါဘူး၊ သူ ကျွန်မအပေါ် ခင်မင်ရင်းနှီးရုံတင်မကဘူး၊ ယုံကြည်စိတ်ချတဲ့သဘောလည်း ရှိပါတယ်။

သူ့အနေနဲ့ ဟိုးလီးဝုဒ်မှာမပျော်ဘူးတဲ့၊ ဂျာမနီနိုင်ငံမှာ ခွဲထားရတဲ့သူ့သမီးလေးကို သိပ်လွမ်းတာပဲတဲ့၊ အဲဒါတွေကို ရင်ဖွင့်ပါတယ်။ ကျွန်မအဖို့တော့ မာလင်း

www.burmeseclassic.com


ဒိုင်းယက်ရစ်ချ်ဟာ အားကျစရာလူတစ်ယောက်ပါ။ သူ့ပြောဟန်ဆိုဟန် ချစ်စရာကောင်းတဲ့အပြုအမူ၊ သူ့အသံနဲ့ ဖေါ်ရွေမှု၊ အားလုံးဟာ ကျွန်မအတွက် အားကျစရာ၊ လေးစားကြည်ညိုစရာ၊ ချစ်စရာတွေချည်းပါပဲ။

သူနဲ့ကျွန်မ စကားလက်ဆုံကျနေခိုက်မှာ ကျွန်မဟာ သူ့ခြေထောက်တွေကို တိတ်တခိုးကြည့်မိပါတယ်၊ တစ်ကြိမ်ကြည့်ပြီးတဲ့နောက် မကြာခဏခိုးကြည့်မိခဲ့ပါတယ်၊ သူဟာ ကျွန်မနဲ့ပြိုင်ဘက်ဖြစ်နေပါတယ်၊ ပါရာမောင့်ကုမ္ပဏီအသိုင်းအဝိုင်းမှာ ကျွန်မရဲ့ခြေထောက်တွေဟာ ဟိုးလီးဝုဒ်မှာအလှဆုံးလို့ ပြောစမှတ်ပြုနေကြပါတယ်။ ဒါပေမဲ့ အခုအတိုင်းဆိုရင် အဲဒီစကားဟာ မမှန်ပါဘူး။

ဒါရိုက်တာလူဘစ်ချ်ဟာ ကျွန်မကို ရုပ်ရှင်ရိုက်တဲ့အခါမှာ ကျွန်မရဲ့ ခြေထောက်အလှကို ပေါ်လွင်အောင် ကြိုးစားတီထွင်ပြီး ရိုက်ကူးလေ့ရှိပါတယ်၊ ဘယ်လိုရှူးဖိနပ်ကိုစီး၊ ဘယ်လိုခြေအိတ်ကိုစွပ်၊ ဘယ်လိုလမ်းလျှောက်၊ ထိုင်ရင်ထရင် ခြေထောက်တွေကို ဘယ်လိုထား စတဲ့အသေးစိတ်ကအစ ညွှန်ကြားပြသလေ့ရှိပါတယ်၊ မာလင်းကတော့ ဒါရိုက်တာဆီက အသေးစိတ်ညွှန်ကြားမှုကိုတောင် မလိုပါဘူး၊ သူ့အနေနဲ့ ထိုင်ထိုင်ထထ လမ်းပဲလျှောက်လျှောက် သူ့ခြေထောက်တွေက အလှမပျက် လှနေတာပါပဲ။

အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ကျွန်မကိုယ်တိုင်လည်း ဟိုးလီးဝုဒ်မှာ မပျော်ပါဘူး၊ ကျွန်မရဲ့ လူမှုဆက်ဆံရေးဘဝဟာ ချောက်တောက်တောက်နဲ့ ပျင်းစရာကောင်းလှပါတယ်။ အချိန်အားရရင် ကျွန်မဟာ လီယိုဆီကိုပဲ စာတွေရေးပြီး ထည့်နေတာပဲ၊ တစ်ခါတစ်ရံ ကျောင်းအိပ်ကျောင်းစားဘဝနဲ့ ကျောင်းတက်နေတဲ့ ကျွန်မညီမအန်းဆီကို စာရေးပါတယ်၊ တစ်ခါတစ်လေကျတော့ ဘော့စတွန်မြို့မှာ အခြေစိုက်နေတဲ့ ကျွန်မအဖေဆီကို စာရေးပါတယ်။

ကျွန်မဟာ အလုပ်မပင်ပန်းတဲ့နေ့ဆိုရင်တော့ အမေ့ဆီကို ရုပ်ရှင်အကြောင်းနဲ့ရိုက်ကွင်းတွေအကြောင်းပါတဲ့ စာရှည်ကြီးတွေရေးပါတယ်။ အနောက် ဖက်ကမ်းခြေကို ရွှေ့သွားတဲ့ပါရာမောင့်ကုမ္ပဏီရုံးချုပ်မှာ ရောက်နေတဲ့ မစ္စတာလစ်စကီးနဲ့ လည်း တစ်ခါနှစ်ခါလောက် အလည်ထွက်ဖူးပါတယ်။

တစ်ခါတလေ ကျွန်မဟာ မနက်ခြောက်နာရီထိုးကတည်းကစပြီး အလုပ်ခွင်ဝင်ရတာပါ၊ အိမ်ကိုပြန်တော့ ညသန်းကောင်ပါ၊ တစ်ခါတရံမှာတော့ ကျွန်မဟာ ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီမှာ ထုတ်လုပ်သူဖြစ်နေတဲ့ လေမေးလ်နဲ့ အပြင်ထွက်ပါတယ်၊ ကျွန်မအနေနဲ့ အလုပ်ကသိပ်များလွန်းတော့ အပြင်ကိုထွက်လည်ဖို့ အချိန်များများ မရခဲ့ပါဘူး၊ ကျွန်မ အရင်ကဖတ်ဘူးခဲ့လို့သိထားရတဲ့ ဟိုးလီးဝုဒ်ရဲ့ ရိုင်းစိုင်းတဲ့ဇိမ်ခံမှုတွေနဲ့ စည်းစိမ်ခံမှုတွေရဲ့ အရသာတွေကိုလည်း လိုက်စားနေဖို့ အချိန်မရခဲ့ပါဘူး၊ ကျွန်မရဲ့ ဘဝထဲကို ဒေးဗစ်ဝင်မလာမချင်း ဟိုးလီးဝုဒ်မှာ ကျွန်မနေခဲ့ရတဲ့ဘဝဟာ ဘာမှ အဓိပ္ပါယ်မရှိခဲ့ပါဘူး။

၁၁၀

www.burmeseclassic.com

အခန်း[၇]

ကျွန်မ ကလပ်စ်ကျောင်းမှာ နေခဲ့စဉ်တုန်းက ဒေးဗစ်လိုင်ယွန်နဲ့ ကျွန်မဟာ ခင်မင်ခဲ့ဘူးပါတယ်၊ အဲဒီတုန်းက ကျွန်မက ဆယ့်လေးနှစ်၊ သူက ဆယ့်ကိုးနှစ်ပါ။ ဟိုတုန်းက သာမန်လောက်ခင်ခဲ့ကြပေမယ့် ကျွန်မ ဟိုးလီးဝုဒ်ကိုရောက်စ ပထမလ အနည်းငယ်အတွင်းမှာပဲ သူဟာ ကျွန်မအတွက် အရေးပါအရာရောက်တဲ့လူ ဖြစ်လာပါတယ်။

တစ်ညမှာ လေမေးလ်က ကျွန်မဆီကိုဖုန်းဆက်ပြီး ကားတစ်ပတ်လျှောက်စီး ရအောင်လို့ ခေါ်ပါတယ်၊ ကျွန်မတို့ထွက်လာလို့ လမ်းပေါ်ရောက်တော့“ကိုယ် မင်းကို ပြောဖို့မေ့နေတယ်၊ ကိုယ်တို့ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် ဟိုးလီးဝုဒ် မြောက်ပိုင်းထဲမှာနေတယ်၊ သူက လမ်းကြုံရင်ဝင်ခဲ့ပါလို့ ဖိတ်ထားတယ်၊ ကိုယ်တို့နဲ့ သိပ်တွေ့ချင်တဲ့ ဆန္ဒရှိနေတယ်”လို့ သူကပြောပါတယ်။

ကျွန်မတို့ သူ့အခန်းထဲဝင်သွားတော့ သူအိပ်ရာပေါ်က ထလာတယ်၊ သူ့ ဆံပင်က အခွေအလိပ်ကလေးတွေမို့ လှိုင်းတွန့်နေသလိုပဲ၊ အသားကဖြူဖြူပါ။ ကျွန်မ တို့ကို ဆီးကြိုပြီးနှုတ်ဆက်လိုက်တဲ့အပြုံးဟာ ခင်စရာကောင်းလှပါတယ်၊ ကျွန်မအပြုံး နဲ့ ပြန်ပြီးနှုတ်မဆက်ပဲ မနေနိုင်ပါဘူး။

“ဟေး. . . လမ်”

ခေါ်လိုက်တဲ့နာမည်ကတော့ ရယ်စရာတော်တော်ကောင်းတာပဲ၊ ဘယ် သူကမှ ကျွန်မကို ‘လမ်’လို့ မခေါ်ဘူး။

www.burmeseclassic.com


'လမ်'ဆိုတာ 'လီလီယံ'ကို အတိုကောက်ခေါ်တာလေ။

"ကျွန်မနာမည် လီလီယံပါ"လို့ ကျွန်မက မနှစ်မြို့တဲ့လေသံနဲ့ ပြန်ပြောလိုက်ပါတယ် "ကျွန်မအမေက ကျွန်မနာမည်ကို 'လီလီယံ'လို့ အပြည့်အစုံခေါ်ကြဖို့ လူတိုင်းကို အမြဲသတိပေးလေ့ရှိတယ်၊ လီလီလို့လည်း ကျွန်မကို မခေါ်ပါနဲ့၊ 'လမ်'လို့လည်း မခေါ်ပါနဲ့"

သူက ပြုံးဖြဲဖြဲလုပ်နေပါတယ်။ "ကိုယ်တောင်းပန်ပါတယ်ကွယ်၊ ဒါပေမဲ့ ကိုယ့်အဖို့မှာတော့ မင်းနာမည်က 'လမ်'ပါပဲ၊ ကဲပါလေ. . . ဒါကိုခေါက်ထားလိုက်ပါ။ ကိုယ် အဝတ်လဲလိုက်ပါရစေဦး၊ ပြီးရင် တို့ကျောင်းသားဘဝတုန်းကအကြောင်းတွေ ပြောကြရအောင်"လို့ ပြောပါတယ်။

နောက်မိနစ်အနည်းငယ်အတွင်းမှာ ဧည့်ခန်းထဲကို သူ ပြန်ရောက်လာပါတယ်၊ ကျွန်မအနားကို လာရပ်ပါတယ်၊ သူ့အရပ်အမောင်းက မိုးထိုးနေသလိုပါပဲ၊ အရပ်က ငါးပေဆယ်လက်မတောင်ရှိတာ၊ ကျွန်မအတွက် ဒီကမ္ဘာပေါ်မှာ လီယိုတစ်ယောက်သာရှိတာ မဟုတ်ဘူးဆိုတဲ့ အတွေးဝင်လာပါတယ်၊ ဒေးဗစ်ဟာလည်း လူချောလူလှတစ်ယောက်ပါ။ စိတ်ဓါတ်ကလည်း ရွှင်လန်းတက်ကြွပါတယ်။ သူ့ကို မြင်ရင် မခင်ပဲမနေနိုင်ပါဘူး။ လောလောဆယ် သူဟာ တွဲဘက်ဒါရိုက်တာလုပ်နေပါတယ်။ အရီဇိုးနားမှာ ခြောက်လသွားနေရာက ဒီကိုရောက်လာတာလို့ ကျွန်မသိရပါတယ်။

ကျွန်မတို့ လီယိုအကြောင်း စကားစပ်မိကြပါတယ်။ သူက လီယိုကိုသိရုံမကဘူး အတော်ကလေးခင်ပါတယ်။ ပြီးတော့ ကလပ်စ်ကျောင်းရဲ့အကြောင်း. . .

"ကျွန်မ မှတ်မိသလောက်တော့ ကျောင်းမှာတုန်းက ရှင်ကမာနကြီးသလိုပဲ၊ ဟန်တစ်ခွဲသားနဲ့ နေတာ၊ ပြီးတော့ ရှင်က အဝါရောင်ပက်ကက်ကားကြီးနဲ့ဆိုတော့"

"ပြီးတော့. . . ကိုယ်က ရက်ကွန်းတောကြောင်အရေနဲ့ချုပ်ထားတဲ့ အဖိုးတန် ကုတ်အင်္ကျီဝတ်ထားသေးတယ်လေ"

ပြောပြောဆိုဆို သူက ရယ်ပါတယ်၊ ကျွန်မ မမေ့သေးပါဘူး၊ ကျောင်းမှာတုန်းက သူနဲ့သိကျွမ်းခွင့်ရနိုင်တဲ့ အခြေအနေရှိပေမယ့် သူက ကျွန်မထက် အသက်ကြီးတော့ ကျွန်မက ရှက်တယ်။

"ရှင် ဉပဒေသင်နေသေးတယ် မဟုတ်လား"

သူက ခေါင်းညိတ်တယ်၊ "ကိုယ်. . . ဆိုင်ရာရေစ့်တက္ကသိုလ်ကို ရောက်သွားတယ်၊ အခု အဲဒီကထွက်လာတယ်၊ လောလောဆယ်တော့ ကိုယ့်အခြေအနေက ဘာအပြောင်းအလဲမှ မရှိသေးဘူး၊ မင်းကိုတော့ အမှန်အတိုင်းပြောပြတာပါ။ ကိုယ်ဟာ ဟိုတုန်းကအတိုင်းပါပဲ။"

ကျွန်မက မျက်ခုံးတွေကို ပင့်လိုက်မိပါတယ်။ သူက ကျွန်မရဲ့အပြုအမူကို မြင်တော့ ကပြာကရာထပ်ပြောပါတယ် "ဒီလိုပြောလိုက်လို့ ကိုယ့်အပေါ် အထင်မလွဲပါနဲ့နော်၊ ကိုယ်က မင်းကို နှမလေးတစ်ယောက်ခင်သလို ခင်တာပါ။ မင်း လီယိုနဲ့တွဲနေတာ ကိုယ်သိနေတာပဲ၊ ဒါပေမဲ့ မင်းဟာ ကိုယ့်ညီမလေးပဲဆိုပါတော့. . . အဲဒီတော့ တစ်ခါတစ်လေ ကိုယ်နဲ့မင်းနဲ့ ရုပ်ရှင်တစ်ပွဲလောက် ထွက်ကြည့်ကြမယ်ဆို

www.burmeseclassic.com


ရင် မင်းသဘောကျမယ် မဟုတ်လား”

ကျွန်မက ခေါင်းညိတ်လိုက်ပါတယ်။

“ကိုယ်ပြောတာ ယုံပါကွာ၊ ကိုယ် မင်းကို ညီမလေးတစ်ယောက်ခင်သလို ခင်တာပါ။ ကဲကွာ. . . မနက်ဖြန်ညကျရင် ကိုယ်တို့နှစ်ယောက် ရုပ်ရှင်တစ်ပွဲထွက်ကြည့်ကြရအောင်၊ ဖြစ်မယ်မဟုတ်လား”

သူ့အနေနဲ့ ကျွန်မကို ညီမလေးတစ်ယောက်ခင်သလိုမျိုး ခင်တယ်ဆိုတာ ဟုတ်ချင်လည်း ဟုတ်ပေမပေါ့၊ ဒါမှမဟုတ်လည်း သူ့အနေနဲ့ ကျွန်မအပေါ်မှာ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်အပေါ် ထားနေတဲ့သဘောထားမျိုး ဖြစ်ချင်လည်းဖြစ်မှာပဲ၊ အဲသလိုတွေးမိတဲ့အခါမှာတော့ ကျွန်မစိတ်ဟာ နည်းနည်းရှက်လာတယ်။ ဒါပေမဲ့ သူက ခင်မင်ပါတယ်ဆိုတဲ့စကားကိုတော့ ကျွန်မ လက်ခံပါတယ်။ တကယ်တော့ ကျွန်မဟာ လူအများက အလွန်မက်မောတွယ်တာစရာကောင်းတယ်လို့ ယူဆထားတဲ့ ဟိုးလီးဝုဒ်ရုပ်ရှင်မြို့တော်မှာ ရောက်နေတာပါ၊ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာ ဘယ်လိုမှမနေပါဘူး၊ စွဲမက်တွယ်တာတဲ့စိတ်လည်း ဝင်မလာပါဘူး။

နောက်ရက်အနည်းငယ်အကြာ တစ်ညမှာ ဒေးဗစ်က ကျွန်မကို ရုပ်ရှင်လိုက်ပို့ပါတယ်။ ဂျူနီယာလေမေးလ်ရဲ့ ကုမ္ပဏီကထွက်တဲ့ ပထမဆုံးကားပါ၊ ဇာတ်လိုက်က ‘အယ်လဘာတာဗောက်ဟပ်’ပါ။ “ဟိုရောက်ရင် မင်းကို ဂျူနီယာက သူ့အကြောင်း မိတ်ဆက်စကားပြောခိုင်းလိမ့်မယ်ထင်တယ်”လို့ ဒေးဗစ်ကပြောတယ်။ “ဘာပဲဖြစ်ဖြစ်လေ မင်းကလည်း ‘အချစ်ပြပွဲ’ဇာတ်လမ်းမှာ ထိပ်ထိပ်ကြဲဖြစ်လာမှာပါဆိုတော့ ကြည့်လုပ်ပေါ့”

ပထမတော့ ကျွန်မက ဒီရုပ်ရှင်ပွဲမှာစကားပြောရရင် ဝမ်းသာတယ်လို့ ပြောမလို့ပါ။ ဒါပေမဲ့ မပြောဖြစ်ပါဘူး၊ ကျောင်းမှာတုန်းက ဂျူနီယာရဲ့နေပုံထိုင်ပုံတွေအကြောင်းကို ကျွန်မက ချီးကျူးပြောဆိုမိပါတယ်။ ဒေးဗစ်က စိတ်ဝင်စားပုံမပြပါဘူး၊ နောက်ဆုံးမှာ မကြိုက်တဲ့အရိပ်လက္ခဏာမျိုး ပြလာတဲ့အတွက် စကားကို ဖြတ်ပြီး ရပ်ပစ်လိုက်ရပါတယ်။

အိမ်အပြန်ကျတော့ ဒေးဗစ်က ကျွန်မကို ပြန်ချော့ပါတယ်၊ “ကိုယ် မင်းကို ကိုယ့်ရဲ့ ညီမလေးလို သဘောထားတာအမှန်ပါကွာ”လို့ ပြောပြီး “တကယ်လို့ ကိုယ့်ညီမလေးစိတ်ထိခိုက်နေရင် ကိုယ်ကတော့ ဟောသလိုလုပ်မှာပဲ”လို့ပြောပါတယ်၊ ပြီးတော့ ကျွန်မရဲ့နဖူးကို နမ်းပါတယ်။

သူ့ရဲ့လုပ်ပုံကို ကျွန်မစိတ်ပျက်လာပါတယ်၊ သူက ကျွန်မကို ညီမလေးလို့ ခေါ်လိုက်တိုင်း စိတ်အနှောက်အယှက်ဖြစ်ရပါတယ်။ ဒါပေမဲ့ ခဏ်တာက လီယိုကို မေ့လွယ်ပျောက်လွယ်ဖြစ်ဖြစ်သွားပါတယ်။

ကျွန်မ လီယိုဆီကို စာရေးကြဲလာပါတယ်၊ သူ့ဆီက ပြန်စာတွေကလည်း အလာနည်းလာပါတယ်၊ မကြာခင်မှာပဲ ဒေးဗစ်နဲ့ကျွန်မဟာ လူချင်းတွေ့တဲ့အချိန်များလာပါတယ်။ ဒါပေမဲ့ တွေ့ရတာက လွယ်လွယ်လှတာမဟုတ်ပါဘူး၊ ဘာ့ကြောင့်လည်းဆိုတော့ ဟိုးလီးဝုဒ်ရဲ့ဇာတ်ခွဲမှုစနစ်ကြောင့်ပါ၊ ဟိုးလီးဝုဒ်မှာက နာမည်ပျက်နာ

www.burmeseclassic.com


မည်ဆိုးရှိလာရင် ဝိုင်းပြီးကျဉ်တတ်ကြပါတယ်။

ရုပ်ရှင်စတူဒီယိုက လူတွေကလည်း ကျွန်မဟာ ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်နေတဲ့အတွက် တွဲဘက်ဒါရိုက်တာလည်းဖြစ်တဲ့ ဒေးဗစ်လိုလူစားနဲ့ မကြာခဏ တွဲထွက်နေတာမျိုး မလုပ်သင့်ဘူးလို့ ဝိုင်းပြောကြပါတယ်၊ ဒီလိုနဲ့ပဲ စတူဒီယိုမှာ ပါတီပွဲတွေလုပ်ရင် ကျွန်မနဲ့တွေ့မှာကြောက်လို့ ဒေးဗစ်ကို မဖိတ်ကြတော့ပါဘူး။

ဒေးဗစ်ကလည်း အဲဒါကို ဂရုမစိုက်ပါဘူး၊ ပါတီပွဲမပြီးမချင်း အပြင်က စောင့်နေတတ်ပါတယ်၊ အဲသလိုတွေ့ရတာမျိုးကျတော့လည်း လူချင်းတွေ့ချိန်က နည်းသွားတတ်ပါတယ်။ ကျွန်မတို့အနေနဲ့ လူချင်းဆုံမိရင် ဟိုးလီးဝုဒ်ရဲ့နာမည်ကြီး ဘီသုံးလုံး ညကလပ်ကို သွားလေ့ရှိပါတယ်။ အဲဒီကလပ်က ဟိုးလီးဝုဒ်လမ်းကျယ်ကြီးဘေးမှာ တည်ရှိပါတယ်။ အဲဒီရောက်ရင် အရက်သောက်ရင်း စကားပြောကြပါတယ်၊ တစ်ခါ တလေကျရင်တော့ ရုစဗဲ့ဟိုတယ်ကိုသွားပြီး ကကြပါတယ်။

"မင်းနဲ့ပတ်သက်လို့ အမြဲတစေ ညီမလေးတစ်ယောက်လိုတော့ မခံစားရဘူး လီလီယံ"လို့ သူက တစ်ရက်မှာ ဝန်ခံစကားပြောလာပါတယ်။ "ဒါပေမဲ့ ကိုယ့်အသိတစ်ယောက်ရဲ့ မိန်းကလေးကို လုယူရတဲ့အဖြစ်မျိုးတော့ မရောက်ချင်ဘူး"

"အို. . . ဒီကိစ္စကပြီးသွားပါပြီ၊ ဒေးဗစ်က လီလီယံကို လီယိုဆီက လုယူတာလည်း မဟုတ်ပါဘူး။ လီလီနဲ့လီယိုတို့ဇာတ်လမ်းက လောကကြီးအကြောင်း ဘာမှမသိသေးတဲ့ အရွယ်မရောက်သေးတဲ့ ဇာတ်လမ်းပါဒေးဗစ်ရယ်၊ လီလီလည်း အခုမှ သဘောပေါက်တာပါ၊ ဒေးဗစ်နဲ့ကျမှ လီလီရဲ့အချစ်ဇာတ်လမ်းဟာ တကယ် စစ်မှန်တဲ့အချစ်ဇာတ်လမ်းပါ"

"ကိုယ် မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိစေချင်တယ်. . . အချစ်ရယ်"လို့ ပြောပြောဆိုဆို သူက ကျွန်မကို နမ်းပါတယ်၊ သူ့အနမ်းကိုရလိုက်ရင် ကျွန်မ အရာအရာတိုင်းကိုမေ့သွားတာပါပဲ၊ ဒေးဗစ်ရှိပါမှ ကျွန်မဘဝဟာ ပြည့်စုံတော့မှာဆိုတဲ့ အတွေးကလည်း ဝင်လာပါသေးတယ်၊ ကျွန်မချစ်သလို သူကလည်း ချစ်မှာပါဆိုတဲ့ ယုံကြည်မှုကလည်း ကြီးမားနေပါတယ်၊ ပြီးတော့လည်း လူတိုင်း လိုလိုက ကျွန်မကို နာမည်ကျော်ကြားအောင် လုပ်ပေးဖို့သာပြောနေကြတဲ့ အချိန်မှာ သူတစ်ဦးတည်းကပဲ ကျွန်မကိုပျော်အောင် ဘယ်လိုလုပ်ပေးရမလဲလို့ ပြောလာတဲ့လူ မဟုတ်လား။

ကျွန်မတို့ဟာ လက်ထပ်ဖို့အရေးကိုပါ ဆွေးနွေးခဲ့ကြပါတယ်၊ ကျွန်မ အသက် နှစ်ဆယ်တစ်နှစ်ဆိုရင် လက်ရှိအလုပ်ကို စွန့်လွှတ်မယ်။ အလုပ်က မထွက်ခင်မှာ အလုပ်ကိုကြိုးစားလုပ်ပြီး ငွေစုမယ်၊ သူကလည်း အလုပ်ကို ကြိုးစား လုပ်ပြီး ငွေစုမယ်၊ အဲဒီနောက်. . . လက်ထပ်ကြမယ်။

ဒီအချိန်မှာ ကျွန်မနဲ့အတူတူလာနေတဲ့ အမေဟာ ကျွန်မရဲ့ခြေလှမ်းကို မျက်ခြည်မပြတ် ကြည့်လာပါတယ်။ ဆူဆူပူပူလည်း လုပ်လာပါတယ်။ ဒေးဗစ်ဟာ ကျွန်မနဲ့သင့်တော်တဲ့လူ မဟုတ်ဘူးလို့ ပြောလာပါတယ်။ ကျွန်မရဲ့အလားအလာ အလွန်ကောင်းတဲ့အလုပ်ကို စွန့်လွှတ်ခိုင်းတဲ့လူဆိုရင် ဘယ်လိုလူစားမျိုးမဆို ကျွန်မကို နှစ်နှစ်ကာကာချစ်တဲ့လူ မဖြစ်နိုင်ဘူးလို့ အမေက အခိုင်အမာစွပ်စွဲပါတယ်။

www.burmeseclassic.com



BURMESE CLASSIC .com

ဘာပဲဖြစ်ဖြစ် အသက်ဆယ့်ရှစ်နှစ်သာရှိနေသေးတဲ့ ကျွန်မဟာ လက်ထပ်ဖို့အထိ စိတ်ကူးစရာမလိုသေးဘူးတဲ့၊ ကျွန်မဟာ အခုအလုပ်ကို လုပ်ခါစပဲရှိသေးတယ်တဲ့၊ ဒီအလုပ်ဟာ ကျွန်မရဲ့ဘဝကို ဘယ်လောက်အထိ မြင့်မားသွားစေနိုင်လိမ့်မယ်ဆိုတာလည်း ဘယ်သူမှ မှန်းနိုင်တာ မဟုတ်ဘူးတဲ့။

အမေဟာ ပြောရင်းဆိုရင်း ဆူရင်းပူရင်းနဲ့ ငိုပါတယ်။ "အသက်ကလည်း ငယ်ငယ်လေးရှိသေးတယ်၊ လှတာချောတာလည်း ပြောစရာမရှိဘူး၊ အစွမ်းအစလည်း ရှိတယ်၊ အဲဒါတွေအားလုံးကို ဘာမဟုတ်တဲ့ ဒီအကောင်ကြောင့် စွန့်လွှတ်ရတော့မှာလားဟင်၊ နင်မိုက်မဲလှချည်လား. . . လီလီယံရယ်"လို့ ပြောပြောပြီး၊ ရှိုက်ကြီးတငင်ငိုပါတယ်၊ အမေဟာ အရူးတစ်ပိုင်းဖြစ်နေပါတယ်။

"ငါ နင်တို့နှစ်ယောက်အခုလို တတွဲတွဲဖြစ်နေတာကို မကြည့်ချင်တော့ဘူး"တဲ့။ "တစ်ချိန်လုံး ဒီအကောင် နင့်ဆီလာနေရင် နင် ငါနဲ့မနေနဲ့တော့၊ အခန်းရှာပြီး ပြောင်းနေတော့"တဲ့။

ကျွန်မ စိတ်ဆင်းရဲရပါပြီ၊ အမေဟာ ကျွန်မကိုမမွေးခင်ကတည်းက ကျွန်မအတွက် စိတ်ကူးယဉ်အိပ်မက်တွေ မက်လာခဲ့သူပါ၊ ကျွန်မဘဝကို ဘယ်လိုကြီးမြင့်အောင် တည်ဆောက်ပေးရမလဲလို့ စဉ်းစားလုပ်ကိုင်ပေးလာခဲ့သူပါ၊ အခုတော့ သူ့စိတ်ကူးတွေနဲ့ သူ့ရဲ့အားထုတ်မှုတွေဟာ တစ်ပိုင်းစီ တစ်စစီပြိုကွဲပျက်စီးနေပါပြီ။

ပြီးတော့ သူပြောတာမှန်ပါတယ်။ ကျွန်မဟာ လက်ထပ်ဖို့အထိ မစဉ်းစားသင့်သေးပါဘူး၊ ကျွန်မအသက်ဟာ ငယ်ပါသေးတယ်၊ ဒါပေမဲ့ ကျွန်မအလွန်ချစ်အလွန်မြတ်နိုးနေတဲ့လူကို ကျွန်မစွန့်လွှတ်ရမယ်ဆိုတဲ့ ကိစ္စဟာ ဖြစ်နိုင်ပါ့မလား. . . ကျွန်မဘာလုပ်ရမလဲ. . . ဘယ်လိုလုပ်ရမလဲ. . . ကျွန်မ မသိတော့ပါဘူး။ ပန်းချီနဲ့ကိုယ်ဟန်ပြမယ်ကုမ္ပဏီမှာ အလုပ်လုပ်နေတုန်းက ခံစားခဲ့ရဘူးတဲ့ 'ခေါင်းကိုက်ဝေဒနာ'ဟာ ပြန်ဝင်လာပါတယ်။ တကယ်တော့ ကျွန်မဟာ အမေစကားကို အမြဲတစေ နာခံလိုက်နာခဲ့တဲ့သမီးပါ၊ သည်တော့. . .။

စိတ်ပျက်လက်ပျက်နဲ့ပဲ ကျွန်မဟာ အခန်းပြောင်းခဲ့ရပါတယ်၊ ဒီအဆောက်အဦက အခန်းတစ်ခန်းကို ရွှေ့နေခဲ့ရတာပါ။ ဒါပေမဲ့ သီတင်းနှစ်ပတ်အကြာမှာ အမေနဲ့ကျွန်မဟာ ပြန်ပြီးအဆင်ပြေခဲ့ကြပြန်ပါတယ်။ တရားဝင်မကြေညာပဲနဲ့ စစ် ရပ်စဲခဲ့ကြတဲ့ သဘောမျိုးပါ၊ ကျွန်မဟာ အမေ့အခန်းကို ပြန်ရွှေ့လာခဲ့ပါတယ်။

အမှန်တော့ အမေရဲ့ ကျွန်မအတွက်စိုးရိမ်မှုဟာ ကျွန်မ လုံးဝမသိသေးတဲ့ အချက်တစ်ချက်ကြောင့်ဆိုတာကိုလည်း ကျွန်မနားလည်လာခဲ့ရပါတယ်။ ကျွန်မအနေနဲ့ ဒေးဗစ်တစ်ယောက် စိုးရိမ်စရာကောင်းလောက်အောင် နေမကောင်းဖြစ်နေတာကို အစက ကျွန်မမသိခဲ့ပါဘူး၊ တစ်ညနေခင်းမှာ သူဟာ ချောင်းအဆက်မပြတ်ဆိုးရင်းက သွေးအန်ပါတယ်၊ ဆရာဝန်ခေါ်ပြတော့ ဆရာဝန်က စစ်ဆေးအပြီးမှာ ကျွန်မတို့နှစ်ကိုယ်ကြားပြောပါတယ်။

"မင်း စောစောကတည်းက မသိဘူးလား"လို့ မေးပါတယ်။ "ဒီသူငယ်ဟာ အဆုတ်နာရောဂါသည်ပဲ။ သူအိပ်ရာထဲမှာ ရက်တော်တော်ကြာ နားနေဖို့လိုတယ်" တဲ့။

www.burmeseclassic.com


ကျွန်မတုန်လှုပ်ခဲ့ရပါတယ်။ ဒါပေမဲ့ ဒေးဗစ်ဟာ နာမကျန်းဖြစ်နေတာပါ၊ သူ့အနားမှာ စောင့်ရှောက်ပြုစုပေးမဲ့လူ လိုပါတယ်။ ကျွန်မ သူ့ကို အရင်ကထက် အသနားပိုပြီး အချစ်ပိုလာခဲ့ရပါတယ်။

နောက်တစ်ညမှာတော့ ကျွန်မဟာ အမ်-ဂျီ-အမ်ရုပ်ရှင်ကုမ္ပဏီ ထုတ်လုပ်သူ ပေါလ်ဘန်းရဲ့ ညစာစားပွဲကို သွားခဲ့ရပါတယ်။ ပေါလ်ဘန်းဟာ နောက်နှစ် အနည်း ငယ်အကြာမှာ နာမည်ကြီးမင်းသမီးဂျင်းဟာလိုနဲ့ လက်ထပ်ခဲ့လို့ ဟိုးလီးဝုဒ်ရုပ်ရှင် လောကတစ်ခုလုံး တုန်လှုပ်စေခဲ့တဲ့လူပါ။ လက်ထပ်ပြီးမကြာခင်မှာပဲ သူဟာ သူ့ကိုယ် သူ သတ်သေသွားခဲ့ပါတယ်။

ကျွန်မတို့ ဟိုးလီးဝုဒ်မှာက ကုမ္ပဏီပိုင်ရှင်တွေက ဖိတ်သမျှကို မသွားဘဲ မနေရဘူးဆိုတဲ့ ထုံးစံရှိပါတယ်။ ဒါဟာ ဥပဒေတစ်ရပ်လိုဖြစ်နေတာပါ၊ ကျွန်မအနေနဲ့ ပေါလ်ဘန်းဖိတ်ကြားထားတာကို မသွားလို့မဖြစ်ပါဘူး၊ ကျွန်မရောက်သွားတော့ မစ္စက်ဘန်းက ကျွန်မကိုဆီးကြိုပြီး ဇာတ်ရုံထဲခေါ်သွားပါတယ်။

ထိုင်နေကြတဲ့အချိန်မှာ ကျွန်မစိတ်ဟာ ဒေးဗစ်ဆီရောက်နေပါတယ်။ ကျွန်မလေ သူ့အနားမှာ နေချင်လိုက်တာ။ သူ့ကို ယုယုယယပြုစုချင်လိုက်တာ။ ပြင်းထန်တဲ့ဆန္ဒဟာ ကျွန်မရင်ထဲမှာ လှိုင်းထနေပါတယ်။ ရုတ်တရက် ကျွန်မရဲ့ ကျောပြင်ပေါ်မှာ ပုရွက်ဆိတ်တွေအများကြီး တစ်ရွရွတက်လာနေသလိုလို ခံစားလာ ရပါတယ်။ ကျွန်မလုံးဝငြိမ်တော့ပါဘူး၊ တလှုပ်လှုပ်တရွရွနဲ့ ဖြစ်လာခဲ့ပါတယ်။

အဲဒီအချိန်က ကျွန်မရဲ့အဖြစ်ကို ကျွန်မ မသိနားမလည်ခဲ့ပေမယ့် နောင် အခါမှာတော့ အဲသလိုဖြစ်တာဟာ 'စိုးရိမ်ကြောင့်ကြစိတ်'ပြင်းထန်လာလို့ ဖြစ်တာလို့ သိခဲ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မဘေးမှာရှိနေတဲ့ မစ္စတာပေါလ်ဘန်းက ကျွန်မ အဖြစ်ကိုကြည့်ပြီး ဘယ်လိုထင်မလဲ. . .။ သူကတော့ သိလျက်နဲ့ မသိဟန်ဆောင် နေပါတယ်။ နောက်ဆုံးမှာတော့ ကျွန်မခံစားနေရတဲ့ စိတ်မငြိမ်မှုဟာ ပျောက်သွားပါ တယ်။

နောက်ပိုင်း ပွဲပြီးလို့ ကျွန်မကို သူ့ကားနဲ့အိမ်ပြန်ပို့ပေးတဲ့ မစ္စတာပေါလ် ဘန်း က "ငါမင်းကို စကားတစ်ခွန်းပြောချင်တယ်"လို့ အစချီပြီး "မင်းဟာ အသက် ငယ်ငယ်လေးပဲ ရှိပါသေးတယ်၊ အခုမှ မင်းဘဝကို အစပြုနေတုန်းပဲရှိသေးတယ်၊ မင်းရှေ့မှာလည်း အကြီးအကျယ်တိုးတက်လာမဲ့ အလားအလာကောင်းတွေ အများ ကြီးရှိနေတယ်။ မင်းအတွက် အသင့်တော်ဆုံးနဲ့ အထိုက်တန်ဆုံးဘဝအဖော် တစ်ယောက် ရနိုင်မဲ့အလားအလာတွေလည်း ရှိနေတယ်။ မင်းဟာ လှေကားထိပ်ကို ရောက်အောင်တက်မလား. . .။ လှေကားအောက်ခြေမှာပဲ နေမလား။ အဲဒီ နှစ်လမ်းဟာ မင်းရွေးရမယ့်လမ်းတွေပါ။ မင်းနဲ့ မသင့်တော်တဲ့လူကတော့ မင်းဘဝကို အောက်ကျသွားအောင်လုပ်မှာပဲ၊ မင်းနဲ့သင့်တော်တဲ့လူကတော့ မင်းဘဝကို မြှင့်တင် ပေးသွားလိမ့်မယ်"လို့ ပြောပါတယ်။

ကျွန်မအနေနဲ့ သူ့စကားကို အမြဲတစေသတိရနေသင့်တာ အမှန်ပါ။

❐

www.burmeseclassic.com


အခုဆိုရင် ဒေးဗစ်နဲ့ကျွန်မဟာ ခွဲမရအောင်ဖြစ်နေကြပါပြီ၊ တစ်ရက် မွန်းလွဲပိုင်းမှာ ကျွန်မဟာ ရိုက်ကွင်းထဲ ရောက်နေပါတယ်။ ကျွန်မဆိုရတဲ့ သီချင်းက လည်း အတော်ကလေးခက်ပါတယ်၊ ကျွန်မအနေနဲ့ သီချင်းကို အကြိမ်နှစ်ဆယ်တိတိ ဆိုပြ ပြီးပါပြီ၊ ညကိုးနာရီထိုးချိန်အထိ ဒါရိုက်တာက စိတ်တိုင်းကျ မဖြစ်သေးပါဘူး၊ ဒေးဗစ်က အပြင်ဘက်ကလာစောင့်နေတာ ညနေခြောက်နာရီထိုးကတည်းကပါ၊ စတူဒီယို တာဝန်ကျတွေရဲ့ အမြင်မှာတော့ ကျွန်မကြောင့် သူတို့အားလုံး အချိန်ကုန် လူပန်းဖြစ်ကြ ရတယ်လို့ ယူဆနေကြပါပြီ၊ နောက်ဆုံးမှာ ကျွန်မဟာ ဒါရိုက်တာက ကျွန်မကို အိမ်ပြန်နိုင်ပြီလို့ ပြောလိုက်သံကြားသလိုလိုလုပ်ပြီး ရိုက်ကွင်းထဲက လှမ်း ထွက်လာခဲ့ပါတယ်။

အဲဒီညက ဒေးဗစ်နဲ့ကျွန်မဟာ သူ့အခန်းမှာ အတူတူနေခဲ့ကြပါတယ်၊ ကျွန်မအနေနဲ့ အသက်နှစ်ဆယ့်တစ်နှစ်မပြည့်မချင်း လက်မထပ်ပါဘူးဆိုတဲ့ကတိ အမေ့ကို ပေးထားပါတယ်၊ ကျွန်မလုပ်ပုံက အဲဒီကတိကို ချိုးဖောက်ရာကျနေသလား၊ အဲဒါတော့ ကျွန်မလည်း မပြောတတ်အောင်ဖြစ်နေရပါတယ်။ ဘာ့ကြောင့်လည်းဆို တော့. . .

အဲဒီညက ကျွန်မတို့အတူတူနေခဲ့ကြပေမယ့် အပရိကကိစ္စကလွဲပြီး လွန်လွန်ကျူးကျူး မဖြစ်ခဲ့ကြတာ အမှန်ပါ၊ အမှန်အတိုင်းဝန်ခံရရင် လိင်ကိစ္စနဲ့ ပတ်သက်လို့ ကျွန်မရဲ့ အသိပညာဗဟုသုတဟာ အတော်ကိုနည်းပါတယ်။ ကျွန်မ နားလည်ထားသမျှဟာ ရှုပ်ထွေးနေရုံမကဘူး၊ ကြောက်စရာတွေများပါတယ်၊ ကိုယ့် ပတ်ဝန်းကျင်မှာ မြင်တွေ့ခဲ့သမျှအားလုံးဟာလည်း ရှက်စရာကောင်းလောက်အောင် ညစ်ညမ်းပြီး ယုတ်မာတယ်လို့ ယူဆခဲ့ပါတယ်။

ဒေးဗစ်ကျတော့လည်း သူ့ဗဟုသုတက ကျွန်မနဲ့သိပ်မကွာပါဘူး၊ ဒီကြား ထဲမှာ သူ့ကျန်းမာရေးက လောလောဆယ်မကောင်းတော့ အဲဒီအရေးကလွဲပြီး တခြားဘာကိုမှသိပ်ပြီး အရေးတယူမပြုနိုင်ပါဘူး၊ အဲဒီညကလည်း သူချောင်းဆိုးတာ ဟာ အဆက်မပြတ်ပါ။ မနက်အရုဏ်တက်ချိန်အထိ ချောင်းဆိုးတာကို ပြုစုစောင့် ရှောက်ရင်းနဲ့ပဲ အချိန်ကုန်ခဲ့ရပါတယ်။

အဲဒီညက ကျွန်မတို့ဟာ ကျွန်မတို့ရဲ့အနာဂတ်ဘဝ သာယာရေးကိုပဲအဓိ ကထားပြီး စဉ်းစားစိတ်ကူးခဲ့ကြပါတယ်။ အစီအစဉ်တွေ ချမှတ်ကြပါတယ်၊ နောင် တစ်ချိန်မှာ ကျွန်မတို့လင်မယားမှာ သားသမီးသုံးယောက်ရှိရမယ်၊ ယောကျ်ားလေး နှစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်။ သူတို့အတွက် ကိုယ်ပိုင်အိမ်ရှိရမယ်၊ ခြံကလေးဝင်းကလေးနဲ့ ပန်းဥယျာဉ်ကလေးနဲ့၊ အဖေနဲ့အမေကလည်း တစ်ယောက် ကိုတစ်ယောက် သိပ်ချစ်ကြတယ်။

သူ့ကျန်းမာရေးအခြေအနေ မကောင်းလို့ ကျွန်မ သိပ်ပြီးစိတ်ပူနေတယ် ဆိုတာကို ဒေးဗစ်သိနေပါတယ်၊ နောက်သီတင်းပတ်အတော်ကြာတဲ့အထိ သူဟာ တကယ့်လူကောင်းပကတိလို ဖြစ်နေပါတယ်။ ခွန်အားအပြည့်နဲ့ သွားလို့လာလို့ ရယ်လို့မောလို့ ရွှင်လန်းတက်ကြွနေပါတယ်။ သူ့ရောဂါဟာ သူနဲ့အဝေးကြီး ရောက် သွားတဲ့အတိုင်းပဲ၊ သူ့မှာ ဒီရောဂါရှိနေတယ်ဆိုတာ ဟုတ်မှဟုတ်ပါလေစလို့ အောက် မေ့ရပါတယ်။

www.burmeseclassic.com



BURMESE CLASSIC .com

ရုတ်တရက် ဂျက်ဆီလစ်စကီဟာ သူ့လက်ထဲက ဆေးတောင်ငှေးကို နောက်တစ်ချီငှေ့ယမ်းလိုက်ပြန်ပါတယ်။ ဒီတစ်ချီကတော့ သူက ကျွန်မကို တစ်မနက်ခင်းမှာ သူ့ရုံးခန်းကိုလာဖို့ ခေါ်တာပါ။

"မင်းအဖေက ငါ့ဆီကို စာတစ်စောင်ရေးလိုက်တယ်"လို့ သူကပြောပါတယ်။ "သူက မင်းအကြောင်း အများကြီးရေးလိုက်တာပဲ၊ အဲဒီထဲမှာ ထူးခြားတာလေးတစ်ခုပါလာလို့ ဒါကြောင့် ငါ မင်းကိုခေါ်တာ၊ မင်းဟာ. . . ဇာတ်လမ်းကောင်းကြီးတွေထဲမှာ ထူးထူးချွန်ချွန်သရုပ်ဆောင်နိုင်တဲ့ အလားအလာရှိတဲ့ မင်းသမီးတစ်ယောက်ဖြစ်တယ်တဲ့ မင်းရဲ့အစွမ်းအစကိုသာ ပြခွင့်ရရင် မင်းဟာ တစ်ရှိန်ထိုးတက်လာနိုင်တယ်တဲ့၊ အဲသလိုလည်း သူ့စာမှာရေးထားတယ်"

ပြီးတော့ သူက ဆက်ပြောပြန်ပါတယ်၊ ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီက အခုလောလောဆယ် 'ခြေသလုံးအိမ်တိုင်ဘုရင်'ဆိုတဲ့ ဇာတ်ကားမှာ 'ဟူဂတ်တီ'အဖြစ်သရုပ်ဆောင်ရမဲ့ မင်းသမီးတစ်ယောက်ရွေးနေကြောင်း၊ အခုဆိုရင် စမ်းသပ်ကြည့်နေတာ မိန်းကလေးတစ်ရာ့ငါးဆယ်နီးပါး ရှိနေပြီဖြစ်ကြောင်း၊ ဒါရိုက်တာစိတ်တိုင်းကျလူကို မရသေးဘူးလို့သိရကြောင်း စသည်ဖြင့်ပြောပြပြီး သူသိထားတဲ့ဇာတ်လမ်းကို ရှင်းပြပါတယ်။

သူရှင်းပြတဲ့အတိုင်းဆိုရင် ဟူဂတ်တီဟာ အသက်၃၂နှစ်အရွယ်လောက်ရှိတဲ့ လမ်းပေါ်ကမိန်းမတစ်ယောက်ပါ၊ သူဟာ ကဗျာဆရာဖရန်ကွစ္စဗီလွန်ရဲ့ ချစ်သူရည်စားပါ၊ ကဗျာဆရာအဖြစ် သရုပ်ဆောင်မှာက မင်းသားဒင်းနစ္စကင်းပါ။ ဟိုးလီးဝုဒ်ရဲ့ ထိပ်သီးမင်းသမီးတစ်ချို့ကလည်း ဒီအခန်းကို သရုပ်ဆောင်ချင်နေကြတယ်လို့ သိရပါတယ်။

"ဒီတော့ဟာ ငါပြောချင်တာက မင်းအဖေဟာ မင်းအကြောင်းကို ပိုပြီးသိပုံရတယ်၊ မင်းအသက်က အခုမှ၁၈နှစ်ဆိုပေမယ့် ဒီအခန်းမှာ အံဝင်ခွင်ကျဖြစ်ချင်လည်းဖြစ်နေမှာ၊ ငါကတော့ မင်းကို ဒီကားရိုက်မဲ့ဒါရိုက်တာ လပ်ဝစ်ဘာဂျာဆီကို သွားစေချင်ပါတယ်၊ ငါကလွှတ်လိုက်တယ်လို့ပြော။ 'ဟူဂတ်တီ'အဖြစ် စမ်းပြီး သရုပ်ဆောင်ခိုင်းကြည့်ဖို့ မှာလိုက်တယ်လို့လည်း ပြောပြပါ"လို့ ဂျက်ဆီလစ်စကီးက ပြောပါတယ်။

သူက အရေးတကြီးခေါ်လို့ လာရတာဆိုတော့ ဝတ်လာတဲ့အဝတ်အစားက မသေမသပ်ရှိလှပါတယ်။ ကိုယ်ပေါ်မှာက ဆွယ်တာအင်္ကျီ၊ ခါးမှာက ဒူးဖုံးစကပ်၊ စီးထားတာက ဂေါက်ရိုက်တဲ့အခါစီးတဲ့ ရှူးဖိနပ်၊ ကျွန်မလည်း အဝတ်ပြန်လဲမနေတော့ဘူး၊ ကသောကမြောထွက်လာခဲ့ပြီး သူပြောလိုက်တဲ့ မစ္စတာဘာဂျာကို ရှာရပါတော့တယ်။

တွေ့လည်းတွေ့ရော "ကျွန်မကို မစ္စတာလစ်စကီးက လွှတ်လိုက်လို့ပါ" လို့ ကျွန်မက အသိပေးလိုက်ပါတယ်။

သူက ကျွန်မမျက်နှာကို စိတ်မရှည်တဲ့ပုံစံမျိုးနဲ့ မော့ကြည့်ပြီး "ဘာကိစ္စတဲ့လဲ" လို့ မေးပါတယ်။

"ဟူဂတ်တီအဖြစ် သရုပ်ဆောင်ခိုင်းကြည့်ဖို့ပါ"

www.burmeseclassic.com


"ဘာကွ. . ."လို့ သူက တအံ့သြရေရွတ်ပါတယ်။ "ကောင်းကွာ၊ ငါလိုချင်တာနဲ့ သူလွှတ်တာနဲ့ တခြားစီပဲ"တဲ့။ ပြီးတော့ ကျွန်မကို အချိန်အတော်ကြာကြာ စိုက်ကြည့်ပါတယ်။ "တခြားဟာတွေကို အသာထားဦး၊ မင်း ရုပ်ကိုပဲကြည့်ပါဦး၊ မင်းကြည့်ရတာ အသက်၁၄နှစ်လောက်ပဲရှိဦးမယ့် ကောင်မကလေးပဲ။ အခုဟာ အသက်ကြီးကြီးမိန်းမတစ်ယောက်ရဲ့ ပူပူလောလောနဲ့ ထတတ်၊ ရှုတတ်၊ ကြမ်းတတ်၊ ရမ်းတတ်တဲ့ပုံမျိုးတွေ လုပ်ရမှာဟ"

ကျွန်မက သူ့ရှေ့နားရောက်အောင် တိုးသွားပြီး "ကျွန်မ ဖြစ်အောင်လုပ်နိုင်ပါတယ်၊ မစ္စတာဘာဂျာ၊ ကျွန်မလည်း အဲဒီစိတ်မျိုးရအောင် ထားနိုင်ပါတယ်။ ကျွန်မကို စမ်းပြီး ခိုင်းကြည့်စေချင်ပါတယ်"လို့ ထပ်ပြောပါတယ်။

မစ္စတာဘာဂျာဟာ သူ့ဆံပင်တွေကို လက်နဲ့ထိုးဖွနေပါတယ်၊ "ဒုက္ခပဲကွာ၊ နောင်အခါကျရင် ဟိုးလီးဝုဒ်မှာ ဘာဖြစ်ကုန်မလဲဆိုတာ ငါလည်း မသိတော့ဘူး"လို့ ညီးနေပါတယ်။ ပြီးတော့ ကျွန်မကို တစ်ချက်စောင်းကြည့်ပြီး "မင်းအဝတ်အစားဌာနကိုသွား၊ အကျိုးအကြောင်းပြောပြီး အဝတ်အစားယူ၊ မနက်ဖြန်ည ကိုးနာရီကျရင် ဒီကိုပြန်လာခဲ့"တဲ့။

နောက်နေ့မနက် အိပ်ရာကနိုးတော့ ကျွန်မဖျားနေပါတယ်။ အပူချိန်က ၁၀၁၊ အသံကလည်း ဖားပြုတ်သံပေါက်နေပါတယ်။ ကျွန်မအတွက် အခွင့်ကောင်းကတော့ ကျွန်မရှေ့မှာရောက်နေပါပြီ၊ ကျွန်မက ဆုတ်ကိုင်မိဖို့ပဲလိုပါတယ်။ ဒါပေမဲ့ တက္ကဆက်ဂေနန်းနဲ့တုန်းကလိုပဲ ဖြစ်လာရပြန်ပါပြီ၊ အနားမှာ ကျွန်မကိုကူညီနိုင်တဲ့ အဖေကလည်း မရှိပါဘူး။

ကိုးနာရီမထိုးခင်လေးမှာပဲ ကျွန်မဟာ ချိန်းတဲ့နေရာကို ရောက်သွားပါတယ်၊ ကျွန်မအလှည့်ကို စောင့်ရပါတယ်၊ ဆယ်နာရီထိုးသွားပါပြီ။ နောက်တစ်ခါ ဆယ့်တစ်နာရီ. . . ညသန်းကောင်လည်းရောက်ရော ကျွန်မဟာ စတူဒီယိုထောင့် မှာ စောင်ကြီးတစ်ထည်ခြုံပြီး ကွေးနေရပါတယ်၊ တစ်ကိုယ်လုံးလည်း တုန်နေပါတယ်၊ အိပ်ပျော်သွားလိုက် နိုးလာလိုက်နဲ့ တစ်ချိန်လုံး ဂနာမငြိမ်ဖြစ်နေရပါတယ်၊ မနက်နှစ်နာရီလည်းထိုးရော မစ္စတာဘာဂျာရဲ့အော်သံကို ကြားလိုက်ရပါတယ်။

"မစ္စလီလီယံရော့သ်"

ကျွန်မ စောင်ခြုံအောက်က လူးလဲပြီး ထခဲ့ပါတယ်၊ "မင်းအလှည့်ရောက်ပြီ" လို့ သူက လှမ်းပြောပါတယ်၊ ရိုက်ကွင်းဇာတ်ညွှန်းကို ကြည့်လိုက်တော့ ကျွန်မ ရင်ထဲမှာ တစ်မျိုးဖြစ်သွားရပါတယ်၊ "အခုအခန်းက မင်းသေရမဲ့အခန်း၊ မင်းသေတဲ့ အခန်းကို ငါတို့ကြည့်ကြရအောင်"လို့ မစ္စတာဘာဂျာကပြောတယ်။

ကျွန်မကလည်း အဲဒီအခန်းပဲသရုပ်ဆောင်ပြချင်နေတာနဲ့ အတော်ပဲ၊ မင်းသား ဒင်းနစ္စကင်းက ကျွန်မကို ပွေ့ထားပါတယ်၊ ကျွန်မက ကျွန်မပြောရမဲ့စကားကို ပြောပါတယ်၊ မျက်လုံးအစုံကို ဖြည်းဖြည်းချင်းမှိတ်လိုက်ပြီး သေသွားပါတယ်။

"သိပ်ကောင်းတယ်"လို့ မစ္စတာဘာဂျာက အော်ပြောပြီး ကျွန်မကို ဖက်လိုက်ပါတယ်။ ဟူဂတ်တီအဖြစ် သရုပ်ဆောင်ဖို့ ကျွန်မကို ရွေးလိုက်ပါတယ်။ ကျွန်မအတွက် ပထမဆုံး သဘာဝဇာတ်ကားတစ်ခုမှာ သရုပ်ဆောင်ရမှာပါ။ ကျွန်မအဖို့

www.burmeseclassic.com

BURMESE CLASSIC .com

ဝမ်းသာလို့ မဆုံးဖြစ်ရပါတယ်။

နောက်တစ်နေ့မှာ ဂျက်ဆီလစ်စကီးက ကျွန်မဆီ တယ်လီဖုန်းဆက်ပါတယ်၊ သူ့ခမြာ ကျွန်မရဲ့အောင်မြင်မှုအတွက် သိပ်ကိုဝမ်းသာနေပါတယ်၊ ကျွန်မရဲ့ သွေးသားတော်စပ်တဲ့ ဦးလေးတစ်ယောက်နဲ့ မခြားပါဘူး။ "မင်းဟာ ဒီနှစ်ထဲမှာ ဇာတ်လမ်းအကောင်းဆုံး ဇာတ်ကားတစ်ကားရဲ့ သရုပ်ဆောင်မင်းသမီးဖြစ်လာပြီ၊ ပြီးတော့လည်း မင်းအခုရိုက်မဲ့ဇာတ်ကားက ပထမဆုံးတေးဂီတရောင်စုံကား. . "တဲ့။

၈

ကျွန်မအဖို့ သိပ်ပြီးပီတိဖြစ်ရ ကြည်နူးမှုရတဲ့အချိန်ပါ၊ နောက်ဆုံးမှာတော့ ကျွန်မဟာ ကျွန်မကိုယ်ကျွန်မ ပြန်တွေ့ရပါပြီ။ ကျွန်မဟာ အလွမ်းမင်းသမီးအနေနဲ့ ထူးချွန်သူပါ၊ မျက်စိစွေစောင်းစောင်းကြည့်ရတဲ့ ဟာသမင်းသမီးမဟုတ်တော့ပါဘူး။ ကျွန်မဟာ ကမ္ဘာ့ထိပ်တန်းစာရင်းဝင်ခဲ့ပါပြီ၊ ဒီဇာတ်ကားကျခါမှ ဒါရိုက်တာမစ္စတာ ဘာဂျာရဲ့ ညွှန်ကြားမှုအရ 'အချစ်ပြပွဲ'ဇာတ်ကားရိုက်တုန်းက ချပစ်ခဲ့ရတဲ့ဆယ်ပေါင်ကို ပြန်တိုးလာအောင်လုပ်ခဲ့ရပါတယ်။ အဲဒါမှလည်း ကျွန်မဟာ အသက်ပိုပြီးကြီးတဲ့ ရုပ်လက္ခဏာမျိုးပေါ်လာမှာပါ၊ ပြီးတော့လည်း ဖိုသတ္တဝါတွေကို ပိုပြီးဆွဲဆောင်နိုင်စွမ်းရှိလာမယ် မဟုတ်ပါလား။

အခုအခါမှာ ဒေးဗစ်ဟာ ယူနီဗာဆယ်ကုမ္ပဏီမှာ ညဒါရိုက်တာလုပ်နေပါတယ်၊ သူလည်းပဲ ကျွန်ရဲ့အောင်မြင်မှုအတွက် ကျွန်မနဲ့အတူ ဝမ်းသာကြည်နူးမှုကို မျှဝေခံစားနေရပါတယ်၊ ဒေးဗစ်ရဲ့အလုပ်က ညဆယ်နာရီက နောက်နေ့မနက်ခြောက်နာရီအထိပါ၊ ဒါကြောင့်မို့ ကျွန်မဟာ အရင်ကထက်ပိုပြီး အချိန်ဖြုန်းနိုင်ပါတယ်။

အခုအခါမှာ ကျွန်မဟာ ကိုယ်ပိုင်ကားဝယ်ထားပါပြီ ချာရီစလား၃၄ကား အမျိုးအစားပါ၊ ညတိုင်း သန်းကောင်ယံနီးလာရင် ဆယ့်ငါးမိုင်လောက်ဝေးတဲ့ သူ့စတူဒီယိုကို ကျွန်မကိုယ်တိုင် ကားမောင်းပြီး သွားပါတယ်။ ကျွန်မတို့အဖို့ အိပ်ချိန်က သိပ်နည်းပါတယ်။ ဒါပေမဲ့ ကျွန်မတို့အနေနဲ့ ဘာကိုမှဂရုမထားမိကြပါဘူး။ ဘေးလူတွေက မနှစ်သက်ကြတာကိုလည်း ကျွန်မတို့ အရေးမထားမိကြပါဘူး။

မနက်တိုင်း ကျွန်မဟာ ရိုက်ကွင်းကို အချိန်မှန်မှန် ရောက်လာစမြဲပါ။ ရောက်လာရင် အပြုံးနဲ့ဆီးကြိုသူတွေကတော့ ဒင်းနစ္စကင်းနဲ့ သူ့ရဲ့တွဲဘက် သရုပ်ဆောင် မင်းသမီးဂျင်းနက်ဆီးမက္ကဒေါ်နယ်တို့ပါပဲ။ ကျွန်မအပေါ် စိတ်ဝင်စားနေတဲ့ နောက်တစ်ဦးကတော့ နာမည်ကြီးဗြိတိသျှမင်းသားတစ်ယောက်ပါ၊ သူဟာ ရော်ဘင်ဟုဒ် ဇာတ်ကားရိုက်နေပါတယ်။

တစ်ရက်မှာ သူက ကျွန်မကို နေ့လည်စာစားဖို့ ဖိတ်ပါတယ်။ "မင်းတို့ ဟိုးလီးဝုဒ်က ထိပ်သီးမင်းသား မင်းသမီးတွေအများကြီးနဲ့ စကားပြောခဲ့ပြီးပြီ။ သူတို့အားလုံးက 'ဟူဂတ်တီ'အဖြစ် သရုပ်ဆောင်နေတဲ့ အသက်ဆယ့်ရှစ်နှစ်သမီး မင်းသမီးတစ်ယောက်နဲ့ စကားပြောခွင့်ရတာဟာ အထူးအဆန်းတစ်ခုပဲလို့ ပြောကြ

www.burmeseclassic.com



တယ်” လို့လည်း ပြောပါတယ်။

“ဘာကြောင့်လည်း”လို့ ကျွန်မက ပြန်မေးတော့ သူက ချက်ချင်းပြန်မဖြေဘဲ ပြုံးနေပါတယ်။ တော်တော်ကြာတော့မှ “မင်းဟာ အသက်ငယ်ငယ်ပဲ ရှိသေးတယ်၊ လောကကြီးအကြောင်းဘာမှ မသိသေးတဲ့အရွယ်ပဲ။ အချစ်ရေးမှာလည်း အတွေ့အကြုံရှိသေးတာ မဟုတ်ဘူး။ အဲဒါကို အရာရာမှာ ဆန္ဒရမက်အားကြီးပြီး ပူပူလောင်လောင်ရှိတဲ့ ဟူဂတ်တီအဖြစ် သရုပ်ဆောင်နိုင်တာ အံ့သြစရာမဟုတ်ပေဘူးလား” လို့ အဖြေပေးပါတယ်။

“ရှင့်စကားက အဓိပ္ပါယ်မရှိလိုက်တာ”လို့ ကျွန်မက ပြန်ပြောပါတယ်။ “ကျွန်မလည်း ချစ်စရာရှိလာရင် ချစ်တတ်တာပဲ၊ ဆန္ဒရမက်ဆိုတာလည်း အများကြီး ရှိတာပဲ”

သူက ကျွန်မကို သနားတဲ့မျက်နှာထားနဲ့ ကြည့်နေတယ်၊ “မဟုတ်သေးဘူး. . . လီလီယံ၊ မင်းမှာ အချစ်ရေးကိစ္စတစ်ခု ကောင်းကောင်းရှိဖို့လိုနေတယ်၊ အချစ်ပညာကို မင်းတတ်သိနားလည်သွားအောင် ငါသင်ပေးနိုင်တယ်၊ မင်း အဲဒါ တတ်သွားရင် ပိုပြီးပီပီပြင်ပြင်သရုပ်ဆောင်လာနိုင်မှာ သေချာတယ်”လို့လည်း ပြောပါတယ်။

ကျွန်မက တခိခိရယ်လိုက်မိပါတယ်။

နောက်ရက်အနည်းငယ်ကြာတော့ သူက (သူ့ကို ကျွန်မက ရော်ဘင်ဟုဒ်လို့ နာမည်ပေးထားတယ်) ရိုက်ကွင်းကိုပါလာတဲ့ ကျွန်မအမေကို ချည်းကပ်ပြီး ရင်းနှီးအောင်အားထုတ်ပါတယ်။ သူ့ရဲ့အပြောအဆိုနဲ့ အပြုအမူတွေက တကယ့်လူကြီးလူကောင်းဟန်ပါပဲ၊ ပြီးတော့ “ကျွန်တော်က အခွင့်ကောင်းယူတဲ့ သဘောမဟုတ်ပါဘူး၊ မစ္စရော့သ်ရယ်၊ မစ္စရော့သ်က သာခွင့်ပြုမယ်ဆိုရင် လီလီယံကို တစ်ညလောက် အပြင်ခေါ်သွားပြီး ညစာကျွေးချင်ပါတယ်”လို့ ပြောပါတယ်။

အမေကတော့ သူ့ကို တော်တော်အထင်ကြီးသွားပါတယ်။ တစ်ရက်မှာ အမေက “ငါ့သမီး အလုပ်သိပ်ပင်ပန်းတယ်၊ သူနဲ့လိုက်သွားပြီး လျှောက်လည်ပါလား၊ တစ်ခါတလေလည်း ဒေးဗစ်ကလွဲပြီး တခြားလူတစ်ယောက်နဲ့လည်ရတာ ငါ့သမီး အတွက် ကောင်းမှာပါ”စသည်ဖြင့် ကျွန်မကို ရော်ဘင်ဟုဒ်နဲ့လိုက်သွားဖို့ နားချပါတယ်။

ကျွန်မဟာ အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာပါ။ သူနဲ့လိုက်သွားရင် ဘာဖြစ်လာမလဲ. . .။ ဘယ်လိုဟာမျိုးတွေနဲ့ တွေ့ကြုံရမလဲဆိုတာ ကျွန်မသိချင်တယ်၊ ဒါ့ကြောင့် ကျွန်မက အမေပြောတာကို လက်ခံလိုက်ပါတယ်၊ ကျွန်မအနေနဲ့ ကိုယ့်ဘာသာကိုယ် ထိန်းသိမ်းနိုင်နေတာပဲ မဟုတ်လား. . .။

ကျွန်မ မမေ့သေးပါဘူး။

ကလပ်စ်ကျောင်းမှာနေတုန်းကပေါ့၊ ကျွန်မအသက်ကဆယ့်လေးနှစ်၊ အဲလ်ဘတ်က ဆယ့်ခြောက်နှစ်။ ကျွန်မက သူဆေးလိပ်သောက်တာ အနံ့မခံနိုင်ဘူး၊ သူနဲ့စကားပြောရင်လည်း အနံ့ကိုမကြိုက်ဘူး၊ အဲဒါကို ကျွန်မကပြောတော့ အလစ်မှာ ကျွန်မပါးစပ်ကို နမ်းတယ်။ ကျွန်မက သူ့ပါးကို ပိတ်ရိုက်ပစ်လိုက်တယ်၊ ရိုက်ချက်က

www.burmeseclassic.com



သိပ်ပြင်းလွန်းတော့ အဲလ်ဘတ်ဟာ တစ်ဖက်ကိုလည်ထွက်သွားတယ်၊ ကျွန်မကို ဒါမျိုးလာလုပ်လို့မရဘူးဆိုတာ သိသွားတဲ့အချိန်ကစပြီး သူဟာ ကျွန်မကို ထိဖို့ကိုင်ဖို့ ဝေးရော၊ ထိုင်တာတောင် ခပ်ခွာခွာထိုင်လေ့ရှိပါတယ်၊ ကျွန်မဟာ အဲသလို ကျွန်မ ကိုယ်ကျွန်မ ကာကွယ်တတ်တဲ့အကျင့်ရှိနေတာပဲ မဟုတ်လား။

ချိန်းထားတဲ့ညကျတော့ ရော်ဘင်ဟုဒ်ရောက်လာပါတယ်၊ သူနဲ့အတူ သူ့ အတွင်းရေးမှူးဆစ်ဒနီလည်း လိုက်လာပါတယ်။ ပထမဆုံး ကျွန်မတို့ ဗင်းနစ္စ ကမ်းခြေကို သွားကြပါတယ်။ ပျော်ပွဲရွှင်ပွဲတွေ ရှိတဲ့နေရာပါ။ "ဘာအန္တရာယ်မှ မပေးမဲ့ လူကောင်းတစ်ယောက်ပါလား"လို့ ကျွန်မတွေးမိပါတယ်။

သူက ကျွန်မနဲ့အတူ အပျော်စီးလျှပ်စစ်မီးရထားကိုစီးပါတယ်၊ မီးရထား အရှိန်က သိပ်ပြင်းလာတော့ သူ့ခေါင်းကို သူ့ရဲ့ဒူးနှစ်လုံးကြားမှာ ညှပ်ပြီးလိုက် ပါတယ်။ မျက်နှာကလည်း တကယ့်ကိုကြောက်နေတဲ့ပုံပါ၊ မီးရထားရပ်သွားလို့ ဆင်းကြတော့ "တော်ပြီ. . . နောက်ကို ဘယ်တော့မှမစီးတော့ဘူး"လို့ ပြောပါတယ်။ ကျွန်မတို့ဟာ အဲဒီပန်းခြံထဲမှာ ညဆယ့်တစ်နာရီအထိ နေခဲ့ကြပါတယ်။ သူ့ အတွင်း ရေးမှူးဆစ်ဒနီကတော့ ကျွန်မတို့သွားလေရာနောက်က ပေါက်ပေါက်ထုပ်၊ အာလူး ကြော်ထုပ်၊ ရေခဲမုန့်ထုပ် စတဲ့စားစရာအထုပ်တွေကိုင်ပြီး တကောက်ကောက် လိုက်ရ ပါတယ်၊ နောက်ဆုံးမှာတော့ ကျွန်မက အိမ်ပြန်ကြရအောင်လို့ ပြောပါတယ်။

ကျွန်မတို့ပြန်လာကြပါတယ်။ လမ်းကျတော့ "ကိုယ့်အခန်း ခဏတစ်ဖြုတ် ဝင်ပါဦးလား"လို့ သူကဆိုတယ်၊ ကျွန်မကလည်း မငြင်းပါဘူး၊ ဆစ်ဒနီလည်းပါနေ တာဆိုတော့ စိုးရိမ်စရာ ဘာမှမရှိဘူးပဲတွက်တယ်လေ။ နောက်တစ်ခါ အခန်း တံခါးကို လာဖွင့်ပေးတဲ့ အိမ်စေမကြီးကိုမြင်လိုက်ရတော့ ကျွန်မပိုပြီး စိတ်အေးသွား တယ်။

အိမ်ထဲရောက်တော့ ဆစ်ဒနီက ရှန်ပိန်ထည့်ပေးပါတယ်၊ ကျွန်မ ရှန်ပိန် သောက်နေတုန်းမှာ ရော်ဘင်ဟုဒ်က စန္ဒယားတီးပြပါတယ်။ မူးယစ်စေနိုင်တဲ့ 'ယစ်ရွှေရည်'ကို ကျွန်မအနေနဲ့ ဒုတယအကြိမ် သောက်ခြင်းပါပဲ၊ ဖန်ခွက်ထဲမှာ ထနေတဲ့ အမြှုပ်ကတစ်ဆင့်ရလာတဲ့အနံ့ဟာ သိပ်ကိုချိုမြနေပါတယ်။ ချဉ်စူးစူးအရ သာကလည်း ကျွန်မအနှစ်သက်ဆုံးတစ်ခုပါ။ 'အနံ့ကလေးက သင်းနေတာပဲ၊ ကျွန်မ တော့ သိပ်ကိုကြိုက်တယ်'လို့ ကျွန်မက ရေရွတ်လိုက်မိပါတယ်။ နေရော်ဘင်ဟုဒ်က ထလာပြီး ရှန်ပိန် ထပ်ဖြည့်ပေးပါတယ်။

ရှန်ပိန်ကြောင့် ကျွန်မစိတ်ဟာ မြူးကြွနေပါတယ်၊ ဓါတ်ပြားက ထွက်လာ နေတဲ့ တေးဂီတနဲ့အတူ ကျွန်မ ကနေမိပါတယ်။ အဲဒီတုန်းမှာ ရုတ်တရက် ရော်ဘင်ဟုဒ်က ထလာပြီး ကျွန်မကို တအားဖက်လိုက်ပါတယ်။ ပြီးတော့ အိပ်ခန်း တစ်ခုထဲကို ဆွဲသွင်းသွားပါတယ်။ ကျွန်မရဲ့အဝတ်အစားတွေကိုလည်း အတင်း ဆွဲချွတ်ပါတယ်။ ကျွန်မရဲ့ခေါင်းဟာ ရီဝေဝေ မူးနောက်နောက်ပါ၊ ဒါပေမယ့် အားလုံး ကို သိပါတယ်။ ကျွန်မ သူ့ကို တွန်းတယ်၊ ထိုးတယ်၊ ရိုက်တယ်၊ နှက်တယ်၊ ခြေ ထောက်တွေနဲ့ကန်တယ်၊ သူ့မျက်နှာကို လက်သည်းတွေနဲ့ ကုပ်တယ်၊ ပါးစပ်ကလည်း အော်တယ်။

www.burmeseclassic.com


'နင်ဟာ မိန်းမယုတ်ကလေးပဲ' လို့ သူက ပြောပါတယ်။ ကျွန်မကလည်း မရဘူး၊ သူ့ကို ကန်ရုံကြောက်ရုံတင်မကဘူး၊ ပါးစပ်နဲ့ပါ ကိုက်ပါတယ်။ အဲဒီတုန်းမှာ ဖြုန်းကနဲ ဆစ်ဒနီရောက်လာပါတယ်၊ ကျွန်မက လက်သည်းတွေနဲ့ ကုတ်ခြစ်ထားလို့ သွေးချင်းချင်းဖြစ်နေတဲ့ သူ့ဆရာရဲ့ မျက်နှာကို စူးစူးရဲရဲ ကြည့်နေပါတယ်၊ ပြီးတော့ အံကိုကြိတ်ပြီး 'ကောင်းမလေးဟာ အသက်မပြည့်သေးဘူး၊ အဲဒါကို ခင်ဗျား မသိဘူးလား'လို့ မေးပါတယ်။

ဆစ်ဒနီက ကျွန်မကို ဆွဲပြီး အိမ်ထဲက ထွက်လာခဲ့ပါတယ်။ ကျွန်မဒေါသဖြစ်လွန်းလို့ - ငိုလည်းငို - ၊ အော်လည်းအော်မိပါတယ်၊ 'ငါ ဘယ်လိုအစားဆိုတာ နင့်ကို ပြောထားသားပဲ၊ အခု နင်သိပြီ မဟုတ်လား'လို့လည်း တံခါးဝအရောက်မှာ ထပ်ပြီး အော်ပြောခဲ့ပါသေးတယ်။

ဆစ်ဒနီက ကျွန်မကို ကားနဲ့ အိမ်ပြန်ပို့ပေးပါတယ်၊ တစ်လမ်းလုံး စကားမပြောပဲ နှုတ်ဆိတ်နေပါတယ်၊ မျက်နှာက ကျွန်မရဲ့ လက်သည်းရာတွေကြောင့် ရော်ဘင်ဟုဒ်ဟာ ဇာတ်ကားမရိုက်နိုင်ပဲ သုံးရက်တိတိ ပျက်သွားခဲ့ပါတယ်၊ နောက်ဆုံး မိတ်ကပ်လိမ်းလို့ရလောက်တဲ့အထိ ဒဏ်ရာတွေသက်သာလာမှ သူ့ကားကို ဆက်ပြီး ရိုက်ရပါတယ်။

၇

ကျွန်မရိုက်နေတဲ့ ရုပ်ရှင်ကားနဲ့ပတ်သက်လို့ ဟူဂတ်တီသေတဲ့အခန်းကို ရိုက်ဖို့အချိန်ရောက်လာပါတယ်။ တိုက်ဆိုင်မှုလို့ပဲ ဆိုရမလားမသိပါဘူး၊ ကျွန်မရဲ့ ကိုယ်နဲ့စိတ်က ကျွန်မရဲ့သရုပ်ဆောင်မှုကို ပြောင်မြောက်အောင် ဖန်တီးပေးသလို အဖြစ်မျိုးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

အဲဒီနောက်က မြို့ပေါ်မှာအပူရှိန်ဟာ အတော်ကြီးကိုပြင်းထန်ပါတယ်။ အပူချိန်၁၀၃ဒီဂရီအထိ တက်လာခဲ့ပါတယ်။ အပူချိန်က အဲသလောက်အထိများနေရတဲ့အထဲမှာ ဆေးရောင်စုံကားရိုက်ဖို့ ထိုးပေးနေတဲ့ မာကျူရီမီးအားက ၁၁၀၀တိတိပါ။ ဒီကြားထဲက ရိုက်ကွက်ကို စိတ်တိုင်းမကျတိုင်း ပြင်လိုက်၊ ပြောင်းရိုက်လိုက်လုပ်နေတော့ ကျွန်မစိတ်ဟာ ရှုပ်ထွေးနောက်ကျိလာပါတယ်။

ကျွန်မအနေနဲ့ မတတ်နိုင်တော့ဘူး၊ စိတ်ငြိမ်ဆေးတွေသောက်ပြီး ရှေးဦးသူနာပြုအခန်းထဲမှာ သွားလှဲနေရပါတယ်။ အဲဒီအချိန်မှာ ကားထုတ်လုပ်ရေးမှူးမစ္စနာဘတ်ချ်မင်းရောက်လာပြီး "လီလီယံရေ ထတော့၊ မင်းအတွက် တစ်ကွက်ရိုက်ဖို့ အလှည့်ကျပြီ"လို့ ပြောပါတယ်။

"ဟင့်အင်း. . . ဟင့်အင်း ကျွန်မ မလုပ်နိုင်တော့ဘူး"လို့ပြောပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါတယ်။

သူတို့က ကျွန်မကိုချော့ခေါ်တယ်၊ တောင်းပန်ပြီးခေါ်တယ်၊ ချောက်ပြီးခေါ်တယ်၊ နောက်ဆုံးမှာ ကျွန်မကို အတင်းဆွဲထူပြီး ရိုက်ကွင်းထဲပို့ပေးကြတယ်၊ အဲဒီရိုက်ကွက်ကို အဲဒီနေ့က ကျွန်မဖြစ်နေတဲ့ပုံစံအတိုင်း ရိုက်ယူပြီး အကောင်းဆုံး

www.burmeseclassic.com



အကွက်အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ အမှန်တော့ အဲဒီနေ့က ကျွန်မ ကင်မရာတွေ ရှေ့ ပြန်ရောက်သွားချိန်မှာ ကျွန်မဟာ အပူရှိန်ပြင်းလွန်းလို့ မောပန်းနွမ်းနယ်နေပါတယ်။ ကိုယ်ရောစိတ်ပါ မထူနိုင်အောင် ချူးချူးကျနေပါတယ်၊ သွေးလေချောက်ချား သလိုဖြစ်ပြီး၊ ငိုလိုက် ရယ်လိုက်နဲ့ အရူးတစ်ယောက်ဖြစ်သလို ဖြစ်ပြီးခါစ အချိန်ပါ။

⊐⊐□

www.burmeseclassic.com

## အခန်း[၈]

နေ့စဉ်နဲ့အမျှ ကျွန်မဆီကို ရောက်ရောက်လာတဲ့စာတွေကို ကြည့်ပြီး ဒေးဗစ်ဟာ အံ့အားသင့်နေပါတယ်။ ကျွန်မဆီကို စာရေးပြီးမိတ်ဆက်နေကြတဲ့ ရုပ်ရှင်ဝါသနာအိုးတွေဟာ နည်းနည်းနောနောမဟုတ်ပါဘူး၊ တစ်နေ့တခြားများသည်ထက် များလာနေပါတယ်၊ အဲဒီအချိန်က ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီရဲ့ လူကြိုက်အများဆုံးလို့ သတ်မှတ်ခံရတဲ့မင်းသမီးဟာ 'ကလာရာဘိုး'ပါ။ သူဟာ ရုပ်ရှင်ကြည့်ပရိသတ်ဆီက မိတ်ဆက်စာအများဆုံးရနေတဲ့ မင်းသမီးမို့ 'ပါရာမောင့်ရဲ့ဘုရင်မ'လို့တောင် အမည်ပေးထားပါတယ်။

အခုအခါမှာတော့ ပရိသတ်ဆီက မိတ်ဆက်စာအများဆုံးရတဲ့ မင်းသမီးတွေထဲမှာ ကျွန်မက ဒုတိယဖြစ်လာပါပြီ၊ ဒါပေမဲ့ အဲဒီအချိန်က ကျွန်မကို ခေါင်းဆောင်မင်းသမီးအဖြစ်တင်ရိုက်ထားတဲ့ကား တစ်ကားမှမထွက်သေးပါဘူး။ "မင်းဟိုးလီးဝုဒ် မှာ ကျော်ကြားနေတာဟာ စတူဒီယိုကြောင့် မဟုတ်ဘူး၊ ပြည်သူကြောင့် လီလီရဲ့ မင်းအဖြစ်က အတော့်ကိုထူးဆန်းနေတယ်"လို့တောင် ဒေးဗစ်က ဝေဖန်ခဲ့ပါတယ်။

ကျွန်မရဲ့ ထင်ရှားကျော်ကြားလာမှုကို အခွင့်ကောင်းအဖြစ် သတ်မှတ်ပြီး ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီက အမြတ်အစွန်းရဖို့ ကြိုးစားခဲ့ကြပါတယ်။ ကျွန်မကို အဓိကဇာတ်ဆောင်အဖြစ်ထားပြီး 'ချစ်သူ'ဆိုတဲ့ဇာတ်ကား ရိုက်ကူးထုတ်လုပ်ခဲ့ပါ

www.burmeseclassic.com

BURMESE CLASSIC .com

တယ်။ အဲဒီဇာတ်ကားထဲမှာ ကျွန်မဆိုခဲ့တဲ့ 'အဆိုတော်တွေရယ် ဆိုကြပါလားကွယ်' ဆိုတဲ့သီချင်းဟာ အကြီးအကျယ်လူကြိုက်များတဲ့ သီချင်းဖြစ်သွားခဲ့ပါတယ်။ နောင်နှစ်ပေါင်းများစွာ ကြာသည့်အထိ အဲဒီသီချင်းဟာ ကျွန်မရဲ့နာမည်နဲ့ ခွဲမရအောင် စွဲလန်းခဲ့တဲ့သီချင်းတစ်ပုဒ် ဖြစ်သွားခဲ့ပါတယ်။ ဒီသီချင်းဟာ ဒီနေ့ခေတ်အထိလည်း ပရိသတ် သိပ်ကိုကြိုက်တဲ့သီချင်းတစ်ပုဒ်ဖြစ်နေဆဲပါ။

ပါရာမောင့်ကုမ္ပဏီက ကျွန်မကို ရှေ့တန်းတင်ပြီး ရိုက်ကူးခဲ့တဲ့ ဒုတိယကားကတော့ 'ပါရာမောင့်ရဲ့အလှပြိုင်ပွဲ'ဆိုတဲ့ ကားပါ။ အဲဒီကားမှာ 'ဘတ်ဒီရိုဂျာ'နဲ့ ကျွန်မ နှစ်ယောက်တွဲဆိုခဲ့တဲ့ 'အချိန်မရွေးချစ်လာနိုင်တဲ့အချိန်' သီချင်းဟာလည်း ပရိသတ် သိပ်ကြိုက်တဲ့ သီချင်းတစ်ပုဒ် ဖြစ်သွားခဲ့ပါတယ်။

❒

နာမည်ကျော်ဒါရိုက်တာ စီစီဘီဒီမစ်လ်ဟာ သူအသစ်ရိုက်မဲ့ ရုပ်ရှင်ကားအတွက် 'မာယာရှင်မိန်းမလည်'အဖြစ် သရုပ်ဆောင်နိုင်မဲ့ မင်းသမီးတစ်ယောက်ရှာနေတယ်ဆိုတဲ့သတင်း ထွက်လာပါတယ်။ ဇာတ်ကားနာမည်က 'မဒမ်ဆေတန်'ပါ၊ သူက ကျွန်မကို မဒမ်ဆေတန်အဖြစ် သရုပ်ဆောင်ဖို့အတွက် ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီနဲ့ညှိနှိုင်းပြီး ခဏငှားခဲ့ပါတယ်။ မကြာခင်မှာပဲ ကျွန်မဟာ သူ့ဇာတ်ညွှန်းမှာပါတဲ့ ကျွန်မသရုပ်ဆောင်ရမဲ့ အခန်းတွေက စာတွေကို ဂရုတစိုက်ဖတ်နေရပါတယ်။

အဲဒီအချိန်က စီစီဘီဒီမစ်လ်ဟာ သပ်သပ်ရပ်ရပ်နေတတ်တဲ့ ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက်ပါ၊ မြင်းစီးဘောင်းဘီ အမြဲဝတ်ပါတယ်။ အနက်ရောင်ရှူးဖိနပ်တွေကလည်း အမြဲပြောင်လက်တောက်ပနေပါတယ်။ အလွန်လည်း ဖြတ်လတ်သွက်လက်ပါတယ်။ သူဟာ ပုဂ္ဂိုလ်စွဲထားပြီး လုပ်တတ်တဲ့အကျင့်စရိုက်လည်း မရှိပါဘူး၊ တော်ရင်တော်သလို သုံးတတ်တဲ့ အလေ့အထရှိပါတယ်။

သိကြတဲ့အတိုင်းပဲ 'ဆေတန်'ဆိုတာက 'ဆိုးယုတ်တဲ့နတ်'လို့ အဓိပ္ပါယ်ရပါတယ်၊ 'နတ်မိစ္ဆာ'လို့ပဲ ဆိုဆိုရပါတယ်၊ 'မဒမ်ဆေတန်' ဆိုတော့ 'နတ်မိစ္ဆာမ' သို့မဟုတ် 'နတ်ဆိုးမ'ပေါ့၊ ဇာတ်လမ်းအရကလည်း မဒမ်ဆေတန်ဟာ ဆိုးပါတယ်။ ကျွန်မဟာ ကေးဂျွန်ဆန်ရဲ့လင် ရီဂင်နယ်ဒင်နီကို ခိုးရမှာပါ။ ကေးဂျွန်ဆန်အဖြစ် သရုပ်ဆောင်မှာက မင်းသားရီဂင်နယ်ဒင်နီရဲ့ ဇနီးပါ၊ ကျွန်မ တို့ဟာ 'ဇက်ပလင်'လို့ ခေါ်တဲ့ မီးပုံးပျံလို ယာဉ်ကြီးပေါ်မှာကျင်းပနေတဲ့ မျက်နှာဖုံးတပ် ပွတ်သဘင်ပွဲမှာ တွဲကကြရမှာပါ။

စည်းလွတ်ဝါးလွတ်နဲ့ အရှုးအမူးပျော်ပါးမှု အထွတ်အထိပ်ရောက်ချိန်မှာ ခါတ်ငွေ့ရည်အရှိန်နဲ့ ကောင်းကင်မှာပျံသွားနေတဲ့ ဇက်ပလင်ကြီးဟာ တဖြည်းဖြည်းချင်း အောက်ကို ပြန်ကျလာပါတယ်။ ထိတ်လန့်တကြားဖြစ်နေရှာတဲ့ ကေးဂျွန်ဆင်က သူ့လင်ကိုအတင်းဖက်ပြီး ငိုယိုတောင်းပန်ရမှာပါ၊ "ကျွန်မတို့ ဒီဇက်ပလင်ကြီးပေါ်က အသက်ရှင်လွတ်မြောက်သွားကြရင် ကျွန်မလင်ကို ကျွန်မလက်ပြန်ပေးပါ"လို့ သူက ကျွန်မဆီမှာ အသနားခံရမှာပါ။

www.burmeseclassic.com


ကျွန်မက ချက်ခြင်းပဲ “ချွင်းချက်တစ်ခုနဲ့လက်ခံမယ်။ ရှင်က ကျွန်မ လိုချင်တဲ့အချက်ကို လက်ခံရမယ်၊ အခုဇက်ပလင်ပေါ်မှာ လေထီးနှစ်ခုပဲကျန်တယ်၊ လူက သုံးယောက်ဖြစ်နေတယ်၊ အဲဒီတော့ လေထီးတစ်ခုကို ကျွန်မယူမယ်၊ ရှင့်လင်ကို ရှင်ယူ”လို့ ပြန်ပြောရမယ်။

ဒါရိုက်တာဒီမစ်လ်က ကျွန်မရဲ့အပြောနဲ့ သရုပ်ဆောင်မှုကို အလွန်သဘောကျသွားတယ်။ “သိပ်ကောင်းတယ်”လို့ မှတ်ချက်ချပါတယ်၊ ပြီးတော့ “အဝတ်အစားဌာနကိုသွားပြီး အက်ဒရီယန်နဲ့တွေ့၊ မင်းရဲ့ ကိုယ်အတိုင်းအထွာတွေကိုယူပြီး လုပ်စရာရှိတာ လုပ်ပေးဖို့ ငါက ခိုင်းလိုက်တယ်လို့လည်းပြောပြ”တဲ့။

ဟိုးလီးဝုဒ်ရုပ်ရှင်မြို့တော်ရဲ့ နာမည်ကျော်ဒီဇိုင်နာ အက်ဒရီယန်ဟာ ကျွန်မအတွက် ထူးဆန်းအံ့ဩဘွယ်ကောင်းတဲ့ဝတ်စုံတွေ တီတွင်ချုပ်လုပ်ပါတယ်။ ပွတ်သဘင်ကပွဲကို ကျွန်မက ‘ရစ်မလေး’တစ်ကောင်ဝတ်စုံနဲ့ တက်ရမှာမဟုတ်လား၊ အဲဒီတော့ ကျွန်မရဲ့ဝတ်စုံက သက်တန့်ရောင်လို အရောင်အမျိုးမျိုးထွက်နေတဲ့ ရွှေရောင်ဘရာစီယာ၊ ရွှေရောင်ဘောင်းဘီကြိုး၊ ပြီးတော့ ရစ်ရဲ့အမွေးအတောင်တွေ လိုဝတ်စုံ စတဲ့ဟာတွေကို တီထွင်ပေးရတာပါ။

အန်ဒရီယာဟာ ကျွန်မအတွက် ဘရာစီယာနဲ့ နပမ်းလုံးနေရပါတယ်။ “ဒုက္ခပါဘဲ. . . မင်းဟာက ဒါနဲ့တောင်မတော်ပါလား”လို့ ရေရွတ်နေပါတယ်၊ ကျွန်မကိုကြည့်ပြီး စိတ်ပျက်သလိုဖြစ်နေတယ်။ “ငါ ဒီဟာကို ယောက်ျားလေးတစ်ယောက်ကိုယ်လုံးပိုင်ရှင်အတွက် ရည်ရွယ်ပြီးချုပ်ထားတာ”တဲ့။

ဒီကိစ္စ ကျွန်မတို့က ဒီမစ်လ်ဆီတင်ပြကြတော့ မစ္စတာဒီမစ်လ်က “မိန်းကလေးက မင်းဘရာစီယာနဲ့တော်အောင် လုပ်ထားတာမဟုတ်ဘူးကွ။ မင်းဘရာစီယာကိုသာ မိန်းကလေးနဲ့တော်အောင် လုပ်ပေးရမှာ၊ အဲဒီတော့ မဟုတ်က ဟုတ်ကတွေ လာငြင်းမနေနဲ့”လို့ ပြောပါတယ်၊ အဲဒီအခါကျမှပဲ သူဟာ ကျွန်မနဲ့တော်တဲ့ ဘရာစီယာကို ချုပ်ပေးပါတယ်။

ဒီမစ်လ်အနေနဲ့ ဇက်ပလင်ကြီးပေါ်က လှုပ်ရှားမှုအတွင်းခန်းကို သူ့စိတ်တိုင်းကျရိုက်အပြီးမှာ ကျွန်မကိုပြောတယ် “မင်း မနက်ဖြန်ကျရင် ဓါတ်ငွေ့ရည်ကုန်လို့ ပျက်ကျမဲ့ဇက်ပလင်ပေါ်က ခုန်ချရတော့မယ်၊ မင်းခုန်ချမဲ့နေရာက အဲ့ဒီနေရာပဲ”တဲ့။

ကျွန်မက သူလက်ညှိုးထိုးပြတဲ့နေရာကို မော့ကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်နေမိပါတယ်။ သူပြတဲ့နေရာက အမြင့်ပေနှစ်ရာကျော်လောက်ရှိတဲ့ ပြတင်းပေါက်အဆင့်ကလေးပါ။ အောက်တည့်တည့်မှာတော့ ပိုက်တစ်ခုခံထားပါတယ်။ ကျွန်မ လန့်သွားပါတယ်။ “အဲဒီနေရာက ခုန်ချရမှာလား၊ ဟိုပိုက်ထဲကို ခုန်ချရမှာပေ့ါ . . . ဟုတ်လား။ ဒီအမွေးအတောင်ဝတ်စုံကြီးနဲ့ ခုန်ချရမှာဆိုတော့. . . အို. . . မစ္စတာဒီမစ်လ်ရယ်၊ ကျွန်မ ခုန်မချရဲဘူး”

သူ့ရဲ့မှတ်စုစာအုပ်ပေါ် ငုံ့ကြည့်နေတဲ့မျက်နှာဟာ မော့မလာပါဘူး၊ “မနက်ဖြန်မနက် ကိုးနာရီတိတိ ဒီကိုအရောက်လာရမယ် လီလီယံ”တဲ့၊ ဒါပဲပြောပါ တယ်။

ဒီအတိုင်းနေလို့ မဖြစ်တော့ဘူးလို့ ကျွန်မ ထင်မိပါတယ်။ ဒ့ါကြောင့် ပါရာမောင့်ကုမ္ပဏီရဲ့ ထုတ်လုပ်ရေးတာဝန်ခံဆီ ကျွန်မဖုန်းဆက်ပါတယ်။ “ကျွန်မ

www.burmeseclassic.com


ခုန်မချရဲဘူး. . . မစ္စတာဝေါလ်တာဝမ်ဂါ၊ ကျွန်မကြောက်တယ်၊ ခုန်ချရမှာက အမြင့်ကြီး၊ တကယ်လို့ ကျွန်မ ဇက်ကျိုးသွားရင် ဘယ့်နှယ်လုပ်ကြမလဲ”

မစ္စတာဝမ်ဂါကလည်း ကရုဏာမကင်းပါဘူး၊ ကိုယ်ချင်းလည်းစာပါတယ်၊ “မပူပါနဲ့လီလီယံရယ်၊ မင်းဟာ တန်ဖိုးရှိတဲ့လူပါ၊ လျော်ကြေးနှစ်ဆရအောင် မစ္စတာဒီမစ်လ်ကို ငါပြောပေးပါ့မယ်”တဲ့။ သူ့ကိုအကူအညီတောင်းကာမှ ပိုပြီးခွကျသွားရပါတယ်။

နောက်နေ့မနက်ကိုးနာရီမှာ မစ္စတာဒီမစ်လ်က “ကဲ လီလီယံ ခုန်ချပေတော့” လို့ ပြောတယ်၊ ကျွန်မအနေနဲ့ တကယ်လို့ ငါဘာမှမဖြစ်ရင် ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီကို ငါဘယ်လိုစကားတွေနဲ့ ရန်တွေ့ရမလဲဆိုတာ စဉ်းစားရင်းနဲ့ပဲ မစ္စတာဒီမစ်လ်ခိုင်းတဲ့အတိုင်း ခုန်ချခဲ့ပါတယ်။ ကျွန်မခုန်ချရတာ တစ်ကြိမ်ထဲမဟုတ်ပါဘူး၊ သူမကျေနပ်မချင်း ခုန်ချခိုင်းတာ၊ ငါးကြိမ်တိတိခုန်ချခဲ့ရပါတယ်။

ပိုပြီးကြောက်စရာကောင်းတဲ့ အခန်းက နောက်တစ်ခန်းပါ၊ ကျွန်မ ပိုက်ပေါ်ကျပြီးနောက် တစ်ဆင့်ခုန်ချရမဲ့အခန်းပါ၊ သဘောကတော့ ပိုက်ပေါ်ကတစ်ဆင့် အမျိုးသားရေချိုးခန်းတစ်ခန်းရဲ့ မှန်တပ်အမိုးပေါ်ကို ဆက်ပြီးကျသွားတဲ့အဖြစ်ပါ။ ကျွန်မအနေနဲ့ ကျဉ်းကျဉ်းမြောင်းမြောင်း စင်ကလေးတစ်ခုပေါ်မှာ ပထမရပ်နေရမယ်။ ကျွန်မလိမ့်ကျမသွားအောင် အလုပ်သမားတစ်ယောက်က ကျွန်မလက်ကိုကိုင်ပြီး ထိန်းပေးထားရမယ်။ ဒါရိုက်တာက အမိန့်ပေးလိုက်တဲ့အခါမှာ ကျွန်မက တစ်ဟုန်ထိုးခုန်ချလိုက်ရမယ်၊ အဲဒီအခါမှာ မှန်ချပ်ကြီးကိုထိုးဖောက်ပြီး ကျသွားရမယ်။

ဒီတစ်ချီမှာလည်း ကျွန်မ မလုပ်ရဲပြန်ဘူး၊ ကိုယ်တွေ့ကြုံခဲ့ရတဲ့ အဖြစ်တစ်ခုက ရှိထားလို့ပါ။ ကျွန်မ ‘အချစ်ပြပွဲ’ဇာတ်ကားရိုက်တုန်းကပေါ့၊ အဲဒီကားမှာ မင်းသား လူဗီနိုကိန်းကို ကျွန်မက အနမ်းမိုးရွာပေးလိုက်တယ်၊ လူဗီနိုကိန်းက ကျွန်မရဲ့အနမ်းမှာ နစ်မျောပြီးမိန့်မောသွားတဲ့အတွက် တစ်ခဏလောက် ရူးသလို ကြောင်သလိုဖြစ်ပြီး လုပ်မိလုပ်ရာ လုပ်လိုက်ပါတယ်၊ သူလုပ်တာက သူ့အောက်က မှန်ခေါင်မိုးပေါ် ခုန်ချလိုက်တာပါ၊ အဲဒီတုန်းက သူ့တစ်ကိုယ်လုံးမှာ မှန်တွေစူးကုန်ခဲ့ပါတယ်။

ကျွန်မဟာ အဲဒီအကြောင်းကို မစ္စတာဒီမစ်လ်ကို ရှင်းပြပြီး “ကျွန်မ မလုပ်ပါရစေနဲ့၊ ဒဏ်ရာတွေရကုန်ရင် ဘယ်လိုလုပ်မလဲ၊ ကျွန်မခုန်မချရဲဘူး”လို့ တောင်းပန်ပါတယ်၊ ဒါရိုက်တာကြီး ဒီမစ်လ်က ကျွန်မကို ဘာစကားမှ ပြန်မပြောဘူး၊ သူရပ်နေတဲ့နေရာကနေပြီး မှန်တွေထောင်ထားတဲ့ နံရံဆီကိုလျှောက်သွားတယ်၊ မှန်တစ်ချက်ကိုဖြုတ်ခနဲကောက်ပြီး လက်နှစ်ဖက်နဲ့ကိုင်ပြီး မြှောက်လိုက်တယ်၊ ပြီးတော့ သူ့ခေါင်းပေါ်ကို အရှိန်ပြင်းပြင်းနဲ့ ဆောင့်ချလိုက်တယ်၊ မှန်က အစိတ်စိတ်အမွှာမွှာကွဲသွားတယ်၊ သူ့တစ်ကိုယ်လုံးမှာ မှန်စမှန်နတွေ ပြန့်ကြဲကျပြီး ကပ်တဲ့မှန်စတွေက ကပ်နေတယ်။

“မင်းမြင်ပြီလား. . . ငါ့ထိပ်ပြောင်ကြီးတောင်မှ ဘာဒဏ်ရာမှမရရင် မင်းကိုယ်မှာရော ဖင်မှာပါ ဘာဒဏ်ရာမှမရနိုင်ဘူး၊ အဲဒီတော့. . . ခိုင်းတဲ့အတိုင်းလုပ်” လို့ သူကပြောပါတယ်။ ကျွန်မ သူခိုင်းတဲ့အတိုင်းပဲ မှန်အမိုးပေါ်ကို ခုန်ချခဲ့ရပါတယ်။

ဒီကြားထဲမှာပဲ ကျွန်မအတွက် စိတ်တိုင်းမကျစရာတွေ ပေါ်ပေါ်လာနေ

www.burmeseclassic.com



ပါတယ်၊ တစ်ရက်မှာ ကျွန်မနဲ့မင်းသား နမ်းတဲ့အခန်းရိုက်ပါတယ်။ ကင်မရာသမားက နမ်းနေချိန်မှာ ကျွန်မရဲ့မျက်နှာကို ကောင်းကောင်းမမြင်ရဘူးလို့ ပြောပါတယ်။ "နမ်းနေတဲ့အချိန်မှာ သူ့မျက်နှာကို ဘေးတစ်ဖက်နည်းနည်းစောင်းပေးပါလို့ မင်းသားကို ပြောပါ"လို့ သူတို့က အကြံပေးတယ်။

ကျွန်မက သူတို့ခိုင်းတဲ့အတိုင်း မင်းသားကို ပြောတယ်၊ ကျွန်မကိုဖက်ထားတဲ့ မင်းသားက "နင်လို့ ဂျူးမတစ်ကောင်ရဲ့မျက်နှာကို ငါက ကြည့်ချင်တယ်လို့ နင်ထင်နေသလား"လို့ နှစ်ကိုယ်ကြားလေသံနဲ့ အံကြိတ်ပြီး ဒေါသတကြီး ပြောတယ်။

ကျွန်မချက်ခြင်းပဲ ရိုက်ကွင်းပေါ်က ထွက်လာခဲ့တယ်။ မခံချင်စိတ်ကြောင့် မျက်ရည်လည်းကျမိတယ်။ "ကျွန်မ ဒီလူနဲ့တွဲပြီး အလုပ်မလုပ်နိုင်ဘူး"လို့လည်း ပြောမိတယ်၊ သူတို့ကခိုင်းတော့လည်း ကျွန်မ မလုပ်ဘူး။ အဲဒါကို ကုမ္ပဏီရုံးကသိသွားတော့ ချက်ခြင်းအမိန့်ထုတ်တယ်၊ ရိုက်နေတဲ့အခန်းကို ပြီးပြတ်အောင်ရိုက်ပေးရင်ပေး၊ မပေးရင် အလုပ်က ချက်ခြင်းဖြုတ်ပစ်မယ်တဲ့၊ ကျွန်မ အဲဒီအခန်းကို မကျေမနပ်နဲ့ပဲ ပြီးပြတ်အောင် ရိုက်ပေးခဲ့ရတယ်။

အိမ်မှာကလည်း ပြဿနာအမြဲပဲ ရှိနေတယ်၊ ရုပ်ရှင်ရိုက်ပြီးလို့ အိမ်ပြန်ရောက်သွားတဲ့ညတိုင်း အမေနဲ့ကျွန်မ ရန်ပွဲခင်းနေရတယ်၊ ရန်ဖြစ်ပြီဆိုရင်လည်း အပြင်းအထန်ပဲ၊ ကျွန်မကို အမေက ဒေးဗစ်နဲ့ အဆက်ဖြတ်ရမယ်လို့ ပြောပါတယ်။ သူ့ကြောင့် ကျွန်မရဲ့အလုပ်ကိုရော ကျန်းမာရေးကိုပါ ထိခိုက်နေပြီ တဲ့၊ ဒေးဗစ်ဟာ ကျွန်မကို တကယ်ချစ်တာ မဟုတ်ဘူး၊ ကျွန်မရဲ့အလုပ်ကိုလည်း တန်ဘိုးမထားဘူးတဲ့၊ သူ့ကြောင့် ကုမ္ပဏီနဲ့ကန်ထရိုက်စာချုပ် ချုပ်ထားတာ ပျက်ရလိမ့်မယ်တဲ့၊ တကယ်လို့သာ ကျွန်မနဲ့ဒေးဗစ်လက်ထပ်ခဲ့ရင် ပါရာမောင့်နဲ့ချုပ်ထားတဲ့စာချုပ်ကို သူကိုယ်တိုင်ဖျက်ပြီး လက်မထပ်ဖြစ်အောင် လုပ်ရလိမ့်မယ်တဲ့၊ ဒီစကားတွေကို ပြောတဲ့အခါတိုင်းလည်း အမေဟာ ငိုလေ့ရှိပါတယ်။

အမေ အဲသလိုဖြစ်လာတာဟာ ဒေးဗစ်ရဲ့မိဘတွေကြောင့်ပါ၊ ဒေးဗစ်ရဲ့ မိဘတွေက နယူးရောက်မြို့ကနေပြီး အမေ့ဆီကို အကြိမ်ပေါင်းများစွာ ဖုန်းဆက်ကြလို့ပါ၊ သူတို့က သူ့သားဒေးဗစ်နဲ့ကျွန်မ ညတိုင်းဒေးဗစ်ရဲ့အလုပ်ခွင်မှာ အချိန်ဖြုန်းနေကြတဲ့အတွက် သူ့သားရဲ့ကျန်းမာရေးဟာ ပိုပြီးဆိုးလာနေရပါတယ်တဲ့၊ ပိုပြီးဆိုးတာက ကျွန်မလို ရုပ်ရှင်မင်းသမီးတစ်ယောက်နဲ့ သူတို့ရဲ့သားဒေးဗစ်ကို လုံးဝသဘောမတူဘူးဆိုတဲ့ စကားပါ၊ တကယ်လို့ ကျွန်မတို့လက်ထပ်ကြမယ်ဆိုရင်လည်း သူတို့ကတော့ မပျက်ပျက်အောင်ဖျက်မှာပဲလို့ သတိပေးကြပါတယ်။

အရာရာတိုင်းဟာ ကျွန်မနဲ့ဒေးဗစ်ရဲ့ အချစ်ဇာတ်လမ်းကို မပျက်ပျက်အောင် ဖျက်မဲ့အနေအထားရှိနေပါတယ်။ ကျွန်မနဲ့ဒေးဗစ်တို့ကလည်း အလျှော့မပေးကြပါဘူး၊ "စိတ်မပူပါနဲ့အချစ်ရယ်၊ နောက်ဆုံးကျရင် သူတို့သဘောမတူပဲ မနေပါဘူး"လို့ ဒေးဗစ်က ကျွန်မကိုအားပေးပါတယ်။

ဒါပေမဲ့ မမျှော်လင့်ပဲ အဆိုးဆုံး ဖြစ်လာခဲ့ပါတယ်။ ကျွန်မနဲ့ ခင်မင်ရင်းနှီးနေတဲ့ ဂျက်ဆီလစ်စကီးရဲ့နေရာကို ဘီမီချူးဘတ်ရောက်လာပါတယ်။ တစ်ညမှာ ကျွန်မဟာ ဒေးဗစ်ဆယ်လ်နစ်ကပေးတဲ့ ပါတီပွဲတစ်ပွဲမှာ မစ္စတာချူးဘတ်နဲ့ဆုံမိ

www.burmeseclassic.com



BURMESE CLASSIC .com

ပါတယ်။ ကျွန်မဟာ အမှတ်မထင် သူနဲ့တွဲကနေပါတယ်၊ "မင်းကို ကိုင်ရတွယ်ရ တော်တော်ခက်တယ်လို့ ကြားတယ်၊ ဟုတ်သလား လီလီယံ"လို့ သူကမေးပါတယ်။

"ရှင်ဘာကိုဆိုလိုတာလဲ"လို့ ကျွန်မက ဇဝေဇဝါစိတ်နဲ့ ပြန်မေးပါတယ်။

ကျွန်မတို့နှစ်ယောက်ဟာ ကနေရင်းနဲ့ပဲ ဖြစ်သမျှတွေကို ပြန်ပြောမိကြပါတယ်။ ကျွန်မကို မင်းသားက စော်ကားမော်ကားပြောလို့ ရိုက်ကွင်းထဲက ထွက်လာတဲ့ကိစ္စပါ၊ ဒါနဲ့ပတ်သက်လို့ ဒါရိုက်တာမစ္စတာဒီမစ်လ်ကို တိုင်ခဲ့ကြောင်းလည်း ပြောပြလိုက်ပါတယ်။

"တို့က အခု မင်းကိုနယူးရောက်ပြန်လွှတ်ဖို့ စီစဉ်ထားကြတယ်။ ဒါမှ မင်း အနေနဲ့ ဘယ်လိုပြုမူဆက်ဆံရမယ်ဆိုတာ နားလည်လာလိမ့်မယ်လို့ ယူဆတယ်"လို့ သူကပြောပါတယ်။

ကျွန်မအံ့အားသင့်နေမိပေမယ့် သူ့စကားရဲ့အဓိပ္ပါယ်ကို နားလည် သဘောပေါက်ပါတယ်၊ ကျွန်မ သူ့အနားကခွာခဲ့ပြီး နီးရာအခန်းတစ်ခန်းထဲ ဝင်ခဲ့ပါတယ်။ အခန်းထဲရောက်တော့ မျက်ရည်ကျပါတယ်၊ ကျွန်မ မတတ်နိုင်တဲ့ကိစ္စပါ၊ မစ္စတာချူးဘတ်ရဲ့စကားက ဥပဒေပါ၊ မကြာခင်မှာ ကျွန်မနယူးရောက်မြို့ကို သွားပြီး မတ်စ်ဘရားသားကုမ္ပဏီက ဇာတ်ကားမှာ ပါဝင်ရိုက်ကူးပေးနေရပါတယ်။ ကျွန်မနဲ့ ဒေးဗစ်ဟာ လောလောဆယ်တော့ ဝေးကွာသွားခဲ့ရပါပြီ။

ကျွန်မနဲ့ဒေးဗစ်တို့ကို မကွဲကွဲအောင်ခွဲပစ်ဖို့ ကျွန်မအမေကရော သူ့မိဘတွေကပါ ကြိုးစားခဲ့ကြပေမဲ့ မရခဲ့ကြပါဘူး၊ အခု ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီရုံးက အမိန့်စာကျတော့မှ ကျွန်မတို့နှစ်ယောက် ကွဲကွာသွားခဲ့ကြရတာပါ။

နောက်ပိုင်းမှာ မစ္စတာချူးဘတ်ဟာ သူ့ကြောင့်ရရှိခဲ့ရတဲ့ ကျွန်မရဲ့ဒဏ်ရာတွေကို သက်သာရာရအောင် စီစဉ်ပေးခဲ့ပါတယ်၊ ကျွန်မ နယူးရောက်က ပြန်လာတော့ ကျွန်မအတွက် အကောင်းဆုံးအခန်းမှာ ပါဝင်သရုပ်ဆောင်နိုင်မဲ့ဇာတ်ကားက အသင့်စောင့်ကြိုနေပါတယ်။ အဲဒါဟာ ကျွန်မအတွက် သူပေးတဲ့ဖြေဆေးပါ။ ကျွန်မ ရိုက်ရမဲ့ကားက 'ချီဗာလီယာ'လို့ အမည်ပေးထားတဲ့ကားပါ။

❒

ကျွန်မ ဒေးဗစ်နဲ့ခွဲခွာနေရတဲ့ကာလအတွင်းမှာ စိတ်ပြေလက်ပျောက်နေလို့ကတော့ ရပါတယ်၊ အဲသလိုနေလို့ရတာကလည်း တခြားကြောင့်မဟုတ်ပါဘူး၊ ရုပ်ရှင်ရိုက်နေတဲ့နေရာမှာ မတ်စ်ဘရားသားကုမ္ပဏီပိုင်ရှင်ညီအစ်ကိုတွေရဲ့ အူကြောင်ကြောင်နိုင်လှတဲ့ လုပ်နည်းလုပ်ဟန်တွေကြောင့်ပါ။ သူတို့လူစုနဲ့ ရုပ်ရှင်ရိုက်ရတာက ဆပ်ကပ်တစ်ခုထဲမှာ ဇာတ်တိုက်နေရသလိုပါပဲ။

ပထမဆုံး ညီအငယ်ဆုံး 'ဇက်ပို'ဟာ မနက်ကိုးနာရီခွဲလောက်မှာ စတူဒီယို ထဲကို သုတ်သီးသုတ်ပြာဝင်လာပါတယ်။ ဆယ်နာရီလောက်ကျတော့ 'ချီကို'ဆီကို တယ်လီဖုန်းဆက်ပြီး နိုးဖို့သတိရတဲ့လူက ထဆက်ပါတယ်၊ အဲဒီအချိန်လောက်မှာပဲ 'ဟာပို'ဝင်လာပါတယ်၊ စတူဒီယိုထဲမှာ သရုပ်ဆောင်တွေမရောက်သေးတာမြင်တော့

www.burmeseclassic.com


သူ့အဝတ်လဲခန်းထဲ ဝင်သွားပြီး ပြန်အိပ်ပါတယ်။ သရုပ်ဆောင်တွေ နည်းနည်းစုံလို့ သူ့ကိုလိုက်ရှာရင် အဲဒီအခန်းထဲမှာ အိပ်မောကျနေတာကို တွေ့ရစမြဲပါ။

အဲဒီအချိန်လောက်မှာပဲ ဂေါက်သွားရိုက်ပြီးပြန်လာတဲ့ 'ဂရောက်ချို'ဟာ စတူဒီယိုထဲကို ဂေါက်သီးအိတ်ထမ်းပြီး ဝင်လာပါတယ်။ ပါးစပ်မှာကိုက်ထားတဲ့ ဆေးပြင်းလိပ်ကို ဆွဲချွတ်ပြီး "နေ့လည်စာစားမဲ့လူ ရှိသေးလား"လို့ မေးလေ့ရှိပါတယ်။ အဲသလိုနဲ့ပဲ အလုပ်ကို ဆယ်နှစ်နာရီထိုးလောက်ကျမှ စကြရပါတယ်။ ညနေငါးနာရီလည်းထိုးရော အလုပ်လည်းသိမ်းရော. . .။

အခန်းတစ်ခန်းကို ရိုက်ပြီဆိုရင်လည်း ဒါရိုက်တာစီစဉ်ထားတဲ့အတိုင်း အချိန်တိုတိုနဲ့မပြီးတာကများပါတယ်၊ ဂရောက်ချိုနဲ့ ကျွန်မရဲ့အခန်း ဆိုပါတော့. . . အနည်းဆုံး ဆယ်ကြိမ်ထက်မနည်းပြန်ရိုက်ရပါတယ်။ ဒီနေရာမှာ ကျွန်မဟာ တရားခံပါ၊ ဆိုကြပါစို့ရဲ့၊ ကျွန်မနဲ့ဂရောက်ချိုတို့ဟာ မာဂရက်ဒူးမွန့်ဆိုတဲ့ ဂုဏ်ကြီးရှင် ငွေကြေးချမ်းသာကြွယ်ဝတဲ့ မုဆိုးမကြီးဆီက အဖိုးတန်ပန်းချီကားခိုးသွားတဲ့ တရားခံကို စုံစမ်းရှာဖွေနေကြတယ်။ ဘာ့ကြောင့်လည်းဆိုတော့ ဂရောက်ချိုက အဲဒီမုဆိုးမကြီးကို အရချိုင်ဖို့ လိုက်နေတာကိုး . . .။

အဲဒီအခန်းကိုရိုက်တဲ့အခါမှာ ကျွန်မတို့ရထားတဲ့ ပန်းချီကားအတုကို အကြောင်းပြုပြီး ကျွန်မက "ခက်တာပဲ. . . တကယ်လို့သာ ကျွန်မတို့အနေနဲ့ ပန်းချီကားအစစ်ကို ရနိုင်ရင် သိပ်ကောင်းမှာပဲ"လို့ပြောရမယ်၊ အဲဒီအချိန်မှာ ဂရောက်ချိုက "သူခိုး ဘယ်သူဆိုတာ ငါသိတယ်၊ ဟော့ဒီမှာ. . . မြင်လား၊ သူ့လက်မှတ်"လို့ ပြန်ပြောရမယ်။

"ဒါဆိုရင် သူခိုးကဘယ်သူလဲ"လို့ ကျွန်မက ပြန်မေးရမယ်၊ သူက "ရင်းဘရန့်ပေါ့"လို့ ဖြေလိုက်တဲ့အခါမှာ "ရှင်အရူးလား. . . အဲဒီလူကသေပြီပဲ"လို့ ကျွန်မက ပြန်ပြောရမယ်။ သူကလည်း "ဒါဆိုရင် ဒီကိစ္စဟာ လူသတ်မှုပဲ"လို့ ဒေါသသံနဲ့ ရေရွတ်ရမယ်။

ဒီနေရာမှာ ကျွန်မအနေနဲ့က သူ အဲဒီစကားပြောလိုက်တိုင်း မရယ်ပဲမနေနိုင်ဘူး၊ ရယ်မိတယ်၊ ကျွန်မရယ်တိုင်း ရိုက်ကွက်ကပျက်သွားရော၊ အမှန်တော့ သူ ပြောသွားတဲ့စကားတွေထဲမှာ ရယ်စရာဘာတစ်ခုမှ ပါတာမဟုတ်ဘူး။ ဒါပေမဲ့ ဂရောက်ချိုက ဆေးပြင်းလိပ်ကြီးကိုက်ပြီး ပြောနေတဲ့ဟန်ပန်အမူအရာက မရယ်ပဲမနေနိုင်အောင် ဖြစ်နေတယ်။ ရုပ်ရှင်ပရိသတ်တွေကြည့်ရတဲ့အခါမှာတော့ ဘယ်လိုနေမလဲဆိုတာ ကျွန်မ မပြောတတ်ဘူး၊ ကျွန်မမြင်ရတာတော့ဖြင့် အောင့်အီးထားလို့မရနိုင်အောင်ကို ရယ်စရာကောင်းနေတယ်။

ကျွန်မအဖို့ အဲသလိုပျော်ရွှင်စရာလေးတွေရှိနေလို့ ဒေးဗစ်နဲ့ ခွဲခွာနေရတာကို သီးခံနိုင်သလိုဖြစ်နေပေမယ့် လွမ်းတဲ့အခါကျတော့လည်း ထိထိခိုက်ခိုက်လွမ်းရပါတယ်။ ဘာပဲဖြစ်ဖြစ် ဟိုးလီးဝုဒ်ကိုပဲ ပြန်ချင်နေတာပါပဲ။ ကျွန်မပါဝင်သရုပ်ဆောင်ရမဲ့ 'ချီဗာလီယာ'ရုပ်ရှင်ကို စတင်ရိုက်ကူးနေပြီဆိုတဲ့ သတင်းကလည်း ထွက်နေပြီ မဟုတ်လား၊ အလှမ်းဝေးဝေးက မြင်ရမဲ့ရိုက်ကွက်တွေကို တောင် ကျွန်မနဲ့ ကိုယ်လုံး ကိုယ်ပေါက်တူတဲ့ မိန်းကလေးတစ်ယောက်ကို အစား

www.burmeseclassic.com

BURMESE CLASSIC .com

ထိုးပြီး ရိုက်နေကြပြီတဲ့၊ သတင်းစာတွေကလည်း 'ချီဗာလီယာရုပ်ရှင်ကား'နဲ့ ပတ်သက်တဲ့ သတင်းတွေကို ရေးနေကြပြီ. . .။

နောက်ဆုံးမှာ အမေနဲ့ကျွန်မဟာ နယူးရောက်ကနေပြီး အနောက်ဘက်ကမ်းခြေဒေသကို မီးရထားနဲ့ ပြန်လာခဲ့ကြပါတယ်။ ကင်းဆပ်စီးတီးမြို့မှာ ရထားဆယ်မိနစ်ကြာရပ်တော့ ကျွန်မသတင်းစာတစ်စောင် ဝယ်ပြီးဖတ်ပါတယ်။ "ချီဗာလီယာဇာတ်ကား၏ ခေါင်းဆောင်မင်းသမီး အမည်မသိရသေး"ဆိုတဲ့ ခေါင်းစီးကို တွေ့လိုက်ရပါတယ်။ သူတို့အနေနဲ့ 'ဖရန်စစ်ဒီး'ဆိုတဲ့ မိန်းကလေးကိုပဲ သုံးတော့မလိုလို ကျွန်မအဖို့တော့ ကင်းဆပ်စီးတီးနဲ့လော့အိန်ဂျယ်လီမြို့ နှစ်မြို့ကြား ခရီးတစ်လျှောက်လုံး သောကပင်လယ်ဝေခဲ့ရပါတယ်။

❐

လမ်းခွဲရတဲ့အကြောင်းတွေက အများကြီးဖြစ်ပေါ်လာပါတယ်၊ နောက်ဆုံးမှာ ကျွန်မဟာ 'ဆီးလက်ဂ်'ဆိုတဲ့ ဇာတ်ကားတစ်ကားကို မင်းသား'ဂျက်အုတ်ကီး'နဲ့ ရိုက်အပြီးမှာ ပါရာမောင့်ကုမ္ပဏီနဲ့ လမ်းမခွဲရင်မဖြစ်တော့တဲ့ အခြေအနေကို ဆိုက်လာခဲ့ပါတယ်။ ဖြစ်ပုံက ဒီလိုပါ၊ ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီက ကျွန်မပါဝင်တဲ့ ဇာတ်ကားပြတဲ့ မြို့တိုင်းကို လူကိုယ်တိုင်ပြသဖို့ ကျွန်မကိုစေလွှတ်ခဲ့ပါတယ်၊ အဲဒီအစီအစဉ်ကြောင့် သူတို့ရတဲ့ဝင်ငွေဟာ သူတို့က ကျွန်မကိုပေးထားတဲ့ လုပ်အားခထက် ငါးဆနီးပါးရှိတယ်ဆိုတဲ့ အချက်ကို ကျွန်မ သိလာခဲ့ရပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်မအမေကရော ဒေးဗစ်ကပါ ကုမ္ပဏီနဲ့လမ်းခွဲပြီး ကိုယ့်ဖာသာကိုယ် လုပ်ကိုင်သွားဖို့ သဘောတူခဲ့ကြပါတယ်။

ဒီကိစ္စမှာ ဒေးဗစ်က "မင်းဟာ သီချင်းလည်းဆိုနိုင်တယ်၊ ကလည်းကနိုင်တယ်၊ မင်းမှာ ဇာတ်အတွေ့အကြုံ အများကြီးရှိတာပဲ၊ ဟိုးလီးဝုဒ်ရုပ်ရှင်မြို့တော်က ရုပ်ရှင်မင်းသမီးအများစုဟာ စင်ပေါ်တက်ပြီး "ကျန်းမာတော်မူကြပါစရှင့်"ဆိုတဲ့ စကားလေးတစ်ခွန်းပြော၊ မျက်နှာကလေးကို တစ်ချက်ပြုံး၊ ခေါင်းကလေး တစ်ချက်ညွှတ်ပြီး ပြန်ဆင်းသွားတဲ့အလုပ်ပဲ လုပ်တတ်ကြတာပါ။ သူတို့မှာ မင်းလို ဇာတ်စင်အတွေ့အကြုံမျိုး လုံးဝရှိကြတာမဟုတ်ပါဘူး။ မင်းမှာ သူတို့ထက်သာတဲ့ အရည်အချင်းတွေ ရှိနေတာပဲ"လို့ ပြောတယ်။

ဒေးဗစ်ဟာ ကျွန်မရဲ့အရည်အသွေးတွေအပေါ်မှာ ယုံကြည်မှုအများကြီးရှိနေတဲ့လူပါ။ ဒါကြောင့်လည်း သူဟာ ကျွန်မကို အေဂျင်စီတစ်ခုနဲ့ဆက်သွယ်ပေးပါတယ်၊ သူဆက်သွယ်ပေးတဲ့အတွက် ကျွန်မဟာ ရှီကာဂိုမြို့က 'ဘာလန်တာနှင့်ကက်ဇ်နယ်လှည့်ဇာတ်အေဂျင်စီ'နဲ့ အလုပ်တွဲလုပ်နိုင်ခဲ့ပါတယ်၊ သူတို့က ကျွန်မကို တစ်ပတ် ဒေါ်လာငွေ၁၇၅၀နှုန်း ပေးခဲ့ပါတယ်၊ ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီက ပေးထားတဲ့လစာနှုန်းထက် နှစ်ဆပိုပေးထားတာပါ၊ ကျွန်မ သူတို့နဲ့ ခုနှစ်ပတ်တိတိ အလုပ်လုပ်ခဲ့ရပါတယ်၊ ရှီကာဂိုမြို့တော်ရဲ့မြောက်ပိုင်း၊ အနောက်ပိုင်းနဲ့ တောင်ပိုင်းနယ်မြေတွေထဲက ရုံတွေမှာ ကျွန်မကိုယ်တိုင် စင်ပေါ်ကနေဖြေဖျော်ခဲ့ရတာပါ၊ ကျွန်မရဲ့

www.burmeseclassic.com



ဖြေဖျော်မှုကြောင့် ရုံတိုင်းမှာ ပွဲကြည့်ပရိသတ်အရေအတွက်ဟာ အများကြီးတိုးလာခဲ့ပါတယ်။

ကျွန်မသွားလေရာ ရောက်လေရာမှာလည်း ကျွန်မကို နီးနီးကပ်ကပ်တွေ့ချင်မြင်ချင် နှုတ်ဆက်ချင်တဲ့လူတွေဟာ လမ်းဘေးဝဲယာမှာ ပြည့်ကျပ်နေတာချည်းပါပဲ၊ အထူးသဖြင့် ကျွန်မ ဇာတ်ရုံထဲကိုဝင်တဲ့အခါနဲ့ ပြန်ထွက်တဲ့အခါတွေမှာ ဝိုင်းဝိုင်းလည်နေတဲ့ ပရိသတ်ကများလွန်းလို့ မြင်းစီးရဲတွေက ထိန်းပေးနေရတဲ့အထိ ရှိခဲ့ပါတယ်။ ဒါမျိုးတွေနဲ့ကြုံရပြန်တော့လည်း ကျွန်မတို့အနေနဲ့ ဝမ်းသာကြည်နူးမိပါတယ်။ ဂုဏ်လည်းမယူပဲ မနေနိုင်ပါဘူး။ ပြီးတော့ ကျွန်မတို့ရဲ့အဆုံးအဖြတ်ဟာ မှန်တယ်လို့ အခိုင်အမာယုံကြည်လာခဲ့ကြပါတယ်။

ကျွန်မကို ငှားချင်တဲ့လူတွေကလည်း ဝိုင်းဝိုင်းလည်ဖြစ်လာခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒေးဗစ်ဟာ နယူးရောက်မြို့ကို လေယာဉ်နဲ့ပြန်သွားပြီး၊ ကျွန်မကိုယ်စား စကားပြောခဲ့ပါတယ်။ စီစဉ်သင့်တာတွေကို စီစဉ်ပေးခဲ့ပါတယ်။

သူ နယူးရောက်ကိုရောက်သွားပြီး မကြာခင်မှာပဲ ကျွန်မဆီဖုန်းဆက်ပြန်ပါတယ်။ "အချစ်ရေ. . . နိုဝင်ဘာလထဲမှာ မင်း 'ပဲလေ့စ်'ရုံမှာ ဖြေဖျော်ရမယ်၊ တကယ့်ထိပ်သီးရုံပဲ၊ တစ်ပွဲကို ဒေါ်လာ၃၅၀၀ရမယ်။ ကပွဲတိုကလေးတွေပါ"လို့ ပြောပါတယ်။

ကျွန်မ သိပ်ကိုပျော်ခဲ့ရပါတယ်။ ဒေးဗစ်ဟာ ကျွန်မကို ချစ်ရှာပါတယ်။ ကျွန်မရဲ့ အမေကတောင်မှ ဒေးဗစ်ဟာ ကျွန်မရဲ့ထင်ပေါ်ကျော်ကြားမှုအပေါ် စိတ်ဝင်စားသားပဲလို့ ချီးကျူးခဲ့ပါတယ်။

ကျွန်မတို့ နယူးရောက်မြို့ကိုရောက်တော့ ဘရော့ဝေးရုံမှာ ကျွန်မရဲ့ရုပ်ရှင်ကား သုံးကားတစ်ပြိုင်ထဲတင်နေတာ တွေ့ရပါတယ်၊ ပထမညကဆိုရင် ထိုင်ခုံတစ်ခုံကို ၁၁ဒေါ်လာအထိ ပေးပြီးကြည့်ခဲ့ရပါတယ်လို့ သိရပါတယ်။ ရုံတင်နေတဲ့ကားက 'ခြေသလုံးအိမ်တိုင်ဘုရင်'ဆိုတဲ့ ဇာတ်ကားပါ။

ကျွန်မ ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ အမေ့ကို အဖိုးတန်ဖျံရေနဲ့ချုပ်တဲ့ ကုတ်အင်္ကျီတစ်ထည်ဝယ်ပေးခဲ့ပါတယ်။ ကျွန်မညီမအန်းအတွက်ကတော့ ဆိတ်ရေနဲ့ ချုပ်တဲ့ကုတ်အင်္ကျီတစ်ထည် ဝယ်ပေးခဲ့ပါတယ်။ ကျွန်မအတွက်ကတော့ ပင်လယ်ဖျံရေနဲ့ အနားကွပ်ထားတဲ့ ကျားသစ်ရေကုတ်အင်္ကျီတစ်ထည် ဝယ်ခဲ့ပါတယ်။ ကျွန်မတို့သားအမိသုံးယောက်နဲ့ တွေ့ဖို့ အဖေကိုယ်တိုင်လည်း ဘော်စတွန်ကနေ ရောက်လာခဲ့ပါတယ်။ ကျွန်မတို့မိသားစုအတွက် အလွန်ဝမ်းသာကြည်နူးရတဲ့ အချိန်ပါ။

ဒါပေမဲ့ ကျွန်မတို့မိသားစုရဲ့ ပျော်ရွှင်သာယာမှုတွေဟာ ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ သတင်းတစ်ခုကြောင့် ပျက်သုဉ်းသလိုဖြစ်သွားခဲ့ရပါတယ်။ တခြားတော့မဟုတ်ပါဘူး၊ ဒေးဗစ်ရဲ့ကျန်းမာရေး အခြေအနေဆိုးလာနေတယ်ဆိုတဲ့ သတင်းကြောင့်ပါ။

ဒေးဗစ်ဟာ မကြာမကြာ ခေါင်းမူးတဲ့ဝေဒနာကို ခံစားနေရပါတယ်၊ သူ့ရဲ့ မူးနောက်နေတဲ့ဝေဒနာဟာ ဆရာဝန်တွေအတွက် ပဟေဠိတစ်ပုဒ်လို ဖြစ်လာခဲ့ပါတယ်။ ကျွန်မ ပဲလေ့စ်ရုံမှာ စပြီးဖြေဖျော်ရတဲ့ညမှာပဲ ဒေးဗစ်ကို ဆေးရုံတင်လိုက်ရ

www.burmeseclassic.com

BURMESE CLASSIC .com

ပါတယ်။ စမ်းသပ်စစ်ဆေးဖို့ တင်ထားလိုက်တာပါ။

ဆေးရုံမတက်ခင်ကလေးမှာပဲ ကျွန်မနဲ့ခဏတဖြုတ် တွေ့ခွင့်ရခဲ့ပါတယ်။ "မောင့်အနေနဲ့ ပဲလေ့စ်ရုံမှာ မင်းထွက်ပြီးဖြေဖျော်တာကို အရှေ့ဆုံးတန်းကလိုက် ကြည့်ဖို့ စီစဉ်ထားတာ။ အခုတော့ အဲဒီအခွင့်အရေးကို မရတော့ဘူး။ နောက်တစ်ခါ ပဲလေ့စ်ရုံမှာ ဖြေဖျော်ခွင့်ထပ်ရအောင် မောင်စီစဉ်ထားတယ်၊ အဲဒီအခါကျရင်တော့ မောင် ကြည့်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်ထားတယ်"လို့ သူ ကျွန်မကိုပြောခဲ့ပါတယ်။

ကျွန်မ သူ့အနားမှာရှိနေချိန်မှာတော့ ဒေးဗစ်ဟာ ဘာမှကြီးကြီး ကျယ်ကျယ် မခံစားရသလိုပါပဲ၊ တကယ်တော့လည်း ကျွန်မ သူ့အနားမှာရှိနေတဲ့အတွက် သူ့ ဝေဒနာကို မေ့နေဟန်တူပါရဲ့။ ကျွန်မ အနေနဲ့ကလည်း သူ့ရဲ့ရောဂါဝေဒနာ ဘယ်လောက်အထိ အခြေအနေဆိုးတယ်ဆိုတာ ဘယ်လိုလုပ်ပြီးသိနိုင်ပါမလဲ. . .။ သူ ကိုယ်တိုင်က ကာလီဖိုးနီးယားမှာနေကြတုန်းကလို ရယ်လို့ မောလို့ ပျော်ရွှင်လို့ပဲ။ "စိတ်ပင်ပန်းလွန်းအားကြီးလို့ ခေါင်းကိုက်တာပါ အချစ်ရယ်၊ မပူပါနဲ့"တဲ့။

ပဲလေ့စ်ရုံမှာ ကျွန်မဖြေဖျော်အပြီးမှာ သူစီစဉ်ပေးထားတဲ့အတိုင်း 'ဘတ်ဖဲလိုးမြို့နဲ့ဝါရှင်တန်မြို့'တွေကို ခရီးထွက်ပြီး ဖြေဖျော်ခဲ့ပါတယ်၊ အဲဒီကြားကပဲ ရတဲ့ အချိန်ကလေးမှာ လေယာဉ်နဲ့ နယူးရောက်ကိုပြန်သွားပြီး သူ့အခြေအနေကို ကြည့်ခဲ့ ပါသေးတယ်။

နောက်နှစ်လလောက်အကြာမှာ ကျွန်မဟာ ဒုတိယအကြိမ် ပဲလေ့စ်ရုံမှာ ဖြေဖျော်ခဲ့ရပြန်ပါတယ်။ ဒီတစ်ကြိမ်မှာ ကျွန်မဟာ ဝေါလ်တာဝင်ချယ်နဲ့ ဟာရီရစ်ချ်မင်းတို့နဲ့ တွဲပြီးဖြေဖျော်ရတာပါ၊ ဒီတစ်ကြိမ်မှာလည်း ဒေးဗစ်ဟာ ကျွန်မရဲ့ဖြေဖျော်မှုကို ကြည့်ရှုခွင့်မရခဲ့ပြန်ပါဘူး။ ဝေါလ်တာနဲ့ဟာရီတို့ဟာ မကြာခင်မှာပဲ ဒေးဗစ်အကြောင်းကို သိသွားကြပါတယ်။ သူတို့ဟာ ကျွန်မကိုအားပေးသမှု ပြုခဲ့ကြပါတယ်။ ဒါပေမဲ့ ဒေးဗစ်ရဲ့အခြေအနေ ဆိုးတယ်ဆိုတာကိုတော့ ရိပ်မိကြပုံမပေါ်ပါဘူး။

ဆရာတွေဟာ ဒေးဗစ်ကို သုံးကြိမ်တိတိ စမ်းသပ်ပြီးခွဲကြည့်ကြပါတယ်။ ဆရာဝန်တွေရဲ့ဆုံးဖြတ်ချက်ကတော့ ဒေးဗစ်ရဲ့ဦးနှောက်ထဲမှာ အနာဖြစ်နေပြီ တဲ့။ တုန်လှုပ်စရာကောင်းတဲ့ အဖြေပါ။ အခုဆိုရင် ဒေးဗစ်ဟာ အချိန်ရှိသမျှ ဝေဒနာကို ခံစားနေရရှာပါပြီ။ သူ့ကို အမြဲတစေစောင့်ကြည့်ပေးနေရတဲ့ သူနာပြုဆရာမဟာ အမေတစ်ယောက်နဲ့ အလွန်တူတဲ့ အိုင်းရစ်အမျိုးသမီးပါ။ သူက ကျွန်မစိတ်ကို တည်ငြိမ်အေးဆေးအောင် အားပေးသမှုပြုပါတယ်။ "ဦးနှောက်ကိုခွဲပြီးတိုင်း ဆရာဝန်တွေဟာ ဒီလိုပဲပြောကြတတ်ပါတယ်ကွယ် စိတ်မပူပါနဲ့ သူ သက်သာလာမှာပါ"တဲ့။

တစ်မနက်ခင်းမှာပါ။ ဒေးဗစ်ကို နောက်တစ်ကြိမ်ခွဲရမဲ့နေ့ပါ၊ အဲဒီနေ့ဟာ တနင်္ဂနွေနေ့ပါ၊ ကျွန်မမှတ်မိနေပါသေးတယ်၊ အဲဒီနေ့မနက်မှာ ကျွန်မဟာ နေ့ခင်း နှစ်နာရီ၊ ညခြောက်နာရီနဲ့ ညကိုးနာရီမှာ တစ်ကြိမ်ဖြေဖျော်ရမဲ့ပွဲ သုံးပွဲရှိနေပါတယ်၊ ဒါကြောင့်မို့ မနက်စောစော ဆေးရုံကိုသွားပြီး တာဝန်ကျအလုပ်သင်ဆရာဝန်နဲ့ တွေ့ ပါတယ်။ ဒေးဗစ်နဲ့ပတ်သက်လို့ အကြောင်းထူးရှိရင် ကျွန်မဆီကို ဖုန်းဆက်ပါလို့ မေတ္တာရပ်ခံခဲ့ပါတယ်။ ဇာတ်စင်နောက်က ဖုန်းနံပါတ်ကိုလည်း ပေးခဲ့ပါတယ်။

www.burmeseclassic.com



BURMESE CLASSIC .com

မွန်းလွဲပိုင်းငါးနာရီလေးဆယ့်ငါးမိနစ်အချိန်မှာ တယ်လီဖုန်းမြည်သံကြားလိုက်ရတော့ စိတ်ထဲကက ဒီအသံဟာ ငါ့ဆီကိုဆက်တဲ့ဖုန်းသံပဲလို့ အလိုလိုသိနေပါတယ်။ အဲဒီအချိန်က ကျွန်မဟာ ဒုတိယပွဲအတွက် မိတ်ကပ်လိမ်းနေတဲ့ အချိန်ပါ။ ကျွန်မ ဖုန်းရှိရာကိုသွားတော့ စိတ်ထဲက "သူဘာမှမဖြစ်ပါစေနဲ့"လို့ ဆုတောင်းသွားမိပါတယ်။

တစ်ဖက်အသံရှင်ဟာ ကျွန်မမှာထားခဲ့တဲ့ အလုပ်သင်ဆရာဝန်ပါ။ "ဆေးရုံကို အမြန်လိုက်ခဲ့ပါ၊ ဒေးဗစ်ရဲ့အခြေအနေဆိုးနေပြီ"တဲ့။

ကျွန်မရဲ့ လက်ထဲကတယ်လီဖုန်းဟာ လွတ်ကျပြီး တန်းလန်းဖြစ်နေပါတယ်။ ကျွန်မ ဖိနပ်မပါပဲ ဇာတ်စင်ရဲ့နောက်ပေါက်ဆီကို ပြေးထွက်ခဲ့ပါတယ်။ တစ်ဦးတစ်ယောက်က ကျွန်မရဲ့လက်မောင်းကို ဆောင့်ဆွဲတာခံလိုက်ရပါတယ်၊ ဆွဲတဲ့လူက ဟာရီရစ်ချ်မင်းပါ၊ သူဟာ ကျွန်မကို ဒရွတ်သီထိုးဆွဲခေါ်လာပါတယ်။ ကျွန်မရဲ့ အဝတ်လဲခန်းထဲရောက်တော့ ကုလားထိုင်ပေါ်မှာထိုင်မိအောင် တွန်းထိုးပြီးထိုင်ခိုင်းပါတယ်။ ကျွန်မ အော်ငိုနေတာကိုကြည့်ပြီး ဒေါသတကြီးနဲ့အော်ပါတယ်။ "မငိုနဲ့တော့၊ အခုချက်ခြင်းတိတ်"တဲ့။ ကျွန်မရဲ့ပါးစပ်ကိုလည်း သုံးလေးချက်လောက်ရိုက်ပါသေးတယ်။ "မင်းက ဘယ်သွားမလို့စိတ်ကူးပြီး ပြေးထွက်သွားရတာလဲ"လို့ မေးပါတယ်။

"ကျွန်မ မသွားလို့မဖြစ်ဘူး"လို့ ကျွန်မက ငိုယိုပြီးပြောပါတယ်။ "ဒေးဗစ်သေခါနီးနေပြီ။ ကျွန်မသွားပါရစေ"

"မင်းနားမလည်ဘူးလား"လို့ သူက လေသံမာမာနဲ့ပြောပါတယ်။ "ပဏ္ဏာမတေးတောင် တီးမှုတ်နေကြပြီ။ မင်းကိုကြည့်ရဖို့ လူနှစ်ထောင်က စောင့်နေကြတာကို မင်းသိရမယ်"

အခန်းထဲကို ဝင်ချယ် ဝင်လာပါတယ်။ "ဒီမှာလာပြီး ဘာတွေဖြစ်နေကြတာလဲ၊ ဇာတ်စင်ပေါ်အဆင်သင့်ရောက်ဖို့ အချိန်ကျနေပြီ"လို့ ပြောပါတယ်။

"ဒေးဗစ်သေတော့မယ်လို့ ဘယ်အရူးကပြောလိုက်သလဲ မသိဘူး"လို့ ဟာရီက ဒေါသတကြီးပြန်ပြောတယ်။ "ဘယ်လောက်များ မိုက်မဲသလဲ၊ ဒီကိစ္စမျိုးကို အခုလို တယ်လီဖုန်းဆက်ပြောတာ လုပ်သင့်လုပ်ထိုက်တာလား. . . ဗျာ၊ နည်းနည်းတော့ စဉ်းစားဖို့ကောင်းပါတယ်"

"ဝေါလ်တာဝင်ချယ်က ကျွန်မ မျက်နှာကို ကြည့်နေပါတယ်။ ဘာမှလည်း ပြန်မပြောနိုင်ပါဘူး။ သူ့မျက်လုံးအစုံမှာ မျက်ရည်တွေဝိုင်းနေပါတယ်။ သူ့ကြည့်ရတာ ကျွန်မလောက်နီးပါး စိတ်ထိခိုက်ခံစားနေရပုံ ပေါ်ပါတယ်။

နှစ်ယောက်စလုံးက ကျွန်မကိုအားပေးစကားပြောကြပါတယ်။ ကျွန်မရဲ့ အကူကောင်မလေးကလည်း ကျွန်မကို ကပြာကရာ အဝတ်အစားလဲပေးပါတယ်။ မကြာခင်မှာပဲ ကျွန်မဟာ ပရိသတ်ရှေ့မှောက်ရောက်သွားပါတယ်။ ကျွန်မရဲ့သီချင်းသံကို ကျွန်မပြန်ကြားနေရပါတယ်။

"ကျွန်မဟာ. . . လေအမြင့်ကြီးမှာ ပျံသန်းလို့နေပါတယ်။ ဒါပေမဲ့လေရင်ထဲမှာတော့ ကျွန်မဟာ. . . ကျဆုံးနေပြီလို့ခံစားနေရပါတယ်. . . ရှင်"

www.burmeseclassic.com

BURMESE CLASSIC .com

သီချင်းက အပျော်အမြူးသီချင်းပါ၊ ဒီလိုသီချင်းမျိုးကို အခုလိုအချိန်မှာ ကျွန်မဘယ်လိုကြောင့် ဆိုနေနိုင်တာပါလိမ့်. . .။ ကျွန်မရဲ့အဖြစ်ကိုသာ သိရင် ကျွန်မနှုတ်က ဒီသီချင်းမျိုးဆိုပြလိမ့်မယ်လို့ ပရိသတ်ကရော မျှော်လင့်ချက်ထားနိုင်ကြပါ့မလား. . .။ထားကောထားရက်ကြပါ့မလား. . .။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ မျက်ရည်မဆည်နိုင်အောင် စိတ်နှလုံးထိခိုက်ကြေကွဲခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ ပရိသတ်အပေါ်မှာ ကျွန်မဟာ တာဝန်ကျေခဲ့ပါတယ်။ သီချင်းကို ပြီးဆုံးသွားသည် အထိ အရှိန်မပျက်ဆိုသွားနိုင်ခဲ့ပါတယ်။

ဒီတစ်ကွက်အပြီးမှာ ကျွန်မ ဇာတ်စင်ပေါ်က ခဏဆင်းခဲ့ရပါတယ်။ ခဏနေတော့ နောက်တစ်ကွက်အတွက် ဇာတ်စင်ပေါ်ပြန်ရဦးမှာပါ။ ဒီတစ်ကြိမ်မှာတော့ ကျွန်မနဲ့အတူ ဟာရီနဲ့ဝေါလ်တာတို့ပါ တွဲကကြရမှာပါ။ ဟာရီက ကျွန်မကိုဖက်ပြီး "ကိုယ်ပြောတာ နားထောင်နော် လီလီ၊ မင်းလုပ်သွားသမျှ သိပ်ကိုကောင်းနေတယ်၊ ဒီအတိုင်းသာဆက်သွား"လို့ ပြောပါတယ်။

အဲဒီနောက်တော့ ကျွန်မဟာ ဇာတ်စင်ပေါ်ပြန်ရောက်သွားပြီး၊ အိပ်မက်ဆိုးကြီးတစ်ခုထဲမှာ အသက်ရှင်သန်နေရပြန်ပါတယ်။

ပြပွဲလည်းပြီးရော ရစ်ချ်မင်းရဲ့ မန်နေဂျာ ဂျော့ဝှဒ်က ကျွန်မကို ကားတစ်စီးနဲ့ ဆေးရုံကို အမြန်ဆုံးလိုက်ပို့ပါတယ်၊ အော်. . .အခုကျတော့လည်း ဒေးဗစ်နဲ့ ကျွန်မကို ကွဲကွာသွားအောင် ခွဲခွာသွားဖို့အားထုတ်နေစရာ မလိုတော့ပါလား. . .။ ကားပေါ်မှာပါသွားနေတဲ့ ကျွန်မဟာ အဲဒီအတွေးကို မတွေးပဲမနေနိုင်ပါဘူး။

ကျွန်မဟာ ဆေးရုံရှေ့ရောက်လို့ ကားရပ်တာနဲ့တစ်ပြိုင်နက် ကားပေါ်က ဆင်းပြီး စင်္ကြံလမ်းတစ်လျှောက်ပြေးလာခဲ့ပါတယ်၊ ဒေးဗစ်ရဲ့အမေက ကျွန်မကိုမြင်တော့ မျက်နှာကိုတစ်ဖက်လွှဲပြီး ငိုနေရှာပါတယ်။ ကျွန်မဟာ ဒေးဗစ်ရဲ့အခန်းတံခါးကို ဖွင့်ပြီးဝင်ခဲ့ပါတယ်။ အခန်းထဲမှာ သူမရှိတော့ပါဘူး။

ကျွန်မ အခန်းထဲကပြေးထွက်လာခဲ့ပါတယ်။ "မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး" လို့လည်း အော်လာမိပါတယ်။ "ကျွန်မ မယုံဘူး၊ မယုံဘူး"လို့လည်း တတွတ်တွတ်ပြော လာမိပါတယ်။

ဒေးဗစ်ရဲ့သူနာပြုဆရာမက ကျွန်မကိုဆွဲပြီး အနီးကအခန်းထဲခေါ်သွားပါတယ်၊ သူက ကျွန်မကို ချော့မော့ပြီး ကုလားထိုင်ပေါ်ထိုင်ခိုင်းပါတယ်။ "လီလီယံ . . . မငိုပါနဲ့ကွယ်၊ တိတ်ပါတော့ ဒေးဗစ်ဟာ တို့ဘုရားသခင်နဲ့အတူ ရှိနေပါပြီ. . . သူ့အတွက် ထပ်ပြီးမငိုပါနဲ့တော့ကွယ်"လို့လည်း တဖွဖွပြောနေပါတယ်။

ကျွန်မသူ့ကို စိတ်ဆိုး မာန်ဆိုးနဲ့လှည့်ကြည့်မိပါတယ်၊ "ကျွန်မကို ဘုရားသခင်အကြောင်း လာမပြောနဲ့၊ ကျွန်မ မကြားချင်ဘူး"လို့လည်း အော်မိပါတယ်၊ "အခု ဒေးဗစ်သေပြီ၊ ဘာပြုလို့ ရှင့် ဘုရားသခင်က ဒေးဗစ်ကို ခေါ်သွားရတာလဲ။ ဒေးဗစ်ဟာ အသက်ငယ်ငယ်လေးပဲရှိသေးတယ်၊ ကျွန်မတို့မှာ အစီအစဉ်တွေ အများကြီး ရှိနေသေးတာ သူမသိဘူးတဲ့လား"

သူကတော့ ကျွန်မကို ဆက်ပြီးဖျောင်းဖျနေပါတယ်။ ဂျော့ဝှဒ်ရဲ့အသံဟာ ကျွန်မနားထဲကို ဝင်လာပါယ်။ "သွားဖို့အချိန်တန်ပြီ. . . လီလီယံ။ မင်းပြကွက်က

www.burmeseclassic.com

BURMESE CLASSIC .com

နာရီဝက်ပဲလိုတော့တယ်”လို့ သတိပေးတဲ့အသံပါ။

ကျွန်မ ရုံကိုပြန်ရောက်သွားတဲ့အခါ ဟာရီနဲ့ဝေါလ်တာတို့ဟာ ရုံနောက်ဖက်တံခါးဝကနေပြီး ဆီးကြိုကြပါတယ်။ ဝေါလ်တာက ကျွန်မ ပုခုံးကိုဖက်ပြီး ကုလားထိုင်ဆီပို့ပေးပါတယ်။ သူကိုယ်တိုင် အတော့်ကိုစိတ်ထိခိုက်ဟန်တူပါတယ်။ ကျွန်မ အနားမှာ ရပ်မနေတော့ပဲ ရှောင်ထွက်သွားပါတယ်။

ဟာရီကတော့ အနားမှာရပ်နေဆဲပါ။ “ကိုယ်ပြောတာနားထောင်ပါ လီလီယံ၊ မင်းဟာ. . . အင်မတန်ကိုတော်တဲ့ အကျော်အမော်အနုပညာရှင်တစ်ယောက်ဆိုတာ မင့်ဖာသာမင်းသိမှာပါ။ ဟိုအရင်တုန်းကလိုပဲ ပရိသတ်ရှေ့မှောက်ကို ဣန္ဒြေမပျက် ထွက်သွားပါ။ ဟိုတုန်းက မင်းလုပ်ပြခဲ့သလိုပဲ လုပ်ပြပါ။ မင်းအနေနဲ့ ဇာတ်စင်ရှေ့ကို မထွက်လို့ မဖြစ်ဘူးဆိုတာ နားလည်ထားစမ်းပါ၊ ဘာ့ကြောင့်လည်းဆိုတော့ ဒေးဗစ်ဟာ အဲဒီနေရာမှာစောင့်ပြီး မင်းကိုကြည့်နေမှာမို့ပါ၊ သူဟာ မင်းကို အဲသလိုအနေအထားမျိုးနဲ့ မြင်ချင်တွေ့ချင်နေတဲ့လူ. . .။ ဒီအလုပ်ကို မင်းရဲ့ အလုပ်ဖြစ်စေချင်တဲ့ ဆန္ဒဟာ သူ့ဆန္ဒပါ၊ သူ့ဆန္ဒကို မင်းက ပျက်သွားအောင်မလုပ်ပါနဲ့” လို့ ဖြည်းဖြည်းသာသာနဲ့ ကျွန်မနားဝင်အောင် ပြောနေပါတယ်။

ကျွန်မ ဇာတ်စင်ပေါ်ပြန်ရောက်သွားရပြန်ပါတယ်။ ကျွန်မ သီချင်းတစ်ပုဒ်ဆိုရပြန်ပါပြီ၊ ကျွန်မရဲ့လူငယ်ဘဝက ရှိခဲ့တဲ့ခံစားမှုတစ်ခုဟာ အဲဒီညက ကျွန်မဆီက ခွာပြီး သီချင်းစာသားတွေထဲမှာ မျောပါသွားခဲ့ပါတယ်။

ကျွန်မကို ချည်နှောင်ထားဖို့များတော့
မကြိုးစားပါနဲ့လား. . . မောင်ရယ်!
ကျွန်မကိုသိဖို့လည်း. . . . . . . . .
မမျှော်လင့်ပါနဲ့. . . . . . . . . . ကွယ်
ကျွန်မနဲ့ဆုံတဲ့အချိန်မှသာ-
ကျွန်မကို နှစ်သျှင်ရင်းနှီးနိုင်ပါတယ်. . . အချစ်ရယ်။
ကျွန်မတို့နှစ်ယောက်ကြား. . . . . . . .
အချစ်တွေကယ်လောက်ပဲမှား. . . မှား
ကျွန်မကိုတော့ပြန်ခွင့်ပြုရမှာပါပဲ-မောင်ရယ်။
ကျွန်မအပေါ်မှာရှိနေတဲ့အချစ်ကိုလည်း

မနောက်တစ်မိုးနှစ်ကျရင်. . . မေလ
ကျွန်မတို့ အချစ်ဟာ
ပြန်လည်ရှင်သန်လာဦးမှာပါ. . . ကွယ်။

www.burmeseclassic.com

## အခန်း[၉]

ဒေးဗစ်သေသွားပေမယ့် ကျွန်မအနေနဲ့ လုပ်လက်စအလုပ်တွေကို ရပ်ထားလို့မရနိုင်ပါဘူး၊ ပဲလေ့စ်ရုံမှာ စာချုပ်အတိုင်း သီတင်းတစ်ပတ်လုံး ဖြေဖျော်မှုအလုပ်ကို ပြီးပြတ်အောင်လုပ်ပေးခဲ့ရပါတယ်။ အနုပညာသည်တစ်ယောက်ရဲ့ ဘဝဟာ ဒီလိုပါပဲ။ ပရိသတ်ကို ဖြေဖျော်နေရသူအနေနဲ့ သူ့ဘဝထဲမှာ ဘာတွေပဲဖြစ်နေဖြစ်နေ ဇာတ်စင်ပေါ်ရောက်ရင် သူ့စိတ်ကို သူနိုင်အောင်ထိန်းရပါတယ်။ နောက်ဆုံးကုန်ကုန်ပြောရရင် မူးမေ့ပြီးလဲကျလုနီးပါးဖြစ်နေတာတောင်မှ ပရိသတ်ရှေ့ဇာတ်စင်ပေါ်မှာ လဲမကျအောင် ကြိုးစားပြီးထိန်းရပါတယ်။

နောက်ပိုင်း ကိုယ့်အလှည့်ပြီးလို့ ဇာတ်စင်ဘေးရောက်ကာမှပဲ ကိုယ့်စိတ်ကိုယ်လျှော့ပြီး မူးမေ့လဲကျကြရတာပါ။ ဇာတ်စင်ပေါ်က ဆင်းလာပြီဆိုရင် အနုပညာသည်တစ်ဦးရဲ့ဘဝဟာ လက်တွေ့တကယ်ဖြစ်ရပ်တွေနဲ့ ရင်ဆိုင်ရပြီ မဟုတ်လား။ အဲဒီအချိန်ကျတော့ မေ့ချင်မေ့၊ မောချင်မော၊ ငိုချင်ငို၊ ရယ်ချင်ရယ်ပေါ့။

ကျွန်မသေသွားရင် ကောင်းမှာပဲလို့တွေးမိပါတယ်။ ကျွန်မကိုယ် ကျွန်မအပြစ်တင်လို့မဆုံးနိုင်ပါဘူး၊ အလကားနေရင်းနဲ့ပဲ စိတ်ဆိုးလိုက်၊ စိတ်တိုလိုက် ဒေါသဖြစ်လိုက်နဲ့ လုံးချာလည်နေပါတယ်၊ အမေက ကျွန်မကို စိတ်သက်သာရာရအောင်၊ အမြဲမပြတ် အနားကနေပြီး တစ်ဖွဖွဖြောင်းဖျပေးနေပေမယ့် မရပါဘူး။ “ငါ့သမီးလေး. . . ဒေးဗစ်ကို ဒီလောက်ချစ်မှန်း အမေနားမလည်ခဲ့တာဟာ အမေ့အမှားပါ”ဆိုတဲ့ စကားကို ပြောပြီး ရှိုက်ကြီးတငင်ငိုလေ့ရှိပါတယ်။ အမေက အဲသလို

www.burmeseclassic.com


သူ့အပြစ် သူမြင်လေလေ ကျွန်မမှာ ပိုပြီးစိတ်ဆင်းရဲရလေပါပဲ။

ကျွန်မဟာ ဒေးဗစ်ခံစားခဲ့ရတဲ့ ခေါင်းကိုက်ခေါင်းမူးရောဂါကို ကျွန်မမှာလည်း စွဲကပ်နေပြီလို့ အထင်ရောက်လာခဲ့ပါတယ်။ ကျွန်မအဖေဟာ ဘော်စတွန်မြို့ကနေပြီး နယူးရောက်မြို့ကိုရောက်လာပါတယ်။ ကျွန်မရဲ့ ကျနေတဲ့စိတ်ဓာတ်ကို ပြန်ပြီးတက်လာအောင် သူတတ်အားသရွေ့ ကြိုးစားပြီးမြှင့်တင်ပေးပါတယ်။ ဒါပေမဲ့ မရပါဘူး။

ကျွန်မတို့မိသားစုနဲ့ အရင်းနှီးဆုံးမိတ်ဆွေ 'တက်ဒ်ရေးနား'လည်း ရောက်လာခဲ့ပါတယ်၊ သူဟာ ကျွန်မအရွယ်ရောက်အလာကို စောင့်စားမျှော်လင့်နေသူပါ၊ ကျွန်မက သူ့ကိုလက်ထပ်မှာပဲဆိုတဲ့ မျှော်လင့်လို့မရတဲ့အရာကို မျှော်လင့်နေသူလို့ ပြောရင်လည်းမမှားနိုင်ပါဘူး၊ သူကလည်း ကျွန်မကို စိတ်ပြေပျောက်အောင် အားထုတ်ပါတယ်၊ နောက်ဆုံးမှာတော့ အမေနဲ့တက်ဒ်တို့ တိုင်ပင်ပြီး စိတ်ရောဂါကုသူနာပြုဆရာမတစ်ယောက် ငှားပေးပါတယ်။

အဲဒီအချိန်မှာ ကျွန်မဟာ ငိုလိုက်၊ ရယ်လိုက်နဲ့ သွေးလေချောက်ချားသလို ဖြစ်နေပြီး၊ ကိုယ့်စိတ်ကိုယ် မချုပ်တီးနိုင်တဲ့ 'ဟစ်စ်တီးရီးယားရောဂါ'မျိုး စွဲကပ်နေပါပြီ။ အရာရာတိုင်းဟာ ကျွန်မရဲ့စိတ်ကို ဒုက္ခပေးနေပါတယ်။ နှိပ်စက်ညှဉ်းပန်းနေကြပါတယ်။ ဟပ်ဒ်ဆန်မြစ်ပြင်ပေါ်က သင်္ဘောတွေရဲ့ဥဩသံတွေဟာလည်း ကျွန်မစိတ်ကို တစ်မျိုးတစ်ဖုံဖြစ်စေခဲ့ပါတယ်။ လမ်းမတွေပေါ်က ကားဟွန်းသံတွေကလည်း ကျွန်မစိတ်ကို သီးမခံနိုင်လောက်အောင် ချောက်ခြားစေခဲ့ပါတယ်။ ကျွန်မအိပ်လို့လည်း မရပါဘူး၊ တစ်ညလုံး အိပ်ရာထဲမှာ လူးလိုက် လှိမ့်လိုက် ငိုလိုက်နဲ့ပဲ အချိန်ကုန်ရပါတယ်။

ကျွန်မရဲ့မိဘနှစ်ပါးဟာ အာရုံကြောပါရဂူတစ်ယောက်ကို ပင့်ပြီး ပြသခဲ့ပါတယ်။ ဆရာဝန်က ကျွန်းမာရေးရိပ်သာတစ်ခုမှာ လပေါင်းအတော်ကြာကြာ အနားယူသင့်တယ်လို့ အကြံပြုပါတယ်။ "ကိုယ့်အိမ်မှာတောင် ကိုယ်အိပ်မပျော်လို့ ဒုက္ခရောက်နေတဲ့လူကို ဘာပြုလို့ ဒီအကြံလာပေးနေရတာလဲ။ ကိုယ့်အိမ်မှာတောင် အိပ်မပျော်လို့ ဒုက္ခရောက်နေတဲ့လူက ရှင်ပြောတဲ့နေရာမှာသွားပြီး လအကြာကြီးနေတော့ကော ဘာထူးလာမှာလဲ"လို့ ကျွန်မက အသံကုန်ဟစ်ပြီး အော်ပြောလိုက်မိပါတယ်။

ဒေးဗစ်ဟာ ဆေးရုံကုတင်ပေါ်ကနေပြီး ကျွန်မအတွက် ပါရာမောင့်ကုမ္ပဏီရဲ့ ဖြေဖျော်ရေးအစီအစဉ်ကို စီစဉ်ပေးခဲ့သူပါ၊ အဲဒီတုန်းက သူဆွဲပေးတဲ့ အစီအစဉ် အတိုင်း သုံးလတိတိ တောင်ပိုင်းနဲ့မြောက်ပိုင်းဒေသမြို့တွေကို သွားခဲ့ရဘူးပါတယ်။ ကျွန်မက အဲဒီကိစ္စကိုပြောပြတော့ ဆရာဝန်က စဉ်းစားနေပါတယ်။

"ကောင်းသားပဲ"လို့ ဆရာဝန်ကပြောပါတယ်။ "သူ့ကို ခရီးစထွက်ခွင့်ပြုလိုက်ပါ၊ သူ့အဖြစ်က အာရုံကြောတွေ အားသိပ်နည်းပြီး စိတ်ကျလုနီးပါးဖြစ်သွားတာပဲ၊ သူ့ကို ဘာအလုပ်မှမရှိပဲ တွေးနေဖို့အချိန်မပေးသင့်ဘူး၊ အလုပ်ရှိနေရင် သူ့စိတ်ဟာ ပြန်ငြိမ်လာမယ်"

ကျွန်မခရီးထွက်ခဲ့ပါတယ်။ ကျွန်မရဲ့သေတ္တာထဲမှာ ဒေးဗစ်ရဲ့စာတွေနဲ့

www.burmeseclassic.com

BURMESE CLASSIC .com

သူ့ဓါတ်ပုံတွေအားလုံးကို ထည့်လာခဲ့ပါတယ်။ တစ်နေရာရောက်ရင် ကျွန်မရဲ့ အလှပြင်ခန်းထဲက စားပွဲပေါ်မှာ သူ့ဓါတ်ပုံကိုတင်ထားစမြဲပါ။ ကျွန်မနဲ့အတူ စိတ်ရောဂါကု သူနာပြုဆရာမအယ်လင်းလဲ လိုက်လာပါတယ်။ ကျွန်မအမေလည်း ထုံးစံအတိုင်း ပါလာပါတယ်။ ကျွန်မက ဇွတ်အဓမ္မပြောနေလို့သာ ခရီးထွက်ခွင့်ပြုခဲ့ရတဲ့အမေဟာ ကျွန်မအတွက် စိတ်မချတစ်ချဖြစ်နေပါတယ်။

ကျွန်မဟာ ည ညကျရင် အိပ်ပျော်နေရာက လန့်နိုးပြီး အလန့်တကြား အော်တတ်ပါတယ်။ ဒေးဗစ်ဟာ ကျွန်မရဲ့အခန်းထဲမှာ ကျွန်မနဲ့အတူတူ ရှိနေတယ်လို့ ထင်လို့ပါ။ အမေနဲ့ဆရာမတို့က ဖြောင်းဖျပေမယ့် မရပါဘူး၊ "သူမသေဘူး၊ အခုဒီအခန်းထဲမှာ ရောက်နေတယ်"ဟု ကျွန်မပါးစပ်က တတွတ်တွတ်ပြောသည်။

အဲဒီစိတ်ကူးအိပ်မက်ကို ကျွန်မ ညတိုင်းမက်ပါတယ်။ ဒေးဗစ်ဟာ ဆေးရုံကုတင်ပေါ်ကနေပြီး ကျွန်မကို စကားပြောနေပါတယ် "ဆရာဝန်တွေနဲ့ အတူပါလာတဲ့ ဆရာမတွေကတော့ မောင်သေပြီလို့ မင်းကိုပြောကြမှာပဲ၊ ဒါပေမဲ့ မင်းသိထားရမှာက မောင်မသေဘူးဆိုတဲ့ အချက်ပဲ၊ မင်းက သူတို့ပြောတာကို လုံးဝမယုံလေနဲ့၊ မောင်သေတာ သူတို့သက်သေမပြနိုင်ဘူး လီလီရဲ့"တဲ့။

အဲဒီနောက်တော့ သူနာပြုဆရာမတွေနဲ့ ဆရာဝန်တွေဟာ စိတ်မကောင်းတဲ့မျက်နှာထားတွေနဲ့ အခန်းထဲကိုဝင်လာကြပါတယ်။ ဒေးဗစ်က ကုတင်ပေါ်မှာ မျက်လုံးတွေပိတ်လို့၊ သူ့ခေါင်းမှာလည်း ပတ်တီးတွေနဲ့. . . မျက်နှာကလည်း ဖယောင်းသားလို ဖြူဖွေးနေတာပဲ။ "သူသေသွားပြီ၊ အခန်းထဲကထွက်လိုက်တော့"လို့ သူတို့က ပြောနေကြတယ်၊ ပြီးတော့ အခန်းထဲက ပြန်ထွက်သွားကြတယ်။ ကျွန်မ အခန်းထဲမှာရှိနေတာကို မမြင်ကြသလိုပဲ။

သူတို့လည်းထွက်သွားရော ပြုန်းခနဲ ကုတင်ပေါ်က ဒေးဗစ်ဟာ သူ့အပေါ်ဖုံးလွှမ်းထားတဲ့ အဝတ်တွေကိုဖယ်ပြီး ငေါက်ခနဲထထိုင်လိုက်ပါတယ်။ သူ့မျက်လုံးတွေကလည်း ဖြတ်ခနဲပွင့်လာကြပါတယ်။ ကျွန်မကိုကြည့်ပြီး ပြုံးနေရုံမကဘူး "မြင်တယ်မဟုတ်လား. . . လီလီ၊ သူတို့ပြောတာမှားနေတယ်၊ မောင်ပြောခဲ့တယ်မဟုတ်လား၊ မောင်မသေပါဘူး"လို့ လှမ်းပြောနေပါတယ်။

ဘာပဲဖြစ်ဖြစ် ဆရာမအယ်လင်းကတော့ ပါရဂူဆရာဝန်ပေးလိုက်တဲ့နည်းအတိုင်း ကျွန်မကို အလုပ်နဲ့ လက်နဲ့မပြတ်အောင် စီစဉ်ပေးထားပါတယ်။ ကျွန်မအားချိန်ဆိုရင် ဖဲကစားဖို့ အဆင့်သင့်ပြင်ထားပါတယ်။ ကျွန်မအဖို့လည်း ဇာတ်စင်ပေါ်ကဆင်းလာရင် မိတ်ကပ်တွေကိုပြန်ဖျက်ပါတယ်။ စားပွဲပေါ်မှာတင်ထားတဲ့ ဒေးဗစ်ရဲ့ဓါတ်ပုံကိုကြည့်ပါတယ်။ ဓါတ်ပုံရှေ့မှာကတော့ ဖန်ခွက်ကလေးတစ်လုံးနဲ့ ထည့်ထားတဲ့ လတ်လတ်ဆတ်ဆတ် ပန်းလှလှကလေးတစ်ပွင့်. . .။ အဲဒီနောက်မှာတော့ အယ်လင်းက အခန်းထဲဝင်လာပြီး "လီလီယံ. . . ဧည့်သည်တွေရောက်နေတယ်" လို့ ပြောတယ်၊ ကျွန်မက အိပ်မက်ထဲလမ်းလျှောက်နေတဲ့ လူတစ်ယောက်လို အခန်းထဲက ထွက်သွားပါတယ်။ တခြားအခန်းထဲမှာတော့ စားပွဲတစ်လုံးပေါ်မှာ ဖဲကစားဖို့ အသင့်ပြင်ထားပြီးပါပြီ၊ ကျွန်မက ဧည့်သည်တွေနဲ့မိတ်ဆက်ပေးတာကို စက်ရုပ်တစ်ရုပ်လို လက်ခံပြီး၊ သူတို့နဲ့ဖဲကစားရပါတယ်။

www.burmeseclassic.com



BURMESE CLASSIC .com

ဒါပေမဲ့ ဘယ်ဟာကမှ ကျွန်မရဲ့စိတ်ကို သက်သာရာ မရစေခဲ့ပါဘူး။ ကျွန်မရဲ့အိပ်မက်တွေက ကျွန်မစိတ်ကို အမြဲတစေနှောက်ယှက်နေတာပါပဲ။ အိပ်မက် မမက်ချိန်ကျတော့လည်း ကျွန်မဟာ အိပ်မပျော်လို့နိုးနေပါတယ်။ အယ်လင်းအနေနဲ့ ကျွန်မ အိပ်ပျော်အောင် စာဖတ်ပြပေမယ့် အိပ်မပျော်ပါဘူး။

ကျွန်မအဖို့ကတော့ ဒေးဗစ်ကို မေ့မသွားအောင် အမြဲအားထုတ်နေဖို့ လိုပါတယ်။ သူသေတာ တနင်္ဂနွေနေ့ ညနေခြောက်နာရီ မိနစ်နှစ်ဆယ်ပါ၊ တနင်္ဂနွေနေ့တိုင်း အဲဒီအချိန်ကျရင် ဘယ်မြို့ ဘယ်ဒေသမှာပဲ ရောက်နေနေ ကျွန်မအခန်းထဲ ပြန်ဝင်ပြီး ခဏတစ်ဖြုတ်ပဲဖြစ်ဖြစ် တစ်ယောက်ထဲနေလေ့ရှိပါတယ်။

အစီအစဉ်အရ ကျွန်မဟာ မင်နီယာပိုးလစ္စမြို့မှာ အရင်ဆုံးဖြေဖျော်ရပါတယ်။ ပြီးတော့ ဒက်စ်မွိုင်းနီးစ်မြို့၊ အဲဒီကတစ်ဆင့် ကင်းဆတ်စီးတီးမြို့ကို ကူးခဲ့ရပါတယ်။ ဒီမြို့အရောက်မှာ ပြဿနာတစ်ခုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ပြဿနာပေါ်ချိန်မှာ ကျွန်မအနားမှာ အမေမရှိပါဘူး၊ အမေဟာ ကျွန်မရဲ့ညီမ အန်းရောက်နေတဲ့ ရှီကာဂိုမြို့ကို သွားနေပါတယ်။

ကင်းဆတ်စီးတီးမြို့ကထုတ်ဝေတဲ့ 'ဂျာနယ်ပို့စ်'သတင်းစာမှာ ပြဇာတ်ဝေဖန်ရေးဆရာ'ဂွတ်မင်းအေ့စ်'က ကျွန်မရဲ့ပွဲဦးထွက်ညက သီဆိုဟန်တွေကို အတော်ကလေးချီးကျူးပြီးရေးသားခဲ့ပါတယ်။ "ကြီးမားသောဆုံးရှုံးမှုတစ်ခုရှိသည့်ကြားမှ ပြောင်မြောက်စွာဖြေဖျော်သွားနိုင်သော သတ္တိသည် ကြီးမားလှပါပေသည်"စသည်ဖြင့် ကျွန်မအပေါ် ကိုယ်ချင်းစာဟန် သနားဟန်နဲ့ ဝေဖန်ရေးသားထားတာတွေကို လည်း ဖတ်လိုက်ရပါတယ်။

နောက်ပိုင်းမှာ မစ္စတာဂွတ်မင်းအေ့စ်က ကျွန်မဆီဖုန်းဆက်ပြီး သူတို့လင်မယားမှာ တနင်္ဂနွေနေ့တိုင်း ရေဒီယိုက ထုတ်လွှင့်နေတဲ့ 'အေ့စ်ဖျော်ဖြေရေးအစီအစဉ်တစ်ခု' ရှိကြောင်း၊ ပြီးတော့ ကျွန်မဟာ ဘရစ်ချ်ဖဲကစားနည်းကို သိပ်ပြီးဝါသနာကြီးတယ်လို့ သိထားရကြောင်း၊ ဒါကြောင့်မို့ တနင်္ဂနွေညနေခြောက်နာရီ အစီအစဉ်မှာ သူတို့နဲ့ကျွန်မတွေ့ဆုံပြီး ဘရစ်ချ်ဖဲကစားနည်း ဆွေးနွေးခန်းလေးတစ်ခုပြုလုပ်လိုကြောင်း စသည်ဖြင့်ပြောပါတယ်။ ကျွန်မကို သူတို့ဧည့်သည်အဖြစ် ဖိတ်ခေါ်ပြီး ဆွေးနွေးတင်ပြလိုတဲ့ သဘောမျိုးပြောတာပါ။

ကျွန်မကလည်း လက်ခံလိုက်မိပါတယ်။ အဲဒီနေ့ကျတော့ အစီအစဉ် မစခင်မှာ မစ္စတာအေ့စ်က "ဒါနဲ့စကားမစပ် ဒီည မစ္စလီလီယံက ဘာသီချင်းနဲ့ ဖြေဖျော်မယ်လို့ စိတ်ကူးထားပါသလဲ"လို့ မေးတယ်။

ကျွန်မ သူ့ကို ပါးစပ်အဟောင်းသားနဲ့ ပြန်ကြည့်နေမိပါတယ်၊ သီချင်းဆိုဖို့ သူနဲ့ကျွန်မကြိုတင်ပြီး ဆွေးနွေးထားတာမရှိပဲနဲ့ ပြုန်းခနဲ အခုလိုအမေးခံလိုက်ရတော့ ကျွန်မအံ့အားသင့်မိတာပေ့ါ။

"အို. . . ကျွန်မအနေနဲ့ ရှင့်အစီအစဉ်မှာ သီချင်းတော့မဆိုနိုင်ပါဘူး. . . မစ္စတာအေ့စ်၊ အထူးသဖြင့် တနင်္ဂနွေနေ့ညနေခြောက်နာရီမှာ ကျွန်မသီချင်းဆိုလေ့မရှိပါဘူး"လို့ ကျွန်မက အဖြေပေးလိုက်ပါတယ်။ ကျွန်မပေးတဲ့ အဖြေဟာ သူလိုချင်တာကို မရနိုင်တဲ့အဖြေပါ၊ ဒါကြောင့်မို့လည်း သူဖက်က မကျေနပ်စရာဖြစ်သွားခဲ့

www.burmeseclassic.com

BURMESE CLASSIC .com

ရပါတယ်။

နောက်တစ်နေ့ထုတ်သတင်းစာမှာတော့ ကျွန်မကို ဝေဖန်ရေးသားထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါလာပြန်ပါတယ်။ ဒီဆောင်းပါးကျတော့ ကျွန်မကို စုတ်ပြတ်သွားအောင် ရေးထားပါတယ် "မစ္စလီလီယံရော့သ်သည် လုံးဝအခြေအမြစ်မရှိသော ဝမ်းနည်းကြေကွဲမှုကို အကြောင်းပြကာ ကျွန်ုပ်၏ အစီအစဉ်တွင် သီချင်းမဆိုနိုင်ဟု ငြင်းပယ်ခဲ့သော်လည်း ထိုညမှာပင် ညကလပ်တစ်ခု၌ ပျော်ရွှင်မြူးထူးစွာ ကပြသွားနိုင်ခဲ့သည်မှာ အံ့သြစဖွယ်ကောင်းလှချေသည်။ တကယ်တော့ မစ္စရော့သ်သည် သူ၏ခင်ပွန်းလောင်းသေဆုံးမှုကို အကြောင်းပြု၍ ဝမ်းနည်းကြေကွဲဟန်ပြသနေသည်မှာ သူ့ ကိုယ်သူ နာမည်ပိုကြီးအောင်လုပ်နေသည့် အတုအယောင်အလုပ်တစ်ခုမျှသာဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိပေ" စသည့်ထိခိုက်နစ်နာအောင် ရေးထားတာပါ။

ကျွန်မဟာ လက်ထဲကသတင်းစာကို ပစ်ချပြီး ဝမ်းနည်းပက်လက်ငိုမိပါတယ်။ အင်မတန်မှ အညာအတာကင်းမဲ့တဲ့ လုပ်နည်းလုပ်ဟန်တစ်ခုပဲလို့ မတွေးပဲ မနေနိုင်ပါဘူး၊ ကျွန်မ မကချင်တော့ဘူးလို့လည်း ဆရာမအယ်လင်းကိုပြောပါတယ်။ ဒါပေမဲ့ မလုပ်မဖြစ်တဲ့အလုပ်မို့ ရှိနေတဲ့အစီအစဉ်အတိုင်း ကျွန်မတာဝန်ကို ကျေအောင် လုပ်ခဲ့ရပါတယ်။

အဲဒီညက ကျွန်မအိပ်လို့မရပါဘူး၊ ငိုလိုက် ရယ်လိုက်နဲ့ပဲ အချိန်ကုန်ရပါတယ်။ ဆရာမအယ်လင်းခမြာလည်း ကျွန်မအိပ်ပျော်သွားအောင် အမျိုးမျိုးကြိုးစားပါတယ်။ မရတဲ့အဆုံးမှာ သူဟာ စိတ်ရောဂါကုထုံးစာအုပ်ထဲမှာ မပါတဲ့နည်းတစ်နည်းကို အသုံးပြုကြည့်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ သူဟာ သူ့ရဲ့ဘီရိုထဲကပုလင်းတစ်လုံးထုတ်ယူလာပါတယ်။

"ဒါလေးနည်းနည်းလောက် သောက်လိုက်စေချင်တယ်. . . လီလီယံ၊ ဒါဆိုရင် မင့်အတွက် အစစအရာရာ အဆင်ပြေသွားလိမ့်မယ်လို့ထင်တယ်"တဲ့။

သူပေးတဲ့ခွက်ကိုယူပြီး ကျွန်မသောက်လိုက်ပါတယ်၊ နောက်တစ်ခွက်ထပ်ပေးတော့လည်း ယူသောက်လိုက်ပါတယ်။ တတိယတစ်ဖန်ခွက် သောက်အပြီးမှာတော့ ကျွန်မအိပ်ပျော်သွားပါတယ်၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျသွားတာပါ၊ ညပေါင်းများစွာ အိပ်မက်မက်နေခဲ့တဲ့ ကျွန်မဟာ အဲဒီညက မမက်ပါဘူး။ ကျွန်မရဲ့ အိပ်မက်မမက်တဲ့ ပထမဆုံးညပါ။

ကျွန်မ အိပ်ရာကနိုးလာတော့လည်း အပန်းပြေနေသလိုပဲ၊ ကျွန်မ အိပ်ပျော်ဘို့အတွက် ဒါကိုသောက်ရမယ်ဆိုရင် ကျွန်မသောက်ရပါလိမ့်မယ်။ ဟိုတစ်ချိန်က နှစ်သစ်မကူးခင်အကြိုညမှာ လီယိုတိုက်လို့ ကျွန်မသောက်ခဲ့ဘူးပါတယ်။ အခုသောက်တော့လည်း အဲဒီတုန်းကထက် ပိုပြီးအရသာထူးမလာပါဘူး၊ ဒါပေမဲ့ အံ့သြစရာကောင်းတာက ကျွန်မ အိပ်ပျော်သွားပါတယ်။ ကျွန်မအဖို့တော့ အလွန်ကောင်းမြတ်တဲ့ အကျိုးကျေးဇူးတစ်ခု ဖြစ်နေပါပြီ။

❒

www.burmeseclassic.com


ကျွန်မတို့အဖွဲ့ဟာ ကင်းဆတ်စီးတီးမြို့ကနေပြီး ဟူစတန်ကိုကူးခဲ့ကြပါတယ်။ ပြီးတော့ ဆန်အန်တိုနီယိုမြို့ကို ရောက်ရပါတယ်။ ဘယ်နေရာကိုပဲ ရောက်ရောက် အလုပ်ပြီးလို့ ညသန်းကောင်လောက်ကျရင် ကောင်းကောင်းအိပ်ပျော်ဖို့အတွက် အရက်သုံးလေးခွက်လောက် သောက်တဲ့အကျင့်ရနေပါပြီ။

တစ်ညမှာ ယိမ်းကတဲ့အဖွဲ့ထဲက ဇာတ်သမလေး ရိုစ်သာစတန်က အဖော်လာညှိလို့ ကျွန်မနဲ့အယ်လင်းတို့ဟာ ဆန်အန်တိုနီယိုမြို့ထဲက အလှဆုံး ကန်သာယာကို အလည်လိုက်သွားကြပါတယ်။ ဟိုရောက်တော့ သုံးယောက်သား ဆိုင်တစ်ဆိုင်ထဲဝင်ပြီး ဆိုဒါသောက်ကြပါတယ်။ ဆိုင်ထဲကကောင်တာမှာတော့ လေတပ်က လေယာဉ်မောင်းသင်တန်းသားနှစ်ယောက် ရပ်နေကြပါတယ်။ တစ်ယောက်က အရပ်မြင့်မြင့်၊ မျက်လုံးပြာပြာ၊ ရွှေရောင်ဆံပင်နဲ့ပါ။ သူ့မျက်လုံးအစုံက ရီပြုံးနေပါတယ်။ သူ့ကို ဒေးဗစ်နဲ့တူတယ်လို့ ကျွန်မက မပြောနိုင်ပေမယ့် သူ့အပြုံးကတော့ ခင်စရာကောင်းနေတာအမှန်ပါ။

"ဒီမယ်. . . လီလီယံ၊ အရပ်မြင့်မြင့်လူက ရှင့်လူနော်"လို့ ရိုစ်က ကျွန်မကို စပါတယ်။ "ဒါဆိုရင် အရပ်ပုပု'ဘဲ'က မင့်'ဘဲ'ပေါ့၊ ကိုယ်ကတော့ စိတ်မဝင်စားပါဘူး"လို့ ကျွန်မက အလိုက်သင့်ပြန်ပြောပါတယ်။

"အန်မယ်. . . သူက ရှင့်ကိုကြည့်. . . ကြည့်နေတယ်"လို့ ရိုစ်ကထပ်ပြောပေမယ့် ကျွန်မက မော့မကြည့်ပါဘူး။ ဟိုတယ်ကိုပြန်လာကြတဲ့အခါမှာတော့ သူနာပြုဆရာမအယ်လင်းက "ဒေးဗစ်အပေါ်မှာ မင်းဘယ်လိုသဘောထားတယ်ဆိုတာ ဆရာမသိပါတယ်. . . လီလီယံရယ်၊ ဒါပေမဲ့ တကယ်လို့များ မင့်အနေနဲ့ လူငယ်လူရွယ်တစ်ယောက်အပေါ်မှာ စိတ်ဝင်စားသွားရင် မင့်အတွက် ကောင်းလာစရာတော့ ရှိနေတာအမှန်ပဲ။ သေသွားတဲ့လူတစ်ယောက်ကို ရာသက်ပန် ဖက်တွယ်ထားဖို့ဆိုတာမျိုးက သိပ်တော့မလွယ်ဘူး"လို့ ပြောပါတယ်။

နောက်တစ်ရက် မွန်းတည့်ချိန်မှာတော့ ကျွန်မဟာ ကျွန်မကိုယ်တိုင်ပဲ လေယာဉ်မောင်းသင်တန်းသား ဝီလီရစ်ချက်နဲ့ မိတ်ဆက်နေတာတွေ့ရပါတယ်။ ဝီလီဟာ ဆန်အန်တိုနီရိုက လေယာဉ်သင်တန်းကျောင်းအဆောင်မှာ နေပါတယ်။ ဖြစ်ပုံက အဲဒီနေ့မနက်ခင်းမှာ သူက အယ်လင်းဆီဖုန်းဆက်ပြီး ကျွန်မနဲ့ တွေ့ခွင့်ရအောင် နားချပေးဖို့ ခိုင်းရာကအစ ခုလိုနေ့ခင်းဘက်အားချိန်မှာ တွေ့ကြတာပါ။

သူဟာ ပစ်စ်ဘတ်စ်မြို့က လာတဲ့လူပါ။ အိမ်နဲ့ အလှမ်းအလှမ်းဝေးကွာတဲ့နေရာမှာလာနေရလို့ အထီးကျန်ဖြစ်ရကြောင်း၊ တစ်ညလောက် သူနဲ့ညစာစားစေလိုကြောင်း စသည်ဖြင့် ကျွန်မကိုပြောပါတယ်။ တစ်ညမှာတော့ ကျွန်မဟာ သူနဲ့အတူတူ ညစာစားရင်းနဲ့ စကားစမြည်ပြောကြရာက သူ့အကြောင်းကို ကျွန်မသိခွင့်ရခဲ့ပါတယ်။

သူ့အဖေက သစ်ကုန်သည်ပါ၊ သူကတော့ လေတပ်မှာ လေယာဉ်မှူး တစ်ယောက်ဖြစ်လာချင်သူပါ၊ သူဝါသနာပါတဲ့ လေယာဉ်မောင်းမှုနဲ့ ပတ်သက်လို့ သင်တန်းမှာသူရခဲ့တဲ့ အတွေ့အကြုံတွေကို စိတ်ဝင်တစားပြောပြပါတယ်။ သူဟာ ပျော်တတ်တဲ့သဘော ရှိပါတယ်။ ဒါ့ကြောင့်လည်း ကျွန်မဟာ ကျွန်မ ရင်ဆိုင်နေရတဲ့

www.burmeseclassic.com



ဘ၀ ထဲက ခဏပဲဖြစ်ဖြစ် ထွက်ကြည့်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဝီလီဟာ ညစဉ်ဆယ်နာရီမှာ သူ့အဆောင်ကိုပြန်ရောက်ရပါတယ်။ သူနဲ့ ကျွန်မဟာ ညဆယ်နာရီမထိုးခင်မှာ တစ်ပတ်နီးပါးလောက် ညတိုင်းလိုလို ညစာ အတူတူစားကြ စကားပြောကြနဲ့ အချိန်ဖြုန်းခဲ့ကြပါတယ်။ ခင်မင်ရင်းနှီးမှုဟာ တိုး တက်လာခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မဟာ သူ့အတွက် အဖော်ကောင်းတစ်ယောက်လို့ ပြောနိုင်စရာတော့ မရှိပါဘူး။

ကျွန်မဟာ ကိုယ့်အကြောင်းနဲ့ကိုယ် ပတ်ဝန်းကျင်နဲ့ကင်းကွာနေသူပါ။ ကျွန်မဟာ မိန်းမချောတစ်ယောက်ဖြစ်ပေမယ့် သူ့ထက်လူရည်လည်ပြီး ပါးနပ်တဲ့ မိန်းမပါ၊ ပြီးတော့ ဘယ်အရာကိုမဆို မကောင်းမြင်နေသူပါ။ ပြီးတော့လည်း ကျွန်မ ဟာ လူတွေနဲ့ အလွန်အလှမ်းကွာဝေးပြီး အလွန်သာယာလှပတဲ့ တခြားကမ္ဘာလေး တစ်ခုထဲမှာ ကျွန်မချစ်သူဒေးဗစ်နဲ့ နေတဲ့လူပါ။

“မင်းဟာ ရယ်စရာအတော်ကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲ”လို့ ဝီလီက တစ်ခါတုန်းက မှတ်ချက်ချခဲ့ဘူးပါတယ်။ “ကိုယ် မင့်အကြောင်းကိုသိအောင် လုပ်လို့မရဘူး၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ကိုယ် မင့်ကိုသဘောကျတာတော့ အမှန် ပဲ”တဲ့။

ကျွန်မတို့အဖွဲ့ဟာ ဂယ်လ်ဗက်စတန်မြို့ကို ခရီးဆက်ရပါတော့မယ်။ အဲ့ဒီ အချိန်မှာတော့ ဝီလီဟာ ကျွန်မအပေါ်မှာ သိပ်ပြီးအလေးအနက်ဖြစ်လာပါတယ်၊ ကျွန်မ မရှိပဲ ဆန်အန်တိုနီယိုမြို့မှာ မနေနိုင်တော့ဘူးဆိုတဲ့ အတွေးတောင်ဝင်လာနေ ပါပြီ။ သူ ကျွန်မကို ချစ်နေပြီလို့လည်း ရင်ဖွင့်လာပါတယ်။

ကျွန်မရဲ့ နှလုံးသားထဲမှာ ဒေးဗစ်ရှိနေတာ သူနားလည်ပါတယ်တဲ့။ ကျွန်မ တို့နှစ်ယောက်လက်တွဲပြီး သာယာချမ်းမြေ့မှုကို တည်ဆောက်နိုင်ကြမှာပါတဲ့။ ကျွန်မ မရှိရင် သူနေလို့မဖြစ်တော့ပါဘူး တဲ့။

အဲဒီစကားတွေကို သူပြောနေချိန်မှာတော့ ကျွန်မစိတ်ဟာ ဆူပါမင်းစိတ် ဝင်နေပါတယ်၊ ဒါကြောင့်မို့လည်း ကျွန်မက “လီလီသိပ်ကိုချစ်တဲ့လူ မရှိတော့တဲ့ နောက်ပိုင်းမှာ လီလီဘယ်လိုနေရမလဲဆိုတာ လေ့လာပြီးနေခဲ့ရတာပါ၊ ဝီလီလည်း လီလီမရှိပဲ နေလို့ရအောင်ကြိုးစားပေါ့”လို့ သူ့ကိုပြောခဲ့ပါတယ်။

ရို့စ်နဲ့ကျွန်မဟာ နောက်ဆုံးညမှာ ဝီလီတို့ သူငယ်ချင်းနှစ်ယောက်နဲ့ ချိန်းပြီး ညစာစားကြပါတယ်။ ရုပ်ရှင်လည်းကြည့်ဖြစ်ကြပါတယ်။ အပြန်ကျတော့လည်း လူစု မကွဲမီ တကွဲဆက်အရက်ကို နှုတ်ဆက်ပွဲအဖြစ် သောက်ကြပါတယ်။ ကျွန်မသုံးခွက်ပဲ သောက်လိုက်ရပါတယ်၊ အရက်က သိပ်ပြင်းတော့ ဒေါင်ချာစိုင်းအောင် မူးသွားပါ တယ်။ ကျွန်မရဲ့ဘဝမှာ ဒုတိယအကြိမ် အရက်မူးခြင်းပါ၊ သူနာပြုဆရာမ အယ်လင်းနဲ့ ရို့စ်တို့က တွဲပြီးပို့လို့သာ ကျွန်မအခန်းကို ကျွန်မ ပြန်ရောက်ခဲ့တာပါ။

www.burmeseclassic.com


ဂဲလ်ဗက်စတန်မြို့က ဇာတ်ရုံမှာ တယ်လီဖုန်းဟာ နာရီပိုင်းနဲ့အမျှ မြည်နေပါတယ်။ ဆက်သူက ဝီလီပါ။ သူဟာ ကျွန်မကို အရူးအမူးချစ်နေပါပြီ၊ ကျွန်မတို့ တွေ့ကြတာ ဘာမှမကြာသေးပါဘူး၊ ရက်အနည်းငယ်ပဲရှိပါသေးတယ်။ ဒါပေမဲ့ အချစ်ဆိုတာ ခက်သားကလား။ ဒီလိုဖြစ်တတ်တဲ့သဘာဝက ရှိနေတာပဲမဟုတ်လား။

သူက ပြောတယ်၊ တပ်ကပေးမယ့် ဗိုလ်ရာထူးကို သူစွန့်ပါမယ်တဲ့၊ တကယ်လို့သာ ကျွန်မက သူနဲ့လက်ထပ်ဖို့ သဘောတူမယ်ဆိုရင် ကျွန်မတို့ နောက်ဆုံးကရမဲ့ အတ္တလန်တာမြို့ကို သူ လေယာဉ်နဲ့လိုက်လာပြီး လက်ထပ်ပါရစေတဲ့။ ကျွန်မ ဘယ်လိုအဖြေပေးရမလဲ. . .။ လက်ထပ်ပါမယ်ဆိုတဲ့ အဖြေကလွဲပြီး တခြားအဖြေ မပေးနိုင်ခဲ့ပါဘူး။

အခုပဲတွေ့ပြီး အခုပဲချစ်ကြတယ်၊ ပြီးတော့ အခုပဲလက်ထပ်ကြတယ်။ ဒီလောက်ကြီးမြန်လွန်းတော့လည်း ရယ်စရာကောင်းမနေဘူးလား၊ တကယ်တော့ ဒီစိတ်ကူးဟာ မကောင်းဘူးလို့ပဲ ဆိုရမှာပါ။ ဒါပေမဲ့ ကျွန်မရဲ့အခြေအနေအရ ကြည့်လိုက်မယ်ဆိုရင်တော့ ကျွန်မရဲ့ အဆုံးအဖြတ်ဟာ မှန်သလိုဖြစ်နေပါတယ်။

ကျွန်မအနေနဲ့ သာယာပျော်ရွှင်မှုကင်းမဲ့နေတဲ့ အတိတ်ဘဝထဲက ထွက်ခွာပြီး ဘဝသစ်တစ်ခုကို အစပြုနိုင်လိမ့်မယ်လို့ ကျွန်မထင်နေမိပါတယ်။ ဝီလီနဲ့ကော သာယာပျော်ရွှင်မှုကို ရနိုင်ပါ့မလား. . .။ ဒီမေးခွန်းအတွက် အဖြေကတော့ ဘာ့ကြောင့်မရနိုင်ရမှာလဲဆိုတဲ့ အဖြေပါပဲ။ ဝီလီဟာ ရိုးသားပါတယ်။ ယဉ်ကျေးသိမ်မွေ့တဲ့သူပါ။ ကျွန်မရဲ့အလုပ်ကိုလည်း နှောက်ယှက်မဲ့လူ မဟုတ်ပါဘူး၊ ကျွန်မ အမေအနေနဲ့လည်း ဝီလီအပေါ်မှာ ရှာတွေ့နိုင်မဲ့ အပြစ်အနာအဆာ များများစားစားမရှိနိုင်ပါဘူး။ အဲဒါ တွေအားလုံးကို စဉ်းစားပြီးမှ ကျွန်မအဖြေပေးခဲ့တာပါ။

ဒီသတင်းကို ပြောပြတဲ့အခါမှာ သူနာပြုဆရာမအယ်လင်းဟာ တိတ်တိတ်ဆိတ်ဆိတ်ပဲ နားထောင်နေပါတယ်။ နောက်ပိုင်းကျမှ ကျွန်မသိရတာက အဲဒီနေ့က အယ်လင်းဟာ ကျွန်မဆီကသိရသမျှ တက်ဒ်ဆီ တယ်လီဖုန်းဆက်ပြီး အသိပေးခဲ့ပါတယ်။ တက်ဒ်ဟာ ကျွန်မတို့အဖွဲ့ အတ္တလန်တာမြို့ကို ရောက်တဲ့နေ့မှာပဲ လေယာဉ်ပျံနဲ့ ဆိုက်ရောက်လာပါတယ်။ သူ့အတွက် အချိန်မီ ပြောနိုင်ဆိုနိုင်တဲ့ အခွင့်အရေးကို အရယူတဲ့သဘောပါပဲ။

တက်ဒ်က ကျွန်မနဲ့ဝီလီ လက်မထပ်သင့်ဘူးလို့ဆိုပါတယ်။ ဝီလီမှာ ငွေကြေးမရှိဘူးတဲ့။ အသက်ကလည်း သိပ်ငယ်တယ်တဲ့။ ဒေးဗစ်သေပြီးတာလည်း မကြာသေးဘူးတဲ့။ ဝီလီနဲ့ကျွန်မတွေ့တာဟာလည်း အများဆုံးရှိမှ လေးငါးရက်ပဲ ရှိသေးတယ်တဲ့။ ကျွန်မမှာ အစဉ်းစား အဆင်ခြင်သာရှိမယ်ဆိုရင် သူ့ကိုသာ လက်ထပ်သင့်တယ်တဲ့။ သူဟာ ရင့်ကျက်မှုရှိနေတဲ့အတွက် ကျွန်မရဲ့အခြေအနေတွေကို နားလည်နေတယ်တဲ့။ ကျွန်မဘဝဟာ ပြုစုစောင့်ရှောက်မှုလိုအပ်နေတဲ့ ဘဝတဲ့။ အဲဒီဘဝနဲ့ ကျွန်မကို သူသာ ကောင်းကောင်း စောင့်ရှောက်သွားနိုင်စရာ ရှိတယ်တဲ့။ ဒါတွေကတော့ တက်ဒ်ပေးတဲ့ အကြောင်းပြချက်တွေပါ။

ကျွန်မ သူ့စကားကို နားမထောင်ခဲ့ပါဘူး၊ နောက်နာရီအနည်းငယ်လောက်အကြာမှာ ဝီလီရောက်လာပါတယ်။ ဝီလီက ကျွန်မ အခန်းထဲဝင်လာတာပါ၊

www.burmeseclassic.com

BURMESE CLASSIC .com

အဲဒီအချိန်က ကွန်မဟာ ဇာတ်ဝင်ခန်းတစ်ခန်းအတွက် အဝတ်အစားလဲပြီးစပဲ ရှိပါသေးတယ်။ ဂျာမန်ပန်းပု ဆရာတစ်ဦးက ဘာလင်မြို့တော်အတွင်းမှာရှိတဲ့ ဂျာမန်ပြခန်းမှာထားဖို့ ကွန်မရဲ့ခန္ဓာကိုယ်အထက်ပိုင်းကို ပန်းပုထုနေတဲ့အခန်း ပြကွက်အတွက် အဝတ်လဲထားတာပါ။

ဝီလီဟာ ချုပ်ပြီးသားဝတ်စုံကို ဝယ်ဝတ်လာတာဆိုတော့ ကြည့်ရတာအချိုးမကျလှပါဘူး၊ အင်္ကျီလက်တွေက တိုနံ့နံ့ဖြစ်နေရတဲ့အထဲ ကိုယ်ကကြပ်နေပါသေးတယ်၊ ကွန်မကတော့ သူ့ကို အရပ်ဝတ် အရပ်စားနဲ့ ပထမဆုံးအကြိမ်မြင်ဘူးတာ ဆိုတော့ ချို့ယွင်းမှုကို ချက်ခြင်းမြင်ပါတယ်။ ရင်ထဲမှာလည်း 'ဒိတ်' ခနဲဖြစ်သွားတယ်။ "အို. . . ငါဘာတွေလုပ်မိပါလိမ့်. . .။ ဒီကောင်လေးကို ငါချစ်နိုင်ပါ့မလား"လို့လည်း တွေးမိပါတယ်။

တက်ဒ်ပြောခဲ့တဲ့စကားတွေဟာ မှန်ပါတယ်၊ ဒါပေမဲ့ ကွန်မ ဝီလီကို ဘယ်လိုပြောရပါ့မလဲ။ အဲဒီတုန်းမှာပဲ အခန်းထဲကို တက်ဒ်ဝင်လာလို့ သူတို့ကိုမိတ်ဆက်ပေးလိုက်ပါတယ်။ "မစ္စတာတက်ဒ်ရိန်းနားက လီလီကိုလာကြိုတာပါ၊ နယူးရောက်က ဒီနေ့ပဲ ရောက်တယ်၊ ဒီပွဲပြီးရင် လီလီကို အိမ်ပြန်ခေါ်သွားဖို့လိုက်လာတာ၊ သူက လီလီတို့မိသားစုနဲ့ သိပ်ရင်းနှီးတဲ့ မိတ်ဆွေပေါ့"လို့ ကွန်မက ဝီလီကိုပြောပြပါတယ်။

ဝီလီက ကွန်မကို ဖက်ပြီး "လီလီ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မောင်သိပါတယ်၊ အားလုံး မောင်တာဝန်ယူပါတယ်၊ အတိတ်ကအဖြစ်တွေကို လီလီမေ့သွားအောင် မောင်စောင့်ရှောက်သွားပါမယ်"လို့ ပြောပါတယ်။

ကွန်မတို့ဇာတ်လမ်းဟာ ရှုပ်သည်ထက် ရှုပ်လာခဲ့ပါတယ်။ လူနှစ်ယောက်ဟာ ကွန်မအတွက် အငြင်းအခုံဖြစ်နေကြပါပြီ၊ "ဒီမိန်းကလေးဟာ ကျန်းမာရေးမကောင်းဘူးဆိုတာ မင်းမသိဘူးလား"လို့ တက်ဒ်က ဝီလီကိုမေးပါတယ်။ "အခုနယူးရောက်ကို ပြန်မှာ၊ ဟိုကျရင် စိတ်ရောဂါအထူးကုဆရာဝန်နဲ့ ပြရဦးမှာ၊ ငါလိုက်လာတာဟာ သူ့ကိုပြန်ခေါ်ဖို့ လိုက်လာတာကွ"

ဝီလီကလည်း ဒေါပွလာပါတယ်၊ "သူ ကွန်တော်နဲ့ လက်ထပ်လိုက်ရင်ကောင်းသွားမှာပါ။ ခင်ဗျာ့ပူစရာမဟုတ်ဘူး၊ ခင်ဗျားက ဘာပြုလို့ ဝင်ရှုပ်နေရတာလဲ၊ ခင်ဗျားဟာ အဖိုးကြီးတစ်ယောက်ဖြစ်နေပြီပဲ"လို့ ဒေါသတကြီး ပြန်ပြောပါတယ်။

သူတို့ငြင်းခုံနေကြတုန်းမှာပဲ ကွန်မဟာ အခန်းထဲက လစ်လာခဲ့ပါတယ်။ ငါ့ရဲ့ဒေးဗစ်ဟာ သေသွားပြီ၊ ဒီနှစ်ကောင်က ငါ့ကိုဝိုင်းလုနေကြတယ်၊ သူတို့က ငါ့ကို အသက်မရှိတဲ့ ရုပ်ဝတ္ထုပစ္စည်းတစ်ခုလို သဘောထားနေကြတာကိုး။ ငါ့စိတ်နဲ့ ငါ့ဆန္ဒကိုတောင် အရေးမထားကြတော့ပါလား. . . ငါ့ကို ဘာပြုလို့ အခုလိုလိုက်ပြီးနှောက်ယှက်နေကြတာလဲ။

ကွန်မဟာ စိတ်တွေချောက်ချားပြီး လမ်းတွေပေါ်မှာ လျှောက်သွားနေပါတယ်။ နောက်တော့ ဟိုးလီးဝုဒ်မြို့မှာနေတုန်းက ကွန်မနဲ့သိခဲ့တဲ့ မင်းသားတစ်ယောက် အတ္တလန်တာမြို့မှာ ရောက်နေတာကို သတိရပါတယ်။ သူလည်း သူ့ဇာတ်ကား ရိုက်တင်လို့ လူကိုယ်တိုင်လာပြီး ပရိတ်သတ်ကို မိတ်ဆက်ဖြေဖျော်နေတာပါ။

ကွန်မ မင်းသားဆီကို ဖုန်းဆက်ပါတယ်။ "ကွန်မဒုက္ခရောက်နေပြီ"လို့

www.burmeseclassic.com



BURMESE CLASSIC .com

သူ့ကိုပြောပါတယ်။ "လူနှစ်ယောက်က ကျွန်မကိုချစ်နေကြတယ်၊ ကျွန်မက နှစ်ယောက်စလုံးကို လက်မထပ်ချင်ဘူး"

မိနစ်နှစ်ဆယ်လောက်ကြာတော့ မင်းသားနဲ့ ကျွန်မဟာ အရက်ဘားတစ်ခုမှာ ဆုံမိကြပါတယ်။ ကျွန်မဟာ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေတယ်။ ဘယ်လောက်အထိ သောက်မိမှန်းမသိပါဘူး၊ နောက်ဆုံး မူးပြီးသတိမရတော့တဲ့ အထိပါပဲ၊ သတိရလာတော့ ကျွန်မရဲ့အခန်းထဲ ပြန်ရောက်နေပါပြီ၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာလည်း မမှတ်မိပါဘူး။ ဘယ်လိုနည်းနဲ့ အိမ်ပြန်ရောက်လာတယ်ဆိုတာလည်း မသိပါဘူး။ တစ်ညလုံး နိုးလာလိုက်၊ ပြန်ပြီးအိပ်ပျော်သွားလိုက်. . .။

ကျွန်မရဲ့ဦးနှောက်ဆီကို တံခါးခေါက်သံ သဲ့သဲ့လာပြီး ရိုက်ခတ်ပါတယ်၊ ကျွန်မဟာ အိပ်ရာပေါ်က အတင်းရုန်းကန်လူးပ်ရှားပြီး ထရပါတယ်၊ မနက်ငါးနာရီထိုးနေပါပြီ၊ တံခါးခေါက်နေသူကတော့ ဝီလီပါ။ အခန်းထဲရောက်တော့ "ထပါ အချစ်ရယ်၊ ဘယ်သူမှမသိခင် မောင်နဲ့လိုက်ခဲ့ပါ။ မောင်တို့ လက်ထပ်ကြပါစို့"တဲ့။

မူးနောက်နောက် ရီဝေဝေဖြစ်နေတဲ့ကြားကပဲ ကျွန်မဟာ သူခိုင်းတဲ့အတိုင်း အဝတ်အစားလဲပါတယ်၊ ဝီလီက ကျွန်မကို ညလုံးပေါက်စားသောက်ဆိုင်ကို ခေါ်သွားပါတယ်၊ လေယာဉ်ပျံတစ်စီး စင်းလုံးငှားပြီး တခြားပြည်နယ်တစ်နယ်ကို သွားမယ်၊ ဟိုကျရင် ချက်ခြင်းလက်ထပ်ကြမယ်၊ ဂျော်ဂျီယာပြည်နယ်မှာကတော့ ကျွန်မရဲ့အသက်က မပြည့်သေးလို့ လက်ထပ်ခွင့်မရှိဘူး စသည်ဖြင့် ဝီလီကပြောပါတယ်။

လေယာဉ်ကွင်းကို ဖုန်းဆက်မယ်လို့ပြောပြီး ဝီလီထွက်သွားပါတယ်၊ ကျွန်မကတော့ ဘာမှမသိတဲ့လူလို မူးတူးမင်တင်နဲ့ စားပွဲမှာထိုင်နေခဲ့ပါတယ်။ အရက်ရဲ့အလင်းရောင်ဟာ မသိမသာဝင်လာနေပါပြီ၊ ဝီလီပြန်ရောက်လာပါတယ်။ "မောင်တို့ ဒီမှာတင်ပဲလက်ထပ်ကြစို့၊ အသက်ကိုတော့ လိမ်ပြောမှရမယ်"တဲ့။

ကျွန်မတို့ မြို့အစွန်ရပ်ကွက်တစ်ခုဆီကို ထွက်လာခဲ့ကြပါတယ်။ နွားနို့လှည်းတွေအသံကို ကြားနေရပါပြီ။ ဝီလီဟာ ဘုန်းကြီးတစ်ပါးကို အတင်းနှိုးပြီး အပူကပ်ပါတယ်။ သင်းအုပ်ဘုန်းကြီးရဲ့ ဇနီးနဲ့ သူ့သမီးနှစ်ယောက်က အိပ်မှုံစုံမွှားနဲ့ သက်သေတွေလုပ်ပေးကြပါတယ်။ ကျွန်မတို့ကို စောင့်နေတဲ့ အငှားကားပေါ်ရောက်တော့ ဝီလီက ကျွန်မကို ပွေ့ဖက်ပြီး "မောင်တို့နှစ်ယောက် လက်ထပ်ပြီးသွားပြီ"လို့ ဝမ်းသာအားရ ပြောပါတယ်။

သူ့စကားကြားတော့ ကျွန်မတစ်ကိုယ်လုံး တုန်သွားပါတယ်။ "ငါ ဘာတွေလုပ်မိပြန်ပြီလဲ။ ငါ့ဘဝတစ်လျှောက်လုံး အမေ့ကို မတိုင်ပင်ပဲနဲ့ ဘာတစ်ခုမှ ဆုံးဖြတ်ခဲ့တာ မဟုတ်ဘူး၊ အခုကျတော့ အမေ့ကို မပြောပဲနဲ့"

ဟိုတယ်ပြန်ရောက်လို့ ကျွန်မတို့က အကြောင်းစုံလည်းပြောပြလိုက်ရော ဆရာမအယ်လင်းက ဒေါသပုန်ထတော့တာပါပဲ။ "နင်ရူးနေသလား၊ ဒေးဗစ်သေတာမှ သုံးလပဲရှိသေးတယ်၊ အခု နင်လက်ထပ်လာတယ်။ တက်ဒ်ပြောတာ မှန်တယ်။ နင့်ကို စိတ်ကုဆရာဝန်နဲ့ပြပြီး ကုရဦးမှာ"လို့ ပြောပါတယ်။

ကဲ. . . အခုဘယ်လိုလုပ်ကြမလဲ၊ ကျွန်မတို့အားလုံး နယူးရောက်ကိုသွား

www.burmeseclassic.com


ကြတာ အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ဆုံးဖြတ်လိုက်ကြပါတယ်။ အဲဒီညက မီးရထားပေါ်မှာ ကျွန်မဟာ အိပ်စင်ပေါ် လှဲနေရင်းက ဖြစ်ခဲ့သမျှကို ပြန်စဉ်းစားနေပါတယ်။ ဝီလီကတော့ မှတ်ဆိတ်ရိတ်နေပါတယ်။ မကြာခဏထွက်ပေါ်လာနေတဲ့ ရထားဥသြသံတွေကို နားထောင်နေတဲ့ကျွန်မဟာ ဒေးဗစ်ကိုသတိရမိပါတယ်။ ကျွန်မတို့ချင်း ဘယ်လောက်ချစ်ခဲ့ကြပါသလဲ. . .။ တစ်ယောက်အပေါ် တစ်ယောက် ဘယ်လောက်အထိ နားလည်ခဲ့ကြပါသလဲ။

ကျွန်မ အိပ်ရာပေါ်မှာလှဲနေရာက ခုန်ထလိုက်ပါတယ်။ အင်္ကျီရှည်ကြီး တစ်ထည်ကို ကပြာကရာယူဝတ်ပြီး၊ အယ်လင်းရဲ့တွဲဆီကို လျှောက်လာခဲ့ပါတယ်။ "လီလီ ဒီကိစ္စကို သီးမခံနိုင်တော့ဘူး၊ ဒီအဖြစ်နဲ့လည်း ရင်မဆိုင်ချင်တော့ဘူး"လို့ ငိုယိုပြီး ပြောမိပါတယ်။

အယ်လင်းက တက်ဒ်ကိုသွားခေါ်ပြီး ကျွန်မကို ချော့မော့အားပေးကြပါတယ်။ "ဒီကိစ္စပြေလည်သွားအောင် လုပ်လို့ရပါသေးတယ်"လို့ တက်ဒ်ကပြောပါ တယ်။ "ဒီညတော့ မင်း အယ်လင်းနဲ့အိပ်ပေတော့။ လက်ထပ်ထားတဲ့ကိစ္စကိုတော့ နယူးရောက်ကိုရောက်ရောက်ချင်း ပြန်ဖျက်ကြတာပေါ့"

နောက်ငါးမိနစ်လောက်ကြာတော့ ဝီလီဟာ အယ်လင်းရဲ့အိပ်ခန်းကို တံခါးလာပြီး ထုနေပါတယ်။ "ကျွန်တော့မိန်းမ ဘယ်မှာလဲ"လို့လည်း မေးပါတယ်။ "အချစ်ရယ်. . . မင်းဘာဖြစ်ပြန်တာလဲ"လို့လည်း ပြောပါတယ်။ ကျွန်မဟာ ရထားပြတင်းပေါက်ကနေပြီး အပြင်ဘက်အမှောင်ထုဆီကို ငေးမောလာခဲ့ပါတယ်။

ဒီကိစ္စမှာ ဝီလီကို အပြစ်တင်ရမှာလား. . .။ တင်လို့မရပါဘူး၊ ကျွန်မ သဘောတူတယ်လို့ ပြောခဲ့တာမဟုတ်လား၊ သူဟာ လေတပ်က ထွက်လာခဲ့ပြီးပါပြီ။ သူ့အလုပ်ကထွက်လာအောင် လုပ်ခဲ့တာ ကျွန်မပါ၊ ကျွန်မထိုင်နေရာက ထရပ်လိုက်ပါတယ်။ "တံခါးကိုသာ ဖွင့်ပေးလိုက်ပါတော့ အယ်လင်းရယ်၊ ကျွန်မ သူနဲ့ပြန်လိုက်သွားတော့မယ်"လို့ ပြောလိုက်ပါတယ်။

နောက်နေ့မနက်မှာ ကျွန်မတို့ဟာ စားသောက်ခန်းတွဲထဲမှာ မနက်စာ စားနေကြပါတယ်၊ တက်ဒ်ကစပြီး ဝီလီကိုပြောပါတယ် "မင်းတို့လက်ထပ်ထားတဲ့ကိစ္စကို လျှို့ဝှက်ထားစေချင်တယ်ကွာ၊ ဖုံးမထားရင်တော့ လီလီယံရဲ့အလုပ်ကို ထိခိုက်တော့မှာ သေချာတယ်။ လီလီယံအိမ်ထောင်ကျသွားပြီဆိုတာသိရင် သူ့ပရိတ်သတ်က ဘယ်လိုသဘောထားကြမလဲ၊ ဒေးဗစ်သေတာမှ သုံးလပဲရှိသေးတာ၊ အခုလက်ထပ်ပြီဆိုတော့ သူတို့ ဘယ်လိုတွေးကြမလဲ"တဲ့။

"ဒီကိစ္စမှာတော့ မင်းဘက်က လိုက်လျောသင့်ပါတယ်"လို့ အယ်လင်းက လည်း ဝင်ပြောတယ်။

ဒါပေမဲ့ ကျွန်မတို့ မီးရထားပေါ်ကဆင်းတာနဲ့ တစ်ပြိုင်နက် သတင်းစာတွေထဲမှာပါလာတဲ့ ကျွန်မတို့ရဲ့သတင်းက ဆီးကြိုနှုတ်ဆက်နေပါတယ်။

***"လီလီယံရော့သ် လေတပ်သားတစ်ဦးနဲ့တိတ်တိတ်ကြိတ်၍လက်ထပ်လိုက်ပြီ"***

ရှီကာဂိုမှာရောက်နေတဲ့ ကျွန်မအမေဟာ ချက်ခြင်းလေယာဉ်နဲ့ ပြန်

www.burmeseclassic.com



BURMESE CLASSIC .com

ရောက်လာပါတယ်။ ကျွန်မအဖေဟာလည်း ဘော်စတွန်မြို့ကနေ ချက်ခြင်းလိုက်လာပါတယ်။ အိမ်မှာ မိသားစုဝင်အားလုံး ကျွန်မရဲ့ပြဿနာကို ဆွေးနွေးကြပါတယ်။ ကျွန်မ မကျန်းမာသေးဘူးဆိုတဲ့အချက်ကို အားလုံးကလက်ခံကြပါတယ်။ ကျွန်မကို စိတ်ရောဂါအထူးကု ဆရာဝန်တစ်ဦးနဲ့ ပြမှဖြစ်မယ်လို့ သဘောရကြပါတယ်။ ကျွန်မကို နာမည်အကြီးဆုံးဆရာဝန်ဖြစ်တဲ့ ဒေါက်တာအေအေဘရစ်လ်ဆီမှာ အပ်ဖို့လည်း ဆုံးဖြတ်လိုက်ကြပါတယ်။

ဒီအတောအတွင်းမှာတော့ ကျွန်မဟာ နယူးရောက် 'ဒေးလီးဂရပ်ဖစ်' သတင်းစာက ရေးထားတဲ့သတင်းကြောင့် စိတ်ဆင်းရဲနေရပါတယ်၊ သတင်းစာထဲမှာ အဲဒီနေ့က ထူးခြားတဲ့သတင်းနှစ်ပုဒ်ပါလာခဲ့ပါတယ်။ တစ်ပုဒ်က စပိန်ဘုရင် အယ်လ်ဖွန်ဆို ထီးနန်းစွန့်သွားတဲ့ သတင်းပါ၊ နောက်တစ်ပုဒ်ကတော့ ကျွန်မနဲ့ဝီလီ လက်ထပ်တဲ့ သတင်းပါ။

"ထီးနန်းကိုစွန့်လွှတ်သွားခဲ့သော စပိန်ဘုရင်သည် လောလောဆယ် သူ၏ အားလပ်ချိန်များကို မည်ကဲ့သို့ အသုံးချရမည်ကို မသိပဲဖြစ်နေသော ပြဿနာနှင့် ရင်ဆိုင်နေရပေသည်"လို့ ရေးထားပါတယ်။ ကျွန်မအဖြစ်ကိုတော့ "ချစ်စရာကောင်းသောမင်းသမီးချောလေး လီလီယံရော့သ်သည် သူ၏ခင်ပွန်းလောင်းသေဆုံးသွားသဖြင့် ဤမြို့တော်မှ မျက်ရည်စက်လက်ဖြင့် ထွက်ခွာသွားခဲ့သည်။ ယခုအပြန်တွင် သူမ၏ခင်ပွန်းသည်ဖြစ်သော ပစ္စဘတ်မြို့မှ သစ်လုပ်ငန်းရှင်သူဌေးကြီးတစ်ဦး၏သား ဝီလျံစီရစ်ချတ်နှင့်အတူ ရွှင်ပြုံးလျက်ရှိပေသည်"လို့ ရေးထားပါတယ်။

❐

ဒေါက်တာဘရစ်လ်ဟာ ကျွန်မအဖေ၊ ကျွန်မအမေ၊ အယ်လင်းနဲ့ဝီလီတို့ကို ပထမဆုံးတစ်ဦးချင်းစီခေါ်တွေ့ပါတယ်၊ သူတို့ပြီးမှ ကျွန်မကိုခေါ်တွေ့ပါတယ်၊ ကျွန်မ သူ့ရုံးခန်းထဲဝင်သွားတော့ "မင့်ကြည့်ရတာ မိန်းမဆိုးလေးတော့ မဟုတ်ပါဘူး၊ ကဲ. . . ထိုင် မင်းအကြောင်းပြောပြစမ်း၊ မင်းဘာတွေဖြစ်လာခဲ့သလဲ"လို့ ဆီးပြောပါတယ်။

"တခြားသူတွေက ကျွန်မအကြောင်းကို ပြောမပြဘူးလား"လို့ မေးတော့ သူကရယ်တယ်။ "ပြောကြပါတယ်။ သူတို့အားလုံး စိတ်ထိခိုက်နေကြရှာတယ်၊ မင့်ကြည့်ရတာ လိမ်မာရေးခြားရှိမဲ့ပုံပါ၊ ကဲ. . . ပြောပြပါဦး၊ မင့်ပါးစပ်ကပြောပြတဲ့ မင့်အကြောင်းက ပိုပြီးပြည့်စုံမှာ သေချာတယ်"လို့လည်း ပြန်ပြောတယ်။

"ဒေါက်တာရယ်. . . ကျွန်မခေါင်းထဲမှာ အားလုံးရှုပ်ထွေးနေပါတယ်"လို့ အစချီပြီး ကျွန်မကြုံခဲ့ရသမျှပြဿနာတွေကို ရင်ဖွင့်ပါတယ်၊ ကျွန်မနဲ့ ဒေးဗစ်အကြောင်း၊ ဒေးဗစ်ကိုသာ အမြဲသတိရနေတဲ့အကြောင်း၊ ကျွန်မအမြဲမက်ခဲ့ရတဲ့ အိပ်မက်တွေအကြောင်း၊ ဝိုတာနဲ့ ဒေါသကြီးတာကို မထိန်းနိုင်တဲ့အဖြစ်. . ။

အဲဒါတွေတင်မကသေးပါဘူး၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ တောင့်တမှုတွေကို မျိုသိပ်ထိန်းချုပ်ခဲ့ရတာတွေ၊ ယောကျ်ားတွေအပေါ်မှာ ကျွန်မထားရှိနေတဲ့အတွေးနဲ့

www.burmeseclassic.com



BURMESE CLASSIC .com

အမြင်တွေ၊ ရုပ်ရည်ရူပ ကာယအနေနဲ့ ယောက်ျားတွေကို ဆွဲဆောင်နိုင်ပေမယ့် အတွင်းကျကျချစ်ရေး ချစ်ရာကိစ္စတွေကျတော့ ကျွန်မဘက်က တွန့်ဆုတ်နေမှုတွေ၊

ပြီးတော့ ကျွန်မရဲ့ငယ်စဉ်တောင်ကြေး ကလေးဘဝကအကြောင်းတွေကို လည်း ပြောပြခဲ့ရပါတယ်၊ ကျွန်မနဲ့အမေရဲ့ ဆက်ဆံရေး၊ ကျွန်မခံစားနေရတဲ့ ဘဝ မလုံခြုံမှု စသည် စသည်တွေလည်း ပါပါတယ်။

"မင်း. . . ဝီလီကို မချစ်ဘူးဆိုပါတော့. . . ဟုတ်လား"လို့ သူက မေးပါတယ်။

ကျွန်မကလည်း ဖုံးကွယ်မထားပါဘူး၊ "မချစ်ဘူး. . . ဒါပေမဲ့ သူက သိပ် သဘောကောင်းလို့ ကျွန်မ ခင်တယ်"လို့ ပြောပြလိုက်ပါတယ်။

"မင့်အဖြစ်က ဒေးဗစ်သေလို့ စိတ်နှလုံးထိခိုက်ကြေကွဲမှု မပြေသေးခင်မှာ သူ့ကို လက်ထပ်ခဲ့တာကိုး"လို့ ဒေါက်တာဘရစ်လ်က ရေရွတ်ပါတယ်။ "အမှန်တော့ မင်းဟာ လက်ထပ်ရမဲ့အရွယ်လည်း မဟုတ်သေးဘူး၊ အချိန်အခါလည်း မသင့် သေးဘူးဆိုကြပါစို့ရဲ့၊ ဝီလီကို လေတပ်ထဲမှာ အလုပ်ပြန်ရအောင်လုပ်ပေးပြီး လက်ထပ်စာချုပ်ကို ပြန်ဖျက်သိမ်းလိုက်မယ်ဆိုရင် မင်းလက်ခံနိုင်မလား၊ ဖြစ်ပြီးတဲ့ကိစ္စ အတွက် မင့်ရဲ့စိတ်ကို ဖြေသွားနိုင်မလား"လို့လည်း မေးပါတယ်။

ဒါပေမဲ့ ဝီလီကို လေတပ်က ပြန်ပြီးလက်မခံပါဘူး၊ ဒါ့ကြောင့်မို့ ဒေါက်တာ ဘရစ်လ်က ကျွန်မကိုခေါ် တွေ့ပါတယ်၊ လောလောဆယ်မှာတော့ ကျွန်မဟာ ခင်ပွန်း သည်နဲ့အတူ ခရီးရှည်တစ်ခုထွက်သင့်တယ်လို့ အကြံပြုပါတယ်။ "အခြေခံသဘာဝ ကတော့ မင်းဟာ သဘောမနောကောင်းတဲ့ မိန်းကလေးပါ၊ ဒါပေမဲ့ မင်းမှာ ဝမ်းနည်း ကြေကွဲစရာတွေနဲ့ စိတ်နှလုံးတုန်လှုပ်စရာတွေကို ကြုံခဲ့ရတယ်မဟုတ်လား၊ တကယ် လို့. . . မင်း ဥရောပဖက် ခရီးထွက်မယ်ဆိုရင် ငွေကြေးတတ်နိုင်သလား"တဲ့။

ကျွန်မက ခေါင်းညိတ်ပြလိုက်ပါတယ်။ "အေး. . . ကောင်းတယ်၊ ဒါဆိုရင် အဲဒီဘက်ကို ခရီးထွက်ပေတော့၊ ပြန်လာတဲ့အခါ ငါနဲ့လာတွေ့"လို့ သူကပြောပါ တယ်။

ကျွန်မ သူနဲ့ကွဲကွာသွားတာ ဆယ့်ခြောက်နှစ်ကြာပါတယ်၊ ပြန်တွေ့တဲ့ အချိန်မှာတော့ သူက ကျွန်မကို စိတ်ရောဂါအထူးကုဆေးရုံတစ်ခုမှာ တင်ပေးခဲ့ရတဲ့ အဖြစ်နဲ့ ကြုံခဲ့ရပါတယ်။

□□□

www.burmeseclassic.com

## အခန်း[၁၀]

တကယ်လို့သာ ကျွန်မဟာ အရက်ကိုမသောက်ခဲ့မိရင် ဝီလီကို ကျွန်မ လက်ထပ်ဖြစ်ပါ့မလား. . .။ ဒါဟာ ကျွန်မ မကြာခဏစဉ်းစားမိခဲ့တဲ့ အချက်တစ်ချက်ပါ။ ကျွန်မ အရက်ကိုစသောက်တဲ့အချိန်က 'ထွက်ပြေးလွတ်မြောက်လိုစိတ်' ကြောင့် သောက်တာပါ။ တစ်နည်းပြောရရင် ဆေးအဖြစ်နဲ့ သောက်ခဲ့ခြင်းပါ၊ ဒါပေမဲ့ ကျွန်မဟာ အရက်မှာပါတဲ့ 'အယ်လ်ကိုဟောခါတ်'ရဲ့ သဘောသဘာဝကို မသိခဲ့ပါဘူး၊ အရက်ဟာ မက်မောတွယ်တာအောင် ဖမ်းယူပြုစားတတ်တယ်ဆိုတဲ့ အချက်ကိုလည်း မသိခဲ့ပါဘူး။

ကျွန်မအနေနဲ့ အရက်ကို တစ်ခွက်နှစ်ခွက်လောက် သောက်လိုက်မိရင် ကျွန်မစိတ်ထဲက ဖြစ်ချင်နေတဲ့ မိန်းကလေးတစ်ယောက်တော့ ဖြစ်သွားတာအမှန်ပါ။ အရက်သောက်လိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ကိုယ့်ရဲ့စိတ်အာရုံကို ချုပ်တီးနေရမှုတွေဟာ ပျောက်သွားပါတယ်၊ အကောင်းအဆိုးခွဲခြားပြီး သိတတ်တဲ့စိတ်ဟာလည်း ကင်းမဲ့သွားပါတယ်။ ဟိရိဩတပ္ပတရားဆိုတာလည်း မရှိတော့ပါဘူး။

ကျွန်မ ဝီလီနဲ့ ပထမဆုံးဆုံမိကြတုန်းက သူလိုလူချောလူလှ၊ လေတပ်သားတစ်ယောက်နဲ့တွဲနေရရင် သိပ်ပျော်စရာကောင်းမှာပဲဆိုတဲ့ ဆန္ဒဟာ စိတ်ထဲမှာပေါ်ခဲ့တာအမှန်ပါ၊ ဒါပေမဲ့ လီလီယံဆိုတဲ့ ကျွန်မရဲ့အရှက်တရားနဲ့ အကြောက်တရားက "နင်ဒီလိုလုပ်တာ မမှန်ဘူး"လို့ သတိပေးနေခဲ့ပါတယ်။ "နင့်ချစ်သူအတွက် ဝမ်းနည်းတသနေရတုန်းပဲ ရှိသေးတယ်၊ အဲဒါကို လုံးဝသွားမလုပ်နဲ့"လို့ ပိတ်ပင်တာဖြစ်ခဲ့ပါ

www.burmeseclassic.com


တယ်။

ဒါပေမဲ့ ကျွန်မလုပ်ခဲ့မိပါတယ်၊ အဲဒါဘာကြောင့်လဲ အဲဒါ အရက်ကြောင့်ပါ။ တစ်ခွက် နှစ်ခွက်သောက်မိတာနဲ့ တစ်ပြိုင်နက် ကျွန်မမှာ သိစိတ်ဆိုတာ ကင်းမဲ့သွားရပါတယ်၊ ကျွန်မအဖို့ အရက်ကိုသောက်လိုက်တိုင်း ပိတ်ထားတဲ့တံခါး အားလုံးဟာ ပွင့်သွားတာချည်းပဲ မဟုတ်ပါလားရှင်။

၈

ဒေါက်တာဘရစ်လ်က ကျွန်မတို့ကို မြန်နိုင်သမျှမြန်မြန် ခရီးထွက်ဖို့လည်း တိုက်တွန်းခဲ့ပါတယ်။ ဒါပေမဲ့ ရုတ်တရက် မထွက်နိုင်ခဲ့ပါဘူး၊ ကျွန်မအနေနဲ့ ကနေဒါနိုင်ငံ တိုရန်တိုမြို့နဲ့ မွန်ထရီရယ်မြို့တွေမှာ ကိုယ်တိုင်သွားရောက်ဖျော်ဖြေရမဲ့ အလုပ်တွေက ရှိနေပါတယ်၊ ဒီကြားထဲမှာ ဝီလီကလည်း ကျွန်မကို သူ့မိဘတွေနဲ့ တွေ့စေချင်ပါတယ်၊ ဒါ့ကြောင့်မို့ ကျွန်မတို့ဟာ ကနေဒါနိုင်ငံဘက်အသွားမှာ ပစ္စဘတ်မြို့ကို ခဏဝင်ပြီး ဝီလီမိဘတွေနဲ့ တွေ့ခဲ့ကြပါတယ်။

ပစ္စဘတ်ကိုရောက်တော့ ကျွန်မမှာ ကိုယ်ဝန်ရှိနေပါပြီ။ ဒါကိုလည်းသိရော ကျွန်မဟာ ကိုယ့်စိတ်ကို မထိန်းနိုင် မသိမ်းနိုင်ဖြစ်လာခဲ့ရပါတယ်။ ကျွန်မအနေနဲ့ ဥရောပဘက်ကို ခရီးထွက်သင့်ရဲ့လား၊ အခုဆိုရင် ကျွန်မမှာ ကလေးရှိနေပြီ၊ ကျွန်မရဲ့ လက်ရှိစိတ်အခြေအနေနဲ့ ကလေးရှိသင့်သလား. . . ဒီကလေးဟာ ဒေးဗစ်ရဲ့ ကလေးတော့ မဖြစ်နိုင်ဘူး၊ ဒါဆိုရင် ကျွန်မ တခြားလူနဲ့ရတဲ့ကလေးကို မလိုချင်ဘူး။ ကျွန်မဟာ ပူပန်ချောက်ခြားစိတ်နဲ့ မဟုတ်က ဟုတ်ကဆေးတွေကို သောက်မိပါ တယ်။

ကျွန်မတို့ ကနေဒါကအပြန်မှာ အတ္တလန္တတာစီးတီးမြို့မှာ တစ်ပတ် ဝင်နားပါတယ်။ အခုချိန်ထိ ကျွန်မဟာ သွားလေရာရာကို ဒေးဗစ်ရဲ့ဓါတ်ပုံတွေ သယ်သွားနေတုန်းပါ၊ ဝီလီက လုံးဝမကြိုက်ပါဘူး၊ ဒီဓါတ်ပုံတွေကိုကြည့်ပြီး အမြဲစိတ်ဆင်းရဲနေပါတယ်။ ဒီပြဿနာကြောင့် ကျွန်မကိုယ်တိုင်လည်း စိတ်ဆင်းရဲရပါတယ်။

တစ်ညမှာတော့ မိုးတွေရွာနေပါတယ်။ ကျွန်မတို့ဟာ အရက်တွေမူးပြီး အပြင်ကို လမ်းလျှောက်ထွက်ကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် လက်ချင်းချိတ်ပြီး သီချင်းတစ်ပိုဒ်ဆိုကြပါသေးတယ်။ လမ်းမှာတွေ့သမျှဆိုင်တွေဝင်ပြီး အရက်ကို ထပ်သောက်ကြပါတယ်၊ အခန်းကိုပြန်ရောက်တော့ နှစ်ယောက်စလုံး အတော်ကြီးကို မူးနေကြပါပြီ။

စိတ်ဆင်းရဲမှုဒဏ်ကို ကျွန်မတို့နှစ်ယောက်စလုံး အပြင်းအထန်ခံနေကြရပါတယ်။ ဒီအချိန်မှာပဲ ကျွန်မပါးစပ်က မူမူးရူးရူးနဲ့ သူ့ကို လုံးဝမချစ်ဘူးလို့ ဝီလီကိုပြောလိုက်မိပါတယ်။ ကျွန်မနှလုံးသားထဲမှာ ဒေးဗစ်ကလွဲပြီး တခြားလူ ဘယ်သူမှ မရှိဘူးလို့ပြောပြီးတော့လည်း ငိုမိပါတယ်။

ဝီလီကလည်း ကျွန်မစကားကြားတော့ ဒေါပွပါတယ်။ ကျွန်မကို လက်

www.burmeseclassic.com


ထပ်မိတာ မှားတယ်တဲ့။ ကျွန်မက လက်ထပ်ချင်အောင်လုပ်လို့ သူလက်ထပ်ခဲ့ရတာတဲ့၊ အခုတစ်ခါ ကလေးရှိလာပြန်တော့ အားလုံးအဖို့ စိတ်ဆင်းရဲစရာတွေ ပိုပြီး ဖြစ်လာရတယ်တဲ့။

"တို့နှစ်ယောက်စလုံး ကိုယ့်ကိုယ်ကိုသတ်သေလိုက်ကြတာ အကောင်းဆုံးပဲ"လို့ သူကပြောပါတယ်။ "အဲဒါဆိုရင် ပြဿနာအားလုံး ပြေလည်သွားမှာပဲ"

နှစ်ယောက်စလုံး ငိုမိကြပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခဆင်းရဲခံရလေခြင်းဆိုပြီး နောင်တရကြတယ်။ ဘယ်လိုသတ်သေကြမလဲ စဉ်းစားကြတယ်။ လက်နှစ်ဖက်တွဲချည်ပြီး ပင်လယ်ထဲခုန်ချသွားရင် ကောင်းမလား၊ ဒါမှမဟုတ်ရင် လေယာဉ်တစ်စီး စင်းလုံးငှားပြီး မြေပြင်ပေါ် ထိုးစိုက်ချလိုက်ရရင် ကောင်းမလား။

နှစ်ယောက်သား မူးမူးရူးရူးနဲ့ပဲ အိပ်ပျော်သွားကြပါတယ်။ နောက်နေ့မနက်မိုးလင်းတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကိုယ့်ပစ္စည်းကို ကိုယ်သိမ်းကြပါတယ်။ နယူးရောက်ကို ပြန်ရောက်လာခဲ့ကြပါတယ်။ သူ့အတွက် ကျွန်မက အဖိုးတန်ဝတ်စုံတစ်စုံ ဝယ်ပေးပါတယ်။ ပြီးတော့ ဥရောပဘက်ကို ခရီးထွက်ခဲ့ကြပါတယ်။

၈

ကျွန်မတို့ ပြင်သစ်နိုင်ငံပါရီမြို့ကို ပထမဆုံးသွားပါတယ်၊ ပါရီက ပရင့်စ်အော့ဖ်ဝေးလ်ဟိုတယ်မှာ တည်းကြပါတယ်၊ ရောက်ကတည်းက ကျွန်မဟာ သိပ်ပြီး နေမကောင်းပါဘူး၊ ဒါပေမဲ့ ကျွန်မတို့ဟာ နေ့ခင်းကျရင် တစ်နေကုန်အိပ်ပြီး ညကျတော့ တစ်ညလုံးမအိပ်ဘဲ ကစားဝိုင်းတွေမှာ ကစားပါတယ်။ ကျွန်မ နေမကောင်းဖြစ်နေတာက တခြားကြောင့်မဟုတ်ပါဘူး၊ အရက်အလွန်အကျွံသောက်မှုနဲ့ မလိုချင်တဲ့ကလေးကို ပျက်သွားအောင် ကြိုးစားနေရမှုတွေကြောင့်ပါ။

တစ်ရက်မွန်းလွဲပိုင်းမှာ ကျွန်မတို့ဟာ ဒီယောဗိလ်မြို့က မြင်းပွဲကိုသွားကြပါတယ်။ မြင်းပွဲတတိယပွဲစဉ် ပြေးနေတုန်းမှာပဲ ကျွန်မဟာ သတိလစ်သွားခဲ့ပါတယ်။ ဝီလီက ကျွန်မကို အမြန်ဆုံး ပါရီပြန်ခေါ်လာပါတယ်။ အမေရိကန်ဆေးရုံက ခွဲစိတ်ခန်းကုတင်ပေါ် ရောက်သွားပါတယ်။ ကျွန်မရဲ့ကလေးဟာ ပျက်သွားခဲ့ပါပြီ။

ကျွန်မ အတော့်ကို နေမကောင်းတာပါ။ သေလိမ့်မယ်လို့တောင် ထင်မိပါတယ်။ အမေ့ကိုတွေ့ချင်တာလည်း အလွန်ပဲ၊ စကားပြောဖို့တောင်မှ အားမရှိတဲ့ ကျွန်မဟာ နယူးရောက်က အမေ့ဆီကို ဖုန်းဆက်ခဲ့ပါတယ်။

"အမေ့ကို သမီးသိပ်လွမ်းတာပဲ"လို့ ပြောပါတယ်။ "ပါရီကိုလိုက်ခဲ့ပါလား အမေရယ်၊ အမေ ဥရောပတိုက်ကို ရောက်ဘူးချင်တယ်ဆို၊ အမေ ချက်ခြင်းလိုက်ခဲ့ပါလား"

ကျွန်မနဲ့စကားပြောရလို့ အမေဟာ ပျော်နေပါတယ်။ "လီလီ. . . အမေ နောက်တစ်ပတ်သင်္ဘောနဲ့ လိုက်လာခဲ့မယ်"လို့ ပြောပါတယ်။

အမေရောက်မလာခင်များ ကျွန်မသေမလားလို့ တွေးမိပါတယ်။ ဆရာ

www.burmeseclassic.com


ဝန်တွေက ကျွန်မကို သွေးအားမြန်မြန်တက်လာအောင် ဝိုင်မှန်မှန်သောက်ပေးဖို့ ညွှန်ကြားကြပါတယ်။ နေ့လည်စာမစားခင် ဝိုင်ဖန်ခွက်နဲ့တစ်ခွက်၊ ညစာမစားခင် ဘာဂန်ဒီအရက်တစ်ခွက်၊ အိပ်ရာမဝင်ခင် ရှိန်ပိန်တစ်ဖန်ခွက်တဲ့၊ ဒါပေမဲ့ ကျွန်မကတော့ ဆရာဝန်တွေညွှန်ကြားထားတာထက် သုံးဆပိုသောက်ပါတယ်။

အမေရောက်လာတဲ့နေ့မှာ ကျွန်မတို့ သွားကြိုကြပါတယ်။ အမေရောက်လာတဲ့အပတ်အတွင်းမှာ ကျွန်မတို့ဟာ ပြင်သစ်နိုင်ငံထဲက ထင်ရှားကျော်ကြားတဲ့ နေရာမှန်သမျှကို အလည်သွားခဲ့ကြပါတယ်။ ကျွန်မကတော့ နေလို့မကောင်းသေးပါဘူး။ ဒါပေမဲ့ စိတ်ကူးယဉ်တိုင်းပြည်ထဲရောက်သွားတဲ့ ကလေးတစ်ယောက်လိုဖြစ်နေတဲ့ အမေ့ရဲ့သာယာပျော်ရွှင်မှုကိုကြည့်ပြီး ကျွန်မ သိပ်ပြီးစိတ်ချမ်းသာခဲ့ရပါတယ်။

ကျွန်မတို့ ပါရီကနေပြီး ဂျီနီဗာကိုခရီးဆက်ခဲ့ကြပါတယ်။ ဆရာဝန်တွေက ကျွန်မကို ပင်ပင်ပန်းပန်းလုပ်ရမဲ့ လေ့ကျင့်ခန်းမျိုးတွေကို မလုပ်ရဘူးလို့ တားမြစ်ထားပါတယ်။ ကျွန်မဟာ သူတို့ရဲ့ညွှန်ကြားချက်တွေကို လုံးဝမလိုက်နာခဲ့ပါဘူး၊ နေ့စဉ်မြင်းစီးပါတယ်၊ မြင်းနဲ့တန်းခုန်တဲ့အလုပ်တွေကိုတောင်မှ လုပ်ခဲ့ပါတယ်။ အရက်ကိုလည်း အများကြီးသောက်ပါတယ်၊ ဘရပ်ဆယ်မြို့၊ ဘာလင်မြို့နဲ့ လန်ဒန်မြို့ တွေကို ရောက်တော့လည်း အဲဒီပုံစံအတိုင်းပဲ နေတာပါပဲ။

ကျွန်မ ဒေးဗစ်ကို အိပ်မက်မက်ပြန်ပါပြီ၊ အိပ်မက်တိုင်းမှာ ဒေးဗစ်ဟာ ပြန်လာနေပါတယ်။ တစ်ညမှာတော့ ကျွန်မရဲ့အပန်းဖြေခရီးဟာ လုံလောက်သွားပြီလို့ ထင်ပါတယ်။ ချက်ခြင်းပဲ အမေနဲ့ဝီလီကို ပြောပါတယ်။ "လီလီတို့ အိမ်ပြန်ကြစို့လား"လို့။

ကျွန်မတို့ အမေရိကကိုပြန်လာကြပါတယ်။ ကျွန်မတို့ပြန်ရောက်ချိန်ဟာ ၁၉၃၀ပြည့်နှစ် ဩဂုတ်လကုန်ခါနီးအချိန်ပါ။ ကျွန်မတို့ထွက်ခဲ့တဲ့ခရီးဟာ နှစ်လကြာပါတယ်။ ကျွန်မအနေနဲ့ ဒေါ်လာငွေ၂၅၀၀၀အထိ ကုန်ကျခဲ့ပါတယ်။

❐

အခုဆိုရင် ကျွန်မဟာ ဝင်ငွေတွေအများကြီး ရနေပါပြီ၊ ဒါပေမဲ့ ကျွန်မအဖို့တော့ အလကားပါပဲ၊ အဓိပ္ပါယ်မရှိပါဘူး။ ကျွန်မ ပါဝင်သရုပ်ဆောင်ရတဲ့ ရုပ်ရှင်ကားတွေပြတိုင်း ပရိသတ်ရဲ့ရှေ့မှာ လူကိုယ်တိုင်တွေ့ဆုံဖြေဖျော်မှုက ဝင်ငွေတွေရနေသလို ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီကရိုက်ကူးတဲ့ ကားတိုကလေးတွေမှာ ပါဝင်သရုပ်ဆောင်ပေးတဲ့အတွက်လည်း ဝင်ငွေက ရရှိနေပါသေးတယ်။

အဲဒီကြားထဲကပဲ ကျွန်မဟာ ပရိသတ်နှစ်ခြိုက်သဘောကျတဲ့ သီချင်းတွေဆိုခဲ့ရပါသေးတယ်၊ သီချင်းတွေဆိုခဲ့ရတဲ့အတွက်လည်း ဝင်ငွေက ရနေပါသေးတယ်၊ ကျွန်မဆိုခဲ့တဲ့ သီချင်းတွေဟာ အမျိုးအကြွသီချင်းတွေပါ၊ ဥပမာဆိုပါတော့ 'တို့များ ချစ်ကြပါစို့လားကွယ်'ဆိုတဲ့သီချင်းမျိုးတွေပါ၊ ဒါပေမဲ့ အဲဒီအချိန်က ကျွန်မဆိုခဲ့ရတဲ့ သီချင်းတွေနဲ့ ကျွန်မရဲ့လက်တွေ့စိတ်အခြေအနေကတော့ တခြားစီပါ။

ဝင်ငွေက သိပ်ကောင်း သိပ်များတော့ ကျွန်မတို့ဟာ လက်လွတ်ခြေလွတ်

www.burmeseclassic.com



ဖြစ်နေကြပါတယ်။ ဝီလီနဲ့ကျွန်မဟာ အနည်းဆုံးတစ်ပတ်မှာ ပါတီပွဲကြီးနှစ်ပွဲပေးလေ့ရှိပါတယ်။ နယူးရောက်မြို့တော်ရဲ့ 'ဗဟိုပန်းခြံ'ဘက်မျက်နှာပြုထားတဲ့ အိမ်သစ်မှာ လုပ်တဲ့ပွဲတွေပေါ့၊ ဒီအိမ်ရောက်မှ ကျွန်မဟာ ကိုယ်ရေးကိုယ်တာကိစ္စတွေ ဆောင်ရွက်ပေးဖို့ အတွင်းရေးမှူးတစ်ယောက် ခန့်ထားလိုက်ပါတယ်။ အိမ်မှာလည်း အိမ်စေနဲ့ ယာဉ်မောင်းနဲ့ဆိုတော့ တခမ်းတနားရှိလှပါတယ်။

ကျွန်ဝယ်ထားတဲ့ကားက ဟက်ဆန်ကားအမျိုးအစားပါ၊ တကယ့်ဇိမ်ခံကားပါ။ အဲဒီခေတ်က ဒေါ်လာတစ်သောင်းလောက်ပေးရတဲ့ ကားပါ။ သူတို့ကုမ္ပဏီရဲ့ မော်တော်ကားကြော်ငြာတွေမှာ ကျွန်မပါဝင်ကိုယ်ဟန်ပြတဲ့အတွက် ဒေါ်လာ ၄၈၀၀ နဲ့ ရောင်းပေးခဲ့တာဆိုတော့ စျေးသက်သက်သာသာနဲ့ ရခဲ့တာလို့ ဆိုနိုင်ပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီခေတ်က ဇိမ်ခံကားတွေထဲမှတော့ ထိပ်ဆုံးနေရာမှာ ရောက်နေတဲ့ကားပါ။ ကျွန်မရဲ့ယာဉ်မောင်းက ဖိလစ်ပိုင်လူမျိုးပါ၊ သူ့ကိုလည်း ကားရဲ့ အရောင်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဝတ်စုံချုပ်ပေးပြီး တခမ်းတနားထားခဲ့ပါတယ်။

ကျွန်မအနေနဲ့ တစ်ဖက်က ဝင်ငွေကောင်းတာနဲ့အမျှ တစ်ဖက်မှာလည်း အတိုင်းအဆမထားပဲ ရက်ရက်ရောရောသုံးပါတယ်၊ ကျွန်မနဲ့ ကျွန်မအမေအတွက် ဝယ်ယူခဲ့တဲ့ အဖိုးတန်ဖျံသားမွေးအနွေးထည်တွေ၊ မြေပါသားမွေးအနွေးထည်တွေ၊ ပါရှင်သိုးမွေးအင်္ကျီတွေဟာ ငွေကြေးသောက်သောက်လဲကုန်အောင် ပေးခဲ့ရတဲ့ ပစ္စည်းတွေပါ။

ကျွန်မဝတ်ဆင်ထားတဲ့ ရွှေငွေလက်ဝတ်ရတနာပစ္စည်းတွေရဲ့ တန်ဖိုးဟာလည်း နည်းနည်းနောနောမဟုတ်ပါဘူး၊ ကျွန်မရဲ့စိန်လက်စွပ်တစ်ကွင်းထဲဟာ ဒေါ်လာ ၁၀၀၀၀တန်ပါတယ်။ လက်အိတ်ကလေးတစ်စုံကို ဒေါ်လာ၁၀၀၀ပေးပြီး သုံးခဲ့တာပါ၊ ဒေးဗစ်ရှိတုံးက သူနဲ့ကျွန်မဟာ ကိုယ်ပိုင်အိမ်လေးတစ်လုံး ဝယ်မယ်လို့ ရည်ရွယ်ပြီး ငွေကြေးစုဆောင်းခဲ့ကြပါတယ်၊ အခုတော့ ဒေးဗစ်ကသေသွားပြီပဲ၊ ကျွန်မငွေစုနေဖို့ မလိုပါဘူး။

ဒါပေမဲ့ ကျွန်မစိတ်ဟာ သက်သာရာမရခဲ့ပါဘူး။ ညစဉ်ညတိုင်း ဝီလီအိပ်ပျော်သွားချိန်မှာ ကျွန်မဟာ အိပ်လို့မပျော်တဲ့အတွက် ဒေးဗစ်ကို တမ်းတပြီး ငိုယိုနေလေ့ရှိပါတယ်။

ဒီအချိန်ကာလအတွင်းမှာ ကျွန်မရဲ့အရက်သောက်စံချိန်ဟာ ကျသွားတယ်လို့ မရှိခဲ့ပါဘူး၊ အလုပ်လုပ်နေချိန်မှာတော့ ကျွန်မဟာ အတိုင်းအဆထားပြီး သောက်လေ့ရှိပေမယ့် အားချိန်နားချိန်တွေမှာတော့ အလွန်အကျွံသောက်မိတာ ချည်းပါဘဲ။ အများအားဖြင့် ဝီလီနှင့်အတူ အပြင်ကိုထွက်ပြီး အပျင်းပြေသဘောနဲ့ စားကြသောက်ကြတဲ့အခါတိုင်း ကျွန်မဟာ အစားကို နည်းနည်းပဲစားပြီး အရက်ကို များများကြီး သောက်မိတာချည်းပါဘဲ၊ အဲသလိုအခါမျိုးမှာ ကျွန်မကို ဝီလီက တွဲပြီးခေါ်လာရတာ ချည်းပါပဲ။

□

www.burmeseclassic.com


ဝီလီမှာ စိတ်ကူးတစ်ခုရလာပါတယ်။ တကယ်လို့ ကျွန်မတို့အနေနဲ့ လူသုံးယောက်စီး ကာတစ္စဝရိုက်လေယာဉ်ပျံတစ်စီးဝယ်ထားမယ်ဆိုရင် သူ့အနေနဲ့ စတိုးဆိုင်ကြီးတစ်ဆိုင်အတွက် ကုန်ပစ္စည်းအသယ်အပို့ လုပ်ပေးနိုင်လိမ့်မယ်လို့ ယူဆတယ်တဲ့။ အဲဒါဆိုရင် သူ့မှာ ကိုယ်ပိုင်လုပ်ငန်းတစ်ခု ရှိလာနိုင်မယ်လို့ ဆိုပါတယ်။ သူ့ဆန္ဒအတိုင်း ကျွန်မ လေယာဉ်တစ်စီးဝယ်လိုက်ပါတယ်။ သူဟာ အဲဒီလေယာဉ်နဲ့ ကုန်ပစ္စည်းအသယ်အပို့ လုပ်ပေးဖို့ သဘောတူလက်ခံနိုင်မဲ့ ဆိုင်ကို ထွက်ပြီးရှာပါတယ်။ ဒါပေမဲ့ မရပါဘူး၊ ပိုပြီးဆိုးတာက သူ့လေယာဉ်ပျံနဲ့ခရီးထွက်တိုင်း လေယာဉ်ကို အကြောင်းတစ်ခုခုကြောင့် နီးရာနေရာတစ်နေရာမှာ 'ဖွတ်ဆင်း'နေရပါတယ်။

သူ့မှာ အဲသလိုဖြစ်ပါများလာတော့ ကျွန်မက သူလေယာဉ်ပျံမောင်းတာကို သဘောမတူတော့ပါဘူး၊ သူ့ကို ဒီအတိုင်းလွှတ်ထားရင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ လေယာဉ်ပျံ ပျက်ကျပြီး သေလိမ့်မယ်လို့ထင်မိပါတယ်။ ဒါ့ကြောင့်လည်း ကျွန်မက သူ့ကိုတားပါတယ်၊ ဒီကိစ္စနှင့်ပတ်သက်ပြီး ဝီလီနဲ့ကျွန်မဟာ အကြီးအကျယ် စကားများခဲ့ကြရပါတယ်။

နောက်ဆုံးမှာ သူက "ကောင်းပြီလေ. . . မင်းသဘောပေါ့"လို့ စိတ်ပျက်လက်ပျော့သံနဲ့ ပြောပါတယ်။ "မောင် ပစ္စဘတ်မြို့ကိုပြန်ပြီး အဖေရဲ့သစ်လုပ်ငန်းမှာ ဝင်ပြီးလုပ်နိုင်မလားဆိုတာ လေ့လာချင်တယ်"တဲ့။

ကျွန်မ သဘောတူလိုက်ပါတယ်။ သူသွားတဲ့နေ့မှာ ကျွန်မကိုယ်တိုင် သူ့ကို လေယာဉ်ကွင်းအထိ မော်တော်ကားနဲ့လိုက်ပို့ပေးခဲ့ပါတယ်။ သူ့လေယာဉ်ထွက်သွားလို့ ကျွန်မအိမ်ပြန်လာတဲ့အခါမှာ ကျွန်မဟာ သူ့အတွက် စိတ်မကောင်းဖြစ်လာရပါတယ်။ အမှန်တော့ ကျွန်မအနေနဲ့ သူ့ကို လေယာဉ်မောင်းတဲ့အလုပ်ကို လုပ်ခွင့်ရအောင် မလိုက်လျောသင့်ဘူးလို့ ထင်ပါတယ်။ ဒါပေမဲ့လို့ တစ်ဖက်ကပြန်စဉ်းစားရင် သူဟာ လေယာဉ်မောင်းဝါသနာပါလို့ လေတပ်ထဲဝင်ခဲ့တဲ့လူပါ၊ အဲဒီဘဝကို ပျက်အောင်ဖျက်ခဲ့တာ ဘယ်သူလဲ. . .၊ ကျွန်မပါပဲ။

အို. . . အသေအချာစဉ်းစားလိုက်ရင် ကျွန်မတို့ရဲ့ဘဝဟာ သိပ်ကိုရှုပ်ထွေးလှပါတယ်၊ အိမ်ထောင်ရေးရှုထောင့်က ကြည့်ပြန်တော့လည်း အောင်မြင်မှုမရတဲ့အိမ်ထောင်ပါ။ ကျွန်မ လေယာဉ်ကွင်းက ပြန်လာချိန်မှာ အဲဒီအကြောင်း တွေကို ကျွန်မ မတွေးမိဘဲမနေနိုင်ခဲ့ပါဘူး။

ညပိုင်းကျတော့ အလုပ်ခွင်ကအပြန်မှာ အရက်တွေ အလွန်အကျွံသောက်ခဲ့ပြန်တယ်။ ကျွန်မ တစ်ခုခုကိုမေ့ပစ်ချင်လွန်းလို့ သောက်တာပါ၊ ဒေးဗစ်ကို မေ့ချင်လို့လား. .၊ မဟုတ်ပါဘူး၊ ဘယ်လောက်ပဲသောက်သောက် ညတိုင်း ဒေးဗစ်ကိုတော့ သတိရနေတာပါပဲ၊ အခုဟာက တခြားတစ်ခုပါ၊ ဘာလဲဆိုတာကိုတော့ ကျွန်မ မပြောတတ်တော့ပါဘူး။

အဲဒီနောက်တော့ ကျွန်မဟာ စီစဉ်ပြီးသားအလုပ်တွေကို ဆက်လုပ်ရပြန်တယ်။ မကြာခင်မှာပဲ ကျွန်မဟာ 'ပါရာမောင့်အီစတင်းသီယေတာ'လို့ခေါ်တဲ့ ပါရာမောင့်ကုမ္ပဏီပိုင်စက်ရုံတွေမှာ တစ်ရုံပြီးတစ်ရုံ လှည့်လည်ဖြေဖျော်နေရပါတယ်။

www.burmeseclassic.com

## အခန်း[၁၁]

တစ်ညမှာပါ ကျွန်မအလုပ်ခွင်က ပြန်လာတော့ အိမ်မှာ ကျွန်မနဲ့တွေ့ချင်လို့ စောင့်နေတဲ့လူတစ်ယောက်ရောက်နေပါတယ်။ ကျွန်မကိုမြင်တော့ သူက "မစ္စရော့သ်လား"လို့ မေးပြီး စာတစ်စောင်ပေးသွားပါတယ်။ စာက စည်ပင်သာယာတရားရုံးမှာ အမှုရင်ဆိုင်ဖို့ ကျွန်မကို ဆင့်ခေါ်တဲ့စာပါ။

ကျွန်မမှာ ပေးစရာအကြွေးတစ်ခုရှိပါတယ်။ ကျွန်မရဲ့မော်တော်ကား ထားတဲ့ ဂိုဒေါင်ခပါ။ သူတို့က ကျွန်မဆီကို မော်တော်ကားခနဲ့ ကားပြင်ခအတွက် ဒေါ်လာငွေ၂၃၂ဒေါ်လာပေးဖို့ ငွေတောင်းခံလွှာ ပို့ခဲ့ပါတယ်။ ကျွန်မကတော့ ကျွန်မပေးရမဲ့ငွေဟာ သူတို့ကားဂိုဒေါင်မှာ ကားထားခ ၃၂ဒေါ်လာပဲ ပေးရမယ်လို့ နားလည်ထားပါတယ်။ သူတို့ဆီမှာ ကားမပြင်ခဲ့ဘူးလို့ ကားပြင်ခကိုမပေးနိုင်ဘူးလို့ ကျွန်မ ငြင်းခဲ့ပါတယ်၊ အဲဒါကို အကြောင်းပြုပြီး ကားပြင်ရုံတာဝန်ခံက ကျွန်မကို တရားစွဲတာပါ။

အဲဒီနေ့က အမေနဲ့ကျွန်မ တရားရုံးကိုရောက်သွားကြပါတယ်။ ကျွန်မမှာက ညကျရင် နယူးရောက်မြို့တော်က ပါရာမောင့်ဇာတ်ရုံမှာ ဂျော်ဂျီဂျက်ဆဲလ်၊ ဘန်းစ်၊ အေလင်၊ ဘင်ကရော့စ်ဘီတို့နဲ့အတူ ဖြေဖျော်ဖို့ကလည်း ရှိနေတော့ နားနားနေနေလေး နေချင်ပါတယ်၊ ဒါပေမဲ့ တရားရုံးကိစ္စမို့ အားတင်းပြီးလာခဲ့တာပါ၊ အဲဒီအချိန်က ကျွန်မအသက်ဟာ နှစ်ဆယ်ပဲရှိပါသေးတယ်။

www.burmeseclassic.com

BURMESE CLASSIC .com

အမှုခေါ်လို့ စောင့်နေရတဲ့ ကျွန်မဟာ စိတ်မရှည်ဖြစ်လာပါတယ်။ မနေ့ညက အရက်တွေ အလွန်အကျွံသောက်ထားလို့ လူကလည်း မအီမသာဖြစ်နေပါတယ်။ “အမေရယ် သူတို့တောင်းတဲ့ငွေကိုသာ ပေးလိုက်ပါတော့၊ သမီး အိမ်ပြန်ချင်ပြီ”လို့ ကျွန်မကပြောတော့ အမှုကိုရင်ဆိုင်မယ်လို့ ဆုံးဖြတ်ထားတဲ့ အမေက ပြီးပြတ်အောင် စောင့်လိုက်ဖို့ ပြောပါတယ်။ ပြီးတော့ တဆက်တည်းပဲ “တရားသူကြီးကိုကြည့်စမ်း လီလီ၊ ငယ်ငယ်လေးပဲရှိသေးတယ်”လို့ ပြောပါတယ်။

ကျွန်မ ကောင်းကောင်း မမြင်ရတာနဲ့ ရှေ့တန်းကခုံတွေဆီ ရွှေ့လာခဲ့ကြတယ်။ ဟုတ်ပါတယ်။ အသက်က ခပ်ငယ်ငယ်လိုပဲ၊ လူကလည်း လူချောပါ၊ နာမည်က ‘တရားသူကြီး ဘင်ဂျာမင်ရှဲလက်စ်’တဲ့။ ကျွန်မစိတ်ဝင်စားသွားတယ်။ “သမီးတော့ အမှုပြီးအောင်ပဲနေတော့မယ်”လို့ အမေ့ကို ပြောလိုက်ပါတယ်။

ကျွန်မအမှုကိုခေါ်တော့ ကျွန်မက ကိုယ်တိုင် တရားသူကြီးရှေ့သွားပြီး အကျိုးအကြောင်း ရှင်းပြဖို့ ကြိုးစားပါတယ်၊ တရားသူကြီးက အပြောမခံဘူး။ “မင်းကိုယ်စား စကားပြောဖို့ ရှေ့နေရှိတာပဲ၊ ရှေ့နေပြောပါစေ”တဲ့၊ ကျွန်မရဲ့ရှေ့နေက ကျွန်မမှာ သုံးပတ်တိတိ မအားမလပ်ဖြစ်နေတဲ့အတွက် အမှုကိုရက်ချိန်းပေးဖို့ မေတ္တာရပ်ခံပါတယ်။

“ဒီအတိုင်း အမှန်ပဲလား၊ မစ္စရော့သ်”လို့ တရားသူကြီးက ကျွန်မကို မေးပါတယ်၊ “ဟုတ်ပါတယ်ရှင်”လို့ ကျွန်မက သိမ်သိမ်မွေ့မွေ့ကလေး ပြန်အဖြေပေးပါတယ်။ သူက ကျွန်မကို ကြည့်ပြီးပြုံးနေပါတယ်။ ပြုံးလိုက်တဲ့အခါကျတော့ သူ့အသက်ဟာ ပိုပြီးငယ်သွားသလိုပါပဲ။

“အလုပ်လက်မဲ့တွေ သိပ်များနေတဲ့ ဒီနေ့ခေတ်မှာ အမျိုးသမီးကလေးက လုပ်စရာတွေ သိပ်များနေပါလား။ ရပါတယ်၊ ကျွန်တော်တို့ကလည်း အလုပ်လုပ်ခွင့်မရအောင် တားမြစ်ပိတ်ပင်ထားလို့ ဘယ်တော်ပ့ါမလဲ၊ အမှုကို ဒီနေ့ကစပြီး သီတင်းသုံးပတ်ခွာ ချိန်းလိုက်မယ်’လို့ တရားသူကြီးက ပြောပါတယ်။

ကျွန်မတို့ တရားရုံးထဲကပြန်ထွက်လာတော့ ကျွန်မရင်ဟာ ပေါ့ပါးသွက်လက်နေပါတယ်၊ ဒေးဗစ်သေသွားပြီးကတည်းက အမြဲတစေ လေးလံနေခဲ့တဲ့ ကျွန်မရဲ့နှလုံးသားဟာ လန်းဆန်းသွားသလိုလည်း ခံစားရပါတယ်။ “ကြံကြံဖန်ဖန်လာတွေ့ရတယ်နော်၊ သူ့ကိုကြည့်ရတာ ချစ်စရာမကောင်းဘူးလား မေမေရယ်”လို့ ကျွန်မက အမေ့ကို တိုးတိုးကလေးကပ်ပြီး ပြောလိုက်မိပါတယ်။

အမေက ကျွန်မလက်ကို ညှစ်ပြီး “အေး. . . ဟုတ်တယ်၊ တကယ့်ကို ချစ်စရာကောင်းတယ်”တဲ့။

အဲဒီညက ကျွန်မဟာ ဂျော်ဂျီဂျက်ဆဲလ်နဲ့တွေ့တော့ တရားသူကြီး ဘင်ဂျာမင်ရှဲလက်စ်ကို သိသလားလို့ မေးကြည့်တယ်၊ သူမသိဘူးတဲ့၊ ဘန်းစ်နဲ့အေလင်တို့ကလည်း သူတို့မသိဘူးတဲ့၊ ဘင်ကရော့စ်ဘီဆီ စုံစမ်းကြည့်တော့လည်း မသိဘူးတဲ့။ ကျွန်မတို့အဖွဲ့ထဲက တခြားလူတွေဆီ စုံစမ်းကြည့်တော့လည်း သိတဲ့လူမရှိဘူး။ သီတင်းသုံးပတ်နီးပါးလောက်ကြာတော့မှ ကျွန်မဟာ. . . ဘင်ဂျာမင်ရှဲလက်စ်ကို သိတဲ့ ကိုယ်စားလည်တက်ပ်ရှောရန်စတိန်းနဲ့ ဆုံမိပါတယ်။ ကျွန်မက စုံစမ်းလိုက်

www.burmeseclassic.com

BURMESE CLASSIC .com

တော့ သူက “ဟာ. . သိတာပေါ့၊ သူနဲ့ လင်ဒီဆိုင်မှာ ညတိုင်းတွေ့နေတာပဲ”လို့ ပြောတယ်။

“ကျွန်မ သူနဲ့သိချင်တယ်၊ မိတ်ဆက်ပေးပါလား”လို့ ပြောတော့ သူက ရယ်တယ်၊ “ဒီလိုလုပ်၊ ဒီညပွဲပြီးရင် လင်ဒီဆိုင်ကို အမှတ်တမဲ့ရောက်လာသလို လုပ်ပြီး ဝင်ခဲ့ကြ၊ ကိုယ် မင်းကို မိတ်ဆက်ပေးမယ်”တဲ့။

လင်ဒီစားသောက်ဆိုင်က ဘရော့ဝေးလမ်းမကြီးနဲ့ ၅၁လမ်းထောင့်မှာ ရှိတဲ့ နာမည်ကြီးစားသောက်ဆိုင်ပါ၊ ဇာတ်သမားတွေ အများဆုံး ဆုံကြတဲ့ နာမည်ကြီး ဆိုင်ပေါ့၊ အဲဒီညက ကျွန်မတို့ရောက်သွားတော့ ဆိုင်ထဲမှာ လူအပြည့်ပဲ၊ အမေနဲ့ ကျွန်မ ဆိုင်ထဲရောက်သွားပြီးတဲ့နောက် တစ်နာရီနီးပါးကြာတဲ့အထိ တက်ပ်ကိုရော တရားသူကြီးကိုပါ အစအနတောင် မမြင်ရဘူး၊ နောက်တော့ ကျွန်မအတွက် တယ်လီဖုန်းလာတယ်လို့ပြောတာနဲ့ ကိုင်လိုက်တယ်။

“လီလီရေ. . . ကိုယ်တို့ ပိုမာရန့်ဇ်ဆိုင်မှာ ရှိနေကြတယ်။ ကိုယ့်လူက ဒီညကျမှစိတ်ပြောင်းပြီး ဒီရောက်နေတယ်”လို့ တက်ပ်က ပြောပါတယ်။

ကျွန်မတို့ ကပြာကရာပဲ ထွက်လာခဲ့ကြပါတယ်။ မော်တော်ကားဟာ မိုးသည်းထဲအောက်မှာ အပြေးအလွှားသွားနေပါတယ်၊ သူတို့ရောက်နေတဲ့ဆိုင်က ဘရော့ဝေးလမ်းမပေါ် မှာပါပဲ။ ဒါပေမဲ့ ကျွန်မတို့ရောက်သွားတဲ့ လင်ဒီဆိုင်နဲ့ လမ်းသွယ်သုံးဆယ်လောက် ခြားနေပါသေးတယ်။

ကျွန်မတို့ ဆိုင်ထဲဝင်သွားတော့ စားပွဲတစ်လုံးမှာထိုင်နေတဲ့ တရားသူကြီးကို ကျွန်မ လှမ်းမြင်ရပါတယ်။ သူ့ကိုမြင်လိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်မရင်ဟာ ခုန်ရပြန်ပါပြီ၊ ကျွန်မဟာ လက်ကိုင်ပုဝါကို လက်နှစ်ဖက်နဲ့ကိုင်ပြီး ဆုတ်လိုက်ချေလိုက် လုပ်နေမိပါတယ်၊ ကျွန်မအဖြစ်က အသက်ဆယ့်ငါးနှစ်ရွယ် ကောင်မလေးတစ်ယောက်နဲ့ တူနေပါတယ်။

တက်ပ်ကတော့ သူပေးထားတဲ့ကတိအတိုင်းပဲ ကျွန်မတို့သားအမိကို တရားသူကြီးနဲ့ မိတ်ဆက်ပေးပါတယ်။ “ဒါ မစ္စလီလီယံရော့သ်နဲ့ သူ့အမေပါ၊ ဒါက တော့ တရားသူကြီးဘင်ဂျာမင်ရှဲလက်စ်နဲ့ သူ့ညီဂျိုးရှဲလက်စ်ပါ”တဲ့။

တရားသူကြီးက ကျွန်မလက်ကို ဆွဲနှုတ်ဆက်ရင်း တစ်ချက်ပြုံးပြပါတယ်။ စားပွဲမှာထိုင်မိကြတော့ ရုတ်တရက် စကားမပြောကြပဲ ငြိမ်ဆိတ်နေကြပါတယ်။ ပထမဆုံး စပြီးစကားပြောတဲ့လူကတော့ ဂျိုးရှဲလက်စ်ပါ၊ သူကတော့ ရာဇဝတ်မှုတွေကို ရှေ့နေလိုက်ရာမှာ နာမည်ကြီးနေတဲ့လူပါ။

“မင်းကဘယ်သူလဲ”

“ကျွန်မနာမည် လီလီယံရော့သ်ပါ”

“နာမည်ကတော့ သိပါတယ်၊ မင်းက ဘာလုပ်သလဲ”

ကျွန်မက သူ့မျက်နှာကို အေးစက်စက်မျက်နှာထားနဲ့ စိုက်ကြည့်နေပါ တယ်။ “ကျွန်မက ခြေဖျားထောက်ပြီး လမ်းလျှောက်တယ်”လို့ ဖြေလိုက်ပါတယ်။

“မင်း လက်သည်းတွေ ကိုက်နေတာမြင်တယ်”လို့ သူက ချိုသာတဲ့လေသံနဲ့ ပြောပါတယ်။ “မင်းဘာပြုလို့ ဒီလောက်စိတ်လှုပ်ရှားနေရတာလဲ၊ ပြီးတော့ မင်း

www.burmeseclassic.com

BURMESE CLASSIC .com

လက်ကိုင်ပုဝါကို လုံးချေနေတာက ဘာလုပ်တာလဲ”

“အဲဒါ ကျွန်မရဲ့ထူးခြားတဲ့ ကိုယ်ပိုင်သဘာဝအပြုအမူလေးတစ်ခုပေါ့”လို့ ကျွန်မက ပြန်ပြောပါတယ်။ “ဒါနဲ့ပြောရဦးမယ်၊ ရှင့်ဆေးပြင်းလိပ်ကိုက်ပြီး ဝါးနေတဲ့ပုံကကော ဘာလုပ်တာလဲ”

ကျွန်မက ဒေါသဖြစ်နေပါပြီ၊ ဝုန်းခနဲထပြီး ထွက်သွားချင်စိတ်တောင် ဖြစ်လာပါတယ်။ အဲသလိုဖြစ်နေတုန်းမှာပဲ သူ့ဆီက စကားသံထပ်ထွက်လာပါတယ်။

“မင်း အမှုတစ်ခုဖြစ်နေတယ် မဟုတ်လား၊ အဲဒီအမှုက မနက်ဖြန်ကျရင် ကိုယ့်အစ်ကိုရဲ့ရုံးမှာ ရင်ဆိုင်ရမှာမဟုတ်လား”လို့ သူကမေးလို့ “ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လဲ”လို့ ကျွန်မက ပြန်မေးတယ်။

လူချင်းစတွေ့ကတည်းက အခုချိန်အထိ စကားတစ်ခွန်းမှ ဝင်မပြောသေးပဲ ဆေးလိပ်ကိုသာ တွင်တွင်ဖွာနေတဲ့ တရားသူကြီးက ပထမဆုံးအကြိမ် စကားဝင်ပြောတယ်၊ “အော် . . . မင်းက ကိုယ်နဲ့စကားပြောချင်လို့ဆိုတာ အဲဒီအမှုကိစ္စလား” လို့ သူက ကျွန်မကိုလှမ်းမေးတယ်။

“မဟုတ်ပါဘူး”လို့ ကျွန်မကပြန်ပြောတယ်၊ “ဒေါ်လာနှစ်ရာသုံးဆယ်နှစ် ဆိုတဲ့ငွေဟာ ကျွန်မအဖို့ အသေးအဖွဲပဲ”

ပြောပြောဆိုဆို ကျွန်မထိုင်ရာက ထလိုက်ပါတယ်၊ “ကဲ ကျွန်မသွားတော့မယ်၊ လမ်းကြုံလိုက်ချင်ရင်တော့ ရှင်တို့လိုက်ခဲ့ကြ၊ ကျွန်မမှာ ကားပါတယ်”

သူတို့ထလိုက်လာကြပါတယ်၊ မော်တော်ကားကိုမြင်တော့ မယုံကြည်နိုင်တဲ့ မျက်နှာထားနဲ့ “အဲဒါ မင်းကားလား”လို့ မေးတယ်၊ “မင်းကားက မီးသတ်ကားနဲ့ တစ်ထေရာတည်းပဲ။ ငါ ဒီကားမျိုးစီးသွားတာကို လူမြင်ခံလို့ဖြစ်မယ် မထင်ဘူး၊ ကားအရောင်က ရဲရဲတောက်နေတာပဲ”

“ကျွန်မကားက အနီရောင်မဟုတ်ဘူး၊ ပတ္တမြားရောင်”လို့ ကျွန်မက မျက်နှာခပ်တင်းတင်းထားပြီး ပြန်ပြောလိုက်တယ်၊ “ကျွန်မကတော့ ရှင့်တို့နှစ်ယောက် လမ်းလျှောက်နိုင်လိမ့်မယ်လို့ ထင်တယ်၊ အဲဒါက ရှင်တို့အတွက် ပိုကောင်းလိမ့်မယ်”

ကျွန်မက ခပ်တည်တည်ပဲ ရင်ကိုကော့ ခေါင်းကိုမော့ပြီး အမေ့ကို ကားတံခါးဖွင့်ပြီး တက်ခိုင်းလိုက်တယ်၊ ကျွန်မရဲ့ယာဉ်မောင်းက ကျွန်မကို တရိုတသေ ဦးညွှတ်ပြီး ကားတံခါးကိုဖွင့်ပေးတယ်၊ ကားဟာ သူတို့နားက တရှိန်ထိုးထွက်လာခဲ့ပါတယ်။

“ဒီလိုယောက်ျားမျိုးတွေကို သမီး သိပ်မုန်းတယ်၊ မနက်ဖြန်ကျရင် တရားရုံးကို သမီးမသွားဘူး”လို့ ကျွန်မက ဒေါသတကြီးရေရွတ်လိုက်ပါတယ်။

ဒါပေမဲ့ နောက်နေ့မနက်ကျတော့ ကျွန်မ တရားရုံးထဲရောက်နေပါတယ်၊ တရားသူကြီးရဲ့လက်စ်က ကျွန်မကို အရှုံးပေးပါတယ်၊ အမှုအတွက် ကုန်ကျစရိတ်ငွေ ဒေါ်လာလေးရာကျော်ကျော် ပေးလိုက်ရပါတယ်။

တရားသူကြီးက ကျွန်မကိုခေါ်ပြီး “ချလိုက်တဲ့အမိန့်ကို မင်းကျေနပ်ရဲ့လား”လို့ မေးတယ်။

“ကျွန်မကို အရှုံးပေးသင့်တယ်လို့ ရှင်ထင်သလား”

www.burmeseclassic.com


"ဒါက ဒီလိုတော့ရှိတယ်လေ၊ တရားဥပဒေအရ ပိုပြီးတိတိကျကျဖြစ်အောင် စဉ်းစားရင် အရှုံးပေးတာ မှန်ချင်မှမှန်ပေမပေ့ါ။

"ဒါဆိုရင် ရှင့်အမိန့်အပေါ်မှာ ရှင်ပြန်ပြီး သံသယဖြစ်နေသလား"

သူ့မျက်နှာဟာ နီရဲသွားပါတယ်။ "မဟုတ်သေးပါဘူး. . . မစ္စရော့သ်၊ လူ့ဝတ္တရားနဲ့ ကိုယ်ကျင့်တရားရှုထောင့်ကကြည့်ရင် ဒီအကြွေးကို ပေးရမဲ့တာဝန်ဟာ မင့်မှာရှိနေတယ်၊ ပြီးတော့ မင့်အနေနဲ့ ပေးနိုင်တဲ့အင်အားလည်း ရှိနေတယ်၊ အဲဒီတော့"

"ကိစ္စမရှိပါဘူး၊ ကျွန်မအတွက် ဘာပြဿနာမှမရှိဘူး၊ ကဲ သွားမယ်"

"နေဦးလေ၊ ခဏနေပါဦး"လို့ သူက တားပါတယ်။ "ကိုယ် မင်းအကြောင်းကို ဝင်ချယ်ရဲ့ဆောင်းပါးထဲမှာ ဖတ်လိုက်ရတယ်"တဲ့၊ သူ့ရှေ့မှာ ဖြန့်ချထားတဲ့ **'နယူးရောက်ကြေးမုံနေ့စဉ်'**သတင်းစာကို ကျွန်မ သတိထားလိုက်မိပါတယ်၊ ကျွန်မက သတင်းစာဆောင်းပါးခေါင်းစီးကို လှမ်းဖတ်လိုက်ပါတယ်။ **"လီလီယံရော့သ်နှင့် သူ့ခင်ပွန်းတို့ကြား အခြေအနေတင်းမာနေခြင်း"**တဲ့။

"ရှင် ဒီသတင်းကိုဖတ်ရင်တော့ ကျွန်မအမှုဖြစ်လာရင် ကျွန်မကို အရှုံးပေးမှာပဲ"

သူက ပြုံးနေတယ်၊ "ဒီအထဲမှာ ရေးထားတာတွေဟာ မမှန်ဘူးလို့ မင်းဆိုချင်သလား"

"တစ်ချို့တစ်ဝက်တော့ မှန်မှာပါ"

သူက တရားသူကြီးတွေသုံးတဲ့ အချက်ပေးတူကလေးကို လက်နှစ်ဖက်နဲ့ကိုင်ပြီး လှည့်ကစားနေပါတယ်။ "မင်း ဒီည အိမ်ကိုအလည်လာခဲ့ပါလား၊ ကိုယ်လာခေါ်မယ်လေ"တဲ့။

"အခုစကားက တရားရုံးအမိန့်ပဲလား"

သူက ဟက်ဟက်ပက်ပက်ရယ်ပါတယ်၊ ကျွန်မကလည်း သူနဲ့အတူ လိုက်ပြီးရယ်မိပါတယ်။

အဲဒီညက ကျွန်မတို့ဆုံကြပါတယ်၊ ညစာမစားခင် စကားပြောကောင်းရုံသဘောနဲ့ ဘီယာသောက်ကြပါတယ်၊ ကျွန်မဟာ ရှက်သွေးဝင်နေတဲ့ ကောင်မလေးတစ်ယောက်လို ဖြစ်နေရပါတယ်။ ကျွန်မဟာ အလွန်ထင်ရှားကျော်ကြားတဲ့လူတွေနဲ့လည်း တွေ့ခဲ့ဘူးပါတယ်။ ကျွန်မကိုလာကြည့်တဲ့ ပရိသတ်တွေကို မြင်းစီးရဲတွေက ထိန်းပေးနေတာတွေကိုလည်း အကြိမ်ပေါင်းများစွာ မြင်ခဲ့ရဘူးပါတယ်၊ ရာနဲ့ချီတဲ့လူတွေရဲ့ကြားမှာ အော်တိုစာအုပ်တွေ လက်မှတ်ထိုးပေးရတာတွေနဲ့လည်း ကြုံခဲ့ရဘူးပါတယ်၊ ဒါပေမဲ့ အသက်သုံးဆယ့်လေးနှစ်အရွယ် တရားသူကြီးနဲ့တွေ့ခါမှ အရင်ကဖြစ်ခဲ့ဘူးတဲ့ ခံစားချက်တွေနဲ့ ကြုံနေရပါတယ်။ သူ့ရှေ့မှာထိုင်နေရင်း၊ ရှက်သလိုလိုကြောက်သလိုလိုလည်း ဖြစ်ရပါတယ်၊ ရင်ကတဖိုဖိုလည်းဖြစ်နေရပါတယ်။

ကျွန်မကို ပြန်ပို့တော့ လမ်းမှာ "မင်း သူနဲ့ ဘယ်တော့လောက် ကွာရှင်းကြမှာလဲ"လို့ မေးပါတယ်။

ကျွန်မ လုံးဝမျှော်လင့်မထားတဲ့ မေးခွန်းပါ၊ ပြီးတော့လည်း ကွာရှင်းဖို့ကိစ္စ

www.burmeseclassic.com


ကို လုံးဝမစဉ်းစားရသေးပါဘူး။ "ကျွန်မမပြောတတ်သေးဘူး"လို့ပဲ ဖြေလိုက်ပါတယ်။

"အဲဒါမျိုးကျတော့ ကိုယ့်ညီက မင့်ကိုယ်စားဆောင်ရွက်ပေးနိုင်လိမ့်မယ်၊ မနက်ဖြန်ကျရင် မင်း သူနဲ့တွေ့လိုက်ပါလား"တဲ့။

ကျွန်မနဲ့ ခွဲကာနီးကျတော့ "မင်္ဂလာညပါ"လို့ နှုတ်ဆက်စကားပြောပြီး ကျွန်မကို နမ်းပါတယ်။ အဲဒီနေ့ဟာ ဧပြီလထဲက တစ်ရက်ပါ၊ ကျွန်မနဲ့ဝီလီ လက်ထပ်ခဲ့တာ တစ်နှစ်ပြည့်မြောက်တဲ့နေ့ပေါ့။

တရားသူကြီးရဲ့ညီ ဂျိုးရှဲလက်စ်ဟာ ဒီကိစ္စမျိုးမှာ အတော့်ကို အကူအညီရပါတယ်။ ကျွန်မလုပ်ရမှာ တစ်ခုပဲရှိတယ်တဲ့ ဝီလီဆီကို ဖုန်းဆက်ပြီး ပို့လိုက်တဲ့စာရွက်စာတမ်းတွေပေါ်မှာ လက်မှတ်ထိုးပေးဖို့ ပြောရမယ်တဲ့။

"ကျွန်မ အဲဒါတော့မလုပ်နိုင်ဘူး၊ မလုပ်ပါရစေနဲ့"လို့ ကျွန်မက ပြောပါတယ်။ "ဒီကိစ္စကို ကျွန်မကိုယ်တိုင်မပြောချင်ဘူး"

ဂျိုးရှဲလက်စ်ကလည်း နားလည်ပါတယ်၊ အဲသလိုမလုပ်ချင်ဘူးဆိုရင် သူဖာသာသူ ကြည့်ပြီးစီစဉ်သွားပါမယ်တဲ့။

နောက်နှစ်ရက်အကြာမှာ စိတ်ထိခိုက်နေတဲ့ ဝီလီတစ်ယောက် ကျွန်မဆီရောက်လာပါတယ်။ ကျွန်မရှေ့မှောက်မှာ သူဟာ မျက်ရည်လည်ရွဲဖြစ်နေပါတယ်။ ကျွန်မ ဘယ်လိုလုပ်ရမလဲ။ ကျွန်မ သူ့ကိုနှစ်သက်ခဲ့ပါတယ်။ ချစ်တော့ မချစ်ခဲ့ပါဘူး။ သူကတော့ ကျွန်မကိုချစ်ခဲ့တဲ့လူပါ၊ ကျွန်မ တွေဝေနေပါတယ်။

တယ်လီဖုန်းသံကြားရပါတယ်၊ တရားသူကြီးရှဲလက်စ်ဟာ အောက်ထပ်ဧည့်ခန်းမှာ ရောက်နေပါပြီ၊ ကျွန်မကို အပန်းဖြေကားနဲ့ လိုက်ပို့ပေးဖို့ စောင့်နေတာပါ။

"မောင့်ရဲ့ကျန်းမာရေး မကောင်းဘူး. . . လီလီယံ၊ မောင့်အနားမှာ မင်းရှိဖို့ လိုနေပါတယ်၊ အခုဆိုရင် မောင်အတော်ပိန်သွားတယ်၊ ပေါင်နှစ်ဆယ်တောင်ကျသွားတယ်၊ မောင့်မှာ အဆုတ်ရောဂါဖြစ်နေပြီ"

ကျွန်မသိပါတယ်၊ သူ့ကိုသနားလာအောင် ကျွန်မကို လိမ်ပြောနေတာပါ၊ ဒီရောဂါနဲ့ပတ်သက်လို့ ကျွန်မမှာ အတွေ့အကြုံအများကြီးရှိခဲ့ပါတယ်။ အဲဒီတော့ သူ့စကားကို ကျွန်မ ချက်ခြင်းဘယ်လက်ခံနိုင်မလဲ။

"ကောင်းပြီလေ. . . လီလီ ရှင့်အမေဆီကို ဒီညဖုန်းဆက်မယ်၊ ရှင်ပြောတာမှန်ရင် လီလီ ရှင်နဲ့ပဲနေမယ်"

ကျွန်မ တရားသူကြီးနဲ့ အပြင်ထွက်ခဲ့ပါတယ်၊ ဝီလီကတော့ ဟိုတယ်မှာ အခန်းတစ်ခန်းငှားပြီးနေခဲ့ပါတယ်။

၈

သူ့အမေက ပွင့်ပွင့်လင်းလင်းပဲပြောပါတယ်၊ သူ့သား ဝီလီမှာ ဘာမှမဖြစ်ပါဘူးတဲ့၊ သူ့အမေက ကျွန်မရဲ့အခြေအနေကို နားလည်ထားပါတယ်၊ ပြီးတော့ သူ့သားနဲ့ကျွန်မဟာ လက်တွဲလို့မရနိုင်ဘူးဆိုတဲ့အချက်ကိုလည်း လက်ခံခဲ့ပါတယ်။

၇၇၈

www.burmeseclassic.com

## အခန်း[၁၂]

တရားသူကြီးရဲ့လက်စ်အနေနဲ့ ကျွန်မကို ဝီလီနဲ့ကွာရှင်းပြတ်စဲစေချင်တာဟာ ကျွန်မကို လက်ထပ်ချင်လို့ပဲဖြစ်ရမယ်လို့ ကျွန်မတွေးခဲ့ပါတယ်၊ သူဟာ မြို့ပေါ်မှာရှိတဲ့ ဂုဏ်သရေရှိလူပျိုတွေထဲက တစ်ဦးပါ။ မကြာသေးခင်ကမှ တရားသူကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရတာပါ၊ ကျွန်မတို့ချင်းတွေ့ပြီးမှ ရခဲ့တဲ့ ကြေးနန်းစာဟာ သူ့အတွက် ဂုဏ်ယူလို့မဆုံးနိုင်အောင် ဖြစ်ခဲ့ပါတယ်၊ အဲဒီစာကို သူကပြလို့ ကျွန်မ ဖတ်ခဲ့ရပါတယ်။

စာက ပြည်နယ်ဘုရင်ခံ ဖရန်ကလင်ဒီရူစဗဲ့ဆီကစာပါ၊ “ဘုရင်ခံ၏ အကြံပေးအရာရှိက လူကြီးမင်း၏အရည်အသွေးနှင့် အတွေ့အကြုံများကို ပြောပြ၍ ကျွန်တော် သိခဲ့ရပါတယ်။ လူကြီးမင်းအနေဖြင့် ပေးအပ်သောတာဝန်များကို ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ကျွန်တော်ယုံကြည်ပါသည်” စသည်ဖြင့် ရေးထားပါတယ်၊ ဒီအကြောင်းကိုတွေးလိုက်ရင် ရယ်စရာတော့ကောင်းပါတယ်၊ နောင်နှစ်ပေါင်းအတော်ကြာတဲ့အခါ ၁၉၄၉ခုနှစ် အတွင်းမှာ တရားသူကြီးဘင်ရဲ့လက်စ်ဟာ လွှတ်တော်အမတ်ရွေးပွဲမှာ ဖရန်ကလင်ဒီရူစဗဲ့ကို ရှုံးသွားခဲ့ရပါတယ်။

www.burmeseclassic.com


ဘာပဲဖြစ်ဖြစ်ပေါ့လေ ကျွန်မကတော့ သူနဲ့တွေ့ပြီးတဲ့နောက် စိတ်ကူးယဉ် အိပ်မက်တွေ မက်နေခဲ့ပါတယ်။ ကျွန်မဟာ တရားသူကြီးရဲ့ဇနီးဘဝ ရောက်သွားပါတယ်။ ကိုယ့်အိမ် ကိုယ့်ခြံနဲ့ သားသမီးတွေနဲ့. . .၊ စိတ်ချမ်းသာနေလိုက်တာ. . . အလွန်ပဲ၊ ကျွန်မရဲ့ဘဝဟာ သူနဲ့နေရလို့ အဓိပ္ပါယ်လည်းရှိသွားပြီး ခိုင်လည်းခိုင်မာသွားပြီ။

ကွာရှင်းပြတ်စဲမှုကတော့ ထုံးစံအတိုင်း ပြီးပြတ်သွားပါတယ်၊ ကျွန်မက လူချင်းခွဲခွာကြရတဲ့ အထိမ်းအမှတ်အဖြစ် ဝီလီသိပ်မြတ်နိုးနေတဲ့ လေယာဉ်ပျံကို လက်ဆောင်အဖြစ် ဝီလီကိုပေးလိုက်ပါတယ်။ လွတ်လပ်သွားချိန်ကစပြီး ကျွန်မဟာ တရားသူကြီးရဲ့လက်စ်နဲ့ ညတိုင်းဆုံမိပါတယ်။

တကယ်တော့ သူ့ရဲ့ပိုးပန်းမှုဟာ မိန်းကလေးတစ်ယောက်အဖို့ နေ့စဉ်မှတ်တမ်းထဲရေးမှတ်ရုံလောက်က လွဲပြီး တန်ဖိုးမရှိလှပါဘူး၊ ညကိုးနာရီလောက်ဆိုရင် သူရောက်လာရော၊ ချိုင်းကြားထဲမှာ 'ကြေးမုံသတင်းစာ'နဲ့ 'ဒေးလီးနယူးစ်သတင်းစာ' နှစ်စောင်ညှပ်လို့၊ ကျွန်မအတွက်ဝယ်လာတဲ့ နှစ်ဆင့်တန် ချိုချဉ်ထုပ်ကလေး နှစ်ထုပ် လှမ်းပေးတယ်၊ ကျွန်မကိုနှုတ်ဆက်တယ်၊ ပြီးတော့ ဆိုဖာပေါ်မှာ အကျအနထိုင်ပြီး သတင်းစာတွေကို ဖတ်တယ်၊ တစ်ပတ်ကိုတစ်ကြိမ် ကျွန်မကို အပြင်ခေါ်သွားပြီး လက်ဝှေ့ပွဲတို့ ဟော်ကီပွဲကို ပြတယ်။

သူ့အပေါ်စွဲလန်းတဲ့စိတ်ဟာ တဖြည်းဖြည်းနဲ့လျော့နည်းလာခဲ့ပါတယ်၊ မိန်းမတစ်ယောက်ကို သူ့အိမ်ထောင်နဲ့ကွာရှင်းပြတ်စဲအောင် စီစဉ်ပေးခဲ့ပြီးကာမှ အဲဒီမိန်းမအပေါ်မှာ ထားရှိတဲ့သဘောထားဟာ ဒီလိုပဲလား။ ကျွန်မစိတ်ထဲမှာ အလိမ်အညာအလှည့်အပတ်ခံရတဲ့ မိန်းမတစ်ယောက်လို ကိုယ့်ကိုယ်ကို ထင်လာမိပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ သူ့နှုတ်က ဒီနေ့ ဒီအချိန်ထိ လက်ထပ်ဖို့ကိစ္စကို စကားစပ်လို့တောင် မပြောသေးလို့ပါ။

ကျွန်မ သီတင်းနှစ်ပတ်ကြာ ခရီးထွက်သွားပါတယ်။ ပြန်ရောက်လာတော့ ကျွန်မရဲ့သူငယ်ချင်းတစ်ယောက်က တရားသူကြီးဟာ သူတွဲနေကျမိန်းကလေး တစ်ယောက်နဲ့ ညစာထွက်စားတာ တွေ့တယ်လို့ သတင်းပေးပါတယ်၊ ကျွန်မ ယမ်းပုံမီးကျဒေါသဖြစ်ရပါတယ်။ ကျွန်မနဲ့ကျတော့ ဘယ်တော့မှအပြင်ထွက်ပြီး ညစာမစားဘူး။ ကျွန်မ မခံမရပ်နိုင်အောင်ဖြစ်ရပါတယ်။

သူအခုဘယ်သွားသလဲ။ ဒီမိုကရက်တစ်အဖွဲ့ရဲ့ အမျိုးသားညီလာခံတက်ဖို့ ရှီကာဂိုမြို့မှာ ရောက်နေတယ်တဲ့၊ သူ့ရဲ့သူငယ်ချင်းဖြစ်တဲ့ နယူးရောက်မြို့ ဒီမိုကရက်တစ်အဖွဲ့ခေါင်းဆောင် ဂျင်မီဟင်းနက်စ်နဲ့ သွားကြတာတဲ့။

ကျွန်မ ချက်ခြင်းပဲ လေယာဉ်ပျံနဲ့ ရှီကာဂိုကိုလိုက်သွားတယ်။ သူတည်းနေတဲ့ ဟိုတယ်ရောက်တော့ အောက်ထပ်ဧည့်ခန်းထဲကနေပြီး ဖုန်းဆက်တယ်။ "အခု စကားပြောနေတာ လီလီယံ။ အောက်ထပ်ကပြောတာ"

"အပေါ်တက်ခဲ့လေ"တဲ့။

ကျွန်မ သူ့အခန်းထဲဝင်သွားတယ်။ သူက ကျွန်မကို အနမ်းနဲ့နှုတ်ဆက်ဖို့ ပြင်နေတုန်းမှာပဲ ကျွန်မက "လီလီခရီးထွက်နေတုန်းမှာ တခြားမိန်းမတစ်ယောက်နဲ့

www.burmeseclassic.com



BURMESE CLASSIC .com

အပြင်ထွက်တယ်ဆိုတာ မှန်သလား”လို့ ခပ်ပြတ်ပြတ်ပဲမေးတယ်။

သူက ကျွန်မမျက်နှာကို စိုက်ကြည့်နေတယ်၊ “မင်း ဘယ်သူနဲ့တွဲထွက်ခဲ့သလဲလို့ ကိုယ်က ပြန်မေးရင်ကော”တဲ့။

“လီလီဘယ်သူနဲ့မှ တွဲမထွက်ခဲ့ဘူး၊ တကယ်လို့ ရှင်က အဲဒီစိတ်မျိုးထားတယ်ဆိုရင် ရတယ်လေ။ ရှင့်ကို ကျွန်မ နောက်ဆုံးနှုတ်ဆက်ခြင်းပဲ”

သူက တံခါးဘက်လျှောက်သွားနေတဲ့ ကျွန်မကို လှမ်းတားတယ်၊ “ခဏနေဦးလေ”တဲ့။ “လူရွေးပွဲပြီးတဲ့အထိ ကိုယ်နဲ့နေစေချင်တယ်”

“မနေဘူး”လို့ ကျွန်မက အော်ပြောတယ်၊ တံခါးကိုလည်း တအားဆောင့်ပြီး ပိတ်ပြစ်ခဲ့တယ်။

ကျွန်မ နယူးရောက်ကို မီးရာလေယာဉ်ပျံနဲ့ပြန်လာခဲ့တယ်။ ကျွန်မအနေနဲ့ တရားသူကြီးကို မေ့နိုင်ဖို့အတွက် အလုပ်ကိုဖိလုပ်တယ်။ မကြာခင်မှာပဲ ကျွန်မဟာ ကက်ပီတော်လ်ဇာတ်ရုံမှာ ‘အေဘီလီမန်း၊ မစ်လ်တန်ဘာလီ၊ ဘက်တီဒေးဗစ္စ’တို့နဲ့ အတူ ပရိသတ်ကိုဖြေဖျော်ဖို့ တာဝန်ကျလာပါတယ်။ အဲဒီနေ့က ကျွန်မ ကက်ပီတော်လ်ဇာတ်ရုံကို ရောက်သွားတော့ ကြော်ငြာပိုစတာကြီးပေါ်မှာ ‘မစ်လ်တန်’ရဲ့ နာမည်က ကျွန်မနာမည်ရဲ့အပေါ်မှာ ရောက်နေတာ တွေ့ရပါတယ်။

ဒါကတော့ အတော့်ကိုလွန်လွန်းတယ်လို့ ကျွန်မထင်ပါတယ်၊ ကျွန်မတို့ နှစ်ဦးကြားမှာ အပြိုင်အဆိုင်စိတ်ကြောင့် ‘အာဃာတ’ရှိခဲ့ကြပေမယ့် အပြင်ကိုမထုတ်ခဲ့ကြပါဘူး၊ အခင်အမင်မပျက် ဆက်ဆံနေခဲ့ကြတာပါ၊ ဒါပေမဲ့ ကျွန်မနဲ့ ကုမ္ပဏီနဲ့ ချုပ်တဲ့စာချုပ်မှာ ကြော်ငြာတဲ့အခါ ကျွန်မနာမည်က အပေါ်ကဖြစ်ရမယ်လို့ ထည့်ချုပ်ထားပါတယ်။ အဲဒီအချက်ကို မလိုက်နာပဲလုပ်တာဆိုတော့ ကျွန်မ မခံနိုင်ပါဘူး။ ကျွန်မဟာ ချက်ခြင်းပဲ ကက်ပီတော်လ်ရုံအုပ်ချုပ်ရေးအဖွဲ့ကို ရာဇသံပေးခဲ့ပါတယ်။

ကျွန်မတို့ရဲ့လုပ်ငန်းနယ်ပယ်မှာ မလုပ်ဘူးတဲ့လူတွေအဖို့တော့ ကျွန်မရဲ့ အပြုအမူဟာ ကလေးဆန်လွန်းတယ်လို့ ထင်ကြမှာ အမှန်ပါ။ ဒါပေမဲ့ နာမည်ကြီး မင်းသမီးတစ်ယောက်ဖြစ်လာဖို့ အပြင်းအထန်ကြိုးစားအားထုတ်နေချိန်မှာ ကိုယ်ရထားတဲ့ ‘နေရာလေး’ကိုတော့ လက်လွတ်မသွားအောင် ထိန်းသိမ်းကြရပါတယ်။ တကယ်လို့ ကိုယ်ရထားတဲ့နေရာလေးက ကျသွားခဲ့ရင် အဲဒီသတင်းဟာ ဘရော့ဒ်ဝေးကနေ ဟိုးလီးဝုဒ်ထိ ပဲ့တင်ထပ်သွားတတ်ပါတယ်။ ဒါဆိုရင် ကိုယ့်ဖက်က နာဖို့ချည်းဖြစ်လာတတ်ပါတယ်။

အဲဒီသတင်းကြောင့် မစ်လ်တန်လည်း အတော်စိတ်ထိခိုက်သွားပါတယ်။ သူ့အနေနဲ့လည်း ကျွန်မလိုချင်တဲ့ ပုံစံဝင်သွားရင် အလုပ်ကထွက်သွားရုံပဲ ရှိပါတော့တယ်။ အဲဒီတော့ ဒီကိစ္စမျိုးမှာ ပါးပါးနပ်နပ် သိမ်သိမ်မွေ့မွေ့နဲ့ ဖြေရှင်းတတ်ဖို့လိုပါတယ်။ ဒီကိစ္စမှာ မစ်လ်တန်ဟာ ကျွမ်းကျင်တယ်လို့ ဆိုရပါလိမ့်မယ်။

မကြာခင်မှာ ကျွန်မဆီကို ကိုယ်စားလှယ်တစ်ယောက် ရောက်လာပါ တယ်။ ခွဲပြီးကြော်ငြာတဲ့စနစ်ကို ကျွန်မလက်ခံနိုင်မလားတဲ့။ မြို့တွင်းမှာ ကြော်ငြာ သမျှ ပိုစတာတွေထဲမှာ ကျွန်မရဲ့နာမည်ကို သူ့နာမည်ရဲ့အပေါ်က ထားမယ်တဲ့။ လင်ဒီစားသောက်ဆိုင်ရဲ့ မျက်နှာချင်းဆိုင်က ကြော်ငြာမှာတော့ သူ့နာမည်ကို ရှေ့က

www.burmeseclassic.com

BURMESE CLASSIC .com

ထားချင်တယ်တဲ့။

"ကောင်းပြီလေ. . . ရပါတယ်"လို့ ကျွန်မ အဖြေပေးလိုက်ပါတယ်။ လင်ဒီ စားသောက်ဆိုင်ကို လာကြတဲ့မစ်လ်တန်ရဲ့ မိတ်ဆွေတွေအနေနဲ့ ကြော်ငြာမှာ မစ်လ် တန်ရဲ့နာမည် ထိပ်ကရောက်နေတာ မြင်ချင်မြင်ကြပစေပေါ့။ ကျွန်မအဖို့ကတော့ လူစည်ကားရာနေရာတွေမှာ လူအများရဲ့မျက်စိထဲမှာ ကျွန်မနာမည် အပေါ်ဘက်မှာ ရှိနေတာကို မြင်ကြရရင် ပြီးတာပါပဲ။

တရားသူကြီးဟာ နယူးရောက်ကိုပြန်ရောက်လာပါပြီ။ ကျွန်မဆီကို အနည်းဆုံး တစ်ပတ်တစ်ကြိမ် ဖုန်းဆက်ပါတယ်။ ကျွန်မရဲ့ခံစားမှုကတော့ သူ့အပေါ် မှာ သွေးအေးသွားပါပြီ။ ကျွန်မတို့ချင်း စကားပြောတာဟာလည်း အရင်ကလို တရင်းတနှီးမရှိတော့ပါဘူး၊ ဖုန်းဆက်တိုင်းလည်း သူက "ကိုယ် မင်းဆီလာခဲ့ဦး မယ်"ဆိုတဲ့ စကားနဲ့ အဆုံးသတ်လေ့ရှိပါတယ်။ ကျွန်မကလည်း "ကျွန်မက ရှင့်ကို ပထမဆုံးလာ မတွေ့သေးသမျှ ကျွန်မဆီ ရှင်လာဖို့စိတ်မကူးပါနဲ့"လို့ အေးစက်စက် မာကြောကြောလေသံနဲ့ ပြန်ပြောလေ့ရှိပါတယ်။

ကျွန်မစိတ်ထဲမှာ တရားသူကြီးအပေါ် လက်စားချေချင်စိတ် ပြင်းထန်နေ ပါတယ်။ ကျွန်မဟာ သူ့အပေါ် အရူးအမူးဖြစ်ခဲ့မိတဲ့အတွက် ဝီလီကိုဆုံးရှုံးခဲ့ရပါ တယ်။ တရားသူကြီးဟာ ဝီလီကို ကွာရှင်းဖို့ ကျွန်မကို အားပေးအားမြှောက်ပြုခဲ့တဲ့ လူပါ။ ကိစ္စလည်းပြီးသွားရော သူ့သဘောထားဟာ ပြောင်းသွားခဲ့ပါတယ်။ ကျွန်မနဲ့ ဖြစ်ရတဲ့ကိစ္စဟာ သာမန်ဖြစ်ရိုးဖြစ်စဉ် ချစ်ရေးချစ်ရာ အသေးအဖွဲကိစ္စတစ်ခုလို သဘောထားခဲ့ပါတယ်။ ကျွန်မဟာ အရက်ကို များများသောက်ပြီး တရားသူကြီးကို မေ့ဖို့ကြိုးစားခဲ့ပေမယ့် မရခဲ့ပါဘူး။ နောက်ဆုံးမှာတော့ ကျွန်မဟာ ဟိုးလီးဝုဒ်ကိုပြန် သွားပြီး ရုပ်ရှင်မင်းသမီးအဖြစ်နဲ့ ဘဝထူထောင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကျွန်မက တရားသူကြီးကိုနှုတ်ဆက်ဖို့ တရားရုံးထဲရောက်သွားခဲ့ပါတယ်။ "ကျွန်မ ကယ်လီဖိုးနီးယားကို သွားတော့မယ်"လို့ ပြောလိုက်တော့ သူကရယ်ပါတယ်။ "မယုံပါဘူးကွာ"လို့လည်း ပြောပါတယ်။

ကျွန်မရဲ့မာန်မာနကို မျိုသိပ်ထားလိုက်ပါတယ်။ "ဒီမယ် ဘင်၊ ကျွန်မ သွားဖို့ မလိုဘူး၊ ကျွန်မကို ရှင် ဒီမှာထပ်နေနိုင်အောင် လုပ်ပေးနိုင်တယ်။ ဒါပေမဲ့ ကျွန်မ ဒီကထွက်သွားပြီဆိုရင်တော့ ရှင် ကျွန်မကို နောက်ထပ် ဘယ်တော့မှ တွေ့ခွင့် ရမှာမဟုတ်တော့ဘူးဆိုတာ သိထားစေချင်တယ်"

သူဟာ ရှေ့ကစာရွက်တွေကို ဟိုလှန် ဒီလှန်လုပ်နေပါတယ်။ "ကိုယ်က မင့်အတွက် ဆုံးဖြတ်မပေးချင်ဘူး"လို့ မယုတ်မလွန်ပြောပါတယ်။ "ကိုယ် မင့်ကို ဘူတာဆင်းပြီး နှုတ်ဆက်ရဦးမလား"

"မလိုပါဘူး"

ကျွန်မ တရားရုံးထဲက ခပ်မြန်မြန်ပဲထွက်လာခဲ့ပါတယ်၊ အဲဒီညမှာပဲ ကျွန်မ ဟာ ဟိုးလီးဝုဒ်ကိုထွက်လာခဲ့ပါတယ်။ ရောက်လျှင်ရောက်ချင်းပဲ ကျွန်မဟာ 'ဘာဘရာစတန်းဝပ်'နဲ့တွဲပြီး 'သူတို့ပြောနေကြသည့် အမျိုးသမီးများ'ဆိုတဲ့ ဇာတ်ကား မှာ ပါဝင်ခဲ့ရပါတယ်။ အဲဒီကားထဲမှာ ကျွန်မဟာ 'တကယ်လို့သာ ကျွန်မဟာ ဒီတစ်ည

www.burmeseclassic.com



BURMESE CLASSIC .com

ရှင်နဲ့တစ်နာရီလောက် နေခွင့်ရမယ်ဆိုရင်’ဆိုတဲ့ သီချင်းကို ဆိုခဲ့ရပါတယ်။

အရက်ကတော့ ကျွန်မအဖို့ ပြဿနာမဟုတ်တော့ပါဘူး၊ သောက်ရင်လည်းရတယ်၊ မသောက်ရင်လည်းရတယ်၊ အများအားဖြင့်တော့ ကျွန်မ သောက်ပါတယ်၊ ရုပ်ရှင်ရိုက်နေတုန်းမှာတော့ မသောက်ပါဘူး၊ အလုပ်ပြီးချိန်ကျမှပဲ သောက်ပါတယ်။

ကျွန်မ အရက်သောက်တာဟာ မေ့ချင်တာတွေကို မေ့ဖို့ပါ၊ တရားသူကြီးဟာ အရာရာတိုင်းကို ဖျက်ဆီးပစ်ခဲ့ပါတယ်။ ကျွန်မ ဘာကြောင့် ဝီလီနဲ့ဆက်ပြီးမနေတာလဲ။ ဘာပြုလို့ အခုလိုတစ်ယောက်ထဲထွက်လာရတာလဲ။ တရားသူကြီးဆီက စာတွေ မကြာမကြာရောက်လာတတ်ပါတယ်။ ဒါပေမဲ့ ဟိုတစ်ချိန် တယ်လီဖုန်းဆက်တုန်းကလိုပဲ ဘာမှလည်း မတောင်းဘူး၊ ဘာကတိမှလည်း မပေးပါဘူး။

ဒီတစ်ခါက် ဟိုးလီးဝုဒ်ကိုပြန်အရောက်မှာ ကျွန်မ စိတ်လွတ် ကိုယ်လွတ်နဲ့ ထင်ရာလုပ်နေမိပါတယ်။ အရက်ကိုလည်း အလွန်အကျွံသောက်ပါတယ်။ မကြာ ခဏ လူမှန်းသူမှန်းမသိအောင် မူး မူးသွားလေ့ရှိပါတယ်။ မနက်လေးငါးနာရီကျရင် အိပ်ရာကနိုးရော ညက ဘာတွေဖြစ်ခဲ့တယ်ဆိုတာ လုံးဝမမှတ်မိဘူး၊ ဒီအဖြစ်ဟာ ကျွန်မစိတ်ကို တုန်လှုပ်ချောက်ခြားစေခဲ့ပါတယ်။ ဒီအဖြစ်ဟာ ကျွန်မကို ဘယ်နေရာမျိုး ရောက်အောင်ပို့မှာပါလိမ့်လို့လည်း မကြာခဏတွေးမိပါတယ်။

❐

ဘာဘရာစတန်းဝပ်နဲ့ တွဲရိုက်ခဲ့တဲ့ဇာတ်ကားမှာ ကျွန်မဟာ အောင်မြင်မှု ရခဲ့ပါတယ်။ ဒါကိုအကြောင်းပြုပြီး ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီကြီးအတွက် ကျွန်မကို တစ်ပတ်ဒေါ်လာတစ်ထောင့်ငါးရာနှုန်းနဲ့ သုံးနှစ်စာချုပ်ချုပ်ဖို့ ကမ်းလှမ်းထားပါတယ်။ ကျွန်မ ရက်ပေါင်းများစွာမဆုံးဖြတ်နိုင်ပဲ ဖြစ်နေရပါတယ်။ တစ်ညမှာတော့ ကျွန်မဟာ အရက်ကိုမူးအောင်သောက်ပြီး တရားသူကြီးဆီကို ဖုန်းဆက်ပါတယ်။

“ဘယ်လိုလဲ တရားသူကြီးမင်းရဲ့”လို့ ကျွန်မက နှုတ်ဆက်လိုက်ပါတယ်။ “ရှင့်အနေနဲ့ ကျွန်မအတွက် ဆုံးဖြတ်ချက်တစ်ခုချပေးနိုင်မလား”

“မင့်ဆီက အခုလိုဖုန်းဆက်လိမ့်မယ်လို့ မမျှော်လင့်မိဘူး”လို့ သူက အေးစက်စက်လေသံနဲ့ ရေရွတ်ပါတယ်။ “ဒါပေမဲ့ အဝေးပြောဖုန်းခက အများကြီးကုန်တယ်၊ မင်း ငွေမဖြုန်းသင့်ဘူးထင်တယ်”

“လီလီပြောတဲ့စကားကို နားထောင်ပါဦး ဘင်ရယ်”လို့ ကျွန်မက စိတ်မရှည်သံနဲ့ ပြန်ပြောတယ်၊ “ဝါနာဘရားသားကုမ္ပဏီက သုံးနှစ်စာချုပ်ချုပ်ဖို့ စကားကမ်းလှမ်းနေတယ်၊ တကယ်လို့ ဒီကိစ္စကိုလက်ခံလိုက်ရင် လီလီ ဒီမှာပဲ ဆက်နေရတော့မှာ၊ ရှင့်စာတွေထဲမှာက အခုချိန်ထိ ‘အချစ်လေးလီလီယံအပေါ် ဖြူစင်စွာဖြင့်’ဆိုတဲ့ စကားလုံးတွေ အမြဲပါနေသေးတော့ လီလီဘက်က မစဉ်းစားပဲ မနေနိုင်ဘူး၊ လီလီ ဘာလုပ်ရမလဲဆိုတာလည်း မဆုံးဖြတ်နိုင်တော့ဘူး၊ အဲဒီတော့ ရှင့်ဘက်က ပြတ်သားဖို့လိုတယ်၊ ရှင် ကျွန်မကို စိတ်ဝင်စားသေးသလား၊ စိတ်

www.burmeseclassic.com


မဝင်စားတော့ဘူးလား၊ အဲဒါကို ရှင်ဆုံးဖြတ်ရလိမ့်မယ်”

တစ်ဖက်က ငြိမ်ဆိတ်နေပါတယ်၊ တော်တော်ကြာမှ “ခရစ္စမတ်ပွဲတော် ရက်အတွင်းမှာ ကိုယ် ခွင့်နှစ်ပတ်လောက်ယူပြီး အဲဒီကိုလာခဲ့မယ်၊ အဲဒီအခါကျမှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့”တဲ့။

ကျွန်မ တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီး အရက်တစ်ခွက် ထပ်သောက်ပါတယ်။ ဒီကိစ္စကို ကျွန်မပြီးပြတ်အောင်လုပ်မှ ဖြစ်တော့မှာပါ။ ချက်ခြင်းပဲ အဝတ်အစားတချို့ကိုထည့်ပြီး ထွက်လာခဲ့ပါတယ်။ မီရာလေယာဉ်ပျံနဲ့ နယူးရောက်ကိုလိုက်လာခဲ့ပါတယ်၊ ရောက်တာနဲ့တစ်ပြိုင်နက် ဘင်ဆီကိုဖုန်းဆက်ပြီး အသိပေးလိုက်ပါတယ်။

သူ့အခန်းက ကျွန်မတည်းတဲ့ဟိုတယ်နဲ့ အတော်ကြီးဝေးပါတယ်၊ လမ်းသွယ်ငါးဆယ်လောက်ခြားပါတယ်။ နှင်းမုန်တိုင်းကလည်း ကျနေပါတယ်၊ ဒါပေမဲ့ မခံချင်စိတ်ကပြင်းထန်နေတော့ ညကြီးမင်းကြီး မုန်တိုင်းကြားမှာပဲ လမ်းလျှောက်လာခဲ့ပါတယ်။ နှင်းမုန်တိုင်းခဲတွေဟာ ကျွန်မမျက်နှာကို မနားတန်းရိုက်ခတ်နေပေမယ့် ကျွန်မ ဂရုမစိုက်ပါဘူး။

*“ဒီပွဲအတွက် ငါဟာ ပီလီကိုကြောရှင်းခဲ့ရတယ်၊ သူ ငါ့ကိုလက်ထပ်မှာပဲလို့လည်း ယုံကြည်ခဲ့တယ်၊ အခုတော့ သူက ငါ့ကို”*

ကျွန်မဟာ လှိုင်းထနေပါတယ်၊ ကျွန်မ သူ့တိုက်ခန်းထဲဝင်သွားတော့ သူ့ညီ ဂျိုးရဲ့လက်စ်ပါရောက်နေတာ တွေ့ရပါတယ်။ “အော် . . . ရှင်က ဥပဒေအကြံ ပေးကိုပါ ခေါ်ထားသကိုး”လို့ ကျွန်မက မလိုတမာသံနဲ့ ခပ်ငေါ့ငေါ့ပြောလိုက်ပါ တယ်။ ပြီးတော့ တစ်ဆက်တည်းပဲ “ကဲ . . . ဘယ်နေ့မှာလုပ်မလဲဆိုတာ သိချင်တယ်’ လို့ မေးလိုက်ပါတယ်။

ဘင်က သူ့ဆေးပြင်းလိပ်ကို မီးညှိနေတယ်၊ သူ့အစား ဂျိုးကဝင်ပြောပါတယ်၊ “ကဲ . . . ဘင် ခင်ဗျားက ရက်ပေးလိုက်လေ”တဲ့။

“ဒီကိစ္စ ရှင့်ကိစ္စမှမဟုတ်တာ၊ ဘင်ကိုယ်တိုင်ပဲ ပြောပါစေ”

အခန်းထဲမှာ တိတ်ဆိတ်သွားပါတယ်၊ ဘင်ဟာ ရုတ်တရက်အဖြေမပေးနိုင်ဘူး။ နောက်ဆုံးကျမှ “အင်း ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး”လို့ ရေရွတ်ပါတယ်၊ ကျွန်မ မျက်နှာကိုလည်း စိုက်ကြည့်နေပါတယ်။

“အမှန်တော့ မင်းဟာ ကမ္ဘာပေါ်မှာ အလှဆုံးမိန်းကလေးတစ်ယောက်လည်း မဟုတ်ဘူး၊ အထူးခြား အထက်မြက်ဆုံး မိန်းကလေးတစ်ယောက်လည်း မဟုတ်ဘူး၊ ဒါပေမဲ့ မင်းနဲ့ပတ်သက်လို့ ပြောရရင် နှာခေါင်းရှုံ့ပုံရှုံ့နည်းကိုပဲ ချစ်မိတာလား . . . ဒါမှမဟုတ်ရင် မင်းဒေါသဖြစ်နေတဲ့အခါ လုပ်ကိုင်နေတဲ့ အပြုအမူကို ချစ်မိတာလား . . . ။ အဲဒါတော့ ငါမပြောတတ်ဘူး၊ အေးလေ ထားပါတော့ . . . ။ ရက်ကို မင်းပဲသတ်မှတ်ပါ”

သူ့ဆီက ကျွန်မကြားရတဲ့စကားကတော့ အဲဒါပဲ၊ ကျွန်မကလည်း ချက်ခြင်းပဲ “မနက်ဖြန်လက်ထပ်ကြတာပေါ့”လို့ ပြောလိုက်တယ်။

သူ့ညီ ဂျိုးက ဒီကိစ္စကို သူစီစဉ်ပေးပါရစေလို့ အကြံပြုပါတယ်၊ နောက်

www.burmeseclassic.com



ဆုံးမှာတော့ ကျွန်မတို့ လက်ထပ်ရမဲ့ရက်ကို သတ်မှတ်လိုက်ပါတယ်၊ ရက်ကတော့ ‘၁၉၃၃ခုနှစ်၊ ဇန်နဝါရီလ(၂၉)ရက်ပါ’

□

ကျွန်မတို့ရဲ့ ထိမ်းမြားလက်ထပ်ပွဲနဲ့ပတ်သက်လို့ သတင်းစာတွေက သိက္ခာရှိရှိရေးကြပါတယ်၊ အထူးသဖြင့် တရားသူကြီးတစ်ဦးရဲ့ ဇနီးဖြစ်လာမဲ့ကျွန်မကို ‘တင်’ပြီးရေးခဲ့ကြပါတယ်။ နယူးရောက်မြို့ထုတ် ‘ဆန်းသတင်းစာ’ကဆိုရင် ‘နာမည်ကျော်ပြဇာတ်မင်းသမီးလည်းဖြစ် ရုပ်ရှင်မင်းသမီးလည်းဖြစ်သော မစ္စလီလီယံရှော့သ်နှင့် စည်ပင်သာယာတရားရုံးမှ တရားသူကြီးဘင်ဂျာမင်ရှဲလက်စ်တို့၏ စေ့စပ်ကြောင်းလမ်းခြင်းကို ထုံးစံအတိုင်း သတို့သမီး၏ မိခင်မစ္စက်ကက်သရင်းရှော့သ်က တရားသူကြီး၏ မွေးနေ့ပါတီပွဲတွင် ထုတ်ဖော်ကြေငြာခဲ့ခြင်းဖြစ်သည်’လို့ ရေးထားပါတယ်။

“လက်ထပ်မင်္ဂလာပွဲကို ဇန်နဝါရီလအတွင်း၌ ကျင်းပမည်ဖြစ်၍လက်ထပ်ပြီးပါက မစ္စရှော့သ်သည် ပြဇာတ်နှင့်ရုပ်ရှင်လောကကို လုံးဝစွန့်ခွာသွားတော့မည်ဖြစ်သည်”လို့လည်း ဆက်လက်ဖော်ပြခဲ့ပါတယ်။

ဘင်ကလည်း “မင်းနားလည်လိမ့်မယ်လို့ ထင်တယ်”လို့ အစချီပြီး “မင်းရဲ့ဘဝကို မင်းမေ့ပစ်ဖို့လိုလိမ့်မယ်”တဲ့။ ကျွန်မလည်းသိပါတယ်။ ကျွန်မအနေနဲ့ သာမန်မိန်းမတစ်ယောက်ရဲ့ဘဝကိုပဲ ရချင်ပါတယ်။ ဟိုးလီးဝုဒ်မှာနေရတဲ့ ရုပ်ရှင်မင်းသမီးဘဝဟာ ခုံမင်စရာမရှိပါဘူး၊ ကျွန်မကိုအဖော်လုပ်ပြီး ခေါ်ထုတ်သွားနေတဲ့ ယောကျ်ားတွေရဲ့ အကျင့်စရိုက်နဲ့ အရက်တွေသောက်ပြီး မူးရူးနေရတဲ့ စည်းလွတ်ဝါးလွတ်ဘဝတွေဟာ မြတ်နိုးတွယ်တာစရာမဟုတ်ပါဘူး။

အဲဒါကြောင့်လည်း ကျွန်မဟာ အမြင့်ဆုံးနေရာကို ရောက်နေပြီဖြစ်တဲ့ ကျွန်မရဲ့ ရုပ်ရှင်မင်းသမီးဘဝကို သံယောဇဉ်အမျှင်တန်းမနေတော့ဘဲ စွန့်လွှတ်ခဲ့တာပါ။ ဒီအချိန်က အင်မ်ဂျီအင်မ်ရုပ်ရှင်ကုမ္ပဏီကရော ပါရာမောင့်ကုမ္ပဏီကရော ဝါနာဘရားသားကုမ္ပဏီကပါ တစ်ပြိုင်ထဲလိုလို ကျွန်မကို ဇာတ်ကားကြီးတွေထဲမှာ ပါဝင်သရုပ်ဆောင်ဖို့ ကမ်းလှမ်းနေတဲ့အချိန်ပါ။

တကယ်တော့ သူတို့အားလုံးကို ကျွန်မ မငြင်းပယ်ရက်ပါဘူး။ ဒါပေမဲ့ ကျွန်မ ဝမ်းနည်းပက်လက်နဲ့ပဲ ငြင်းပယ်ခဲ့ရပါတယ်။

□

ကျွန်မတို့ရဲ့ ထိမ်းမြားမင်္ဂလာပွဲကို ဆဗွိုင်းပလာဇာဟိုတယ်မှာ အကြီးအကျယ်တခမ်းတနား လုပ်ခဲ့ပါတယ်။ ပြဇာတ်နဲ့ရုပ်ရှင်လောကကရော နိုင်ငံရေးနယ်ပယ်ကပါ ထင်ရှားတဲ့လူတွေ အများကြီးလာကြပါတယ်။ အားလုံးဧည့်ပရိသတ်တစ်ထောင်ရှိပါတယ်၊ အမေကတော့ ကျွန်မအတွက် မျက်ရည်စက်လက်နဲ့ပါ၊ ဒါပေမဲ့ ပျော်တော့ပျော်ပါတယ်။

www.burmeseclassic.com



အခမ်းအနားကို ညကိုးနာရီမှာ ပြီးဆုံးပါတယ်၊ ဆယ်နာရီကျတော့ ကျွန်မတို့ ဖလော်ရီဒါပြည်နယ်ကိုထွက်တဲ့ မီးရထားပေါ် ရောက်နေကြပါပြီ၊ ကျွန်မစိတ်ဟာ လှောင်ချိုင့်ထဲ သောပိတ်ခံထားရတဲ့လူလို ဖြစ်နေပါတယ်။ ဝီလီနဲ့လက်ထပ်တုန်းက လိုပါပဲ။ ကျွန်မအနေနဲ့ "ငါဘာတွေလုပ်မိပြန်ပြီလဲ၊ ဘာပြုလို့ အခုလိုလုပ်မိပြန်တာလဲ၊ ငါ သူ့ကိုချစ်တာလည်း မဟုတ်ဘဲနဲ့"စသည်ဖြင့် တွေးနေမိ ပြန်ပါတယ်။

ဘင်ကတော့ အိပ်ပျော်နေပါပြီ၊ ကျွန်မကတော့ အိပ်လို့မရပါဘူး၊ ည အမှောင်ထုကို ဖြတ်သန်းပြေးသွားနေတဲ့ မီးရထားပြတင်းပေါက်မှာထိုင်ပြီး အပြင်ကို တွေဝေငေးမောလာခဲ့ပါတယ်။ လကလည်း သာလိုက်တာအလွန်ပဲ၊ ကောင်းကင်တစ်ပြင်လုံးလည်း ကြည်လင်နေပါတယ်။ အချို့နေရာက တစ်လက်လက်တောက်ပနေတဲ့ ကြယ်တွေကိုလည်း မြင်နေရပါတယ်။ သေသွားတဲ့လူတိုင်းမှာ ကြယ်ကလေးတစ်ပွင့် ရတယ်တဲ့။ သူတို့အတွက် ကြည့်စရာနေရာလေးတစ်ခုအဖြစ် ပေးထားထာတဲ့။ ဒါဆိုရင် ဒေးဗစ်လည်း ရမှာပေါ့။ အခုလောလောဆယ် ဒေးဗစ်ဟာ ကျွန်မကိုများ ကြည့်နေမလား. . .။ သူ ဘာတွေများတွေးနေမလဲ. . .။

❒

ကျွန်မတို့မိုင်ယာမီကို ရောက်ပြီး ဒုတိယညမှာ ကျွန်မရဲ့ သေတ္တာကြီးထဲမှာ ဝှက်ထားတဲ့ အရက်ပုလင်းကို ထပ်တွေ့သွားပါတယ်။ သူက စစ်လားဆေးလား မေးလားမြန်လားလုပ်ပါတယ်။ ကျွန်မတစ်ယောက်ထဲ တိတ်တဆိတ်ကြိတ်ပြီး အရက်တွေ ခိုးသောက်မိနေတာကို ရိပ်မိသွားခဲ့ပါပြီ။

ကျွန်မကို အရက်တွေ အလွန်အကျွံမသောက်ဖို့ ဘင်ကတားပါတယ်။ ကျွန်မကလည်း မသောက်တော့ပါဘူးလို့ ကတိပေးပါတယ်။ ဒါပေမယ့် အချိန်တန်လို့ အခွင့်အခါသင့်လာတော့လည်း သောက်မိပြန်တာပါပဲ။ အထူးသဖြင့် မိုင်ယာမီမှာ ပြဇာတ်နဲ့ ရုပ်ရှင်လောကလူတွေ အတော်များများရှိပါတယ်။ ကျွန်မနဲ့ ခင်မင်ခဲ့ဖူးတဲ့လူတွေကများပါတယ်။ သူတို့လူစုနဲ့ ဆုံမိတော့လည်း ကျွန်မထိန်းလို့မရပြန်ပါဘူး၊ သောက်မိပြန်တာပါပဲ။

ကျွန်မနဲ့ဘင်ဟာ ဒီအရက်ကိစ္စကြောင့် အမြဲတစေရန်ဖြစ်ခဲ့ရပါတယ်။ ဟာဇာနားကို ရောက်ပြန်တော့လည်း ကျွန်မရဲ့အခြေအနေက ပြောင်းမသွားပါဘူး၊ ကျွန်မတို့နယူးရောက်ကိုအပြန် မီးရထားပေါ်ကျတော့ ဘင်က"ကိုယ်တို့အိမ်ထောင်ရဲ့ ရှေ့ခရီးကို ဒီလိုပဲသွားကြရတော့မှာလား ဘီဘီယံ၊ မင်း ဒီအရက်ကို အခုလိုပဲ ဆက်သောက်သွားတော့မှာလား" လို့ မေးပါတယ်။

ကျွန်မကတော့ ထုံးစံအတိုင်းပဲ၊ လွယ်လွယ်နဲ့ဝန်မခံပါဘူး"လီလီ ဘာတွေ များမှားနေလို့လည်း. . . အရက်ကို သိပ်များများလည်း မသောက်ပါဘူး၊ သောက်မိတော့လည်း အမှားအယွင်းမှ မလုပ်တာဘဲ၊ ကို စိတ်ပူတယ်ဆိုရင်လည်း ရပါတယ်၊ နယူးရောက်ကို ပြန်ရောက်ရင် လုံးဝမသောက်တော့ဘူးလို့ လီလီကတိပေးပါတယ်" လို့ ပြောပါတယ်။

www.burmeseclassic.com



တကယ်တော့လည်း ကျွန်မဟာ တရားသူကြီးတစ်ယောက်ရဲ့ဇနီး ပီသအောင် နေရမယ်မဟုတ်လား။ ပြီးတော့ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်သားသမီးတွေနဲ့ ချမ်းမြေ့တဲ့မိသားစုဘဝတစ်ခုကို တည်ဆောက်ရမယ် မဟုတ်လား။

ကျွန်မတို့တိုက်ခန်းဟာ နယူးရောက်မြို့တော်ရဲ့ နာမည်ကျော် 'ဗဟိုပန်းခြံ' ဘက် မျက်နှာပြုထားပါတယ်။ အင်မတန်မှ ရတောင့်ရခဲနေရာပါ။ တိုက်ခန်းကလည်း လှလှပပ ကျယ်ကျယ်ဝန်းဝန်းနဲ့ အင်မတန်မှ နေချင်စဖွယ်ရှိလှပါတယ်။ မိန်းမတစ်ယောက်အနေနဲ့ လိုချင်တပ်မက်တဲ့အရာရာတိုင်းကိုလည်း ကျွန်မပိုင်ဆိုင်ထားပါ တယ်။

ကျွန်မရဲ့လင်ယောကျ်ားဟာ အသက်လည်းငယ်ပါသေးတယ်၊ အဆင့်အတန်းလည်း မြင့်မားပါတယ်၊ အများကလေးစားရတဲ့ လူတစ်ယောက်ပါ၊ ပြီးတော့ လူချောလူလှပါ၊ ငွေကြေးကျတော့လည်း ကျွန်မဟာ ဘယ်သူ့ကိုမှ မှီခိုစရာမလိုပါဘူး၊ ကျွန်မပိုင်ငွေဟာ ဘဏ်ထဲမှာ သန်းချီပြီးရှိနေပါတယ်၊ အဲဒီတော့ ကျွန်မအနေနဲ့ တခြားမက်မောတွယ်တာစရာ ဘာများလိုသေးသလဲ၊ ဒါပေမဲ့ . . .

⊓

ကျွန်မဟာ အရက်ကို များများမသောက်ဘဲ မနေနိုင်ပါဘူး။ ဘင်မသိအောင် ခိုးသောက်နေတာပါ၊ အများအားဖြင့်တော့ ကျွန်မဟာ အရက်ပုလင်းတွေကို မီးဖိုခန်းထဲမှာ ဝှက်ထားပြီး အဲဒီထဲ မှာပဲသောက်တာပါ၊ ဒီလိုဆိုတော့လည်း ဘင့်အနေနဲ့ ဘယ်ရိပ်မိပါ့မလဲ။ ဒီကြားထဲမှာ ကျွန်မရဲ့အိပ်မပျော်တဲ့အဖြစ်ကိုလည်း သူမသိပါဘူး။ သူကတော့ အချိန်တန်ရင် စိတ်အေးနားအေးနဲ့ အိပ်မောကျသွားတာ ချည်းပဲ၊ ကျွန်မမှာကတော့ အိပ်ရာဝင် ရမှာကိုပဲ စိုးရိမ်ထိတ်လန့်နေပါတယ်။

အိပ်ပြီဆိုပြန်တော့လည်း အိပ်မက်ကမကောင်းပါဘူး၊ ဟိုတုန်းက ကြုံခဲ့ရဘူးတဲ့ ချောက်ခြားစရာအိပ်မက်တွေကို မက်နေတာပါပဲ၊ မက်သမျှအိပ်မက်တွေဟာ ကြောက်စရာ လန့်စရာတွေချည်းပါပဲ၊ တစ်ခါတစ်လေ အိပ်မက်မက်နေရာက ကယောင်ကတန်းနဲ့ အော်ဖို့အားထုတ်ပေမယ့် အော်လို့မရပါဘူး၊ အော်လို့မရတော့ အတင်းရုန်းကန်ပြီး ထဖို့ကြိုးစားပါတယ်၊ ရုတ်တရက် မရပေမဲ့ မမျှော်လင့်တဲ့အချိန်ကျမှ ဖြုန်းခနဲ လူးပ်ရှားလို့ရပါတယ်။

လှုပ်ရှားလို့ရပြန်တော့လည်း ကျွန်မတစ်ကိုယ်လုံး ဇောချွေးတွေပြန်နေပါတယ်။ နှလုံးခုန်ကလည်း မြန်လိုက်တာအလွန်ပဲ၊ လက်တွေ ခြေတွေကလည်း တုန်ယင်နေပါတယ်။ ကျွန်မအနေနဲ့ အိပ်ရာက ကပြာကရာထပြီး ရေချိုးခန်းထဲမှာ ဝှက်ထားတဲ့အရက်ပုလင်းဆီကို သွားရပါတယ်။ ကတုန်ကယင်လက်တွေနဲ့ အရက်ကို ငှဲ့ပြီး တစ်ခွက်ပြီးတစ်ခွက်သောက်ပါတယ်။ အဲဒီအခါကျတော့မှပဲ ကျွန်မအိပ်လို့ရပါတယ်။ အိပ်ပြီဆိုတော့လည်း ထိတ်လန့်စရာအိပ်မက်တွေဟာ ကျွန်မဆီရောက်မလာကြပါဘူး။ ရုန်းကန်လှုပ်ရှားနေရတဲ့အဖြစ်၊ အော်ဖို့ကြိုးစားနေရတဲ့ အဖြစ်တွေနဲ့လည်း နောက်ထပ်မကြုံရတော့ပါဘူး။

⊓

www.burmeseclassic.com



မိန်းမတစ်ယောက်အနေနဲ့ သားသမီးတစ်ယောက်လောက် ရချင်နေပေမယ့် မရနိုင်တော့ဘူးဆိုရင် သူ့ရဲ့ပြင်းပြတဲ့ဆန္ဒဟာ သူ့ကိုဒုက္ခပေးမဲ့ အစွဲအလန်းတစ်ခု ဖြစ်လာတတ်ပါတယ်၊ ကျွန်မဟာ သားလေး သို့မဟုတ် သမီးလေးတစ်ယောက်လို ချင်နေပါတယ်။ ကျွန်မမှာ ကလေးသာရှိရင် ကျွန်မရဲ့အချစ်ကို ကလေးအပေါ်မှာ အပြည့်အဝထားလို့ရမှာပဲလို့ ယုံကြည်နေပါတယ်။ ဒါဆိုရင် မလိုလားအပ်တဲ့အဖြစ်တွေကို ကျွန်မမေ့သွားမယ် မဟုတ်လား. . .။

သားလေးရရင် ဘင့်အဖေရဲ့နာမည်ကိုယူပြီး ချားလ်စ်လို့မှည့်မယ်၊ သမီးလေးမွေးရရင် ဘင့်အမေရဲ့နာမည်ကိုယူပြီး အင်နီလို့မှည့်မယ်၊ ဒါတွေဟာ ကျွန်မရဲ့ စိတ်ကူးတွေပါ၊ ဒါပေမဲ့ ကျွန်မတို့မှာ ကလေးမရပါဘူး၊ ဆရာဝန်တွေနဲ့တွေ့ပြီး လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပေမဲ့လည်း အလကားပါပဲ။ နောက်ဆုံးမှာတော့ ကျွန်မဟာ သားသမီးရဖို့ အရေးကို မတွေးတော့ပါဘူး၊ စိတ်နှလုံးဒုံးဒုံးချပြီး လက်လျှော့လိုက်ပါတယ်။

ကျွန်မအနေနဲ့ အလုပ်လုပ်စရာ ဘာမှမရှိတဲ့အဖြစ်မျိုးနဲ့ ရင်ဆိုင်နေရပါတယ်၊ ဒါ့ကြောင့်မို့ မိခင်တစ်ယောက်လို ပြုစုစောင့်ရှောက်ပေးရရင် ကောင်းမှာပဲလို့ တွေးမိပါတယ်။ မကြာခင်မှာပဲ ကျွန်မဟာ မိဘမဲ့ကလေးတွေကို ဖိတ်ပြီး အိမ်မှာ ပါတီပွဲကလေးတွေ လုပ်ပေးတဲ့အလုပ်ကို ရလာခဲ့ပါတယ်။ သူတို့ကို ကျွေးရမွေးရတာ ကစားစရာအရုပ်ကလေးတွေ ပေးရတာဟာ ပျော်စရာလည်းကောင်း စိတ်ချမ်းသာစရာလည်းကောင်းပါတယ်။ တစ်ခါတလေမှာတော့ တိရိစ္ဆာန်ရုံတို့ ဆပ်ကပ်တို့လိုက်ပြပေးပါတယ်။

ဒီလိုနဲ့ပဲ ကျွန်မဟာ 'ချာလန်နာလိဂ်'လို့ နာမည်ပေးထားတဲ့ ကလေးသူငယ်များစောင့်ရှောက်ရေးဆိုင်ရာ လူမှုရေးအသင်းတစ်သင်းကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါတယ်။ အသင်းအနေနဲ့ ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ရန်ပုံငွေကို နည်းအမျိုးမျိုးနဲ့ ရှာဖွေခဲ့ကြပါတယ်။ အောင်မြင်မှုလည်း ရရှိခဲ့ပါတယ်။ ဒီအသင်းဟာ နှစ်အနည်းငယ်လောက် တည်တန့်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ပြဿနာက ရှိလာခဲ့ပါတယ်။

အသင်းဝင်တစ်ချို့က ကျွန်မကို နိုင်လိုမင်းထက်လုပ်တယ်လို့ စွပ်စွဲလာကြပါတယ်။ သူတို့စွပ်စွဲတာ မှန်ချင်လည်းမှန်ပါလိမ့်မယ်၊ ဘာ့ကြောင့်လည်းဆိုတော့ ကျွန်မက အလုပ်ကို ပြင်းပြင်းထန်ထန်လုပ်တတ်ပါတယ်၊ အဲဒီအခါမှာ ပြောမှားဆိုမှားရှိချင်လည်း ရှိနိုင်ပါတယ်။ နောက်တစ်ချက်ကတော့ အစည်းအဝေးလုပ်တဲ့နေ့ဆိုရင် ကျွန်မဟာ အရက်ကိုတော်တော်များများ သောက်လေ့ရှိပါတယ်။ အရက်အရှိန်နဲ့ အလုပ်မှား အကိုင်မှားဆိုတာလည်း ရှိတတ်လာတာပဲ မဟုတ်လား။

ကျွန်မ သီးမခံနိုင်တဲ့စွပ်စွဲချက်တစ်ခုကတော့ အခြားမဟုတ်ပါဘူး၊ ကျွန်မ ဒီအလုပ်ကို လုပ်နေတာဟာ ကျွန်မကိုယ်ကျွန်မ နာမည်ကြီးအောင်လုပ်နေတာဆိုတဲ့ စွပ်စွဲချက်ပါ။ သူတို့ ဘယ်လိုပဲစွပ်စွဲ စွပ်စွဲ ကျွန်မဟာ ရန်ပုံငွေရှာတဲ့နေရာမှာ ထိပ်ဆုံးနေရာမှာရှိနေပါတယ်။ ဒါ့ကြောင့်မို့လည်း တကယ်တန်း အသင်းက ထွက်မယ်လို့ လုပ်တိုင်း ကျွန်မကို ဝိုင်းတားကြတာပါ။

www.burmeseclassic.com



နောက်ဆုံးဖြစ်လာတာကတော့ ဆောင်းတွင်းတစ်တွင်းမှာ အသင်းရဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင်အများစုဟာ ဖလော်ရီဒါပြည်နယ်ဘက်ကို ခရီးထွက်နေကြပါတယ်။ ကျွန်မက နယူးရောက်မှာကျန်ခဲ့တဲ့ လူနည်းစုတစ်စုကိုခေါ်ပြီး အစည်းအဝေးလုပ်ပါတယ်။ ကလေးတွေအတွက် အရေးတကြီးလိုအပ်နေတဲ့ ရှူးဖိနပ်နဲ့ အနွေးထည်ဝယ်ဖို့ ရန်ပုံငွေထဲက ဒေါ်လာငွေတစ်ထောင်သုံးဖို့ အများသဘောတူ ဆုံးဖြတ်ပြီး သုံးစွဲခဲ့ပါတယ်။

ခရီးထွက်သွားကြတဲ့ အမှုဆောင်တွေပြန်ရောက်လာတဲ့အခါမှာတော့ ကျွန်မ ကို ဝိုင်းဝန်းပြီးအပြစ်ဆိုကြပါတယ်။ သူတို့မရှိတုန်းမှာ ဒီငွေကိုသုံးစွဲပိုင်ခွင့် မရှိဘူးလို့ လည်း ဝေဖန်ကြပါတယ်။ ကျွန်မရဲ့ရင်ထဲမှာ ထိခိုက်ခဲ့ရပါတယ်။ သူတို့ကို ဘာမှ ပြန်ပြောမနေတော့ပဲ အသင်းက ထွက်ပစ်လိုက်ပါတယ်။

"ကျွန်မဟာ ဘယ်သူနဲ့မှ တွဲပြီးအလုပ်လုပ်လို့ မရတော့ဘူးလား၊ ကျွန်မ ဘာပဲလုပ်လုပ် အမြဲတစေ အဆင်မပြေဖြစ်နေတော့မှာလား. . . အဲဒီအတွေးတွေ ကတော့ ကျွန်မရဲ့စိတ်ကို အများကြီးအနှောက်အယှက် ပြုနေခဲ့ပါပြီ။

❒

ကျွန်မ ချာလန်နာလိဂ်အသင်းရဲ့ ကိစ္စတွေနဲ့ အလုပ်များနေချိန်ကဆိုရင် ကျွန်မဟာ နေ့ခင်းဘက်မှာ ဘီယာသောက်ပါတယ်။ ညပိုင်းကျတော့ အရက်ကို ခပ်များများသောက်ပါတယ်၊ ဒီလိုနဲ့ပဲ ကြာလာတော့ ကျွန်မရဲ့အာရုံကြောတွေက အရက်ကို ပိုပိုပြီးသောက်ဖို့ တောင်းဆိုလာကြပါတယ်။ အရင်ကလို မနက်ပိုင်းမှာ ဘီယာသောက်ရုံနဲ့ မရတော့ပါဘူး။ အရက်တစ်ခွက် တစ်ဖလားသောက်လိုက်မှ တင်းတိမ်တဲ့အခြေအနေကို ရောက်လာပါတယ်။

ကျွန်မအတွက်တော့ ဒီနည်းဟာ သိပ်ကိုအဆင်ပြေပါတယ်၊ အိပ်ရာက နိုးတာနဲ့တစ်ပြိုင်နက် အရက်တစ်ခွက်နှစ်ခွက်လောက် မော့ပြီးမှ မနက်စာကို စားပါတယ်၊ တစ်နေ့မွန်းလွဲပိုင်းမှာတော့ ကျွန်မဟာ ရှသ်ဘန်းစတိန်းနဲ့အတူ ငါးလမ်းဘက် ထွက်ပြီး ဈေးဝယ်ပါတယ်၊ စတိုးဆိုင်ကြီးတစ်ဆိုင်ထဲရောက်တော့ ကောင်တာတစ်ခု ရှေ့မှာရပ်ပြီး မှန်ထဲမှာပြထားတဲ့ လက်ကောက်လှလှလေးတွေကို ကြည့်နေပါတယ်။

အဲဒီတုန်းမှာပဲ ကျွန်မမျက်စိထဲမှာ တစ်ဆိုင်လုံး ချာချာလည်နေပါတယ်။ ကျွန်မရဲ့ နဖူးထက်က ချွေးသီးချွေးပေါက်တွေဟာ ကောင်တာပေါ်ကို တစ်ပေါက်ပေါက်ကျနေပါတယ်။ တစ်ကိုယ်လုံးလည်း တုန်ယင်နေပါတယ်။ ဒူးတွေလည်း အားဆုတ်သွားသလိုဖြစ်ပြီး ကွေးညွတ်နေကြပါတယ်၊ ကျွန်မကိုယ်ကျွန်မ မဟာန်နိုင်တော့တဲ့အတွက် ရှသ်ကို လက်နဲ့ဆွဲပြီး မှီထားရပါတယ်။

"လီလီကို အပြင်ဘက်ခေါ်သွားပေးပါ"

အပြင်ရောက်တော့ ဆိုင်မျက်နှာစာကို ကျောနဲ့မှီပြီး ရပ်နေပါတယ်။ အပြင်ဘက်မှာ တိုက်ခတ်နေတဲ့လေကြောင့် ကျွန်မဟာ အသက်ရှူမှန်လာပါတယ်။ ကျွန်မက "ခံရတာ အတော်ကိုဆိုးတာပဲ။ အစားမှားလို့ထင်ပါရဲ့"လို့ ရေရွတ်မိပါ တယ်။

www.burmeseclassic.com

BURMESE CLASSIC .com

နောက်မိနစ်အနည်းငယ်ကြာတော့ ကျွန်မတို့ဟာ အခြားဆိုင်တစ်ဆိုင်ထဲကို ရောက်သွားပါတယ်။ မကြာခင်မှာပဲ စောစောကဖြစ်သလို ဖြစ်လာပြန်ပါတယ်။

ရှုသ်က ကျွန်မကိုတွဲပြီး ဆိုင်အပြင်ကိုထုတ်သွားပါတယ်။ လမ်းပေါ်မှာ ရှိနေတဲ့လူတွေနဲ့ မော်တော်ကားတွေဟာ ကျွန်မဆီစုပြုံပြီး ပြေးလာနေတယ်လို့ ထင်ရပါတယ်။ ရှုသ်က အငှားကားတစ်စီးလှမ်းခေါ်ပြီး ကျွန်မကို ကားပေါ်တင်ပေးပါတယ်။ ပြီးတော့"ဆေးခန်းကိုပို့ပေးရမလား"လို့ စိုးရိမ်တကြီးနဲ့ မေးပါတယ်။

"မပို့ပါနဲ့ရပါတယ်၊ ရေတစ်ခွက်လောက် သောက်ချင်တယ်"လို့ ကျွန်မက ပြန်ပြောပါတယ်။

ကျွန်မတို့ခဗျီး ပြောနေကြစကားကိုကြားတော့ ဒရိုင်ဘာက ကားကို အရက်ဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်ပေးပါတယ်။ အရက်ရောင်းတဲ့လူက ကျွန်မကို တစ်ချက် လှမ်းကြည့်ပါတယ်။ ရှုသ်က ရေတစ်ခွက်ပေးပါလို့ တောင်းတော့ အရက်ရောင်းတဲ့လူက "ရေသောက်လို့ဘယ်ရမလဲ၊ အရက်တစ်ခွက်လောက် သောက်မှ ရမှာ"လို့ ပြောပြီး ကပျာကယာ အရက်တစ်ခွက်ငှဲ့ပေးပါတယ်။ အရက်ဖန်ခွက်ကို ကိုင်ထားတဲ့ ကျွန်မရဲ့လက်ဟာ အပြင်းအထန် တုန်ယင်နေပါတယ်။ ရှုသ်က ဖန်ခွက်ကို ကိုင်ပြီး ကျွန်မသောက်နိုင်အောင် ထိန်းပေးပါတယ်။ အရက်ရောင်းတဲ့လူက ကျွန်မကို ကြည့်နေပါတယ်။ "အခုလို ခဏခဏ ဖြစ်သလား"လို့ လှမ်းမေးပါတယ်၊ ကျွန်မက ခေါင်းခါပြတော့"ဒါအစပဲ နောင်ကို အရက်တစ်ခွက်နှစ်ခွက် ကြို မသောက်ထားရင် မရတော့ဘူး"လို့ ပြောပါတယ်။

ကျွန်မသဘောပေါက်သွားပါပြီ။ အရက်မပါဘဲ ကျွန်မ အိမ်ပြင်ကို ထွက်လို့ မရနိုင်တော့ပါဘူး။ ခန္ဓာကိုယ်ရဲ့တောင်းဆိုချက်တွေက တိုးတက်လာနေပါပြီ။ ကျွန်မ အနေနဲ့ အရက်ကို မကြာခဏသောက်ပေးနေရမဲ့ သဘောဖြစ်လာပါပြီ။ ကျွန်မက သောက်ချင်လွန်းလို့ မဟုတ်ပါဘူး။ ကျွန်မရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိနေကြတဲ့ အာရုံကြော တွေက တောင်းခံနေလို့ သောက်ရမှာပါ။ တရားသူကြီးတစ်ယောက်ရဲ့ ဇနီးဖြစ်နေတဲ့ ကျွန်မဟာ သွားရင်းလာရင်းနဲ့ အရက်ဆိုင်ထဲ ဝင်လို့ကောင်းပါ့မလား. . .။ ကျွန်မ လမ်းထွက်ရင် အရက်ပုလင်းကိုယူသွားမှ ဖြစ်တော့မှာပါ။ အဲဒီနေ့မှာပဲ ကျွန်မဟာ ဆေးဆိုင်တစ်ဆိုင်က ပုလင်းလွတ်တစ်လုံးဝယ်ပြီး အရက်ထည့်လာခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အဲဒီအရက်ပုလင်းလေးကို ကျွန်မရဲ့လက်ကိုင်အိတ်ထဲမှာ အမြဲထည့် ထားပါတယ်။

ဘယ်နေရာကိုပဲရောက်ရောက် လူသူလေးပါးမမြင်နိုင်တဲ့ နေရာတစ်နေရာမှာ သွားပြီးအရက်ကို သောက်ထားရပါတယ်။ အများအားဖြင့်တော့ အမျိုးသမီးအိမ်သာတွေဟာ ကျွန်မအရက်သောက်တဲ့ နေရာတွေပါပဲ။ ပထမတော့ ကျွန်မ ဆောင်ထားရတဲ့ အရက်ပုလင်းဟာ နှစ်အောင်စပုလင်းပါ။ နောက်ပိုင်းကျတော့ ခြောက်အောင်စပုလင်းဖြစ်လာပါတယ်။ အဲဒီနောက်တော့ ကျွန်မဘယ်ကိုပဲသွား သွား အရက်ပုလင်းတစ်လုံးကို လက်ဆွဲအိတ်ထဲ ထည့်သွားနေရတဲ့အဖြစ်ကို ဆိုက် ရောက်ခဲ့ရပါတယ်။

❐

www.burmeseclassic.com


"သမီးလီလီယံ သမီးအရက်တွေသောက်နေသလား"

တစ်ရက်မှာ အမေက ကျွန်မကိုမေးတဲ့ မေးခွန်းပါ၊ အမေနဲ့ဘင်ဟာ ကျွန်မရဲ့အဖြစ်ကို အတိအကျမသိကြသေးပါဘူး၊ နေ့စဉ်ဘယ်လောက်များများ သောက်နေတယ်ဆိုတာလဲ မသိကြပါဘူး။ ဒါပေမဲ့ ကျွန်မအခြေပျက်နေတယ်ဆိုတာ ကိုတော့ သူတို့ရိပ်မိကြပါတယ်။

ကျွန်မကတော့ ထုံးစံအတိုင်းပဲ အမေ့မေးခွန်းကို အမှန်အတိုင်း မဖြေပါဘူး။ "မပူပါနဲ့အမေရယ်၊ သမီး စည်းမဲ့ကမ်းမဲ့ မသောက်ပါဘူး။ မသောက်ဘဲလဲ နေလို့ရတယ်"လို့ စိတ်မရှည်တဲ့လေသံနဲ့ ပြန်ပြောပါတယ်။

တစ်ရက်မှာ ကျွန်မဟာ ကျွန်မယောင်းမ အက်စတယ်လာနဲ့အတူ ဆယ် လမ်းအတိုင်း ကားနဲ့ပြန်လာကြပါတယ်။ ကျွန်မက ဘာ့ကြောင့်မှန်းတော့မသိဘူး "အက်စတယ်လာရယ် နေရထိုင်ရတာ ကိုယ်မပျော်ဘူး၊ ကိုယ့်ဘဝဟာ ဘာမဆို လိုတာရနေတဲ့ဘဝပါ။ ဒါပေမဲ့ တစ်နေ့ကျရင် ကိုယ်ဟာ သိပ်ဆင်းရဲသွားလိမ့်မယ်လို့ ထင်နေမိတယ်။ ကိုယ့်အနားမှာ ဘယ်သူမှလဲမရှိဘူး။ ကိုယ်ဟာ ကြောက်စရာအလွန် ကောင်းတဲ့ အဖြစ်ဆိုးကြီးတစ်ခုနဲ့ ရင်ဆိုင်နေရတယ်။ တကယ်လို့များ ကိုယ့်လက် ထဲမှာ ငွေကြေးတစ်ပြားတစ်ချပ်မှ မရှိတော့လောက်အောင် ဆင်းရဲသွားရင် ကိုယ် ဘယ်လိုလုပ်ရမလဲ။ ကိုယ့်အမေကော ဘယ်လိုဖြစ်သွားမလဲ" စသည်ဖြင့် စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောပြမိတယ်။

"ကိတ်မုန့်တွေကို လက်နှစ်ဖက်နဲ့ကိုင်ထားပြီး ငိုနေတာဟာ အဓိပ္ပါယ်ရှိပါ့ မလား လီလီရယ်"လို့ သူက ကျွန်မအဖြစ်ကို အံ့သြနေတဲ့လေသံနဲ့ ပြန်ပြောပါတယ်။

ကျွန်မအနေနဲ့ အရက်ကိုသောက်ချင်တဲ့အချိန်မှာ သောက်ပြီး မသောက် ချင်တဲ့အချိန်မှာ ရပ်ထားနိုင်ဘို့ ကြိုးစားကြည့်ပါတယ်။ တစ်ကြိမ်မှာ ကျွန်မဟာ အရက်ကိုမသောက်ဘဲ ရပ်ထားပါတယ်။ ပထမတစ်ရက်နှစ်ရက်မှာတော့ အဆင် ပြေတာပဲ။ တတိယနေ့ကျတော့ ကျွန်မဟာ ကျွန်မရဲ့တိုက်ခန်းထဲမှာ ခေါက်တုံ့ခေါက် ပြန် လမ်းသလားနေပါတယ်။ ငြိမ်ငြိမ်ထိုင်နေလို့ မရပါဘူး။ "ဘာပြုလို့ ငါ ဒီလောက် အထိ မငြိမ်မသက်ဖြစ်နေရတာလဲ"လို့ ကိုယ့်ဖာသာကိုယ် ပြန်မေးမိပါတယ်။ ကျွန်မ ဟာ နှုတ်ခမ်းတွေကို တအားကိုက်ပြီး တုန်ယင်နေတဲ့ခန္ဓာကိုယ်ကို သတိထားပြီးထိန်း ကြည့်ပါတယ်။ လုံးဝမရပါဘူး။

"ဘယ်လိုဖြစ်တာလဲ၊ ငါ့စိတ်ကို ငါမနိုင်တော့ဘူးလား"လို့ ကိုယ့်ဖာသာ ကိုယ် ပြန်မေးမိပါတယ်။ ကုလားထိုင်ပေါ် သွားထိုင်ကြည့်တော့လည်း ငြိမ်ငြိမ်ထိုင်လို့ မရပါဘူး။ တစ်ကိုယ်လုံး တုန်နေဆဲပဲ၊ တဖြည်းဖြည်းနဲ့ ကျွန်မရဲ့ တစ်ကိုယ်လုံး ယားလာပါတယ်။ ကိုယ်ပေါ်မှာ ပိုးကောင်သေးသေးလေးတွေ ရှုစိရှုစိနဲ့ လျှောက် သွားတာခံနေရသလိုပါပဲ။ ကျွန်မရဲ့တစ်ကိုယ်လုံးကိုရော ပေါင်တွေနဲ့ခြေထောက်တွေ ကိုပါ တအားထုရိုက်ကြည့်ပါတယ်။ နောက်ဆုံး တစ်ကိုယ်လုံးနေရာအနှံ့ လက်သည်း တွေနဲ့ သွေးထွက်လာတဲ့အထိ လုပ်ကြည့်ပါတယ်။ မရပါဘူး။

ကျွန်မ ရူးသွားတော့မှာလားလို့ တွေးမိပါတယ်။ ကျွန်မ ခံစားနေရတဲ့ အဖြစ်ကို ကျွန်မ မခံနိုင်အောင် ဖြစ်လာရပါတယ်။ ကျွန်မဟာ ကျွန်မတို့အိပ်ခန်းနံရံက

www.burmeseclassic.com



မှန်ပြတင်းကို လက်နှစ်ဖက်နဲ့ တအားထိုးခွဲလိုက်ပါတယ်။ ကျွန်မရဲ့လက်ဖဝါးတွေဟာ သွေးတွေနဲ့ရဲနေပါတယ်။ နာကျင်မှုကလည်း စူးရှပြင်းထန်လှပါတယ်။ ဒီနာကျင် မှုဟာ ကျွန်မရဲ့ ကြောက်လန့်မှုတွေ ချောက်ခြားမှုတွေကို မောင်းထုတ်နိုင်ကောင်း ပါရဲ့. . .။

⊓

ကျွန်မ လက်မြှောက်အရှုံးပေးလိုက်ပါတယ်။
ကျွန်မမသောက်ချင်တဲ့အရက်ကို သောက်ရပြန်ပါပြီ။

⌝⌝⊓

www.burmeseclassic.com

## အခန်း[၁၃]

ဘင်နဲ့ ပေါင်းသင်းနေထိုင်ခဲ့ရတဲ့ နှစ်တွေအတွင်းမှာ ကျွန်မအဖို့ ပျော်ရွှင်ကြည်နူးစရာကလေးတွေနဲ့လည်း ကြုံခဲ့ရပါတယ်။ အကြည်နူးဆုံးအချိန်ကတော့ ကျွန်မတို့နေတဲ့ တိုက်ခန်းအဆောက်အဦမှာ အမေ့အတွက် အခန်းကလေးတစ်ခန်း ငှားပေးခဲ့တဲ့အချိန်ပါ။ အဲဒီအခန်းကလေးမှာ အမေရောက်လာတဲ့အတွက် သားအမိနှစ်ယောက် နီးနီးကပ်ကပ်နေခွင့်ရလာခဲ့ပါတယ်။

နောက်တစ်ခုကတော့ အမေ့ရဲ့မွေးနေ့မှာ အမေ ပြင်သစ်နိုင်ငံကို အလည်အပတ်ခရီးသွားနိုင်ဖို့ ဒေါ်လာငွေတစ်သောင်းတန် ချက်လက်မှတ်ပေးခဲ့တဲ့ အချိန်ပါ။ ချက်လက်မှတ်ပေးလိုက်တော့ အမေဟာ သိပ်ပြီးအံ့အားသင့်သွားပါတယ်။ ပြီးတော့ သိပ်ပြီးဝမ်းသာပျော်ရွှင်သွားပါတယ်။ ကျွန်မအနေနဲ့ အမေဝမ်းသာရွှင်လန်းနေတာကို ကြည့်ပြီး အတိုင်းအဆမသိနိုင်အောင် ကြည်နူးခဲ့ရပါတယ်။

ကျွန်မအနေနဲ့ ရုပ်ရှင်လောကထဲကို ခဏတစ်ဖြုတ် ပြန်လည်ဝင်ရောက်ခွင့်ရတဲ့အချိန်ကလည်း အလွန်ကိုဝမ်းသာခဲ့ရပါတယ်။ ပထမဆုံးရလာတဲ့ ကမ်းလှမ်းချက်ကတော့ 'စွန့်စားစမ်းပါ'ဆိုတဲ့ ရုပ်ရှင်ကားမှာ ပါဝင်ရိုက်ကူးဖို့ပါ၊ ဘရော့ဒ်ဝေးမှာ ပြဇာတ်အဖြစ် စင်တင်ခဲ့စဉ်က အလွန်လူကြိုက်များခဲ့တဲ့ ဇာတ်ပါ။ ရုပ်ရှင်မှာ မင်းသား'အီသယ်လ်မာမင်း'က အဓိကသရုပ်ဆောင်မှာပါ။ ဇာတ်ကားကို အက်စ်တိုးရီးယားမှာ ရိုက်ကူးမယ်လို့ဆိုပါတယ်။

www.burmeseclassic.com

BURMESE CLASSIC .com

ကျွန်မက ဘင့်ဆီမှာခွင့်တောင်းတော့ သူက အင်တင်တင်ဖြစ်နေပါတယ်။ "လီလီအတွက် သေရေးရှင်ရေးလောက် အရေးကြီးတဲ့ကိစ္စပါ ဘင်ရယ်"လို့ ကျွန်မက ပြောပါတယ်။ "လီလီမှာ လုပ်စရာအလုပ်ကလေးတစ်ခုတော့ ရှိမှဖြစ်မှာ လုပ်စရာ အလုပ်ရှိနေရင် လီလီအရက်မသောက်ဖြစ်ဘူးဆိုတာ ဘင်သိတယ်မဟုတ်လား"

ကျွန်မစကားကို ဘင်က လက်ခံခဲ့ပါတယ်။ ရုပ်ရှင်ရိုက်တဲ့အခါ ကျွန်မရဲ့ မိတ်ကောင်းတွေဖြစ်တဲ့ 'ဘတ်ဒီရိုဂျာစီ၊ ဂျင်မီဒန်း၊ ဂွန်နိုက်၊ လီလီယံဘွန်း၊ ကလစ်ဖ် အဒ်ဝပ်'တို့နဲ့ ဆုံမိခဲ့ပါတယ်။ ဒီဇာတ်ကားမှာ ကျွန်မရဲ့သီချင်းနှစ်ပုဒ်ဟာ ပရိသတ် အကြိုက်ဆုံးသီချင်းတွေ ဖြစ်လာခဲ့ပါတယ်။ ဇာတ်ကားကို ဝါရှင်တန်ဒီစီမှာ ရုံတင် တော့ ကျွန်မကိုယ်တိုင် ပရိသတ်ကို သီချင်းဆိုပြီး ဖြေဖျော်ခဲ့ရပါတယ်။ ကျွန်မနဲ့အတူ အမေလည်းလိုက်လာတာမို့ ဟိုအရင်တုန်းကလိုပဲ ပျော်ခဲ့ရပါတယ်။

အဲဒီတုန်းက သီတင်းတစ်ပတ်လုံးလုံး ကျွန်မအရက်မသောက်ခဲ့ပါဘူး၊ ကျွန်မအနားမှာ ဘင်မရှိပါဘူး၊ အမေနဲ့ကျွန်မ နှစ်ယောက်ထဲပဲ၊ ကျွန်မဟာ အမေနဲ့ နေရရင် သိပ်ကိုပျော်တယ်မဟုတ်လား။

ကျွန်မတို့သားအမိ နယူးရောက်ကို ပြန်လာခဲ့ကြပါတယ်။

ရောက်တဲ့နေ့မှာပဲ ကျွန်မဟာ အခန်းထဲမှာထိုင်နေတယ်။ မွန်းလွဲပိုင်း သုံးနာရီထိုးနေပါပြီ၊ ကျွန်မ ဘင်ရုံးက ပြန်အလာကိုစောင့်နေတာပါ၊ ကျွန်မ မရှိတုန်း ရောက်နေတဲ့စာတွေကို ဖတ်ပြီးပါပြီ၊ မဂ္ဂဇင်းတွေကို ဟိုလှန်သည်လှန် လုပ်နေပါ တယ်။ အရင်က ကတုန်ကရင်ဖြစ်တတ်တဲ့ဝေဒနာ ဝင်လာပါတယ်။

အရက်ကို သောက်ချင်စိတ်တော့ မရှိပါဘူး၊ ဒါပေမဲ့ နေရတာပျင်းချောက် ချောက်နဲ့၊ တစ်ခုခုလိုနေသလိုပဲ၊ စိတ်ကလေးလံထိုင်းမှိုင်းနေတယ်။ ဘင်ပြန်ရောက် လာရင် ပျော်ပျော်ရွှင်ရွှင်နဲ့ ဆီးကြိုချင်တယ်။ စိတ်ကိုလည်း သက်တောင့်သက်သာ ဖြစ်နေချင်တယ်။

ကျွန်မ ရေချိုးခန်းထဲဝင်သွားပြီး ဝှက်ထားတဲ့အရက်ပုလင်းကို ထုတ်ယူပါ တယ်။ သောက်မိပြန်ပါပြီ၊ ဘင်ပြန်ရောက်လာတော့ ငါးနာရီထိုးပြီ၊ ကျွန်မ ပက်လက် ကုလားထိုင်ပေါ်မှာ ရီဝေဝေမျက်လုံးတွေနဲ့ ထိုင်နေပါတယ်။

ဘင်က ကျွန်မကို ငုံ့ကြည့်နေပါတယ်၊ "မင်း ဟိုမှာနေခဲ့တဲ့တစ်ပတ်လုံး လုံး ဒီပုံစံအတိုင်းပဲ နေခဲ့တယ်ဆိုပါတော့"လို့ ပြောတယ်။

"အမေ့ကိုမေးကြည့်ပါ၊ လီလီအရက်သောက်တာ နှစ်ရက်ပဲရှိခဲ့ပါတယ်"

"မင်းဘာပြုလို့ အခုလိုလုပ်ရတာလဲ လီလီရယ်"လို့ ဘင်က စိတ်မကောင်း ဖြစ်သံနဲ့ မေးပါတယ်။

အခုလိုဆိုပြန်တော့လည်း ကျွန်မ ဝမ်းနည်းပက်လက်ငိုမိပါတယ်၊ နောင်တ လည်း ရမိပြန်ပါတယ်။ "ဘာပြုလို့ အခုလိုလုပ်နေမိတယ်ဆိုတာ၊ လီလီမသိဘူး"လို့ ပြောမိပါတယ်။ "ဒီအလုပ်မျိုးကို နောက်ထပ်မလုပ်တော့ပါဘူးလို့ လီလီကတိပေး ပါတယ်. . . ဘင်ရယ်"

❐

www.burmeseclassic.com


ဒါပေမဲ့ ကျွန်မက အရင်ကလိုခွေးမြီးကောက်ကျည်တောက်စွပ် အဖြစ်မျိုး ပါပဲ၊ ဘင် ရုံးကပြန်လာရင် ကျွန်မအရက်သောက်ထားတာနဲ့ ကြုံရစမြဲပါ၊ ကြုံရပါ များလာတော့လည်း ဘင်ဟာ စိတ်မရှည်ဖြစ်လာပါတယ်။ တစ်ခါတလေကျရင် ကျွန်မကို လုံးဝကြည့်လည်းမကြည့် စကားလည်းမပြောပဲ နေတတ်ပါတယ်။ အဲဒီ အခါကျပြန်တော့လည်း ကျွန်မက "လီလီမှားပါတယ်၊ နောက်မလုပ်တော့ပါဘူး"ဆို တဲ့စကားမျိုးပြောပြီး ကျွန်မကို စကားပြောလာအောင် ကြိုးစားနေပါတယ်။

တစ်ရက်မှာတော့ ကျွန်မအရက်သောက်ထားတာနဲ့ ကြုံရလို့ ဘင်ဟာ ကျွန်မကို လုံးဝစကားမပြောပဲ ထိုင်နေပါတယ်။ သိပ်ကြာလာတော့ ကျွန်မ သီးမခံနိုင် အောင် ဖြစ်လာပါတယ်။

"လီလီကိုခွင့်လွှတ်ပါ၊ လီလီတောင်းပန်ပါတယ်"လို့ ကျွန်မက ပြောပါ တယ်။

သူဟာ သတင်းစာဖတ်နေရာက ကျွန်မကို ငဲ့တောင်မှမကြည့်ပါဘူး၊ "ညစာ အဆင့်သင့်ဖြစ်ပြီလား"လို့ မေးပါတယ်။ ညစာစားချိန်မှာလည်း တစ်ချိန်လုံး စကား မပြောပါဘူး၊ ညစာစားပြီးလို့ ဧည့်ခန်းထဲပြန်ထိုင်ကြတော့လည်း စကားမပြောပါဘူး။

"လီလီတောင်းပန်ပါတယ်. . . ဘင်ရယ်၊ လီလီကိုခွင့်လွှတ်ပါ" ဘာမှပြန် မပြောပါဘူး။

"လီလီကို ဘာပြုလို့စကားမပြောတာလဲ. . . ဘင်ရယ်" ဘာသံမှမကြား ရပါဘူး။

"နောက်ထပ် ဒါမျိုးမဖြစ်စေရပါဘူး၊ ဘင်ရယ်. . . တောင်းပန်ပါတယ်" နှုတ် ဆိတ်နေတာပါပဲ။

ကျွန်မ သီးမခံနိုင်တော့ပါဘူး။

"ရှင် ဒီလိုလုပ်နေရင် ကျွန်မကိုယ်ကျွန်မ သတ်သေလိုက်မယ်"လို့ အော်ပါ တယ်။

တစ်ညမှာတော့ အဲသလို အဖြစ်မျိုး ကြုံနေရတဲ့ကျွန်မဟာ ရေချိုးခန်းထဲ ဝင်သွားပြီး ဆေးဘီရိုကိုမွှေပါတယ်။ ဆေးပုလင်းတွေ အစုလိုက် အပြုံလိုက် ကျကွဲနေ ပေမယ့် ဘင့်ဆီက ဘာသံမှမကြားရပါဘူး၊ နောက်ဆုံးမှာ ကျွန်မဟာ တင်ချာ ပုလင်းကို တွေ့ပါတယ်။ အဆိပ်သောက်ပြီး သေတော့မယ်လို့ ကျွန်မက သံကုန်ဟစ် ပြီး အော်လိုက်ပါတယ်။

ဘင့်ဆီက အသံမကြားရပါဘူး။

ကျွန်မ တင်ချာပုလင်းကို ပါးစပ်မှာတေ့ပြီး မော့လိုက်ပါတယ်။ အများကြီး သောက်တာမဟုတ်ပါဘူး၊ ချက်ချင်းပဲ ဘင်ရောက်လာပြီး ကျွန်မအဖြစ်ကို ကြည့်ပါ တယ်၊ ဆရာဝန်ကိုဖုန်းဆက်ပြီး ခေါ်ပါတယ်။ "လည်ချောင်းထဲကို အများကြီးဝင်သွား သလား"လို့ ဆရာဝန်ကမေးပါတယ်။ ကျွန်မက ခေါင်းခါပြလိုက်ပြီး၊ "သိပ်ပူတယ်၊ မသောက်နိုင်ဘူး"လို့ နှစ်ကိုယ်ကြားလေသံနဲ့ ပြောပါတယ်။ ဆရာဝန်က ကျွန်မ လုပ်ပုံကို ချက်ချင်းနားလည်သွားပါတယ်။ "နွားနို့နှစ်ခွက်လောက် သောက်လိုက်ရင် ကောင်းသွားမှာပါ"လို့ပဲ ပြောပါတယ်။

ကျွန်မအနေနဲ့ ဒုတိယအကြိမ်မှာ ပိုပြီးကောင်းတဲ့အကွက်ကို လုပ်ခဲ့ပါ တယ်။

www.burmeseclassic.com


စိတ်ထိခိုက်လွန်းလို့ ကျွန်မကိုယ်ကျွန်မ သတ်သေမဲ့ပုံမျိုးပါ၊ လက်ကောက် ဝတ်အကြောကို ဒါးနဲ့လှီးပြီး အိပ်ခန်းဝက ကြမ်းပြင်ပေါ်မှာ လူးလှိမ့်ပြနေတာပါ။ လက်ကလည်း သွေးတွေကျ၊ ကျွန်မလည်း ငိုဆိုတော့ သူ ကြာရှည်မတင်းနိုင်ပါဘူး။ ကျွန်မကိုပွေ့ဖက်ပြီး ချော့ပါတယ်။ ကျွန်မကလည်း ငိုယိုပြီး "လီလီ အခုလို ဘာ့ကြောင့်လုပ်မိတာပါလိမ့်. . . လီလီမပြောတတ်တော့ပါဘူး. . . ဘင်ရယ်"လို့ အလွန်နောင်တရနေတဲ့လေသံနဲ့ ပြောပါတယ်။ ကျွန်မရဲ့လုပ်နည်းလုပ်ဟန်ကလေးတွေက ကျွန်မအဖို့ အဆင်တော့ အပြေသား. . .။

❒

ဘင်နဲ့ကျွန်မရဲ့ အိမ်ထောင်သည်ဘဝဟာ ကြာလာလေလေ သာယာချမ်းမြေ့မှုကင်းမဲ့လေ ဖြစ်လာခဲ့ရပါတယ်။ ကျွန်မဟာ ငယ်ငယ်ကတည်းက ထင်ရာမြင်ရာလုပ်ချင်တတ်တဲ့ သဘာဝနဲ့ အကျင့်စရိုက်ကို ပြင်လို့မရပါဘူး။ ကျွန်မအနေနဲ့ အရက်ပေါ်မှာ တန်းတန်းစွဲဖြစ်နေရတဲ့အထဲ အလုပ်ရယ်လို့ မယ်မယ်ရရ ဘာတစ်ခုမှ မရှိချိန်မှာ အာရုံက ဒီအရက်အပေါ်ကိုပဲ ရောက်သွားနေပါတယ်။

တစ်ကြိမ်မှာ ဘင်ရဲ့ညီ ဂျိုးက ကျွန်မကို ရှေ့နေတစ်ယောက်ဖြစ်လာ အောင် ဥပဒေသင်ပေးဖို့ အကြံပြုခဲ့ဘူးပါတယ်။ "မင်း ဦးနှောက်က သိပ်ကောင်းနေ တာပဲ၊ အထက်တန်းစာမေးပွဲကို ပြန်ဖြေနိုင်အောင် ကိုယ်တို့က ဝိုင်းကူမယ်၊ ပြီးရင် ဥပဒေသင်တန်းဆက်တက်ပါလား၊ အဲဒါဆိုရင် မင်းအသက်သုံးဆယ်မပြည့်ခင် ရှေ့နေတစ်ယောက် ဖြစ်လာနိုင်တယ်"လို့ သူကပြောပါတယ်။

ဘင်က သဘောမတူခဲ့ပါဘူး၊ "လီလီဟာ မယားကောင်းနဲ့ အိမ်ရှင်မကောင်းဖြစ်ရင် လုံလောက်တယ်"တဲ့။ "သူ့ချို့ယွင်းချက်က အရက်ကို အလွန်အကျွံသောက်တတ်တဲ့ အကျင့်ပဲ၊ အဲဒီအကျင့်သာမရှိရင် ငါ့အတွက် အကူအညီအများကြီး ရနိုင်ပါတယ်ကွာ"တဲ့။

ဂျိုးကတော့ ကျွန်မမှာ အလုပ်တစ်ခုခုသာ အမြဲရှိနေရင် ကျွန်မအရက်သောက်တာ လျော့နည်းသွားလိမ့်မယ်လို့ ယူဆပါတယ်၊ ဒါပေမဲ့ ခက်ပါတယ်၊ ကျွန်မက အရက်ကိုဖြည်းဖြည်းသောက်ရတာလည်း မကြိုက်ဘူး၊ နည်းနည်းသောက်ရတာကိုလည်း မကြိုက်ဘူး၊ သောက်ပြီဆိုရင် မြန်မြန်နဲ့များများ သောက်ရမှ သာယာကျေနပ်တဲ့လူပါ။

ဘင်ဟာ ကျွန်မကို စည်းနဲ့ကမ်းနဲ့ အရက်သောက်တတ်အောင် သူကိုယ်တိုင်လေ့ကျင့်ပေးပါတယ်။ မရခဲ့ပါဘူး၊ ကျွန်မ မူးနေတာကြည့်ပြီး "ဘယ်လိုဖြစ်တာလဲ လီလီ၊ နှစ်ခွက်ပဲသောက်ရသေးတယ် မင်းမူးနေပြီ"လို့ ပြောလေ့ရှိပါတယ်။ "တကယ်တန်းကျတော့ မင့်ဟာ အရက်ကိုသောက်မှ မသောက်နိုင်ပဲ"လို့လည်း ထင်မြင်ချက် ပေးတတ်ပါတယ်။ သူ့အနေနဲ့ ရေချိုးခန်းထဲမှာ အရက်ပုလင်းဖွက်ပြီး ကျွန်မ ခွက်ပုန်းချနေတာကို မသိရှာပဲကိုး. . .။

ကျွန်မနဲ့ ဘင်ရဲ့ကြားမှာ ကျွန်မရဲ့ အရက်အလွန်အကျွံသောက်မှုကြောင့်

www.burmeseclassic.com


ပြဿနာရှိနေသလို သားသမီးမရတဲ့ကိစ္စလည်း တိမ်မယောင်နဲ့နက်တဲ့ ပြဿနာဖြစ်နေပါတယ်။ မိဘမဲ့ ကလေးသူငယ်စောင့်ရှောက်ရေးဆိုတဲ့ စေတနာ့ဝန်ထမ်း လူမှုရေးလုပ်ငန်းကို ကျွန်မလုပ်နေစဉ်တုန်းက ခင်မင်ရင်းနှီးခဲ့တဲ့ ရာဘီနဲ့ မစ္စက်စတီဖင်ဝိုက်စ်တို့ဟာ တစ်ရက်မှာ ကျွန်မဆီ ရောက်လာကြပါတယ်။

အလွန်ချော အလွန်ချစ်စရာကောင်းတဲ့ ငါးလသမီးကလေးငယ်လေးတစ်ယောက်ကို သူတို့တွေ့ခဲ့ကြောင်း၊ ကလေးရဲ့မိဘတွေက ဟစ်တလာရဲ့သုံ့ပန်းစခန်းမှာ သေဆုံးသွားကြလို့ မိဘမဲ့ကလေးဖြစ်ကြောင်း စသည်ဖြင့် သူတို့ကပြောပြီး မစ္စက်ဝိုက်စ်က ကလေးမလေးရဲ့ ဓါတ်ပုံကိုထုတ်ပြပါတယ်။

ကလေးက ချစ်စရာကလေးပါ၊ ဓါတ်ပုံကိုမြင်မြင်ချင်း ကျွန်မစိတ်ထဲမှာ ချစ်လည်းချစ် သနားလည်း သနားသွားပါတယ်။ "ကျွန်မ သူ့ကို မွေးစားချင်တယ်၊ ကူညီနိုင်ရင် ကူညီကြပါလား"လို့ ကျွန်မက လှိုက်လှိုက်လှဲလှဲပြောမိပါတယ်။

မစ္စက်ဝိုက်စ်က သူကြိုးစားကြည့်မယ်တဲ့၊ ကလေးက အင်္ဂလန်နိုင်ငံမှာမို့ ဒီကိုသယ်လာနိုင်အောင် စီစဉ်ဖို့လည်း လိုမယ်တဲ့၊ ကျွန်မကတော့ အဲဒီကလေးကို သာရရင် ကျွန်မတို့ဘဝဟာ အဆင်ပြေသွားမှာပဲလို့ ထင်ထားပါတယ်။ အဲဒီညက မစ္စက်ဝိုက်စ်ဟာ ပြန်ခါနီးမှာ ကျွန်မကို တယုတယနမ်းပြီး နှုတ်ဆက်သွားပါတယ်။

အဲဒီညမှာပဲ ကျွန်မရဲ့မိတ်ဆွေချာလော့တီနဲ့ ဟာရီရစ်ဇ်တို့ဟာ အတော်ညဥ့်နက်ခါမှ ရောက်လာကြပါတယ်။ မနက်ဖြန်မနက်မှာ ကာလီဖိုးနီးယားကို သွားမှာမို့ လာနှုတ်ဆက်ကြတာပါ၊ ရုပ်ရှင်ကားရိုက်ဖို့ စာချုပ်သွားချုပ်ကြမှာလို့ သိရပါတယ်။ အဲဒီညက ကျွန်မရော အမေရော ဘင်ရော သုံးယောက်စလုံး ရွှင်လန်းနေကြပါတယ်။ ကျွန်မတို့မှာ 'ရက်ဂျီနာ'လို့ နာမည်ပေးဖို့ စိတ်ကူးထားတဲ့ သမီးလေးတစ်ယောက် မကြာခင်ရောက်လာတော့မယ် မဟုတ်လား. . .။

ကျွန်မတို့ဟာ အိမ်က စားသောက်ခန်းကလေးထဲမှာ သောက်ရင်း စားရင်း စကားပြောနေကြပါတယ်။ "ကျွန်မတို့ကို မစ္စက်ဝိုက်စ်ပြောသွားတာကတော့ ကျွန်မတို့ မွေးစားမဲ့ကလေး ဒီကိုရောက်လာဖို့ လေးငါးလလောက်တော့ ကြာမယ်တဲ့။ ကလေးရောက်မလာခင် ကျွန်မအနေနဲ့ ဘာလုပ်နေရရင် ကောင်းမလဲ မပြောတတ်ပါဘူး"လို့ ကျွန်မက ချာလော့တီကို ပြောမိပါတယ်။

ချာလော့တီက ကယ်လီဖိုးနီးယားမှာ သူတို့မှာထားတဲ့ အိမ်အကြောင်းပြောပြပါတယ်။ ကျွန်မက "မနက်ဖြန်မနက် မီးရထားဘယ်နှစ်နာရီထွက်မှာလဲ"လို့ အမှတ်တမဲ့မေးမိပါတယ်။

ဟာရီက "မနက်ကိုးနာရီ"လို့ လှမ်းဖြေပါတယ်။

"အဲဒီမီးရထားနဲ့ ကျွန်မပါလိုက်လာရရင် ဘယ်လောက်ကောင်းလိုက် မလဲနော်"လို့ ကျွန်မက တမ်းတမ်းတတပြောမိပါတယ်။ "ကျွန်မလေ ဘာ့ကြောင့်မှန်း မသိဘူး၊ မီးရထားဥဩသံကြားတိုင်း ရင်ထဲတစ်မျိုးပဲ၊ ဟာသလိုလို၊ ဘာလိုလိုနဲ့. . .။ တစ်နေရာကိုပဲ သွားချင်သလိုလို ဘယ်နေရာဆိုတာလည်း အတိအကျမသိဘူး"

"ဒီလိုဆိုရင် ကျွန်တော်တို့နဲ့လိုက်ခဲ့ပါလား"လို့ ဟာရီက ပြောပါတယ်။

"ဟုတ်သားပဲ လီလီ၊ မင်းလိုက်ချင်ရင် လိုက်သွားပါလား၊ ကိုယ် နားရက်ခွင့်

www.burmeseclassic.com


ယူပြီးတော့ မင့်အမေနဲ့အတူ လိုက်လာခဲ့မယ်။ တကယ်လို့ အင်္ဂလန်က ကလေး ရောက်လာတော့လည်း မင့်ဆီကိုပို့ပေးမှာပေါ့”လို့ ဘင်က လိုက်လိုက် လျောလျော ဝင်ပြောပါတယ်။

ကျွန်မရင်ထဲမှာ တကယ်လိုက်ချင်သလား၊ မလိုက်ချင်ဘူးလားဆိုတဲ့ ခံစား ချက်ကို ရေရေရာရာမသိသေးခင်မှာပဲ ကျွန်မဟာ ထိုင်နေရာက ဖြုန်းခနဲထသွားပြီး ပစ္စည်းတွေထည့်နေမိပါတယ်။ အရုဏ်တက်ခါနီးနေပါပြီ၊ ကျွန်မရဲ့အဝတ်တွေကြား မှာတော့ ဝီစကီငါးပုလင်း ထည့်ထားပြီးပါပြီ။

ကျွန်မနဲ့ဘင်တို့ရဲ့ အိမ်ထောင်သက်ဟာ ခြောက်နှစ်ရှိခဲ့ပြီ။ ဒီအိမ်ထောင် သက်တမ်းဟာ ဒီခရီးမှာ အဆုံးသတ်သွားလိမ့်မယ်ဆိုတာ ကျွန်မ မသိခဲ့ပါဘူး၊ တွေး လည်း မတွေးမိခဲ့ပါဘူး။

⌐⌐⌐

www.burmeseclassic.com

အခန်း[၁၄]

ကျွန်မရဲ့အာရုံဟာ မကြာခင်ရောက်လာတော့မယ်လို့ မျှော်လင့်ရတဲ့ သမီးလေး ရက်ဂျီနာပေါ် မှာပဲ တန်းတန်းစွဲဖြစ်နေပါတယ်။ သူ ရောက်လာရင်တော့ ကျွန်မ အရက်မသောက်တော့ဘူးလို့လည်း ဆုံးဖြတ်ထားပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ဆုံးဖြတ်ချက်ဟာ ဘယ်လောက်ထိ ခိုင်မာမှာလဲ၊ အရင့် အရင်ကလည်း ကျွန်မဟာ ဒီလိုပဲ အကြောင်းမရှိ အကြောင်းရှာပြီး ကိုယ့်စိတ်ကိုယ်ဆုံးဖြတ်ခဲ့တာ အကြိမ်ပေါင်းမနည်းတော့ဘူး မဟုတ်လား. . .။

အခုလောလောဆယ်မှာတော့ ကျွန်မဟာ ကယ်လီဖိုးနီးယားကိုရောက်ကတည်းက စည်းမဲ့ကမ်းမဲ့သောက်နေတာပါ။ ပါတီပွဲတွေမှာ သွားသောက်လိုက် ဆိုင်မှာ သွားသောက်လိုက်နဲ့ လွတ်ချင်တိုင်းလွတ်နေခဲ့ပါတယ်။ အဲဒီအတွင်းမှာပဲ ဘင့် ဆီက စာရောက်လာပါတယ်၊ ကျွန်မတို့မွေးစားမဲ့ကလေး မရတော့ဘူးတဲ့။ မကြာခင်မှာ သူနဲ့အမေတို့ ကျွန်မဆီ လိုက်လာမယ်တဲ့။

ကျွန်မအနေနဲ့ ကလေးကို သေချာပေါက်ရလိမ့်မယ်လို့ တွက်ထားတာပါ၊ အခုလိုဆိုတော့ အစကတည်းက အရက်သောက်တာများနေရတဲ့အထဲမှာ အခုလို ကိုယ်ဖြစ်ချင်တာ ဖြစ်မလာပြန်တော့ အရက်သောက်တာက ပိုများလာပါတယ်။ အဲသလိုဖြစ်နေတုန်းမှာပဲ အင်မ်ဂျီအင်မ်ရုပ်ရှင်ကုမ္ပဏီက ကျွန်မကို ရုပ်ရှင်ဇာတ်ကား တစ်ကားမှာ အခန်းတစ်ခန်းဝင်ရိုက်ပေးဖို့ စကားကမ်းလှမ်းလာပါတယ်။ ကျွန်မက

www.burmeseclassic.com



BURMESE CLASSIC .com

လည်း ရုပ်ရှင်လောကကို ပြန်ဝင်ချင်နေတာနဲ့ အတော့်အတော်ပဲ။

ဘင့်ဆီက ကြေးနန်းရောက်လာပါတယ်၊ ကျွန်မအမေနဲ့ သူနဲ့ ဒီညရောက် မယ်တဲ့။ ပြောထားတဲ့အတိုင်း သူတို့ရောက်လာကြပါတယ်။ မနက်သုံးနာရီ ထိုးနေပါပြီ။ ကျွန်မကတော့ သူတို့ကို လုံးဝသွားမကြိုနိုင်ပါဘူး၊ သူတို့ရောက်လာချိန်မှာ ကျွန်မဟာ ဧည့်ခန်းထဲက နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ မှုးမှုးရှူးရှူးနဲ့ အိပ်ပျော်နေပါတယ်။ သူတို့က ကျွန်မကိုလှုပ်နှိုးကြပါတယ်။ သူတို့ချင်းပြောနေကြတဲ့ စကားတွေကို ကျွန်မ ကြားနေရပါတယ်။

"ငါ့သမီးလီလီတစ်ယောက်လည်း ဘယ်လိုဖြစ်နေလဲ မသိပါဘူးကွယ်၊ ဒီကလေးမဟာ အရင်က ဒီလောက်မဆိုးပါဘူး. . .။ အခုအတိုင်းဆိုရင်တော့ ဒီကလေးမ နေမှုကောင်းရဲ့လား မပြောတတ်တော့ပါဘူး"တဲ့။

အဲဒီနေ့ကစပြီး ကျွန်မဟာ ကိုယ်စိတ်နှစ်ပါးဆင်းရဲရတဲ့ ဘဝထဲပြန်ရောက်သွားပြီလို့ ထင်ပါတယ်။ ဘင်ကတော့ ခါတိုင်းလိုပါပဲ။ ဂေါက်ရိုက်သွားဖို့ကျတော့လည်း ဝါသနာမပါ၊ ရေကူးသွားဖို့ကျတော့လည်း ခေါ်မရ၊ တင်းနစ်ကစားရအောင်ဆိုတော့လည်း အဖော်ညှိလို့မရ၊ သူ့အနေနဲ့ သတင်းစာထိုင်ဖတ်ဖို့ကလွဲပြီး အခြားဘာမှ ဝါသနာပါသူ မဟုတ်ပါဘူး။

နောက်ဆုံးမှာတော့ ကျွန်မဟာ ဘင်ရဲ့အနေအထိုင်ကို သီးမခံနိုင်အောင် ဖြစ်လာခဲ့ပါတယ်။ "လီလီ ရှင်နဲ့ နယူးရောက်ကို ပြန်မလိုက်တော့ဘူး"လို့ ပြောလိုက်ပါတယ်။ "လီလီရဲ့အနာဂတ်ဘဝဟာ ဒီနေရာ ဒီဒေသမှာပဲရှိတယ်၊ လီလီရဲ့ဘဝကို ပြန်စဖို့ လီလီဆုံးဖြတ်ပြီးပြီ။ အနှစ်မရှိတဲ့ဘဝထဲမှာ လီလီ ပြန်မနေချင်တော့ဘူး၊ အဲဒီတော့ မဖြစ်ချင်တဲ့ဘဝကို လီလီတို့ ရင်ဆိုင်ကြရတော့မှာပဲ"

"အင်းပေါ့လေ. . .၊ မင်းပြောတာ မှန်ချင်လည်း မှန်မှာပေါ့။ ဒါပေမဲ့ အခု မင်းမူးနေတယ်၊ စကားပြောလို့မကောင်းဘူး၊ မနက်ကျမှ ထပ်ပြောကြ တာပေါ့"လို့ သူက ပြန်ပြောပါတယ်။

မနက်ကျတော့လည်း ကျွန်မစိတ်ဟာ ပြောင်းမသွားပါဘူး။ ဘင်နဲ့ရင်ဆိုင်ရာမှာ ရဲရဲဝံ့ဝံ့ဖြစ်စေဖို့အတွက် မနက်စာမစားမခင် အရက်ကို ခါတိုင်းသောက်နေကျထက် သုံးဆလောက် ပိုသောက်ပစ်လိုက်ပါတယ်။ စကားပြောကြတဲ့အခါမှာတော့ အဆင်မပြေပါဘူး။ တစ်ယောက်နဲ့တစ်ယောက် အကြီးအကျယ်ငြင်းခုန်ရတဲ့ အခြေအနေကို ရောက်သွားခဲ့ပါတယ်။ သူက ကျွန်မရပ်နေတဲ့ဆီကို ဒေါသတကြီးနဲ့ လျှောက်လာပါတယ်။ ကျွန်မကလန့်ပြီး နောက်ကို ဆုတ်လိုက်မိပါတယ်။ ကျွန်မဟာ လှေကားပေါ်က ဒလိမ့်ခေါက်ခွေးကျသွားခဲ့ပါတယ်။

အသံဗလံကြားလို့ အခန်းထဲကထွက်လာတဲ့ အမေဟာ ကျွန်မလိမ့်ကျသွားတာကို မြင်သွားပါတယ်။ ချက်ခြင်းပဲ ဘင့်ကို စိတ်ဆိုးမာန်ဆိုးနဲ့ ရန်တွေ့ပါတယ်။ "အရက်သောက်သောက် မသောက်သောက် ငါ့သမီးကို မင်းဒီလိုလုပ်စရာအကြောင်း မရှိဘူး၊ ငါ့သမီးမှာ သူ့စိတ်ကိုသူ တည်ငြိမ်အောင် မထိန်းနိုင်ဘူးဆိုတာ မင်း သိနေတာပဲ"

ဘင်က တောင်းပန်ပါတယ်။ "မတော်တဆဖြစ်ရတာပါ"လို့လည်း ပြောပါတယ်။ ကျွန်မကတော့ လဲကျနေရာက ထရပ်နိုင်တာနဲ့ တစ်ပြိုင်နက် ဒေါသတကြီးနဲ့

www.burmeseclassic.com



BURMESE CLASSIC .com

အော်မိပါတယ်။

"မနေ့ညက ကျွန်မပြောတော့ ရှင်သဘောတူခဲ့တယ်၊ ကျွန်မ မူးနေလို့ မမှတ်မိဘူးမထင်နဲ့၊ အဲဒီတော့ ရှင်အခုချက်ခြင်းပဲ ထွက်သွားတော့၊ ရှင်ဟာ ကျွန်မကို ထောက်ပံ့ခဲ့တာလည်း မဟုတ်ဘူး၊ ကျွန်မအတွက် ရှင်တာဝန်ယူခဲ့တာ ဘာတစ်ခုမှ မရှိဘူး၊ ရှင့်ကို ကျွန်မက ငွေတောင်ချေးထားရသေးတယ်၊ ကဲ. . . ကြွပေတော့"

ဘင်ဟာ ကျွန်မကို ဘာမှပြန်မပြောတော့ပဲ အခန်းထဲက ထွက်သွားပါတယ်။ ဒေါသ မပြေသေးတဲ့ ကျွန်မဟာ အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လမ်းသလား နေပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီနေ့ကစပြီး ဘင်နဲ့ကျွန်မဟာ အဆက်ပြတ်သွားခဲ့ကြ ပါတယ်။

❐

ကျွန်မ နယူးရောက်ကို ပြန်ရောက်နေပါပြီ၊ အရင်ကလို ရွှင်လန်းကြည်နူး တဲ့ စိတ်ဟာ ကျွန်မဆီကို ပြန်ရောက်နေပါပြီ၊ ကျွန်မဟာ အီဗာရက်မာရှယ်နဲ့တွဲပြီး ပြဇာတ်တစ်ခုမှာ ပါဝင်ကပြနေရပါပြီ၊ ကျွန်မရဲ့နာမည်ဟာ မြို့တော်အတွင်းက မီးရောင်တွေ အောက်မှာ ပြက်ပြက် ထင်ထင် ပြန်မြင်နေရပြီ မဟုတ်ပါလား. . . ။

ဒီသတင်းတစ်ပတ်အတွင်းမှာ ကျွန်မဆီကို ဧည့်သည်တစ်ယောက်ရောက် လာပါတယ်။ သူ့ရဲ့လိပ်စာကပ်ပြားလေးက ကျွန်မလက်ထဲကို အရင်ဆုံးရောက်လာ ပါတယ်။ နာမည်က 'မစ္စတာမက်စ်ဟားရစ္စ'တဲ့ အဲဒီနောက်တော့ ဇာတ်စင်နောက်က စောင့်နေတဲ့ ကျွန်မအတွက် လက်ဆောင်ပေးဖို့ယူလာတဲ့ သစ်ခွပန်းတွေပွေ့လို့. . ။

သူ့အရပ်က ခြောက်ပေပါ၊ အရပ်အမောင်းနဲ့လိုက်အောင် ကိုယ်လုံးကိုယ် ပေါက်က ကြံ့ခိုင်တောင့်တင်းပါတယ်။ အသက်က သုံးဆယ်ကျော်လောက်ရှိပါပြီ။ ထူးခြားပေါ်လွင်တဲ့ ရုပ်ရည်ပိုင်ရှင်ပါ။ ယဉ်ကျေးဖွယ်ရာတဲ့ အမူအရာနဲ့ နှစ်လိုဖွယ် ကောင်းတဲ့ အပြုံးရှင်ပါ။

"မစ္စရော့သ်နဲ့ အရင်ကတွေ့ဘူးခဲ့ပါတယ်။ မှတ်မိဦးမလားတော့ မပြော တတ်ပါဘူး"လို့ သူကဆိုပါတယ်။

ကျွန်မ သူ့ကိုမှတ်မိသလိုလိုနဲ့ ဝိုးတဝါးဖြစ်နေပါတယ်။ ကျွန်မ သူ့ကို တွေ့ဘူး ခဲ့တာဟာ ဘင်နဲ့အတူတူသွားတုန်းက ဘင်က မိတ်ဆက်ပေးလို့ထင်ပါတယ်။ ဟုတ်ပါတယ်၊ ကျွန်မမှတ်မိပါပြီ၊ သူက ဒီညဇာတ်အပြီးမှာ အားပါသလားတဲ့၊ အားရင် ကျွန်မ အပျင်းပြေလည်ချင် ပတ်ချင်တဲ့နေရာတွေကို ပို့ပေးချင်ပါတယ်တဲ့။

အဲဒီညက ကျွန်မ သူနဲ့အတူ ခဏတစ်ဖြုတ် အလည်အပတ် သွားခဲ့ပါ တယ်။ နောက်ပိုင်းမှာ နေ့စဉ် သူ့ဆီကဖုန်းဆက်ပါတယ်။ နေ့စဉ် သစ်ခွပန်းပို့ပေးဖို့ မမေ့ပါဘူး။ ကျွန်မနဲ့သွားတဲ့အခါမှာ ယဉ်ကျေးဖွယ်ရာမှုနဲ့ အလိုက်သိမှုတွေဟာ အံ့မခန်းပါပဲ၊ သီတင်းတစ်ပတ်ကုန်သွားတဲ့အခါမှာတော့ သူ ကျွန်မကိုချစ်နေပြီလို့ ရင်ဖွင့်လာ ပါတယ်။

ကျွန်မ အလှပြင်ခန်းထဲမှာ မတ်စ်ရဲ့အကြောင်းစဉ်းစားနေတုန်းမှာပဲ

www.burmeseclassic.com


တယ်လီဖုန်းခေါ်သံ ကြားရပါတယ်။ ဆက်သူက ဘင်ပါ၊ ကျွန်မကို ညစာ ကျွေးချင်လို့ပါတဲ့၊ ကျွန်မ လက်ခံလိုက်ပါတယ်။ အဲဒီညက ညစာစားရင်းနဲ့ ကျွန်မတို့ပြဿနာကို ဆွေးနွေးဖြစ်ကြပါတယ်။ သူက ဟိုးလီးဝုဒ်ဟာ ကျွန်မနဲ့ သင့်တော်တဲ့နေရာ မဟုတ်ဘူးတဲ့။ ကျွန်မဟာ နယူးရောက်မှာပဲ နေသင့်တယ်တဲ့။ ပြီးတော့ သူ့အနေနဲ့ ကျွန်မကို ချစ်နေတုန်းပါပဲတဲ့။

ကျွန်မ စိတ်မကောင်းဖြစ်သွားပါတယ်။ "ဒါဆိုရင်လည်း ကွာရှင်းဖို့လျှောက်ထားတဲ့ကိစ္စက တစ်နှစ်အတွင်းကျဦးမှာမှ မဟုတ်ဘဲ၊ လီလီတို့ အတူတူပြန်နေလို့ ရမှာပေါ့"လို့ ပြောမိပါတယ်။

ဒါပေမဲ့ သူက ကျွန်မနဲ့ တရားဝင်တော့ ပြန်ပေါင်းချင်တာမှမဟုတ်ဘဲ၊ ကျွန်မအတွက် တောင်အိုင်ယာလန်ဘက်မှာ အိမ်တစ်လုံးငှားထားပြီး လူချင်း မကြာခဏတွေ့ကြဖို့ အကြံပြုပါတယ်။

ကျွန်မရဲ့ဒေါသဟာ ပေါက်ကွဲရပြန်ပါပြီ၊ "ကျွန်မဟာ ရှင့်မယားပဲ၊ အဲဒါကို မယားငယ်သဘော၊ အပျော်မယားသဘော နေရမှာလား"လို့ ပြန်မေးပါတယ်၊ ပြီးတော့ အခန်းထဲကမောင်းထုတ်လိုက်ပါတယ်။ သူလည်းထွက်သွားရော ကျွန်မဟာ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်ပါတယ်၊ နောက်ဆုံး မူးရူးပြီး အိပ်ပျော်သွား တာပါပဲ၊ ကျွန်မ အိပ်ရာနိုးလာတော့ မိုးစင်စင်လင်းနေပါပြီ။

မတ်စ်ကလည်း အချိန်ရှိသမျှ ကျွန်မဆီ ဖုန်းဆက်ပြီး သူ့ကို လက်ထပ်ဖို့ တပူဆာဆာလုပ်နေပါတယ်။ ဘင်ကလည်း သူနဲ့ကျွန်မ ခွဲခွာရမဲ့အခြေအနေရောက်အောင် ဖန်တီးတဲ့တရားခံဟာ ကျွန်မပါလို့ စွပ်စွဲနေပါတယ်။ ဒါပေမဲ့ ကျွန်မနဲ့ တရားဝင်လူသိထင်ရှား ပြန်ပေါင်းဖို့ကျတော့လည်း လက်မခံဘူး။

လက်ရှိအခြေအနေကို ကျွန်မ ဘယ်လိုရှင်းရမလဲ၊ ဘာကိုမှ အတိအကျ ဆုံးဖြတ်လို့ မရလေလေ၊ ကျွန်မ စိတ်ရှုပ်လေပဲ၊ စိတ်ရှုပ်လေ အရက်ကိုသောက်လေပဲ၊ ကျွန်မအဖို့ လွတ်မြောက်ရာနည်းလမ်းက ဒီတစ်လမ်းပဲ ရှိနေတယ်မဟုတ်လား၊ နောက်ဆုံးမှာတော့ ကျွန်မရဲ့ပြဇာတ် နောက်ဆုံးပတ်မှာ ကျွန်မဟာ ကျွန်မ ကပြရမဲ့ အခန်းမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရပါတယ်။ ကျွန်မတစ်ကိုယ်လုံး ချွေးတွေအဆမတန် ထွက်နေပါတယ်။ ကျွန်မရဲ့မေးကြောတွေဟာ တင်းနေပါတယ်။ ကျွန်မရဲ့အသံဟာ ပျောက်လုနီးပါး ဖြစ်သွားခဲ့ရပါတယ်။

အရက်ဒဏ်ကို ကျွန်မ စပြီးခံစားရတာပါ၊ ကျွန်မအနေနဲ့ ပြဇာတ်ကိုတော့ ကျွန်မဟာ တာဝန်ရှိတဲ့အတိုင်း ပြီးပြတ်အောင် ကပြပေးခဲ့ပါတယ်။ ဒါပေမဲ့ ပြဇာတ်က ရက်လည်းကုန်ရော ကျွန်မ လဲတော့တာပါပဲ။

အမေဟာ ကျွန်မအတွက် အရင်ကနဲ့မတူအောင် စိုးရိမ်ပူပန်ခဲ့ပါတယ်။ ဆရာဝန် စစ်ဆေးနေခိုက်မှာ ကျွန်မကို ဘေးကရပ်ကြည့်နေပါတယ်။ ဆရာဝန်ကတော့ ကျွန်မကို စစ်ဆေးပြီးမှ အဆုံးအဖြတ်တစ်ခု ပေးပါတယ်။ "မိန်းကလေးရေမင်းအနေနဲ့ အနည်းဆုံးခြောက်လတော့ အနားယူရလိမ့်မယ်၊ အနားယူရမဲ့နေရာကလည်း မင်း အရက်သောက်လို့မရတဲ့ ဆေးရုံဖြစ်ရမယ်"တဲ့။

"ကျွန်မ လုံးဝမသွားဘူး"လို့ ကျွန်မက ပြောပါတယ်။ အမေက ကျွန်မကို

www.burmeseclassic.com



BURMESE CLASSIC .com

ပွေ့ဖက်ပြီးအားပေးပါတယ်။ "သမီးကို မသွားစေရပါဘူး၊ စိတ်မပူပါနဲ့၊ အမေကိုယ်တိုင် သမီးကို ကြည့်ပေးမှာပါ"တဲ့။

အမေဟာ ကျွန်မကြောင့် ပင်ပန်းလှပါပြီ၊ ကျွန်မကို ကြည့်ရှုစောင့်ရှောက်ရမဲ့တာဝန်ကို မပေးချင်တော့ပါဘူး၊ ကျွန်မ သူနာပြုဆရာမတစ်ယောက် ငှားလိုက်ပါတယ်၊ တောပိုင်းဘက်မှာတော့ ကော့တိတ်ချ်အိမ်တစ်လုံး ငှားလိုက်ပါတယ်။ အဲဒီမှာ သွားနေပြီး ဆရာဝန်ရဲ့ညွှန်ကြားမှုအတိုင်း သူနာပြုဆရာမရဲ့ ကုသမှုကို ကျွန်မယူရပါတယ်။

ဆရာမက ကျွန်မကို အစားစားချိန်တိုင်း ဆားရေတိုက်ပါတယ်၊ အရက်ကို သောက်ချင်စိတ် ပျောက်သွားအောင် လုပ်တဲ့နည်းပါ၊ ကျွန်မမှာကတော့ ဆားရေ သောက်ရတိုင်း မခံမရပ်နိုင်လောက်အောင် အော့ချင်အံချင်ဖြစ်ရပါတယ်။ ကျွန်မက သီးမခံနိုင်အောင် ဖြစ်လွန်းလို့ တပူပူ တဆူဆူလုပ်တာက များပါတယ်။

"ကိုယ်က ဆရာဝန်ပေးထားတဲ့ညွှန်ကြားချက်အတိုင်း လုပ်ပေးရတာပါ၊ လီလီယံရယ်၊ သူခိုင်းထားတဲ့အတိုင်း မင်းအနားက အရက်ပုလင်းတွေကိုလည်း ဝေးရာကို ပို့မထားပါဘူး"လို့ ဆရာမက ပြောပါတယ်။ တစ်ခါတလေ ကျွန်မတစ်ကိုယ်လုံး တုန်လာလို့ အရက်တစ်ခွက်လောက် သောက်လိုက်မိရင် အော်ဂလီဆံပြီး ပျို့တက်လာတတ်ပါတယ်။ ကြွက်တက်တဲ့ဒဏ်ကိုလည်း ခံစားရပါတယ်။

"မစ္စတာမတ်စ်ဟားရစ္စဆီ အကြောင်းကြားပေးပါ၊ ကျွန်မ ဒီမှာမနေချင်တော့ဘူး၊ ပြန်မှဖြစ်မယ်"လို့ ကျွန်မက ဆရာမကိုခိုင်းပါတယ်။ ကျွန်မခိုင်းတဲ့အတိုင်းလည်း ဆရာမက လုပ်ပေးပါတယ်။

နယူးရောက်လေယာဉ်ကွင်းကိုရောက်တော့ မတ်စ်နဲ့ဆရာမတို့က ကျွန်မကို လေယာဉ်ပျံပေါ်က ချပေးကြပါတယ်၊ လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ် အတွင်းက ခံစားခဲ့ရတဲ့ ကိုယ်စိတ်နှစ်ပါးဆင်းရဲမှုဒဏ်ဟာ အတော်ကြီးပြင်းထန်ခဲ့ပါတယ်။ ကျွန်မ တစ်ကိုယ်လုံးဟာ ဆောက်တည်ရာ မရနိုင်အောင် တုန်ယင်နေပါတယ်။

"ဘုရား. . . ဘုရား၊ မင်း ဘယ်လိုဖြစ်တာလဲ လီလီ၊ ရုပ်တွေလည်း ပျက်လို့ပါလား၊ ကြောက်စရာပဲ"လို့ မတ်စ်က ရေရွတ်ပါတယ်။

"လီလီက အရက်ထပ်မသောက်ချင်တော့လို့ ဆေးအကုခံနေတယ်၊ ဒါကြောင့်မို့ အခုလိုဖြစ်ရတာ"လို့ ဆရာမက ဝင်ပြောပါတယ်။

စိတ်မပူနဲ့လို့ မတ်စ်က အားပေးပါတယ်။ ကျွန်မကို ဟိုတယ်တစ်ခုဆီ ပို့ပေးပါတယ်။ ငွေကောရှိသေးရဲ့လားလို့ မေးပါတယ်။ ငွေက ကျွန်မရဲ့ပိုက်ဆံအိတ်ထဲမှာ နည်းနည်းပဲ ကျန်ပါတော့တယ်။ သူ့မှာလည်း ငွေပိုငွေလျှံပါမလာဘူးတဲ့၊ ငွေပြန်ယူပြီး အခန်းခကို ကြိုပေးထားလိုက်မယ်တဲ့။

ကျွန်မကတော့ ယုံကြည်မိပါတယ်။ ဒါပေမဲ့ မတ်စ်ဟာ ပေါ်မလာပါဘူး၊ ဟိုတယ်စာရေးကလည်း အခန်းခကို ကြိုမပေးရင်မဖြစ်ဘူးလို့ နားပူနားဆာလုပ်နေပါပြီ။ ကျွန်မ စိတ်ဆင်းရဲလိုက်တာ. . .။

ကျွန်မရဲ့သူငယ်ချင်း အီဗီဂျာဘွန်ကို တယ်လီဖုန်းဆက်ပြီး ခေါ်ရပါတယ်။ သူရောက်လာချိန်မှာ ကျွန်မဟာ ကိုယ့်ကိုယ်ကို မထူနိုင်တော့ပါဘူး။ အီဗီက ကျွန်မ

www.burmeseclassic.com

BURMESE CLASSIC .com

အရက်သောက်လိုက်မှဖြစ်မယ်လို့ ပြောပြီး အရက်တစ်ပုလင်းမှာလိုက်ပါတယ်။ သုံးလေးခွက် သောက်လိုက်တော့ နည်းနည်းပါးပါး ငြိမ်သွားပါတယ်။ ချက်ခြင်းပဲ အငှားကားတစ်စီးနဲ့ ကျွန်မတည်းနေကျ ဒယ်လ်မော်နီကိုဟိုတယ်ကို ရောက်သွားပါတယ်။

မတ်စ် ဘာ့ကြောင့်ပြန်မလာတာလဲ၊ ဟိုတယ်အခန်းကိစ္စကို ဘာ့ကြောင့် ပြေလည်အောင်လုပ်မပေးတာလဲ. . .။ ကျွန်မ သူလုပ်ပုံကို ဘဝင်မကျပါဘူး၊ သံသယဝင်နေမိပါတယ်။ ဒယ်လ်မော်နီကိုဟိုတယ်ကို ကျွန်မရောက်သွားပြီးတဲ့နောက် တစ်နာရီလောက်ကြာတော့ မတ်စ်ဆီက ဖုန်းလာပါတယ်။ အဲဒီကျတော့လည်း သူ့ အကြောင်းပြချက်တွေက ခိုင်လုံသလိုလိုဖြစ်နေတဲ့အတွက် ကျွန်မလက်ခံလိုက်ရပါတယ်။

နောက်သီတင်းပတ်တွေအတွင်းမှာ ကျွန်မဟာ ကိုယ့်ကိုယ်ကို မထူနိုင်တော့တဲ့ အခြေအနေကို ပြန်ရောက်သွားရပြန်ပါပြီ၊ တစ်ခါတလေမူးသလိုလို မေ့သလိုလို ဖြစ်နေပါတယ်။ တစ်ခါတလေကျတော့လည်း သတိရတစ်ချက် မရတစ်ချက် ဖြစ်နေပါတယ်။ ကျွန်မအတွက် ဆေးကုဖို့၊ ဆေးဝယ်ဖို့ အစားအသောက်ဝယ်ဖို့ဆိုပြီး မတ်စ်ကိုချက်လက်မှတ်တွေ လက်မှတ်ထိုးပေးနေရတာတွေကလည်း အကြိမ်ပေါင်း မနည်းပါဘူး။

အစစအရာရာ မတ်စ်ကိုပဲ ယုံကြည်စိတ်ချပြီး လွှဲထားရတဲ့အခြေအနေပါ။ သူ စီစဉ်ပေးလို့ ဆရာဝန်အသစ်တစ်ယောက်ရောက်လာပါတယ်။ တစ်ရက်မှာ ကျွန်မ သတိရတစ်ချက် မရတစ်ချက်ဖြစ်နေတုန်း ဆရာဝန်ရဲ့ မတော်တယော်ပြုမူကို ကျွန်မ ခံရပါတယ်။ ဖြတ်ခနဲအသိဝင်လာချိန်မှာ ကျွန်မ ရုန်းလား ကန်လားလုပ်ပါသေး တယ်။ မရပါဘူး။ ကျွန်မ သတိလစ်သလိုလိုဖြစ်နေပေမယ့် အားလုံးကို ကျွန်မ မှတ်မိနေပါတယ်။

ကျွန်မက မတ်စ်ကို အကြောင်းစုံပြောပြပေမယ့် သူက မယုံပါဘူး၊ ကျွန်မ စိတ်မမှန်ဖြစ်နေလို့ ထင်ရာမြင်ရာပြောတာလို့ ထင်ပါတယ်၊ ကျွန်မ ဘာလုပ်ရမလဲ။ ကျွန်မ ပြောတာကို ဘယ်သူကမှ လက်မခံကြတော့ဘူး၊ ကျွန်မကို အများက စိတ်မမှန်ဘူးလို့ စွပ်စွဲနေကြပြီ။

နောက်နှစ်ရက်အကြာမှာ ဆရာဝန် ရောက်လာပြန်ပါတယ်။ "ရှင် ဒီကို ဘာလာလုပ်တာလဲ. . . အခုချက်ခြင်းထွက်သွား"လို့ ကျွန်မက မောင်းထုတ်ပါတယ်။

"မင်း နေမကောင်းသေးဘူး မစ္စရော့သ်"လို့ သူက ချော့ချော့မော့မော့ လေသံနဲ့ပြောပါတယ်။

ကျွန်မ အသံကုန်ဟစ်ပြီး အော်လိုက်မိပါတယ်။ "အခုချက်ခြင်းထွက်သွား"

သူ ထွက်သွားပါတယ်။

၈

ကျွန်မအနေနဲ့ ဘာကိုမှ သဲသဲကွဲကွဲ ပီပီပြင်ပြင် မသိမမြင်ဖြစ်နေပါတယ်။ သိတဲ့အခါလည်း သိပါတယ်၊ မသိတဲ့အခါလည်း မသိပါဘူး၊ အရာရာတိုင်းဟာ ဝိုး

www.burmeseclassic.com



BURMESE CLASSIC .com

တစ်ဝါးချည်းပါ၊ အဲဒီပုံစံမျိုးနဲ့ ခြောက်လတိတိကုန်လွန်လာခဲ့ပါတယ်။ အဲဒီခြောက်လအတွင်းမှာ ကျွန်မ ကောင်းကောင်းမှတ်မိနေတာ တစ်ခုရှိပါတယ်။ ဘင်နဲ့ကျွန်မကွာရှင်းရတဲ့အကြောင်းပြချက်တွေကို သတင်းစာတိုက်တွေသိအောင် သတင်းထုတ်ပေးခဲ့ရတဲ့ ကိစ္စပါ၊ ဒီသတင်းထုတ်ပြန်ချက်ကို ရေးရာမှာ မတ်စ်က ကူညီပြီးရေးပေးခဲ့တာပါ။ သတင်းရေးထားတာက. . .

"ကျွန်မသည် ကလေးဘဝကတည်းက ဇာတ်စင်ပေါ် ရောက်ခဲ့သူ ဖြစ်ပါသည်။ ဇာတ်စင်သည် ကျွန်မဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ကျွန်မ၏ မိတ်ဆွေများမှာ အားလုံး ဇာတ်သမားများချည်း ဖြစ်ပါသည်။ ကျွန်မသည် ပါတီပွဲများ မကြာခဏ လုပ်ရခြင်းကို မြတ်နိုးသူဖြစ်ပါသည်။ သို့သော်လည်း ကျွန်မ၏ခင်ပွန်းသည်နှင့် ကျွန်မသည် အမြင်ခြင်း မတူကြပါ။ ယင်းကိစ္စများတွင် သဘောထားမတိုက်ဆိုင်ကြပါ။ ခင်ပွန်းသည်မှာ အိပ်ဖို့နှင့် သူ၏တရားရုံးအလုပ်ကို လုပ်ဖို့မှတစ်ပါး ဘာကိုမှ စိတ်ဝင်စားခြင်း မရှိပါ။ ကျွန်မတို့သည် ယင်းအချက်များကို ဆွေးနွေးပြီး နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်ပါသည်။"

အဲဒီကိစ္စတစ်ခုကလွဲပြီး တခြားဘာကိုမှ ကျွန်မ ကောင်းကောင်းမမှတ်မိပါဘူး၊ မှတ်မိသမျှတွေဟာ မှုံဝါးဝါးချည်းပါပဲ၊ ကျွန်မအဖို့ မတ်စ်နဲ့ အမေကလွဲပြီး တခြားလူတွေကိုလည်း မသိသလိုဖြစ်နေပါတယ်။

ကျွန်မရဲ့စိတ် ကြည်လင်နေတဲ့တစ်ရက်မှာ အမေက "မတ်စ်ဆိုတဲ့ကောင်က စိတ်ချရတာ မဟုတ်ဘူး၊ သမီးဆီက ဒေါ်လာနှစ်ဆယ်ချေး၊ ငါးဆယ်ချေးနဲ့ ကြာလာရင် ထောင်နဲ့သောင်းနဲ့ချီပြီး ချေးလိမ့်မယ်၊ ဒီကောင် အဲဒီအစားမျိုးဆိုတာ အမေသိတယ်"လို့ ပြောပါတယ်။

ကျွန်မ စဉ်းစားပါတယ်၊ ကျွန်မ မတ်စ်ကို မချစ်ပါဘူး၊ သူနဲ့ကျွန်မ တူညီမှု ကလေးတွေရှိနေလို့သာ သဘောကျမိတာပါ၊ ဒါကို ဘေးလူတွေကတော့ နားလည်ကြမှာ မဟုတ်ပါဘူး။

ကျွန်မ နေမကောင်းဖြစ်နေတဲ့အတွက် မတ်စ်နဲ့ပတ်သက်ပြီး သတင်းစာတွေထဲမှာ ပါလာသမျှသတင်းတွေကိုလည်း ဖတ်ခွင့်မရခဲ့ပါဘူး၊ သူဟာ အရက်သမားပါ၊ ရာဇဝတ်မှုတွေလည်း အများကြီးကျူးလွန်ခဲ့ဘူးပါတယ်။ လိမ်လည်မှုတွေလည်း ကျူးလွန်လေ့ရှိပါတယ်။ ကျွန်မ သူနဲ့တွေ့ချိန်မှာ သူဟာ ရာဇဝတ်မှုတစ်ခုကျူးလွန်လို့ အဖမ်းခံထားခဲ့ရာက အာမခံနဲ့လွှတ်ထားချိန်ပါ၊ ဒါတွေကို ကျွန်မသိအောင် ပြောပြမဲ့ လူ တစ်ဦးမှပေါ်မလာခဲ့ပါဘူး။ အမှန်တော့ မတ်စ်ရဲ့အတိတ်ဇာတ်ကြောင်းတွေထဲမှာ ကျွန်မ သိသင့်သိထိုက်တာတွေဟာ အများကြီး ရှိနေပါသေးတယ်။

ကျွန်မ သူပြောပြလို့သိထားတာတစ်ခုက အရင်အိမ်ထောင်နဲ့ရခဲ့တဲ့ ကိုးနှစ်သားအရွယ်သားလေးတစ်ယောက် သူ့မှာရှိတယ်ဆိုတဲ့အချက်ပါ၊ သူ့သားကို ကျောင်းအိပ်ကျောင်းစားထားပါတယ်။ ဆန်နီလို့ခေါ်ပါတယ်။ ကျွန်မ ဆန်နီကို တစ်

www.burmeseclassic.com


ခါတွေ့ဘူးပါတယ်။ မျက်လုံးကပြာပြာ၊ ရွှေရောင်ဆံပင်နဲ့ပါ။ အလွန်အထီးကျန်နိုင်ပြီး တွယ်ရာမဲ့ဖြစ်နေတဲ့ ကလေးတစ်ယောက်လို့ ကျွန်မထင်ပါတယ်။

ကျွန်မ ဆန်နီကို သားလေးတစ်ယောက်အဖြစ် ရလာဖို့ဆိုတဲ့ စိတ်ကူး အပေါ်မှာတော့ တွယ်တာခဲ့မိတာအမှန်ပါ၊ ဒါဟာ ကျွန်မရဲ့ လိုအင်ဆန္ဒတစ်ခုပါ၊ နောက်ဆုံးမှာ ကျွန်မဟာ ကလေးတစ်ယောက်ရဲ့အမေ ဖြစ်ရတော့မှာပါလားလို့ တွေးပြီးဝမ်းသာမိခဲ့တာ အမှန်ပါ။

www.burmeseclassic.com

## အခန်း[၁၅]

ကျွန်မ မှတ်မိနေဆဲပါ။ အဲဒီနေ့က ၁၉၄၀ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်နေ့ပါ။ ပြင်ပကမ္ဘာကြီးတစ်ခုလုံးဟာ ကသောင်းကနင်းဖြစ်နေပါပြီ၊ ဟစ်တလာရဲ့စစ်တပ်တွေဟာ ဥရောပတစ်တိုက်လုံးကို လိုမ့်ဝင်နေကြပါတယ်။ အကြမ်းဖက်မှုတွေနဲ့ နှိပ်စက်ညှင်းပန်းမှုတွေဟာ ဥရောပတစ်လွှားမှာ လွှမ်းခြုံနေပါတယ်။ ဒါပေမဲ့ မတ်စ်နဲ့ ကျွန်မအဖို့ကတော့ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ပျော်စရာကမ္ဘာလေးကို တည်ဆောက်နေကြပါတယ်။

အဲဒီညက ညစာစားဖို့စီစဉ်ထားကြပါတယ်။ ညစာမစားခင် အရက်တစ်ခွက် တစ်ဖလား သောက်ဖို့လည်း အဆင့်သင့်ပြင်ထားကြပါတယ်။ အရက်ဟာ ကျွန်မတို့ရဲ့ ရန်သူပါ၊ ဒါပေမဲ့ အခုအချိန်မှာတော့ အရက်ကို နိုင်နင်းအောင် ဘယ်လိုသောက်ရမယ်ဆိုတာ သိနေကြပါပြီ။ ဒီအတွက် ကျွန်မတို့အနေနဲ့ ဂုဏ်လည်း ယူကြပါတယ်။

မတ်စ်က "မောင်တို့နှစ်ယောက် လက်ထပ်ကြစို့လား၊ အတူတူလက်တွဲပြီး ဘဝသစ်တစ်ခုထူထောင်ကြရအောင်"တဲ့။ "လက်ထပ်ဖြစ်ရင်လည်း လက်ထပ်ဖြစ်မှာပေါ့"လို့ ကျွန်မက မယုတ်မလွန် ပြန်ဖြေပါတယ်။

ဘင်နဲ့ကျွန်မ ကွာရှင်းခွင့်ရထားပြီးပါပြီ။ ကျွန်မအနေနဲ့ မတ်စ်နဲ့ ချက်ခြင်း လက်ထပ်ဖို့ မဆုံးဖြတ်နိုင်ပါဘူး၊ ဒါ့ကြောင့်မို့ ကျွန်မတို့ လက်ထပ်ဖို့ ဖြစ်နိုင်၊ မဖြစ်နိုင်

www.burmeseclassic.com


စောင့်ကြည့်ဦးမယ်လို့ ပြောထားပါတယ်။

မတ်စ်ကလည်း သူ့အပိုင်းက တာဝန်ကြေအောင် လုပ်သွားမယ်လို့ စီစဉ်ထားပါတယ်။ မနက်ဖြန်ဆိုရင် သူ ဒက်ထရွိုင်မြို့ကိုသွားပြီး လုပ်ငန်းတစ်ခုလုပ်ဖို့ စာချုပ်ချုပ်မယ်လို့ ပြောပါတယ်။ သူ့မှာ ငွေပြတ်နေလို့ ကျွန်မဆီက ငွေနည်းနည်းပါးပါး ချေးချင်တယ်တဲ့ ကျွန်မက ငွေသားဒေါ်လာကိုးဆယ်နဲ့ ဒေါ်လာငါးရာတန် ချက်လက်မှတ်ကို ပေးထားပြီးပါပြီ။

ကျွန်မ ပူလွန်းလို့ ရေသွားချိုးပါတယ်၊ ပြန်ရောက်လာတော့ ဆိုဖာပေါ်မှာ လှဲနေတဲ့ မတ်စ်က ကျွန်မကို ခပ်ဖြည်းဖြည်း မျက်နှာပေးနဲ့ ကြည့်နေပါတယ်။ ကျွန်မ မသင်္ကာလို့ မီးဖိုခန်းထဲ တစ်ချက်လှမ်းကြည့်လိုက်တော့ ချက်ခြင်းပဲ အဖြေရပါတယ်။ ကျွန်မ ရေချိုးနေတုန်းမှာ သူ့အရက်တွေ ခိုးသောက်ထားတာကိုး။

ကျွန်မ သိပ်ကိုဒေါသဖြစ်သွားပါတယ်။ စိတ်လည်း ထိခိုက်သွားပါတယ်။ ဒီလောက်ကလေးမှ စိတ်မချရတဲ့လူစားမျိုးကို ကျွန်မက ဘယ်လိုလုပ်ပြီး လက်ထပ်လို့ ဖြစ်မှာလဲ. . .။ တာဝန်သိမှုနဲ့ သစ္စာရှိမှုဆိုတာ မရှိသလောက်ပါလားလို့ တွေးလိုက်မိတဲ့အခါမှာ ကျွန်မရဲ့ဒေါသဟာ ပေါက်ကွဲပါတော့တယ်။

"ရှင်ထွက်သွား၊ ရှင်ဟာ လုံးဝယုံကြည်စိတ်ချရတဲ့လူစား မဟုတ်ဘူး၊ သွား အခုချက်ခြင်းထွက်သွား၊ ဒီအခန်းထဲမှာ အရက်သမားလက်မခံဘူး၊ ကျွန်မအမေ ပြောတာမှန်တယ်၊ ရှင်ဟာ. . . လူလိမ်လူညစ်" ကျွန်မကပြောပြောဆိုဆို သူ့ကို ဆိုဖာပေါ်က ဆွဲချပါတယ်။

သူက ဒရီးဒယိုင်နဲ့ ကျွန်မဆီကိုလျှောက်လာပြီး ကျွန်မရဲ့မျက်နှာကို လက်သီးနဲ့ တအားကုန် ပိတ်ထိုးလိုက်ပါတယ်။ ကျွန်မရဲ့ခေါင်းဟာ မူးနောက်နောက်ဖြစ်သွားပါတယ်။ ကျွန်မ နောက်ဆုံးမှတ်မိတာကတော့ ကျွန်မဟာ အိပ်ရာပေါ်ရောက်နေပါတယ်။ မျက်နှာမှာရော ကိုယ်မှာရော အိပ်ရာပေါ်မှာပါ သွေးတွေ ရွှဲနေပါတယ်။ ကျွန်မရဲ့အောက်မေးရိုးဟာ တွဲကျနေပါတယ်။ နာကျင်မှုဝေဒနာက မခံမရပ်နိုင်လောက်အောင် ပြင်းထန်လွန်းတဲ့အတွက် သတိလစ်လုမတတ်ပါပဲ။

❐

"မင့်မေးရိုးကျိုးသွားတယ်"

ဆရာဝန်ရဲ့အသံကို ကျွန်မကြားနေရပါတယ်။ ကျွန်မရဲ့မေးရိုးကို ပြန်ဆက်ပြန်ချုပ်လုပ်နေရတဲ့အတွက် ကျွန်မဟာ ဆေးခန်းထဲမှာ နာရီပေါင်းများစွာ အချိန်ကုန်ခဲ့ရပါတယ်။ "မင့်ပါးစပ်ကို သီတင်းခြောက်ပတ်လောက်တော့ ဟနိုင်မှာ မဟုတ်ဘူး၊ အစာလည်း စားလို့ရမှာမဟုတ်ဘူး၊ အရည်ပဲသောက်ရမယ်"တဲ့။

ကျွန်မရဲ့အကြောင်းဟာ သီတင်းစာတွေထဲမှာ ဟိုးလေးတကျော်ပါပဲ၊ "လူရှုပ်လူပွေတစ်ဦးက မိန်းမရှုပ်ကလေးလီလီယံရောဲ့သ်အား မေးရိုးကျိုးသည့်အထိ လက်သီးဖြင့်ထိုးခြင်း"ဆိုတဲ့ ခေါင်းစီးဟာ ကျွန်မအတွက် မျက်နှာ မဖော်နိုင်လောက်အောင် ဖြစ်ခဲ့ရပါတယ်၊ အမှန်တော့ ဒီကိစ္စဟာ လူရှုပ်နှစ်ဦးဖြစ်တဲ့ ဇာတ်လမ်း

www.burmeseclassic.com



မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မရဲ့ မလိမ်မာမှုကြောင့် ဒီလောက်အထိ ဖြစ်ကုန်ရတာပါ။

ကျွန်မဆီရောက်လာတဲ့ အမေဟာ သိပ်ကိုစိတ်ထိခိုက်ကြေကွဲနေပါတယ်။ “ငါ့သမီးက ကိုယ့်ဘဝကိုယ်ပြန်ပြီးဖျက်နေတာပဲ၊ ဘာ့ကြောင့် ဒီလိုအဖြစ်မျိုးရောက်အောင် လုပ်နေရတာလဲ”လို့ ဝမ်းနည်းပက်လက်ပြောရှာပါတယ်။ ဘော်စတွန်က အဖေလည်း ချက်ခြင်းရောက်လာပါတယ်၊ အဖေကတော့ ဒေါသကြီးလို့မပြီးနိုင်အောင်ဖြစ်နေပါတယ်။ ကျွန်မရဲ့ညီမအန်းကတော့ “လီလီလုပ်ပုံတွေက မဟုတ်တော့ လူအများရဲ့ အမနာပပြောတာကို ခံရတာပေါ့”လို့ ဆိုပါတယ်။

မတ်စ်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး အရေးယူခံရမှာကြောက်လို့ ရှောင်နေပါတယ်။ ပြီးတော့ ကျွန်မကို ဖုန်းဆက်ပြီးခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ ကျွန်မလည်း လက်မခံပါဘူး၊ အလွတ်စုံထောက်တစ်ယောက်ငှားပြီး သူ့ကို ရှာခိုင်းပါတယ်။ မကြာခင်မှာပဲ သူ့ကို စုံထောက်ကတွေ့လို့ ဖမ်းလာခဲ့ပါတယ်၊ ဥပဒေအရ တရားရုံးက တရားစွဲလိုက်တဲ့အတွက် အချုပ်ထဲရောက်သွားပါတယ်။ နောက်တစ်နေ့ကျတော့ ဒေါ်လာတစ်ထောင်ငါးရာတန် အာမခံနဲ့အပြင်ကို ပြန်ရောက်လာပါတယ်။

သူ့ရှေ့နေကတစ်ဆင့် အမှုကို ကြေအေးဖို့ ကျွန်မကို ပြောပါတယ်။ ကျွန်မ လက်ခံလိုက်ပါတယ်။ တရားရုံးမှာ ဒီအမှုကို ဆက်ပြီးရင်ဆိုင်နေရရင် ကျွန်မအဖို့ ပိုပြီးအရှက်တကွဲအကျိုးနည်းဖြစ်ဖို့ပဲ ရှိနေပြီမဟုတ်လား၊ ဒါပေမဲ့ ခက်တာက တရားရုံးပါ၊ ပထမတော့ ကျွန်မရှေ့နေက အမှုကို ကြေအေးခွင့်ပြုလိမ့်မယ်လို့ပြောပေမယ့် တကယ်တမ်းရုံးချိန်းနေ့ကျတော့ ကျွန်မအမှုကို တရားသူကြီးသုံးဦးက စစ်ဆေးလိမ့်မယ်လို့ သိရပါတယ်။

ကျွန်မ စိတ်မထိန်းနိုင်ဖြစ်ရပြန်ပါပြီ၊ “ရှင်တို့က ကျွန်မကို ဂုဏ်သိက္ခာကျအောင် လုပ်ကြဦးမလို့လား”လို့ တရားသူကြီးတွေဘက် လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်မိပါတယ်။ “ဒီလူတွေအများကြီးရှေ့မှာ ကျွန်မ အစစ်ဆေးမခံနိုင်ဘူး”

ကျွန်မ ရုံးခန်းထဲက ထွက်လာခဲ့ပါတယ်၊ ချက်ခြင်းပဲ ရုံးဝန်ထမ်းတစ်ယောက်က ကျွန်မလက်မောင်းကို လိုက်ဆွဲပြီး တရားသူကြီးတွေရှေ့က ခုံတန်းပေါ် ပြန်ထိုင်ခိုင်းပါတယ်။ “ရှင်တို့ဟာ အပြစ်ကင်းစင်တဲ့ အမျိုးသမီးတွေကို အကာအကွယ်ပေးကြရမဲ့ တာဝန်ရှိတယ်။ အခုလိုလုပ်ပုံက မကောင်းဘူး”လို့ ကျွန်မက ဒေါသတကြီးနဲ့ အပြစ်တင်ပါတယ်။

တရားရုံးဥက္ကဋ္ဌက ကျွန်မကို စူးစူးရဲရဲကြည့်ပြီး “မင်း အခုလုပ်နေတာဟာ ရုံးတော်ကို စော်ကားမော်ကားပြုနေတာပဲ၊ နောက်တစ်ခါထပ်ပြောရင် ရုံးတော်ကို မရိုမသေ မလေးမစားလုပ်မှုနဲ့ ဖမ်းချုပ်ရလိမ့်မယ်”လို့ သတိပေးပါတယ်၊ ပြီးတော့ မထိုင်ပဲရပ်နေတဲ့ ကျွန်မကို အထိုင်ခိုင်းပါတယ်။

ကျွန်မ ထိုင်ချလိုက်ပါတယ်။ ကျွန်မရဲ့ရှေ့နေက အမှုကို လူအများရှေ့မှာ မစစ်ဆေးပဲ သီးခြားစစ်ဆေးပေးဖို့ တင်ပြပေးမယ့် တရားရုံးက လက်မခံပါဘူး၊ ဒါပေမဲ့ ချက်ခြင်းစစ်တော့မလိုလိုနဲ့ လုပ်နေရာက ရုံးချိန်းပေးပါတယ်။ ပြီးတော့ တရားရုံးဥက္ကဋ္ဌက “တရားရုံးကို မရိုမသေပြုတဲ့အတွက် မင်းကို ထောင်ပို့ချင်ရင်ရတယ်၊ ဒါပေမဲ့ မင်းရဲ့ စိတ်ကျန်းမာရေးအခြေအနေနဲ့ ဒေါသကြောင့် ယာယီအခိုက်အတန့် စိတ်

www.burmeseclassic.com

BURMESE CLASSIC .com

လွတ်ကိုယ်လွတ် ဖြစ်သွားတာကို ဆင်ခြင်စဉ်းစားပြီး တရားရုံးက သီးခံခွင့်လွှတ်လိုက်တာ”လို့ ကျွန်မကို တရားဟောလိုက်ပါသေးတယ်။

အမှုက လပေါင်းအတော်ကြာကြာထိ ဆက်သွားနေပါသေးတယ်၊ ကျွန်မဘက်ကလည်း မကျန်းမာမှုကို အကြောင်းပြပြီး ရုံးချိန်းကို မသွားပါဘူး၊ အမှုဖြစ်တာက လမ်းပေါ်ဆိုရင် ကျွန်မ သိပ်မစိုးရိမ်ပါဘူး၊ အခုဟာက ကျွန်မအခန်းထဲမှာဖြစ်တာဆိုတော့ သတင်းစာတွေက ရေးချင်သလိုရေးတာကို ခံရမှာသိပ်ကြောက်ရပါတယ်။ ဒီလိုနဲ့ပဲ နောက်ဆုံးမှာ အမှုက ကြေအေးခွင့်နဲ့ ပြီးပြတ်သွားခဲ့ပါတယ်။

ကျွန်မ ရှီကာဂိုမြို့ကိုထွက်လာခဲ့ပြီး ကလပ်တစ်ခုမှာ အဆိုတော်ဝင်လုပ်ပါတယ်၊ ကလပ်က အဆင့်အတန်းမြင့်မြင့် အတန်းအစားထဲကမဟုတ်လို့ မလုပ်ချင်ပေမယ့် ကျွန်မမှာ အလုပ်တစ်ခုမှ လုပ်မနေရရင်မဖြစ်ပါဘူး၊ ဖြစ်ခဲ့သမျှကို မေ့ပျောက်သွားဖို့အတွက် အလုပ်ကတော့ ရှိမှဖြစ်မှာပါ၊ တကယ်တန်းကျတော့ ကျွန်မမေ့ချင်တာတွေကို မေ့လို့ရသလား. . .။ မရပါဘူး။ အားလုံးက ကျွန်မ ဘယ်သူဆိုတာ သိနေကြပါတယ်၊ ကလပ်ကိုလာတဲ့လူတွေက “ဒါ ခြေသလုံးအိမ်တိုင်ဘုရင် ဇာတ်ကားထဲက နာမည်ကျော်မင်းသမီး လီလီယံရှေ့သ်ပေါ့ကွာ၊ အခုတော့လည်း သူ့အဖြစ်က မြင်တဲ့အတိုင်းပဲ”လို့ ပြောကြပါတယ်။

အခုတော့လည်း. . . မှန်ပါတယ်၊ ကျွန်မအဆင့်ဟာ လျှောကျပျက်စီးနေပါပြီ၊ ကျွန်မကိုကြည့်လိုက်ရင် အရက်သမားဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်၊ ကျွန်မဘယ်ကိုပဲ သွားသွားလာလာ တီးတိုးအတင်းအဖျင်းပြောစရာ မိန်းကလေးတစ်ယောက်ဖြစ်နေပါပြီ၊ တကယ်တော့ ကျွန်မဘဝဟာ ဘယ်သူကမှ ဆေးဘော်ကြောဖက် မလုပ်ချင်တော့တဲ့ဘဝကို ရောက်နေပါပြီ။

ဒီအတွင်းမှာပဲ မတ်စ်ဟာ နယူးရောက်ကနေပြီး ရှီကာဂိုမြို့ကို ရောက်လာပါတယ်။ ကျွန်မနဲ့ အမှုရင်ဆိုင်နေရစဉ်က သူ့သားဆန်နီကို ရှီကာဂိုမှာရှိနေတဲ့ သူ့ဦးလေးတစ်ယောက်ဆီ ပို့ထားခဲ့တယ်မဟုတ်လား၊ သူ့သားနဲ့တွေ့ဖို့ဆိုတဲ့အကြောင်းပြချက်နဲ့ ရောက်လာတာပါ။ တစ်ညမှာတော့ သူ ကျွန်မ အလုပ်လုပ်နေတဲ့ ကလပ်ကိုရောက်လာပါတယ်။

မတ်စ်ဟာ အပိုးအပန်း အချော့အမြှူမှာ အလွန်တော်တဲ့ယောကျ်ားပါ၊ ကံမကောင်း အကြောင်းမလှလွန်းလို့ မူးပြီးဖြစ်ခဲ့ရတဲ့ကိစ္စအပေါ်မှာ နည်းနည်းကလေးမှ ခွင့်မလွှတ်နိုင်တော့ဘူးလား တဲ့။ “ဒီလက်သီးချက်ကလေး တစ်ချက်ကြောင့်မောင်နဲ့မင်းဘဝကို အပျက်ခံတော့မှာလား လီလီရယ်”တဲ့။ “မောင် မင်းကိုသိပ်ချစ်တယ်ဆိုတာ မင်းသိပါတယ်”တဲ့။

ဆင်ခြင်စဉ်းစားကြည့်လိုက်ရင် သူ့ရဲ့လက်သီးတစ်ချက်ကြောင့် ကျွန်မဘဝပျက်ခဲ့ရတာပါ၊ ဒါပေမဲ့ ကိုယ့်ဘဝကိုယ် ပြန်လည်တသနေမြောနေတဲ့ ကျွန်မဟာလက်ရှိရင်ဆိုင်နေရတဲ့ အခြေအနေကြောင့် စိတ်နှလုံးကြေကွဲနေရပါတယ်။ စိတ်ဓါတ်တွေကျပြီး အားငယ်နေရပါတယ်။ အရှက်သိက္ခာကင်းမဲ့နေရတဲ့ဘဝမှာ ကျွန်မဟာ တစ်ယောက်တည်းပါ၊ အထီးကျန်ဖြစ်နေရပါတယ်၊ အခုချိန်မှာ ဘယ်သူက ကျွန်မကို လက်တွဲချင်ကြမှာလဲ. . .။

www.burmeseclassic.com



"ကောင်းပြီလေ. . . ရှင့်စကားအတိုင်းသာ တည်ပါစေ။ လီလီတို့ နောက်တစ်ကြိမ် ကြိုးစားကြည့်ကြသေးတာပေါ့"

ကျွန်မအဖြေကတော့ အဲဒါပါပဲ။

ဂ

မတ်စ်ဟာ သဝင်ကြောင်စိတ် သိပ်ကိုအားကြီးတဲ့ယောကျာ်းတစ်ယောက်ပါလား။ တစ်ညခင်းမှာ ကျွန်မဟာ ကလပ်ပိုင်ရှင်နဲ့ စကားလက်ဆုံကျနေကြပါတယ်။ ရယ်စရာရှိတော့လည်း ရယ်မိကြပါတယ်၊ အဲဒါကိုမြင်သွားတဲ့ မတ်စ်ဟာ ယမ်းပုံမီးကျ ဒေါသတွေဖြစ်ပြီး ကျွန်မကိုသတ်မယ်လို့ ကြိမ်းမောင်းချိမ်းချောက်တဲ့အထိ ဖြစ်လာခဲ့ပါတယ်။ လူရှေ့မရှောင် သူရှေ့မရှောင်လုပ်တာဆိုတော့ သူလုပ်ပုံဟာ အရုပ်ဆိုးလွန်းလှပါတယ်။

တစ်ညမှာပါ ကလပ်ပိတ်တဲ့အချိန်မှာ ကျွန်မဟာ ကျွန်မရဲ့အဖော်အဖြစ် ခေါ်ထားတဲ့ အယ်လီဇဘတ်ကို တိုင်ပင်ရပါတယ်၊ "လီလီ သူ့ကိုသိပ်ကြောက်တယ်၊ သူမသိအောင် တိတ်တိတ်ကလေးထွက်သွားချင်တယ်၊ မင်းကူညီနိုင်မလား"လို့ ကျွန်မက ဖွင့်ပြောလိုက်ပါတယ်။

"ကူညီမယ် မဒမ်၊ ကျွန်မ မဒမ်ရဲ့အခန်းကိုသွားပြီး၊ ပစ္စည်းတွေယူပေးပါမယ်"လို့ အယ်လီဇဘတ်ကပြောပါတယ်။

"လီလီတို့ ဟိုတယ်တစ်ခုမှာ သွားနေလို့ကတော့ မဖြစ်ဘူး၊ သူရှာရင် တွေ့သွားမှာပဲ"

"အဲဒီအတွက် မပူပါနဲ့ မစ္စလီလီယံ"လို့ သူက ပြန်ပြောပါတယ်။ "အလုံခြုံဆုံး နေရာက ကျွန်မတို့အိမ်ပဲ ရှိပါတယ်။ ကျွန်မအဖေက ဓမ္မဆရာပါ၊ အမေက ကျောင်းဆရာမပါ၊ ဒီညပဲ ကျွန်မနဲ့လိုက်ခဲ့လို့ ရပါတယ်"

အဲဒီညက ကျွန်မဟာ အယ်လီဇဘတ်တို့အိမ်ကို လိုက်သွားခဲ့ပါတယ်။ သူတို့အိမ်က ရှီကာဂိုမြို့ ဟာလပ်ရပ်ကွက်ထဲမှာပါ၊ ဒီလူမည်းမိသားစုရဲ့အိမ်ဟာ ကျွန်မအတွက် အကောင်းဆုံးခိုလှုံရာရိပ်သာလေးတစ်ခုပါပဲ၊ မတ်စ်အနေနဲ့ ဒီနေရာကိုတော့ ဘယ်နည်းနဲ့မှ သိမှာမဟုတ်ပါဘူး။

မနက်မိုးလင်းတော့ အစီအစဉ်ကို ထပ်ပြီးစဉ်းစားရပါတယ်၊ ကျွန်မ ဘယ်မှာ သွားပုန်းနေရမလဲ၊ ကျွန်မရဲ့ အရင်းနှီးဆုံးသူငယ်ချင်း လီတာဂရေးချက်ပလင်တစ်ယောက်တော့ ကယ်လီဖိုးနီးယားပြည်နယ် ဘာလီဘိုးအားမှာရှိနေပါတယ်၊ အဲဒီတော့ အယ်လီဇဘတ်တို့လင်မယားက ကျွန်မကို အဲဒီအထိ မော်တော်ကားနဲ့လိုက်ပို့ဖို့ စီစဉ်လိုက်ပါတယ်။ လီတာဆီကို ကျွန်မ ကြေးနန်းရိုက်ပြီး အကြောင်းကြားခိုင်းလိုက်ပါတယ်၊ ပြီးတော့ အယ်လီဇဘတ်ကို ကျွန်မအခန်းပြန်လွှတ်ပြီး အဝတ်အစားတွေ ယူခိုင်းလိုက်ပါတယ်။

ကျွန်မပစ္စည်းတွေကို သွားယူတဲ့ အယ်လီဇဘတ်ဟာ ကျွန်မကို လိုက်ရှာနေတဲ့ မတ်စ်နဲ့ ဆုံမိပါတယ်။ မတ်စ်က ချောက်လား ဟောက်လား လုပ်ပေမယ့်

www.burmeseclassic.com



BURMESE CLASSIC .com

အယ်လီဇဘတ်က မကြောက်ဘူး။ "ရှင် ကျွန်မကို ဘာမှလာမလုပ်နဲ့၊ မစ္စလီလီယံသာ ရဲခေါ်ရမှာ ကြောက်တာ၊ ကျွန်မကတော့ အခုချက်ခြင်းခေါ်လိုက်မှာ"လို့ ပြန်ပြောသတဲ့။

ကျွန်မဆီပြန်ရောက်လာတော့ အယ်လီဇဘတ်က အကြောင်းစုံပြောပြပါတယ်၊ "သူက မစ္စလီလီယံပုန်းနေတဲ့ နေရာကို ပြောပြဖို့ ကျွန်မကို ချော့မော့ပြီးမေးတယ်။ ကျွန်မက မပြောဘူး မဒမ်။ သူက မစ္စလီလီယံကို သိပ်ချစ်တယ်လို့ ပြောတယ်၊ ကျွန်မကတော့ လုံးဝမယုံဘူး"တဲ့။

နောက်ထပ်တစ်ရက်မှာ ကျွန်မတို့ဟာ စီစဉ်ထားတဲ့အတိုင်း ထွက်ခဲ့ကြပါတယ်။ ခရီးက မိုင်နှစ်ထောင်ခရီးပါ။ ကျွန်မရောက်သွားတဲ့အခါမှာ လီတာဟာ ကျွန်မအဖြစ်ကိုကြည့်ပြီး တအံ့တသြဖြစ်နေပါတယ်။ ထိတ်လန့်တကြားလည်းဖြစ်နေပါတယ်။ လူရုပ်တောင်မှ မပေါ်လောက်အောင်ဖြစ်သွားရတဲ့ ကျွန်မရဲ့ဘဝကိုကြည့် ပြီး ရင်ထုမနာလည်းဖြစ်နေပါတယ်။ လီတာဟာ ကျွန်မကို သူ့အိမ်မှာထားပြီး လိုအပ်သလိုကူညီစောင့်ရှောက်ခဲ့ပါတယ်။ သူ့မိတ်ဆွေဆရာဝန်တစ်ယောက်နဲ့ ကျွန်မကို ဂရုတစိုက်ကြည့်ရှုကုသပေးခဲ့ပါတယ်။

ကျွန်မ ထူထူထောင်ထောင်ဖြစ်လာတဲ့အခါမှာတော့ လီတာက ကျွန်မအတွက် အိမ်ကလေးတစ်လုံး ငှားပေးခဲ့ပါတယ်။ အဲဒီအိမ်ကလေးကို ပြောင်းခဲ့ပြီးတဲ့နောက်ထပ်ဆယ်ရက်အကြာမှာ ကျွန်မကို ဆက်ပြီးဒုက္ခပေးမယ့်လူဟာ လုံးဝမမျှော်လင့်ပဲနဲ့ ရောက်လာခဲ့ပါတယ်။ တခြားလူမဟုတ်ပါဘူး. . မတ်စ်ပါ။

"နေကောင်းရဲ့လား လီလီ"တဲ့၊ သူနဲ့အတူ သူ့သားဆန်နီ ပါလာပါတယ်။ ဆန်နီက ကျွန်မဆီပြေးလာပြီး ရင်ခွင်ထဲဝင်ထိုင်တယ်။ ကျွန်မဘာလုပ်ရမလဲ၊ မတ်စ်ကတော့ ကျွန်မရှေ့မှာ ဒူးထောက်ပြီး အလွန်ဝမ်းနည်း စိတ်ထိခိုက်သံနဲ့ တောင်းပန်စကားတွေ တတွတ်တွတ်ပြောနေပါတယ်။

"မောင့်ကို ခွင့်လွှတ်ပါ အချစ်ရယ်၊ မောင့်ကိုခွင့်လွှတ်ပါတော့. . . မောင်တို့သားအဖအတွက် အချစ်မရှိရင် မဖြစ်တော့ပါဘူး၊ မောင်နဲ့လီလီတို့ လက်မထပ်ရသေးလို့ပါ၊ လက်ထပ်ပြီးရင် မောင်တို့အခြေအနေဟာ လုံးဝပြောင်းလဲသွားမှာပါ အချစ်ရယ်"တဲ့။

ကျွန်မဟာ အသိခေါက်ခက် အဝင်နက်တဲ့မိန်းမစားပါ။ ကျွန်မရဲ့ အားနည်းမှု ရှိနေတဲ့ လက်ရှိအခြေအနေကြောင့်ပဲလား. . .၊ အရက်သောက်လွန်းလို့ ဦးနှောက်ပျက်နေတာကြောင့်လား၊ ဒါမှမဟုတ်လည်း ကံကြမ္မာကိုက ကျွန်မကို ဖိစီးနှိပ်စက်ဖို့ ပါလာတာကြောင့်လား. . .၊ ဒါကိုတော့ ကျွန်မ ရေရေရာရာခွဲခြားပြီး မသိပါဘူး၊ ဒါပေမဲ့ ကျွန်မဟာ မတ်စ်ရဲ့စကားကို လက်ခံခဲ့ပြန်ပါတယ်၊ သူနဲ့ကျွန်မ တရားသူကြီးတစ်ယောက်ရှေ့မှာ လက်ထပ်ခဲ့ပါတယ်။

ကျွန်မငှားထားတဲ့ ဘီဗာလီဟစ်လ်ရပ်ကွက်ထဲက အိမ်ရှေ့မှာ သတင်းထောက်တွေနဲ့ ဓါတ်ပုံဆရာတွေဟာ ရုတ်ရုတ်သဲသဲဖြစ်နေကြပါတယ်။ မတ်စ်က ချိုမြတဲ့ အပြုံးနဲ့ ကျွန်မကို ဖက်ထားတယ်၊ သူ့သားဆန်နီက ကျွန်မတို့ ခြေထောက်တွေနားမှာ ကစားနေတယ်။ အဲဒီဓါတ်ပုံဟာ နောက်နေ့သတင်းစာတွေထဲမှာ

www.burmeseclassic.com


ပါလာပါတယ်။

*"အချစ်စိတ်က ခမန်းရိုးကျိုးတာကိုအရေးမလား၊ ယိုယိုယ်ရှေ့သက်က သူ့ခမန်းရိုးကို ကျိုးပွားအောင်ဆိုးနိုင်ခဲ့သည့် ပေါက်သီးသမားအား ပေါက်ထင်ပိုက်ပြီ"*

သတင်းခေါင်းစီးတွေကတော့ အမျိုးစုံပါဘဲ၊ ကျွန်မကို သရော်တဲ့ အရေးအသားတွေကိုလည်း ဖတ်ကြရပါတယ်။

အဲဒီနေ့ နေ့ခင်းမှာတော့ စီးပွားရေးလုပ်ငန်းကိစ္စ ဆွေးနွေးဖို့ဆိုပြီး ယောကျ်ားတွေ အများကြီးရောက်လာပါတယ်။ မတ်စ်က ကျွန်မကို တစ်နေရာခေါ်သွားပြီး "လီလီမှာ ဒေါ်လာနှစ်သောင်းလောက်ရှိသလား"လို့ မေးပါတယ်။

မရှိဘူးလို့ ကျွန်မကဖြေပါတယ်၊ အမှန်လည်း မရှိပါဘူး၊ ကျွန်မဆီမှာ အာမခံပေါ်လီစီစာချုပ်တွေနဲ့ ငွေစုစာချုပ်တွေကလွဲပြီး ငွေများများစားစားမရှိတော့ပါဘူး။

"ရှိအောင်လုပ်ပေးပါလား အချစ်ရယ်၊ ဒီလူတွေမှာ အကွက်ကောင်းတစ်ခုတွေ့ထားကြပါတယ်၊ မောင့်မှာသာ ဒေါ်လာနှစ်သောင်းရှိရင် ဂျုံးဘလုံးဒဲလ်အလှကုန်ပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းကိုရမှာ"လို့ မတ်စ်က နားပူနားဆာလုပ်ပါတယ်။

နောက်တစ်နေ့မှာ ကျွန်မအပြင်ထွက်ခဲ့ပါတယ်။ ကျွန်မရဲ့အာမခံပေါ်လီစီတွေနဲ့ ငွေစုစာချုပ်တွေကို အာမခံအဖြစ်ထားပြီး မတ်စ်လိုတဲ့ငွေကို ချေးပေးခဲ့ပါ တယ်။

မတ်စ်ရဲ့သား ဆန်နီဟာ ကျွန်မဘဝမှာ သံယောဇဉ်တွယ်စရာ ဖြစ်လာခဲ့ပါတယ်။ သူနဲ့ကျွန်မဟာ အတူတူကစားကြ၊ စာဖတ်ကြနဲ့ ပျော်စရာဘဝကို တည်ဆောက်ခဲ့ကြပါတယ်။ တစ်ခါတလေ သူနဲ့အတူ အလည်အပတ်ထွက်ကြ ရုပ်ရှင်ကြည့်ကြနဲ့ ကြည်နူးစရာကောင်းလှပါတယ်။ ဒီကလေးကို အကြောင်းပြုပြီး ကျွန်မနဲ့ မတ်စ်တို့ရဲ့ အနေအထားဟာလည်း အကောင်းဖက်ကို ပြောင်းလဲချင် ပြောင်းလဲလာပါလိမ့်မယ်။

ကျွန်မအဖို့တော့ စိတ်ဖြေသိမ့်စရာဆိုလို့ ဆန်နီနဲ့ အရက်ပဲ ရှိပါတယ်။ ကျွန်မရဲ့ ဆေးဘီရိုထဲမှာ အရက်တစ်ပုလင်း အမြဲထားပါတယ်။ မွေ့ယာအောက်မှာလည်း တစ်ပုလင်း အမြဲရှိပါတယ်။ ကျွန်မအရက်သောက်တာကိုတော့ ဆန်နီမမြင်စေရပါဘူး၊ အခုအခါမှာ ကျွန်မအရက်သောက်နေတာဟာ မသောက်ရင် မဖြစ်တော့လို့ပါ။

အချိန်ကျလာရင် ကျွန်မရဲ့အကြောတွေက အရက်ကိုတောင်းလာပါ တယ်။ အရက်မသောက်ရင် ဦးနှောက်တစ်ခုလုံးပေါက်ကွဲသွားမလားလို့ ထင်ရပါ တယ်။ ကျွန်မမှာ လုပ်စရာကလည်း ဘာမှမရှိ၊ သွားစရာနေရာကလည်း နတ္ထိပါ၊ ကျွန်မရဲ့အဖြစ်က ဘာအနှစ်သာရမှမရှိတဲ့ ကမ္ဘာလောကကြီးတစ်ခုထဲက လှုပ်ရှားနေတဲ့ အရိပ်တစ်ခုနဲ့ တူပါတယ်။ အဲဒီတော့ ပျင်းရိချောက်သွေ့လွန်းလှတဲ့ ဒီလောကထဲမှာ ဘဝစိုပြည်ဖို့ကိစ္စဟာ အရက်ကိုသောက်မှပဲ ဖြစ်မဲ့သဘောကလည်း ရှိနေပါတယ်။

ကျွန်မနဲ့ မတ်စ်ရဲ့ဘဝကတော့ အပြောင်းအလဲလုံးဝမရှိပါဘူး၊ မတ်စ်ဟာ အခုလောလောဆယ် ချစ်စရာ ခင်စရာကောင်းနေပေမယ့် နောက်တစ်ခဏအတွင်း

www.burmeseclassic.com


မှာ ရက်စက်ကြမ်းကြုတ်တဲ့ ဘီလူးတစ်ကောင်လို ဖြစ်သွားတတ်ပါတယ်။ သူ့အရက်မူးပြီဆိုတာနဲ့ တစ်ပြိုင်နက် ကျွန်မကို ရိုက်တော့တာပါပဲ၊ ဆန်နီရှေ့မှာတောင် မရှောင်ပါဘူး၊ မကြာခဏ ကလေးကိုအနားမှာထားပြီး ကျွန်မကို ရိုက်လေ့ရှိပါတယ်။ ကလေးတစ်ယောက်ရဲ့ မျက်စိရှေ့မှာ ကျွန်မကို ကြာပွတ်နဲ့ရိုက်နေတာဟာ အသားနာတာထက် စိတ်နာတာက ပိုပါတယ်။

တစ်ခါတလေကျရင် သူ့အတွက် အရက်တစ်ခွက်ထည့်တယ်၊ ကျွန်မအတွက် တစ်ခွက်ထည့်တယ်၊ ပြီးတော့ ကျွန်မရှေ့မှာလာရပ်ပြီး “မင်းသောက်မလား” လို့ မေးပါတယ်။ ကျွန်မက ဖန်ခွက်ကိုယူဖို့လည်း လက်လှမ်းလိုက်ရော သူက ကျွန်မမျက်နှာကို အရက်နဲ့ပက်ပါတယ်။

ငွေကလည်း အမြဲလိုနေတာပါပဲ၊ သူ့ငွေတောင်းလို့ မပေးနိုင်ရင် ပြဿနာလုပ်လေ့ရှိပါတယ်။ တစ်ခါတလေ ဆန်နီကိုခေါ်ပြီး ထွက်သွားတတ်ပါတယ်။ နှစ်ရက်သုံးရက်ကြာလို့ ပြန်လာတဲ့အခါမှာတော့ ကလေးဟာ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ကြောက်လန့်လာတာ တွေ့ရပါတယ်။ ဒီလိုနဲ့ပဲ ကျွန်မရဲ့အာမခံပေါ် လီစီငွေတွေနဲ့ ငွေစုစာချုပ်တွေဟာ သူယူသွားပြီး ငွေနဲ့လဲသုံးလို့ ကုန်သလောက်ဖြစ်ခဲ့ရပါတယ်။

တစ်ညမှာ ကျွန်မတို့ဟာ လီတာချက်ပလင်တို့ လင်မယားနဲ့အတူ အာသာဒေးဆိုတဲ့ မိတ်ဆွေတစ်ယောက်ကိုပါခေါ်ပြီး နာမည်ကြီးဂရေစ်ဆေးစ်လော့ဂျ်မှာ ညစာစားကြပါတယ်။ အဲဒီညက သီချင်းဆိုပြီးဖြေဖျော်နေကြတာက ကျွန်မရဲ့ မိတ်ဆွေပီတာလင်းဟေးစ်နဲ့ ဇနီးတို့ပါ၊ ညစာကလည်း စားဖို့အဆင့်သင့်ဖြစ်နေပါပြီ၊ ကျွန်မတို့ ဖြေဖျော်ပွဲတွေမှာ ဘဝတူချင်းလိုက်နာကြရတဲ့ စည်းကမ်းတစ်ခုရှိပါတယ်။ ဖြေဖျော်နေခိုက်မှာ အစားကိုမစားပဲ နားထောင်နေရမဲ့ စည်းကမ်းပါ။

အဲဒီတုန်းမှာ ကျွန်မ မစားသေးပဲနေတာကို လှမ်းကြည့်ပြီး မတ်စ်က “စားလေကွာ”လို့ပြောပါတယ်။ ကျွန်မလက်ကိုလည်း လှမ်းဆွဲထားပါတယ်။

“နေပါဦး၊ သူတို့ဆိုနေတာကို လီလီနားထောင်ပါရစေဦး၊ ဒါဟာ လီလီတို့အနုပညာသည် အချင်းချင်း လိုက်နာကြရတဲ့ ယဉ်ကျေးမှုတစ်ခုပါ”လို့ ကျွန်မက ရှင်းပြပါတယ်။ ကျွန်မရှင်းပြတာကို သူနားလည်သွားပြီလို့ ကျွန်မက ထင်မိပါတယ်။ ပြီးတော့လည်း သူ့အနေနဲ့ လီတာလင်မယားနဲ့ အာသာတို့ရှေ့မှာ ရိုင်းရိုင်းစိုင်းစိုင်း လုပ်လိမ့်မယ်လို့ မထင်မိပါဘူး။

“ဟဲ့. . . ကောင်မ၊ . . . . ”လို့ သူက အော်ပါတယ်။ “ငါ တစ်ကနေ တစ်ဆယ်အထိရေပြီးလို့မှ နင်မစားရင် နင့်မျက်နှာကို ဒီပန်းကန်နဲ့ပေါက်မယ်”တဲ့။

ကျွန်မက စိတ်ပျက်ပျက်နဲ့ တစ်ချက်ရယ်လိုက်ပြီး ပန်းကန်ထဲကအစာကို တစ်ဇွန်းခပ်စားလိုက်ပါတယ်၊ ပြီးတော့ မျက်နှာကို ဇာတ်ခုံဘက်ပြန်လှည့်ပြီး ကြည့်နေပါတယ်။ အဲဒီတုန်း ဖြုန်းခနဲ မျက်နှာကို ပန်းကန်ပြားတစ်ချပ်လာမှန်ပါတယ်။ နှာခေါင်းကို တည့်တည့်မှန်တာမို့ နှာခေါင်းထဲက သွေးတွေကျလာပါတယ်။

စားပွဲထိုးတွေ ပြေးလာကြပါတယ်။ လီတာယောကျ်ားက မတ်စ်ကို ထဆွဲနေတဲ့ကြားကပဲ သူဟာ စားပွဲကို ဆွဲမှောက်ပစ်ပါတယ်။ ကျွန်မ ဆိုင်ထဲက ပြေးထွက်လာခဲ့ပြီး အငှားကားတစ်စီးနဲ့ အခန်းကို ပြန်လာခဲ့ပါတယ်။ အခန်းကို

www.burmeseclassic.com


ရောက်တော့ ကျွန်မမှာ သော့ပါမလာလို့ အခန်းရှေ့မှာပဲ ထိုင်နေရပါတယ်။

အတော်ကြာတော့ မတ်စ် ပြန်ရောက်လာပါတယ်။ ကြမ်းပေါ်မှာ ထိုင်နေတဲ့ ကျွန်မကို အတင်းဆွဲထူပြီး "ညကလပ်တွေကိုသွားမယ်"တဲ့။ ကျွန်မ လိုက်သွားရပါတယ်။ ကလပ်တွေ တစ်ခုပြီးတစ်ခု ဝင်ပြီး သောက်ပါတယ်။ လူတွေအားလုံးက သွေးတွေရွှဲနေတဲ့ ကျွန်မကို ဝိုင်းကြည့်ပြီး ပါးစပ်အဟောင်းသားနဲ့ ဖြစ်နေကြပါတယ်။ တစ်ချိန်က သိပ်ကိုကျော်ကြားခဲ့တဲ့ မိန်းမ. . .၊ အခုတော့ အကြီးအကျယ်နာမည်ပျက်ပြီး လူမိုက်လူတေ အရူးတစ်ယောက်နဲ့ညားနေတဲ့မိန်းမ. . .၊ အဲဒီထက်နိမ့်ကျတဲ့ ဘဝဟာ ရှိပါဦးတော့မလား. . .၊ ကျွန်မ မတွေးပဲမနေနိုင်ပါဘူး။

ဒီလိုနဲ့ပဲ ကျွန်မရှေ့မှာ ဆန်နီကိုရိုက်တာနဲ့ ကြုံခဲ့ရပြန်ပါတယ်။ ကျွန်မ ဆန်နီကို ခေါ်ပြီး နီးရာဟိုတယ်တစ်ခုမှာ သွားနေပါတယ်။ ညတာဝန်ကျဟိုတယ်စာရေးကို ငွေဆယ်ဒေါ်လာပေးပြီး မတ်စ်လာရင် ကျွန်မတို့ ဒီမှာရှိနေတယ်လို့ မပြောဖို့ နှုတ်ပိတ်ထားပါတယ်။ မကြာခင်မှာပဲ သူရောက်လာပါတယ်။ ကျွန်မ လာဘ်ထိုးခဲ့တဲ့ စာရေးကိုပဲ သူက ဆယ့်ကိုးဒေါ်လာပေးပြီး ကျွန်မဟာ အရက်သမားတစ်ယောက် ဖြစ်နေတဲ့အတွက် ကလေးကိုစိတ်မချလို့ လိုက်လာရတာလို့ လိမ်ပြောခဲ့ပါတယ်။ စာရေးက သူ့စကားကိုယုံကြည်ပြီး ကျွန်မတို့ရှိကြောင်း ဖွင့်ပြောလိုက်တာပါ။

ကျွန်မဟာ ဆန်နီကိုဆွဲပြီး နောက်ဖေးလှေကားက ဆင်းခဲ့ပါတယ်။ နောက်ဟိုတယ်တစ်ခုမှာ သွားနေပါတယ်။ အဲဒီဟိုတယ်ရောက်သွားလို့ ၁၁နာရီလည်းထိုးရော မတ်စ်ရဲ့ရှေ့နေ ရောက်လာပါတယ်။ "ကလေးကို ပြန်ပို့ပေးလိုက်ရင်ကောင်းမယ်၊ ပြန်မပို့ရင် ခင်ဗျားယောကျ်ားက ကလေးကို ပြန်ပေးဆွဲမှုနဲ့ ရဲတိုင်ပြီး အမှုဖွင့်လိမ့်မယ်"လို့ သူ့ရှေ့နေကပြောပါတယ်။

နောက်မိနစ်နှစ်ဆယ်လောက်ကြာတော့ ကျွန်မဆန်နီကိုဆွဲပြီး အခန်းကို ပြန်ရောက်သွားပါတယ်။ မကြာပါဘူး၊ မတ်စ်ဟာ ဆန်နီကို အိပ်ခန်းထဲသွင်းထားပြီး ကျွန်မကို ရက်ရက်စက်စက် ရိုက်တော့တာပါပဲ၊ ကျွန်မ အော်ဟစ်ပြီး လမ်းမပေါ် ပြေးထွက်ခဲ့ပါတယ်။ ကျွန်မသတိရလာတဲ့အချိန်မှာတော့ ကျွန်မဟာ စိန့်ဗင်းဆင့်ဆေးရုံပေါ် ရောက်နေပါပြီ၊ ဒေါက်တာဖရစ်စစ္စသောမတ်စ်က ကျွန်မရဲ့ခေါင်းက ဒဏ်ရာကို ချုပ်ပေးနေပါပြီ။

ကျွန်မ အမှုဖွင့်လိုက်ပါတယ်။ ဒေါက်တာသောမတ်စ်က ထောက်ခံချက်ပေးခဲ့ပါတယ်။ ကျွန်မရဲ့သူငယ်ချင်း အေနီဖို့ဒ်က ဟိုတယ်တစ်ခုမှာ အခန်းငှားပေးထားပါတယ်။ မတ်စ်ရောက်လာမှာ ကြောက်လို့ အခန်းထဲက အပြင်ကိုမထွက်ပါဘူး။ ဒါပေမဲ့ ကျွန်မ သူ့လက်က မလွတ်ပါဘူး။ တတိယနေ့မနက်ကျတော့ မတ်စ်ဟာ အခန်းတံခါးကို ကိုယ်စောင်းတိုက်ဖွင့်ပြီး ဝင်လာပါတယ်။

"ကျွန်မ သိပ်ပြီးမူးနေလို့ အမှုကိုဖွင့်ခဲ့တာပါ၊ အဖြစ်မှန်မဟုတ်ပါဘူး၊ အမှုကို ရုပ်သိမ်းခွင့်ပေးပါလို့ ခရိုင်ရှေ့နေချုပ်ဆီ စာရေးပေး၊ မပေးရင် နင့်ကို ငါ သတ်မယ်" လို့ ခြိမ်းခြောက်ပါတယ်။ ကျွန်မ သူပြောတဲ့အတိုင်း လုပ်ပေးလိုက်ရပါတယ်။

ခရိုင်ရှေ့နေချုပ်က ကျွန်မတို့နှစ်ယောက်စလုံးကို ခေါ်ပါတယ်၊ တစ်ဦးချင်း စီခွဲပြီး တွေ့ပါတယ်။ ကျွန်မကတော့ ကျွန်မ မူးပြီးတိုင်မိတာပါဆိုတဲ့ စကားကိုပဲ

www.burmeseclassic.com



သုံးခဲ့ပါတယ်။ ရှေ့နေချုပ်ကတော့ ယုံကြည်ပုံမရပါဘူး။

"ခင်ဗျားရဲ့တိုင်စာမှာ ရေးထားသမျှတွေဟာ အမှန်တွေချည်းပဲလို့ ကျွန်တော်ကတော့ ထင်တာပဲ။ အခုကိစ္စမှာ ခင်ဗျားအမှုကို ပြန်ရုပ်သိမ်းရင် ခင်ဗျားပဲ မှားလိမ့်မယ်လို့ ယူဆတယ်။ တကယ်လို့ နောက်တစ်ကြိမ်ထပ်ဖြစ်ရင် ခင်ဗျား အမှုဖွင့်လို့ မရနိုင်တော့ဘူး၊ အခုရုပ်သိမ်းထားတဲ့ကိစ္စက ခင်ဗျားကို ပြန်ပြီးဒုက္ခပေးတော့မှာ"လို့ ရှင်းပြပါတယ်။

ကျွန်မ မတတ်နိုင်တော့ပါဘူး၊ လိမ်လက်စအတိုင်းပဲ ဆက်လိမ်ပြီး အမှုကို ရုပ်သိမ်းပေးခဲ့ရပါတယ်။ ကျွန်မအနေနဲ့ မတ်စ် ထက်ပိုကောင်းတဲ့လူနဲ့ မထိုက်တန်လို့ အခုလို ဖြစ်ရတာပဲလို့ ယူဆရတော့မှာပါ. . .။

□□□

www.burmeseclassic.com

## အခန်း[၁၆]

ကျွန်မအနေနဲ့ လက်ရှိဘဝက လွတ်မြောက်ရာလမ်းကို မတွေးလို့ မဖြစ်တော့ပါဘူး။ ကျွန်မရဲ့လက်ရှိအခြေအနေဟာ ဘဝပျက်ရုံတင်မကပါဘူး၊ အသက်ပါဆုံးရှုံးရမဲ့ကိန်းကို ဆိုက်နေပါပြီ။ မတ်စ်ဟာ တစ်နေ့ထက်တစ်နေ့ အရက်ကိုလည်းပိုသောက်လာပါတယ်။ မူးလာရင် ကျွန်မကိုရော သူ့သားဆန်နီကိုပါ အရင်ကထက်တိုးပြီးနှိပ်စက်လာပါတယ်။ တစ်ခါတလေ သူစိတ်မထင်ရင် ဆန်နီကိုခေါ်ပြီး သုံးလေးရက်ပျောက်နေတတ်ပါတယ်။ ကျွန်မလို မိန်းမတစ်ယောက်နဲ့ထားရင် သူ့သားအကျင့်ပျက်သွားမှာ စိုးလို့တဲ့။

တစ်ညမှာတော့ ကျွန်မအိပ်မောကျနေတုန်း အိပ်ခန်းထဲဝင်လာပြီး ကျွန်မကို ရိုက်ပါတယ်။ ရင်ပတ်ကို အဆက်မပြတ်ရိုက်တာဆိုတော့ ကျွန်မ သတိလစ်သွားပါတယ်။ သတိပြန်ရလာတော့ မိုးလင်းနေပါပြီ၊ ကျွန်မ ဒေါက်တာ သောမတ်စ်ဆီဖုန်းဆက်ပြီး အိမ်ကိုလာခဲ့ဖို့ခေါ်ပါတယ်။ ဆရာဝန်ရောက်လာတော့ ကျွန်မ အသက်ရှူလိုက်တိုင်း ရင်ပတ်က နာနာနေတယ်လို့ ပြောပြပါတယ်။

"မင်းရဲ့နံရိုးငါးချောင်းကျိုးနေတယ်"လို့ ဒေါက်တာသောမတ်စ်က စစ်ဆေးအပြီးမှာ ပြောပါတယ်။ ကျွန်မကလည်း ကျွန်မ အိပ်ပျော်နေတုန်း ရိုက်တာပါလို့ ရှင်းပြ ပါတယ်။

"မင်း ဒီအတိုင်းနေလို့ကတော့ ဖြစ်မယ်မထင်ဘူး၊ မင်းအနေနဲ့ အမြန်တစ်ခုခုလုပ်မှ ဖြစ်တော့မယ်၊ ဒီအတိုင်းနေရင်တော့ ဒီအရူးက မင့်ကို သတ်လိမ့်

www.burmeseclassic.com


မယ်”လို့ ဒေါက်တာသောမတ်စ်က မပြန်ခင်ပြောသွားပါတယ်။

ကျွန်မစဉ်းစားရပါပြီ၊ ကျွန်မ ဘာလုပ်ရမလဲ၊ ဘယ်လိုလုပ်မလဲ၊ ရဲနဲ့ဆိုရင်တော့ ကျွန်မလုံခြုံမှုရှိမလား၊ ပထမတစ်ကြိမ်တုန်းက ဆရာဝန်သက်သေခံချက်ရှိပါလျက်နဲ့ အမှုကိုရုပ်သိမ်းခဲ့မိတယ်၊ အခုတစ်ခါဆိုရင် ယုံကြည်လက်ခံပါတော့မလား၊ ကျွန်မအတွက် ထွက်ပေါက်ကတော့ မရှိသလောက်ပါပဲ. . .။ ကျွန်မအနေနဲ့ စဉ်းစားရတာ ခေါင်းရှုပ်လှပါတယ်။

ဒီလူနဲ့ပေါင်းသင်းနေရတဲ့ ကာလအတွင်းမှာ ကျွန်မဟာ လူနဲ့မတူတော့ပါဘူး။ တိရစ္ဆာန်တစ်ကောင်နဲ့ ဘာမှခြားနားမှုမရှိပါဘူး၊ အဲဒီတော့ ဇာတ်လမ်းကိုဖြစ်တဲ့နည်းနဲ့ အဆုံးသတ်မှဖြစ်တော့မှာပါ။

သောကြာနေ့တစ်ညမှာ မတ်စ်ဟာ ဆန်နီကိုပါခေါ်ပြီး ညကလပ်တစ်ခုက ဧည့်ကြိုမယ်တစ်ယောက်ဆီ သွားနေပါတယ်။ ကျွန်မက ဆန်နီအတွက် စိတ်ပူလို့ လိုက်သွားမိပါတယ်။ ကျွန်မရောက်သွားတော့ အမျိုးသမီးက ကျွန်မပြောသမျှ မယုံပါဘူး။ ကျွန်မဟာ အမြဲမူးနေတဲ့မိန်းမမို့ သူ့သားကို အတူထားလို့မဖြစ်ဘူးဆိုတဲ့ မတ်စ်ရဲ့စကားကိုပဲ ယုံကြည်နေပါတယ်။ ကျွန်မက ပတ်တီးစီးထားတဲ့ရင်ပတ်က ဒဏ်ရာတွေကိုပြတော့မှ ယုံကြည်သွားပါတယ်။

ကျွန်မတို့ စကားပြောနေကြတုန်းမှာ မတ်စ်ဟာ အခန်းထဲကို ဝင်လာပါတယ်။ “ဖာသယ်မရောက်နေသကိုး”လို့ ရေရွတ်ပြီး “နင့်ကို ငါဟိုးလီးဝုဒ်နဲ့ ဗိုင်းလမ်းထောင့်ကိုပို့ပေးမယ်၊ နင့်တစ်ကိုယ်လုံးက အဝတ်တွေကို တစ်စမကျန်ဆုတ်ဖြဲပစ်မယ်၊ ပြီးတော့မှ နင့်ကိုယ်နင် ဝတ်လစ်စားလစ်ပြပွဲ ကျင်းပနိုင်အောင်လုပ်ပေးမယ်”လို့ ပြောပါတယ်။

စကားလည်းဆုံးရော ကျွန်မကို အခန်းထဲက ဆွဲခေါ်သွားပါတယ်။ ဟိုအမျိုးသမီးက အော်ဟစ်ပြီးတားပေမဲ့ မရပါဘူး၊ ကားပေါ်ရောက်တော့ ကားမောင်းရင်းနဲ့ ကျွန်မရဲ့အဝတ်တွေကို ဆုတ်သွားပါတယ်။ ကျွန်မ ကားတံခါးကိုဖွင့်ပြီး ခုန်ဆင်းလိုက်ပါတယ်၊ အနီးဆုံးအငှားကားတစ်စီးဆီ ပြေးသွားပြီး အကူအညီတောင်းပါတယ်။

မတ်စ်က နောက်ကလိုက်လာပြီး ကားသမားကိုပြောပါတယ်။ “ငါ့မိန်းမက သိပ်မူးနေတယ်၊ သူဘာပြောပြီး ဘာလုပ်နေတယ်ဆိုတာ မသိဘူး၊ သူက အရူးထောင်ကထွက်ပြေးလာတာ၊ ငါ သူ့ကိုပြန်ပို့ပေးရမှာ”တဲ့၊ ဒရိုင်ဘာခမြာ ဘယ်သူ့စကားကို ယုံရမှန်းမသိ ဖြစ်နေပါတယ်။ နောက်ဆုံးမှာတော့ ကျွန်မကို မဝေခွဲနိုင်တဲ့ မျက်နှာထားနဲ့ကြည့်ပြီး “ခင်ဗျားယောကျ်ားနဲ့ ပြန်လိုက်သွားပါ”လို့ ပြောပါတယ်။

အဲဒီညက ဒဏ်ရာဒဏ်ချက်တွေနဲ့ အခန်းကိုပြန်ရောက်လာခဲ့တဲ့ ကျွန်မဟာ မိုးလင်းတာနဲ့တစ်ပြိုင်နက် သူငယ်ချင်းအေမီ့အခန်းကို သွားပါတယ်။ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချထားပြီးပြီဖြစ်တဲ့ ကျွန်မဟာ စိတ်လက် ပေါ့ပါးနေရုံသာ မကပါဘူး၊ ကြောက်ရွံ့စိတ်ပါ ကင်းမဲ့သွားပါတယ်။ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို လက် တွေ့ အကောင်အထည်ဖော်နိုင်ဖို့အတွက် ပထမဆုံးရှေ့နေတစ်ယောက်ဆီ ဖုန်းဆက်ပြီး လင်မယားကွာရှင်းပြတ်စဲခွင့် လျှောက်ထားဖို့တိုင်ပင်ပါတယ်။ ပြီးတော့

www.burmeseclassic.com


သူ့ အကူအညီနဲ့ သက်တော်စောင့်တစ်ယောက် ငှားခိုင်းလိုက်ပါတယ်၊ ကိစ္စလည်း ပြီးရော ကျွန်မဟာ ရဲတစ်ယောက်နဲ့အတူ အခန်းကိုပြန်သွားပါတယ်။

အခန်းတံခါးကို တဝုန်းဝုန်း တဒိုင်းဒိုင်းထုပေမယ့် အထဲကဖွင့်မပေးပါဘူး၊ ရဲက ကိုယ်လုံးနဲ့တိုက်ဖွင့်ဖို့ လုပ်နေခိုက်မှာ အိမ်ရှင်မိန်းမကြီးရောက်လာပါတယ်၊ “ဒီမိန်းမ မကောင်းဘူးလို့ မိန်းမကြီးကပြောနေပေမယ့် ရဲက လက်မခံပါဘူး၊ နောက်ဆုံးမှာ လက်သမားတစ်ယောက်ရဲ့ အကူအညီနဲ့ ရဲကိုယ်တိုင် တံခါးကိုဖွင့်ပြီး ဝင်ခဲ့ကြပါတယ်။

အိမ်ခန်းထဲက ထွက်လာတဲ့လူကတော့ မတ်စ်ပါ၊ “ကျွန်တော် အိပ်ပျော်နေလို့ပါ၊ ဘာပြဿနာရှိလို့လဲ”တဲ့၊ ရဲက သူ့ကို တစ်ချက်ပြန်ကြည့်ပြီး “တံခါးကို ဒီလောက် ထုရိုက်ပြီး ဖွင့်နေတာတောင် မနိုးဘူးလားကွ”လို့ ပြောပါတယ်၊ “ကဲ. . . အခု မင်းနိုးပြီ၊ မင့်ပစ္စည်းတွေထုပ်ပိုးပြီး ထွက်သွားတော့”လို့လည်း အမိန့်ပေးပါတယ်။

“ဒီမိန်းမပြောတာ ယုံနေသလား”လို့ မတ်စ်က ပြန်မေးပါတယ်၊ “သူက ရူးနေတာ၊ အလွန်စက်ဆုတ်ဖို့ကောင်းတဲ့မိန်းမ”

“အေးလေ၊ မင်းပြောစရာရှိတာကို တရားရုံးကျတော့ပြော၊ အခုလုပ်ရမှာက မင်း ဒီအဆောက်အဦထဲက ထွက်သွားဖို့ပဲ၊ မင့် မိန်းမကိုတော့ လက်ဖျားနဲ့တောင်မှ မတို့နဲ့. . .”

မတ်စ်က ကျွန်မကို ဒေါသတကြီးနဲ့ စူးစူးဝါးဝါးကြည့်နေပါတယ်၊ ကျွန်မကို တစ်ခုခုလုပ်တော့မဲ့ ပုံစံမျိုးပါ၊ ကျွန်မရဲနောက်မှာ ဝင်ကပ်နေပါတယ်၊ “ခင်ဗျား ကြောက်စရာမလိုဘူး”လို့ ရဲကပြောပါတယ်။

မတ်စ်က ကျွန်မဘက်ကို တိုးလာပါတယ်၊ ရဲက စကားတစ်လုံးမှ ပြောမနေတော့ပဲ သူ့လက်ထဲကတုတ်နဲ့ မတ်စ်ရဲ့နံကြားကို တစ်ချက်ဆောင့်ထိုးလိုက်ပါတယ်။ “မင်းမနာချင်ရင် အခုထွက်သွား”လို့လည်း ထပ်ပြီးနှင်ပါတယ်။ မတ်စ်က အလွန်ခက်ထန်မာကြောတဲ့ မျက်နှာထားနဲ့ ကျွန်မကိုတစ်ချက်လှမ်းကြည့်ပြီး ထွက်သွားပါတယ်။

နောက်တစ်ပတ်အတွင်းမှာ ကျွန်မဟာ ဘယ်သွားသွား ကျွန်မရဲ့သက်တော်စောင့်နဲ့ သွားပါတယ်။ တစ်ပတ်ကုန်သွားပြီးတဲ့နောက် မကြာခင်မှာပဲ မတ်စ်တစ်ယောက် ရှီကာဂိုမြို့ကိုထွက်သွားပြီဆိုတဲ့ သတင်းကြားရပါတယ်။ စိတ်အေးနားအေးဖြစ်သွားမိတဲ့ ကျွန်မဟာ သက်တော်စောင့်ကို ရွှေ့နေဆီအကြောင်းကြားပြီး ပြန်အပ်လိုက်ပါတယ်။ မကြာပါဘူး၊ တစ်ရက်နှစ်ရက်လောက်နေတော့ ကျွန်မဆီကို မတ်စ် ရောက်လာတာပါပဲ။

ရောက်လာတာနဲ့တစ်ပြိုင်နက် ကျွန်မရဲ့ဗိုက်ကို တအားကြုံးကန်ပါတယ်။ ကျွန်မဟာ ကုလားထိုင်တစ်လုံးပေါ် ပက်လက်လဲကျသွားပါတယ်၊ အဲဒီအခိုက်မှာပဲ တယ်လီဖုန်းမြည်သံဟာ စူးစူးရှရှပေါ်လာပါတယ်။ အသက်ရှူမှားနေတဲ့ ကျွန်မဟာ တယ်လီဖုန်းဆီကို ဒရီးဒယိုင်နဲ့လျှောက်သွားပါတယ်။

တစ်ဖက်ကခေါ်တဲ့လူဟာ ကျွန်မမိတ်ဆွေ အေမီပါ၊ “အေမီရယ် ကျေးဇူးပြုပြီး. . .”ကျွန်မစကား မဆုံးခင်မှာပဲ၊ မတ်စ်က တယ်လီဖုန်းကို ဆွဲလုသွားပါတယ်။ ပြီးတော့ တယ်လီဖုန်းနဲ့ ကျွန်မရဲ့လက်နှစ်ဖက်ကို ပခုံးကလက်ပတ်အထိ အပြန်ပြန်

www.burmeseclassic.com

BURMESE CLASSIC .com

အလှန်လှန်ရိုက်နေပါတယ်။ တယ်လီဖုန်းခွက် "လီလီယံ. . . လီလီယံ"လို့ အော်ခေါ်နေတဲ့ အသံကို ကျွန်မကြားနေရပါတယ်။

ရိုက်လို့အားရတော့ မတ်စ်ဟာ တယ်လီဖုန်းကို ပြန်တပ်ထားခဲ့ပြီး အိပ်ခန်းထဲဝင်သွားပါတယ်။ သူ့အလစ်မှာ တယ်လီဖုန်းဆက်ပြီး အကူအညီတောင်းမှ ဖြစ်မယ်လို့ စိတ်ကူးရပါတယ်၊ ကျွန်မတယ်လီဖုန်းကို ဘယ်ဘက်လက်နဲ့ လှမ်းယူလိုက်တုန်းမှာပဲ မတ်စ်ဟာ ပြေးထွက်လာပြီး တယ်လီဖုန်းလမ်းညွှန်စာအုပ်ကြီးနဲ့ ကျွန်မမျက်နှာကို ဖြတ်ရိုက်လိုက်ပါတယ်၊ ရိုက်ချက်က ကျွန်မရဲ့ညာဘက်မျက်လုံးနဲ့ ပါးကို ရိုက်မိပါတယ်။

ပြီးတော့ ကျွန်မကို အိပ်ခန်းထဲဆွဲသွင်းသွားပြီး ကြမ်းပေါ်ကိုတွန်းလဲကျသွားအောင် ဆောင့်တွန်းလိုက်ပါတယ်၊ သူဟာ အရူးတစ်ယောက်လိုပါပဲ။ ဘီရိုထဲက ကျွန်မအဝတ်အစားတွေကို တစ်ထည်ချင်းစီထုတ်ယူပြီး ဆုတ်ဖြဲပစ်ပါတယ်။ ကျွန်မရဲ့ လက်ဆွဲအိတ်ထဲက အဖိုးတန်ရွှေငွေ၊ ရတနာတွေနဲ့ ဒေါ်လာငွေတွေအားလုံးကို သူ့အိပ်ကပ်ထဲထည့်ပါတယ်။ ကျွန်မ နှစ်ပေါင်းများစွာသိမ်းဆည်းလာခဲ့တဲ့ ဒေးဗစ်ရဲ့ ဓါတ်ပုံတွေနဲ့ စာတွေ၊ ကလေးသရုပ်ဆောင်ဘဝတုန်းက အမေတို့ အန်းတို့နဲ့တွဲရိုက်ထားတဲ့ဓါတ်ပုံတွေ၊ အဲဒါတွေအားလုံးကိုလည်း တစ်ပိုင်းတစ်စစီဖြစ်ကုန်အောင် ဆုတ်ဖြဲပစ်ပါတယ်။ သူလုပ်ချင်တာတွေလုပ်ပြီး လိုချင်တာတွေ အကုန်ယူအပြီးမှာ ကျွန်မကို ခြေထောက်နဲ့ မရပ်မနားကန်နေပြန်ပါတယ်။ ကျွန်မ သတိလစ်သွားတဲ့အတွက် ဘယ်လောက်ကြာကြာကန်နေတယ်ဆိုတာ မသိတော့ပါဘူး။

ကျွန်မ သတိပြန်ရလာတော့ ကျွန်မတစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်နေတာ သတိထားမိပါတယ်။ ကျွန်မ တယ်လီဖုန်းဆီသွားပြီး ဆေးရုံကို လူနာတင်ယာဉ်လွှတ်ပေးဖို့ ဆက်ပါတယ်။ စိန့်ဗင်းဆင့်ဆေးရုံက ဒေါက်တာသောမတ်စ်ဟာ ကျွန်မကို တတိယအကြိမ်လက်ခံပြီး ကြည့်ရှုကုသပေးရပြန်ပါတယ်။

ကျွန်မရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ကြည့်ရှုပေးနေတဲ့ဒေါက်တာဟာ ခေါင်းတယမ်းယမ်းလုပ်နေပါတယ်။ ရဲကလည်း ကျွန်မကိုစစ်ဆေးပြီး ဒဏ်ရာတွေကို ဓါတ်ပုံရိုက်ယူပါတယ်။ သက်သေခံအဖြစ် တင်ပြနိုင်ဖို့ ဓါတ်မှန်လည်း အရိုက်ခိုင်းပါတယ်။

ခရိုင်တရားရုံးရှေ့နေချုပ်ကိုယ်တိုင် ကျွန်မကို လာကြည့်ပါတယ်။ "ဒီမိန်းကလေးက ကွာရှင်းပြတ်စဲခွင့်တင်ထားတယ်၊ သူက သူ့ကိုယ်သူ လုံခြုံမှုရှိနေပြီလို့ ထင်တာကိုး၊ သူထင်တာ မှန်မမှန်ကတော့ မြင်တဲ့အတိုင်းပဲ သူ့ယောက်ျားကို အမြန်ဆုံးဖမ်းဖို့ လုပ်ကြပါ"လို့ ပြောသွားပါတယ်။

ဒီတစ်ကြိမ်မှာတော့ မတ်စ်ဟာ ရှီကာဂိုကိုသွားတာ အမှန်ပါ၊ သူ့သားဆန်နီကိုပါ ခေါ်သွားပါတယ်။ "ကျွန်မ ဒီလူ့အကြောင်းသိပါတယ်၊ မကြာခင် ကျွန်မဆီ ဖုန်းဆက်မှာပါ၊ ဒီကိုရောက်လာမှ ဖမ်းတာပေါ့"လို့ ကျွန်မက ခရိုင်ရှေ့နေချုပ်ကို ပြောပြထားပါတယ်။

ထင်တဲ့အတိုင်းပဲ သူ ကျွန်မဆီကို မိုင်နှစ်ထောင်ကျော်အကွာ ရှီကာဂိုကနေ ဖုန်းဆက်ပါတယ်၊ ထုံးစံအတိုင်း "မူးလို့ဖြစ်ရတာပါကွယ်၊ မောင် လီလီကို သိပ်ချစ်

www.burmeseclassic.com


ပါတယ်၊ အခုဆို ဆန်နီမှာ ဆုံဆို့နာဖြစ်နေလို့ ဆေးရုံတင်ထားရတယ်၊ မောင် သူ့ကို မင်းနဲ့မထားခဲ့တာ မှားတယ်"စသည် စသည်ဖြင့် အလိမ်အညာ အဖြီးအဖျန်း စကားတွေကို ပလီပလာ တီတီတာတာပြောတာပါပဲ။

ကျွန်မက အလိုက်သင့်ပြန်ပြောပြီး ပြန်လာဖို့ခေါ်လိုက်ပါတယ်၊ "မောင့်ကို ရဲက မဖမ်းအောင် မင်းလုပ်ပေးမယ်မဟုတ်လား"လို့ သူကမေးပါတယ်၊ "လုပ်ပေးမှာပေ့ါ"လို့ ကျွန်မက ဖြေလိုက်ပါတယ်။

သီတင်းတစ်ပတ်ကုန်သွားပါပြီ သူပေါ်မလာပါဘူး၊ နှစ်ပတ်လွန်တော့ သူ့ဆီက ဖုန်းလာပြန်ပါတယ်၊ အမှုစစ်ချိန်မှာ ကျွန်မကိုယ်ပေါ်က ဒဏ်ရာတွေပျောက်နေစေချင်လို့ ရုတ်တရက်ပေါ်မလာပဲ ရှောင်နေတာကိုး. . .၊ သူလာပြီဆိုတော့ လော့စ်အိန်ဂျယ်လီလေဆိပ်လည်း ရောက်ရော ရဲကဖမ်းတာပါပဲ. . .၊ သေစေလိုသောရည်ရွယ်ချက်နဲ့ လူတစ်ယောက်ကို ညှင်းပန်းနှိပ်စက်မှုနဲ့ တရားစွဲလိုက်ပါတယ်၊ ထောင်ဒဏ်သုံးနှစ်က ဆယ်နှစ်အထိ ချနိုင်တဲ့ပုဒ်မပါ။

နောက်တစ်နေ့ကျတော့ သူ အာမခံနဲ့လွတ်လာပါတယ်။ သူလွတ်လာ တာ သိစေချင်လို့ ကျွန်မဆီ ဖုန်းဆက်ပါတယ်. "သူ့ကို ခွင့်လွှတ်ပါ၊ ကျွန်မကို အရူးအမူး ချစ်တာပါ၊ သူလုပ်ခဲ့မိတဲ့အပြစ်အတွက် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ပါဘူး၊ ကျွန်မကို တွေ့ပါရစေ"တဲ့။

"လာခဲ့လေ. . . "

ကျွန်မအဖြေက ဒါပါပဲ၊ ဒါပေမဲ့ ဒီတစ်ကြိမ်မှာကတော့ ကျွန်မ သူ့ကို လက်စားချေရပါလိမ့်မယ်၊ ကျွန်မဟာ ကျွန်မရဲ့လက်ပွေ့အိတ်ထဲ ထည့်လို့ရတဲ့အရွယ်အစား ဝက်အူလှည့်တစ်ချောင်း ဝယ်ထားပါတယ်။ ပြီးတော့ ရင်းနှီးတဲ့ မိတ်ဆွေသုံးယောက်ကိုလည်း ခေါ်ထားပါတယ်။ သူတို့ကတော့ သီချင်းရေးဆရာပီတာဘတ်စ်စန္ဒယားဆရာ လီဝစ္စဝီလျံနဲ့ အေမီရဲ့မောင်ဂျွန်နီတို့ပါ၊ သူတို့ကိုလည်း ကျွန်မက အကြောင်းစုံပြောပြပြီး ဘယ်လိုလုပ်ကြမယ်ဆိုတာ တိုင်ပင်ထားပါတယ်။

မကြာခင် သူရောက်လာပါတယ်၊ ယောကျ်ားသုံးယောက်ကိုမြင်တော့ အံ့အားသင့်သွားပါတယ်၊ ဒါပေမဲ့ သူ့ကိုယ်သူ ထိန်းထားပါတယ်။ "လူကြီးမင်းတို့ ကျန်းမာတော်မူကြပါစ"လို့ ခပ်တည်တည်ပြောပါတယ်။

ကျွန်မက ထိုင်ခိုင်းတော့ ဝင်ထိုင်ပါတယ်၊ ပီတာက သူ့ရဲ့ဘယ်ဖက်ဘေးမှာ ကပ်ပြီး ရပ်နေပါတယ်၊ လီဝစ္စကတော့ ညာဖက်ဘေးမှာပါ၊ နောက်က ကပ်ပြီးရပ်နေသူက ဂျွန်နီပါ။

"လီလီအရက်သောက်ချင်တယ်၊ မတ်စ်ကောသောက်မလား"လို့ ကျွန်မက မေးတော့ သူက ခေါင်းညိတ်တယ်။

ကျွန်မ မီးဖိုခန်းထဲသွားပြီး အရက်ဖန်ခွက်ယူလာခဲ့ပါတယ်။ "လီလီမှတ်မိသေးတယ်၊ ရှီကာဂိုမှာတုန်းက ရှင်ကျွန်မကို အရက်ဘယ်လိုတိုက်ခဲ့တယ်ဆိုတာ လုံးဝမမေ့ဘူး" ပြောပြောဆိုဆိုပဲ ကျွန်မက သူ့မျက်နှာကို ဖန်ခွက်ထဲက အရက်တွေနဲ့ ပက်လိုက်ပါတယ်။ "ဒီလိုတိုက်ခဲ့တယ် မဟုတ်လား"လို့လည်း မေးလိုက်ပါတယ်။

သူက နားမလည်နိုင်တဲ့ မျက်နှာထားနဲ့ ကျွန်မကိုကြည့်နေပါတယ်။ အိပ်

www.burmeseclassic.com

BURMESE CLASSIC .com

ကပ်ထဲက လက်ကိုင်ပုဝါကို ထုတ်ယူပြီး မျက်နှာကိုသုတ်ပါတယ်၊ "မောင့်အချစ်ကလေး မူးနေပြီလား"တဲ့။

"မမူးပါဘူး အချစ်ရယ်၊ ဟိုတုန်းကဟာလေး သတိရမိလို့ပါ" ပြောပြောဆိုဆိုနဲ့ပဲ ကျွန်မကရှိသမျှအား အကုန်ထုတ်ပြီး သူ့မျက်နှာကို လက်ပြန်ရိုက်လိုက်ပါတယ်။ ကျွန်မ လက်စွပ်က သူ့ပါးတစ်ဖက်ကို ခြစ်မိသွားလို့ သွေးထွက်လာပါတယ်၊ ကုလားထိုင်ပေါ်က ထဖို့ကြိုးစားပေမဲ့ ပီတာနဲ့လီဝစ္စက နှစ်ဖက်ညှပ်ပြီး မထနိုင်အောင် လုပ်ထားပါတယ်၊ ဂွန်နီကလည်း သူ့ခေါင်းကို လက်နှစ်ဖက်နဲ့ညှပ်ကိုင်ပြီး နောက်ကို လှန်ထားပါတယ်။

"ညို့သကျည်းတွေကို ခြေထောက်နဲ့ ဆောင့်ဆောင့်ကန်ခဲ့တာကော မှတ်မိသေးလား၊ ဘယ်လိုခံစားရတယ်ဆိုတာတော့ ရှင်သိလား၊ ဟော့သလို ခံစားရတယ်"

ကျွန်မက သူ့ညှိုသကျည်းကို ခြေထောက်နဲ့ တအားဆောင့်ကန်ပါတယ်၊ သူ့ဆီကလည်း ညီးသံထွက်လာပါတယ်။ "ခွေးနာမ"ဆိုတဲ့ ဆဲသံလည်းကြားရပါတယ်၊ ကျွန်မ နောက်ထပ်သုံးလေးချက်ကန်လိုက်ပါသေးတယ်၊ ပြီးတော့ လက်ကိုင်အိတ်ထဲက ဝက်အူလှည့်ကြီးကိုထုတ်ပြီး သူ့ခေါင်းတည့်တည့်ကို ခပ်ပြင်းပြင်းရိုက်လိုက်ပါတယ်။

ရိုက်ချက်ကပြင်းတော့ မူးသွားပုံရပါတယ်။ ခဏနေလို့ အမူးပြေသွားတော့ ငိုပါတယ်၊ "သူငယ်ချင်းတို့ရယ် တို့ရဲ့မိန်းမက စိတ်နောက်နေတာပါ၊ သူဟာ အရူးပါ၊ သူ ဒီလိုလုပ်တာကို ကြည့်နေကြတော့မှာလား"လို့လည်း ပြောပါတယ်။

နောက်ဆုံးမှာ ကျွန်မဟာ တစ်ချိန်က သူ ကျွန်မကိုခေါ်သွားပြီး အဝတ်အစားတွေ ဆုတ်ဖြဲပစ်ခဲ့တဲ့ ဟိုးလီးဝုဒ်လမ်းနှင့် ဗိုင်းလမ်းထောင့်ကိုခေါ်သွားခဲ့ပါတယ်။ ရောက်သွားတဲ့အခါမှာ သူ့ခေါင်းကို ကျွန်မရဲ့အိတ်နဲ့ စိတ်ရှိလက်ရှိ ရိုက်ခဲ့ပါတယ်။ ကျေနပ်ပြီဆိုမှ သူ့ကို ကားပေါ်ကမောင်းချခဲ့ပါတယ်။ "နင့်ကို မနက်ဖြန်တရားရုံးကျမှပဲ တွေ့တော့မယ်"လို့လည်း ပြောလိုက်ပါတယ်။

၇

တရားရုံးရှေ့မှောက်မှာ ကျွန်မရဲ့ဇာတ်လမ်းကို ရင်ဖွင့်ခဲ့ပါတယ်။ မတ်စ်ကလည်း "ဒီမိန်းမဟာ အရက်သမားတစ်ယောက်ပါ၊ မနေ့ညကဆိုရင် ကျွန်တော့်ကို သေလောက်အောင် ရိုက်နှက်ခဲ့ပါတယ်။ ဒီမှာကြည့်ပါ"လို့ ပြောပြီး သူရထားတဲ့ဒဏ်ရာတွေကို ပြပါတယ်။

တရားရုံးက သူ့လိုရာဇဝတ်မှုတွေ ကျူးလွန်ခဲ့တဲ့လူတစ်ယောက်ရဲ့ စကားကို ယုံကြည်လက်ခံနိုင်ဖွယ်မရှိဘူးလို့ ဆိုခဲ့ပါတယ်၊ ကျွန်မဖက်က တင်ပြထားတဲ့ ဓါတ်မှန်တွေနဲ့ ဓါတ်ပုံတွေက ခိုင်လုံတဲ့ သက်သေအထောက်အထားတွေဖြစ်တဲ့ အတွက် မတ်စ်ကို ထောင်ဒဏ်ခြောက်လ အပြစ်ပေးလိုက်ပါတယ်။

တရားသူကြီးက သူ့စီရင်ချက်ကိုချမှတ်အပြီးမှာ "တရားလိုအမျိုးသမီးက လျှော့ပေါ့ပြီး ထွက်ဆိုသွားတဲ့အတွက် မင်းသက်သာရာရတာ၊ သူ့ကို မင်း ဒူးထောက်

www.burmeseclassic.com


ပြီး တောင်းပန်ဖို့သင့်တယ်၊ သူ့ကြောင့် ငါ မင်းကို ထောင်ခြောက်လပဲ ချနိုင်ခဲ့တာ။ မင်း အမှန်ကျသင့်တဲ့ထောင်ဒဏ်က ဆယ်နှစ်ပဲ”လို့ ပြောခဲ့ပါတယ်။

မတ်စ်က ကျွန်မကိုကြည့်ပြီး ရယ်ပါတယ်။ “ငါထောင်ထဲမှာ ခြောက်လ မနေရပါဘူး၊ မင်း ငါ့လက်က မလွတ်ပါဘူး၊ ကြည့်ကြသေးတာပေါ့”လို့လည်း ပြောသွားပါတယ်။

မကြာခင်မှာပဲ ကျွန်မနဲ့မတ်စ်ရဲ့ ကွာရှင်းခွင့်လျှောက်လွှာကို တရားရုံးက ကြားနာစစ်ဆေးခဲ့ပါတယ်။ “မစ္စလီလီယံအနေဖြင့် မတ်စ်ဟာရစ္စအား လက်ထပ်ခဲ့ခြင်းသည် ၎င်းကျူးလွန်ခဲ့ဘူးသော ရာဇဝတ်ပြစ်မှုများအကြောင်းကို မသိ၍ဖြစ်သည်မှာ မှန်ကန်သည်။ သို့ဖြစ်၍ မစ္စလီလီယံအား မတ်စ်ဟာရစ္စနှင့် ကွာရှင်းခွင့်ပြုလိုက်သည်”ဆိုတဲ့ သုံးသပ်ချက်ကို အခြေခံပြီးခွင့်ပြုခဲ့ပါတယ်။

□□□

www.burmeseclassic.com

## အခန်း[၁၇]

အိပ်မက်ဆိုးကြီးတစ်ခု မက်နေသလိုဖြစ်ခဲ့ရတဲ့ မတ်စ်နဲ့ကျွန်မရဲ့ ဘဝဇာတ်လမ်းဟာ ပြီးဆုံးသွားပါပြီ၊ တစ်စစီဖြစ်သွားခဲ့ရတဲ့ ကျွန်မဘဝရဲ့အပိုင်းအစတွေကို ဘယ်လိုပြန်ကောက်ရမလဲ၊ ဘယ်လိုစုပြီး ဘယ်လိုပြန်ဆက်ရမလဲ၊ ပြီးတော့ ဘယ်နေရာမှာ ဘယ်လိုရပ်ရမလဲ. . . ဒါတွေဟာ ကျွန်မ မစဉ်းစားလို့မဖြစ်တဲ့ အချက်တွေပါ။

အမေက ကျွန်မကို သူနဲ့နေစေချင်ပါတယ်။ အမေဟာ ကျွန်မရဲ့ညီမ အန်းတို့လင်မယားနဲ့ အတူနေတာပါ၊ အန်းယောက်ျားကတော့ အန်းကို သိပ်ချစ်သိပ်ဂရုစိုက်ပါတယ်၊ အန်းဟာ မကြာခင် ကလေးတစ်ယောက် ရတော့မှာပါ၊ ကျွန်မကတော့ မိန်းမတစ်ယောက်ဖြစ်ပါလျက်နဲ့ အရက်သမားယစ်ထုတ်ကြီးဘဝ ရောက်နေပါတယ်။ အိမ်ထောင်ကလည်း သုံးဆက်တောင်ရှိခဲ့ပါပြီ။

အဖေနဲ့သွားနေလို့ကတော့ စဉ်းစားလို့မရတဲ့ကိစ္စပါ၊ အဖေဟာ ဘော်စတွန်မြို့မှာ နောက်ထပ်အိမ်ထောင်တစ်ဆက်ထူပြီး အခြေတကျပြန်ဖြစ်အောင် အားထုတ်နေရတဲ့ အချိန်ပါ၊ ကျွန်မအနေနဲ့ကလည်း ဘယ်သူ့ကိုမှ ကျွန်မအတွက် တာဝန်မတက် စေချင်ပါဘူး၊ အဲဒီတော့ ကျွန်မဟာ တစ်ယောက်ထဲနေဖို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။

ကျွန်မလက်ထဲမှာ ငွေကြေးကတော့ အတော်အသင့်ရှိပါသေးတယ်၊ ဒါပေမဲ့ ထောင်ဂဏန်းလောက်ပဲ ရှိတော့တာပါ၊ နောက်ထပ်ငွေရဖို့ ကျွန်မ သီချင်း

www.burmeseclassic.com



BURMESE CLASSIC .com

ဆိုနိုင်နေသေးပေမယ့် အရင်ကလို စိတ်ဝင်တစားနားထောင်သူက သိပ်မရှိတော့ပါဘူး။ အဲဒီ တော့ ကျွန်မဘာလုပ်ရမလဲ. . .။

ကျွန်းမာရေးကလည်း သိပ်မကောင်းပါဘူး၊ နေ့ခင်း နေ့လည်ဆိုရင် ကျွန်မ အပြင်မထွက်ချင်ပါဘူး၊ မဖြစ်လို့ထွက်ရင်လည်း ကျွန်မကို မမှတ်မိအောင် နေကာမျက်မှန်တပ်ထားပါတယ်၊ ထွက်ရင်လည်း သွားသုတ်သုတ် လာသုတ်သုတ်ပါ။ ကျွန်မ ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူး။ မိတ်ဆွေတစ်ယောက်နဲ့တွေ့လို့ သူကလှမ်းပြီး နှုတ်ဆက်တော့မလိုလုပ်ရင် ကျွန်မ ခေါင်းငုံ့ထားပါတယ်။ ကျွန်မအနေနဲ့ အရက်ကို အလုံအလောက်ဝယ်ထားပြီး အရက်နဲ့အဖော်လုပ်နေပါတယ်၊ အရက်သာလျှင် ကျွန်မရဲ့ တစ်ဦးတည်းသောမိတ်ဆွေဖြစ်လာနေပါပြီ။

ကျွန်မ ဒီကြားထဲမှာ ရှီကာဂိုအတ်တလင်းနဲ့ ဗင်ကိုဗာဘက်သွားပြီး ဖြေဖျော်ခွင့် ရခဲ့ပါတယ်။ အထိုက်အလျောက်ရလာတဲ့ ငွေနဲ့အမေ့ကို ကျွန်မဆီလာနေဖို့ စီစဉ်ပေးနိုင်ခဲ့ပါတယ်။ အမေဟာ ကျွန်မအနားမှာ နေခွင့်ရတဲ့အတွက် စိတ်ချမ်းသာပုံရပေမယ့် တစ်ခါတစ်ရံမှာတော့ ကျွန်မကို နားမလည်နိုင်တဲ့အကြည့်နဲ့ ကြည့်ပြီး စိတ်မောနေဟန်တူပါတယ်။

ကျွန်မအသက် သုံးဆယ့်တစ်နှစ်ပြည့်ခါနီး လပိုင်းအလိုမှာပါ။ တစ်ချိန်က ကျွန်မရဲ့ အကူအလုပြင်အဖြစ် လုပ်ဘူးခဲ့တဲ့အမျိုးသမီး ဒေါ်လ်ပွန်ဒဲလ်က ကျွန်မကို သူ့အိမ်မှာ လုပ်တဲ့ပါတီပွဲတက်ဖို့ ဖိတ်ခဲ့ပါတယ်။ သူက ကျွန်မကို "ရှင်တို့နှစ်ယောက် သိသင့်နေတာကြာပြီ"လို့ပြောပြီး ဗစ်တာအင်ဂျယ်ဆိုသူနဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။

ဗစ်တာအင်ဂျယ်ဟာ စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်။ ခပ်ပျော်ပျော်နေတတ်ပြီး ရယ်စရာလည်းပြောတတ်ပါတယ်။ သူနဲ့တွေ့တဲ့အခါမှပဲ ကျွန်မဟာ ပြန်ပြီး ရယ်တတ်လာပါတယ်။ ရယ်ခြင်းဟာ အဲဒီအချိန်က ကျွန်မအတွက် အလိုအပ်ဆုံးအရာတစ်ခု ဖြစ်နေတယ်မဟုတ်လား၊ ပြီးတော့လည်း တစ်ခါတလေ သူနဲ့ ညစာထွက်စားလို့ ကျွန်မအရက်တွေ အလွန်အကျွံသောက်နေရင်လည်း တိတ်တိတ်ဆိတ်ဆိတ်ပဲ ထိုင်ကြည့်နေလေ့ရှိပါတယ်၊ ပြီးတော့လည်း ဗစ်တာဟာ အမေနဲ့အတော်ခင်ပါတယ်၊ အမေ့အပေါ်မှာ သူ့ဆက်ဆံပုံဟာ သားတစ်ယောက်နဲ့ သိပ်တူပါတယ်၊ အပေါ်ယံဟန်ဆောင်ပြီး ဆက်ဆံတာမျိုး မဟုတ်ပါဘူး။

တစ်ညမှာ ကျွန်မဟာ အရက်တွေမူးပြီး အိပ်ပျော်နေပါတယ်။ အမေနဲ့ ဗစ်တာက ဖဲကစားနေကြပါတယ်၊ အဲဒီအချိန်မှာ ကျွန်မဟာ အိပ်ရာပေါ်ကလိမ့်ကျပြီး ဖြုန်းခနဲလန့်နိုးလာပါတယ်။ "အဖေဒုက္ခရောက်နေပြီ၊ လီလီသိတယ်"လို့ အမေကို ပြောမိပါတယ်။

"ဘာလဲ ငါ့သမီးက မူးရူးပြီးအိပ်မက်ဆိုးတွေ မက်ပြန်ပြီလား"လို့ အမေက မေးပါ တယ်။

"မဟုတ်ဘူး အမေ၊ နိမိတ်ပြတာကိုမြင်တာ၊ သမီး အဖေ့ဆီဖုန်းဆက်မှ ဖြစ်မယ်"

အချိန်က ညသန်းကောင်ကျော်ဆိုတော့ ဟိုတစ်ဖက်မှာရှိနေတဲ့ အဖေ့ အစ်မက ဖုန်းခေါ်တာ လက်မခံပါဘူး၊ ကျွန်မချက်ခြင်းပဲ ကြေးနန်းရိုက်ပါတယ်၊

www.burmeseclassic.com


"လီလီယံ ခွဲစိတ်ကုသခံရမည်၊ သူ့အဖေနဲ့ဆက်သွယ်လိုသည်"လို့ရေးပြီး အမေ့နာမည် 'ကေတီ' လို့ အောက်က ရေးလိုက်ပါတယ်။

နောက်နာရီ အနည်းငယ်ကြာတော့ အဖေဟာ ခြေတစ်ဖက်မှာ သွေးကြောပိတ်ရောဂါဖြစ်လို့ ဘော်စတွန်ဆေးရုံပေါ် ရောက်နေတယ်တဲ့။ ခြေတစ်ဖက်ဖြတ်ရလိမ့်မယ်တဲ့၊ ကျွန်မရဲ့ကျန်းမာရေး အခြေအနေမကောင်းလို့ အမေက မလိုက်ပါနဲ့လို့ တားမြစ်နေတဲ့ကြားကပဲ ကျွန်မ ဘော်စတွန်ကို လိုက်သွားခဲ့ပါတယ်။

ဆေးရုံမှာ ဆွေမျိုးတစ်စု ရောက်နေကြပါတယ်။ ကျွန်မကိုမြင်တော့ အားလုံးက မျက်နှာလွှဲသွားကြပါတယ်၊ အဖေဟာ အခမဲ့လူနာဆောင်ထဲက ကုတင်တစ်လုံးပေါ်မှာ ရှိနေပါတယ်။ မြင်ရတာ သနားစရာပါ။

အဖေဟာ ခြေထောက်ကို မဖြတ်ချင်ပါဘူး၊ ဒါပေမဲ့ သူ့ရှေ့စရာက ဒီတစ်လမ်းပဲရှိနေပါတယ်။ ကျွန်မကိုမြင်တော့ "အဖေ့ခြေထောက်ကို မဖြတ်ပါစေနဲ့ သမီးရယ်"လို့ ပြောပါတယ်။ ကျွန်မအနေနဲ့ အဖေ့အတွက် သီးသန့်လူနာဆောင်အခန်းကို ပြောင်းပေးခဲ့ပါတယ်။ သီးသန့်သူနာပြုဆရာမတွေကိုလည်း ငှားပေးခဲ့ပါတယ်။

ကျွန်မဟာ နေ့ခင်းဆိုရင် အဖေ့ကုတင်ဘေးမှာ တစ်နေကုန်နေပါတယ်။ အရက်ကတော့ တစွပ်စွပ်သောက်နေတာပါပဲ၊ လေးရက်မြောက်နေ့ကျတော့ အဖေက ကျွန်မကိုကြည့်ပြီး "သမီးရယ်. . . ငါ့သမီးဟာ မိန်းမချောလေးတစ်ယောက် ပြန်ဖြစ်လာနိုင်ပါသေးတယ်၊ အရင်ကလို ကမ္ဘာကျော်လည်းဖြစ်လာနိုင်ပါသေးတယ်၊ သမီး အရက်ကို ဖြတ်လိုက်ပါကွယ်"လို့ ပြောပါတယ်။

မကြာခင် အန်းရောက်လာပါတယ်၊ နေ့ခင်းအစောင့်တာဝန်ကို ညီအစ်မနှစ်ယောက် တစ်လှည့်စီယူကြပါတယ်။ ကျွန်မတို့ဟာ အဖေ့ရဲ့အိမ်ခန်းကလေးကို အလည်တစ်ခေါက်ရောက်ခဲ့ကြပါတယ်။ အခန်းကိုမြင်ရုံနဲ့ အဖေဘဝဆင်းရဲမှုကို ကျွန်မတို့ သိကြရပါတယ်။ အဖေ့အိမ်ထောင်ဟာ ချမ်းသာချောလည်တဲ့ ဘဝနဲ့ နှစ်ပေါင်းအတော်ကြာကြာ နေခဲ့ရပေမယ့် နောက်ပိုင်းမှာတော့ အလုပ်က မှန်မှန်မရှိလို့ ဆင်းရဲသွားခဲ့ရတာလို့ သိရပါတယ်။

အဖေဟာ ဘေးလူတွေက ဘယ်လိုပဲတိုက်တွန်းကြပေမယ့် သူ့ရဲ့ငွေကြေးအခက်အခဲကို ကျွန်မ မသိအောင်နေခဲ့ပါတယ်။ ကျွန်မကို အသိပေးဖို့ အကြံပေးတိုင်း ခါးခါးသီးသီးငြင်းခဲ့တယ်လို့ ဆိုပါတယ်။ မဖြစ်စလောက် စားကြွေးသောက်ကြွေးကလေးတွေ မပေးဆပ်နိုင်တဲ့အတွက် အိမ်ထောင်ပရိဘောဂပစ္စည်းတွေကို သိမ်းယူတာခံရတဲ့အထိ ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရတယ်လို့ သိရပါတယ်။ ကျွန်မ အများကြီး စိတ်ထိခိုက်ခဲ့ရပါတယ်။

ကျွန်မဟာ ဘော်စတွန်ကနေမပြန်ခင် အဖေ့ဇနီးကို ငွေအများအပြားပေးခဲ့ပါတယ်။ အဖေ့ခြေတုအတွက်လည်း တာဝန်ယူခဲ့ပါတယ်။ ဆေးရုံမှာနေတုန်းက ကုန်ကျစရိတ်အားလုံးအတွက်လည်း ပေးခဲ့ပါတယ်။ အခန်းခကိုလည်း လပေါင်းများစွာအတွက် ကြိုပြီး ရှင်းပေးခဲ့ပါတယ်၊ ပြီးတော့ ကျွန်မ ပြန်လာခဲ့ပါတယ်၊ ကျွန်မအနေနဲ့ ကျွန်မအဖေအတွက် အမွန်မြတ်ဆုံး အလုပ်တစ်ခုကို လုပ်ခဲ့ပြီးပြီလို့ ထင်ပါတယ်။

ကျွန်မ ရထားပေါ်ရောက်တော့ ဗိုက်ထဲက ပြင်းထန်စူးရှတဲ့ နာကျင်မှုဝေဒ

www.burmeseclassic.com



နာကို ခံစားရပါတယ်။ လော့စ်အိန်ဂျယ်လီကိုရောက်လို့ ဒေါက်တာသောမတ်စ်က စမ်းသပ်ကြည့်တဲ့အခါမှာ ခွဲစိတ်ကုသမှုကိုလုပ်မှ ဖြစ်တော့မယ်လို့ သိရပါတယ်။ မတ်စ်ရဲ့လက်သီးချက်တွေ ဒဏ်ခံရတာရယ်၊ အရက်အလွန်အကျွံသောက်တာရယ်၊ အဲဒါတွေအားလုံး စုပေါင်းပြီးဖြစ်လာတာပါ။

အမေက ကျွန်မကိုကြည့်ပြီး မျက်ရည်ကျပါတယ်၊ "ငါ့သမီးတစ်ယောက်ထဲမှာပဲ မကောင်းတာတွေ လာဖြစ်နေရတယ်၊ ငါ့သမီးကို လူတိုင်းက ခုတုံးလုပ်ပြီး အသုံးချနေကြတာပါလား"လို့ ပြောပြီးတော့လည်း ငိုပါတယ်။

ကျွန်မရဲ့ခွဲစိတ်မှုဟာ ချောမောပြေပြစ်ခဲ့ပါတယ်၊ နောက်တစ်နေ့မှာ ဒေါက်တာသောမတ်စ်ဟာ ကျွန်မကုတင်ဘေးမှာ လာထိုင်ပြီး အားပေးစကားပြောပါတယ်။ "မင်းကို အရက်မသောက်ဖို့ မကြာခဏသတိပေးခဲ့ဘူးတာ မှတ်မိရဲ့လား. . . လီလီ ရှေ့လျှောက်ပြီး သောက်ဖို့မဖြစ်တော့ဘူး၊ သောက်ရင် အသက်တောင်ထိခိုက်နိုင်တယ်"လို့လည်း သတိပေးခဲ့ပါတယ်။

ကျွန်မတွေးမိပါတယ်။ တကယ်လို့ ကျွန်မအရက်ဆက်သောက်မယ်ဆိုရင် ဘာဖြစ်မလဲ၊ ကျွန်မရဲ့နောက်မှာတော့ အရှက်သိက္ခာကင်းမဲ့ခဲ့ရတာကလွဲပြီး တခြားဘာမှမရခဲ့ပါဘူး၊ ကျွန်မရဲ့ရှေ့မှာတော့ ရေပုပ်မြောင်းကလွဲပြီး တခြားဘာမှမရှိပါ ဘူး။

ဒါပေမဲ့ ကျွန်မ ဆရာဝန်မသိအောင် ခိုးသောက်တာပါပဲ၊ တစ်နေ့မှာတော့ ဒေါက်တာသောမတ်စ်သိသွားပါတယ်၊ ချက်ခြင်းပဲ ကျွန်မကိုတာဝန်မယူနိုင်တော့ဘူးလို့ပြောပြီး ဆေးရုံကမောင်းချတော့တာပဲ. . .။ ကျွန်မအဖို့တော့ လွတ်လွတ်လပ်လပ်သောက်နိုင်တဲ့အဖြစ်ကို ရောက်သွားပါတယ်။

တစ်ရက်မှာတော့ ဗစ်တာက သူနဲ့လက်ထပ်ဖို့ ခွင့်တောင်းပါတယ်၊ ကျွန်မကလည်း ကျွန်မရဲ့လက်ရှိအခြေအနေအရ သဘောတူလိုက်ပါတယ်၊ ကျွန်မ နောက်တစ်ကြိမ်လုပ်မိပြန်ပါပြီ၊ အမေ့ကို လက်ထပ်ပြီးပြီလို့ ပြောလိုက်တော့ အမေဟာ အံ့အားသင့်နေပါတယ်၊ ကျွန်မမျက်နှာကို မျက်ရည်တွေအပြည့်နဲ့ စိုက်ကြည့်နေပါတယ်၊ နောက်တစ်နေ့ကျတော့ အမေနဲ့အန်းဟာ ပြန်သွားပါတယ်၊ ကျွန်မအတွက် အမေရေးထားတဲ့ စာကတော့. . .

*"သမီးလက်ထပ်ပြန်ပြီ၊ အန်းနဲ့အမေတို့ နယူးယောက်ကို ပြန်ကြပြီ၊ အခုလို ပြန်မသွားလို့ကလည်း မဖြစ်ဘူးသမီး၊ ဒီမှာနေပြီး ကိုယ့်ကိုယ်ကို သေအောင်ပြန်သတ်နေတဲ့ သမီးရဲ့အဖြစ်ကို အမေ မကြည့်ရက်ဘူး"*

❒

ဂျပန်တွေက ပါးလ်ဟာဘား(ပုလဲဆိပ်ကမ်း)ကို ဗုံးကြဲတိုက်ခိုက်လိုက်တဲ့ အတွက် အမေရိကန်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်ကြီးထဲ ပါသွားခဲ့ရပါပြီ။ ဗစ်တာဟာလည်း စစ်ထဲမဝင်မနေရအမိန့်အရ စစ်ထဲဝင်သွားရပါပြီ၊ ကျွန်မကတော့ ဘရော့ဝေး

www.burmeseclassic.com


ဇာတ်ရုံနားက 'ဟာရီကိန်းညကလပ်'မှာ သီချင်းဆိုဖို့ အလုပ်ရခဲ့ပါတယ်၊ ကျွန်မနဲ့ ဗစ်တာဟာ နယူးရောက်ကို မော်တော်ကားနဲ့ လာခဲ့ကြပါတယ်၊ နယူးရောက်ကို ရောက်တဲ့အခါမှာတော့ စစ်ယူနီဖောင်းဝတ်စုံနဲ့ ဗစ်တာဟာ ကျွန်မကို နှုတ်ဆက်ပြီး ခွဲခွာသွားခဲ့ရပါတယ်။

ကျွန်မရဲ့ ပထမဆုံးညဖြေဖျော်ပွဲကို လာပြီးနားထောင်တဲ့ ပရိသတ်ဟာ မနည်းပါဘူး၊ ဒီအတိုင်းဆိုရင်တော့ ကျွန်မရဲ့အခြေအနေဟာ ကောင်းသေးတယ်လို့ ဆိုရမှာပါ။ ဒီလိုဝမ်းသာစရာနဲ့ ကြုံရတဲ့အချိန်မှာ ပျော်စရာအခမ်းအနားလေးတစ်ခု လောက်တော့ အမှတ်တရလုပ်သင့်ပါတယ်။ ဒါပေမဲ့ ကျွန်မမှာ တစ်ယောက်တည်း ပါ။

ကျွန်မအနားမှာ ရှိနေသင့်တဲ့ ဗစ်တာကလည်း စစ်ထဲလိုက်သွားရပါပြီ၊ ကျွန်မအနေနဲ့ သူ့ကိုမေ့အောင်ကြိုးစားဖို့က လိုပါတယ်၊ အဲဒီတော့ အရက်ကို တိုး သောက်ပါတယ်၊ ကျွန်မကိုယ်ကျွန်မ အကြောင်းတွေရှာပြီး သနားတဲ့စိတ်ကလည်း ပိုများလာပါတယ်၊ အမှန်တော့ အဲဒါတွေဟာ အရက်ကိုပိုပြီးသောက်နိုင်ဖို့ အ ကြောင်းတွေ ရှာနေတာလို့ဆိုရင်လည်း မမှားပါဘူး။

အရက်သောက်လွန်းတဲ့အတွက် ဟာရီကိန်းညကလပ်က တာဝန်ရှိသူတွေ က ကျွန်မကို မနှစ်သက်တဲ့အရိပ်လက္ခဏာတွေ ပြလာကြပါတယ်၊ တစ်နေ့မှာတော့ တီးဝိုင်းခေါင်းဆောင်က ကျွန်မဆီကထွက်နေတဲ့ အရက်နံ့တထောင်းထောင်းကို သူ သီးမခံနိုင်ဘူးလို့ တိုင်ကြားကြောင်း မန်နေဂျာကပြောပါတယ်။

ပထမသီတင်းပတ်လည်း ကုန်ရော ဟာရီကိန်းညကလပ်က ကျွန်မကို ထွက်သွားဖို့ မေတ္တာရပ်ခံပါတယ်၊ ကျွန်မထွက်ခဲ့ပါတယ်၊ ကျွန်မရဲ့စိတ်ကို ဖြေသိမ့်ဖို့ အတွက် အရက်ကိုအဆမတန် တိုးပြီးသောက်ခဲ့ပြန်ပါတယ်၊ ဒီအချိန်က ဗစ်တာဟာ ဗာဂျီးနီးယားပြည်နယ် ဘဲလ်ဗွိုင်ယာစခန်းမှာ စစ်သင်တန်းတက်နေပါတယ်။

နယူးရောက်က ငှားထားတဲ့အခန်းထဲမှာ တစ်ယောက်တည်း အထီးကျန် ဖြစ်နေရတဲ့ ကျွန်မဟာ တစ်ညမှာတော့ အဖေ့ကိုသတိရလိုက်မိပါတယ်၊ အဖေက လည်း ကျွန်မလိုပါပဲ၊ ဘော့စတွန်မှာ တစ်ယောက်တည်း အထီးကျန်နေရတာပါ၊ သူ့မိန်းမက သူ့ကိုခွာသွားတာကြာပါပြီ။ ကျွန်မတို့သားအဖရဲ့ ဘဝဟာ တစ်ချိန်ထဲ တစ်ပြိုင်ထဲမှာ အခုလိုလာပြီး အထီးကျန်ဖြစ်နေရတာဟာ ကံတူလို့အကျိုးပေးနေတာ လား. . .။ အဖေနဲ့စကားပြောချင်စိတ် ဖြစ်လာပါတယ်။

ကျွန်မ အဖေ့ဆီကို ဖုန်းဆက်တော့ ညသန်းကောင်ယံပါ၊ ဒါပေမဲ့ မနက် သုံးနာရီထိုးမှပဲ သူ့ကိုခေါ်လို့ရပါတယ်။ ကျွန်မက စိုးရိမ်စိတ်နဲ့ "အဖေနေ ကောင်းရဲ့ လားဟင်"လို့ မေးတော့ "နေကောင်းပါတယ်၊ သမီးရယ်"တဲ့။ "သမီးကော နေကောင်း ရဲ့လား၊ အရက်တွေကို သောက်နေတုန်းပဲလား"တဲ့။

"သမီးနေကောင်းပါတယ်၊ သမီး အဖေ့ဆီလာခဲ့ဦးမယ်။ အဖေ တကယ် နေကောင်းတယ်နော်"

"ကောင်းပါတယ် သမီးရဲ့"

"သမီးဖုန်းဆက်နေတာကြာပြီ၊ အခုမှရတာ၊ စောစောက အဖေ ဘယ်သွား

www.burmeseclassic.com



နေလဲ”

“ဘယ်မှ မသွားပါဘူး၊ အခန်းထဲမှာပဲရှိနေတာပါ”

“အဖေအရက်မူးနေပြီထင်တယ်”

“အင်း. . . သမီးလည်း အရက်မူးနေပြီထင်တယ်”

“ဟင့်အင်း. . . သမီးမမူးပါဘူး”

“အော်. . . အေး၊ အဖေလည်း မမူးပါဘူးသမီးရဲ့”

တယ်လီဖုန်းကို ပြန်ချလိုက်တဲ့အချိန်မှာ ကျွန်မရဲ့ရင်ဟာ အတော်ကြီး ပေါ့ပါးသွားပါတယ်၊ ဒါပေမဲ့ မနက်ခြောက်နာရီထိုးတော့ တယ်လီဖုန်းလာပါတယ်၊ ယောက်ျားတစ်ယောက်ရဲ့အသံပါ “မင်းကတော့ ငါ့ကိုသိမှာမဟုတ်ဘူး၊ မစ္စရော့သ်။ အရေးကြီးတဲ့စကားပြောစရာရှိလို့ ဆက်တာပါ၊ မင်းအဖေ ဆုံးရှာပြီ”

အဖေဟာ ဖဲချပ်တွေစီတဲ့ကစားနည်းကို တစ်ယောက်ထဲ ထိုင်ကစားနေရင်း ရုတ်တရက်ဝင်လာတဲ့ နှလုံးရောဂါရဲ့ ထိုးနှက်ချက်ကြောင့် သေခဲ့ရတာပါ။

ကျွန်မ အရက်ပုလင်းတစ်လုံးနဲ့ ထိုင်နေပါတယ်။ ကျွန်မနားမှာ အတူတူ တွဲပြီး ထိုင်စရာဆိုလို့ အရက်ပုလင်းကလွဲပြီး တခြားဘာမျှားရှိသေးလို့လဲ. . . ။

□□□

www.burmeseclassic.com

## အခန်း[၁၈]

စစ်တပ်မှာတာဝန်ကျတဲ့ ဗစ်တာဟာ တာဝန်ပြီးဆုံးတာနဲ့ တစ်ပြိုင်နက် ထွက်လာခဲ့ပါတယ်။ သူပြန်ရောက်လာချိန်ကစပြီး ကွန်မရဲ့ပူဆာမှုကြောင့် နိုင်ရာဂါး ရာဖေါလ်ဘက်မှာ သွားပြီးနေခဲ့ကြပါတယ်။ ကွန်မအနေနဲ့ အသိအကျွမ်းဆိုလို့ ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူး၊ ဒါကြောင့်မို့လည်း ဒီနေရာကို ကွန်မရဲ့ ပုန်းခိုရာ နေရာအဖြစ် ရွေးခဲ့တာပါ။

ဗစ်တာမှာ တစ်ပတ်ကို ဒေါ်လာခုနှစ်ဆယ်ရတဲ့ အလုပ်တစ်ခုရှိနေပါပြီ၊ ကွန်မမှာကတော့ ဘာအလုပ်မှမရှိ၊ စုဆောင်းထားခဲ့သမျှ ငွေတွေရော၊ လက်ဝတ်ရတနာပစ္စည်းတွေပါ ကုန်သွားပါပြီ။ ဒီကြားထဲမှာ ကွန်မစိတ်ဟာ အရင်လိုတည်ငြိမ်မှု မရှိလှပါဘူး။ ပတ်ဝန်းကျင်မှာရှိနေတဲ့ လူတွေက ကွန်မကို ဂျာမန်သူလျှိုလို့ထင် နေကြပြီဆိုတဲ့ အတွေးဝင်နေပါတယ်။ ဒီအတွေးကြောင့် ကွန်မစိတ်ဟာ ချောက် ချောက်ခြားခြားဖြစ်နေရပါတယ်။

ကွန်မအနေနဲ့ အိပ်လို့လည်းမရပါဘူး၊ မျက်စိကြောင်ပြီး တစ်ညလုံး အငြိမ် မနေနိုင်တဲ့အဖြစ်နဲ့ အမြဲရင်ဆိုင်နေရပါတယ်။ တစ်ခါတရံကျတော့လည်း အိပ်ရာ အောက်မှာ လျှပ်စစ်ကိရိယာတွေတပ်ပြီး ကွန်မကို သတ်ဖို့ကြံစည်နေတယ်လို့ ထင်ပါ တယ်။

ဗစ်တာကိုနှိုးပြီး ပြောပြန်တော့လည်း သူက မယုံဘူး၊ ကွန်မကိုကြည့်ပြီး ရယ်ပါတယ်။ "မင်း နေမကောင်းဖြစ်နေပြီ လီလီ၊ မင်းကိုယ်မင်း သတိထားမိရဲ့လား"

www.burmeseclassic.com


လို့လည်း မေးပါတယ်။

“ဘာတွေလာပြောနေတာလဲ. . .။ လီလီက ဘာပြုလို့နေမကောင်းဖြစ်ရမှာလဲ”လို့ ကျွန်မက ပြန်ပြောပါတယ်။

“မဟုတ်သေးဘူး လီလီ၊ မင်းအရက်သောက်တာ သိပ်များနေတယ်၊ အရက်ကြောင့် မင့်စိတ်တွေဟာ မမှန်တော့ဘူး”

“ဘာကြောင့် စိတ်မမှန်ရမှာလဲ. . .၊ ဘာပြုလို့ ပေါက်ကရတွေ လာပြောနေတာလဲ”

“ကဲလေ. . .။ မင်းနေကောင်းတယ်ဆိုရင်လည်း မင်းက နယူးရောက်က မင့်အမေဆီပြန်သင့်တယ်၊ မောင်က ကယ်လီဖိုးနီးယားကိုပြန်မယ်”

“ဟင်. . . ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ မောင်က လီလီကို အခုလိုစွန့်ပစ်သွားတာမျိုးကိုတော့ လက်မခံနိုင်ဘူး၊ တကယ်လို့ လီလီပြန်သွားရင်လည်း အမေက ကြည့်နိုင်မယ်မထင်ဘူး၊ လီလီမှာလည်း ငွေမရှိ၊ အမေမှာလည်း ငွေကမရှိတော့၊ သားအမိနှစ်ယောက် ဒုက္ခရောက်ရဖို့ပဲရှိတယ်”

ဗစ်တာဟာ စိတ်ပျက်လက်ပျက်နဲ့ အိပ်ရာပေါ်ပြန်လှဲချလိုက်ပါတယ်။

၇

တစ်ညနေခင်းမှာ ကျွန်မဟာ ဗစ်တာဝယ်ပေးထားတဲ့ ဂျာမန်ခွေးကြီးနဲ့ လမ်းလျှောက်ထွက်ခဲ့ရာက ဘုရားရှိခိုးကျောင်းတစ်ကျောင်းရှေ့ကို အမှတ်မထင်ရောက်သွားပါတယ်။ ***“သင့်အားကြိုဆိုပါ၏။ အညောင်း၍ အပန်းဖြေပါ”***ဆိုတဲ့ ဆိုင်းဘုတ်ကို မြင်တော့ အထဲကို ဝင်ကြည့်ချင်စိတ် ဖြစ်ပေါ်လာပါတယ်။

အတွင်းမှာ မှောင်မိုက်နေပေမဲ့ အေးမြနေပါတယ်။ ကျွန်မစိတ်ထဲမှာ တစ်မျိုးဖြစ်နေပါတယ်။ ***“အို. . . အဖဘုရားသခင်ဒီကျောင်းထဲမှာအဖဘုရားသခင်ရှိနေတယ်ဆိုရင် တပည့်တော်မကိုကယ်တင်တော်မူပါ၊ တပည့်တော်မရဲ့အဖြစ်တွေကို တပည့်တော်မ နားမလည်နိုင်အောင်ဖြစ်နေရပါတယ်”***လို့ တိုးတိုးကလေးရေရွတ်မိပါတယ်။

ကျွန်မစိတ်ဟာ သိပ်ကိုသိမ်မွေ့နူးညံ့နေပါတယ်။ ခွေးတစ်ကောင်နဲ့ အတူလာထိုင်နေတဲ့ ကျွန်မအဖြစ်ကို စဉ်းစားပြီးအံ့အားသင့်နေမိပါတယ်၊ ဒါပေမဲ့ ခွေးဟာလည်း ဘုရားသခင်က ဖန်ဆင်းထားတဲ့သတ္တဝါတစ်ကောင်ပဲ မဟုတ်လားလို့ တွေးနေမိပါတယ်။

ခေါင်းလောင်းသံတစ်ချက် ကြားလိုက်ရပါတယ်။ တစ်ဖက်ခန်းထဲက ဘုန်းကြီးတစ်ပါးထွက်လာပြီး ကျွန်မရှေ့မှာလာရပ်ပါတယ်၊ သူနဲ့ကျွန်မ အကြည့်ချင်းဆုံမိကြပါတယ်။ ခဏနေတော့ ဘုန်းကြီးဟာ သူထွက်လာတဲ့တံခါးပေါက်ကနေပြီး ပြန်ဝင်သွားပါတယ်။

ကျွန်မဟာ ဘုရားကျောင်းထဲက ပြန်ထွက်လာခဲ့ပါတယ်။ အပြင်မှာတော့ နေရောင်ခြည်ဟာ ပူပြင်းလွန်းလှပါတယ်၊ ကျွန်မနဲ့ အကြည့်ချင်းဆုံမိခဲ့တဲ့ ဘုန်းကြီးရဲ့

www.burmeseclassic.com

BURMESE CLASSIC .com

မျက်လုံးတွေဟာ တစ်ခုခုပြောလိုက်သလိုပါပဲ။

*"မင်းပုန်းမနေတော့နဲ့လေ။မင်းဟာဘုရားလခင်ရဲ့ကမ္ဘာလောကကြီးထဲမှာ နေတာပဲ၊ မင်းကို အားလုံးကကြိုဆိုနေကြတာပါ။ နောက်ထပ် ဆက်ပြီး ပုန်းနေစရာ မလိုတော့ပါဘူး"*

အဲဒီညမှာပဲ ကျွန်မဟာ ဗစ်တာကိုပြောမိပါတယ်။ "လီလီတို့ပြန်ကြစို့လား၊ ကယ်လီဖိုးနီးယားကိုပြန်ရောက်ရင် လီလီနေကောင်းသွားမှာပါ။ ပြီးတော့ ဟိုရောက်ရင် လီလီအတွက် လုပ်စရာအလုပ်တွေ ပေါ်ချင်ပေါ်လာမှာ"

ဗစ်တာက ချက်ခြင်းသဘောတူပါတယ်။ ဟိုရောက်ရင် လော့စ်အိန်ဂျယ်လီက သူ့အစ်မအိမ်ထောင်သည်ရဲ့ အိမ်မှာခဏခိုကြမယ်၊ သူ့အစ်မအိမ်က အိပ်ခန်းရှစ်ခန်းတောင်မှ ရှိတဲ့အိမ်ကြီးမို့ ကိုယ်ပိုင်အခန်းတစ်ခန်း မငှားနိုင်ခင်၊ ကြိုက် သလောက် နေလို့ရတယ်တဲ့၊ ဒါပေမဲ့ ကျွန်မတို့ဟိုကို ဘယ်လိုနည်းနဲ့ပြန်ကြမလဲ၊ ဟိုတယ်မှာနေ့စဉ် ကုန်ကျနေတဲ့ အခန်းခနဲ့စားစရိတ်၊ ပြီးတော့ ကျွန်မ သောက်နေတဲ့ အရက်ဖိုး. . .၊ အဲဒါတွေကြောင့် လက်ထဲမှာ ငွေပိုငွေလျှံတစ်ပြားမှ မရှိပါဘူး။

ကျွန်မ အမေ့ဆီ ဖုန်းဆက်ပြီး ပြောပြပါတယ်။ အမေက သူ့မှာရှိသမျှ ပစ္စည်းတွေထဲက ပေါင်လို့ရသမျှကိုပေါင်နှံပြီး ကျွန်မဆီ ဒေါ်လာငွေခြောက်ရာပို့ လိုက်ပါတယ်။ ကျွန်မနဲ့အန်းတို့ပေးထားတဲ့ လက်ဝတ်ရတနာပစ္စည်းလက်ကျန်ကလေးတွေဟာ ကျွန်မအတွက် သုံးလို့ ကုန်ခန်းသွားရပြီလို့ ဆိုနိုင်ပါတယ်။

လော့စ်အိန်ဂျယ်လီမြို့ကို ရောက်တော့မှ ကျွန်မရဲ့အဖိုးတန်သားမွေးအင်္ကျီတွေ ရောင်းခဲ့ရပြန်ပါတယ်။ ဗစ်တာရဲ့အစ်မအိမ်ရောက်မှ ကျွန်မဟာ စျေးအပေါ်ဆုံးဝိုင်ကိုပဲသောက်ရပါတယ်။ သူ့အစ်မမိသားစုနဲ့လည်း ကျွန်မဟာ တရောတနှောမနေပါဘူး၊ အချိန်ရှိသမျှ ကျွန်မဟာ ဒုတိယထပ်အခန်းထဲမှာ အချိန်ကုန်ခဲ့ပါတယ်။ ဗစ်တာကတော့ ရွှေငွေလက်ဝတ်ရတနာပစ္စည်းဆိုင်မှာ အလုပ်ရခဲ့ပါတယ်။ လုပ်စရာဘာမှမရှိတဲ့ကျွန်မဟာ အရက်သောက်ရင်း သမ္မာကျမ်းစာကိုပဲ ဖတ်နေခဲ့ပါတယ်။

တစ်ရက်မှာတော့ ဗစ်တာတို့မောင်နှမဟာ ကျွန်မနဲ့ပတ်သက်ပြီး စကားများနေကြပါတယ်၊ သူ့အစ်မရဲ့ စူးစူးဝါးဝါးအသံကို ကျွန်မကြားနေရပါတယ်။ "ငါ့မှာ ကလေးတွေနဲ့နေတာ၊ နင့်ဟာမကို ငါလက်မခံနိုင်ဘူး"တဲ့။

ကျွန်မ အခန်းထဲကထွက်ပြီး လှေကားထိပ်မှာရပ်လိုက်ပါတယ်။ "ရှင်အော် နေစရာမလိုပါဘူး၊ ကျွန်မနားလည်ပါတယ်"လို့ လှမ်းပြောပါတယ်၊ သူက ကျွန်မကို ဘာမှပြန်မပြောပါဘူး၊ သူ့မောင်ဗစ်တာဘက်လှည့်ပြီး "ငါအခုစျေးသွားမလို့၊ ပြန်လာရင် နင့်ကောင်မကို ငါမတွေ့ချင်ဘူး"တဲ့။

ကျွန်မက သူ့အနားသွားပြီး "ကျွန်မကို ဗစ်တာကလည်း မနေစေချင်တော့ဘူးလား"လို့ မေးတော့ "ဟုတ်တယ်၊ ညီး ဒီနေ့ပဲထွက်သွားရင် ကောင်းမယ်" လို့ ပြောပါတယ်။

ကျွန်မမှာရှိသမျှ အဝတ်အစားတွေကို အိတ်တစ်လုံးနဲ့ထည့်ပြီး ထွက်လာခဲ့ပါတယ်။ မိတ်ဆွေတချို့ဆီသွားပြီး တစ်ညလောက်တည်းခွင့်ပြုဖို့ ပြောပေမယ့် အားလုံးက လိမ်မာပါးနပ်စွာနဲ့ ငြင်းလိုက်ကြပါတယ်။ ကျွန်မဟာ လမ်းထောင့်မှာရပ်ပြီး

www.burmeseclassic.com


ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားပါတယ်၊ လမ်းပေါ်မှာ ခြေဦးတည့်ရာလျှောက်သွားနေရင်းနဲ့ပဲ ဟိုတယ်တစ်ခုမှာသွားတည်းဖို့ စဉ်းစားမိပါတယ်။ နောက်ဆုံးမှာတော့ ကျွန်မဟာ ဈေးအပေါဆုံးနဲ့အညံ့ဆုံး 'ဟိုတယ်ခရစ္စတို'ကို ရောက်သွားခဲ့ပါတယ်။

ဒီဟိုတယ်မှာနေခဲ့ရတဲ့ အချိန်ကာလတစ်လျှောက်လုံး ကျွန်မဟာ ကိုယ့်အဖြစ်တွေကို သိတဲ့အခါလည်း သိပါတယ်၊ မသိတဲ့အခါမှာလည်း လုံးဝမသိပါဘူး၊ ဘာတွေဖြစ်နေလို့ ဖြစ်နေမှန်းမသိတဲ့ ဘဝပါ။ တစ်ခါတလေကျတော့လည်း ကိုယ့်ဖာသာကိုယ် ရူးနေတယ်လို့ပဲ ထင်ပါတယ်။

တစ်ရက်မှာတော့ ကျွန်မဟာ ဗစ်တာအလုပ်လုပ်နေတဲ့ စိန်ရွှေရတနာ ဆိုင်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေပါတယ်။ နေ့လည်စာစားဖို့ထွက်လာတဲ့ ဗစ်တာကိုမြင်တော့ ကျွန်မ သူ့ဆီကို ဝမ်းသာအားရပြေးသွားပြီး၊ သူ့လက်ကိုဆွဲထားမိပါတယ်။ "ဗစ်တာရယ် လီလီမှာ ငွေလိုနေလို့ပါ။ အခန်းခကလည်း ပေးစရာမရှိဘူး၊ စားဖို့ကလည်းမရှိဘူး၊ ဗစ်တာတတ်နိုင်သမျှ ကူညီပါဦး"လို့လည်း အားကိုးတကြီးနဲ့ ပြောမိပါတယ်။

သူကတော့ ကျွန်မကို ဆောင့်တွန်းလိုက်ပြီး သူ့လမ်းသူ ဆက်လျှောက်သွားပါတယ်။ ကျွန်မက သူ့အင်္ကျီစကိုဆွဲပြီး ဇွတ်လိုက်သွားပါတယ်၊ "နင် ငါ့ဆီမလာနဲ့ သွား. . .၊ နင်ဟာ အရက်သမား မိန်းမရှင်မ"လို့ ပြောပါတယ်။

"လီလီ အရက်မသောက်တော့ပါဘူး မောင်ရယ်၊ လီလီ မောင့်ကိုကတိပေးပါတယ်၊ ငွေနည်းနည်းတော့ လီလီကိုပေးသုံးပါဦး"လို့ ကျွန်မက ထပ်ပြောပေမယ့် လုံးဝမရပါဘူး။

"နင်မသွားဘူးလား. . . သွားမလား၊ မသွားရင် ငါ ရဲခေါ်ပြီး အပ်လိုက်မယ်"

❐

နောက်ရက်အနည်းငယ် အကြာမှာ ကျွန်မဟာ ရှေ့နေတစ်ဦးရဲ့ ရုံးခန်းထဲ ရောက်နေပါတယ်၊ ဗစ်တာက ကျွန်မနဲ့ကွာရှင်းပြတ်စဲခွင့်ရဖို့အတွက် တရားစွဲလို့ပါ၊ ရှေ့နေက ကျွန်မကို ဖျောင်းဖြနားချပါတယ်။ "ခင်ဗျားက အရက်လည်းမပြတ်၊ အမှုက တရားရုံးမှာ အကြာကြီးရင်ဆိုင်နေရမှာဆိုတော့ လူမြင်မကောင်းဖြစ်မှာ သေချာတယ်။ ပြီးတော့လည်း ခင်ဗျားအပေါ်မှာ မတော်တရော် စွပ်စွဲထားတာတွေကလည်း ရှိတော့ အရှက်သိက္ခာဆိုတာ လုံးဝရှိမှာ မဟုတ်တော့ဘူး"

ကျွန်မ မလှုပ်မယှက်ထိုင်နေမိပါတယ်၊ ကျွန်မ ဘာလုပ်ရမလဲ. . .၊ အဲဒီအခိုက်မှာ တံခါးပွင့်သွားပြီး ရှေ့နေရဲ့အတွင်းရေးမှူးအမျိုးသမီး ဝင်လာပါတယ်။ သူ့မျက်နှာထားက တင်းမာနေပါတယ် "သမ္မတရူ့စဘဲ့ဆုံးပြီ"လို့ တီးတိုးလေသံနဲ့ လှမ်းပြောပါတယ်။

ကျွန်မအနေနဲ့ ရှေ့နေကို ခေါင်းရှုပ်အောင် ဘာ့ကြောင့်လုပ်နေတော့မှာလည်း တစ်နိုင်ငံလုံးဆုံးရှုံးမှုကြီးတစ်ခုအတွက် ကြေကွဲဝမ်းနည်းနေကြချိန်မှာ ကျွန်မက ပြဿနာလုပ်နေလို့ အကျိုးထူးရလာစရာ ရှိမတဲ့လား. . .။

www.burmeseclassic.com



"ရှင်ကောင်းမယ်ထင်သလိုသာ လုပ်ပါ"လို့ ကျွန်မအဖြေပေးပြီး ပြန်လာခဲ့ပါတယ်။

အဲဒီနောက်ပိုင်းရက်တွေမှာတော့ ဆင်းရဲဒုက္ခရောက်နေတဲ့ ကျွန်မကို ကယ်တင်မဲ့သူ တစ်ဦးမှမရှိတော့ပါဘူး။ ကျွန်မဟာ တရုတ်ပင်းမင်းဆိုင်အပေါ်ထပ်က အလွန်ဆင်းရဲစုတ်ချာလှတဲ့ အခန်းမှာ နေခဲ့ပါတယ်။

ကျွန်မ အဲဒီအခန်းကို ဘယ်လိုရောက်သွားတာလဲ. . .၊ အဲဒီတရုတ်အမျိုးသမီးကြီးနဲ့ ဘယ်လိုတွေ့ခဲ့ရတာလဲ. . .။ ကျွန်မ မမှတ်မိတော့ပါဘူး၊ ကျွန်မ သူ့ဆီအလည်ရောက်တဲ့အခါ ရောက်သွားပါတယ်။ သူဟာ ကြမ်းပေါ်မှာ ပြေးလွှားနေတဲ့ပိုးဟပ်တွေကို လုံးဝဂရုမစိုက်ပဲ သူ့ကလေးတွေနဲ့ ကစားနေပါတယ်။ ကျွန်မကို အစားအစာပေးတဲ့ ကျွေးတဲ့သူဆိုလို့ သူတစ်ယောက်ထဲပဲရှိပါတယ်၊ တကယ်တော့ သူပေးတဲ့အစားကိုလည်း ကျွန်မ မစားနိုင်ပါဘူး။

အဲဒီနောက်မှတော့ အလွန်ရှည်လျားပြီး ရှင်သန်မှုလုံးဝမရှိတော့တဲ့ အချိန်ကာလတစ်ခုပါဘဲ။

❐

ကျွန်မအနေနဲ့ မသိပေမယ့် ကျွန်မကိုမမေ့သေးသူကတော့ ရှိနေပါသေးတယ်၊ ကျွန်မကို မမေ့သေးတဲ့ ပထမဆုံးလူကတော့ "ကျွန်မအမေပါ"၊ အမေဟာ နယူးရောက်ကိုရောက်နေပြီး ကျွန်မကို အမြဲသတိရနေလျက်ပါ။

ကျွန်မအမေ ကေတီဟာ ငွေကြေးချို့တဲ့ပါတယ်။ သူဟာ ကျွန်မရဲ့ညီမအန်း ကလေးမွေးနေလို့ အန်းရဲ့ယောက္ခမအိမ်မှာ ခေတ္တရောက်နေပါတယ်။ အဲဒီမှာနေခိုက် အမေဟာ မိတ်ဆွေဟောင်းထဲက လူအနည်းငယ်နဲ့တွေ့ခွင့်ရပါတယ်။ အဲဒီအနည်းငယ်ထဲမှာ အက်စ်တယ်နဲ့ ဖီးလစ္စဒီမာရက်စ်တို့နှစ်ယောက်လည်း ပါပါတယ်။

တစ်ညမှာ အမေက သူတို့အိမ်ကိုရောက်သွားပါတယ်။ အဲဒီမှာ သူ သိကျွမ်းခွင့်ရတဲ့လူတစ်ယောက်ကတော့ 'အက်ဒ်နာဘာဂျာ'ပါ၊ အက်ဒ်နာဟာ သဘောကောင်းတဲ့ အမျိုးသမီးပါ၊ ပြီးတော့လည်း သူဟာ အမေရိကန်သတင်းစာများအဖွဲ့ရဲ့ ကိုယ်စားလှယ်တစ်ယောက်ဖြစ်လို့ အဆက်အသွယ်ကောင်းတွေလည်း အများကြီးရှိပါတယ်။ သူဟာ ခရီးကလည်းသိပ်ကိုထွက်ရပါတယ်။ သူက ကျွန်မအ မေကေတီကို တော်တော်ကလေးခင်သွားပါတယ်။ လူချင်းဆုံမိတိုင်းလည်း သူနဲ့အမေတို့ဟာ ကျွန်မအကြောင်းကို စိတ်ဝင်တစားပြောမိကြပါတယ်။

တစ်ညမှာတော့ အမေဟာ ဒီမာရက်စ်တို့လင်မယားရဲ့အခန်းကို ရောက်သွားပါတယ်။ သူ့လက်ထဲရောက်လာတဲ့ စာတစ်စောင်ကြောင့် အမေဟာ အပူမီးတောက်ပြီး အဲဒီကိုရောက်သွားခဲ့တာပါ၊ စာက ကျွန်မဆီက ဗစ်တာနဲ့ကွာရှင်းခွင့်ရဖို့ ဆောင်ရွက်ခဲ့ရတဲ့ ဗစ်တာရဲ့ရှေ့နေက ရေးလိုက်တဲ့စာပါ၊ သူက ကျွန်မဟာ လမ်းပေါ်ရောက်နေပြီလို့ အသိပေးလိုက်တဲ့စာပါ။

"လီလီယံမှာ ငွေကြေးလည်း တစ်ပြားမှမရှိတော့ဘူး၊ မစွက်ရှော့သ် အရက်

www.burmeseclassic.com



ကလည်းစွဲနေပြီ၊ အရက်အပြင် တခြားဆေးတစ်မျိုးလည်း စွဲနေပုံပေါ်တယ်၊ သူ့မှာ အသိတရားဆိုတာ မရှိသလောက်ဖြစ်နေပြီ၊ ကျွန်တော်အကြံပေးချင်တာက မစ္စက်ရော့သ်ကိုယ်တိုင်လိုက်လာပြီး ခေါ်သွားဖို့ပါပဲ”လို့ ရှေ့နေကရေးထားပါတယ်။

အမေဟာ စာကိုပြပြီး ငိုပါတယ်။ “သူ့ဖာသာသူ အရက်သမားဖြစ်နေပေမယ့် သူဟာ ကျွန်မမွေးထားတဲ့ သမီးပါ၊ သူဟာ မိဘအပေါ်တာဝန်သိတဲ့ သမီးကောင်းတစ်ယောက် ဖြစ်ခဲ့ဘူးပါတယ်။ သူဒုက္ခရောက်နေချိန်မှာ ကျွန်မကူညီရမှာပါ” လို့လည်း အမေက ပြောပါတယ်။

“လီလီယံကို သွားခေါ်ရင် ငွေဘယ်လောက်ကုန်မလဲ”လို့ အက်ဒ်နာက မေးပါတယ်။

“ဒေါ်လာတစ်ရာငါးဆယ်လောက် ပို့ပေးနိုင်ရင်တော့ သူလိုက်လာဖို့ အဆင်ပြေမှာပါ”

“ဒါဆိုရင် ဒီငွေကို ကျွန်မပေးမယ်၊ ဒီအတိုင်းလွှတ်ထားရင် သေသွားမှာစိုးရတယ်၊ ငွေကို မြန်မြန်ပို့လိုက်ရင် သူချက်ခြင်းလိုက်လာလို့ရမယ် မဟုတ်လား”

အမေက ငွေတစ်ရာငါးဆယ်ကို ငွေလွှဲစာနဲ့ ကျွန်မဆီ ပို့ပေးလိုက်ပါတယ်။

ဆယ်ရက်ကုန်လွန်သွားသည်အထိ ကျွန်မဆီက ဘာသံမှမကြားတော့ အက်ဒ်နာက သူကိုယ်တိုင် ကယ်လီဖိုးနီးယားဘက်က မိတ်ဆွေတွေဆီ ဖုန်းဆက်ပြီး ကျွန်မကိုရှာပေးဖို့ အကူအညီတောင်းခဲ့ပါတယ်။ လိုက်ရှာသူတွေက ဟိုတယ်လေးတစ်ခုမှာ ရောက်နေတဲ့ကျွန်မကို တွေ့သွားကြပါတယ်။ အမေပို့လိုက်တဲ့ ငွေကို ကျွန်မအရက်သောက်တယ်၊ ကျွန်မကို အစာရေစာ ပေးခဲ့ကျွေးခဲ့တဲ့ အမျိုးသမီးရဲ့ ကလေးတွေကို အရုပ်ကလေးတွေ ဝယ်ပေးခဲ့တယ်။ အဲဒါတွေနဲ့ပဲ ကုန်သွားခဲ့ရပါတယ်။

“ဒီလိုလုပ်လို့ ဖြစ်မယ်မထင်ဘူး”လို့ အက်ဒ်နာက အမေ့ကိုပြောပါတယ်။ “ဒီကိစ္စကို ပြတ်အောင်တော့လုပ်မှဖြစ်မယ်၊ ကျွန်မ လက်မှတ်ခပေးလိုက်မယ်၊ ရှင်ကိုယ်တိုင်လိုက်သွားပြီး ခေါ်ခဲ့ပါ”

ကျွန်မဟာ ကျွန်မကိုယ်ကျွန်မ အားတင်းပြီး ဘူတာကိုဆင်းခဲ့ပါတယ်၊ ရထား ပေါ်က ဆင်းလာတဲ့အမေဟာ သူ့သမီးကို ရုတ်တရက်မမှတ်မိပါဘူး၊ မှတ်လည်း မှတ်မိရော ကလေးတစ်ယောက်လို ဝမ်းနည်းပက်လက်နဲ့ ရှိုက်ကြီးတငင် ငိုပါတယ်၊ “သမီးရယ် ကိုယ့်ဘဝကို ဒီလောက်အထိဖြစ်သွားအောင် ဘာ့ကြောင့် ဖျက်ဆီးပစ်ရတာလဲ”လို့ မေးပါတယ်။

အငှားကားပေါ်ရောက်တော့ ကျွန်မဟာ အမေ့ပုခုံးပေါ် ခေါင်းတင်ပြီး ငိုမိ ပါတယ်၊ “သမီး မတတ်နိုင်တော့ဘူး အမေ၊ သမီးအရက်မသောက်ပဲ မနေနိုင်တော့လို့ပါ၊ သမီးတစ်ယောက်တည်း အမေ့ဆီပြန်လာဖို့ကလည်း လုံးဝမဖြစ်လို့ပါ” လို့ ကျွန်မက ရှင်းပြပါတယ်။

အမေဟာ ဈေးအသက်သာဆုံး အပေါ်စားအခန်းလေးတစ်ခန်းငှားပြီး ကျွန်မနဲ့နေပါတယ်၊ သူကိုယ်တိုင် အောက်တန်းအကျဆုံးဆိုတဲ့ ‘ငါးဆင့်နဲ့ဆယ်ဆင့်စတိုးဆိုင်’တစ်ဆိုင်မှာ တစ်ပတ်ကို ဒေါ်လာနှစ်ဆယ်နဲ့ အလုပ်လုပ်ပြီး ကျွန်မကို

www.burmeseclassic.com



ရှာဖွေကျွေးမွေးခဲ့ရုံမကဘူး ပြုစုကုသပေးခဲ့ပါတယ်။ သူ့အနေနဲ့ ကျွန်မကို အရက်မတိုက်ချင်ပေမဲ့ စိတ်ဖောက်ပြန်တဲ့အထိ ဖြစ်သွားမှာကြောက်လို့ နေ့စဉ်အရက်တစ်ပိုင်းတော့ သောက်ခွင့်ပေးထားပါတယ်။

အမေဟာ အောက်တန်းအကျဆုံးဆိုင်မှာ အလုပ်ဝင်လုပ်နေရပါပြီ၊ ဒါကိုတွေးမိတိုင်း ကျွန်မ ဝမ်းနည်းလို့မဆုံးပါဘူး။ ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့ ကျွန်မရဲ့ မာန်မာနတွေဟာ လုံးဝမရှိတော့ပါဘူး၊ ဒါဟာ တစ်ချိန်တုန်းက ဟိုးလီးဝုဒ်ကနေ နယူးရောက်အထိ လျှမ်းလျှမ်းတောက်ထင်ရှားကျော်ကြားခဲ့သူ လီလီယံရော့သ်ဆိုတဲ့ မိန်းမက သူ့မိခင်ကို ပေးအပ်ခဲ့တဲ့ အခြေအနေတစ်ရပ်ပါ။

အမှန်တော့ လီလီယံဟာ အသက်သုံးဆယ်မပြည့်ခင် ဒေါ်လာငွေသန်းကျော်ရခဲ့တဲ့ မိန်းမပါ၊ သူ့အမေကို ကမ္ဘာပေါ်မှာရှိရှိသမျှတွေထဲက အကောင်းဆုံးဟူသမျှကို ပေးချင်စိတ်ပြင်းပြခဲ့တဲ့ မိန်းမပါ၊ အခုလက်တွေ့အဖြစ်ကတော့. . .

တစ်မနက်ခင်းမှာတော့ ကျွန်မဟာ ကယ်လီဖိုးနီးယားပြည်နယ် အလုပ်အကိုင်ရှာဖွေရေးရုံးကို ရောက်သွားပါတယ်၊ ပုံစံတွေယူပြီး ဖြည့်ရပါတယ်။ သူတို့က ဘယ်လိုအလုပ်မျိုး လုပ်နိုင်သလဲလို့ မေးပါတယ်။ ကျွန်မနဲ့သင့်တော်မဲ့အလုပ်ကို စဉ်းစားပေမယ့် စဉ်းစားလို့မရနိုင်ခဲ့ပါဘူး၊ နောက်ဆုံးမှာတော့ ကျွန်မဟာ 'ဧည့်ကြိုမယ်'လို့ ရေးလိုက်ပါတယ်။ ကျွန်မ မျက်လုံးတွေထဲက မျက်ရည်ပေါက်တွေဟာ ပုံစံစာရွက်ပေါ်ကို တစ်ပေါက်ပေါက်ကျနေပါတယ်။

www.burmeseclassic.com

## အခန်း[၁၉]

ကောင်းပြီ ဝီလီယံ၊ မင်းနဲ့ငါနဲ့ အပွင့်လင်းဆုံးထားပြီး စကားပြောကြရအောင်၊ တို့အနေနဲ့ ဝန်ခံရမဲ့အချက်တစ်ချက်က မင်းဟာ လုံးဝမျှော်လင့်ချက်မရှိတော့တဲ့ အရက်သမားတစ်ယောက် ဖြစ်နေပြီဆိုတဲ့အချက်ပဲ၊ အဲသလိုအဆင့်ဖြစ် လာဖို့ဆို တာကလည်း လွယ်လွယ်တော့မဟုတ်ဘူး၊ မင်း အတော်ဒါလုပ်ရ လိမ့်မယ်၊ အေးဒါလ လုပ်လည်းလုပ်ခဲ့တာပဲ မဟုတ်လား . . .။

အမှုတော့ဖြင့် မင်းသိပြီပေါ့၊ အရက်ဟာ မင့်ဘဝထဲကို အတောက်ပညာနဲ့ ဆောင်မြန်းဖို့ ဝင်လာခဲ့တာပဲ . . .။ ဒါပေမဲ့ အဲဒီအချက်ကို အချိန်တွေသိပ်နောက်ကျပြီးမှ မင်းသတိထားမိ လာတယ် မဟုတ်လား၊ မကြာခဏဆိုသလို ခင်မင်သူတစ်ဦးက "မင်းအရက်တွေ သိပ်သောက်နေလား ဝီလီယံ" လို့ မေးကြည့်ရာပဲ၊ မင်းကလည်း မျက်ခွက်ကို ခပ်ပြုံးပြုံးလုပ်ပြီး "ဟုတ်ပါတယ်၊ သောက် နေတာက နည်းနည်းပါပါ၊ များချင်လည်း များသေးမှာမဟုတ်ဘူး၊ ဒါ ပေမဲ့ နောက်တစ်နေ့ကျရင် ကျွန်တော့်မှာ ဘာမှ ဖြစ်ပါဘူး၊ အဘား အခင်တွေလောင်မှ မိုးပြိုးတိုးလာပါသေးတယ်၊ ကျွန်တော့်အနေနဲ့ လုပ်

www.burmeseclassic.com



BURMESE CLASSIC .com

စရာရှိသလောက်တွေအားလုံးကို လှုပ်နေတာပါပဲ၊ နာမည်ကျော် အဆိုတော်တစ်ယောက် အရက်ကြောင့် ဘဝသေရတယ်ဆိုတာမျိုးများ ဘယ်တော့မှမဖြစ်ပါဘူး. . .! အဲသလောက်အထိဖြစ်အောင် မှိုက်မဲပါ့မလား" လို့ မင်းတွေးမိုင်လည်း တွေးနေမှာပေါ့၊

အင်း. . . မင်း မှတ်မိမှာပါ၊ မင့်ရဲ့ နောက်ကြောင်းကို ပြန်ကြည့်လေ. . .! ဥရောပဖက် ခရီးထွက်ပြီးတော့ အခြေအနေပေါ့၊ အဲဒီတုန်းက မင်းဟာ တစ်ည တစ်ညမှာ ဝီစကီလေးခွက် ငါးခွက်အထိ သောက်ခဲ့တယ်. . .! နောက်တစ်နေ့ကျ တော့ မအီမသာဖြစ်နေပြီ၊ ဒါပေမဲ့ နောက်တစ်ညအသိတော့ မင်း မသောက်ပဲ နေလို့ ရသေးတယ် မဟုတ်လား. . .။

မကြာခင်မှာပဲ မင်းဟာ ဝီစကီလေးငါးခွက်ကနေပြီး တင်ဆင့် တိုးလာတယ်၊ အဲဒီအဆင့်ကနေပြီး နောက်တစ်ဆင့်ကျတော့ မိုးလင်းသို့ အိပ်ရာကနိုးတာ နဲ့တစ်ပြိုင်နက် အရက်တစ်ခွက်မသောက်ရရင် မင်းနေလို့ မရတော့ဘူး၊ အဲဒီနောက် ကျတော့ မင်းသွားလေရာကို ယူသွားတဲ့အိတ်ထဲမှာ နှစ်ပေါင်ခွဲ အရက်ပုလင်း ထည့်လာရပြီ၊ အဲဒီနောက်တော့ ခြောက်ပေါင်ခွဲအထိ တိုးသွားခဲ့တယ် မဟုတ် လား. . .။

မကြာခင်မှာပဲ မင်းဟာ ငါးနာရီခြားတစ်ခါ၊ လေးနာရီခြားတစ်ကြိမ်၊ သုံးနာရီခြားတစ်ခါ၊ နှစ်နာရီခြားတစ်ကြိမ် အမူးကြီး သောက်လာရတယ်၊ နောက်ကျ တော့ နာရီတိုင်းသောက်လာရတယ်၊ နောက်ဆုံးမှာတော့ "ငါ ဘယ်လောက်ပဲ သောက်သောက် မမူးတော့ဘူး၊ အရက်ကို ငါကောင်းကောင်းနိုင်လာပြီ" လို့ မင်းထင်လာတယ်။

နှစ်တွေအများကြီး ကုန်လာခဲ့ပြီ၊ ကြောက်စရာကောင်းတဲ့ အဖြစ်တစ်ခုကလည်း ဖြစ်လာပြီ၊ မင်းအခုနေနဲ့ အရင်က လို အများကြီး မသောက်နိုင်တော့ဘူး၊ မင်းစိတ်ရဲ့ အပိုင်းတစ်ပိုင်းက "အရက်သောက်ချင်လိုက်တာ" လို့ အော် နေပေမယ့် ကျန်တစ်ပိုင်းက "ငါ အများကြီးမသောက်နိုင်တော့ဘူး" လို့ ပြောလာတယ်။

ဒီလိုနဲ့ပဲ မင်းဟာ တစ်ချိန်လုံးမအီမသာဖြစ်ပြီး နေလို့ထိုင်လို့ မကောင်း တော့ဘူး၊ တစ်ခါတလေမှာ တစ်မနက်ခင်းလုံး မအော့လိုက် အံလိုက်ဖြစ်နေတယ်၊ အဲ နောက်ဆုံးအဆင့်ကတော့ အဆိုးဆုံးပဲ၊ မင်း အိပ်ရာပေါ်မှာလဲနေရပြီ၊ နာရီ မလပ်သောက်နေရပြီ၊ သောက်လိုက်၊ သတိလစ်သွားလိုက်၊ နိုးလာလိုက်၊ထပ်သောက်လိုက်၊ အော့လိုက်အန်လိုက်၊ ထပ်သောက်လိုက်၊ အော့လိုက်အံလိုက်၊ သတိ လစ်သွားလိုက်. . .။

အဲဒီနောက်တော့ မင်းမှာ အဆိုးဆုံးတစ်ခု ထပ်ဖြစ်လာ

www.burmeseclassic.com



ပြန်ပြီး အရက် သောက်လွန်းလို့ တစ်ကိုယ်လုံးတုန်လှုပ်ရိုက်ခတ်ပြီး စိတ်တွေ ဂယောင်ချောက်ချားဖြစ်တဲ့ ရောဂါနဲ့ကပ်လာပြီပေါ့။ မင်းရဲ့ အာရုံကြောဆိုင်ရာ မွေးစလေးလေညံ့ပြီးလှုပ်ရှားမှု စနစ် ဟာ ပုံမှန်အနေအထား မဟုတ်တော့ဘူး၊ ပုလင်းအိုးပြွန်ထိုးမှ ရှိလာပြီ။

မင်းရဲ့အာရုံကြောတွေက အရက်ကို များများသောက်ဖို့ မတောင်းဆိုနေတယ်၊ ဒါပေမဲ့ သွက်တာပဲ အများကြီးသောက်လို့ မ ဖြစ်တော့ဘူးဆိုပြီး ငြင်းပယ်နေကြတယ်။ အဲဒီလိုဖြစ်နေသည့်အတွက် မင်း ခံစားနေရတဲ့ အပြစ်ဒဏ်ကတော့ တစ်ကိုယ်လုံးကတုန် ကယင်ဖြစ် ပြီး ခိုင်ချောက်ခြားခြင်း၊ တုန်လှုပ်ခြင်း၊ သိတ်လန့်ကြောက်ရွံ့ခြင်း ဆိုတဲ့ ဝေဒနာတွေကို အလူးအလဲခံနေရတာပဲပေါ့။

မင်းရဲ့မျက်လုံး၊ မှာမေ့ခြင်း၊ ဦးခေါင်း၊ လည်မျိုး၊ ရင်ဘတ်၊ ဝမ်းဗိုက်နဲ့ ခြေတွေ လက်တွေဟာ လုံးဝမမှန်တော့ဘူး။ အားလုံး နာ လျော့ကိုက်ခဲတဲ့ ဝေဒနာတွေ ကို ခံနေရပြီး အဲဒီဝေဒနာတွေ သက် သာဖို့ကလည်း အရက်ပဲရှိတယ်၊ အရက်ကသာ သက်သာစေနိုင်မှာ။ ဒါပေမဲ့ မင်းရဲ့ခန္ဓာကိုယ်က အရက်ကိုလက်မခံတော့ဘူး။

အဲသလို ဂယောင်ချောက်ခြားတွေ ဖြစ်ပြီးတဲ့နောက်မှာ တော့ မင်းဟာ မရှိတဲ့အသံတွေကို ကြားလာပြီး မရှိတဲ့အရာတွေ ကို မြင်လာပြီ။ အဲဒီအချိန်မှာ ကိုယ် စိတ်နှစ်ပါးဆင်းရဲခြင်းဆိုတဲ့ အဆိုကို အပြည့်အဝ အလူးအလဲခံရပြီ။ အဲဒီနောက်မှာတော့ မင်းဟာ ငြိမ်ငြိမ်ထိုင်မနေနိုင်တော့ဘူး၊ အခန်းထဲမှာ နာရီပေါင်း များစွာ ခေါက်တုံ့ခေါက်ပြန်၊ ခေါက်တုံ့ခေါက်ပြန် လမ်းသလား လိုက်၊ မင်းဆံပင်တွေကို ဆွဲ ဆောင့်ပြီးလိုက်နဲ့ အဆိုးဝါးဆုံးအဆုံး ဆုံးဆိုတဲ့ အဆင့်ကိုရောက်နေပြီး မင့်ရဲ့ဘဝ ပြီးသွားပြီ။ အဲ သလိုနဲ့ပဲ ဆေးက အဆိပ်ဖြစ်လိုက်၊ အဆိပ်က ဆေးပြန်ဖြစ်လိုက် နဲ့ အဆုံးမရှိတော့ဘူး။ နောက်ဆုံးမှာ ရူးသွပ်ပြီး အရူးထောင်ကို မရောက်ဖို့ပဲ ရှိတော့တယ်။

❐

နောက်ပိုင်းကျမှ အက်ဒ်နာက ကျွန်မကို အခုလိုပြောပြပါတယ်။

"မင့်အမေက မင့်ကို ကယ်လီဖိုးနီးယားကနေပြီး ပြန်ခေါ်လာတာ ၁၉၄၅ခု၊ ဒီဇင်ဘာလထဲပေါ့၊ ကိုယ်ကလည်း သတင်းစာအဖွဲ့ကပေးထားတဲ့တာဝန်တစ်ခုနဲ့ ခရီးထွက်လုဆဲဆဲအချိန်. . .၊ မင်းသိထားဖို့တစ်ချက်က မင့်ကို ကိုယ်လုံးဝလူချင်းတွေ့ ဘူးတာ မဟုတ်ဘူး။ ကိုယ် မင်းကိုမှတ်မိနေတာက ထူးချွန်တဲ့ ကလေးသရုပ်ဆောင် တစ်ယောက်အဖြစ်ပဲ၊ အဲဒီအချိန်က မင့်ကို သိပ်ပြီးအားကျခဲ့ဖူးတယ်၊ ဘာ့ကြောင့်

www.burmeseclassic.com



BURMESE CLASSIC .com

လည်း ကိုယ်နဲ့မင်းနဲ့က သက်တူရွယ်တူပဲရှိသေးတယ် မဟုတ်လား၊ ကိုယ့် အသက် နှစ်ဆယ်အရွယ် ကောလိပ်ကျောင်းသူဖြစ်ချိန်ကျတော့ မင်းက ဟိုးလီးဝုဒ်မှာ နာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်နေပြီ။

"ကိုယ် မှတ်မိသေးတယ်၊ မင့်အမေ မင့်နဲ့အတူတူ ဝင်လာတော့ ကိုယ်မင်းကို ကြည့်ပြီး အလန့်တကြား ဖြစ်သွားတယ်။ အရက်ကြောင့် အခုလောက် ရုပ်ဆင်းအင်္ဂါပျက်ပြီး ကြည့်မကောင်း ရှုမကောင်းဖြစ်သွားရတဲ့ လူတစ်ယောက်ကို ကိုယ် ဘယ်တုန်းကမှ မတွေ့ဘူး၊ မမြင်ဘူးခဲ့တော့ တကယ့်ကိုကြောက်စရာပဲ၊ မင့်ပုံပန်းက လူတစ်ယောက်နဲ့ လုံးဝမတူဘူး၊ အနှိပ်စက် အညှင်းပန်းဒဏ်ကို မရှုမလှခံထားရတဲ့ တိရစ္ဆာန်တစ်ကောင်လို ဖြစ်နေတယ်။ သေရမှာသိပ်ကြောက်ပြီး မြင်မြင်သမျှကို ကြောက်လန့်နေသလိုပဲ။

"မင့်ဆံပင်တွေက ကြိုးတိုးကြဲတဲနဲ့ လက်တစ်ဆုပ်စာလောက်ပဲရှိတယ်။ မင့်မျက်နှာနဲ့ မင့်ကိုယ်လုံးဟာ ပွယောင်းယောင်း ထူအမ်းအမ်းနဲ့ ကြည့်ရတာ အတော်ဆိုးတာပဲ၊ လက်တွေ ခြေတွေကတော့ ပိန်လိုက်တာ တစ်ကယ့်ဝါးခြမ်းပြား ကလေးတွေကျနေတာပဲ၊ ကိုယ်စိတ်မထိန်းနိုင်ခဲ့ဘူး၊ မင့်ကိုကြည့်ပြီး မျက်ရည်ကျခဲ့ရတယ်"

"မင့်အမေက သူ့ကို ငါဘယ်လိုလုပ်ပေးရမလဲ၊ ဘယ်မှာသွားထားရမလဲ"လို့ ပြောတယ်၊ ကိုယ်က "ဒီအခန်းမှာပဲထားပြီး ပြုစုပေးပေ့ါ၊ ကွန်မခရီးထွက်နေတုန်း ရှင်တို့သားအမိ ဒီအခန်းမှာနေနိုင်တယ်"လို့ ကိုယ်ကပြောလိုက်တယ်။

အက်ဒ်နာဟာ သူပြောထားတဲ့အတိုင်းပဲ အလုပ်တာဝန်နဲ့ ခရီးထွက်သွားပါတယ်။ ဘရွန့်စ်မှာနေတဲ့ မင်နာက ကွန်မတို့နဲ့အတူနေပေးဖို့ ရောက်လာပါတယ်။ ကွန်မကတော့ အရက်သောက်တုန်းပါ၊ မသောက်ရင် မဖြစ်တော့လို့ သောက်နေရတာပါ။ တစ်ခါတလေ အမေဟာ ကွန်မကိုပြုစုရလွန်းလို့ အရမ်းပင်ပန်းပြီး စောစောစီးစီးအိပ်ရာဝင်ပါတယ်၊ အဲဒီအခါကျရင် 'မင်နာ'က ကွန်မအနားမှာ မနက်အရုဏ်တက်ချိန်အထိ စောင့်ပေးပါတယ်။

ကွန်မဟာ မင်နာကိုပဲ အားပြုပြီးမှီထားရပါတယ်၊ အရက်နဲ့စိမ်ထားလို့ နှစ်ပေါင်းများစွာ အရက်ထဲနစ်မြုပ်နေခဲ့တဲ့ ကွန်မရဲ့ဦးနှောက်ထဲမှာ ဘာဆိုဘာမှ မရှိပါဘူး။ မင်နာရဲ့ ကြင်နာယုယမှုဟာ ကွန်မအတွက် စိတ်သက်သာစရာဖြစ်ခဲ့ရပါတယ်၊ သူဟာ ကွန်မရဲ့ဘဝခရီးမှာ ရာသက်ပန်မိတ်ဆွေကောင်းတစ်ယောက် ဖြစ်ခဲ့ပါတယ်။

နောက်ပိုင်းကျမှ မင်နာပြောပြလို့ ကွန်မသိရတာက. . . အဲဒီတုန်းက ကွန်မဟာ သွေးလေချောက်ခြားပြီး ဂယောင်ဂတန်းတွေ ဖြစ်နေပါတယ်၊ "မင်းဟာ ကျားတွေ ခြင်္သေ့တွေနဲ့ တိုက်ခိုက်နေရတယ်လို့ထင်ပြီး အော်ဟစ်နေတယ်"လို့ မင်နာကပြောပြခဲ့ပါတယ်၊ ပြီးတော့လည်း ကွန်မဟာ မင်နာကို အီဂျစ်နိုင်ငံက မံမီအလောင်းကောင်ကြီးလို့ အမြင်မှားပြီးအော်ဟစ်နေလို့ မနည်းကြီးကို ချော့ခဲ့ရတယ်တဲ့။

"ငါက မင့်ကို မင်းအလုပ်ပင်ပန်းလွန်းအားကြီးလို့ ဖြစ်နေတာလို့ ပြောပေမယ့် မရဘူး၊ မဖြစ်လွန်းလို့သာ မင်းအနားမှာစောင့်နေရတာ၊ ငါကိုယ်တိုင်လည်း

www.burmeseclassic.com

BURMESE CLASSIC .com

မင့်ကိုသိပ်ကြောက်နေတယ်၊ မင်းကတော့ အချိန်ရှိသမျှ 'အရက်ပုလင်းကိုကုန်အောင် သောက်မယ်၊ ဖြစ်ချင်တာဖြစ်ပစေ. . . ငါသေချင်တယ်. . . သေချင်တယ်လို့ချည်း အော်နေတာပဲ"လို့ ကျွန်မကိုပြောပြခဲ့ပါတယ်။

ကျွန်မဟာ တစ်ချိန်ထဲ တစ်ပြိုင်ထဲ ဝေဒနာမျိုးစုံနဲ့ ဖိစီးနှိပ်စက်မှုကို အလူး အလဲခံနေရပါတယ်။ အခန်းထဲမှာနေရင် နေရောင်ကိုမကြည့်နိုင်လို့ ခန်းဆီးတွေကို ပိတ်ထားရပါတယ်။ နှာခေါင်းပေါက်တွေကလည်း ချောက်သွေ့ပူလောင်ပြီး ပိတ်နေ ပါတယ်။ အသက်ရှူရတာ လက်တွေခြေတွေကလည်း သွက်ချာပါဒရောဂါကြောင့် ကိုက်ခဲနာကျင်နေပါတယ်။

အမေနဲ့အက်ဒ်နာတို့ဟာ ကျွန်မကိစ္စကို ဆွေးနွေးတိုင်ပင်ပြီး ကျွန်မရဲ့တ ရားသူကြီးဟောင်းရှဲလက်စ်ကို ဖွင့်ပြောလိုက်ကြပါတယ်၊ ကျွန်မကိုမြင်တော့ ရှဲလက်စ် ဟာ ထိတ်လန့်တကြားဖြစ်သွားပါတယ်။ ချက်ခြင်းပဲ သူ ဆရာဝန်ခေါ်ပြပေးပါတယ်။ ကျွန်မရဲ့မျက်စိတွေဟာ မကြာခင်ကွယ်သွားတော့မယ့် အခြေအနေကို ရောက်နေ ပြီတဲ့၊ အသည်းကလည်း ကျွမ်းလုနီးပါးဖြစ်နေပြီတဲ့၊ အူရောင်ရောဂါလည်း ဝင်နေပြီ တဲ့၊ အရက်ကြောင့် စိတ်နောက်သွားတော့မဲ့ အလားအလာကလည်း ရှိနေပြီတဲ့၊ အဲဒီဆရာဝန်ရဲ့ စစ်ဆေးတွေ့ရှိချက်တွေကို နှာခေါင်းနဲ့လည်ချောင်းအထူးကု ဆရာဝန်နဲ့ မျက်စိအထူးကုဆရာဝန်တွေက ထောက်ခံထားကြပါတယ်။

အက်ဒ်နာဟာ ဆွေမျိုးမတော်စပ်ပေမယ့် ကျွန်မအတွက် သိပ်ပြီးစိတ်ပူ ရှာပါတယ်။ အရက်မသောက်ဖို့ ကျွန်မကို အမျိုးမျိုးချော့မော့ပြီးပြောပါတယ်။ ဒါပေ မဲ့ ကျွန်မ မဖြစ်တော့လို့ သောက်နေရတာပါ၊ တစ်ခါတရံမှာ အရူးတစ်ယောက်လို စိတ်လွတ် ကိုယ်လွတ်ဖြစ်နေတဲ့ ကျွန်မကိုမြင်ဘူးသွားတဲ့ အိမ်နားနီးချင်းတစ်ယောက် ကဆိုရင် အမေ့ကိုလာပြောပါတယ် "ရှင်အိပ်နေတုန်း ရှင့်သမီးက သတ်မှာစိုးရတယ်၊ ဘယ်လောက်ပဲချစ်ချစ် အတူနေဖို့မသင့်ဘူး"တဲ့။

နေ့စဉ်နှင့်အမျှ ကျွန်မမှာ ပြဿနာတစ်ခုက အမြဲရှိနေပါတယ်၊ သူတို့က တိုင်းထွာပြီးပေးနေတဲ့ အရက်က ကျွန်မအတွက် မလုံလောက်ပါဘူး၊ ဒါကြောင့်မို့ အက်ဒ်နာဆီမှာ ငိုယိုပြီးပိုက်ဆံတောင်းရပါတယ်။ ငွေနှစ်ဒေါ်လာ သုံးဒေါ်လာပေးတဲ့ အခါတိုင်း ကျွန်မကိုကြည့်နေတဲ့ အက်ဒ်နာရဲ့မျက်လုံးတွေဟာ ကရုဏာမကင်းတဲ့ အရိပ်အငွေ့တွေကို ဖေါ်ပြနေလေ့ရှိပါတယ်။ ဒါပေမဲ့ သူ့ခမြာမှာလည်း ကျွန်မကို ငွေများများစားစား မပေးဝံ့ပါဘူး။

တစ်ရက်မှာ အက်ဒ်နာဟာ ကျွန်မနားမှာထိုင်နေပါတယ်။ အခုလိုအချိန် ကာလမှာ ကျွန်မအနားကိုလာပြီး နေချင်တဲ့လူ တစ်ဦးမှမရှိပါဘူး၊ ကျွန်မကို ကူညီမဲ့ လူလည်း တစ်ယောက်မှမရှိပါဘူး၊ အဲသလိုတွေးနေမိတုန်းမှာပဲ ကျွန်မရဲ့ခေါင်းထဲကို ဒေါက်တာဘရစ်လ်ရဲ့ နာမည်က ဖြတ်ခနဲဝင်လာပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ က ကျွန်မသွားပြီးဆေးကုခံခဲ့ဘူးတဲ့ ဆရာဝန်ကြီးပါ၊ ကျွန်မက အက်ဒ်နာကို အ ကြောင်းစုံ ပြောပြလိုက်ပါတယ်။

နောက်တစ်နေ့မှာ အက်ဒ်နာက ကျွန်မကို ဒေါက်တာဘရစ်လ်ဆီ ပို့ပေး ပါတယ်။ ကျွန်မ သူ့အခန်းထဲဝင်သွားတဲ့အချိန်မှာ ဒေါက်တာဘရစ်လ်ဟာ တစ်ချိန်

www.burmeseclassic.com


က ကျွန်မရဲ့ဆေးမှတ်တမ်းစာအုပ်ကို သူ့အရှေ့မှာ ချထားပါတယ်။ သူဟာ ကျွန်မကို အလွန်ကြင်နာတဲ့အပြုံးနဲ့ ဆီးကြိုပါတယ်။

ဆည်တံခါးတွေ ဖွင့်လိုက်တဲ့အခါမှာ ရေတွေဒလဟောထိုးထိုးထွက်လာသလိုပါပဲ၊ ကျွန်မရဲ့စိတ်ထဲမှာ ရှိသမျှအကုန်ပွင့်ထွက်လာပါတယ်၊ ကျွန်မလုပ်ခဲ့သမျှတွေ၊ ဖြစ်ခဲ့သမျှတွေ၊ ဆိုးခဲ့သမျှတွေ၊ ကောင်းခဲ့သမျှတွေ၊ ယုတ်မာဆိုးညစ်ခဲ့သမျှတွေ၊ ခံစားရသမျှတွေ. . . ပြီးတော့ ဂုဏ်သိက္ခာကင်းမဲ့စရာတွေနဲ့ ရှက်စရာတွေ၊ ဘာတစ်ခုမှ ကျွန်မ ချန်မထားပါဘူး၊ နောက်ဆုံးအနိမ့်ဆုံးဘဝကို လျှောကျသွားပြီးတဲ့နောက် မျှော်လင့်ချက်အကင်းမဲ့ဆုံးဖြစ်နေတဲ့ ကျွန်မရဲ့လက်ရှိဘဝ. . . ။

ကျွန်မ ကုလားထိုင်တစ်လုံးပေါ်ကို အရိုးကြိုးပြတ်ထိုင်ချလိုက်ပြီး ရှိုက်ကြီးတငင်ငိုကြွေးနေမိပါတယ်။

၈

ဒေါက်တာဘရစ်လ်ဟာ ကျွန်မကို အေးအေးသာသာလေး စကားပြောပါတယ်။ ကျွန်မကိုလည်း စစ်ဆေးကြည့်ပါတယ်။ ပြီးတော့ အက်ဒ်နာနဲ့ စကားပြောပါတယ်။

"သူဟာ ကိုယ်ရောစိတ်ပါ ချုံးချုံးကျသွားပြီ၊ သူ့ကို အမြန်ဆုံးဆေးရုံတင်ပြီး မကုရင် သုံးလအတွင်းသေမှာပဲ"

အက်ဒ်နာက ဆေးရုံတင်ရင် အရက်ပြတ်သွားမလားလို့ ပြန်မေးပါတယ်၊ ဆရာဝန်က ခေါင်းခါပါတယ်၊ "တို့အနေနဲ့ ဘာကတိမှအခိုင်အမာ မပေးနိုင်ဘူး၊ တို့ပြောနိုင်တာတစ်ခုက သူ့ကိုမသေစေချင်ရင် ဆေးရုံချက်ခြင်းတင်ဖို့ပဲ"လို့ ဆရာဝန်က အဖြေပေးပါတယ်။

"သူ့ကို ဒေါက်တာကိုယ်တိုင်ပြောပြပေးပါလား"လို့ အက်ဒ်နာကပြော တော့ ဒေါက်တာဘရစ်လ်ကလက်ခံပါတယ်၊ "သွားခေါ်လိုက်ပါ"လို့ခိုင်းတာနဲ့ အက်ဒ်နာက ကျွန်မကိုလာခေါ်ပါတယ်။

"လီလီယံ. . . အခု မင့်ကို ငါပြောမဲ့စကားဟာ မစ္စအက်ဒ်နာကို အသိပေး ပြီးပြီ၊ မင်းအသက်ရှင်နေဖို့ဟာ သုံးလပဲရှိတော့တယ်၊ မင့်အသက်ကို ကယ်နိုင်မဲ့လမ်း တစ်လမ်းပဲရှိတယ် တခြားမဟုတ်ဘူး၊ မင့်ကို ချက်ခြင်းဆေးရုံတင်ဖို့ပဲ"

"ကျွန်မဆေးရုံတက်ပါမယ်"လို့ အဖြေပေးပါတယ်၊ "ကျွန်မ လူနဲ့သူနဲ့တူတဲ့ဘဝကို ပြန်ရပါရစေ၊ ဒေါက်တာခိုင်းသမျှ ကျွန်မ အားလုံးလုပ်ပါ့မယ်"

ဒေါက်တာဘရစ်လ်က ကျွန်မကို နယူးရောက်ဆေးရုံကြီးရဲ့ ဝက်စ်ချက်စတာဌာနစိတ်မှာ ဆေးရုံတက်ခွင့်ရအောင် သူစီစဉ်ပေးမယ်လို့ အက်ဒ်နာကို ပြောပြလိုက်ပါတယ်၊ အမှန်တော့ အဲဒီနေရာဟာ စိတ်ရောဂါအထူးကုဌာနပါ. . . ။

နောက်ပိုင်းမှာ ဒေါက်တာဘရစ်လ်က ကျွန်မကို ဆက်ရက်အတွင်းလက်ခံမယ်လို့ အကြောင်းကြားပါတယ်။ ကျွန်မအနေနဲ့ ဆေးရုံမှာ ခြောက်လက တစ်နှစ်အထိ နေပါမယ်ဆိုတဲ့ ကတိခံဝန်ချက်ကိုတော့ ပေးရမယ်တဲ့၊ ကျွန်မ ဆေးရုံကပြန်

www.burmeseclassic.com



ကြားစာကို စောင့်နေရပါတယ်။

တစ်ညမှာ တိုက်တိုက်ဆိုင်ဆိုင် ကျွန်မရဲ့ညီမအန်းက ကျွန်မ ဘယ်လောက်အထိ နေမကောင်းဖြစ်နေတယ်ဆိုတာ မသိတော့ ကျွန်မကို အပြင်ခေါ်သွားပြီး ရုပ်ရှင်ပြပါတယ်၊ ဇာတ်ကားနာမည်က 'လွတ်သွားသောနားရက်'တဲ့၊ အရက်သမားတစ်ယောက်အကြောင်း ရိုက်ထားတဲ့ကားပါ။ မင်းသားက 'ရေးဗစ်လန်'ပါ။

ဇာတ်ကားထဲက ရေးဗစ်လန် အရက်သောက်နေတဲ့ မြင်ကွင်းကိုကြည့်ပြီး ကျွန်မမှာ အရက်သောက်ချင်စိတ် အပြင်းအထန်ဖြစ်လာပါတယ်။ ချက်ခြင်းပဲ ရုပ်ရှင်ရုံထဲက ပြေးထွက်သွားပြီး နီးရာဘားတစ်ခုမှာ အရက်ဝင်သောက်လိုက်မယ်ဆိုတဲ့ စိတ်ကူးဟာပေါ်ပေါ်လာနေပါတယ်။ နောက်ဆုံး ရုပ်ရှင်အပြီးမှာ အခွင့်အရေးကို ရအောင်စောင့်ပြီး အရက်ကိုသောက်ပြစ်လိုက်ပါတယ်။ သတိလစ်သွားတဲ့ အထိပါပဲ. . . ။

ဆေးရုံတက်ရမဲ့ မနက်ကိုရောက်ခဲ့ပါပြီ။

ကျွန်မအခုတက်ရမဲ့ ဆေးရုံဟာ အရူးတွေကုပေးနေတဲ့ နေရာမဟုတ်လားလို့ ကျွန်မက မင်နာနဲ့အက်ဒ်နာကို မေးပါတယ်၊ သူတို့က မဟုတ်ပါဘူးလို့ ဖြေခဲ့ကြပါတယ်။ သူတို့ကပဲ ကျွန်မကို မော်တော်ကားနဲ့ ဆေးရုံပို့ပေးကြပါတယ်။

ကျွန်မဟာ နှစ်အောင်စဝင်ဆေးပုလင်းနှစ်လုံးဝယ်ပြီး အရက်ထည့်ပါ တယ်၊ ပုလင်းတွေကို ဘယ်သူမှမသိအောင် ကျွန်မရဲ့လက်ဆွဲအိတ်ထဲမှာ ဖွက်ထားခဲ့ပါ တယ်၊ လက်ခံတဲ့ဆရာဝန်တွေက ကျွန်မနာမည်ကို ရေးပါတယ်၊ "ဒီနေရာမှာ လက်မှတ်ထိုး"လို့လည်း ကျွန်မကို ပြောပါတယ်။

ကျွန်မ ဘာမှလုပ်လို့မရနိုင်တော့ပါဘူး၊ ကျွန်မအဖို့ သူခိုင်းတဲ့အတိုင်း လက်မှတ်ထိုးပေးပြီး ဆေးရုံအတွင်းထဲ ဝင်သွားဖို့ကလွဲပြီး တခြားနည်းလမ်းရှာလို့ မရတော့ပါဘူး၊ ဒါပေမဲ့ ကျွန်မရဲ့မှတ်စုစာအုပ်ကလေး မော်တော်ကားထဲကျန်နေခဲ့လို့ ပြန်ယူပါရစေလို့ ဆရာဝန်ဆီခွင့်တောင်းပါတယ်။

ဆရာဝန်က ခေါင်းညိတ်ပါတယ်။ "သွားယူနိုင်တယ်၊ ဒီနေရာကိုတော့ မြန်မြန်ပြန်လာခဲ့"တဲ့. . . ။

ကျွန်မအိတ်က ကားထဲမှာပါ၊ ဒါပေမဲ့ အိတ်ထဲမှာဖွက်ထားတဲ့ ပုလင်းနှစ်လုံးမရှိတော့ပါဘူး၊ "လီလီပုလင်းတွေကို အက်ဒ်နာယူသလား"လို့မေးတော့ အက်ဒ်နာက ခေါင်းခါပြပါတယ် "မင်နာယူသလား"လို့ မင်နာကို မေးတော့လည်း သူမယူပါဘူးလို့ ကျိန်တွယ်ပြီးပြောပါတယ်။

နောက်ဆုံးနေနဲ့ ကျွန်မ သောက်ချင်လို့ ယူလာခဲ့တာပါ။ သူတို့လုပ်ရက်လေခြင်းလို့ တွေးမိပါတယ်၊ ကျွန်မ စောစောကရောက်ခဲ့တဲ့ စားပွဲဆီကို ပြန်ရောက်သွားပါတယ်၊ ကျွန်မတစ်ကိုယ်လုံးဟာ ထိန်းမနိုင်သိမ်းမရလောက်အောင် တုန်လှုပ်နေပါတယ်၊ ကျွန်မ ဆေးရုံထဲကို တည်တည်ငြိမ်ငြိမ် ခန့်ခန့်ထည်ထည် မဝင်နိုင်တဲ့အဖြစ်ကို ရောက်သွားခဲ့ပါပကောလား. . . ။

□□□

www.burmeseclassic.com

## အခန်း[၂၀]

ကျွန်မဘဝမှာ ပထမဆုံးအကြိမ် ဒူးထောက်ပြီး ဘုရားသခင်ကိုအာရုံပြုမိပါတယ်။ စိတ်ထဲက ကြိတ်ပြီးဆုတောင်းသမှုကိုလည်း ပြုမိခဲ့ပါတယ်၊ ပြီးတော့ "ချစ်လှစွာသောဘုရားသခင်၊ တပည့်တော်မအား ဘေးကင်းရာနေရာသို့ပို့ပေးပြီး မိမိကိုယ်မိမိဖျက်ဆီးခြင်းအန္တရာယ်မှ လွတ်မြောက်အောင် စောင့်ရှောက်တော်မူခဲ့သည့် အတွက်ကျေးဇူးတင်လှပါ၏"လို့ ကျေးဇူးစကားဆိုခဲ့ပါတယ်။

ကျွန်မဟာ ဒူးထောက်ထိုင်နေရာက တုန်တုန်ယင်ယင်နဲ့ထပြီး အိပ်ရာပေါ်သွားထိုင်ပါတယ်။ ကျွန်မဟာ အခန်းငယ်လေးတစ်ခန်းထဲမှာ ရောက်နေပါပြီ၊ စားပွဲတစ်လုံးနဲ့ အဝတ်ထည့်တဲ့သတ္တုဘီရိုလေး တစ်လုံးအပြင် ကုလားထိုင်တစ်လုံး ရှိပါတယ်၊ သံတိုင်တွေတပ်ထားတဲ့ ပြတင်းပေါက်တစ်ပေါက်ထဲ ရှိပါတယ်၊ အဝင်အထွက်တံခါးပေါက်မရှိပါဘူး။။

လွန်ခဲ့တဲ့မိနစ်အနည်းငယ်က သူနာပြုဆရာမတစ်ယောက်က ကျွန်မကို ဒီအခန်းထဲ ပို့ပေးခဲ့တာပါ။ ကျွန်မ ဆံပင်မှာထိုးထားတဲ့ ဆံထိုးကို ဆရာမကဖြုတ်ယူပြီး သူ့အကျီအိပ်ကပ်ထဲ ထည့်လိုက်ပါတယ်၊ ကျွန်မရဲ့ဆွဲကြိုး၊ လက်ပတ်နာရီနဲ့ ခြေပတ်တွေကိုလည်း ချွတ်ယူပြီး သိမ်းသွားပါတယ်၊ ကျွန်မရဲ့အသက်ကို လုပ်ကြံနိုင်မဲ့ တခြားပစ္စည်းတွေရှိ မရှိလည်း ပိုက်စိတ်တိုက်ပြီး ရှာခဲ့ပါတယ်။

www.burmeseclassic.com


ကျွန်မ အခန်းထဲမှာ နေသားတကျဖြစ်ချိန်လည်းကျရော လူသုံးယောက် ဝင်လာပါတယ်၊ ကျွန်မနဲ့ တွေ့ဆုံဆွေးနွေးဖို့လာကြတဲ့ ဆရာဝန်တွေပါ၊ သူတို့ထဲက တစ်ဦးက ပင်တိုင်ဦးဆောင်ပြီးမေးသွားတာပါ၊ အဓိကထားပြီး မေးမြန်းသွားတာ တွေကတော့၊ ကျွန်မလက်မှတ်ထိုးပေးခဲ့ရတဲ့ ခံဝန်ချက်ပါ အချက်အလက်တွေနဲ့ ပတ်သက်နေပါတယ်။

"မင်း ဆေးရုံကိုရောက်လာတုန်းက ခံဝန်ချက်တွေ လက်မှတ်ထိုးထား တယ်၊ အဲဒီအချက်တွေမှန် မမှန် ထပ်ပြီးစစ်ဆေး အတည်ပြုကြရလိမ့်မယ် မစ္စရှော့သ်"လို့ အစချီပြီး "မင်းရဲ့မျက်စိတွေ ကွယ်လုနီးပါးခံစားနေရတယ်လို့ ပြောထားတယ်၊ အဲဒါအမှန်ပဲလား"လို့ မေးတယ်။

"အမှန်ပါပဲရှင်"လို့ ကျွန်မက ဖြေပါတယ်။ "အခု ရှင်တို့မျက်နှာတွေကို ကျွန်မကြည့်နေရတာ ဝါးတားတားဖြစ်နေတယ်။ တစ်ခါတလေ ကျွန်မမြင်နေသမျှ အားလုံးဟာ မသဲကွဲဘူး"

"မင့်လည်ချောင်းတွေ ချောက်သွေ့နေတယ်၊ နာနေတယ်၊ နှာခေါင်းတွေ ပိတ်နေတယ်ဆိုတဲ့ အချက်တွေကော အမှန်ပဲလား"

"မှန်ပါတယ်"

"မင့်ကိုယ်မင်း သတ်သေချင်တဲ့အတွေးတွေ ဝင်တယ်ဆိုတာကော ဟုတ် သလား"

"ဟုတ်ပါတယ်"

"အသံတွေကြား ကြားနေရတယ်ဆိုတာကော"

"ဟုတ်ပါတယ်"

"ဘယ်လိုကြားနေတာမျိုးလဲ"

"တခြားလူတွေက စိတ်ချင်းဆက်သွယ်ပြီး ကျွန်မဆီကို သတင်းပို့ပေးနေ သလိုဟာမျိုးပါ။ ကျွန်မမှာ အကြားအမြင်ရနေတဲ့ သဘောပါ"

အားလုံးငြိမ်ဆိတ်သွားကြပါတယ် ခဏနေတော့မှ "မင်း ဒီမှာနေတဲ့ အတော အတွင်းမှာ စာအုပ်တစ်အုပ်ရေးမယ်လို့ ပြောထားတယ်၊ အဲဒါကော"

"ဟုတ်ပါတယ်"

ခေါင်းဆောင်ပြီးမေးနေတဲ့ ဆရာဝန်က သူ့မှတ်စုစာအုပ်ကို ပိတ်လိုက်ပါ တယ်. . .၊ 'ကျေးဇူးတင်တယ်. . . မစ္စရှော့သ်၊ တို့မေးချင်တာ ဒါပါပဲ"တဲ့၊ ပြီးတော့ သူတို့အားလုံး ပြန်ထွက်သွားကြပါတယ်။

❒

အခန်းထဲမှာ ကျွန်မတစ်ယောက်တည်းပါ၊ ကျွန်မကို ဆရာဝန်တွေက မေးနေကြတဲ့အချိန်ကဆိုရင် အပြင်ဘက်စင်္ကြံတစ်လျှောက်မှာ လူတွေလှုပ်ရှားသွား လာနေကြတဲ့ အသံတွေကို ကျွန်မကြားနေခဲ့ရပါတယ်။ ဆရာမတွေရဲ့ ခါးမှာချိတ် ဆွဲထားတဲ့ သော့တွဲသံတွေကိုတောင်မှ ကျွန်မကြားခဲ့ရပါတယ်။ အခုကျတော့လည်း

www.burmeseclassic.com


ဘာသံမှ မကြားရတော့ပါဘူး၊ ကျွန်မရဲ့ယုံကြည်မှုတွေဟာ တဖြည်းဖြည်းနဲ့ လျော့နည်းလာနေပါပြီ။

ကျွန်မ အရဲစွန့်ပြီး စင်္ကြံလမ်းဘက်ထွက်လာခဲ့ပါတယ်။ လူသူတစ်ယောက်မှမရှိပါဘူး၊ ဘေးတစ်ဖက်တစ်ချက်မှာ ကျွန်မနေရတဲ့ အခန်းမျိုးတွေရှိပါတယ်။ ကျွန်မ မှန်ပေါက်ကချောင်းကြည့်တော့ အထဲမှာ လူမရှိပါဘူး၊ ဒီလူတွေ ဘယ်ရောက်ကုန်ကြပါလိမ့်. . .

ကျွန်မဟာ စင်္ကြံလမ်းအဆုံး လျှောက်လာခဲ့ပါတယ်။ အဲဒီနေရာရောက်တော့ စာကြည့်ခန်းနဲ့တူတဲ့ ခန်းမကြီးတစ်ခုကို တွေ့ရပါတယ်။ အထဲမှာလူရှိပါဘူး၊ ကျွန်မဝင်သွားပြီး စာအုပ်တစ်အုပ် ယူလိုက်ပါတယ်၊ အဲဒီအခိုက်မှာပဲ ကျွန်မနောက်က ခြေသံကြားလိုက်ရတဲ့အတွက် လှည့်ကြည့်လိုက်မိပါတယ်။

ဆံပင်နက်နက်နဲ့ လူငယ်လူချောတစ်ယောက် ကျွန်မဘေးနားမှာ လာရပ်ပါတယ်။ "နေကောင်းရဲ့လား. . . မစ္စရော့သ်"လို့ နှုတ်ဆက်ပါတယ်။ "ကျွန်တော် ဒေါက်တာအက်ဒ်ပါ၊ ခင်ဗျားရဲ့ စိတ်ကုဆရာဝန်ပါ၊ အခုဘယ်လိုနေပါသေးသလဲ. . စိုးရိမ်စိတ်တွေ ကြောက်လန့်စိတ်တွေရှိနေတုန်းပဲလား"

"အို. . . မရှိပါဘူး"လို့ ကျွန်မက ကပြာကရာပြန်ပြောပါတယ်၊ "ကျွန်မ စိတ်ထဲမှာ ဘာများဖြစ်ဦးမလဲလို့ တွေးပြီးပူနေတာတော့ ရှိပါတယ်။ ကျွန်မ ဘာ့ကြောင့်ဒီကိုရောက်လာရသလဲဆိုတာ ကျွန်မနားမလည်ပဲ ဖြစ်နေတယ်"

"ကျွန်တော်တို့အနေနဲ့ ခင်ဗျားကို နည်းနည်းပါးပါးစမ်းသပ်ကြည့်ဖို့ လိုနေပါတယ်။ ကျွန်တော်တစ်ခုမေးပါရစေ၊ ခင်ဗျားရဲ့စိတ်ကို ငြိမ်သွားအောင် ဆေးတစ်လုံးသောက်ထားမလား"

'ဟင့်အင်း. . . ကျွန်မသောက်ဖို့ လိုမယ်မထင်ပါဘူး၊ ကျွန်မနေကောင်းနေတာပဲ"

သူက ကျွန်မကိုထိုင်ခိုင်းပြီး စမ်းသပ်စစ်ဆေးကြည့်ပါတယ်။ ပြီးတော့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ခိုင်းပါတယ်။ သူက ကျွန်မလမ်းလျှောက်ပြတာကို နောက်ကရပ်ကြည့်တယ်၊ ရှေ့တည့်တည့်က ရပ်ကြည့်တယ်၊ ပြီးတော့ ဘေးတိုက်ရပ်ကြည့်တယ်။

"ကျွန်မဟာ အဆိုတော်တစ်ယောက်ပါ ဒေါက်တာ. . .။ ကိုယ်ဟန်ပြမယ်တစ်ယောက် မဟုတ်ပါဘူး"လို့ပြောတော့ သူက ဟက်ဟက်ပက်ပက်ရယ်ပါ တယ်၊ ကျွန်မက သူ့ဘက်ကို တစ်ချက်လှည့်ပြီး "ကျွန်မသီချင်းဆိုပြဖို့ကော လိုဦးမလား"လို့ မေးတော့ သူက နောက်တစ်ကြိမ်ထပ်ပြီး ရယ်ပါတယ်။

"မလိုတော့ပါဘူး မစ္စရော့သ်၊ အခုပုံအတိုင်းဆိုရင် ကောင်းပါတယ်၊ လောလောဆယ်တော့ ကိစ္စပြီးသွားပြီ"လို့ သူကပြောပါတယ်။ ချက်ခြင်းပဲ သူနာပြုဆရာမ တစ်ယောက်ဝင်လာပြီး ကျွန်မကို ဧည့်ခန်းဆောင်ကြီးတစ်ခုထဲကို လိုက်ပို့ပါတယ်။ အခန်းထဲမှာတော့ အမျိုးသမီးငါးဆယ်လောက်ဟာ တစ်ချို့ကဆိုဖာပေါ်မှာ တစ်ချို့က ပက်လက်ကုလားထိုင်တွေပေါ်မှာ ထိုင်နေကြပါတယ်၊ ဝတ်စားထားတာကတော့ အားလုံး သပ်သပ်ရပ်ရပ်ပါပဲ. . .။

www.burmeseclassic.com



“ဟယ်လို”လို့ ကျွန်မက အားလုံးကိုနှုတ်ဆက်လိုက်ပေမယ့် သူတို့ဆီက ဘာသံမှမကြားရပါဘူး၊ အားလုံးဟာ သူတို့ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်ပြီး ကိုယ့်အတွေးနဲ့ ကိုယ်ပိုင်သီးခြားကမ္ဘာလေးတွေထဲမှာ နစ်မျောနေကြပါတယ်။

ကုလားထိုင်အလွတ်တစ်လုံးမှာ ကျွန်မ ဝင်ထိုင်လိုက်ပါတယ်။ ကျွန်မဘေးမှာတော့ မိန်းမချောလေးတစ်ယောက်၊ အသက်က နှစ်ဆယ့်သုံးနှစ်လောက် ရှိလိမ့်မယ်ထင်ပါတယ်၊ သူ့အနားမှာ မရှိတဲ့လူတစ်ယောက်နဲ့ အားရပါးရစကားပြောနေပါတယ်။ သူ့နှုတ်ခမ်းတွေက တလှုပ်လှုပ် ခေါင်းတခါခါ လည်တစ်ခါခါလုပ်လိုက်၊ ခေါင်းညိတ်လိုက်၊ ပြုံးတဲ့အခါ ပြုံးလိုက် ရယ်တဲ့အခါ ရယ်လိုက်. . .၊ တစ်ချီ တစ်ချီကျတော့လည်း မျက်မှောင်ကုပ်လိုက်. . . မျက်စောင်းထိုးလိုက်. . . တစ်ခါတလေကျတော့လည်း မျက်ခုံးနှစ်ဖက်ကိုပင့်ပြီး ပါးစပ်အဟောင်းသားနဲ့ အံ့အားသင့်သလိုဖြစ်သွားလိုက်နဲ့ . . .၊ ပြီးတော့ ငြိမ်ငြိမ်ဆိတ်ဆိတ်ကလေးထိုင်ပြီး နားထောင်နေလိုက်နဲ့၊ မြင်နေရတာ သနားစရာပါ။

သူ့ကိုကြည့်နေရင်းက ကျွန်မအိမ်ကို သတိရလာပါတယ်။ ဒီအမျိုးသမီးတွေဟာ အရူးတွေပါလားဆိုတဲ့ အတွေးလည်းဝင်လာပါတယ်။ ငါ ဒီအရူးမတွေကြားမှာ လာပြီးဘာလုပ်နေတာလဲ. . .၊ ကျွန်မ အသက်မရှူနိုင်တော့လောက်အောင် ကြောက်စိတ်တွေဝင်လာပါတယ်. . . တစ်ကိုယ်လုံးလည်း တုန်ယင်လာပါတယ်။ ကျွန်မကို မတော်တဆော်များ လုပ်လိုက်မှဖြင့်. . .။

ခေါင်းလောင်းတီးသံတစ်ချက် ထွက်လာပါတယ်။ မိန်းမတွေအားလုံး စက်ရုပ်တွေလို တညီတညာထဲ ရပ်ပြီးတန်းစီလိုက်ကြပါတယ်၊ ပြီးတော့ ရှေ့နောက်တစ်ယောက်ချင်းစီ စီတန်းပြီးထွက်သွားကြပါတယ်။ “မင်း သူတို့နောက်ကလိုက်သွား” လို့ ဆရာမတစ်ယောက်က လှမ်းပြောပါတယ်။ “ဒီအချိန်ဟာ နေ့လည်စာကျွေးချိန်” လို့လည်း ပြောပါတယ်။

“ကျွန်မ မဆာဘူး”လို့ ပြန်ပြောတော့ ဆရာမရဲ့လေသံဟာ မာလာပါ တယ်၊ “မင်းနောက်ကလိုက်သွား၊ နေ့လည်စာကို စားရမယ်”တဲ့ ကျွန်မ သူတို့နဲ့အတူ စားသောက်ခန်းထဲရောက်သွားပါတယ်၊ ကုလားထိုင်မှာထိုင်ပြီးလို့ ခက်ရင်းနဲ့ဇွန်းကိုလည်း ကိုင်လိုက်ရော ကျွန်မလက်တွေဟာ ထိန်းလို့မရနိုင်အောင် တုန်လာပါတယ်။ ဇွန်းရော ခက်ရင်းပါ ပန်းကန်ပေါ် ကို လွတ်ကျသွားပါတယ်၊ လူနာစောင့်တစ်ယောက်က ကျွန်မကို ပွေ့ချီပြီး အခန်းထဲပို့ပေးပါတယ်။ အိပ်ရာပေါ် လှဲနေတဲ့အခါကျတော့လည်း ဘယ်လိုမှ ထိန်းလို့မရပါဘူး၊ တစ်ကိုယ်လုံးတုန်နေတာပါပဲ၊ မကြာခင် ဆရာဝန်တစ်ယောက်ရောက်လာပြီး ဆေးတိုက်ခိုင်းပါတယ်၊ ဆေးက အရောင်အဆင်းမရှိတဲ့ ဆေးရည်ပါ. . .။

ဒါပေမဲ့ ကျွန်မ တစ်ညလုံးအိပ်လို့ မပျော်ပါဘူး၊ ဆယ့်ငါးမိနစ်တစ်ကြိမ် ဆရာမတစ်ယောက် ဝင်ဝင်လာပြီး မျက်နှာကို လက်နှိပ်ဓါတ်မီးနဲ့ ထိုးထိုးကြည့်ပါတယ်။ ကျွန်မကတော့ မျက်နှာကျက်ကိုပဲ စိုက်ကြည့်နေတာပါ၊ အပြင်ဘက်က လရောင်ဟာ ပြတင်းပေါက်ကတစ်ဆင့် ဝင်လာနေပါတယ်။ ကျွန်မ ပြတင်းပေါက်သံတိုင်တွေကို ထပ်ခါတလဲလဲ ရေတွက်ကြည့်နေပါတယ်။ အားလုံးခြောက်ချောင်းပါ။

www.burmeseclassic.com



ပြတင်းပေါက်မှာလည်း ခြောက်ချောင်းပါ။ လရောင်ကြောင့် ကြမ်းပေါ်မှာကျနေတဲ့ သံတိုင်အရိပ်တွေကလည်း ခြောက်ခုပါပဲ. . .။

နောက်ဆုံးမှာတော့ မိုးလင်းသွားပါတယ်၊ ပထမဆုံးကြားရတာဟာ ခေါင်းလောင်းတီးသံတွေပါ၊ အခန်းတွေထဲက ထွက်လာနေကြတဲ့ သူတွေရဲ့ခြေသံတွေကိုလည်း ကြားနေရပါတယ်။ လိမ္မော်ရည်နဲ့ လက်ဖက်ရည်လာပို့တဲ့ ဆရာမရောက်လာချိန်အထိ ကျွန်မဟာ အိပ်ရာပေါ်က မထနိုင်သေးပါဘူး၊ ချွေးတွေနဲ့ရွှဲနေတဲ့ အိပ်ရာခင်းပေါ်မှာ ကျွန်မဟာ ပက်လက်ပါ. . .။

ဘာလိုလိုနဲ့ ဒီနေ့ဟာ ကျွန်မအဖို့ ဒုတိယနေ့ပါကလား. . .။

၈

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်မအဖို့တော့ ဒုတိယနေ့ကိုလည်း ဖြတ်သန်းရမှာပါ၊ ကျွန်မကို သူတို့က သွားချင်ရာသွားပြီး လာချင်ရာလာဆိုတဲ့ သဘောနဲ့ လွှတ်ပေးထားပါတယ်။ ဒါပေမဲ့ ကျွန်မ ဆေးရုံထဲကိုဝင်လာတဲ့အချိန်ကစပြီး အခုအချိန်ထိ ကျွန်မရဲ့လှုပ်ရှားမှုဟူသမျှကို သူတို့က မျက်ခြည်မပြတ်စောင့်ကြည့်နေကြ တာပါ၊ တကယ်တော့ ကျွန်မဟာ စောင့်ကြည့်စစ်ဆေးခံနေရတဲ့ အချိန်ကာလတစ် ခုကို ကျော်ဖြတ်နေရတာပါ. . .။

တတိယနေ့ကျတော့ ဆရာမတစ်ယောက်ရောက်လာပြီး “အဝတ်အစားလဲချင်ရင် လဲနိုင်တယ်”လို့ပြောပါတယ်။ ခြေညှပ်ဖိနပ်၊ အတွင်းခံအင်္ကျီဘောင်းဘီတွေကိုလည်း ဝတ်ခွင့်ပေးပါတယ်။ ဆံပင်ကျတော့ ကိုယ်တိုင်ဖီးပေးပြီး ခေါင်းဘီးကို ပြန်သိမ်းသွားပါတယ်။

ကျွန်မရောက်တဲ့နေ့ကစပြီး အရက်ကို တစ်စက်ကလေးမှ မသောက်ရပါဘူး၊ သောက်ဆေးတွေ ထိုးဆေးတွေနဲ့ပဲ အနှိပ်စက်ခံနေရတဲ့ ကာလပါ၊ ကျွန်မ အရက်သောက်လာတာ ဆယ့်ခြောက်နှစ်တောင် ရှိခဲ့ပါပြီ၊ နေ့စဉ်ညစဉ် သောက်ခဲ့တာပါ၊ အခုကျတော့ တစ်ရက်တောင်မှ မသောက်ရပါဘူး။

ညဆိုရင် အရက်အိပ်မက်တွေကို ကျွန်မမက်ပါတယ်၊ အိပ်မက်တွေထဲ မှာ ကျွန်မဟာ ဆေးရုံကထွက်ပြေးပါတယ်။ အရက်တွေခိုးသောက်ပါတယ်၊ လေထဲမှာပျံဝဲပြီး ဆရာဝန်တွေနောက်ကို လိုက်နေပါတယ်။ သူတို့က ကျွန်မကိုပြန်လိုက်ပြီး ဖမ်းလို့ ထွက်ပြေးနေရတာ အမောတကောပါ။ ဆရာမတွေက ဝိုင်းချုပ်ထားလို့ ကျွန်မ ရုန်းကန်နေရတာလည်း အသက်ထွက်လုခမန်းပါ၊ အိပ်မက်တွေကြောင့် သံကုန်ဟစ်ပြီး အော်မိတဲ့အခါ အော်မိပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ ကျွန်မ ဟာ ဂယောင်ဂတန်းဖြစ်ပြီး အိပ်ရာကလန့်နိုးလာတာချည်းပါပဲ ကျွန်မ ကုတင်ပေါ်မှာ ငေါက်ခနဲထထိုင်ပြီး ဇောချွေးတွေနဲ့ တပင်တပန်းအသက်ရှူနေရတဲ့ အချိန်တိုင်း တာဝန်ကျဆရာမဟာ အခန်းထဲကိုရောက်လာလေ့ရှိပါတယ်။ ကျွန်မကို ဆေးတစ်ခွက်တိုက်ပြီးရင်တော့ ပြန်ထွက်သွားတာပါပဲ. . .။ ကျွန်မအဖို့ တစ်ညတာ ခရီးဟာ ကြောက်စရာကောင်းလောက်အောင် ရှည်လျားလွန်းလှပါတယ်။

www.burmeseclassic.com



ငါးရက်မြောက်မနက်မှာတော့ ကျွန်မရဲ့တာဝန်ကျဆရာနဲ့ ဒေါက်တာအက်ဒ်ဟာ ပြုံးပြုံးရွှင်ရွှင်နဲ့ရောက်လာပါတယ်၊ "မင်္ဂလာနံနက်ခင်းပါ လီလီယံ၊ မင်းဒီနေရာက ရွှေ့ရတော့မယ်"လို့ ပြောပါတယ်။

"အကောင်းရွှေ့လား၊ အဆိုးရွှေ့လား"လို့မေးတော့ "အကောင်းရွှေ့ပါ၊ လီလီယံရယ်။ မင်းကို နလံထလူနာဆောင်ကို ပြောင်းပေးလိမ့်မယ်၊ ဒီနေရာထက်အများကြီးပိုကောင်းတယ်၊ အမှန်တော့ လူနာအများစုဟာ ဒီအဆောင်မှာ သီတင်းနှစ်ပတ် သုံးပတ်လောက်တော့ နေကြရတယ်"လို့ ရှင်းပြပါတယ်။

"ဒါဆိုရင် ကျွန်မရဲ့အခြေအနေ ကောင်းလို့ပေါ့. . .။ ဆေးရုံမှာ ခြောက်လတောင် နေချင်မှနေရမှာ. . . နော်"

"အဲသလိုတွက်လို့တော့မရဘူး၊ ဆေးရုံမှာ နေနိုင်အောင်တော့ မင်းအားထုတ်ရလိမ့်မယ်၊ အနည်းဆုံးခြောက်လက တစ်နှစ်အထိနေလိမ့်မယ်လို့ တွက်ထားရမယ်"

တံခါးပေါက်ရှိတဲ့ အခန်းတစ်ခန်းကို ကျွန်မပြောင်းခဲ့ရပါတယ်။ ဆေးရုံစည်းကမ်းအရ တံခါးတစ်ချပ်ကို အမြဲဖွင့်ထားပေးရပါတယ်။ အခန်းထဲမှာတော့ နှုတ်ခမ်းဆိုးဆေးတောင့်တစ်တောင့်၊ ဘီးတစ်ချောင်း ဘရပ်ရှ်တစ်ခုနဲ့ ဆံထိုးကလေးသုံးလေးချောင်းတင်ထားတဲ့ အလှပြင်စားပွဲတစ်လုံး ချထားပါတယ်။ နံရံပေါ်မှာလည်း မှန်တစ်ချပ်ချိတ်ထားပါတယ်။

နေ့စဉ်ပုံမှန်လုပ်ရတဲ့ အလုပ်တစ်ခုကို ကျွန်မစလုပ်ရပါပြီ၊ မနက်ဆိုရင်အစောကြီးထပြီး အိပ်ရာသိမ်းရပါတယ်၊ ပြီးရင် မျက်နှာသစ်ရပါတယ်။ မျက်နှာသစ်ပြီးတာနဲ့ တစ်ပြိုင်နက် မနက်စာသွားစားရပါတယ်။ မနက်စာလည်းစားပြီးရောအုပ်စုလိုက်တန်းစီပြီး ထိုင်ကြရပါတယ်။ ဆရာမတွေက ရေနွေးတွေနဲ့လိုက်ဖြန်းပေးပါတယ်။ အဲဒါလည်းပြီးရော အားလုံးကျန်းမာရေးလေ့ကျင့်ခန်းလုပ်ကြရပါတယ်။ လေ့ကျင့်ခန်းပြီးပြီဆိုရင်တော့ ရေမိုးချိုးပြီး ခဏတစ်ဖြုတ်နားခွင့်ရပါတယ်။

အနားယူပြီးတဲ့နောက်မှာတော့ ဆရာမတွေနဲ့အတူ အပြင်ထွက်ပြီး လေကောင်းလေသန့်ရှူရှိုက်ဖို့အတွက် လမ်းတစ်ပတ်လျှောက်ကြရပါတယ်။ ပြီးသွားတဲ့အခါမှာတော့ စိတ်ကုသမှုအတွက် သီးသန့်ထားပေးတဲ့ အခန်းတွေထဲဝင်ပြီး ကိုယ်စိတ်ပါရာ အလုပ်တစ်ခုခုကို လုပ်ကြရပါတယ်။ တစ်ချို့က ပန်းချီဆွဲကြပါတယ်။ တစ်ချို့ကတော့ သဲခွက်ကြီးတွေနဲ့ ထိုင်ပြီးကစားနေကြပါတယ်။ ကျွန်မကတော့ သူတို့ပေးထားတဲ့ သားရေတွေနဲ့ စီးကရက်ဘူးကလေးတွေလုပ်ပါတယ်။

ကျွန်မတို့အုပ်စုဟာ လူငါးဆယ်လောက်ရှိပါတယ်။ တစ်ဦးချင်းစီရဲ့ ဘဝကိုကြည့်လိုက်ရင် အားလုံးဟာ အထီးကျန်ဘဝပါ၊ ကျွန်မကိုယ်တိုင်လည်း သူတို့ကြားထဲမှာ အဖော်မဲ့နေသူပါ၊ တစ်ခါတရံမှာတော့ အုတ်တံတိုင်းပေါ် မျှော်ကြည့်လိုက်တိုင်း မြင်နေရတဲ့အပြင်လောကထဲက အဆောက်အဦကြီးတွေကို ကြည့်ပြီး လွမ်းမောတသမိပါတယ်။ အပြင်လောကထဲက လူတွေမှာတော့ အိမ်ပြန်ကြ၊ ညစာထွက်စားကြ၊ ရုပ်ရှင်တွေပြဇာတ်တွေကို သွားကြနဲ့ ဘယ်လောက်များသာယာလိုက်မလဲ. . .။

www.burmeseclassic.com



အဲသလိုတွေးလိုက်မိတဲ့အခါမျိုးမှာ ကျွန်မရဲ့ရင်ဟာ တင်းကြပ်လာပါတယ်။ အထီးကျန်နိုင်လွန်းလှတဲ့အဖြစ်ကို သီးမခံနိုင်အောင် ခံစားလာရပါတယ်။ ကျွန်မရဲ့ နှလုံးသားဟာ နာကျင်လာရပါတယ်။ နောက်ဆုံးမှာတော့ ကျွန်မဟာ ချုံးပွဲချ ငိုမိခဲ့ပါတယ်။

တစ်ရက်မှာ ကျွန်မရဲ့အဖေါ်တစ်ဦးဖြစ်နေတဲ့ မိန်းမချောကလေးက ကျွန်မနဲ့ အတူ လမ်းတွဲလျှောက်နေရာက ကျွန်မဘက်ကို ဖြတ်ခနဲလှည့်ပြီး "ကျွန်မ ဘာပြုလို့ ဒီကိုရောက်နေရသလဲဆိုတာ ရှင်သိသလား"လို့ မေးပါတယ်။

"မသိပါဘူးကွယ်၊ မင်း ဘာ့ကြောင့်ရောက်လာရတာလဲ"လို့ ကျွန်မကပြန် မေးတော့ "ကျွန်မပြောပြမယ်နော်"လို့ ဖြေတယ်၊ ပြီးတော့ ဘာတစ်ခွန်းမှထပ်မပြော တော့ဘူး၊ နောက်တစ်နေ့ကျတော့ ဒီမေးခွန်းပဲ ထပ်မေးတယ်၊ ကျွန်မက ပြန်မေး တော့ အရင်ရက်ကလိုပဲ မဖြေတော့ဘူး။

ကျွန်မ အစားစားတဲ့အချိန်တိုင်း တစ်စားပွဲထဲထိုင်ရတဲ့ မိန်းကလေးတစ် ယောက်ရှိပါတယ်။ သိပ်ကိုလှတဲ့ မိန်းကလေးပါ တစ်ရက်မှာ သူက ကျွန်မနားကပ်ပြီး တိုးတိုးကလေးမေးတယ် "ကျွန်မ ဘာဆိုတာ ရှင်သိသလား"တဲ့။

မင်းဟာ သဘောကောင်းတဲ့ မိန်းကလေးတစ်ယောက်ဖြစ်မှာပေါ့လို့ ကျွန်မ က ပြန်ပြောလိုက်ပါတယ်။

သူက ကျွန်မအနားကိုကပ်ပြီး တိုးတိုးကလေးထပ်ပြောပါတယ်၊ "သူတို့ ဘာပြုလို့ ဒီနေရာရောက်လာကြရသလဲဆိုတာ သူတို့ဖာသာသူတို့ မသိကြဘူး၊ ဒါပေ မဲ့ ကျွန်မကတော့ သိတယ်၊ ကျွန်မက အရူးမတစ်ယောက်မို့ ဒီကိုရောက်လာတာ" တဲ့။

ကျွန်မလန့်ပြီး ဖြတ်ခနဲ နောက်ကိုဆုတ်လိုက်မိပါတယ်။ ကျွန်မကော ဘာပြု လို့ ဒီကိုရောက်နေရတာလဲ. . . ကျွန်မလည်း သူ့လိုနေမကောင်းလို့ ရောက်လာ တာပါ။ ဒါပေမဲ့ သူ့လိုရူးနေလို့တော့ ဟုတ်မယ်မထင်ပါဘူး။

၇

ညစာစားပြီးပြီဆိုရင် ကျွန်မတို့ကို အပျင်းပြေကစားခွင့်ပေးထားပါတယ်။ ကျွန်မဟာ တခြားအဖေါ် သုံးယောက်နဲ့ စားပွဲမှာထိုင်ပြီး ဖဲကစားကြပါတယ်။ ကစား တယ်ဆိုပေမယ့် အဆင်ပြေပြေ ကစားတဲ့ပွဲမဟုတ်ပါဘူး၊ ကျွန်မတို့လေးယောက် ထဲကတစ်ယောက်က 'မင်နစ်စ်'လို့ခေါ်တဲ့ စိတ်ရောဂါသည်ပါ။ နောက်တစ်ယောက်က 'စကီဇိုဖရဲနီးယား' လို့ခေါ်တဲ့ စိတ်ရောဂါသည်ပါ၊ နောက်တစ်ယောက်ကတော့ 'ဒီမင် ရှီးယား'လို့ခေါ်တဲ့ စိတ်ရောဂါသည်ပါ၊ ကျွန်မကတော့ အရက်ကြောင့်ကြောင်နေ တဲ့လူပါ။

ဒီနေရာမှာ ထူးခြားမှုလေးတစ်ခုကို ကျွန်မတွေ့ရပါတယ်။ ဘယ်နေရာမှာ ပဲဖြစ်ဖြစ် မိန်းမက မိန်းမပါပဲ၊ မိန်းမတွေဟာ သူတို့ရဲ့သဘာဝကို 'စွန့်လွှတ်'ခဲ့ပါတယ်။ ဘလွမ်းမင်းဒေးလ်လို စိတ္တဇဆေးရုံ သို့မဟုတ် အရူးထောင်မှာတောင် မိန်းမလူနာ

www.burmeseclassic.com



တွေဟာ သူတို့နည်း သူတို့ဟန် သူတို့အမြင်အတွေးတွေနဲ့ အတင်းအဖြင်းတွေ ပြောတာကို ကျွန်မကြားရပါတယ်။ အများအားဖြင့်တော့ သူတို့ဟာ ဆရာဝန်တွေနဲ့ ဆရာမတွေအကြောင်း ဆေးရုံကကျွေးနေတဲ့ အစားအသောက်တွေအကြောင်းနဲ့ ယောကျ်ားတွေအကြောင်းကို ပြောကြတာပါ။

ကျွန်မတို့ ဖဲကစားနေကြတဲ့ လေးယောက်ထဲမှာ အသက်ခြောက်ဆယ်နီးပါးရှိတဲ့ အဖွားကြီးတစ်ယောက်ပါ ပါတယ်။ ကျွန်မတို့ကစားနေခိုက်မှာ သူက "ရှူး . . . ရှူး. . . ငါ ညီးတို့ကို တိုးတိုးတိတ်တိတ် ကြိတ်ပြီးပြောထားရဦးမယ်"လို့ စကားစလိုက်တော့ ကျွန်မတို့သုံးယောက်က သူ့အနားကို တိုးသွားကြပါတယ်။ သူက "နင်တို့လည်း သတိထားကြနော်။ ဒီမနက် ငါ့ကို ငါ့ဆရာဝန်က မုဒိမ်းကျင့်လွှတ်လိုက်တယ် ဟဲ့"လို့ ဆက်ပြောပါတယ်။

"အို မဖြစ်နိုင်တာပဲ၊ သူ အဲသလိုလုပ်မယ်လို့ မထင်ပါဘူး"လို့ ကျွန်မက ဝင်ပြောတော့ "အန်မယ်. . . ညီးက ဘာသိလို့လဲ၊ အခုဟာ ပထမဆုံးအကြိမ် မဟုတ်တော့ဘူး"တဲ့။

ညရှစ်နာရီလည်းထိုးရော ကျွန်မတို့ကစားတာကို ရပ်ကြရပါတယ်။ ပြီးရင် ရေတစ်ခါချိုးရပါတယ်။ ကိုးနာရီထိုးကျရင်တော့ မီးတွေအားလုံး ပိတ်သွားပါပြီ၊ အိပ်ရတဲ့အချိန်ပေါ့။ ကျွန်မဟာ အမှောင်ထုထဲမှာ ကြိတ်ပြီးငိုနေတာကများပါတယ်။ ကျွန်မအဖို့ အခုလိုအချိန်ကာလမှာ ဝမ်းနည်းကြေကွဲစရာ တစ်ခုခုကိုရှာလို့ လွယ်နေပါတယ်။

အခုတစ်ကြိမ်မှာတော့ ကျွန်မဟာ အဖေ့အကြောင်းကိုတွေးပြီး စိတ်နှလုံးထိခိုက်ကြေကွဲနေရပါတယ်။ အထူးသဖြင့် ကျွန်မဆယ့်ငါးနှစ်အရွယ်က ဖြစ်ခဲ့တဲ့ကိစ္စတစ်ခုဟာ မေ့လို့မရပါဘူး၊ အဲဒီအချိန်က အဖေဟာ အမေနဲ့အကြီးအကျယ်ရန်ဖြစ်ပြီး သူ့ဇာတိ ဘော်စတွန်မြို့ကို ပြန်သွားပါတယ်။ အဲဒီတုန်းက အဖေဟာ အမေနဲ့ ပတ်သက်ပြီး မယုံသင်္ကာဖြစ်မှုတွေက ပိုများလာပါတယ်။ အရက်သောက်ပြန်ရင် လည်း သူ့ကိုယ်သူ လုံးဝမထိန်းနိုင်တော့ပါဘူး၊ အဲဒီတော့ အဖေနဲ့အမေကြားမှာ အမုန်းသာပွားလာနေပါတယ်။

"အဖေ့ကို အမေတကယ်ချစ်ရဲ့လား"လို့ ကျွန်မ မေးခဲ့ဘူးပါတယ်။

ကျွန်မကိုကြည့်နေတဲ့ အမေ့မျက်လုံးအစုံမှာ မျက်ရည်တွေနဲ့ပြည့်နေပါတယ်။ "သူ့ဒေါသနဲ့အရက်က သူ့အပေါ်မှာထားနေတဲ့ အမေ့အချစ်ကို အသေသတ်ပစ်ပြီ၊ အမေနောက်ထပ်ဆက်ပြီး သီးမခံနိုင်တော့ဘူး"လို့ အမေကပြောပါတယ်။

"ဒီလိုဆိုရင်လည်း အိမ်တာဝန်ကို သမီးပဲယူတော့မယ်"လို့ ကျွန်မက ပြောလိုက်ပါတယ်။ ချက်ခြင်းပဲ အဖေ့ပစ္စည်းတွေထည့်ထားတဲ့ သေတ္တာကို အဖေ့ဆီပို့လိုက်ပါတယ်။ အဖေ့အတွက် ရေးလိုက်တဲ့စာထဲမှာလည်း "အဖေ့ကို သမီးသိပ်ချစ်ပါတယ်။ ဒါပေမဲ့ ဖေဖေနဲ့သမီးတို့ အတူတူဆက်ပြီးနေလို့ မဖြစ်နိုင်တော့ပါဘူး"လို့ ရေးလိုက်ပါတယ်။

ကျွန်မဟာ ရှူးတုန်းမိုက်တုန်းအရွယ်ပါ၊ အဖေ့အနေနဲ့ သူ့ဇာတိ ဘော်စတွန်မှာ သူ့ရဲ့ပေါင်းဟောင်း သင်းဟောင်းတွေနဲ့နေရတာ ပိုပြီးပျော်လိမ့်မယ်လို့လည်း

www.burmeseclassic.com


တွေးခဲ့မိပါတယ်။ အဲဒီတော့ အခုလိုလုပ်ပေးလိုက်တာဟာ အဖေနဲ့အမေတို့ရဲ့ အကျိုးကို ဆောင်ရွက်ပေးရာ ရောက်တယ်လို့ ကျွန်မယုံကြည်နေပါတယ်။ ဒါပေမဲ့ ကျွန်မ ကောင်းကောင်းမှတ်မိပါတယ်။ ကျွန်မ အဲသလိုဝင်ပြီးလုပ်လိုက်တဲ့အချိန်ကစပြီး အဖေနဲ့အမေဟာ အနေဝေးပြီး ကင်းကွာသွားခဲ့ကြတာပါ။

အဲဒီတုန်းက ပြဿနာကို ကျွန်မက ဘာ့ကြောင့်ကိုင်တွယ်ဖြေရှင်းခဲ့ရ တာလဲ၊ ကျွန်မဟာ ဖြေရှင်းနိုင်တဲ့ အသက်အရွယ်လား တကယ်လို့သာ အဲဒီအချိန်က ကျွန်မဟာ အဖေနဲ့အရက်ပြဿနာကို နားလည်ခဲ့ရင် ကျွန်မဟာ သမီးကောင်းတစ်ယောက်ပိုပြီး ပီသလာစရာရှိပါတယ်။ အခုတော့ အဖေဟာ အားလုံးရဲ့စွန့်ပစ်ခံ အပယ်ခံဘဝနဲ့ အထီးကျန်ဖြစ်ပြီး သေခဲ့ရတာပါ။ အဖေသေခဲ့ရတဲ့နေရာကလည်း အပေါ်စားဟိုတယ်အခန်း တစ်ခန်းမှာပါ။

အဖေဟာ အရက်နဲ့ပတ်သက်လို့ ကျွန်မကို မကြာခဏသတိပေးခဲ့ဘူးပါတယ်။ သူဟာ အရက်အကြောင်းကို ကောင်းကောင်းသိတဲ့လူပါ၊ သူ့ရဲ့အားနည်းချက်ကိုလည်း ကောင်းကောင်းကြီးနားလည်ခဲ့ပါတယ်၊ ဒါ့ကြောင့်လည်း သူ့ထက်ခိုင်မာတဲ့ စိတ်ဓါတ်မျိုးမွေးဖို့ ကျွန်မကို မကြာ မကြာသတိပေးခဲ့တာပါ၊ ကျွန်မ သူသတိပေးတာကို ဘာ့ကြောင့်မလိုက်နာခဲ့တာလဲ. . .။

အဖေဟာ သက်ကြီးပိုင်းရောက်ခါမှ အောင်မြင်မှုနဲ့ဝေးသွားခဲ့ရပါတယ်။ ဆုံးရှုံးခြင်း၊ နာကျင်ခြင်းနဲ့ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခပေါင်းစုံကို ခါးစည်းခံပြီးကွယ်လွန်သွားခဲ့ရတာပါ၊ တကယ်လို့သာ ကျွန်မဟာ သမီးကောင်းတစ်ယောက်ပီသခဲ့ရင် အဖေမသေခင် အခုလိုဆင်းရဲသွားရမှာလား. . . အခုလို ဂုဏ်မရှိ သိက္ခာမရှိသေရမတဲ့လား. . .။

ကျွန်မဟာ အဖေ့အတွက် မျက်ရည်ကျခဲ့ရသလို အမေ့အတွက်လည်း မျက်ရည်မစဲ ငိုပွဲဆင်ခဲ့ရသူပါ၊ အမေနဲ့ကျွန်မဟာ ကျွန်မအောင်မြင်ကျော်ကြားဖို့အတွက် လက်တွဲပြီးကြိုးပမ်းခဲ့ကြရတာပါ။ ကျွန်မ အမြင့်ဆုံးရောက်လို့ ငွေကြေးအဆမတန်ရနေချိန်မှာ ကျွန်မဟာ အမေလိုချင်တာတွေကိုပေးပြီး အမေ့ကို သာယာပျော်ရွှင်အောင်ထားဖို့ သတိရခဲ့ပါသလား၊ အခု ကျွန်မဒုက္ခရောက်ပြီး ဆင်းရဲသွားချိန်မှာ အမေအခြေအနေဟာ ဘယ်လိုလဲ၊ အမေ့အတွက် ကျွန်မရဲ့နှလုံးသားဟာ ကွဲအက်ကြေမွခဲ့ရပါပြီ။

ရှည်လျားလှတဲ့ ညပေါင်းများစွာကို ဖြတ်သန်းနေရတဲ့ အချိန်ကာလတစ်လျှောက်လုံး ကျွန်မဟာ အမေ့အတွက်နဲ့ ကျွန်မဘဝအတွက် ယူကြုံးမရဖြစ်တဲ့စိတ်တွေနဲ့ အချိန်ကုန်ခဲ့ရပါတယ်။

၈

ဆေးရုံမှာနေခိုက် ကျွန်မဟာ ဒေါက်တာဟက်ဒ်နဲ့ တစ်ပတ်ကိုနှစ်ကြိမ်က သုံးကြိမ်အထိ တွေ့ရပါတယ်။ တွေ့ပြီဆိုရင်လည်း ဒေါက်တာဟက်ဒ်က ကျွန်မရဲ့အတိတ်ဇာတ်ကြောင်းတွေကို ခရေစေ့တွင်းကျ မေးလေ့ရှိပါတယ်။ သူနဲ့ စကားလက်

www.burmeseclassic.com


ဆုံကျသွားတဲ့အခါ ကျွန်မဟာ ကိုယ့်အကြောင်းကိုယ် မချွင်းမချန် မကွယ်မဖုံးပဲ ပြောပြမိတာချည်းပါပဲ. . .။

ဒေါက်တာဟက်ဒ်ရဲ့အမြင်အရ ကျွန်မရဲ့ဘဝဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ဘဝ မဟုတ်ပါဘူး၊ ကျွန်မရဲ့ကလေးဘဝဟာ ပုံမှန်အနေအထား မဟုတ်ခဲ့ရုံမကဘူး၊ အခြေခံအားဖြင့် ခိုင်မာမှုလည်း မရှိခဲ့ပါဘူး၊ ကျွန်မအမေဟာ ကျွန်မအပေါ်မှာ အချစ်အကြင်နာ ပိုလွန်းခဲ့ပါတယ်။ ကာကွယ်စောင့်ရှောက်မှုပေးရာမှာလည်း အဆမတန်ပိုလွန်းနေပါတယ်။ အဖေနဲ့ ကျွန်မရဲ့ဆက်ဆံရေးကတော့ လုံးဝ ကျေနပ်ဖွယ်ရာ မရှိခဲ့ပါဘူး၊ ပြည့်စုံလုံလောက်တဲ့ ဆက်ဆံရေးမျိုး မရှိခဲ့ပါဘူး။

ဒေါက်တာဟက်ဒ်ရဲ့ သုံးသပ်ချက်အရ ကျွန်မရဲ့အတွေးအမြင်တွေဟာ အခုအချိန်ထိ အသက်ဆယ့်ငါးနှစ်နဲ့ နှစ်ဆယ်အတွင်းအရွယ် လူငယ်တစ်ယောက်အဆင့်မှာပဲ ရှိနေပါသေးတယ်၊ ကိုယ့်ဘဝကိုယ် လုံခြုံမှုရှိတယ်ဆိုတဲ့ အသိကလည်း အခုချိန်ထိ ကျွန်မမှာ မရှိသေးပါဘူး၊ ငယ်စဉ်တောင်ကြေး ကလေးဘဝက မြင်တွေ့ကြားသိခဲ့ရတဲ့ မိဘနှစ်ပါးရဲ့ ပြင်းထန်တဲ့ရန်ပွဲတွေ၊ သူတို့နှစ်ဦးကွဲကွာသွားမှု. .၊ မိဘတွေ အတွက် အမြဲတစေပူပန်ကြောင့်ကျပြီး သောကများခဲ့ရတဲ့စိတ်. . .၊ အစရှိတဲ့ အချက်တွေဟာ. . .ကလေးဘဝကတည်းက ကျွန်မရဲ့ဘဝထဲမှာ တည်ရှိခဲ့ကြတာပါ။ အဲဒီအချက်တွေဟာ ကျွန်မရဲ့ဘဝကို အမြဲတစေ လွှမ်းမိုးခြယ်လှယ်နေကြတာပါ။

ကျွန်မရဲ့ ယောကျ်ားတွေနဲ့ ဆက်ဆံရေးဟာလည်း သာယာပျော်ရွှင်မှု မရခဲ့ပါဘူး၊ ဝမ်းနည်းကြေကွဲစရာတွေ အားငယ်စရာတွေ စိတ်ဓါတ်ပျက်ပြားစရာတွေနဲ့ချည်း ရင်ဆိုင်ခဲ့ရပါတယ်၊ ဒေးဗစ်သေဆုံးမှု၊ ရချင်နေတဲ့ကလေး မရမှု၊ မသာယာတဲ့ အိမ်ထောင်. . .၊ ဒါတွေဟာလည်း ကျွန်မရဲ့ဘဝကို ခြယ်လှယ်နေတဲ့ ဖြစ်ရပ်တွေပါပဲ. . .။

ဒေါက်တာဟက်ဒ်ရဲ့ လေ့လာတွေ့ရှိချက်အရဆိုရင် ကျွန်မမှာရှိနေတဲ့ အောက်ကျအားငယ်စိတ်ဟာ ကြီးမားလွန်းလှပါတယ်၊ ကိုယ်လုပ်ထားတဲ့အလုပ်ကို ကောင်းတယ်လို့ ယုံကြည်စိတ်ချတဲ့စိတ်ကလည်း သိပ်ကိုနည်းပါတယ်။ ဒါကြောင့်မို့လည်း ဘယ်လိုအောင်မြင်မှုတွေပဲရရ ရလာသမျှတွေဟာ ကျွန်မအဖို့ အနှစ်မရှိတဲ့ အောင်မြင်မှုတွေ ဖြစ်နေခဲ့တာပါ။

"မင်းရဲ့မသိစိတ်က ငါလက်ထပ်လိုက်ရင် ငါ့ယောကျ်ားက ငါ့ကို အကာအကွယ်ပေးမှာပဲဆိုတဲ့ မျှော်လင့်ချက်ရှိထားတယ်၊ ဒါပေမဲ့ တကယ်တန်းကျတော့ မင်းလက်ထပ်တဲ့လူတွေက ကိုယ်နဲ့မသင့်တော်တဲ့လူတွေ ဖြစ်နေတယ်၊ မင့်အနေနဲ့ သူတို့ဆီက အကာအကွယ်မရပဲ သူတို့ရဲ့ညှင်းပန်းနှိပ်စက်မှုတွေကိုသာ ရယူခံစားခဲ့ရပါတယ်။

"မင်းအနေနဲ့ ဒေးဗစ်ကိုမေ့မလားဆိုပြီး ဝီလီကိုလက်ထပ်ခဲ့တာ သူနဲ့ လက်ထပ်လိုက်တဲ့အတွက် မင်းရဲ့အထီးကျန်ဖြစ်မှုဟာ လျော့နည်းသွားပေမယ့် မင်းလိုချင်တဲ့အိမ်ထောင်သည်ဘဝကိုတော့ မရခဲ့ဘူး၊ မင့်အနေနဲ့ တခြားမိန်းမတွေရရှိနေတဲ့ ဂုဏ်သိက္ခာမျိုးရချင်လို့ တရားသူကြီးကို လက်ထပ်ခဲ့ပြန်တယ်၊ လက်တွေ့မှာတော့ အောင်မြင်တဲ့အိမ်ထောင်တစ်ခု ဖြစ်မလာဘူး။ မက်စ်ဆိုတဲ့လူနဲ့ ရလိုက်တော့ မင့်ဘဝ

www.burmeseclassic.com


ဟာ အဆိုးဆုံးအဆင့်ကို ရောက်သွားပြီး မင်းရလိုက်တဲ့ ယောကျ်ားက ရက်စက်မှုမှာ သာယာတဲ့ အရက်သမားတစ်ယောက် ဖြစ်နေတယ်။

ပြီးတော့လည်း မင်းဟာ မင့်အဖေကိုချစ်တယ်၊ သံယောဇဉ်ရှိတယ်၊ ဒါပေမဲ့ အဖေနဲ့အတူ မနေခဲ့ရဘူး၊ မင့်စိတ်က အဖေကို အားကိုးသမှုပြုချင်တယ်၊ ဖြစ်နေတာ က မင်းကပဲ သူ့ကိုပြန်ပြီး ကာကွယ်စောင့်ရှောက်ပေးနေရတယ်၊ ဒီကြားထဲမှာ မင့်ရဲ့ လုပ်ရပ်တစ်ခုက အဖေနဲ့အမေကို ရာသက်ပန်ကွဲကွာသွားအောင် လုပ်လိုက်သလို ဖြစ်သွားခဲ့ရပြန်တယ်။

"မင်းရဲ့မသိစိတ်က အဲဒီလုပ်ရပ်ကို အပြစ်ကြီးတစ်ခုလို သတ်မှတ်ပြီးမင့်ကိုယ် မင်း ခွင့်မလွှတ်နိုင်အောင် ဖန်တီးနေခဲ့တယ်။ ဒီလိုဖြစ်ရတဲ့ အခြေအနေထဲမှာ မင့်ရဲ့ ပညာရည်မပြည့်ဝမှုကလည်း မင်းကို ဒုက္ခပေးပြန်တယ်၊ အောက်ကျအားငယ်စိတ်နဲ့ ပညာရည်မပြည့်ဝမှုတွေဟာ မင့်စိတ်ကို တဇွတ်ထိုး တဇောက်ကန်းဖြစ်လာအောင် တွန်းပို့ပေးနေတယ်"

အဲဒီစကားတွေဟာ ဒေါက်တာဟက်ဒ်က စိတ်ကုဆရာဝန်တစ်ယောက် အနေနဲ့ သုံးသပ်ပြခဲ့တဲ့ ကျွန်မရဲ့ဘဝပါ။ သူက နောက်ဆုံးသုံး သပ်ချက်တစ်ခုကိုလည်း ကျွန်မကို အသိပေးခဲ့ပါတယ်။ "မင်းအခုလိုဖြစ်လာတာဟာ တခြားကြောင့် မဟုတ် ဘူး။ အသက်၃၄နှစ်အရွယ်ရောက်လာချိန်အထိ မင့်ကို နှစ်နှစ်ကာကာချစ်တဲ့လူ တစ်ယောက်မှ မရှိခဲ့လို့ပဲ။ မင်းရဲ့မသိစိတ်ထဲမှာ မင့်အမေကတောင်မှ မင့်ကို တကယ် မချစ်ဘူးလို့ သံသယဖြစ်နေတယ်၊ အဲဒီတော့ မင့်စိတ်က မင့်မှာ အားကိုးအားထား ပြုစရာ မရှိတော့ဘူးလို့ တွက်ထားတယ်၊ မင့်မှာ သားသမီး မရှိဘူး၊ လင်ယောကျ်ား မရှိဘူး၊ အဖေလည်း ဆုံးသွားပြီ၊ အမေကိုလည်း အရှက်တကွဲဖြစ်အောင် ဂုဏ်သိက္ခာ ကင်းမဲ့အောင် မင်းလုပ်ခဲ့မိတယ်၊ ကိုယ့်ညီမနဲ့ကျတော့လည်း အနေဝေးလွန်းလို့ သွေး ဝေးသလိုဖြစ်နေတယ်။ နောက်ဆုံးမှာတော့ လူစိမ်း သူစိမ်းတွေက ပေးခဲ့တဲ့ငွေတွေနဲ့ ကူညီထောက်ပံ့မှုတွေကို မင်းလက်ဖြန့်ပြီး ခံယူခဲ့ရတဲ့အတွက် မင်းရဲ့မာနနဲ့ ဂုဏ် သိက္ခာတွေဟာ နလံမထူနိုင်လောက်အောင် ကြေမွ ပျက်ပြုန်းသွားရတယ်"တဲ့။

ဒါပေမဲ့ ကျွန်မဟာ သူပြောပြခဲ့သမျှစကားတွေအပေါ်မှာ သဘောမပေါက် ခဲ့ပါဘူး၊ နားလည်း မလည်ခဲ့ပါဘူး၊ အသိတရားလည်း မဝင်ခဲ့ပါဘူး၊ ဒါပေမဲ့ ဒေါက်တာဟက်ဒ်ရဲ့ စကားတစ်ခွန်းကတော့ ကျွန်မရဲ့နှလုံးသားထဲမှာ စွဲငြိနေခဲ့ပါ တယ်။ အဲဒီစကားကတော့ "မင်း တကယ်ချစ်တာ မင့်အမေပဲ မင့်ကို တကယ်ချစ်တာ ကလည်း မင့်အမေပဲ"ဆိုတဲ့စကားပါ. . . ။

□□□

www.burmeseclassic.com

## အခန်း[၂၁]

ကျွန်မရဲ့ ကျန်းမာရေးအခြေအနေဟာ အတော်ကြီးတိုးတက်ကောင်းမွန်လာပါပြီ။ ကျွန်မဆီကို အမေနဲ့အက်ဒ်နာတို့ အလည်လာခွင့်ရခဲ့ပါတယ်။ ကျွန်မက တွေ့ချင်ပါတယ်ဆိုလို့ ကျွန်မရဲ့ညီမအန်းကိုတောင် အလည်လာခွင့်ပြုခဲ့ပါတယ်။ ကျွန်မဆီကို မကြာ မကြာလာတွေ့တဲ့လူကတော့ အမေပါ. . .။

တစ်ရက်မှာတော့ ဒေါက်တာဟက်ဒ်က ကျွန်မကို တစ်ယောက်ထဲ နယူးရောက်ကိုပြန်ခွင့်ပြုခဲ့ပါတယ်။ ကျွန်မရဲ့စိတ်အခြေအနေကို စမ်းသပ်တဲ့အနေနဲ့ လွှတ်တာပါ၊ ဆေးရုံကနေပြီး ကျွန်မဖာသာ ကျွန်မ တစ်ယောက်တည်းထွက်. . .၊ ဘူတာကိုသွား မီးရထားလက်မှတ်ဝယ်. . .၊ ရထားပေါ်တက်. . .။

ရထားပေါ်ကဆင်းတော့ ကျွန်မဟာ တက္ကစီတစ်စီးငှားပြီး အမေ့အခန်းရှိရာကို လာခဲ့ပါတယ်။ နွေဦးပေါက်မို့ နေရောင်ဟာ သာယာနွေးထွေးနေပါတယ်။ ကျွန်မရဲ့နားတွေဟာ လမ်းတွေပေါ်က မော်တော်ကားသံတွေနဲ့ လူသံတွေကို မခံနိုင်ပဲ ဖြစ်နေပါတယ်။ ကျွန်မ မျက်နှာကိုအုပ်ထားချင်တဲ့စိတ်နဲ့ နားတွေကို ပိတ်ထားချင်တဲ့စိတ်ဟာ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်နေပါတယ်။ ကျွန်မရဲ့လက်ထဲမှာ ကိုင်ထားတဲ့ သမ္မာကျမ်းစာထဲက ‘နေ့လည်နေ့ခင်းတွင် ပြေးနေသည့်မျှားကို သင် ကြောက်နေရန်မလိုပါ’ဆိုတဲ့ စာပိုဒ်ကို သတိရတော့မှပဲ စိတ်ကိုဖြေနိုင်ခဲ့ပါတယ်။

www.burmeseclassic.com


လမ်းထောင့်ရောက်လို့ ချိုးဝင်လိုက်တဲ့အခါမှာတော့ ကျွန်မရဲ့ရှေ့တည့်တည့်က ဘွားခနဲပေါ်လာတဲ့ အရက်ဆိုင်ကိုမြင်လိုက်ရပါတယ်။ မျက်နှာကို ကပြာကရာလွှဲလိုက်ပြီး ဆက်လျှောက်လာခဲ့ပါတယ်။ မကြာပါဘူး ဆိုင်လေးငါးဆိုင်လည်း ကျော်မိရော အရက်ဆိုင်တစ်ဆိုင်ကို ထပ်တွေ့ရပြန်ပါတယ်။ အထဲမှာ ဘီယာသောက်နေကြတဲ့ ယောကျ်ားတွေကိုတောင် မြင်နေရပါတယ်။

တကယ်လို့ ကျွန်မအရက်တစ်ခွက်သောက်လိုက်ရင် ဘာဖြစ်မလဲ၊ ကျွန်မဟာ အရက်သမားပါ။ ဒေါက်တာဟက်ဒ်ရဲ့ စကားနဲ့ဆိုရင် 'အရက်စွဲနေသူ'ပါ၊ သူကတော့ ကျွန်မအရက်သောက်ရင် သေမှာပဲလို့ သတိပေးထားပါတယ်။ ဒီလိုဆိုရင် အရက်တစ်ခွက်ကလေးသောက်တာနဲ့ပဲ ချက်ခြင်းလဲကျပြီးသေမှာလား။

ဒါပေမဲ့ သူသတိပေးထားတာတစ်ခု ရှိသေးတယ်။ "မင်း အရက်ထပ်သောက်ရင်သေမယ်၊ မသေရင် ရူးမယ်"တဲ့။ သူ့စကားက ရယ်စရာပဲ၊ ကျွန်မစိတ်တည်တည်ငြိမ်ငြိမ်ဖြစ်နေတာ လေးလတောင်ရှိနေပြီ၊ ဒီအချိန်မှာ အရက်တစ်ခွက်တစ်ဖလားမော့ရုံနဲ့ သေရမတဲ့လား. . .။ ရူးရမတဲ့လား. . .။ "မင့်အတွက်ကတော့ အရက်သောက်တာဟာ သေဆေးသောက်တာပဲ"တဲ့။

ကျွန်မ အမေ့အခန်းရှေ့မှာရပ်ပြီး ဘဲလ်ခလုပ်ကို နှိပ်နေချိန်မှာ ဒေါက်တာဟက်ဒ် ပြောခဲ့တဲ့စကားတွေကို သတိရနေမိပါတယ်. . .။ အမေက အခန်းထဲကထွက်လာပြီး ကျွန်မကို ဝမ်းသာအားရကြိုပါတယ်။ အမေ့အခန်းက အိပ်ခန်းတစ်ခန်းထဲသာရှိတဲ့ အခန်းငယ်ကလေးပါ၊ အခန်းကလေးကိုကြည့်ပြီး ကျွန်မ စိတ်မကောင်းဖြစ်ရပါတယ်။ အမေက ကျွန်မကို နေ့လည်စာကျွေးပါတယ်၊ ငယ်ငယ်တုန်းက ကျွန်မကြိုက်တတ်တဲ့ အစားအစာတွေကို ကပြာကရာချက်ပြုတ်ပြီး ကျွေးတာပါ၊ ညနေကျတော့ အမေကိုယ်တိုင် ကျွန်မကို ဆေးရုံအထိ ပြန်ပို့ပေးခဲ့ပါတယ်။ အမှောင်ထုကြားထဲ တိုးဝင်သွားနေတဲ့ အမေ့ကို ကျွန်မမျှော်ကြည့်ပြီး ကျန်ခဲ့ရပါတယ်။

ဒုတိယတစ်ခေါက်မှာတော့ စနေ၊ တနင်္ဂနွေနှစ်ရက်တိတိ သွားပြီးနေခွင့်ရပါတယ်။ သားအမိနှစ်ယောက် အမေ့သူငယ်ချင်းတွေဆီ အလည်သွားခဲ့ကြပါသေးတယ်။ အခန်းကိုပြန်ရောက်တဲ့အခါမှာတော့ ကျွန်မအနေနဲ့ ကျွန်မတို့သားအမိရဲ့ ရှေ့ရေးကို မတွေးပဲ မနေနိုင်ပါဘူး၊ ကျွန်မ ဆေးရုံကဆင်းလာရင် ကျွန်မတို့သားအမိနှစ်ယောက် ဘာလုပ်ကိုင်စားသောက်ကြမလဲ၊ ကျွန်မတို့မှာ ငွေကလည်းရှိတာမဟုတ်ဘူး။

ကျွန်မဟာ တွေးရင်းတွေးရင်းက ဝမ်းနည်းလွန်းလို့ အမေ့ကိုဖက်ပြီး ငိုမိပါတယ်။ အသက်သုံးဆယ့်လေးနှစ်ရှိနေပြီဖြစ်တဲ့ ကျွန်မဟာ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက လုပ်သလို အမေ့ရင်ခွင်မှာ မျက်နှာအပ်ပြီးငိုမိတာပါ။ အမေကလည်း တကယ့်ကလေးငယ်တစ်ယောက်ကို ချော့သလို ကျွန်မကို တယုတယချော့ခဲ့ပါတယ်။

အဲဒီညက ကျွန်မ ဆေးရုံကိုပြန်တော့ တစ်ယောက်ထဲပါ။ မှောင်ကလည်း မှောင်နေပါပြီ။ ရထားပေါ် မရောက်မချင်း တစ်လမ်းလုံး တထိတ်ထိတ်နဲ့ လျှောက်လာခဲ့ရတာပါ။ ကျွန်မ ဘေးနားကပ်ပြီး လိုက်လာတဲ့ယောကျ်ားတစ်ယောက်က ကျွန်မကို လှမ်းပြီးနှုတ်ဆက်ပါတယ်။ ကျွန်မ ဘာမှပြန်မပြောပဲ ကိုယ့်လမ်းကိုယ်သာ

www.burmeseclassic.com



ဂရုစိုက်ပြီး လျှောက်လာခဲ့ပါတယ်။

၇

"မင်း အပြင်ကိုပြန်ရောက်သွားတဲ့အခါမှာ သီချင်းပြန်ဆိုမယ်လို့ စိတ်ကူးထားသလား"

တစ်ရက်မှာ ဒေါက်တာဟက်ဒ်က ကျွန်မကိုမေးလိုက်တဲ့ မေးခွန်းပါ။ ကျွန်မကလည်း ချက်ခြင်းပဲ ပြန်ဖြေလိုက်ပါတယ်၊ "ကျွန်မလို အရက်သမားတစ်ယောက်ဆိုတဲ့ သီချင်းကို ဘယ်သူတွေ နားထောင်ချင်မှာလဲ"လို့။

ဒေါက်တာဟက်ဒ်က ကျွန်မကို မနှစ်မြို့တဲ့ မျက်နှာထားနဲ့ ကြည့်နေပါတယ်။ "မင်းကိုယ်မင်း အဲသလိုတွေးတာမျိုးကို ရပ်လိုက်တော့"တဲ့ "မင်း အရက်မသောက်တာ ငါးလတောင်ကျော်သွားပြီ. . . မင်းသိရဲ့လား"တဲ့။

ကျွန်မက ခေါင်းညိတ်ပြပါတယ်။ ဒေါက်တာဟက်ဒ်ဟာ တော်တော်ကြာအောင် ငြိမ်ဆိတ်နေပါတယ်၊ တစ်စုံတစ်ခုကို အလေးအနက်ထားပြီး စဉ်းစားနေတာပါ။ နောက်ဆုံးမှာတော့ ကျွန်မကို တစ်ချက်လှမ်းကြည့်ပြီး မေးခွန်းတစ်ခု ထပ်မေးပါတယ်။

"မင်း နောက်တစ်ကြိမ် အောင်မြင်ကျော်ကြားလာနိုင်သေးတယ်ဆိုတာ မင့်ကိုယ်မင်း အကဲမဖြတ်နိုင်ဘူးလား"တဲ့။ ပြီးတော့ တစ်ဆက်တည်း ဆက်ပြောပါတယ်။

"မင်း ဒီတစ်ခါအိမ်ပြန်ရင် အတီးသမားတစ်ယောက်ကိုရှာပြီး သီချင်းဆိုကြည့်ပါလား။ လောလောဆယ် ဒီမှာလဲ သီချင်းအဆိုလေ့ကျင့်ပေါ့၊ ဒီအလုပ်ဟာ မင့်အတွက် ထွက်ပေါက်တစ်ခုဖြစ်လာနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် မင့်အမေကတော့ ဝမ်းသာမှာသေချာတယ်"တဲ့။

ကျွန်မ ဆေးရုံက ဒီတစ်ခေါက်ပြန်သွားတဲ့အခါမှာ ကျွန်မ အတီးသမားတစ်ယောက်နဲ့ အဆိုလေ့ကျင့်နိုင်အောင် အမေက စီစဉ်ပေးပါတယ်၊ ကျွန်မနဲ့တွဲရတဲ့ အမျိုးသမီးဟာ ဟိုတစ်ချိန်က ကျွန်မနဲ့တွဲခဲ့ဘူးတဲ့ ဟယ်လင်စတီဗင်ပါ၊ ဟယ်လင်က ကျွန်မအပေါ်မှာ သနားကြင်နာမှုကို ပြရှာပါတယ်။ သူက ကျွန်မဆိုဖို့အတွက် အလွန်နာမည်ကြီးပြီး ခေတ်စားနေတဲ့သီချင်းတွေကိုလည်း ရွေးပေးခဲ့ပါတယ်။

ကျွန်မ အဆိုလေ့ကျင့်ပြီးတဲ့အခါမှာ ပိုက်ဆံအိတ်ထဲက အမေထည့်ပေးထားတဲ့ ဆယ်ဒေါ်လာတန်ငွေစက္ကူကို ထုတ်ပြီး ဟယ်လင့်ကို ပေးပါတယ်၊ သူက မယူပါဘူး၊ "ဟိုအရင်တုန်းက မင်းကိုယ့်ကို အမြဲတန်းငွေတွေ ပိုပိုပေးခဲ့တာ မှတ်မိတယ်မဟုတ်လား၊ အခုအချိန်မှာ မင့်ဆီက ကိုယ်တစ်ပြားမှမလိုချင်ဘူး လီလီ"လို့ ပြောပါတယ်၊ ကျွန်မတို့သားအမိရဲ့ အခြေအနေကို ဟယ်လင်ကောင်းကောင်းသိနေတယ် ဆိုတာ ထင်ရှားပါတယ်။

အမေ့အနေနဲ့ ဟယ်လင်ကို ဘယ်လောက်အထိများ ပြောထားပါလိမ့်။

❒

www.burmeseclassic.com



ရုတ်တရက်ချက်ခြင်းပဲ ခြောက်လကုန်သွားပါတယ်။ ဒေါက်တာဟက်ဒ်က ကျွန်မကို နှုတ်ဆက်စကားပြောတဲ့အခါမှာ ကျွန်မအတွက် မှာစရာရှိတာတွေကို အထူးအလေးအနက်ထားပြီး မှာပါတယ်။

"မင်းအပြင်ရောက်တာနဲ့ တစ်ပြိုင်နက် အလုပ်တစ်ခုကို မြန်မြန်ရအောင် ရှာပြီးလုပ်ပါ။ မင့်စိတ်ကို ထိခိုက်အောင်လုပ်မဲ့လူတွေနဲ့ အခြေအနေတွေကို လွတ်အောင်ရှောင်ပါ၊ မင်း ဒီမှာနေသွားရတဲ့ ခြောက်လထက် အပြင်မှာနေရမဲ့ ပထမ ခြောက်လက ပိုပြီးခက်ခဲကြမ်းတမ်းလိမ့်မယ်၊ အပြင်လောကဟာ ဆေးရုံထဲက လောကထက် ပိုပြီးရှုပ်ထွေးတယ်။ အပြင်ကလူတွေအနေနဲ့ မင်းမှာဘာတွေဖြစ်ခဲ့တယ်ဆိုတာ သိချင်မှလည်းသိကြမှာ၊ သိတယ်ဆိုဦးတော့ မင့်အပေါ်မှာ ကိုယ်ချင်းစာတရားနဲ့ ဆက်ဆံကြလိမ့်မယ်လို့ မျှော်လင့်လို့မရဘူး။

"ပြီးတော့ မင့်အနေနဲ့ စိတ်ထိခိုက်စရာတွေနဲ့ကြုံလာရင် အရက်သောက်ချင်စိတ်ပေါ်လာလိမ့်မယ်၊ ဒါမှမဟုတ်ရင်လည်း မင့်ကို အရက်သောက်ဖို့ဖိတ်ခေါ်တဲ့လူတွေနဲ့လည်း တွေ့ချင်တွေ့နေလိမ့်မယ်၊ တစ်ချိန်လုံး အရက်ဟာ မင်းနဲ့လက်တစ်ကမ်းမှာရှိနေမှာ..၊ ဒါတွေကြိုသိပြီး ခံနိုင်ရည်ရှိအောင် မင်းကိုယ်မင်း ကြိုတင်ပြင်ဆင်ထားရမယ်"တဲ့။

ပြီးတော့ ကျွန်မကို အိပ်ဆေးတစ်ပုလင်း ပေးပါတယ်၊ အပြင်ရောက်သွားတဲ့ ပထမညတွေမှာ လိုအပ်ရင်သောက်ပါတဲ့။ အမြဲတစေ အိပ်ဆေးသောက်ပြီး အိပ်တဲ့အကျင့်ဖြစ်သွားအောင်တော့ မလုပ်ပါနဲ့တဲ့။ သူနဲ့လည်း အဆက်မဖြတ်ပါနဲ့တဲ့။ အခက်အခဲရှိလာရင် သူကူညီနိုင်လိမ့်မယ်တဲ့။ ပြီးတော့ သူက ကျွန်မကို ထပ်ပြီး သတိပေးပါတယ် "မင့်အဖို့တော့ အရက်သောက်ရင်သေမှာပဲ"တဲ့။

ကျွန်မ လွတ်လပ်သွားပါပြီ။

ကကက

www.burmeseclassic.com

## အခန်း[၂၂]

ကျွန်မ ဆေးရုံတက်စဉ်အခါက အလွန်သိုသိုသိပ်သိပ်ပဲ လုပ်ခဲ့ကြတဲ့အတွက် ကျွန်မအကြောင်းကို ဘယ်သတင်းစာကမှ မရေးခဲ့ကြပါဘူး၊ အခု ကျွန်မ ဆေးရုံက ဆင်းတော့လည်း သတင်းစာတွေထဲမှာ ဘာသတင်းမှမပါခဲ့ပါဘူး၊ ကျွန်မ အပြင် လောကတွင်းကို ပြန်ဝင်လာချိန်မှာ ကျွန်မအမေဟာ ကျွန်မရဲ့ညီမရှိရာ လောင်းအိုင်း လန်ဘက်မှာ ရောက်နေပါတယ်။

အက်ဒ်နာကတော့ ခရီးထွက်နေပါတယ်။ ဒ့ါကြောင့်လည်း သူ့အခန်းမှာ ကျွန်မ နေခွင့်ရခဲ့ပါတယ်။ ကျွန်မမှာ နေစရာအတွက်မပူရပေမယ့် လက်ထဲမှာငွေက တော့ မရှိပါဘူး၊ ကျွန်မ ဆေးရုံတက်နေတုန်းက တစ်လကိုဒေါ်လာခြောက်ရာနဲ့ ခုနှစ်ရာကြားလောက် ကုန်ကျခံခဲ့ရတာပါ၊ ဒီငွေကို အက်ဒ်နာ၊ မင်နာနဲ့အန်နာရဲ့ ယောက်ျားမစ်လ်တန်မာတင်တို့ စုဆောင်းစိုက်ထုတ်ပြီး အကုန်အကျခံထားခဲ့တာပါ။ အဲဒီငွေတွေကို ကျွန်မ ပြန်ဆပ်ချင်ပါတယ်။ ကျွန်မ ဘယ်လိုဆပ်ရမလဲ။

ဒါပေမဲ့ အခုဆေးရုံကဆင်းလာတော့ ကျွန်မလက်ထဲမှာ ကိုယ်ပိုင်ဆိုလို့ သမ္မာကျမ်းစာတစ်အုပ်၊ အိပ်ဆေးတစ်ပုလင်းနဲ့ ငွေသားနှစ်ဒေါ်လာနဲ့ဆင့်ငါးဆယ်ပဲ ရှိပါတယ်၊ ကျွန်မ ဘာလုပ်ရင်ကောင်းမလဲ. . .။ ကျွန်မ အမေ့ကိုဖုန်းဆက်ခေါ်ပြီး

www.burmeseclassic.com



BURMESE CLASSIC .com

တိုင်ပင်တော့ အမေက ကျွန်မရဲ့မိတ်ဆွေဟောင်း မစ်လ်တန်ဘာလီနဲ့တွေ့ဖို့ အကြံပေးပါတယ်၊ မစ်လ်တန်ဟာ အဆိုတော်တွေကို စင်တင်ရာမှာ နာမည်တစ်လုံးနဲ့နေတဲ့လူပါ၊ ပြီးတော့ သူဟာ ကျွန်မရဲ့အဖြစ်ကိုလည်း နားလည်နေတဲ့လူပါ။

သူက ကျွန်မကို အားပေးစကားပြောပါတယ်။ "အနုပညာသည်တစ်ယောက်အဖို့ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ အနုပညာသည်ဟာ အနုပညာသည်ပါပဲ မိန်းကလေးရယ်၊ အားငယ်စရာမရှိပါဘူး။ မင်း နောက်တစ်ကြိမ် စင်ပေါ်မှာနာမည်ကြီးလာဦးမှာပါ။ ဟယ်လင်စတီဗင်နဲ့ အဆိုလေ့ကျင့်တာကို ဆက်လုပ်ပါ၊ သီချင်းရေးဆရာ ဘော်ဘီကရိုးဆီသွားပြီး မင့်အတွက်သင့်တော်မဲ့သီချင်းတွေကိုလည်း ရေးခိုင်းပါ"လို့ ပြောပါတယ်။ ကျွန်မကိုကြည့်ပြီး ရယ်ပါတယ် "မင်းက လယ်သူမတစ်ယောက်နဲ့ တူနေတာကို"လို့လည်း မှတ်ချက်ချပါတယ်၊ "မင့်ကြည့်ရတာ အဝတ်အစားနည်းနည်းပါးပါးဝယ်ဖို့ လိုလိမ့်မယ်ထင်တယ်"လို့လည်း ပြောပါတယ်။

မစ်လ်တန်ဟာ ကျွန်မတို့နဲ့ရင်းနှီးသူပါ၊ ဒါပေမဲ့ သူ့ဆီက ငွေကြေး အကူအညီတောင်းဖို့ကျတော့ ကျွန်မ ပြောမထွက်ပါဘူး၊ ဒါကြောင့်မို့ ကျွန်မဟာ ကျွန်မရဲ့ ခင်ပွန်းဟောင်းတရားသူကြီးဘင်ဆီ ဖုန်းဆက်ပြီး လူချင်းတွေ့ဖို့ မေတ္တာရပ်ခံခဲ့ပါ တယ်၊ သူ့အသံက သိပ်ပြီးဟက်ဟက်ပက်ပက် မရှိပေမယ့် နောက်တစ်ရက် ဆိုင်တစ် ဆိုင်မှာ ဆုံမယ်လို့ ချိန်းပါတယ်။

ဘင်က အဝတ်အစားနွမ်းနွမ်းဖတ်ဖတ်နဲ့ ဆိုင်ထဲဝင်လာတဲ့ ကျွန်မကို ကြည့်ပြီး ရယ်ပါတယ်။ "မင်းက လယ်သူမတစ်ယောက်နဲ့တူနေတယ်"လို့လည်း မှတ်ချက်ချပါတယ်။ "မင်းကြည့်ရတာ အဝတ်အစားတော့ နည်းနည်းပါးပါးဝယ်ရမှာ သေချာနေပြီ"တဲ့။

ကျွန်မအနေနဲ့ ရှေ့မျက်နှာနောက်ထားပြီး အကူအညီတောင်းရပါတယ်။ "လီလီ အလုပ်တစ်ခုမရခင်ကလေးမှာ တစ်ပတ်ကိုဒေါ်လာနှစ်ဆယ့်ငါးဒေါ်လာလောက် ကူညီသွားစေချင်တယ်. . . ဘင်ရယ်"လို့ ပြောပါတယ်။

သူက ချက်ခြင်းအဖြေမပေးသေးပဲ စဉ်းစားနေပါတယ်၊ အချိန်တော်တော်ကလေးကြာတော့မှ "အေးလေ. . . အခုလောလောဆယ်တော့ ငွေနှစ်ဆယ့်ငါးဒေါ်လာပေးလိုက်မယ်၊ ငါ့မှာလည်း အကုန်အကျတွေသိပ်များတယ်"လို့ပြောပြီး ဒေါ်လာတစ်ဆယ်တန်နှစ်ရွက်နဲ့ ငါးဒေါ်လာတန်တစ်ရွက်ထုတ်ပေးပါတယ်။ ကျွန်မဘဝမှာ အခုလို သူတစ်ပါးဆီက ငွေတောင်းတာမျိုး တစ်ခါမှမလုပ်ခဲ့ဘူးပါဘူး၊ ကျွန်မမှာ မာန်မာနနဲ့ ဂုဏ်သိက္ခာဆိုတာ လုံးဝမရှိတော့ပါကလား။

အဲဒီနေ့က ဘင်နဲ့တွေ့အပြီးမှာ သီချင်းရေးဆရာဆီဝင်ပါတယ်၊ အဲဒီမှာ ကျွန်မနဲ့သိတဲ့ လူနှစ်ယောက်နဲ့ဆုံမိပါတယ်၊ တစ်ယောက်က ကျွန်မကိုမြင်တော့ မျက်နှာလွှဲသွားပါတယ်။ ဟိုတစ်ယောက်ကတော့ "ဘာလဲ. . . မင်းက အဆိုတော်ပြန်လုပ်ဦးမလို့လား. . .၊ ဖြစ်နိုင်မှလုပ်ပါဟာ၊ လူရယ်စရာဖြစ်နေပါဦးမယ်"လို့ လှောင်လားပြောင်လားလုပ်ပါတယ်။

ကျွန်မ ဘာမှပြန်မပြောပဲ ထွက်လာခဲ့ပါတယ်၊ လမ်းမှာသတင်းစာတစ်စောင်ဝယ်ပြီး ဖတ်လိုက်တော့ "အဆိုတော်ဟောင်း အရက်သမားတစ်ယောက်အား

www.burmeseclassic.com



မစ်လ်တန်ဘာလီက စင်ပေါ်ပြန်တင်ရန် ကြိုးပမ်းနေပြီ”ဆိုတဲ့ သတင်းကို တွေ့ရပါတယ်။ ဒီအတိုင်းဆိုရင် ကျွန်မအကြောင်းကို အားလုံးကသိကြတော့မှာပါလား. . .။ ကျွန်မကို ကြည့်ဖူး မြင်ဖူးနေတဲ့ပရိသတ်ကို ကျွန်မ ဘယ်လိုရင်ဆိုင်မလဲ. . .။

ကျွန်မ ဘတ်စ်ကားစီးပြီး အခန်းကိုပြန်လာခဲ့ပါတယ်။ ကျွန်မရဲ့ပတ်ဝန်းကျင်ဟာ ကျွန်မအတွက် အားတက်စရာမရှိတော့ပါလား. . .။ ကျွန်မရင်ထဲမှာ ကြေကွဲဝမ်းနည်းတဲ့စိတ်၊ ယူကြုံးမရဖြစ်တဲ့စိတ်နဲ့ မခံချင်စိတ်တွေဟာ လှိုင်းထနေပါတယ်။ဘတ်စ်ကားဂိတ်ကနေ အခန်းကိုပြန်အလာမှာ မျက်နှာချင်းဆိုင်က အရက်ဆိုင်ထဲဝင်ပြီး ဘရန်ဒီတစ်လုံးဝယ်လိုက်ပါတယ်။

ဒါဟာ ဘဝဟောင်းကိုပြန်သွားဘို့ စတာပါပဲ။

❒

နောက်နေ့မနက် အိပ်ရာကနိုးတော့ ကျွန်မ လုပ်ခဲ့မိတဲ့အလုပ်ကို ပြန်သတိရပြီး ထိတ်လန့်ကြောက်ရွံ့စိတ်တွေ ဝင်လာပါတယ်။ ဒါပေမဲ့ အချိန်တန်လာတော့ ရှိတဲ့ငွေနဲ့အရက်သွားဝယ်ပြီး သောက်မိပြန်တာပါပဲ။ ကျွန်မ အရက်မသောက်မိအောင် ဘယ်လိုလုပ်ရမလဲ. . .။ အမေ့ကိုခေါ်ထားရမလား. . .။ မင်နာကို ခေါ်ထားရမလား. . .။ ကျွန်မကို ချစ်လှချီရဲ့လို့ ပြောခဲ့တဲ့ယောကျ်ားတွေ ဘယ်ရောက်ကုန်ကြပြီလဲ. . .။

“တကယ်တော့ ဒီပြဿနာကို ဘယ်သူစတာလဲ. . .။ နင်စခဲ့တာမဟုတ်လား လီလီ၊ ဒါဆိုရင် နင်က ဘယ်သူ့ကိုများ အပြစ်တင်ချင်သေးသလဲ၊ အပြစ်တင်ရမဲ့သူက နင်ပဲ။ တရားခံကနင်. . . နင်. . . နင်ပဲ”

ကျွန်မ အရက်ပြန်သောက်တာကို အမေကရော မင်နာကရော မိတ်ဆွေတွေကပါ နည်းအမျိုးမျိုးနဲ့ တားမြစ်ပိတ်ပင်ကြပါတယ်။ မရပါဘူး၊ ဒါပေမဲ့ တစ်ခါတလေမှာတော့ ကိုယ့်အဖြစ်ကိုယ်တွေး တွေးပြီး သိပ်ကြောက်လာပါတယ်။ အရက်ကို မသောက်ပဲနေချင်တဲ့စိတ်ကလည်း သိပ်ကိုပြင်းထန်လာပါတယ်။ အဲသလိုအခါမျိုးဆိုရင် ကျွန်မဟာ ငိုလိုက် ရယ်လိုက်၊ ဒေါသဖြစ်လိုက်နဲ့ ကိုယ့်ကိုယ်ကို အစိုးမရတော့ပါဘူး။

တစ်ရက်မှာတော့ ကျွန်မဟာ အရက်ကိုမသောက်ဘူးလို့ ဆုံးဖြတ်ပြီး အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပါတယ်။ မရပါဘူး၊ ကျွန်မကိုယ် ကျွန်မ ဒေါသဖြစ်လွန်းလို့ လက်သီးနဲ့ထိုးလိုက် ထုလိုက်လုပ်မိပါတယ်။ နံရံကိုလည်း လက်သီးနဲ့ အဆက်မပြတ် ထိုးမိထုမိပါတယ်။

“မသောက်နဲ့၊ အရက်ကို နင်လုံးဝမသောက်နဲ့တော့၊ အခုအချိန်ကစပြီး တစ်ခါတည်း ယတိပြတ်ရပ်လိုက်”လို့လည်း ကျွန်မကိုယ်ကျွန်မ ပြောမိပါတယ်။ ကိုယ့်ကိုယ်ကိုလည်း ခွင့်လွှတ်လို့မရပြန်ပါဘူး။

ကျွန်မ ဒေါက်တာဟက်ဒ်ဆီ ဖုန်းဆက်ပါတယ်၊ ကျွန်မကို အမြန်ဆုံးလာပြီး ကူညီပါဦးလို့ အသနားခံပါတယ်၊ ဒေါက်တာဟက်ဒ်က ဒီနေ့ဟာတနင်္ဂနွေနေ့

www.burmeseclassic.com



BURMESE CLASSIC .com

ဖြစ်နေတယ်၊ ဒီတစ်ညတော့ အိပ်ဆေးသောက်အိပ်ပါ၊ အင်္ဂါနေ့ကျမှ လာတွေ့ပါလို့ ပြောပါတယ်။

ကျွန်မ ဘာလုပ်ရမလဲ. . .။

ကျွန်မ ပြတင်းပေါက်ဆီကို သွားပြီးငုံ့ကြည့်လိုက်ပါတယ်၊ နည်းနည်းနောနော မြင့်တာ မဟုတ်ပါဘူး၊ အထပ်ပေါင်း ဆယ့်တစ်ထပ်ရှိပါတယ်၊ ကျွန်မ ခုန်ချလိုက်ရရင် ကောင်းမလား. . . အပြင်ကို ထိုးထွက်နေတဲ့ သုံးထပ်က အဆွယ်လေးကို လှမ်းမြင်နေရပါတယ်၊ ကျွန်မရင်ထဲမှာ အေးခနဲဖြစ်သွားပါတယ်၊ အောက်ဖက်လမ်းပေါ် အထိ မကျပဲ အဲဒီအဆင့်ကလေးပေါ် တင်နေရင် ဘယ်လိုလုပ်မလဲ. . .။ အဲဒါဆို ရင် ကျွန်မသေချင်မှသေမှာ. .၊ မျက်နှာမှာ ဒဏ်ရာတွေရပြီး ရုပ်အဆင်းပျက်မယ်၊ အရိုးတွေကျိုးပြီး မစွမ်းမသန်ဖြစ်သွားမယ်ဆိုရင် ငါ့ဘဝဟာ ပိုပြီးဆိုးမသွားပေဘူး လား. . .။

အဲသလိုဖြစ်သွားရင် လူတွေက ဘာပြောမလဲ. . .။ နောက်ဆုံးတစ်နေ့ သေသွားပြီဆိုရင်ကော၊ သူတို့ ဘယ်လိုပြောကြမလဲ. . .။ "လီလီယံရှော့သ်တစ်ယောက် ဘယ်လိုဖြစ်တာလဲ. . .၊ ကြောက်စရာပါလား. . .၊ တော်လည်းတော်ရဲ့ သားနဲ့ ဖြစ်မှဖြစ်ရလေ"လို့ ပြောတဲ့လူက ပြောပေမယ့်၊ တစ်ချို့ကတော့ "ဟာ ဒီကောင်မ. . .၊ သေတာပဲအေးတယ်၊ အကျင့်ကလည်း မကောင်း၊ အရက်ကလည်း သိပ်သောက်တဲ့ကောင်မ"လို့ ပြောကြမှာပါ။

ကျွန်မ အဲသလိုတော့ အပြောမခံနိုင်ပါဘူး၊ ကျွန်မ အဲသလိုဖြစ်တာမျိုးကို လည်း သူတို့ မမြင်စေချင်ပါဘူး၊ ကျွန်မ ခုန်မချတော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီတုန်းမှာပဲ 'မာတီမန်း'ဆိုတဲ့ နာမည်ဟာ ကျွန်မရဲ့ဦးနှောက်ထဲကို ဖြတ်ခနဲဝင် လာပါတယ်။

ကျွန်မ ဆေးရုံတက်နေတုန်းက တနင်္ဂနွေတစ်ရက်မှာ ပထမဆုံးအကြိမ် 'နယူးရောက်တိုင်းမ်သတင်းစာ'ဖတ်ခွင့်ရခဲ့ပါတယ်။ အဲဒီတုန်းက သတင်းစာထဲမှာ 'အရက်လွန်ရောဂါဆိုင်ရာသုတေသနအဖွဲ့ညွှန်ကြားရေးမှူး မစ္စက်မာတီမန်း'ရဲ့ ဆောင်းပါးကို ဖတ်ခဲ့ရပါတယ်၊ မာတီမန်းဟာ အရက်သမားဘဝနဲ့ ဆေးရုံတက်လိုက်၊ ပြန်ဆင်းလိုက်၊ အရက်ပြန်သောက်လိုက် ဆေးရုံပြန်တက်လိုက်နဲ့ ဘဝသံသရာလည် နေသူပါ၊ နောက်ဆုံးမှာတော့ သူဟာ 'အမည်မသိအရက်သမားများအဖွဲ့'ရဲ့ ကူညီမှုကြောင့် အရက်ပြတ်သွားခဲ့ရပါတယ်။ အဲဒီဇာတ်ကြောင်းကို အခြေခံပြီးရေးထားတဲ့ ဆောင်းပါးပါ။

ကျွန်မအဖို့တော့ ကောက်ရိုးလေးတစ်မျှင်ပါ၊ ရရာမိရာကိုပဲ ဆွဲရတော့မှာပါ၊ ကျွန်မ ကပြာကရာရေမိုးချိုးပြီး အဝတ်အစားလဲပါတယ်။ အချိန်က ဆယ့်နှစ်နာရီ ထိုးလုနီးနေပါပြီ၊ ကျွန်မ အိပ်ခန်းထဲက ထွက်လာတဲ့အခါမှာ နေရောင်ခြည်ဟာ ကျွန်မရဲ့အိပ်ရာပေါ်ကို ဖြာဆင်းနေပါတယ်. . .။

□□□

www.burmeseclassic.com

## အခန်း[၂၃]

ကျွန်မဟာ အမည်မသိအရက်သမားများအဖွဲ့ချုပ်ရှေ့မှာ ရပ်နေပါတယ်။ ရုံးအဆောက်အဦက လေးဆယ့်တစ်လမ်းပေါ်က ဘုရားရှိခိုးကျောင်းအဟောင်းကြီးပါ။ ဆယ်လမ်းနဲ့လည်း သိပ်မဝေးပါဘူး၊ ကျွန်မ ငယ်စဉ်တောင်ကြေးကလေးဘဝက နေခဲ့တဲ့ရပ်ကွက်နဲ့ဆိုရင် သုံးလေးငါးလမ်းပဲ ခြားပါတယ်။

ကျွန်မ ချီတုံချတုံဖြစ်နေမိပါတယ်။ သူတို့က ငါ့ကို အရက်ပြတ်အောင် ဝိုင်းပြီးဆုတောင်းပေးကြမှာလား. . .၊ ဒါမှမဟုတ်. . .ပုံမှန်သောက်တတ်အောင် သင်ပေးမှာလား. . .။

ကျွန်မ ရုံးခန်းထဲရောက်သွားတော့ အသက်ခြောက်ဆယ်အရွယ် လူဝဝ တစ်ယောက်နဲ့ တွေ့ပါတယ်၊ “ဟယ်လို၊ မင့်အတွက် တို့က ဘာကူညီရမလဲ”လို့ သူကမေးပါတယ်။

“ကျွန်မ သူငယ်ချင်းမလေးတစ်ယောက်ဟာ အရက်သိပ်သောက်ပါတယ်၊ တိုက်ခန်းပြတင်းပေါက်ကတောင် ခုန်ချမလိုလုပ်ခဲ့ပါတယ်၊ သူ့ကို ကျွန်မ ကူညီချင်လို့ လာပြီးစုံစမ်းတာပါ”

သူကထရပ်ပြီး ကျွန်မကို စိုက်ကြည့်ပါတယ်၊ “မင်းမှာကော ပြဿနာရှိနေတယ်မဟုတ်လား၊ ငါတို့အနေနဲ့ မင့်ပြဿနာကို အရင်ဆုံးစဉ်းစားတာ သဘာဝကျမယ်ထင်တယ်”တဲ့၊ “မင့်နာမည် ဘယ်သူလဲ”တဲ့။

www.burmeseclassic.com


ကျွန်မ စိတ်တိုသွားပါတယ်၊ "ရှင်တို့ဆီမှာ နာမည်မပေးပဲ ထားလို့ရတယ် မဟုတ်လား"လို့ ပြန်မေးပါတယ်၊ တစ်ဆက်တည်းပဲ "ကျွန်မနာမည် လီလီယံရော့သ်" လို့ ပြောလိုက်ပါတယ်။

"အဲဟုတ်ပြီ. . . လီလီယံ၊ လာ. . . အပေါ်ထပ်ကို ခဏလိုက်ခဲ့၊ တို့နဲ့ ကော်ဖီသောက်ကြရအောင်"

ကျွန်မ လိုက်သွားပါတယ်၊ အပေါ်ထပ်ရောက်တော့ သစ်သားစားပွဲတွေနဲ့ ခုံတန်းလျားတွေမှာ ထိုင်ပြီးကော်ဖီသောက်နေရင်း စကားပြောနေကြတဲ့လူတွေကို တွေ့ရပါတယ်။

"ထိုင်နေတဲ့ လူတွေအားလုံးဟာ တစ်ချိန်က အရက်သမားတွေချည်းပဲ"လို့ ကျွန်မကိုခေါ်လာတဲ့ လူကြီးက ပြောပါတယ်၊ သူ့အသံက အကျယ်ကြီးပါ။ ထိုင်နေတဲ့လူတွေအားလုံး ကြားပါတယ်။ "သူတို့အားလုံး သူတို့ရဲ့အရက်ပြဿနာကို ပြေလည်အောင်ကြိုးစားထားတဲ့ လူတွေချည်းပဲ၊ အခုဆိုရင် သူတို့အားလုံးပျော်နေကြတယ်၊ မင်းလည်း တစ်နေ့ကျရင် ပျော်ရမှာပေါ့"

မကြာခင်မှာပဲ ကျွန်မဟာ စားပွဲတစ်လုံးမှာ ဝင်ထိုင်ပြီး ကျွန်မအကြောင်းကို ပြောပြနေမိပါတယ်၊ အရက်ကြောင့် ယူကျုံးမရဖြစ်လောက်အောင် ပျက်စီးခဲ့ရတဲ့ ကျွန်မရဲ့ဘဝအကြောင်းပါ။ အခန်းထဲမှာ တစ်ယောက်တည်းနေပြီး အရက်ကိုသာ သောက်နေမိတဲ့အတွက် နောက်ဆုံးမှာ ကျွန်မကိုယ်ကျွန်မ သတ်သေဖို့အထိ ကြံစည်အားထုတ်မိခဲ့တဲ့အကြောင်းလည်းပါပါတယ်။

"ငါလည်း မင်းလိုပဲ၊ ငါ့ကိုယ်ငါ သတ်သေဖို့လုပ်ခဲ့ဘူးတယ်"လို့ လူတစ်ယောက်က ဝင်ပြောပါတယ်။

"အရက်သမားတိုင်းမှာ ဒီအဖြစ်မျိုးနဲ့ကြုံရတာချည်းပါပဲ၊ အဆန်းမဟုတ်ပါဘူး"လို့ နောက်တစ်ဦးကက ဝင်ပြောပါတယ်။

ကျွန်မ သူတို့ပြောတာတွေကို နားထောင်ရင်း စိတ်ရှုပ်လာပါတယ်။ ဒီလူတွေ ငါ့ကို ဘာအကူအညီမှ ပေးနိုင်မယ်မထင်ပါဘူး၊ ပြန်တာပဲကောင်းပါတယ်လို့ ကျွန်မ တွေးမိပါတယ်။ ကျွန်မ ပြန်မလို့လဲလုပ်ရော အမျိုးသမီးတစ်ယောက်က "မပြန်ပါနဲ့ဦး လီလီယံရယ်"လို့ တားပါတယ်၊ ပြီးတော့ မင်းမှာပြောစရာတွေရှိရင် ပြောသာပြောပါ၊ မရှက်ပါနဲ့ တို့အဖို့ ဒါမျိုးတွေကရိုးနေပါပြီ၊ တို့အားလုံး တစ်ယောက်ကိုတစ်ယောက် ပွင့်ပွင့်လင်းလင်းပြောကြတယ်၊ ဒါမှလည်း တို့အချင်းချင်း တစ်ယောက်ကိုတစ် ယောက် ကူညီနိုင်မယ်မဟုတ်လား"တဲ့။

သူပြောတာ ဟုတ်တယ်လို့ ကျွန်မ တွေးမိပါတယ်၊ ချက်ချင်းပဲ ကျွန်မ အိတ်ထဲက အရက်ပုလင်းတစ်လုံးနဲ့ အိပ်ဆေးပုလင်းကို စားပွဲပေါ် ချပြလိုက်ပါတယ်။ "ဒီပစ္စည်းနှစ်ခုကို ကျွန်မသွားလေရာ ယူသွားနေရတာ၊ အခု ရှင်တို့လက်ထဲအပ်လိုက်တော့မယ်"လို့ ကျွန်မက ပြောပါတယ်။ တစ်ယောက်က ပစ္စည်းတွေကိုသိမ်းသွားပါတယ်။

"မင်းလုပ်တာသိပ်ကောင်းတယ်။ ဒါဟာ အရက်ဖြတ်ချင်တဲ့လူတစ်ယောက်ရဲ့ အလားအလာကောင်းတဲ့ ပဏာမအဆင့်ပဲ။ မင့်ကိုယ်မင်း အပ်လိုက်တဲ့ သဘောပေါ့"

www.burmeseclassic.com


လို့ အမျိုးသားတစ်ယောက်က ပြောပါတယ်။

ကျွန်မဟာ စကားတွေအများကြီး ပြောမိပါတယ်၊ အရက်တစ်ခွက်မှ မသောက်ရဘဲနဲ့ နာရီပေါင်းများစွာ ကုန်သွားခဲ့ပါတယ်။ ကျွန်မပြန်မှဖြစ်တော့မယ်လို့ ပြောပြီး မတ်တပ်ရပ်လိုက်တော့ ယောကျ်ားနှစ်ယောက်က "မင်း ဘယ်သွားမှာလဲ" လို့ မေးပါတယ်၊ "ကျွန်မ အိမ်ပြန်မယ်"လို့ ဖြေလိုက်တော့ တစ်ယောက်က "တို့ မင်းကို အိမ်ပြန်လိုက်ပို့ပေးမယ်"လို့ ပြောပါတယ်။

ကျွန်မက အတန်တန်ငြင်းပေမယ့် မရပါဘူး။ "တို့မှာကားရှိတယ်။ မင်းကို လိုက်ပို့ရင် တို့နှစ်ယောက်တည်း မဟုတ်ပါဘူး။ အမျိုးသမီးတစ်ယောက်လည်းပါမှာပါ။ သူက မင်းတို့ရပ်ကွက်ထဲမှာနေတယ်"လို့ တစ်ယောက်ကပြောပါတယ်။

ကျွန်မ ငြင်းရမှာ အားနာလာပါတယ်။ အပြင်ရောက်တော့ သူတို့က ၀၀ တုတ်တုတ် မိန်းမတစ်ယောက်နဲ့ မိတ်ဆက်ပေးပါတယ်။ အမျိုးသမီးက မျက်နှာ ဝိုင်းဝိုင်းနဲ့ သဘောကောင်းမယ့်လက္ခဏာ ရှိပါတယ်၊ ကျွန်မနဲ့အတူ တွဲထွက်လာတဲ့ ယောကျ်ားနှစ်ယောက်ထဲက မျက်မှန်နဲ့လူက သူ့နာမည် ဂျူလီယာလို့ခေါ်တယ်။ ကျုပ်ကတော့ ဂျွန်၊ ဒီလူကတော့ လာရီလို့ မိတ်ဆက်ပေးပါတယ်။

၈

ကျွန်မရဲ့အခန်းရှေ့ရောက်လို့ ကားပေါ်ကဆင်းတော့ ကျွန်မက ကျေးဇူးတင်စကားပြောပါတယ်၊ ဂျွန်က သူဖုန်းဆက်ချင်လို့ ကျွန်မအခန်းထိ ခဏလိုက်ပါရစေလို့ ဆိုပါတယ်၊ "ဒုက္ခပါပဲ၊ ဘယ်လိုလူစားတွေပါလိမ့်"လို့ ကျွန်မ တွေးလိုက်မိပေမယ့် မငြင်းသာတဲ့အတွက် ခေါင်းညိတ်ခဲ့ရပါတယ်။

အခန်းထဲ ရောက်တဲ့အခါမှာတော့ သူတို့အားလုံးဟာ ချက်ခြင်းပြန်သွားမဲ့ လက္ခဏာမရှိပါဘူး၊ ကျွန်မမှာတော့ အရက်သောက်ချင်လွန်းလို့ ချွေးတွေနဲ့ ရွှဲနေပါပြီ။ လည်ချောင်းကခြောက်၊ နှာခေါင်းကပိတ်နဲ့ နေရတာ မသက်သာလှပါဘူး၊ ခဏနေတော့ ဂျူလီယာက ကျွန်မကို နှုတ်ဆက်ပြီး ပြန်သွားပါတယ်။ ဂျွန်နဲ့လာရီတို့ကတော့ သူတို့အရက်သမားဘဝက ကြုံခဲ့ရတဲ့အဖြစ်တွေကို ပြောမဆုံးပေါင်တောသုံးတောင် ဖြစ်နေကြပါတယ်။

မကြာခင်မှာပဲ တံခါးခေါက်သံကြားရလို့ ထဖွင့်ပေးလိုက်တော့ သူတို့မိတ်ဆွေနှစ်ယောက် ဝင်လာပါတယ်။ တစ်ယောက်က အမျိုးသမီးပါ။ အားလုံးလေးယောက်ဖြစ်သွားပါပြီ၊ သူတို့ကတော့ စကားတွေအဆက်မပြတ် ပြောနေဆဲပါ. . ။ ကျွန်မမှာကတော့ အရက်သောက်ချင်တာကတစ်မျိုး သူတို့ကို ဘယ်လိုမောင်းထုတ်ရရင် ကောင်းမလဲလို့ စဉ်းစားနေရတာကတစ်ဖုံ ဖြစ်ပြီး ဗျာများနေရပါတယ်။

သူတို့ကတော့ တရင်းတနှီးပဲ၊ မီးဖိုခန်းထဲဝင်ပြီး ကော်ဖီတွေ ဖျော်ကြပါတယ်။ ကျွန်မကို ကော်ဖီတစ်ခွက်တိုက်ပါတယ်၊ သူတို့လည်း သောက်ပါတယ်။ စကားပြောတာကဖြင့် အမျှင်မပြတ်ပါဘူး၊ တစ်ခါတလေ ကျွန်မဟာ အိပ်ပျော်သလို ဖြစ်ဖြစ်သွားပါတယ်။ ဖြတ်ခနဲလန့်နိုးလာလို့ ကြည့်လိုက်ရင် သူတို့မအိပ်ကြသေးပါဘူး။

www.burmeseclassic.com


နောက်ဆုံးကျတော့ ဂျွန်က သူ့လက်ပတ်နာရီကိုကြည့်ပြီး "သုံးနာရီထိုးသွားပြီ"လို့ ပြောပါတယ်၊ လေးယောက်စလုံး ထိုင်နေရာက ထရပ်လိုက်ကြပါတယ်၊ ကျွန်မအဖို့ကတော့ မျှော်လင့်ချက်မရှိတော့ပါဘူး၊ ဒီအချိန်ဆိုရင် အရက်ဆိုင်အားလုံး ပိတ်ကုန်ပါပြီ၊ ကျွန်မ ဘယ်မှာသွားဝယ်ရပါ့မလဲ. . .။ ဒီညအဖို့ အိမ်မှာဝှက်ထားတဲ့ မဖြစ်စလောက်လက်ကျန်အရက်ကလေးက အာသာတောင်မပြေနိုင်ပါဘူး။

"မင်းလဲ ပင်ပန်းလှပြီ၊ အခုလောက်ဆိုရင် မင်းအိပ်ပျော်သွားမှာပါ"လို့ ဂျွန်က ပြောပါတယ်။ ပြီးတော့ ကျွန်မကို အားလုံးကနှုတ်ဆက်ပြီး ပြန်သွားကြပါတယ်၊ ကျွန်မ မီးဖိုချောင်ထဲဝင်ပြေးပြီး လက်ကျန်အရက်ပုလင်းကို ထုတ်ပါတယ်။ ကျွန်မ မသောက်ရဲပါဘူး၊ တကယ်လို့ ညအချိန်မတော်ကျရင် တစ်ခုခုဖြစ်လာရင် ကျွန်မမှာ နောက်ထပ်သောက်စရာရှိတော့မှာ မဟုတ်ပါဘူး၊ အရေးကြုံမှသောက်ဖို့ ချန်ထားမှ ဖြစ်မယ်လို့ ဆုံးဖြတ်ပြီး ပြန်သိမ်းထားလိုက်ပါတယ်။

ကျွန်မ အိပ်ရာဝင်တော့ ရုတ်တရက်အိပ်မပျော်ပါဘူး၊ ဟိုလူတွေအကြောင်းပဲ တွေးနေမိပါတယ်။ ဘာလိုလိုနဲ့ ဒီနေ့နေ့လည် နှစ်နာရီထိုးကစပြီး အခုအချိန်ထိ ကျွန်မ အရက်သောက်ခဲ့တာ တစ်ခွက်ပဲရှိပါသေးကလား. . .၊ ကျွန်မအံ့သြနေမိပါတယ်။

မနက်အရုဏ်မတက်ခင်မှာ ကျွန်မ အိပ်ရာကနိုးပါတယ်။ ကပြာကရာ အဝတ်အစားလဲပြီး နာရီကိုပဲ မျက်ခြည်မပြတ်ကြည့်နေမိပါတယ်။ ကိုးနာရီထိုးရင် အရက်ဆိုင်တွေ ဖွင့်ကြတော့မယ်။ အိမ်ကလက်ကျန်ကလေးကို ဒီအတိုင်းထားပြီး ဆိုင်မှာသွားသောက်မယ်လို့ ကျွန်မ စိတ်ကူးထားတယ် မဟုတ်လား. . .။

ဒါပေမဲ့ ရှစ်နာရီခွဲမှာ ဂျွန်က တယ်လီဖုန်းဆက်တယ်၊ "ဒီနေ့ နေလို့ကောင်းရဲ့လား. . .။ နည်းနည်းများဆိုးလေသလား. . . ငါလာကြည့်ချင်တယ်"လို့ ပြောပါတယ်။ တစ်ကိုယ်လုံးတုန်ယင်ပြီး အပြင်းအထန်ဝေဒနာခံစားနေရတဲ့ ကျွန်မဟာ မငြင်းနိုင်ဖြစ်ရပြန်ပါတယ်။

သူရောက်လာတော့ ဒီနေ့အဖို့ တာဝန်တစ်ခုလုပ်ရဦးမယ်လို့ပြောပြီး ကျွန်မကို လမ်းလျှောက်ဖို့ အတင်းခေါ်ထုတ်သွားပါတယ်။ လမ်းရောက်တော့ စားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ပြီး လိမ္မော်ရည် ဖွတ်တိုက်ပါတယ်။ လွန်ခဲ့တဲ့နှစ်ရက်သုံးရက်က အစာစားရဲ့လား၊ ဘာတွေစားခဲ့သလဲလို့လည်း မေးပါတယ်။ ကျွန်မ မှတ်မိသလောက်ကတော့ ဘာအစားမှ ဟုတ်ဟုတ်ညားညား မစားခဲ့ပါဘူး၊ တစ်ချိန်လုံး အရက်ပဲသောက်ခဲ့တာပါ။

အခုသူကခိုင်းလို့ လိမ္မော်ရည်သောက်တော့ ပထမနဲ့ဒုတိယနှစ်ကြိမ်မှာ အန်ထွက်ကုန်ပါတယ်။ တတိယအကြိမ်ကျတော့ အန်လား အော့လားမဖြစ်တော့ပါဘူး၊ ကျွန်မရဲ့အခြေအနေ တည်ငြိမ်မှုရှိလာတာကိုလည်းမြင်ရော ကျွန်မကို အတင်းခေါ် ပြီး လမ်းလျှောက်ထွက်ခဲ့ပါတယ်။

ကျွန်မက အရက်မသောက်ပဲ မနေနိုင်တော့လို့ တစ်ခွက်လောက်ပဲဖြစ်ဖြစ် သောက်ပါရစေလို့ တောင်းပန်တော့ သူက နာရီဝက်လောက်အောင့်လိုက်ပါဦး၊ သောက်ရမှာပေါ့လို့ ပြောပါတယ်။ နာရီဝက်အချိန်ကုန်သွားတော့လည်း အရက်

www.burmeseclassic.com


မသောက်ရသေးပါဘူး၊ သူခေါ်ရာနောက်ကိုပဲ တကောက်ကောက်လိုက်နေရပါတယ်။ တစ်နာရီတောင်ကျော်သွားပြီရှင် ကျွန်မကို အရက်မတိုက်သေးဘူးလား၊ တစ်ခွက်လောက်ပဲဖြစ်ဖြစ် တိုက်ပါရှင်၊ ကျွန်မကို မညှင်းဆဲပါနဲ့တော့လို့ ငိုယိုပြီးပြောမိပါတယ်။

နောက်ထပ် မိနစ်နှစ်ဆယ်လောက် စောင့်လိုက်ဦး သောက်ရမှာပေါ့တဲ့၊ မိနစ်နှစ်ဆယ်လည်းလွန်ရော ကျွန်မတို့ဟာ သူတို့အသင်းရဲ့ရုံးခန်းထဲ ရောက်နေပါပြီ၊ ကျွန်မကို ကော်ဖီပူပူတိုက်ပါတယ်၊ စကားတွေပြောလိုက် ကော်ဖီသောက်လိုက်နဲ့ပဲ အချိန်ကုန်သွားပါတယ်။

ညကျတော့လည်း ဂျူလီယာက တစ်ညလုံး ကျွန်မနဲ့အတူ လာထိုင်နေပါတယ်။ နောက်တစ်နေ့ကျတော့ အရင်နေ့မနက်ကလိုပါပဲ၊ ဂွန်နဲ့အဖွဲ့ရောက်လာပြီး ကျွန်မကို လမ်းလျှောက်ခိုင်းကြပြန်ပါတယ်၊ ပြီးတော့ စကားတွေပြောကြ၊ ကော်ဖီပူပူတွေတိုက်ကြနဲ့ အချိန်ကုန်ခဲ့ပါတယ်၊ အရင်ရက်တွေနဲ့စာရင် ကျွန်မဟာ သူတို့ပြောတဲ့စကားတွေကို ကြားလာပါတယ်။ နားလည်လာပါတယ်။ စိတ်လည်းဝင်စားလာပါတယ်။ ကော်ဖီကိုလည်း မအော့မအန်ပဲ သောက်လာနိုင်ပါတယ်။ ဒါပေမဲ့ အရက်ကြောင့်ခံစားနေရတဲ့ ဝေဒနာတွေနဲ့ သောက်ချင်စိတ်ကတော့ ရှိနေဆဲပါ။

လေးရက်မြောက်နေ့မှာတော့ ကျွန်မမှာ မိတ်ဆွေသစ်တွေ တိုးလာခဲ့ပြန်ပါတယ်။ အဲဒီညမှာတော့ အသင်းတိုက်က အိမ်အပြန်မှာ ထုံးစံအတိုင်း ဂွန်နဲ့ဂျူလီယာတို့က ကျွန်မကို လိုက်ပို့ကြပါတယ်။ လမ်းမှာ ဂွန်က "လီလီယံ သတိထားမိရဲ့လား၊ ငါတို့ မင့်အနားကမခွာပဲ ဝိုင်းဝန်းကူညီခဲ့ကြတဲ့အတွက် မင်းဟာ အရက်မသောက်ပဲနေတာ ခုနှစ်ဆယ့်နှစ်နာရီရှိသွားပြီ၊ ဒါဟာ ဘာကိုပြနေတာလဲဆိုရင် အရက်ဟာ မင့်သွေးထဲက ထွက်သွားပြီဆိုတာ ပြနေတဲ့သဘောပဲ။ ဒါပေမဲ့ မင့်စိတ်ကတော့ အခုချိန်အထိ အရက်ကိုသောက်ချင်နေတုန်းပဲ၊ အဲဒါကိုတော့ မင့်အတွေးထဲက ရုတ်တရက် ဖျောက်ပစ်လို့ရမှာ မဟုတ်သေးဘူး၊ မင့်အနေနဲ့ အချိန်တော်တော်ကြာအထိတော့ ကိုယ်ကာယပိုင်းမှာ အရက်မမူးတော့ပေမယ့် စိတ်ပိုင်းမှာတော့ အရက်ကို တောင့်တနေတုန်း မူးနေတုန်းပဲလို့ မှတ်ထားရမယ်။

"တကယ်တော့ ဒီကိစ္စဟာမလွယ်ဘူး၊ မင်းအနေနဲ့ အခုပုံအတိုင်း ဆက်သွားချင်တယ်ဆိုရင် ငါတို့က ဆက်ပြီးကူညီသွားချင်တယ်၊ တစ်ခုရှိတာက အခုချိန်ကစပြီး မင်းဟာ မင်းခြေထောက်ပေါ်မှာ ရပ်တည်သွားနိုင်အောင် လုပ်ရတော့မယ်" လို့ သေသေချာချာရှင်းပြပါတယ်။

ကျွန်မကလည်း ဆက်ပြီးကူညီဖို့ သူတို့ကို မေတ္တာရပ်ခံပါတယ်။ "ကျွန်မမှာ တစ်ကိုယ်လုံး တုန်တုန်နေတုန်းပဲ၊ အဲဒါက ဒီတစ်သက်ပျောက်ပါဦးမလား"လို့ လည်း ကျွန်မက မေးပါတယ်။

အဲဒီအတွက်ကတော့ နောက်တစ်ရက်မှာ ဆေးခန်းကိုလိုက်ပို့ပြီး အားဆေးထိုးပေးမယ်လို့ သူတို့ကပြောပါတယ်၊ "အရေးကြီးတာက အခုချိန်ကစပြီး မင့် ဖာသာမင်း တာဝန်ယူရတော့မယ်"လို့ ဂွန်က ထပ်ပြီးသတိပေးပါတယ်။ အရေးကြုံလာရင် သူတို့ကိုခေါ်ဖို့ ဖုန်းနံပါတ်တွေလည်း ပေးသွားပါတယ်။

www.burmeseclassic.com



သူတို့ပြန်သွားကြပါပြီ။

ကျွန်မ မီးဖိုခန်းထဲဝင်သွားပြီး ဟိုတစ်နေ့ကတည်းက ချန်ထားတဲ့အရက်ပုလင်းကိုယူပါတယ်၊ ပြီးတော့ တစ်စက်မှမကျန်အောင် သွန်ပစ်လိုက်ပါတယ်။

□

အခုတော့ဖြင့် ကျွန်မဟာ အမည်မသိအရက်သမားများအသင်းနဲ့ပဲ အချိန်ကုန်နေခဲ့ပါတယ်၊ ကျွန်မ အမေနဲ့တောင် အဆက်အသွယ်ပြတ်နေပါတယ်။ ကျွန်မ အနေနဲ့ သဘောအကျဆုံးကတော့ ကျွန်မအကြောင်းကို နည်းနိုင်သမျှ နည်းနည်းပဲ စဉ်းစားပြီး သူတစ်ပါးအကြောင်းကို များများစဉ်းစားရမယ်ဆိုတဲ့ အချက်ပါ။

အသင်းအစည်းအဝေးတွေမှာဆိုရင် ကျွန်မတို့လိုက်နာကျင့်သုံးရမဲ့ စာတန်းကပ်ပြားကလေးတွေ ဝေလေ့ရှိပါတယ်။ ကပ်ပြားကလေးတစ်ခုမှာ *"ဒီနေ့တစ်ရက် . . . ဘယ်သူ့ကိုမှ ရှုံ့ရင်းကြမ်းတမ်းတဲ့စကား မပြောပါနဲ့"*တဲ့၊ နောက်တစ်ခုကျတော့ *"ဒီနေ့တော့ တခြားလူတစ်ယောက်ကို ကူညီဖို့ကြိုးစားပါ"*တဲ့။ *"ဒီနေ့တစ်ရက်မှာတော့ ဘာတွေနဲ့ပဲတွေ့တွေ့ ဗီဇိဆန္ဒနဲ့ချိန်ထိုးပြီး မစဉ်းစားပါနဲ့ ဖြစ်လာသမျှ အဆင်ပြေ အောင် နေသွားပါ"*တဲ့။

ကျွန်မဟာ အဲဒီညွှန်ကြားချက်ကလေးတွေအတိုင်း အစွမ်းကုန်လိုက်နာကျင့်သုံးခဲ့ပါတယ်။ ဥပမာဆိုပါတော့ ကျွန်မ ဘိုးဂါးရီးလမ်းထဲက လျှောက်သွားနေတုန်း လမ်းဘေးတစ်နေရာမှာ အိပ်နေတဲ့အရက်သမားတစ်ယောက်ကို တွေ့တယ်ဆိုပါတော့ ကျွန်မအိပ်ထဲမှာ ရှိနေတဲ့ခုနှစ်ဆယ့်ငါးဆင့်ထဲက ဆင့်လေးဆယ် သူ့ကိုပေးခဲ့ပါတယ်။

တစ်ကြိမ်မှာတော့ ကျွန်မတို့ဟာ ကိုယ့်အကြောင်းကိုယ် ပြောပြရပါတယ်၊ ကျွန်မလည်း ကျွန်မအကြောင်းကို အဖြစ်မှန်အတိုင်းပြောပြခဲ့ပါတယ်၊ ကျွန်မပြောပြီးလို့ ပြန်အထိုင်မှာ ကျွန်မဆီကို မိန်းကလေးတစ်ယောက်ရောက်လာပါတယ်၊ "ရှင့်စကားကြားရတာ ကျွန်မ သိပ်ကိုအားတက်သွားပါတယ်၊ ကျွန်မဖြစ်နေတာဟာ ရှင်ဖြစ်ခဲ့သလိုပါပဲ။ ကျွန်မ ရှင့်ကိုကြည့်ပြီး 'သူတောင်လုပ်နိုင်ရင် ငါလည်း လုပ်နိုင်ရမှာပေါ့'လို့ တွေးမိပါတယ်"လို့ ပြောပါတယ်။

သူ့စကားကြားတော့ ကျွန်မ သိပ်ကိုဝမ်းသာပါတယ်။ ကျွန်မရင်ထဲမှာ သိပ်ပြီးချမ်းမြေ့ခဲ့ရပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ ကျွန်မလိုဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်မကူညီနိုင်ခဲ့ပြီ မဟုတ်လား။

□

သူငယ်ချင်းတစ်ယောက်ဆီကို ကျွန်မ စာရေးခဲ့ပါတယ်။ အခုလိုပြန်ဖြစ်လာဖို့ဆိုတာ မလွယ်ပါဘူး။ အခုကျတော့လည်း လီလီအနေနဲ့ ကမ္ဘာကြီးရဲ့အလှကို ခံစားလို့ရလာပါပြီ။ နေရဲ့အလင်းရောင်ကိုလည်း ကြည့်နိုင်လာပြီး ကြည်လင်တောက်

www.burmeseclassic.com


ပနေတဲ့ မိုးကောင်းကင်ကိုလည်း မျက်နှာချင်းဆိုင်ဝံ့ပြီ။

"လီလီဟာ တစ်ချိန်က အခန်းထဲမှာနေရင် ခန်းစီးတွေကိုပိတ်ထားရပါတယ်။ အပြင်ထွက်ရင် နေကာမျက်မှန်မတပ်လို့ မရဘူး။ ငှက်သံကလေးတွေကို ကြားရင် တောင်မှ စိတ်တိုတယ်။ အရက်သမားအားလုံးဟာ နေရဲ့အလင်းရောင်ကို ကြောက်ကြတယ်။ မိုးမချုပ်မခြင်း အပြင်ကိုမထွက်ရဲဘူး။

"အရက်ဝေဒနာစွဲကပ်သွားတဲ့ လူတစ်ယောက်ဟာ ဝက်စာကျင်းထဲက ဝက်တစ်ကောင်ရဲ့ဘဝနဲ့ မခြားပါဘူး။ သူဟာ အမှောင်ထဲမှာပဲနေပြီး အကန်းတစ်ယောက်လို ကျင့်သုံးနေရတဲ့ တိရစ္ဆာန်တစ်ကောင်နဲ့ အတူတူပါဘဲ။ အခုတော့ဖြင့် လီလီဟာ လောကကြီးရဲ့အရသာကို ခံစားနေနိုင်ပါပြီ။ လီလီဟာ စိတ်သစ်နဲ့ပြန်လည် မွေးဖွားလာတဲ့ လူသားတစ်ယောက်ဖြစ်နေပါပြီ"

⊓⊓⌐

www.burmeseclassic.com

## အခန်း[၂၄]

ကျွန်မအမေက ကျွန်မစကားကို မယုံပါဘူး။ ကျွန်မ အသင်းဝင်ဖြစ်လာတာ သီတင်းခြောက်ပတ်ရှိခဲ့ပါပြီ။ "ငါ့သမီး အရက်မသောက်တော့ဘူးဆိုတာ တကယ်ပဲလား"လို့ ကျွန်မကို မယုံသင်္ကာဖြစ်နေတဲ့ မျက်နှာထားနဲ့ကြည့်ပြီး မေးပါတယ်။ "ယုံပါ အမေရယ်။ သမီး တကယ်မသောက်တော့ပါဘူး"လို့ ကျွန်မက ပြန်ပြောပါတယ်။

"ဒီလိုဆိုရင်တော့ အမေယုံပြီသမီး"လို့ ပြောပေမယ့် အမေ့မျက်နှာက သံသယအရိပ်အငွေ့တွေ ဖေါ်ပြနေဆဲပါ၊ အမေဟာ အန်းဆီမှာ ဆက်ပြီးနေရပေမယ့် သူ့လက်ထဲမှာ ငွေကလေးအတော်အသင့် စုဆောင်းမိတာနဲ့တစ်ပြိုင်နက် ကျွန်မဆီရောက်လာပြီး ငွေပေးလေ့ရှိပါတယ်။ ကျွန်မအပေါ်မှာ စေတနာထားခဲ့တဲ့ အက်ဒ်နာနဲ့မင်နာတို့ကလည်း ကျွန်မ အရက်ပြန်သောက်မှာကို စိုးရိမ်နေကြဆဲပါ။

တစ်ရက်မွန်းလွဲပိုင်းမှာ ကျွန်မဟာ အသင်းရဲ့ကလပ်အခန်းထဲမှာ ထိုင်နေပါတယ်။ မနီးမဝေးက စားပွဲမှာတော့ ဆံပင်ရွှေရောင်နဲ့လူငယ်တစ်ယောက် ထိုင်နေပါတယ်။ တစ်ယောက်ထဲထိုင်ပြီး ကော်ဖီသောက်နေတာပါ၊ သူ့အသက်ဟာ အသက်သုံးဆယ်ထက်မကျော်သေးဘူးလို့ ကျွန်မ ခန့်မှန်းနေမိပါတယ်၊ အဲဒီတုန်းမှာပဲ သူနဲ့ ကျွန်မ အကြည့်ချင်းဆုံမိကြတော့ ကျွန်မက ပြုံးပြလိုက်မိပါတယ် သူဟာ ချက်ခြင်းထလာပြီး ကျွန်မစားပွဲကို ရောက်လာပါတယ်။

www.burmeseclassic.com


သူက သူ့ကိုယ်သူ မိတ်ဆက်ပါတယ်။ သူ့နာမည်က ဘတ်မက်ဂူရီ တဲ့၊ သူ ကျွန်မကို စတွေ့ကတည်းက စကားပြောချင်နေတာတဲ့၊ ကျွန်မအနားမှာ ဝိုင်းနေတဲ့ လူတွေက များလွန်းလို့ သူအနားကိုရောက်မလာတာပါတဲ့။

ဘတ်ဟာ လူချောလူလှတစ်ယောက်ပါ၊ မျက်လုံးကပြာပြာနဲ့ အမူအရာက အေးဆေးတည်ငြိမ်ပါတယ်၊ သူနဲ့ကျွန်မ ကိုယ့်အကြောင်း သူ့အကြောင်းပြောမိရာက အစ လူချင်းရင်းနှီးလာခဲ့ပါတယ်။ သူနဲ့ကျွန်မဟာ ဘဝတူတွေပါ၊ အဲဒီနေ့က "ဒီည ကျွန်တော်တို့နှစ်ယောက် အပျင်းပြေရုပ်ရှင်သွားကြည့်ကြရင် မကောင်းဘူးလား"လို့ သူကပြောလိုက်တော့ ကျွန်မစိတ်ထဲမှာ ကျောင်းသူလေးတစ်ယောက်ဘဝတုန်းကလို ခံစားခဲ့ရပါတယ်။

အဲဒီညက ကျွန်မတို့ ရုပ်ရှင်တစ်ပွဲကြည့်ကြပါတယ်၊ ဆိုင်တစ်ဆိုင်မှာ ဟမ်ဘာဂါဝင်စားကြပါတယ်။ သူက ကျွန်မကို အခန်းထိပြန်ပို့ပေးတဲ့အပြင် အခန်းထဲမှာ ခဏတဖြုတ်ထိုင်ပြီး စကားပြောသွားပါသေးတယ်၊ နောက်တစ်နေ့ အသင်းတိုက်ကို ရောက်တော့ သူရောက်မလာသေးခင်မှာ ဂွန်ရောက်လာပါတယ်။

"ငါ မင်းကိုရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်အနေနဲ့ သတိပေးရလိမ့်မယ်။ ဘတ်မက်ဂူရီရဲ့ နောက်ခံအကြောင်းကို မင်းသိထားဖို့လိုမယ်ထင်တယ်၊ သူဟာ လူချမ်းသာဆွေကြီးမျိုးကြီးထဲက လာတာ၊ အရက်ပြဿနာကြောင့်သာ ဒီကိုရောက်လာတာ၊ သူတို့က မင့်ကို ဘယ်နည်းနဲ့မှ သူတို့အသိုင်းအဝိုင်းထဲကို အဝင်ခံမယ်မထင်ဘူး"လို့ ဂွန်က ပြောပါတယ်။

ကျွန်မနားလည်ပါတယ်၊ ကျွန်မကြုံနေရတဲ့အဖြစ်က နတ်သမီးပုံပြင်လေးတစ်ပုဒ်နဲ့ တူလာမဲ့လက္ခဏာ ရှိနေပါတယ်။ ဘတ်မက်ဂူရီအကြောင်းကို ကျွန်မသတင်းစာထဲမှာ ဖတ်ခဲ့ဘူးပါတယ်။ သူဟာ အင်မတန်ချမ်းသာတဲ့ မိန်းမလှတွေကြားမှာ အတော့်ကိုရေပန်းစားခဲ့တဲ့ လူငယ်တစ်ယောက်ပါ၊ သူဟာ အရက်ကြောင့် မိသားစုက ခေတ္တခဏ ပယ်ထားခံနေရတဲ့ လူတစ်ယောက်ပါ၊ သူက ကျွန်မအပေါ်မှာ ဘယ်လိုမြင်မလဲ. . .၊ ဘယ်လိုသဘောထားမလဲ. . .၊ ဒါကတော့ ရှင်းပါတယ်၊ ဘဝတူချင်းမို့ ကူညီသင့်တဲ့လူတစ်ယောက်အဖြစ်ထက် ပိုပြီးမြင်မှာတဲ့လား။

မကြာခင်မှာပဲ ဘတ်ရောက်လာပါတယ်။ ကျွန်မကို နှုတ်ဆက်ပါတယ်။ "နေကောင်းရဲ့လား. . . လမ်းလျှောက်ချင်သေးလား" စသည်ဖြင့်မေးပါတယ်။ ပြီးတော့ ကျွန်မရဲ့အနာဂတ်ခရီးအတွက် သူနဲ့တိုင်ပင်ချင်သလားတဲ့။ ကျွန်မက ဘာမှ တိုင်ပင်စရာမရှိဘူးလို့ပဲ ပြောလိုက်ပါတယ်။ ကျွန်မ သူ့အနားမှာထိုင်မနေတော့ပဲ အသာအယာပဲထလာခဲ့ပါတယ်။

ဒါပေမဲ့ သူ ကျွန်မနောက်ကို လိုက်လာပါတယ်။ "ဘဝတူချင်းမို့ ကျွန်တော် ခင်ဗျားကို ကူညီချင်တယ်။ ကူညီခွင့်ပြုပါ"လို့ သူကပြောပါတယ်။ ကျွန်မကလည်း "အချင်းချင်းကူညီစောင့်ရှောက်ဖို့ ဒီအသင်းကိုဝင်လာကြတာပဲ၊ အချင်းချင်းကူညီကြရမှာပေါ့"လို့ ပြန်ပြောလိုက်ပါတယ်။ သူက "ခင်ဗျား နေ့တိုင်းအိပ်ဆေးတွေ သောက်နေရတယ် မဟုတ်လား"လို့ မေးပါတယ်။

"ရှင် ဘယ်လိုလုပ်သိသလဲ"

www.burmeseclassic.com



"ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ရတာပဲ၊ ခင်ဗျား အိပ်ဆေးတွေကို ဆက်သောက်နေရင် တစ်နေ့ကျရင် အရက်ကိုပြန်သောက်မိလိမ့်မယ်၊ အိပ်မပျော်ဘူးဆိုပြီး အိပ်ဆေးတွေဆက်သောက်နေရင် အရက်အစား မူးယစ်ဆေးဝါးတစ်ခုခုကို သုံးတာနဲ့ အတူတူပဲ"

သူဟာ ကျွန်မကို ချိုသာတဲ့မျက်နှာထားနဲ့ ကြည့်နေပါတယ်။ ချော့မော့ပြီး နားချနေတဲ့အနေအထားပါ။ "ဒီလိုဆို ကျွန်မ ဘယ်လိုလုပ်ရမလဲ။ ညညကျရင် ကျွန်မ လုံးဝအိပ်မပျော်ဘူး"လို့ ကျွန်မက ပြန်ပြောတယ်။ သူက"ကျွန်တော့်ကို ယုံကြည်ပါ။ တကယ်လို့ ခင်ဗျားခွင့်ပြုမယ်ဆိုရင် ခင်ဗျားအခန်းမှာ ကျွန်တော် လာစောင့်ပေးပါ့မယ်၊ ခင်ဗျားအိပ်ပျော်တဲ့အထိ ကျွန်တော်စကားပြောနေပါမယ်"လို့ ပြန်ပြောပါတယ်။ ကျွန်မက ဖြတ်ခနဲမော့ကြည့်လိုက်တော့ "တစ်လွဲတစ်ချော်တွေ မတွေးပါ နဲ့"လို့ ပြန်ပြောပါတယ်။

အဲဒီနေ့ကစပြီး ဘတ်ဟာ ညတိုင်း ကျွန်မအခန်းမှာ လာထိုင်ပြီးစကားပြောနေလေ့ရှိပါတယ်။ သူပြောထားတဲ့အတိုင်းပါဘဲ၊ ဆန်းဆန်းပြားပြားအပြုအမူကို မတွေ့ရပါဘူး။ ကျွန်မအပေါ်မှာ ကြင်နာသနားတဲ့ အရိပ်ယောင်တွေကို မြင်တွေ့ရပါတယ်။ သူ့အကြောင်းကိုလည်း ကျွန်မ တစ်စွန်းတစ်စသိလာရပါတယ်။ သူတို့မျိုးရိုးက လူချမ်းသာတွေပါ။ ဘာသာရေးကို အလွန်ကိုင်းရှိုင်းတဲ့ ကက်သလစ်ဘာသာဝင်တွေပါ။ သူ့အဖိုးဟာ နိုင်ငံခြားသာသနာပြုလုပ်ငန်းအတွက် ပညာသင်ကျောင်း ဆောက်လုပ်ရာမှာ ငွေအများအပြားလှူဒါန်းခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်လို့ သိရပါတယ်။

❐

"လီလီယံအနေနဲ့ အရင်လုပ်ငန်းကို ပြန်လုပ်သင့်တယ်လို့ ကျွန်တော်ထင်တယ်။ ခင်ဗျားအနေနဲ့ ဒီကိစ္စမှာအကူအညီပေးနိုင်တဲ့ မစ်လ်တန်ဘာလီဆီကို နောက်ထပ် ဘာပြုလို့ သွားမတွေ့တာလဲ၊ ကျွန်တော်ကတော့ သွားတွေ့သင့်တယ်လို့ ထင်တယ်။"

၁၉၄၆ခုနှစ်၊ ဩဂုတ်လထဲမှာ ဘတ်ဟာ ဆောက်သင်ပတန်ကို ပြန်သွားပါတယ်။ သူ့မိဘတွေနဲ့ တစ်လလောက်နေဖို့ ပြန်သွားတာပါ။ သူမသွားခင်မှာ ကျွန်မကို အဲဒီစကားကိုပြောသွားပါတယ်။ ဒီအချိန်မှာ ကျွန်မဟာ အရက်လုံးဝပြတ်သွားတာ သီတင်းရှစ်ပတ် ရှိခဲ့ပါပြီ။

ကျွန်မဟာ ဘတ်ပေးသွားတဲ့အကြံအတိုင်း လိုက်နာခဲ့ပါတယ်၊ ကျွန်မဟာ မစ်လ်တန်ကိုသွားတွေ့တဲ့နေ့မှာ ဂျွန်ကို အဖော်ခေါ်သွားရပါတယ်။ ကျွန်မကိုယ် ကျွန်မ ယုံကြည်စိတ်ချမှုနည်းနေသေးလို့ပါ။ တကယ်လို့ သွားရင်းလာရင်း ဖောက် လာခဲ့ရင် နီးရာအရက်ဆိုင်ဝင်ပြီး အရက်သောက်မိမှာ သိပ်ကြောက်နေပါတယ်။ ဂျွန်ကတော့ အောက်ထပ်ကနေပြီး စောင့်နေရှာပါတယ်။

မစ်လ်တန်ဟာ မိတ်ဆွေကောင်းတစ်ယောက်ပါ။ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို ကိုယ်ချင်းစာတရားထားပြီး ကူညီတတ်တဲ့လူပါ။ အဲဒီနေ့က ဒေါ်လာ

www.burmeseclassic.com



BURMESE CLASSIC .com

တစ်ရာနှုန်းနဲ့ သီချင်းဆိုရမယ့်အလုပ်တစ်ခု ရလာခဲ့ပါတယ်။ ဟော်တယ်တစ်ခုမှာ ဆိုရမှာပါ။ ကျွန်မအနေနဲ့ အောက်ခြေကပဲ ပြန်စရမယ်မဟုတ်လား. . .။ ဒါပေမဲ့ ခက်တာက ကျွန်မမှာ အဝတ်အစားမရှိပါဘူး။ ဝယ်ဖို့ကလည်း ငွေမရှိပါဘူး။ ကံ ကောင်းချင်တော့ ကျွန်မ လူမှုရေးလုပ်နေတဲ့အချိန်က ခင်မင်ခဲ့ဘူးတဲ့ ဖလော့ရင့်စ် လပ်စ်တစ်နဲ့ ဆုံမိပါတယ်။ သူက အဝတ်အစားရောင်းတဲ့ ဆိုင်ပိုင်ရှင်တစ်ဦးပါ၊ သူက ကျွန်မနဲ့သင့်တော်မယ့် ဒေါ်လာတစ်ရာ့ငါးဆယ်တန် ဝတ်စုံတစ်စုံကို ဒေါ်လာ သုံးဆယ်နဲ့ ရောင်းပေးခဲ့ပါတယ်။ ဖိနပ်ဝယ်ဖို့ကျတော့ အမေက ပေးပါတယ်။

ပွဲဝင်ရမယ့်ညမှာ ကျွန်မဟာ ဇာတ်စင်ရဲ့ဘေးတစ်ဖက်မှာ ရပ်နေပါတယ်။ ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံးတုန်နေပါတယ်။ ဂျွန်ရဲ့လက်ကို ကိုင်ထားရပါတယ်။ ကျွန်မ ထွက်ပြီးဖျော်ဖြေနေခိုက်မှာ ဂျွန်က ဇာတ်စင်ဘေးက ကျွန်မ မမြင်နိုင်တဲ့နေရာမှာ ရပ်ပြီးစောင့်နေမှာပါ။

ပဏ္ဍမတီးသံမှုတ်သံတွေကို ကြားနေရပါပြီ။ မကြာခင် အခမ်းအနားမှူးရဲ့ ကြေငြာသံကိုကြားရပါတယ်။ "ရွှေပွဲလာပရိသတ်များခင်ဗျာ. . . ပရိသတ်များအနေနဲ့ သူ့ကိုမမေ့ကြသေးဘူးလို့ ထင်ပါတယ်။ နာမည်ကျော်အဆိုတော်ရုပ်ရှင်မင်းသမီး ဖြစ်ခဲ့တဲ့ လီလီယံရော့သ်ပါခင်ဗျား"

ကျွန်မ ပရိသတ်ရှေ့မှောက်ကို နောက်တစ်ကြိမ်ရောက်ခဲ့ရပြန်ပါပြီ။ ပရိသတ်ထဲမှာရှိနေတဲ့ အမျိုးသား၊ အမျိုးသမီးတိုင်းဟာ ကျွန်မရဲ့ဇာတ်လမ်းကို သိကြပါတယ်။ ကျွန်မဆိုတဲ့သီချင်းဟာ 'မင်း ဘယ်တော့မှတစ်ယောက်ထဲ မလျှောက်ရတော့ပါဘူး'ဆိုတဲ့ သီချင်းပါ။ ဒီစကားလုံးတွေဟာ ဘတ် ပြောခဲ့တဲ့စကားလုံးတွေပါ။ လက်ခုပ်သြဘာ သံတွေဟာ ဇာတ်စင်ဆီကို တလိမ့်လိမ့်ပြေးလာနေကြပါတယ်။ ကျွန်မအပေါ်မှာ သနားဂရုဏာသက်တဲ့ လက်ခုပ်သံတွေဆိုတာ ကျွန်မ နားလည်ပါတယ်။ တစ်ချိန်က အင်မတန်ချောမောလှပပြီး အဆိုအင်မတန်ကောင်းတဲ့ အမျိုးသမီးတစ်ယောက်ဟာ ဘဝပျက်သွားရာကနေပြီး ပြန်ပေါ်လာတာပါလားဆိုတဲ့ အသိဟာ သူတို့ရဲ့ရင်မှာ ငြိတွယ်နေကြတယ် မဟုတ်ပါလား. . .။

"သိပ်ကောင်းတယ် လီလီယံ၊ သိပ်ကိုကောင်းတယ်"ဆိုတဲ့ စကားတွေကို ကျွန်မ စင်ပေါ်ကဆင်းလာတဲ့အချိန်မှာ ကြားရပါတယ်။ ဟုတ်မှဟုတ်ရဲ့လားလို့ ကျွန်မ သံသယဖြစ်မိပါတယ်။ ဒါပေမဲ့ နောက်ထပ်နှစ်ကြိမ်ဖြေဖျော်ဖို့ စကားကမ်း လှမ်းတာ ကြားလိုက်ရတော့မှ ကျွန်မကိုယ်ကျွန်မ ယုံကြည်စိတ်ချသွားခဲ့ရပါတယ်။ ဒေါ်လာတစ်ရာတန်တစ်ချပ်ထည့်ထားတဲ့ စာအိတ်ကလေးတစ်လုံးကတော့ ကျွန်မ လက်ထဲမှာပါ။ ကျွန်မ အမေ့ဆီကို ဒေါ်လာငါးဆယ်ပို့ပေးလိုက်ပါတယ်။ ကျန်တဲ့ငွေနဲ့ အသင်းသားတွေကို ညစာကျွေးလိုက်ပါတယ်။ နောက်ဆုံးကျန်တဲ့ ဆယ့်ငါး ဒေါ်လာနဲ့ ဖိနပ်လှလှလေးတစ်ရံဝယ်လိုက်ပါတယ်။

မကြာခင်မှာပဲ ဖီလာဒဲလ်ဖီယားမြို့ 'ကိုရိုနက်ကလပ်'မှာ ဒေါ်လာငါးရာနှုန်းနဲ့ တစ်ပတ်တိတိဖြေဖျော်ဖို့ ကမ်းလှမ်းချက်တစ်ခု ရောက်လာပါတယ်။ ကျွန်မ လက်ခံလိုက်ပါတယ်။ ကျွန်မ ဇာတ်စင်ပေါ်ကဆင်းလာတဲ့အချိန်မှာ ကျွန်မရဲ့ပေါင်းဟောင်းသင်းဟောင်းတွေက ဝိုင်းအုံပြီး နှုတ်ဆက်ကြပါတယ်။ ချီးကျူးစကားတွေကို

www.burmeseclassic.com


လည်း အလုအယက်ပြောကြပါတယ်။ ကျွန်မရဲ့ပတ်ပတ်လည်မှာ အရက်တွေဟာ အလျှံပယ်ပါဘဲ၊ ကလပ်ပိုင်ရှင်က အလွန်ပျော်တတ်တဲ့လူပါ။ သူက ကျွန်မ ဆီရောက်လာပြီး "မင်းရဲ့အောင်မြင်မှုအထိမ်းအမှတ်အနေနဲ့ အရက်တစ်ခွက်လောက် မသောက်တော့ဘူးလား"လို့ မေးပါတယ်။ ကျွန်မက ယဉ်ယဉ်ကျေးကျေးပဲ ငြင်းခဲ့ပါ တယ်။

"တစ်ခွက်လောက်သောက်တာ အန္တရာယ်မဖြစ်နိုင်ပါဘူးကွာ"လို့ သူက ထပ်ပြောပါတယ်။ "အရက်ဟာ ကျွန်မအတွက် အဆိပ်ဖြစ်သွားပြီ"လို့ ကျွန်မက ပြန်ပြောလိုက်ပါတယ်။

နောက်ရက်အနည်းငယ်အကြာမှာ ဘတ်ဟာ ဆောက်သင်ပတန်က ပြန် ရောက်လာပါတယ်။ "လီလီ သီချင်းထပ်မဆိုချင်တော့ဘူး"လို့ ပြောမိပါတယ်။ တစ် ခြားကြောင့်မဟုတ်ပါဘူး၊ အရက်ဒဏ်ကို မခံနိုင်မှာ ကြောက်လို့ပါ။ ဘတ်က "စိတ်ကို နိုင်အောင်ထိန်းပါ လီလီရယ်။ မင့်စိတ်ကိုနိုင်ရင် ပြဿနာမရှိပါဘူး"လို့ အားပေးပါ တယ်။

❐

တစ်ရက်မှာ ကျွန်မဟာ ကျွန်မ မသွားချင်ဆုံးနေရာတစ်နေရာကို ရောက် သွားခဲ့ပါတယ်။ ဟိုတစ်ချိန်က ကျွန်မ အမြဲတမ်းရောက်ခဲ့တဲ့ လင်ဒီစားသောက်ဆိုင် ပါ။ ကျွန်မရောက်သွားတဲ့အချိန်ဟာ အလွန်လူများနေတဲ့အချိန်ပါ။ ကျွန်မ ကော်ဖီ တစ်ခွက်နဲ့မုန့်တစ်ခု စားသောက်ပြီးလို့ ထွက်အလာမှာ အမျိုးသမီးတစ်ယောက်နဲ့ ဆုံမိပါတယ်။ ကျွန်မ တရားသူကြီးနဲ့အတူတူနေတုန်းက ဒီမိန်းမနဲ့ ရင်းနှီးခဲ့တာပါ။ သူ့ယောကျ်ားကလည်း နယူးရောက်တရားရုံးချုပ်က တရားသူကြီးတစ်ယောက်ပါပဲ။ ကျွန်မတို့အိမ်မှာ ပါတီပွဲလုပ်တိုင်း ကျွန်မတို့ရဲ့ဧည့်သည်အဖြစ်နဲ့ ထိပ်ဆုံးကနေရာ ယူခဲ့တဲ့လူပါ။ ကျွန်မနဲ့တွဲပြီး လူမှုရေးလုပ်ငန်းတွေကိုလည်း လုပ်ခဲ့ဘူးပါတယ်။ သူ့ကို မြင်တော့ ကျွန်မက သွားပြီးနှုတ်ဆက်မိပါတယ်။ "ဟယ်လို ဒေါ်ရော်သီ၊ နေကောင်း ရဲ့လား"

"ကျွန်မ ရှင့်ကိုမသိဘူး"လို့ ပြောပါတယ်၊ ကျွန်မက ကမ်းပေးထားတဲ့ လက်ကို လည်း မဆွဲပါဘူး။

ကျွန်မ ကြက်သေသေနေမိပါတယ်။ "ကိုယ့်ကို ဒေါ်ရော်သီ မမှတ်မိတော့ ဘူးလား၊ ကိုယ် လီလီယံရော့သ်လေ။ တရားသူကြီးဘင်ရဲ့ ဇနီးဟောင်းပေါ့၊ ကိုယ့် ရုပ်ပြောင်းသွားလို့လား"

"ကျွန်မ ရှင့်ကိုမသိဘူး"လို့ အေးစက်မာကြောတဲ့လေသံနဲ့ ပြောပါတယ်။ "ကျွန်မ စားပွဲနားမှာ လာရပ်မနေပါနဲ့"တဲ့။

ကျွန်မ ဆိုင်ထဲကထွက်လာခဲ့ပါတယ်။ ဘတ်နဲ့တွေ့တဲ့အခါကျတော့ ကြုံခဲ့ရ တဲ့အဖြစ်ကို ပြောပြပါတယ်။ "လီလီဟာ တခြားလူတွေနဲ့မတူတော့ဘူးလား။ လူကြီး လူကောင်းဆိုတဲ့ လူတွေက လီလီကို အပေါင်းအသင်းမလုပ်ချင်ကြတော့ဘူး

www.burmeseclassic.com



BURMESE CLASSIC .com

ထင်ပါရဲ့”လို့ပြောပြီး ကျွန်မ မျက်ရည်ကျမိပါတယ်။

“လူတွေကို ကြောက်စရာမလိုဘူး လီလီ၊ ကြောက်လည်းမကြောက်နဲ့၊ သူတို့နဲ့ မင်းနဲ့အတူတူပဲ။ လီလီက အရက်သောက်လွန်းအားကြီးလို့ မမာမကျန်းဖြစ်ခဲ့ရဖူးတယ်။ သူနဲ့လီလီခြားနားမှုဟာ အဲဒီတစ်ခုပဲရှိတယ်၊ အမှန်တော့ အဲဒီမိန်းမဟာ မင့်ထက်ပိုပြီးကျန်းမာရေးချို့တဲ့နေလို့သာ အခုလိုလုပ်တာပေါ့”လို့ ဘတ်က ပြောပါတယ်။

ရက်အနည်းငယ်လောက်ကြာတော့ ကျွန်မဟာ လင်ဒီဆိုင်ထဲကို နောက်တစ်ခေါက်ရောက်သွားခဲ့ပြန်ပါတယ်။ ကျွန်မ စိတ်ကိုခံနိုင်ရည်ရှိအောင်လို့ ထပ်သွားတာပါ။ ကျွန်မ စားပွဲမှာထိုင်ပြီးတော့ အသက်ခပ်ကြီးကြီးစားပွဲထိုးတစ်ယောက်ရောက်လာပါတယ်။ “နေကောင်းရဲ့လားခင်ဗျား”လို့ သူက မေးပါတယ်။ “နေကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်”လို့ ပြန်ပြောပါတယ်။

“တေးဂီတလောကထဲ ပြန်ဝင်ဖို့ကြိုးစားနေတယ်လို့ ကျွန်တော် သိရပါတယ်။ ခင်ဗျားကတော့ ကျွန်တော့်ကိုမှတ်မိမယ် မထင်ဘူး။ ကျွန်တော်ကတော့ ကောင်းကောင်းမှတ်မိနေတယ်။ ခင်ဗျားငယ်ငယ်တုန်းကတည်းက ကျွန်တော်သိခဲ့တာ”လို့ သူက ခပ်တိုးတိုးပြောပါတယ်။ ပြီးတော့ ကျွန်မအနားကိုတိုးလာပြီး “မစ္စလီလီယံ ရှော့သ်ကို ကျွန်တော်တစ်ခုပြောချင်ပါတယ်။ အဝတ်အစားဝယ်ဖို့ ခရီးသွားဖို့အတွက် ငွေလိုရင် ရာဂဏန်းလောက်အထိတော့ ကျွန်တော်ချေးနိုင်ပါတယ်။ ပိုလိုချင်တယ်ဆို ရင်လည်း ရနိုင်ပါတယ်။ ဒုက္ခရောက်နေတဲ့လူကို ကူညီခြင်းဟာ လူ့ဝတ္တရားကို သိနားလည်ခြင်းတစ်ခုပါ”လို့ ထပ်ပြောပါတယ်။

ကျွန်မ မျက်ရည် မထိန်းနိုင်ခဲ့ပါဘူး။ ကောင်းတဲ့လူတွေကျတော့လည်း သိပ်ကောင်းတာပါကလား။ ဒါပေမဲ့ ကျွန်မ သိပ်ပြီးဆင်းရဲဒုက္ခရောက်နေတယ် ဆိုတာကို သူမသိအောင် ဖုံးကွယ်ထားခဲ့ပါတယ်။ “ကျွန်မ ရှင့်ကို သိပ်ပြီးကျေးဇူးတင်ပါတယ်။ အခုလောလောဆယ် မလိုသေးပါဘူး”လို့ ပြန်ပြောခဲ့ပါတယ်။ ကျွန်မ နှလုံးသာယာကြည်နူးချမ်းမြေ့လွန်းအားကြီးလို့ သိပ်ကိုလှုပ်ရှားခဲ့ရပါတယ်။

တစ်ညနေခင်းမှာ ဘတ်နဲ့ကျွန်မ ဆုံမိကြပါတယ်။ “ရှင် ကျွန်မဆီလာထိုင်ပြီး မိတ်ဆက်တဲ့နေ့ကို မှတ်မိသေးတယ်မဟုတ်လား. . .။ အဲဒီတုန်းက ရှင် ကျွန်မအပေါ်မှာ ဘယ်လိုမြင်ခဲ့သလဲ”လို့ ကျွန်မက မေးပါတယ်။

သူက ချက်ခြင်းအဖြေမပေးပဲ ပြုံးနေပါတယ်။ သူ့ရဲ့အပြာရောင်မျက်လုံးအစုံထဲမှာ ရွှင်မြူးနေတဲ့အရိပ်အငွေ့တွေ ထင်ဟပ်နေပါတယ်။ ပြီးတော့မှ “ပြောလိုက်ရင် သိပ်ပြီးမြှောက်ရာများကျနေမလား”လို့ ပြောပါတယ်။

“ဘာပဲဖြစ်ဖြစ်လေ. . . ပြောသာပြောပါ သိရတာပေါ့”

“အင်း. . . တစ်ရက်မှာ ခင်ဗျားထိုင်နေတာကိုကြည့်ပြီး သူငယ်ချင်းတစ်ယောက်ကမေးတယ် “ခင်ဗျား လီလီယံရှော့သ်နားကို ဘယ်လိုကပ်မလဲ”တဲ့။

“ကျွန်တော်က ခင်ဗျားကို ထပ်ပြီးကြည့်တယ်၊ အမျိုးသမီးက သိပ်တော့ မလှပါဘူးလို့ တွေးမိတယ်၊ ဒါပေမဲ့ သူ့မျက်လုံးတွေက အမြဲတန်းညှိုးငယ်နေရှာတယ်လို့လည်း တွေးမိတယ်။ အဲဒီလိုတွေးမိတဲ့အချိန်ကစပြီး ခင်ဗျားအပေါ် စိတ်ဝင်စား

www.burmeseclassic.com

BURMESE CLASSIC .com

လာတာပါပဲ”လို့ပြောတယ်။

အဲဒီနေ့ကပဲ ကျွန်မက “ရှင် အခုဘယ်မှာနေသလဲ”လို့မေးတော့၊ သူက “ပင်ဆယ်ဗေးနီးယားဟိုတယ်မှာနေတယ်”လို့ ဖြေပါတယ်။

တစ်နေ့မှာတော့ ကျွန်မ သူနဲ့တွေ့ချင်လို့ ပင်ဆယ်ဗေးနီးယားဟိုတယ်ကို ဖုန်းဆက်ပါတယ်၊ ဘတ်မက်ဂူရီဆိုတဲ့ နာမည်နဲ့တူတဲ့လူ တစ်ဦးမှမရှိပါဘူးလို့ အဖြေ ရပါတယ်။ သူ ဘာ့ကြောင့် ကျွန်မကို လိမ်ပြောရတာလဲ. . .၊ သူနေတဲ့နေရာကို ကျွန်မ မသိစေချင်လို့လား. . .။ ကျွန်မတို့အသင်းသားတွေ လိုက်နာရတဲ့စည်းကမ်း တွေထဲမှာ တစ်ယောက်ကိုတစ်ယောက် မလိမ်ရဘူးဆိုတဲ့အချက်ပါတယ် မဟုတ် လား၊ ကျွန်မ ဂျွန်ဆီမှာ စုံစမ်းကြည့်ပါတယ်။

“သူက အဲဒီဟိုတယ်မှာနေတယ်လို့ ပြောသလား”လို့ ဂျွန်က မေးပါတယ်။

“ဟုတ်တယ်လေ. . . သူကိုယ်တိုင်ပြောသွားတာပဲ”

“သူပြောတာမှန်တယ်လို့တော့ ပြောရမှာပဲ၊ ဒါပေမဲ့ အေးလေ မကြာခင် သူကိုယ်တိုင်လည်း ဖွင့်ပြောလိမ့်မယ်ထင်ပါတယ်။ အမှန်တော့ ဘတ်ဟာ တော် တော် ဆင်းရဲနေရှာတာ၊ ချမ်းသာတဲ့ဘဝကလာတဲ့လူဆိုတော့ သူများဆီက ငွေချေးရ မှာလည်း အလွန်ဝန်လေးတယ်၊ တကယ်တော့ သူ့မှာ အိပ်စရာနေရာမရှိဘူး။ သူ့ ဆွေမျိုးသားချင်းတွေက ငွေတစ်ပြားမှမပေးဘူး။ သူ အများဆုံးအိပ်တဲ့နေရာက ပင်ဆယ်ဗေးနီးယားဘူတာပဲ၊ ပလက်ဖောင်းလက်မှတ်တစ်စောင်ဝယ်ထားရင် သူ့ကို ဘယ်သူမှ ကန်မထုတ်နိုင်ဘူး မဟုတ်လား”လို့ ဂျွန်က ပြောပါတယ်။

အဲသလိုသိလိုက်ရပြီးတဲ့နောက်မှာ ဘတ်အပေါ်မှာထားနေတဲ့ ကျွန်မရဲ့ အမြင်ဟာ ပြောင်းသွားပါတယ်။

အမှန်တော့ ဘတ်မှာလည်း သူ့ပြဿနာနဲ့သူပါ။ သူဟာ နို့စို့ကလေးဘဝမှာ ပိုလီယိုရောဂါဖြစ်ခဲ့ပါတယ်။ အသက်ကိုးနှစ်သားအရွယ်အထိ အိပ်ယာပေါ်က မထနိုင်ခဲ့ပါဘူး။ ဆယ့်ခြောက်နှစ်သားကျတော့ အားပြုကိရိယာတွေ တပ်ခဲ့ရပါတယ်။ သူ့မိဘတွေက သူ့ကိုသိပ်သနားတဲ့အတွက် သူလိုချင်တဲ့အရာဟူသမျှကို အလိုလိုက် ပြီး ဝယ်ပေးခဲ့ကြပါတယ်။ သူ့မှာ ကိုယ်ပိုင်မြင်းတွေရှိတယ်၊ ကိုယ်ပိုင်သင်္ဘောတွေ ရှိတယ်၊ ခရီးတွေလည်း အများကြီးထွက်ခဲ့တယ်။ ဒါကြောင့်လည်း သူဟာ အသက် ဆယ့်ရှစ်နှစ်အရွယ်မှာ အရက်ဝေဒနာရှင်တစ်ဦး ဖြစ်လာခဲ့ရတာပါ။

“အရက်က ကျွန်တော့်အတွက် စိတ်ကူးယဉ်ကမ္ဘာကြီးတစ်ခုကို ရောင်ရှား ပေးတယ်”လို့ ကျွန်မကို သူပြောဘူးပါတယ်။ “လီလီပဲစဉ်းစားကြည့်ပါ။ ကျွန်တော် ဟာ တခြားကောင်လေးတွေလို ဘော့စ်ဘောလည်း မကစားနိုင်၊ ဘော်လုံးကစားလို့ လည်း မရ၊ လမ်းလျှောက်ပြန်ရင်လည်း အမြဲတမ်းချော်လဲနေတာပဲ။ ဆယ့်နှစ်နှစ်သား အထိ စကားမပီဘူး။ ကျွန်တော့်ဘဝဟာ အဲသလောက်အထိ ဆိုးခဲ့တာပါ”

သူပြောပြတဲ့အတိုင်းဆိုရင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ စစ်ထဲဝင်ဖို့ကြိုးစား ခဲ့တယ်။ စစ်တပ်က သူ့ကိုလက်မခံဘူး။ ဒါ့ကြောင့် ဗြိတိသျှတပ်မတော်နဲ့တွဲထားတဲ့ အမေရိကန်ဆေးတပ်မှာ လူနာတင်ကားဒရိုင်ဘာ လုပ်ခဲ့ရတယ်။ နိုင်ငံရပ်ခြားမှာ ဆယ့်ရှစ်လတိတိ အမှုထမ်းခဲ့ရတယ်။ အယ်လ်အာလာမိန်းနဲ့ ဆီးရီးယားဘက်မှ

www.burmeseclassic.com



တိုက်ပွဲနဲ့ကြုံခဲ့ရတယ်။ အာဖရိကရောက်တော့ သူဟာ အရက်သမားလုံးလုံးဖြစ်သွားပြီ။ စစ်ကြီးပြီးသွားတော့လည်း အရက်ကိုပိုသောက်ခဲ့တယ်။ တဖြည်းဖြည်းနဲ့ အရက်သမားဘဝကို သိပ်ကြောက်လာပြီး အမည်မသိအရက်သမားများအသင်းကို ရောက်လာခဲ့ပါတယ်။

သူ ကျွန်မကိုတွေ့တော့ အရက်ဝေဒနာစွဲကပ်နေတာ ဆယ့်သုံးလတိတိရှိနေပါပြီ။ ကျွန်မကိုကြည့်ပြီး သူအားတက်ခဲ့ရတယ်လို့ ပြောပါတယ်။ ကျွန်မနဲ့ ရင်းနှီးလာတဲ့အချိန်ကစပြီး အရက်တိုက်ပွဲမှာ အဖေါ်ကောင်းတစ်ယောက်ရပြီလို့ အခိုင်အမာယုံကြည်ခဲ့ကြောင်းလည်း ပြောပြပါတယ်။ သူ့ရဲ့အထီးကျန်ဖြစ်မှုဟာလည်း လုံးဝပျောက်သွားခဲ့တယ်တဲ့။

ကျွန်မနဲ့ဘတ်ရဲ့ ခင်မင်ရင်းနှီးမှုဟာ တိုးတက်လာပါတယ်၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောမိကြပါတယ်။ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် ချစ်မိကြပြီလား. . .။ ကျွန်မ အတိအကျမပြောနိုင်ပါဘူး၊ ကျွန်မ သူ့ကိုသိပ်ခင်နေပြီဆိုတာတော့ သိပါတယ်။ သူအနားမှာမရှိရင် ကျွန်မ မနေတတ်သလိုဖြစ်နေပါတယ်။

သူ့ဘက်ကလည်း ကျွန်မလိုပါပဲ၊ အချစ်ရဲ့သဘောကို သူနားမလည်ပါဘူး။ ကျွန်မနဲ့နေရရင် သာယာတယ်၊ စိတ်ချမ်းသာတယ်ဆိုတာတော့ ဝန်ခံပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ. . . ကျွန်မတို့ချင်း ချစ်နေကြပြီပဲဆိုဦးတော့ ကျွန်မတို့ဘဝဟာ မျှော်လင့်ချက်ကင်းမဲ့နေတဲ့ ဘဝပါ။

ကျွန်မက ဂျူး၊ သူက ကက်သလစ်ဘာသာဝင်၊ ဒီနှစ်ခုရဲ့ခြားနားမှုဟာ ဘယ်နည်းနဲ့မှ ပေါင်းစပ်လို့မရနိုင်ပါဘူး၊ ပြီးတော့ ကျွန်မရဲ့အတိတ်ဘဝဇာတ်ကြောင်းကလည်း ကောင်းတာမဟုတ်ပါဘူး။ ကျွန်မနဲ့တွဲပြီး လာနေတာမြင်လိုက်ရင် သူ့သူငယ်ချင်းတွေက ခွာခွာသွားနေတာကိုကြည့်ရုံမျှနဲ့ အခြေအနေကို ရိပ်စားမိနိုင်ပါတယ်။

ကျွန်မတို့နှစ်ယောက်မှာ တူညီတာတစ်ခုတော့ ရှိပါတယ်။ တစ်ချိန်က ကျွန်မတို့နှစ်ယောက်စလုံး လက်ဖျားငွေသီးခဲ့ကြပါတယ်။ သူက ငွေပုံကြားမှာမွေးဖွားခဲ့လို့ပါ၊ ကျွန်မက ကိုယ့်အားထုတ်မှုနဲ့ ရခဲ့လို့ပါ။ အခုကျတော့ နှစ်ယောက်စလုံး ခြူးတစ်ပြားမှမရှိတဲ့ လူဆင်းရဲတွေပါ။ ကျွန်မတို့နှစ်ယောက်စလုံး ထိပ်ဆုံးကိုရောက်ခဲ့ကြပါတယ်။ အခုတော့ နှစ်ယောက်စလုံး အောက်အကျဆုံးနေရာမှာပါ။ တစ်ချိန်က ကျွန်မတို့ကိုချစ်ခင်ခဲ့တဲ့ လူတွေရဲ့ပေးကမ်းမှုနဲ့ နေရထိုင်ရတဲ့ဘဝပါ။

"လူနှစ်ဦးရဲ့ခြားနားမှုဟာ အရေးမကြီးပါဘူး"လို့ ဘတ်က ပြောဘူးပါတယ်။

"တစ်ခုတော့ရှိတာပေါ့လေ. . .၊ ကျွန်တော်က ခြေမသန်တော့ လီလီကို ကပွဲ ခေါ်မသွားနိုင်ဘူး။

"အို. . . အဲသလိုမပြောပါနဲ့၊ လီလီ ရှင့်ရဲ့အားနည်းချက်ကို လုံးဝမစဉ်းစားခဲ့ပါဘူး၊ လီလီအတွက်တော့ ရှင်ဟာ ဘာချို့ယွင်းချက်မှမရှိအောင် ပြည့်စုံနေတဲ့လူတစ်ယောက်ပါ၊ အဖက်ဖက်မှာ ချို့ယွင်းနေတာက လီလီပါ"

ကျွန်မစကားကို သူက လက်မခံပါဘူး။ ကျွန်မကို ထိပ်ဆုံးပြန်ရောက်စေချင်တယ်ဆိုတဲ့ သူ့ဆန္ဒကိုလည်း ထုတ်ပြောပါတယ်။ အတိတ်က ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့

www.burmeseclassic.com


အခုလိုကိုယ့်ဘဝကိုယ် ပြန်လည်ထူထောင်လို့ရတဲ့အချိန်မှာ ကိုယ်ရောက်ခဲ့တဲ့ ထိပ်ဆုံးနေရာကို ပြန်ရောက်အောင်ကြိုးစားရမယ်လို့ စိတ်အားထက်ထက်သန်သန်နဲ့ ပြောပါတယ်။

“ကျွန်တော်တို့နှစ်ယောက် အတူတူလက်တွဲပြီး ဘာတွေလုပ်နိုင်မလဲဆိုတာ ဆုံးဖြတ်ကြဖို့လိုတယ်”လို့ သူကပြောပါတယ်၊ “ဆိုကြပါစို့ရဲ့ ကျွန်တော်က ခင်ဗျား သီချင်းဆိုဖို့ စီစဉ်ပေးတာမျိုးပေါ့”

ဘတ်အနေနဲ့ ကျွန်မနဲ့လက်ထပ်ဖို့ကိစ္စကိုလည်း ထုတ်ဖော်ပြောခဲ့ပါတယ်၊ ဒီကိစ္စကိုတော့ ဖြည်းဖြည်းချင်းမှပဲ စဉ်းစားဆုံးဖြတ်ကြမယ်လို့ သဘောတူခဲ့ကြပါ တယ်။ ကျွန်မ အမေကတော့ ဘတ်ကိုခင်ပါတယ်၊ ဒါပေမဲ့ လက်ထပ်ဖို့ကိစ္စကို အရင်တုန်းကလို အလျှင်စလိုမလုပ်ဖို့တော့ တားပါတယ်။

၁၉၄၆ခုနှစ်ကုန်ခါနီးမှာ ဘတ်စီစဉ်ပေးလို့ နယူးရောက်မြို့တော်ရဲ့ ‘ရှုတော မက်ဒရစ်ညကလပ်’မှာ သီချင်းဆိုခဲ့ရပါတယ်။ မြို့တော်ကြီးအတွင်းမှာ ပထမဆုံး ပြန်ပြီးသီချင်းဆိုခွင့်ရခဲ့တာပါ။ ပရိသတ်ထဲမှာ ကျွန်မအမေ ကေတီ၊ ဘတ်၊ မင်နာနဲ့ အက်ဒ်နာတို့လည်း ရှိနေကြပါတယ်။ ကျွန်မအတွက် အောင်ပွဲတစ်ခုပါ။

၁၉၄၇ခုနှစ်၊ ဇန်နဝါရီလထဲကျတော့ ဘတ်က “မောင်တို့လက်ထပ်ကြစို့”တဲ့။ ကျွန်မက တွန့်ဆုတ်ဆုတ်ဖြစ်နေပါတယ်။ ခေါင်းညိတ်ရမှာကလည်း အခက်၊ ခေါင်းခါ ရမှာကလည်းအခက်၊ သူကတော့ ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ပြီးပါပြီ၊ “မောင်တို့ လက်ထပ် ကြမယ်”လို့ ထပ်ပြောပါတယ်။

ကျွန်မတို့ဟာ နယူးရောက်မြို့တော်ရဲ့ အနောက်ပိုင်းနယူးဂျာစီမြို့ကလေးကို သွားကြပါတယ်။ ဟိုရောက်တော့ လက်ထပ်ထိမ်းမြားပေးမဲ့ ရုံးရှိရာကိုသွားကြပါ တယ်။ မြို့တော်ခန်းမရှေ့မှာ ယောင်လည် ယောင်လည်လုပ်နေတဲ့ လူနှစ်ယောက်ကို တွေ့တော့ ဘတ်က သူတို့နားကပ်သွားပြီး “ကျွန်တော်တို့ လက်ထပ်မင်္ဂလာပွဲကို သက်သေလုပ်ပေးနိုင်ကြမလား”လို့ မေးပါတယ်။

သူတို့နှစ်ယောက်က လိုက်လာကြပါတယ်။ ကျွန်မတို့လက်ထပ်တဲ့အချိန်မှာ သူတို့နှစ်ယောက်ဟာ ကျွန်မတို့ရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ရပ်နေကြပါတယ်။

www.burmeseclassic.com

## အခန်း[၂၅]

ရှုတောမက်ဒရစ်ကလပ်မှာ ဖြေဖျော်ခဲ့ရပြီးတဲ့နောက် နယူးရောက်မြို့တော်ရဲ့ ထိပ်သီးစာရင်းဝင် လာမာတနီကွက်ညကလပ်မှာ ဖြေဖျော်ခဲ့ရပြန်ပါတယ်။ အဲဒီမှာ သီတင်းလေးပတ်တိတိ ဖြေဖျော်ပြီးတဲ့နောက် ပိုင်ယာယီမြို့က 'လေးနာရီကလပ်'ကို သွားပြီး ဖြေဖျော်ခဲ့ရပါတယ်၊ အဲဒီနောက်မှာတော့ ဘယ်ကမှကမ်းလှမ်းချက်မလာ တော့ပဲ ရပ်သွားပါတယ်။

ဒီအချိန်မှာ စာနယ်ဇင်းတွေက ကျွန်မအကြောင်းကို ရေးလာပါတယ်။ ကောင်းတာတွေပါသလို မကောင်းတာတွေလည်း အများကြီးပါပါတယ်။ အခြေအနေအရ ကျွန်မတို့မှာ ငွေကြေးကြပ်တည်းမှုက ရှိလာပါတယ်၊ အဲဒီအတော အတွင်းမှာပဲ ဩစတေးလီးယားနိုင်ငံ မဲလ်ဘုံးမြို့က နာမည်ကျော်ဗိုလီဇာတ်အဖွဲ့က သူတို့ဆီမှာ လာပြီးဖြေဖျော်ဖို့ ဖိတ်ခဲ့ပါတယ်။

ကျွန်မတို့အနေနဲ့ သွားသင့်မသွားသင့် စဉ်းစားခဲ့ကြပါတယ်။ နောက်ဆုံးမှာတော့ ကျန်းမာရေးမကောင်းဖြစ်နေတဲ့ ကျွန်မအမေကိုပြုစုကုသဖို့ ငွေကြေးအလုံအလောက်ရနိုင်တယ်လို့တွက်ပြီး လက်ခံလိုက်ကြပါတယ်။ ကျွန်မနဲ့ လက်ထပ်ပြီး

www.burmeseclassic.com


ကတည်းက သူ့အမေနဲ့မတွေ့ရတော့တဲ့ ဘတ်အပေါ်မှာ ကွန်မ ကိုယ်ချင်းစာမိပါတယ်။ ဒါ့ကြောင့်လည်း ကွန်မက "လီလီတို့သွားရမဲ့ခရီးက ကြာမှာ၊ မောင့်အမေကို သွားပြီးနှုတ်ဆက်သင့်တယ်၊ မောင့်အမေက လီလီတို့ပြဿနာအပေါ်မှာ နားမလည်တာကို ခွင့်လွှတ်ကြရမှာပေါ့။ မောင့်အမေက လီလီကိုသိတာမဟုတ်ဘူး။ လီလီက ကိုးကွယ်တဲ့ဘာသာကျတော့လည်း တစ်မျိုးဖြစ်နေတယ်မဟုတ်လား၊ ဒီကြားထဲမှာ လီလီနဲ့ပတ်သက်လို့ သတင်းစာတွေက ရေးထားသမျှတွေကိုသာ ဖတ်ခဲ့ရတဲ့ မောင့်အမေဟာ ဘယ်လိုလုပ်ပြီးစိတ်ချမ်းသာမှာလဲ"လို့ ပြောပြပါတယ်။

ဘတ်ဟာ သူ့အမေဆီအလည်သွားပြီး ဝမ်းသာအားရပြန်လာပါတယ်။ သူ့အမေက ကွန်မကိုခေါ်ခိုင်းလို့တဲ့။ ကွန်မ သူ့အမေနေတဲ့ 'ပတ်အဲဗဲနယူးလမ်း'က တိုက်ခန်းကို လိုက်သွားခဲ့ပါတယ်။ ရင်ကတော့ တဒိတ်ဒိတ်ခုန်နေပါတယ်။ ဘတ်ရဲ့အမေအနေနဲ့ ကွန်မကို သူ့သားရဲ့ဇနီးအဖြစ် အသိအမှတ်ပြုနိုင်လိမ့်မယ်လို့ ကွန်မကတော့ မထင်မိပါဘူး။

ဘတ်ရဲ့အမေက ကွန်မကို ဖက်ထားပါတယ်။ "သမီးကို ချက်ခြင်းခေါ်မတွေ့ပဲနေခဲ့တဲ့အတွက် ခွင့်လွှတ်ပါ"လို့ ပြောပါတယ်။ ဘတ်ရဲ့အမေဟာ ပိန်ပိန်ပါးပါး၊ သွယ်လျလျပါ။ အင်မတန်မှ သိမ်မွေ့နူးညံ့ပြီး စိတ်ဓါတ်အဆင့်မြင့်တဲ့ မုဆိုးမကြီးပါ။

ကွန်မက "အခုလို သမီးကိုခေါ်တွေ့တာကိုပဲ ဝမ်းသာလှပါပြီ။ သတင်းစာတွေကရေးနေတဲ့ သမီးအကြောင်းတွေကတော့ အကောင်းရယ်လို့ သိပ်မရှိပါဘူး" လို့ ပြောပြပါတယ်။

"တို့အားလုံးက ဖြစ်ပြီးခဲ့သမျှတွေကို မေ့ပစ်ကြရမယ်"လို့ အဖွားကြီးက ဆိုပါတယ်။ ပြီးတော့လည်း "တို့ဘုရားသခင်ဟာ ဂျူးတစ်ယောက်ပဲ မဟုတ်လား. . .။ ဒီကမ္ဘာပေါ်မှာ အကြီးကျယ် အမြင့်မြတ်ဆုံးသော ဂျူးတစ်ယောက်ဆိုတာ မေ့ပစ်လို့မရဘူး"လို့လည်း ပြောပါတယ်။ ကွန်မတို့ပြန်ခါနီးကျတော့လည်း ကွန်မရဲ့ပါးနှစ်ဖက်ကို လှိုက်လှိုက်လှဲလှဲနမ်းပြီး နှုတ်ဆက်ပါတယ်။ 'ဆုတောင်းခြင်းနှင့်အသိဉာဏ်' ဆိုတဲ့ စာအုပ်ကလေးတစ်အုပ်ကို ကွန်မလက်ထဲထည့်ပေးပြီး "တစ်နေ့ကျရင် သမီးဖတ်ချင်တဲ့စိတ် ရှိချင်ရှိလာမှာပါ။ ဒီစာအုပ်ဟာ ဂျူးအမျိုးသမီးတစ်ယောက် ဘာသာပြန်ထားတဲ့စာအုပ်"လို့ ပြောပါတယ်။

❒

နောက်သီတင်းတစ်ပတ်အကုန်မှာ ကွန်မနဲ့ဘတ်ဟာ ဆန်ဖရန်စစ္စကိုကနေပြီး ဩစတေးလီးယားနိုင်ငံကိုထွက်မဲ့ သင်္ဘောပေါ်ရောက်ခဲ့ကြပါတယ်။ သင်္ဘောပေါ်မှာ အမေရိကန်ပြည်ထောင်စုကို လာလည်ပြီးပြန်လာတဲ့ ဘုန်းတော်ကြီးဝီလျံဂိုမ်းနဲ့ ဆုံမိကြပါတယ်။ သူဟာ မဲလ်ဘုန်းမြို့ကပါ၊ ကွန်မတို့က စကားစပ်မိလို့ အမည်မသိအရက်သမားများအသင်းအကြောင်းကို ပြောမိတော့ သူအတော်ကြီးစိတ်ဝင်စားသွားပါတယ်။

www.burmeseclassic.com


ဘုန်းတော်ကြီးက "ကျုပ်ဆီမှာ ကျုပ်လုံးဝကုလို့မရတော့တဲ့ အရက်သမား တစ်ယောက်ရှိနေတယ်။ သောက်လာတာ အနှစ်နှစ်ဆယ်တောင် ရှိနေပြီ၊ မင်းတို့ ဒီမှာရောက်နေတုန်း တတ်နိုင်သမျှကူညီခဲ့စမ်းပါ"လို့ မေတ္တာရပ်ခံခဲ့ပါတယ်။

ကျွန်မတို့ ဩစတေးလီးယားနိုင်ငံထဲ နေတဲ့အခိုက်မှာ ဘုန်းတော်ကြီးလွှတ်လိုက်တဲ့ ဂျက်ကို ကျွန်မတို့ တတ်အားသရွေ့ကူညီခဲ့ကြပါတယ်။ သူဟာ အရက်ကို သိပ်ပြတ်ချင်နေပေမယ့် ဖြတ်လို့မရလို့ ဒုက္ခရောက်နေရှာတဲ့ လူတစ်ယောက်ပါ။ သူ့ကို ကူညီနေရာကစပြီး တဖြည်းဖြည်းနဲ့ အရက်စွဲရောဂါသည်တွေဟာ ကျွန်မတို့ဆီ ရောက်ရောက်လာကြပါတယ်။ ကျွန်မတို့ရဲ့ အားထုတ်မှုကြောင့် ဂျက်တစ်ယောက် အရက်ပြတ်သွားတဲ့သတင်းဟာလည်း ပျံ့နှံ့သွားပါတယ်။

ဩစတေးလီးယားနိုင်ငံထဲမှာ ဖြေဖျော်နေရင်းကပဲ ကျွန်မဟာ အရက်သမား တွေရဲ့ပြဿနာကို တတ်အားသရွေ့ဖြေရှင်းနေရတဲ့အတွက် အားရတယ်လို့မရှိပါဘူး၊ ဒီကြားထဲမှာ စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေကဖိတ်လို့ သွားပြီးဟောပြော ပေးရတာတွေလည်း အများကြီးပါ၊ ဒီကြားထဲမှာပဲ တစ်ခါတလေ ကျွန်မဖြေဖျော်နေ တဲ့ ဇာတ်ရုံရဲ့နောက်မှာ တန်းစီပြီးရပ်စောင့်နေကြတဲ့ မိခင်တွေနဲ့ဇနီးသည်တွေကို တွေ့ရပါသေးတယ်၊ သူတို့ရဲ့သားတွေနဲ့ လင်သည်တွေကို အရက်စွဲရောဂါ ကုသပေးဖို့ လာပြီးမေတ္တာရပ်ခံကြတဲ့ လူတွေပါ။ တစ်ချို့ကဆိုရင် ငိုယိုနေကြပါတယ်။ ကျွန်မ စိတ်အများကြီး ထိခိုက်ခဲ့ရပါတယ်။

ဟောပြောပွဲတွေမှာတော့ ကျွန်မဟာ ကျွန်မရဲ့အဖြစ်အပျက်ကို အစအဆုံး ဖွင့်ဟဝန်ခံပြီး ပြောပြခဲ့ပါတယ်။ ကျွန်မ ဟောပြောပြီးတဲ့အခါတိုင်း ပရိသတ်အများစု ဟာ မျက်ရည်ကျကြပါတယ်။ ကျွန်မဟာ စကားပြောကောင်းတဲ့လူ မဟုတ်ပါဘူး။ ပညာအရည်အချင်းလည်း မရှိပါဘူး။ ဒါပေမဲ့ ကျွန်မရင်ထဲမှာ ရှိနေတဲ့ခံစားချက်တွေ ကို ဖွင့်ပြရတာဆိုတော့ လူတိုင်းအတွက် စိတ်ထိခိုက်စရာဖြစ်ရပါတယ်။

☐

ကျွန်မတို့ ဩစတေးလီးယားနိုင်ငံမှာနေခဲ့တာ ရှစ်လတိတိကြာပါတယ်။ အဲဒီရှစ်လအတွင်းမှာ ကျွန်မတို့နှစ်ယောက်ဟာ အရက်သမားအတော်များများကို အရက်ပြတ်အောင် လုပ်ပေးနိုင်ခဲ့ပါတယ်။ ဒီလုပ်ငန်းကို သူတို့က တစ်ဆင့်ဆက်ပြီး လုပ်သွားနိုင်ဖို့လည်း မျိုးစေ့ချပေးခဲ့ပါတယ်။ ကိုယ့်နိုင်ငံနဲ့ကင်းကွာလာတာလည်း ကြာခဲ့ပါပြီ။ အမေ့ကိုလည်း ကျွန်မ သိပ်သတိရပါတယ်။ ကျွန်မတို့ကို လော့စ်အိန် ဂျယ်လိစ်မြို့ကနေပြီး လာကြိုနိုင်ဖို့အတွက် လိုအပ်မယ့်ငွေကို အမေ့ဆီ ပို့ပေးခဲ့ပါ တယ်။ ၁၉၄၉ခု၊ မေလထဲမှာ ကျွန်မနဲ့ဘတ်ဟာ အမေရိကကို ပြန်လာခဲ့ကြပါတယ်။

ကျွန်မအမေဟာ လော့စ်အိန်ဂျယ်လိစ်ကနေပြီး ကျွန်မတို့ကို ကြိုနေပါတယ်။ ဘတ်နဲ့ကျွန်မက ဆန်တာမော်နီကာဘက်မှာ အိမ်လေးတစ်လုံးငှားပြီး အခြေချခဲ့ကြ ပါတယ်။ ဘတ်က ကြော်ငြာကိုယ်စားလှယ်ဌာနတစ်ခုမှာ အလုပ်ရသွားပါတယ်။ ကျွန်မကတော့ ဟောလီးဝုဒ်မြို့တော်တွင်း ကဆီယိုညကလပ်မှာ ဖြေဖျော်ခွင့်ရခဲ့

www.burmeseclassic.com



ပါတယ်။ ကျွန်မအတွက် အောင်မြင်မှုရခဲ့တယ်ဆိုရင် မမှားပါဘူး။ ပထမညမှာပဲ ပရိသတ်ရဲ့အားပေးမှုကို ခံရပါတယ်။ နောက်တစ်နေ့ထုတ် သတင်းစာတွေထဲမှာ လည်း ဆောင်းပါးရှင်တွေက ကျွန်မကို အကောင်းဘက်က ရှုမြင်သုံးသပ်ပြီး ဝေဖန် ရေးသားခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ ကမ်းလှမ်းချက်တွေ ရောက်မလာပဲ နေခဲ့ပြန်ပါတယ်။ ကျွန်မမှာ ဝင်ငွေမရှိဘဲ သုံးလတိတိနေခဲ့ရပြန်ပါတယ်။ ကျွန်မဆီရောက်မှ အမေ့ရဲ့ ကျန်းမာရေးအခြေအနေဟာ အတော်ကလေးတိုးတက်လာပါတယ်။ ဒါပေမဲ့ တစ်ယောက်ထဲကရတဲ့ လခနဲ့ ကျွန်မတို့ ချွေချွေတာတာနေရတာကိုမြင်တော့ သူ့သမီးငယ်ရှိရာ နယူးရောက်မြို့ကို ပြန်ဦးမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဘတ်နဲ့ကျွန်မ ဟာ အမေ့ကို လိုက်ပို့ကြပါတယ်။ "အမေ့အတွက်မပူပါနဲ့"လို့ အမေက ပြောပါတယ်။ "အမေတို့ အချိန်ကြာကြာကြီး ခွဲနေရမှာမဟုတ်ပါဘူး"တဲ့။

□□□

www.burmeseclassic.com


## အခန်း[၂၆]

အခုအခါမှာကတော့ ကျွန်မဟာ အချိန်ရတိုင်း စာဖတ်တဲ့အလေ့အထရနေပါပြီ။ အသိဉာဏ်ဗဟုသုတ တိုးတက်လာဖို့အတွက် စာအုပ်ကောင်းတွေမှန်သမျှကို ကျွန်မ ဖတ်ပါတယ်။ ကက်သလစ်ဘာသာအယူဝါဒနဲ့ ပတ်သက်တဲ့စာအုပ်တွေကို လည်း လေ့လာဖတ်ရှုခဲ့ပါတယ်။ အချိန်ရတဲ့အခါတိုင်းလည်း ကက်သလစ်ဘုန်းကြီး တွေနဲ့တွေ့ပြီး ဆွေးနွေးလေ့လာခဲ့ပါတယ်။

၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁၄ရက်နေ့မှာ ကျွန်မဟာ ကက်သလစ်ဘာသာကို ဝင်ခဲ့ပါတယ်။ ကက်သလစ်ဘာသာဝင်ဖြစ်ပြီးခါမှ ကျွန်မ အမေကိုသိပ်လွမ်းပါတယ်။ ကျွန်မ အမေ့ဆီကို စာတစ်စောင်ရေးခဲ့ပါတယ်။ အမေက "သမီးသိတဲ့အတိုင်းပဲ ဘာသာရေးအကြောင်းကို အမေက သိပ်သိတာမဟုတ်ဘူး။ သိပ်ပြီးတော့လည်း နားမလည်ဘူး။ သမီး ကက်သလစ်ဘာသာဝင်လိုက်လို့ ပျော်တယ်၊ စိတ်ချမ်းသာတယ်ဆိုရင် သမီးရဲ့လုပ်ရပ်ဟာ သမီးအတွက်ရော အမေ့အတွက်ရော မှန်တယ်လို့ ယူဆရမှာပေါ့"လို့ စာပြန်ခဲ့ပါတယ်။ အမေဟာ ချစ်စရာ သနားစရာပါ။

www.burmeseclassic.com

BURMESE CLASSIC .com

အမေ့ကို လွမ်းလွန်းလို့ နယူးရောက်မြို့ကို ကျွန်မတို့ပြန်လာခဲ့ကြပါတယ်။ ဘတ်ရဲ့အမေက ဆောက်သင်ပတန်ဖက်က သူပိုင် အိမ်တစ်လုံးမှာ ကျွန်မတို့ကို နေခွင့်ပြုခဲ့ပါတယ်။ ကျွန်မရဲ့ညီမ အန်းနဲ့အတူတူနေတဲ့ အမေဟာ ကျန်းမာရေးသိပ် မကောင်းရှာပါဘူး။ ကျွန်မတို့လက်ထဲမှာလည်း ငွေက များများစားစားမရှိတဲ့အတွက် အမေ့ကို ငွေများများမပေးနိုင်ပါဘူး၊ တကယ့် နည်းနည်းပါးပါးပဲ ပေးနိုင်ပါတယ်။ တစ်ခါတလေ နှစ်ဒေါ်လာလောက်ပဲ ပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဟိုတစ်ချိန်က ဒေါ်လာတစ်သောင်း ကျွန်မဆီကရတာထက် အခုအချိန်မှာ နှစ်ဒေါ်လာရတာကို အမေပိုပြီးဝမ်းသာပုံပေါ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ အမေ့ကို ပစ်မထားပါဘူး။ အမြဲတမ်းလိုလို သွားပြီးကြည့်ပါတယ်။ တစ်ရက်မှာတော့ ကျွန်မတို့ညီအစ်မဟာ အမေ့ကို ဆရာဝန် တစ်ယောက်နဲ့ ပြကြည့်ပါတယ်။ ဆရာဝန်က အမေ့မှာ နှလုံးရောဂါရှိနေတယ်တဲ့၊ ဂရုတစိုက်စောင့်ရှောက်ကုသပေးနိုင်ရင် စိုးရိမ်စရာမရှိပါဘူးတဲ့။

ကျွန်မမှတ်မိပါသေးတယ်။

၁၉၄၃ခုနှစ်၊ ဖေဖော်ဝါရီလ၆ရက်နေ့ညမှာပါ ကျွန်မ အိပ်ရာက လန့်နိုးလာပါ တယ်။ ကျွန်မနိုးလာပုံက ကျွန်မအဖေသေတဲ့ညက နိုးလာတဲ့ပုံမျိုးပါ။ ထူးဆန်းတဲ့စိတ် ခံစားမှုတစ်ခုလည်း ရှိနေပါတယ်။ ကျွန်မ အောက်ထပ်ကိုဆင်းသွားပြီး ကျွန်မရဲ့ မိတ်ဆွေ မင်နာဆီ စာတစ်စောင်ရေးမိပါတယ်။

"လီလီ အမေ့အတွက် သိပ်ပြီးစိတ်ပူတယ်၊ မနက်ဖြန်ကျရင် နယူးရောက် သွားပြီး အမေ့ကို အိမ်ခေါ်ထားတော့မယ်။ ဒီတစ်ပတ်စနေ၊ တနင်္ဂနွေနှစ်ရက်တော့ ဆောက်သင်ပတန်ကအိမ်ကို မင်နာလာနေပေးပါဦး။ လီလီ့အထင်ကတော့ အမေ့ကို လီလီလက်လွှတ်ရတော့မယ်လို့ ထင်နေတယ်။ အဲဒီအဖြစ်ကို လီလီခံနိုင်မယ် မထင် ဘူး။ လီလီနဲ့ခဏတော့ လာနေပါလား"

နောက်တစ်နေ့မှာပဲ ဘတ်နဲ့ကျွန်မဟာ အမေ့ကို အိမ်ခေါ်လာခဲ့ပါတယ်။ အမေ့ကို အိမ်ပေါ်ထပ်ကအခန်းကြီးထဲမှာ နေရာပေးထားပါတယ်။ အမေဟာ အခြေ မပျက်ပါဘူး၊ အရင်ကလိုပဲ ရယ်လို့မောလို့ပါ။ ကျွန်မလုပ်ကိုင်နေတာတွေကို ကြည့်ပြီး အမေက "ဒီကလေးမ လီလီတစ်ယောက် ဘာပြုလို့ ဒီလောက်ပြာယာခပ်နေတာ လဲ"လို့ မင်နာ့ကို မေးခဲ့ပါသေးတယ်။

တနင်္ဂနွေနေ့မနက်ကျတော့ မင်နာတို့လင်မယားဟာ နယူးရောက်ကိုပြန်ဖို့ ဆုံးဖြတ်ကြပါတယ်။ ကျွန်မက နောက်တစ်ညထပ်နေပေးဖို့ မေတ္တာရပ်ခံပါတယ်။

မင်နာက "လီလီကတော့ မဟုတ်တာတွေ လျှောက်ပူနေတယ်။ မင်းက အမေ့ကို သိပ်ချစ်တဲ့သမီးဆိုတော့ အလကားနေရင်း တွေးပူနေတာပါ။ အဓိပ္ပါယ်မရှိ ပါဘူး။ မင့်အမေက နေကောင်းနေတာပဲ"လို့ ပြောပါတယ်။

မင်နာတို့လည်း ပြန်သွားရော ကျွန်မစိတ်ထဲမှာ ဆောက်တည်ရာမရနိုင် လောက်အောင် စိတ်ပူနေပြန်ပါတယ်။ ကျွန်မ အပေါ်ထပ်ကိုတက်သွားပြီး အမေ့ကို ကြည့်တော့ စာအုပ်ဖတ်နေတာတွေ့ရတယ်။ စာအုပ်က 'ဂျွန်ဘရောင်းရဲ့ ကိုယ်ခန္ဓာ' တဲ့။ "အို. . . ဒီစာအုပ်ကို အမေ မဖတ်သင့်ဘူး၊ ဒီအထဲမှာ သချိုင်းကုန်းက မြင်ကွင်း

www.burmeseclassic.com


အကြောင်းတွေ အများကြီးပါတယ်”လို့ ကျွန်မတွေးမိပါတယ်။ ချက်ခြင်းပဲ ကျွန်မက “အမေရယ် သမီးနဲ့စကားပြောရအောင်ပါ”လို့ ပြောမိပါတယ်။

သားအမိနှစ်ယောက် ရောက်တတ်ရာရာတွေ ပြောကြပါတယ်။ ရှေးဟောင်းနှောင်းဖြစ်တွေလဲပါပါတယ်၊ ကျွန်မ ကက်သလစ်ဘာသာဝင်ဖြစ်တာနဲ့ ပတ်သက်လို့ အမေ ဘယ်လိုသဘောရသလဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါလို့လည်း ကျွန်မက မေးတယ်၊ အမေကတော့ ကျွန်မဆီ စာရေးထားတဲ့အတိုင်းပဲ ဖြေတယ်။

“သမီးလုပ်တဲ့အလုပ်က သမီးကိုပျော်စေတယ်ဆိုရင် အမေကတော့ အဲဒီအလုပ်ကိုကြိုက်တာပဲ”တဲ့။ ဒါပေမဲ့ အမေက တစ်ခုတော့မေးတယ်။ “ကောင်းကင်ဘုံဆိုတာ အမှန်တကယ်ရှိတယ်လို့ သမီးထင်သလား”တဲ့။

“အမေကောရှိတယ်ထင်သလား”လို့ ပြန်မေးတော့ “အမေကတော့ မသိဘူး၊ တစ်ခါတလေ အမေတွေးမိတာကတော့ လူတစ်ယောက်ဟာ သေပြီဆိုရင် သေတာပဲ ရှိတယ်၊ တခြားသွားစရာနေရာ မရှိဘူးလို့ပဲထင်တယ်”တဲ့။

ကျွန်မကတော့ “ကောင်းကင်ဘုံဆိုတာရှိတယ်”လို့ အမေလက်ခံလာအောင် ပြောပြချင်ပါတယ်၊ ဒါ့ကြောင့်မို့လည်း ကျွန်မနားလည်သလောက် အစွမ်းကုန်ကြိုးစားပြီး ရှင်းပြပါတယ်၊ အမေကတော့ ကျွန်မပြောပြသမျှကို နားထောင်လို့အပြီးမှာ “အေးပေါ့ကွယ်. . . သမီးက ရှိတယ်လို့ပြောရင် ရှိမှာပေါ့၊ သမီးဘာပြောပြော အမြဲမှန်တတ်တယ် မဟုတ်လား”လို့ ပြောပါတယ်။

ကျွန်မက အမေ့ပါးကို တစ်ချက်နမ်းလိုက်ပြီး ညစာအတွက် ပြင်စရာလေးတွေရှိနေလို့ သမီး အောက်ထပ်ကို ဆင်းလိုက်ဦးမယ်လို့ပြောပြီး အမေ့အခန်းထဲက ထွက်လာခဲ့ပါတယ်၊ ကျွန်မ နောက်တစ်ခေါက်ရောက်သွားတော့ အမေဟာ သတင်းစာတစ်စောင်ထဲက ‘နှလုံးရောဂါအကြောင်းသိကောင်းစရာ’ဆိုတဲ့ ဆောင်းပါးကို ဖတ်နေပါတယ်၊ ဒီတစ်ကြိမ်မှာတော့ အမေ့ကို ညစာကျွေးပြီး ပြန်ဆင်းလာခဲ့ပါတယ်။ အမေဖတ်လက်စ သတင်းစာကိုလည်း အမေ မသိအောင် ယူလာခဲ့ပါတယ်။ အောက်ထပ်ရောက်တော့ လက်ဖက်ရည်တစ်ခွက်ဖျော်သောက်ရင်းနဲ့ သတင်းစာထဲက ဆောင်းပါးကို ကျွန်မဖတ်ကြည့်နေပါတယ်။

ရုတ်တရက် ဘတ်ရဲ့အော်သံကို ကျွန်မကြားလိုက်ရပါတယ်။ ကျွန်မကို အော်ခေါ်နေတဲ့အသံပါ။

ကျွန်မရောက်သွားတော့ အမေဟာ နှလုံးရောဂါရဲ့ တိုက်ခိုက်ထိုးနှက်မှုကို ခံနေရပါပြီ။ “ဆရာဝန်မြန်မြန်ခေါ်ပါ၊ မြန်မြန်ခေါ်ပါ၊ မြန်မြန်ခေါ်ပါ”လို့ ကျွန်မအော်နေမိပါတယ်။

ဆရာဝန်ရောက်လာပါတယ်။ လူနာတင်ယာဉ်ရောက်လာပါတယ်၊ အမေ့ကို ကားပေါ်တင်ပါတယ်၊ အမေ့ကို ဆေးရုံခေါ်သွားကြပါပြီ။ ကျွန်မ အိမ်မှာမနေခဲ့ပါဘူး။ အမေနဲ့အတူ လိုက်သွားပါတယ်။

ကျွန်မ အမေ့ကုတင်ဘေးမှာ တစ်နာရီပြီး တစ်နာရီထိုင်နေပါတယ်၊ တစ်ခါတလေကျတော့လည်း သမံတလင်းပေါ်မှာ ဒူးထောက်ထိုင်ပြီး ဘုရားသခင်ဆီမှာ ဆုတောင်းနေမိပါတယ်။ အမေ့ကို ခေါ်မသွားပါနဲ့ဦး၊ ခဏလောက်ထားပေးပါဦး။

www.burmeseclassic.com



မသေခင်ကလေးမှာ အမေ့ကို ပျော်အောင် စိတ်ချမ်းသာအောင် ဂုဏ်ယူနိုင်အောင် ကျွန်မ လုပ်ပေးချင်လို့ပါ။

အမေ့ကို အောက်ဆီဂျင်ပေးထားပါတယ်။ သူနာပြုဆရာမတစ်ယောက်က တနင်္ဂနွေနေ့ အထူးထုတ်သတင်းစာဟောင်းတစ်စောင် လာပေးပါတယ်။ ကျွန်မက ကာတွန်းဇာတ်လမ်းလေးတွေကို လျှောက်ကြည့်နေပါတယ်၊ အမေက မျက်လုံးဖွင့်ကြည့်ပြီး "ဝှါသမီး လီလီက ကာတွန်းတွေဖတ်နေသကိုး"လို့ ပြောပါတယ်၊ "သမီးက ကလေးဘဝကတည်းက ကြိုက်တာ။ အမေ သမီးကို ဖတ်ဖတ်ပြခဲ့တာ မှတ်မိသေးလား"တဲ့။

"မှတ်မိတယ်. . . အမေ၊ အခု သမီးက အမေ့ကို ဒစ်ခ်ထရေစီကာတွန်း ဖတ်ပြမယ်"

ကျွန်မက အသံကိုမတိုးမကျယ်ထားပြီး အမေ့ကိုဖတ်ပြနေပါတယ်၊ အမေ အိပ်ပျော်သွားပါတယ်။ ကျွန်မထလာပြီး အနားကအခန်းတစ်ခန်းထဲကို ဝင်သွားပါတယ်။ သူတို့ကော်ဖီသောက်နေကြတာကို တွေ့လို့ ဘလက်ကော်ဖီတစ်ခွက် တောင်းသောက်ပြီး အမေ့ဆီကို ပြန်လာခဲ့ပါတယ်။ အမေ့အနားမှာ ကျွန်မပြန်ထိုင်ပါတယ်။ **ဒါပေမဲ့ အမေသေနေပါပြီ။**

www.burmeseclassic.com

## အခန်း[၂၇]

ကျွန်မမှာ ချစ်သူသုံးဦးရှိခဲ့ပါတယ်။ ပထမတစ်ဦးက ဒေးဗစ်ပါ၊ ဒုတိယ နှစ်ဦးက ကျွန်မရဲ့ အဖေနဲ့အမေပါ။

အခုဆိုရင် သူတို့သုံးယောက် တစ်ယောက်မှမရှိတော့ပါဘူး။ အမေ မရှိတာဟာ ကျွန်မအတွက် ကြေကွဲစရာအကောင်းဆုံး ဖြစ်ခဲ့ရပါတယ်။ အမေဟာ ဆယ့်ခြောက်နှစ်လုံးလုံး ကျွန်မ အရက်တွေသောက်ပြီး ကျွန်မကိုယ်ကျွန်မ ဖျက်ဆီးပစ်နေတာကို ဝမ်းနည်းပက်လက်နဲ့ ထိုင်ကြည့်နေခဲ့ရတဲ့ လူပါ။ ကျွန်မ ပြန်ကောင်းလာတဲ့အချိန်ကစပြီး အမေ့ကို ပျော်အောင်ထားမယ်။ အမေလိုချင်တဲ့ပစ္စည်းတွေကို ဝယ်ပေးမယ်။ ကျွန်မရဲ့အောင်မြင်မှုတွေကို အမေမြင်စေရမယ်လို့ ရည်မှန်းချက်တွေ ထားခဲ့ပါတယ်။

အခုတော့ ကျွန်မ အမေမရှိတော့ပါဘူး။ ကျွန်မအနေနဲ့ ညစဉ်ညတိုင်း ဘုရားသခင်ကို အာရုံပြုပြီး ဆုတောင်းရပါတယ်။ မျက်ရည်လည်းကျရပါတယ်။ ကျွန်မဟာ ဘယ်ကိုမှလည်း မသွားတော့ပါဘူး။ ဘယ်သူနဲ့မှလည်း မတွေ့တော့ပါဘူး။ အမေ့ကိုသတိရပြီး အမြဲတမ်းလိုလိုငိုနေတဲ့ ကျွန်မအတွက် သောကကြီးနေတဲ့သူကတော့ ဘတ်ပါ။ ကျွန်မ ငိုပြီဆိုရင် "လီလီရယ် ဒီညမငိုပါနဲ့လား၊ မနက်ဖြန်ကျမှ ငိုပါလား"လို့ ပြောလေ့ရှိပါတယ်။ ကျွန်မကလည်း သူစိတ်သက်သာရာရအောင် "လီလီ မနက်ဖြန်ကျမှငိုမယ်"လို့ ပြန်ပြောလေ့ရှိပါတယ်။

www.burmeseclassic.com

BURMESE CLASSIC .com

ကျွန်မ သူ့စကားကိုစဉ်းစားကြည့်ပါတယ်။ ကျွန်မအနေနဲ့ ဒီညကျမဲ့မျက်ရည်ကို ထိန်းထားပြီး မနက်ဖြန်အထိ စောင့်နိုင်ရင် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ထင်မိပါတယ်။ မနက်ဖြန်ဆိုရင် အရာရာတိုင်းဟာ ပြောင်းလဲချင်ပြောင်းလဲသွားမှာပါ၊ တကယ်တော့ မနက်ဖြန်ဆိုတာဟာ နေ့သစ်တစ်နေ့မဟုတ်လား. . .။

❐

၁၉၅၁ခုနှစ်၊ ဇွန်လထဲမှာပါ ဘတ်နဲ့ကျွန်မ အိမ်ထဲမှာ အေးအေးဆေးဆေး ထိုင်ပြီး စကားပြောနေကြပါတယ်။ အဲဒီအခိုက်မှာ တယ်လီဖုန်းသံကြားရပါတယ်။ ကောက်ကိုင်လိုက်တော့ တစ်ဖက်ကပြောနေသူဟာ အယ်လ်မတ်စ်ချာလ်ပါ။ သူဟာ ရပ်ဖ်အက်ဒ်ဝပ်ရဲ့ ရုပ်မြင်သံကြားဇာတ်ကားတွေ ထုတ်လုပ်ရာမှာ တာဝန်ခံပါ။ သူတို့ထုတ်လွှင့်နေတဲ့ 'ဟော့ဒါ မင့်ဘဝပါ'ဆိုတဲ့ ဇာတ်လမ်းတွဲတွေဟာ အလွန်နာမည်ကြီးပါတယ်။

အခုလည်း သူက လောလောဆယ် သူတို့ကုမ္ပဏီအနေနဲ့ 'နက်စီယိုဟတ်ဘ်ဘရောင်းရဲ့ဘဝဇာတ်လမ်း'ကို ရိုက်နေကြတယ်တဲ့၊ အဲဒီဇာတ်လမ်းမှာ ကျွန်မက သီချင်းဆိုပေးပါလားတဲ့၊ ဒါဟာ ကျွန်မအတွက် အခွင့်ကောင်းတစ်ခုပါ၊ နောက်တစ်နေ့မနက်မှာ ဘတ်နဲ့ကျွန်မဟာ ဟိုးလီးဝုဒ်ကို ရောက်သွားကြပါတယ်။ သီချင်းရေးဆရာနက်စီယိုဘရောင်းရဲ့ ဇာတ်လမ်းထဲမှာ ကျွန်မဟာ သူ့သီချင်းတွေကိုဆိုတဲ့ သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ရပါတယ်။

ကျွန်မအဖို့တော့ အလွန်ပျော်စရာကောင်းတဲ့ အချိန်ကလေးတစ်ချိန်ပါ၊ ဇာတ်ကားအပြီး ပါတီပွဲလုပ်တော့လည်း မိတ်ဟောင်းဆွေဟောင်းတွေနဲ့ ဆုံခွင့်ရခဲ့ပါတယ်။ ကုမ္ပဏီပိုင်ရှင် ရပ်ဖ်အက်ဒ်ဝပ်က ကျွန်မကိုကြည့်ပြီး စဉ်းစားနေပါတယ်။ ပြီးတော့ "နောင်တစ်ချိန်ကျရင် မင့်ဘဝဇာတ်လမ်းကို ရုပ်မြင်သံကြားဇာတ်လမ်းရိုက်ပြီးပြသင့်တယ်၊ မင့်ယောကျာ်းရယ်၊ အယ်လ်ရယ်၊ ငါရယ်. . .၊ တို့သုံးယောက်ကတော့ ဒီကိစ္စကို ဆွေးနွေးနေကြပြီ"လို့ ပြောပါတယ်။

"ကျွန်မရဲ့ဘဝဇာတ်လမ်းလား"လို့ ကျွန်မကရယ်ပြီး ပြန်ပြောပါတယ်။ "ကျွန်မက ဘာတွေများ ထူးထူးခြားခြား လုပ်ခဲ့တဲ့လူမို့လည်း မစ္စတာအက်ဒ်ဝပ်ရယ်" လို့ ပြန်ပြောလိုက်ပါတယ်။

❐

ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . ကျွန်မဟာ ရုပ်မြင်သံကြားပရိသတ်တွေရဲ့ မျက်စိအောက်ကို ပြန်ရောက်ခဲ့ရပြန်ပါပြီ။ ၁၉၄၆ခုနှစ်တုန်းက တစ်ကြိမ်၊ အခု၁၉၅၁ ခုနှစ်မှာ တစ်ကြိမ်၊ ကျွန်မအဖို့တော့ စိတ်လှုပ်ရှားနေစရာ မလိုတော့ပါဘူး၊ စာနယ်ဇင်းတွေကလည်း ကျွန်မရဲ့ အပြန်လမ်းကို ဝမ်းပန်းတသာ ကြိုဆိုကြပါတယ်။ ကျွန်မအဖို့တော့ အားတက်စရာပါ။

www.burmeseclassic.com



ဒါပေမဲ့ ကျွန်မတို့ဘဝဟာ ၁၉၅၂ခုနှစ်အထိ လုံးခြာလည်နေတုန်းပါ၊ ငွေကြေးအခက်အခဲကလည်း ရင်ဆိုင်နေရတုန်းပါ၊ ကျွန်မတို့နေတဲ့ အခန်းခကိုတောင်မှ ရုတ်တရက် အကြွေမပေးနိုင်ခဲ့ပါဘူး။ ပိုင်ရှင်မုဆိုးမကြီးက ငွေရှိတဲ့အခါကျမှပေးလို့ ပြောပြီး နေခွင့်ပြုလို့သာ အဆင်ပြေနေခဲ့ရတာပါ။

ကျွန်မတို့မှာ တခြားအကြွေးတွေကလည်း စုပုံလာနေပါတယ်၊ တစ်ရက်မှာတော့ ကျွန်မက "လီလီတို့အနေနဲ့ ဒီအတိုင်းသွားနေလို့ကတော့ မဖြစ်ဘူးထင်တယ်၊ အခုဆိုရင် လီလီအသက်ကလည်း လေးဆယ့်နှစ်နှစ်ထဲ ရောက်နေပြီ၊ ရှေ့လျှောက်ပြီး သီချင်းပြန်ဆိုဖို့၊ သရုပ်ဆောင်လုပ်ဖို့ဆိုတာတွေဟာ လွယ်မယ်မထင်တော့ဘူး၊ အခုဖြစ်နေတာက လီလီက အလုပ်ကိုစွန့်ခွာနေတာ မဟုတ်ဘူး၊ အလုပ်က လီလီကို စွန့်ခွာနေတာ"လို့ ဘတ်ကိုပြောပြပါတယ်။

ဘတ်က ရယ်ပါတယ်၊ "စိတ်မပူပါနဲ့လီလီရယ်၊ အမေက မောင့်အတွက် ရသင့်ရထိုက်တဲ့အမွေတွေကို ခွဲပေးထားပြီးပါပြီ၊ မကြာခင် မောင့်လက်ထဲရောက်လာတော့မှာပါ၊ ရလာတဲ့ငွေနဲ့ ဖလော်ရီဒါဘက်မှာ မိုတယ်တစ်ခုဝယ်ပြီး အငှားချစားဖို့လည်း စီစဉ်ထားပြီးပါပြီ၊ အဲဒီမိုတယ်နားမှာ မောင်တို့နေဖို့ တိုက်ကလေးတစ်လုံးဆောက်ဖို့တောင် စီစဉ်ထားပြီးပါပြီ၊ မိုတယ်ကရလာတဲ့ ငွေနဲ့ဆိုရင် မောင်တို့ အေးအေးဆေးဆေး နေလို့ရမှာပါ၊ ပြီးတော့ လီလီလုပ်ချင်တဲ့အလုပ်ကိုလည်း အပူအပင်မရှိပဲ လုပ်သွားနိုင်တော့မှာပါ"တဲ့။

ဒီလိုဆိုပြန်တော့လည်း ကျွန်မ ရင်အေးခဲ့ရပါတယ်၊ ဒါပေမဲ့ ကြားကာလမှာ ကျွန်မ အိမ်မှာထိုင်မနေချင်ပါဘူး၊ အခါအခွင့် ပေါ်လာရင် ပေါ်လာသလို သီချင်းဆိုတဲ့ အလုပ်ကိုလုပ်နေဆဲပါ၊ နာမည်ကြီးဟိုတယ်ကြီးတွေမှာ သီဆိုဖြေဖျော်တဲ့ အလုပ်မို့ အခကြေးငွေကတော့ ကောင်းကောင်းရပါတယ်၊ ကျွန်မအဖို့ကတော့ ငွေထက် ပရိသတ်ရဲ့လက်ခံမှုက အရေးကြီးပါတယ်၊ ပရိသတ်ကကော ကျွန်မကို ဘာ့ကြောင့် လက်မခံနိုင်ရမှာလဲ. . .၊ ကျွန်မမှာ အရည်အသွေးနဲ့ အစွမ်းအစရှိခဲ့ပြီးသား မဟုတ်လား။

❒

၁၉၅၃ခုနှစ်၊ ဇန်နဝါရီလထဲမှာ အယ်လ်မတ်ချာက ကယ်လီဖိုးနီးယားက နေပြီး ကျွန်မဆီ ဖုန်းဆက်ပါတယ်၊ "လီလီယံရေ၊ ရုပ်ရှင်အက်ဒ်ဝပ်ကတော့ မင့်ဘဝ ဇာတ်ကြောင်းကို ရုပ်မြင်သံကြားရိုက်ချင်နေပြီ၊ မင်းမှတ်မိမှာပေ့ါ. . .၊ သူ မင်းကို တစ်ခါတုန်းက ပြောခဲ့ဘူးတယ်လေ. . .၊ မင်း ဘယ်လိုသဘောရသလဲ"တဲ့။

ကျွန်မအဖို့တော့ စဉ်းစားစရာပါ၊ ကျွန်မရဲ့ ဘဝဇာတ်ကြောင်းဟာ ကြီးကျယ်မြင့်မြတ်တဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ဘဝမဟုတ်ပါဘူး၊ အရက်သမားတစ်ယောက်ရဲ့ဘဝပါ၊ အရက်သမားမဖြစ်ခင် ထင်ရှားကျော်ကြားခဲ့တဲ့ ဘဝကိုပြန်ရောက်အောင် ကြိုးပမ်းမှုကလေးကတော့ ရှိပါတယ်။ ဇာတ်ရဲ့အဆုံးသတ်ကလေးကလည်း ကောင်းပါတယ်၊ ဘဝရဲ့ပျောက်ဆုံးနေတဲ့ ဘဝခရီးလမ်းကြောင်းကို ပြန်တွေ့ခြင်းနဲ့

www.burmeseclassic.com

BURMESE CLASSIC .com

အဆုံးသတ်ထားတာပါ။

အယ်လ်ကတော့ ပြောပါတယ်၊ "ဇာတ်လမ်းကတော့ ကောင်းတယ်လီလီ၊ ဒီဇာတ်လမ်းမျိုးကို ငါတို့ အရင်ကမရိုက်ခဲ့ဖူးဘူး"တဲ့။

ကျွန်မ ဘတ်နဲ့ ဆွေးနွေးတိုင်ပင်ကြည့်ပါတယ်၊ သူကလည်း ကောင်းတယ်လို့ ပြောပါတယ်၊ ဒါ့ကြောင့်မို့ ရပ်ဖ်ကိုယ်တိုင်က ထပ်ပြီးပြောလာတဲ့အခါမှာ သူတို့ အဆိုကို ကျွန်မလက်ခံလိုက်ပါတယ်။

ကျွန်မတို့ဟာ ကယ်လီဖိုးနီးယားကို လေယာဉ်နဲ့သွားခဲ့ကြပါတယ်။ လေဆိပ်ကလာကြိုနေတဲ့ အယ်လ်က ကျွန်မတို့ကို လူအများမမြင်အောင် ကားပေါ်ကို အမြန်တက်ခိုင်းပါတယ်၊ ပြီးတော့ ဟိုးလီးဝုဒ်နစ်ကာဘော်ကားဟိုတယ်ကို လိုက်ပို့ပေးပါတယ်။

"မင်းကြိုက်တာလုပ်နိုင်တယ်. . . လီလီယံ၊ အိပ်ပါ၊ နားပါ၊ စာဖတ်ပါ၊ ရေဒီယိုနားထောင်ပါ။ ဒါပေမဲ့ အခန်းထဲကတော့ လုံးဝမထွက်ပါနဲ့၊ တယ်လီဖုန်းလည်း လုံးဝမဆက်ပါနဲ့၊ ဘတ်ကလွဲပြီး ဘယ်သူနဲ့မှ အဆက်အသွယ်မလုပ်ပါနဲ့၊ အခု တို့လုပ်မယ့်ဟာ မင့်အကြောင်းကိုပြမဲ့ ပွဲပါ၊ ဒါလောက်ပြောရင် မင်းနားလည်ရောပေါ့"လို့ အယ်လ်က ထပ်ပြီးသတိပေးပါတယ်။

အယ်လ်မှာသွားတဲ့အတိုင်းပဲ ကျွန်မဟာ အခန်းအောင်းနေရပါတယ်၊ ရေဒီယိုနားထောင်တာကလွဲပြီး တခြားဘာမှလုပ်စရာ မရှိပါဘူး၊ အခုဆိုရင် ကျွန်မဟာ လူပေါင်းသန်းလေးဆယ်နဲ့ မျက်နှာချင်းဆိုင်ရတော့မှာပါ၊ သူတို့ဟာ ကျွန်မရဲ့ဂျူရီလူကြီးတွေ ဖြစ်လာမှာပါ. . .။

တစ်ရက်မှာ ဘတ်က ကျွန်မကိုပြောပါတယ်၊ "မောင်တော့ ဇာတ်ညွှန်းဖတ်ခဲ့ရပြီ၊ သိပ်ကောင်းတယ်လီလီ ဘာမှပူစရာမလိုတော့ဘူး"တဲ့။ ကျွန်မသိချင်တာတွေ မေးတော့လည်း လုံးဝမပြောပါဘူး၊ သူ့မှာပြောပိုင်ခွင့်မရှိဘူးတဲ့။

နောက်တစ်နေ့မနက်မှာတော့ ကျွန်မကို အင်ဘီစီရုပ်မြင်သံကြားဇာတ်ရုံကို တိတ်တိတ်ကလေး ကြိတ်ခေါ်သွားပါတယ်၊ ဟိုရောက်တော့ ကျွန်မကို အဝတ်လဲခန်းထဲ ချက်ခြင်းပို့ပေးပါတယ်။ မိတ်ကပ်လိမ်းတော့လည်း လူမသိ သူမသိပါပဲ၊ သီချင်းအဆိုလေ့ကျင့်တော့လည်း ကျွန်မကို ဘယ်သူမှ မမြင်နိုင်အောင် စီစဉ်ထားပါတယ်။

နောက်ဆုံးမှာတော့ ကျွန်မဟာ ဇာတ်စင်ပေါ်ကို ရောက်သွားပါတယ်။ ကျွန်မအနေနဲ့ ကျွန်မကိုယ်တိုင် မမြင်ရတဲ့ပရိသတ်ကို အာရုံပြုထားပါတယ်။ ကျွန်မရဲ့ဇာတ်လမ်းကို ပရိသတ်ကသာ အဆုံးအဖြတ်ပေးမှာပါ၊ ကျွန်မအနေနဲ့ ကျွန်မကို ဝိုင်းချိန်ထားကြတဲ့ ကင်မရာတွေကိုတောင် မေ့ထားလိုက်ပါတယ်၊ ကျွန်မရဲ့ဇာတ်လမ်းဟာ အစပြုနေပါပြီ။

အဲဒီနောက်တော့ အစီအစဉ်ဟာ ပြီးဆုံးသွားပါတယ်၊ ကျွန်မဆီကို တယ်လီဖုန်းဆက်နေတဲ့ အသံတွေဟာ မစဲပါဘူး။ နေရာအနှံ့အပြားက ကြေးနန်းတွေက လည်း အဆက်မပြတ် ဝင်လာနေပါတယ်။ ကျွန်မတို့ ဖလော်ရီဒါကို ပြန်သွားတဲ့အချိန် အထိ စာတွေက တဖွဲဖွဲရောက်လာနေတုန်းပါ၊ ထောင်ပေါင်းများစွာသော စာတွေပါ၊ အားလုံးဟာ ကျွန်မရဲ့အောင်မြင်မှုကို အသိအမှတ်ပြုတဲ့ တုန့်ပြန်မှုတွေပါ။

www.burmeseclassic.com



ကျွန်မကလည်း ပရိသတ်ရဲ့အသိအမှတ်ပြုမှုကို ပြန်ပြီးအသိအမှတ်မပြုဘဲ နေလို့မဖြစ်ပါဘူး၊ ဒါ့ကြောင့်မို့ ရောက်လာသမျှစာတွေကို ပြန်ကြားခဲ့ပါတယ်။ တစ်ပတ်တစ်ပတ်ကို ကျွန်မ ပြန်ကြားခဲ့ရတဲ့စာဟာ ရာဂဏန်းအထိ ရှိခဲ့ပါတယ်။

အဲဒီနေ့ အဲဒီအချိန်ကစပြီး ကျွန်မဟာ ပရိသတ်ရဲ့ ချစ်ခြင်းမေတ္တာကို ပြန်လည်ရရှိခဲ့ပါတယ်၊ ကျွန်မဟာ ဖြောင့်ဖြူးသာယာတဲ့ အောင်မြင်မှုလမ်းကြောင်းပေါ်ကို နောက်တစ်ကြိမ်လျှောက်လှမ်းနိုင်ခဲ့ပါပြီ။

**မောင်ထွန်းသူ**

www.burmeseclassic.com

